# တက္ကသိုလ်ဘုန်းနိုင်

# နှင်းငွေ့တစ်ထောင့် မိုးတစ်မှောင့်

သစ္စာ

ငါ့စာဖတ်၍၊ မမြတ်တိုင်စေ
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်
တွေးဖွယ်ထိုက်ရာ၊ တပိုဒ်တလေ
တွေ့ငြားပေမူ၊ စာပေကျေးကျွန်
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါအတတ်ဟု၊ စာဖတ်သူပေါ်
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ၊
မလုပ်ပါတည်း။ ။

တက္ကသိုလ်ဘုန်းနိုင်

## အခန်း [ ၁ ]

### ( က )

ဆောင်းက ကောင်းကောင်းသစ်ခဲ့ပြီးပြီ။ ဆောင်းသစ်ခဲ့ပြီးပြီမို့ ညနေမှာ နှင်းငွေ့တို့ ဝေ့ဝေ့လေး မှုန်နေသည်။ ပြာပြာရီရီလေးဆိုတော့ မြူနှင့်ပင် တူနေသည်။ သို့ရာတွင် မြူဆိုသည်က နွေ၏ပစ္စည်းပါ။ ဆောင်း၏ တန်ဆာမဟုတ်။ ပြီးတော့ . . . မြူမှာက အနံ့မရှိ၊ အနည်းဆုံး အနံ့မရှိဘူးဟု ထင်သည်။ နှင်းမှာတော့ အနံ့ရှိသည်။ သင်းသည် မွှေးသည်ဟုတော့ မဆိုနိုင်။ လန်းဆန်းသော ရနံ့တမျိုးကတော့ အမှန်ရှိသည်။ သည်ရနံ့ရလျှင် ဆောင်းသစ်ပြီဟုသိရသည်။ သို့မဟုတ် နှင်းတို့ ရောက်လာပြီဟု နားလည်ရသည်။

အမှန်ကတော့ ဆောင်းသစ်ပြီဆိုခြင်းနှင့် နှင်းတို့ ရောက်လာပြီဆိုခြင်းသည် အဓိပ္ပါယ်အတူတူပဲဟု ထင်သည်။ တစ်ခုပဲ ခက်သည်။ ဆောင်းသစ်ပြီဆိုတော့ မိုးကာလ ကြွေစင်သွားပြီဟု ဆိုနိုင်ပါသလော။ ဆိုနိုင်မည်မထင်၊ အဟောင်းနှင့် အသစ်သည် တစ်ပိုင်းတစ်လက်စ ထပ်နေတတ်သည်။

ညနေကိုကြည့်ပါ၊ အရှေ့ဘက် လောကဓာတ်တစ်ခြမ်းမှာ နှင်းတို့ ပြာပြာရီရီ မှုန်နေသည်။ အနောက်ဘက် ကောင်းကင်မှာတော့ တိမ်တောက်နေသည်။ မိုးကာလ နေဝင်ချိန်ကဲ့သို့ ရောင်မျိုးတွေ စုံနေသည်။ ခရမ်းရမ်၊ မီးခိုးရောင် တိမ်စိုင်တွေလည်း ရှိနေကြသေးသည်။ တစ်ချီတစ်ချီတွင် လေက ပြင်းပြင်းလေး လာသည်။ မြောက်ပြန်လေလည်း မဟုတ်။ ဘယ်အချိန်မှာ တိမ်တိုက်တွေဆက်ပြီး လွှမ်းသွားဦးမည်နည်း။ အဲသည်လိုဆိုလျှင် တန်ဆောင်မုန်းည ကောင်းကင်မှာ နက္ခတ်တွေ စုံအောင် ပေါ်နိုင်ပါဦးမည်လော။ လှတတ်သော တန်းဆောင်မွှေတိုင် ညတစ်ညမှာ မိုးသားတွေရှိလျှင့်တော့ အင်း . . . ဝမ်းနည်းစရာပေါ့။

ကထိက ဒေါက်တာဦးမြင့်နွယ်သည် ထနောင်းနှင့် တမာပင်တို့ ရံအပ်သော မန္တလေးတက္ကသိုလ် ဗဟိုရှိ လမ်းဝိုက်ဝိုက် ကလေးအတိုင်း လျှောက်လာရင်း ပြုံးမိသည်။

စိတ်ပညာ ကထိကဖြစ်သောကြောင့် စိတ်အကြောင်း နားလည်သည်။ အထူးသဖြင့် မိမိစိတ်ကို မိမိ နားလည်သည်။

မိမိသည် စိတ်ကူးယဉ်တတ်သည်။ စိတ်ကူးယဉ်တတ်ခြင်းကိုလည်း ရှက်ဖွယ်ဟု ဘယ်တုန်းကမှ မထင်မှတ်ခဲ့။ အမှန်မှာ. . . လူ့စိတ်သည် လူ့စိတ်ဖြစ်နေဖို့ သင့်တင့်သော စိတ်ကူးယဉ်မှုက လိုသည်။

သည်ရာသီက စိတ်ကူးယဉ်၍ အလွန်ကောင်းသည်၊ လှသည်၊ ဆန်းသည်၊ လွမ်းဖွယ်ပင် ညို့ညို့လေးရှိနေသည်။

ဦးမြင့်နွယ်သည် ဘားရှားဟတ်(ထ)ဟု အစိုးရအင်ဂျင်နီယာတွေခေါ်သော လက်ထောက်ကထိကများနေသည့် သစ်သားအိမ်တန်းရှေ့မှ တောင်ဘက်ဆီ ဦးတည်လျှောက်လာနေသည်။

နီနီညိုညိုနှင့် သစ်သားအိမ်လေးများက လှပသည်။ အိမ်ခြံဝင်းမှ မြေတို့က ပတ်ဝန်းကျင်ရှိ အခြားမြေတို့နှင့်မတူ၊ သူတို့က လွလွဖြူဖြူနိုင်သည်။ ဖို့ထားသောမြေဟု သိရသည်။ မြေက လွလွဖြူဖြူဆိုတော့ ပေါက်နေကြသော သစ်ပင်ပန်းပင် တို့၏ အစိမ်းရောင်သည် ပို၍ ကြည်လင်ပေါ်လွင်သည်။

အင်ဂျင်နီယာတွေ၏ အသုံးအနှုန်းကလည်း အခက်သား။ သစ်သားအိမ် လှလှကလေးများကို ဘာကြောင့် ဘားရှား ဟတ်(ထ)ဟု ခေါ်ကြမှန်းမသိ။

မန္တလေးသည် လှကြောင်း လူတွေသည် မိမိကို ယခင်က ဘာကြောင့် မပြောကြမှန်းလည်း မသိ။

ကဗျာဆန်သော အလှ . . . သည်စကားကို မကြိုက်သေး။ ကဗျာအသက်ရှိသော အလှ . . . ဟုတ်ပြီ။ ကဗျာအသက် ရှိသော အလှ။ မန္တလေး၏အလှမှာ ကဗျာအသက်ရှိသည်။

ဟိုးရှေ့အဝေးမှာ ရှမ်းတောင်မင်း . . . ဟုတ်သည်၊ တောင်မင်း . . . မြင့်သည်၊ ခန့်သည်၊ တည်သည်၊ ငြိမ်သည်။ နှင်းလွှာ အကာသားမို့ ပြာပြာမှောင်နေသေးသည်။ တောင်မင်းနှင့် ရှုသူကြားမှာက လယ်ကွင်းပြင်တွေ။ တောအုပ်က ဟိုတစ်စု သည်တစ်စု။ စေတီဖြူဖြူလေးတွေကလည်း မရှား။ သူတို့ကလည်း တည်ငြိမ်သည်။ သူတို့မရှိလျှင် ရှုခင်း ဘာဖြစ်သွားမည်နည်း။ မပြည့်မစုံ မလှမပ ဖြစ်သွားမည်က သေချာသည်။

ဦးမြင့်နွယ်သည် အရှေ့ဘက်သို့ ချိုးလိုက်ပြီး တောင်တန်းပြာဆီ မျက်နှာမူ၍ လျှောက်သည်။

နှစ်ထပ်တိုက်ကြီးများကို တစ်လုံးပြီးတစ်လုံး ကျော်လျှောက်လာသည်။

မိမိ၏ တိုက်ခြံအတွင်းသို့ ဝင်ခဲ့ပြီး ဦးမြင့်နွယ်သည် ဟိုဘက်ခြံ သည်ဘက်ခြံကို ကြည့်သည်။

ဟိုတစ်ဖက်ခြံမှာက မိမိနှင့်ရွယ်တူခန့် ရုက္ခဗေဒပါမောက္ခသည် လသားအရွယ် သားငယ်ကို မြှောက်ချီနှုတ်ဆက်နေသည်။ မိမိကဲ့သို့ပင် ကျောင်းမှ ပြန်ရောက်စဖြစ်မည်။ အင်္ကျီအဝတ်အစား မလဲရသေး။ ပါမောက္ခက သားငယ်ကို မြှောက်ချီချော့မြှူနေခိုက် သားအလတ်က သူ့ခါးကို နောက်မှဖက်ကာ ခိုတွဲထားသည်။ ခပ်ကြီးကြီးတစ်ကောင်ကမူ ခြံတွင်း၌ စက်ဘီးပတ်စီးနေသည်။

ဦးမြင့်နွယ်က သက်ပြင်း မသိမသာချလိုက်ပြီး တိုက်တွင်း ဝင်လာခဲ့သည်။

မိမိကိုတော့ ဆီးကြိုမည့်သူမရှိ။ မိမိက ကြည်နူးဝမ်းသာစွာ ပွေ့ယူချီမြှောက် ချော့မြှူရမည့်သူလည်း မရှိ။

ဦးမြင့်နွယ်သည် ရင်တွင်း၌ မဟာ့တဟာဖြင့် အိမ်ပေါ်ထပ်တွင် အဝတ်အစားလဲသည်။ အင်္ကျီတွေကို ကြိုးတန်းမှာ ကိုင်းချိတ်နှင့် ချိတ်ထားလိုက်သည်။ ပုဆိုးကိုတော့ ခုတင်ခြေရင်းတွင် ဖြန့်လွှားထားခဲ့သည်။

အောက်ထပ်ဆင်းလာခဲ့ပြီး ပီယာနိုခုံပေါ်တွင် ထိုင်သည်။ ပီယာနို အံဖုံးကို ဖွင့်ပြီး အသံစမ်းသည်။

ဘာတီးရမည်နည်း။ ဘာတီးရမှန်းမသိ၊ ဘာကိုမှလည်း ဟုတ်တိပတ်တိ တီးချင်စိတ်မရှိ။

ခြေသံကြားရပြီး ကော်ဖီတစ်ပန်းကန်ကိုင်လျက် တပည့်ကျော် သက်ဝေ ပေါ်လာ၏။

သက်ဝေက ကော်ဖီပန်းကန်ကို စားပွဲပုလေးပေါ် တင်ထားသည်။

ဦးမြင့်နွယ် ပီယာနိုတီးခြင်းကို ရပ်လိုက်ပြီး သက်ဝေကို မေး၏။

" ကော်ဖီက ဒီတစ်ခွက်တည်းလား "

" ဟုတ်ကဲ့ဆရာ တစ်ခွက်တည်း၊ ဧည့်သည်လာဦးမှာမို့လို့လား "

" မင်းဘိုးအေ ဧည့်သည်လာရမလား၊ ငါ ကော်ဖီခါးခါး များများသောက်ချင်တယ် "

" ဆောရီး . . . ဆရာ၊ အဲဒါ ကျွန်တော်ပြောမလို့၊ ဟိုနေ့က သတင်းစာထဲမှာ ဆောင်းပါးတစ်ခု ဖတ်ရတယ်။ ကော်ဖီထဲမှာ ကာဖင်းဆိုလား . . . ဘာဖင်းဆိုလား . . . အဲဒီဓာတ်ပါတယ်တဲ့၊ အဲဒီဓာတ်ဟာ နှလုံးရောဂါ ဖြစ်တတ်တယ်ဆိုလား၊ နှလုံးတုန်တတ်တယ်ဆိုလား၊ အဲ . . . တစ်ခုခုတော့ ဖြစ်တတ်တယ်လို့ အသေအချာဆိုထားတယ် "

" အဲဒါ ဘာဖြစ်သလဲ "

" ဒါကြောင့် ဆရာ့ကို ကျွန်တော် ကော်ဖီတခွက်ပဲ ပေးတာ "

ဦးမြင့်နွယ်က သက်ဝေကို စေ့စေ့ကြည့်ပြီး မေးသည်။

" ဒီမှာ . . . သက်ဝေ၊ မင်းက ဆရာလား ငါက ဆရာလား "

" ဟာ . . . ဒီကိစ္စက အရှင်းကြီးပဲ၊ ကျွန်တော်က ကျွန်တော်၊ ဆရာက ဆရာ "

" အေး . . . ရှင်းရင်ပြီးရော၊ ကော်ဖီထပ်ဖျော်ခဲ့၊ ကရားနဲ့တစ်လုံး ကြားလား "

" ဆရာ ကုန်နိုင်ပါ့မလား "

" ရှည်မနေနဲ့ သက်ဝေ၊ ငါခိုင်းတာလုပ် "

" ကျွန်တော်က အလကား ကျန်နေမှာစိုးလို့၊ သကြားက ဈေးကြီးတယ်၊ ပြီးတော့ ဆရာ ဂေါက်ကွင်း သွားတော့မလို့ မဟုတ်လား "

" ငါ . . . ဒီနေ့ ဂေါက်မရိုက်ဘူး "

" သြော် . . . ဒါကြောင့်ကိုး . . . "

" ဘာလဲ ဒါကြောင့်ကိုး "

" ဆောင်းတွင်းကြီး မိုးရွာတာ "

သက်ဝေက သည်မှတ်ချက်ကို ပေးပြီး အခန်းတွင်းမှ ထွက်သွား၏။

မကျေမနပ်နှင့် ဦးမြင့်နွယ်သည် ကော်ဖီ ထိုင်သောက်၏။

သက်ဝေသည် လေသာရှည်သည်။ ကော်ဖီဖျော်တော့ အကောင်းသား။ ဦးမြင့်နွယ် အကြိုက်အတိုင်း လေးလေးခါးခါးနှင့် သကြားပေါ့ပေါ့။

ကော်ဖီသောက်ရင်း ဦးမြင့်နွယ်က ပြုံးမိသည်။ ပညာရှိ သက်ဝေပြောသည်မှာ အမှန်သား။ ကော်ဖီကို များများသောက်၍ မကောင်း။ ခက်သည်က မိမိသည် နို့မပါသော ကော်ဖီခါးကို အလွန်ကြိုက်သည်။ ဘာမှလုပ်စရာမရှိလျှင် ကော်ဖီခါးကို လက်ဖက်ရည်ကြမ်းလို ထိုင်သောက်နေရမှ ကျေနပ်သည်။

ယခု ညနေပိုင်း၌ လုပ်စရာမရှိ၊ ဂေါက်ကွင်းသွားဖို့ အချိန်ကလည်း စကောစက။ အင်း . . . ကော်ဖီသောက်ပြီးလျှင် ခြံတွင်းဆင်း၍ အက်ပရုတ်ချ် (ဂေါက်သီးအနီးကပ်ရိုက်)ကျင့်မည်။ တစ်နာရီမျှ အချိန်လောက်တော့ ချောင်ချောင်ချိချိ ကုန်သွားနိုင်သည်။

ကြွေကရားကိုင်လျက် သက်ဝေ ပြန်ပေါ်လာသည်။

“ ဩော် . . . မင်းက ဖျော်ပြီးပြီကိုး၊ ငါက နေတော့လို့ ပြောမလို့ ”

“ ကိစ္စမရှိပါဘူး၊ ဒါက လက်ဖက်ရည်ကြမ်းပါ ”

“ နို့ . . . မင်းကို ငါ ကော်ဖီဖျော်ခိုင်းလိုက်တာ မဟုတ်လား ”

“ ကော်ဖီဖျော်ဖို့က ရေနွေး ထပ်ကျိုရဦးမှာ ဆရာ ”

“ လက်ဖက်ရည်ကြမ်းဖို့တော့ ရေနွေးက ဘယ်ကရသလဲ ”

“ ဒါကတော့ အစောတည်းက ကျွန်တော် ထည့်ထားတာ၊ အခု ရေနွေး ထပ်ကျိုထားပါတယ်၊ လက်ဖက်ရည်ကြမ်း သောက်နှင့်ပေါ့ ဆရာ၊ လက်ဖက်ရည်ကြမ်းကတော့ အန္တရာယ်မရှိပါဘူး၊ များများသောက်ရင် ဆီးတောင်ရွှင်တယ်၊ ယောကျ်ားမှာ ဆီး၊ မိန်းမမှာ မီးတဲ့၊ ကျွန်တော်တော့ ညအိပ်ရာဝင်ခါနီး မသောက်ရဲဘူး၊ ဟောဒီ ဆောင်းတွင်းဆို သာဆိုးတယ်၊ စမောကော တယ်လာတယ် ဆရာ ”

သက်ဝေက စမောကောဟု အင်္ဂလိပ်စကား ညှပ်သုံးသည်ကို သတိပြုမိပြီး ဦးမြင့်နွယ် အသာပြုံးသည်။ သည်ကောင့်မှာ သည်ရောဂါကလေးက ရှိသည်။

“ ဩော် . . . သက်ဝေရေ၊ ဒီညနေ ငါသွားစရာရှိတယ်၊ ထမင်းစောစော စားသွားလို့ရမလား ”

“ သိပ်စောစော စားချင်ရင် မနက်က ဟင်းတွေနွှေးပြီး ကျွေးပေးမယ်ဆရာ၊ နည်းနည်း အချိန်ပေးရင် ကျွန်တော် အစိမ်းကြော်လည်း ကြော်ပေးမယ် ”

“ မင်းအစိမ်းကြော်က ဘယ်လောက်ကြာမှာလဲ ”

“ တနာရီလောက်ပဲ ဆရာ ”

“ ဟာ . . . မင်းဥစ္စာ ကြာလှချည်လား ”

“ ကြော်တာက လေးငါးမိနစ်ပါ၊ လှီးတာချွတ်တာ ပြင်တာဆင်တာက နည်းနည်းလက်ဝင်တယ်၊ ကျွန်တော်က ဟို . . . ရူပဗေဒက ဆရာဦးတုတ်ဝင်းတပည့် စံကေးလို မဟုတ်ဘူး ”

“ ဦးတုတ်ဝင်းတပည့်က စံကေးမဟုတ်ပါဘူး၊ ဇော်နိုင်ဆို မဟုတ်လား ”

“ ဒါက ဒီရောက်မှ ဖြစ်တာပါ၊ ရွာတုန်းက စံကေးပါ ”

“ မင်းကိုလည်း ရွာတုန်းက လူလှလို့ ခေါ်တယ်ဆို ”

“ လူလှကနေ သက်ဝေဖြစ်တာ မလွန်ပါဘူး ဆရာ၊ ပြီးတော့ ကျွန်တော်က ဆယ်တန်းဖြေတုန်းက ပြောင်းထားတဲ့ နာမည်၊ စံကေးက ရှစ်တန်းတောင် မအောင်ဘူး ”

“ ထားပါတော့ စံကေးလို မဟုတ်ဘူးဆိုတာက ဘာပြောတာလဲ ”

“ စံကေးက အစိမ်းကြော်ဆိုပြီး ပန်းမုန်လာနဲ့ ဂေါ်ဖီရွက်တွေ သူ့ဆရာကို ကြော်ကြော်ကျွေးတယ်။ အချိုမှုန့်တွေ တကော်ကြီးထည့်၊ နနွင်းမှုန့်တွေ မဆီမဆိုင်ထည့်၊ သူ့ဟာ အစိမ်းကြော်မဟုတ်ဘူး ဆရာ၊ အဝါကြော်၊ ကျွန်တော်က ဆရာ့ကို အစိမ်းကြော်အစစ် ကြော်ကျွေးမှာ၊ ကျွန်တော့်မှာ ဟိုဒင်း . . . တော့စ်ရှိတယ် ဆရာ ”

“ အေး . . . ကောင်းပြီ၊ ဒါဖြင့်ရင် ပြင်ဆင်တော့၊ ခြောက်နာရီတိတိမှာ ဆရာ ထမင်းစားချင်တယ် ”

“ စိတ်ချပါ ဆရာ၊ ဩော် . . . ဒါထက် ဆရာက ဘယ်သွားမလို့လဲ ”

“ ဒီထဲတင်ပါပါပဲကွ၊ ဂီတဆည်းဆာရှိလို့ ”

“ အာ . . . ဟုတ်တယ် . . . ကျွန်တော်လည်းကြားတယ်၊ ကျွန်တော်တောင် သွားနားထောင်မလို့ စိတ်ကူးထားတယ်၊ ဒါထက် ဆရာ အဲဒီက လူတွေနဲ့ ခင်ပြီလား ”

“ ဘယ်ဒီက လူတွေလဲ ”

“ ဟိုဒင်းလေ ဥက္ကဋ္ဌတို့၊ အတွင်းရေးမှူးတို့၊ အဲဒီပွဲလုပ်တဲ့အဖွဲ့က လူတွေ ”

“ ခင်တယ်လေ ဘာလုပ်မလို့လဲ ”

“ ခင်ရင် ပြောပေးပါလား ဆရာ၊ ကျွန်တော် အကြံတစ်ခု ပေးလိုက်ချင်လို့ ”

“ အလို ဆိုစမ်းပါဦး ”

“ ဒီလိုပါဆရာ၊ ဆည်းဆာဆိုတဲ့စကားက အနက်နှစ်မျိုးထွက်တယ်၊ နံနက်မှာလည်း ဆည်းဆာရှိတယ်၊ ညနေမှာလည်း ဆည်းဆာရှိတယ်၊ အလင်းနဲ့အမှောင် ကြားကာလ၊ ကျွန်တော် တင်ပြတာ မှန်တယ်မဟုတ်လား ဆရာ ”

“ ဗျာ . . . အာ . . . မှန်ပါတယ် မှန်ပါတယ် ”

“ အဲဒီ အချိန်လေးကလည်း ခဏလေး၊ ဒါပေမယ့် သူတို့လုပ်တာက အကြာကြီး၊ ဘီယွန်းသည် ဆည်းဆာပဲ၊ ဆည်းဆာမှာ စတောင်မစနိုင်သေးဘူး၊ ဟိုလူ့စောင့် သည်လူ့စောင့်၊ ဟိုဒင်းက နောက်ကျ၊ ဒီဒင်းက နောက်ကျနဲ့ ဒီတော့ ဂီတဆည်းဆာလို့ ခေါ်ဖို့မသင့်ဘူး ”

“ ဟေ . . . ဒါဖြင့် ဘယ်လိုခေါ်ရမလဲ ”

“ ဂီတ၏ ညနိဒါန်း ”

“ ဟေ . . . ဘယ်လို ”

“ သဘောပါ ဆရာ၊ သဘောလောက် ပြောပြတာ ”

“ သြော် . . . အင်း အင်း၊ အေး . . . မင်းရဲ့ အကြံပြုချက်ကို ငါ ဆရာကြီးမြကေတုကိုကော . . . ပါမောက္ခချုပ် ဆရာကြီးဦးလှရွှေကိုပါ တင်ပြပေးလိုက်မယ်၊ ဘယ့်နှယ်လဲ ”

“ ကျေးဇူးတင်ပါတယ် ဆရာ ”

သက်ဝေ လှည့်ထွက်သွားရာ သူ့နောက်ကျောကိုကြည့်ပြီး ဦးမြင့်နွယ် ရယ်ရမည်လည်းခက်၊ မရယ်ရမည်လည်းခက် ဖြစ်ကျန်ရစ်သည်။

သက်ဝေက နည်းနည်းတော့ အင်း . . . နည်းနည်းမဟုတ်၊ တော်တော်ကို ကြီးကျယ်သည်။ သက်ဝေ ကြီးကျယ် တတ်ကြောင်းတော့ စံကေးခေါ် ဇော်နိုင်မှတဆင့် သူ့ကို မိမိအိမ်အတွက် ရှာပေးသူ ဦးတုတ်ဝင်းက ပြောထားနှင့်ပြီးဖြစ်သည်။

သက်ဝေသည် စကားပြောတွင် ကြီးကျယ်သည်မဟုတ်၊ စိတ်ကူးလည်း ကြီးကြီးကျယ်ကျယ် ထားတတ်သူသည်။

အင်းလေ . . . လူ့ကံကို မည်သူပြောနိုင်မည်နည်း။ ယခုတော့ သက်ဝေသည် မိမိအိမ်၌ ထမင်းချက်။ ထမင်းချက် တင်မက အကုန်လုပ်ရသည်။ သို့ရာတွင် တစ်နေ့မှာတော့ . . .

ဥပမာ . . . ကထိက ဦးသက်ဝေ၊ နိုင်ငံကျော် ကဗျာဆရာ၊ စာရေးဆရာ ဦးသက်ဝေ . . . သဘောပါ။ သက်ဝေ ပြောခဲ့သလို သဘောလောက်ပါ။

ဦးမြင့်နွယ်၏မျက်နှာသည် တည်သွားသည်၊ ခေတ္တငိုင်နေမိသည်။ ရင်တွင်းတစ်နေရာ၌ ထူးဆန်းသော လှုပ်ရှားမှု တစ်ရပ်ပေါ်လာသည်။

သြော် . . . သည်အရွယ်။ ကိုယ်လည်း သည်အရွယ်လောက်က . . .

ဦးမြင့်နွယ်သည် ထိုင်ရာမှ ရုတ်ချည်းထလိုက်သည်။

အပေါ်ထပ်ဆီထက်ခဲ့ပြီး လေ့ကျင့်ရန်သုံးသော ဂေါက်သီးဟောင်းများ ထည့်ထားသည့် အိတ်ကိုယူသည်။ ဝက်ချံခေါ် အမြောက်ရိုက်တုတ်တံကို ကိုင်သည်။

ထိုစဉ် အပြင်မှာ မိုးရွာချသည်။

ဂေါက်သီးအိတ်နှင့် တုတ်တံကိုချပြီး ဦးမြင့်နွယ်သည် ပြတင်းမှနေ၍ အပြင်သို့ လှမ်းကြည့်သည်။

မိုးက ဟုတ်တိပတ်တိ ရွာနေပါပကော . . . ။

လေ ပြင်းပြင်းတိုက်သည်။ မိုး၏ ငွေမြားတံတို့က သည်းသည်းစောင်းစောင်း စွေကျနေသည်။

ခက်ရချည်ရဲ့၊ သည်ပုံဆို ခက်ရချည်ရဲ့၊ ဆောင်း၏အလှတွေ ပျက်ရချည်ရဲ့။

အမှန်မှာ ဦးမြင့်နွယ် အစိုးရိမ်လွန်ခြင်းသာ ဖြစ်သည်။

ဆောင်း၏အလှသည် ကပိုကရိုလေး ဖြစ်သွားသည်ဟုမူ ဆိုနိုင်မည်ထင်သည်။ သြော် . . . ကပိုကရိုဟူသည်မျိုး ကလည်း တစ်မျိုးယဉ်သည်။

မိုးသည် ကြာရှည်မစွေနိုင်။ ဆောင်းကလျာကို ကပိုကရိုဖြစ်ရုံ ကျီစယ်ပြီး ရပ်သွားသည်။

မိုးတိတ်အသွားတွင် နေ၏ ရွှေခြည်နုနု ပြန်ပေါ်လာသည်။ မြက်ခင်းနှင့် သစ်ရွက်တို့ထက် တင်ကျန်ရစ်သော မိုးစက် မိုးပေါက်တို့က စိန်ပွင့်စိန်မှုန်လို ဝင်းဝင်းလက်နေကြသည်။

တိမ်တစ်သိုက်က ရှမ်းရိုးမကို ကျော်နေကြသည်။ တိမ်ထုဆီမှာ နဂါးငွေ့ပမာ ဖြူဖြူတန်းသည် တွဲရွဲခိုပါသွား၏။

မြေပြင်မှာ နှင်းလွှာသည် ပြာရာမှ ဖြူလာ၏။ နှင်းလွှာဖြူဖြူနှင့် တိမ်နဂါးငွေ့တို့ ရောယှက်ကုန်သည်။

ဆောင်းနှင့်နွေ ရောယှက်ပုံအလှကို ဖွဲ့ဆိုကြသည့် စာအများကို တွေ့ဖူးသည်။ နွေရာသီလည်း မပီတတ်သေး၊ ဝိုးဝါးထွေး၍၊ သည်စာက တစ်ခု။

ဆောင်းနှင့်နွေလျှင်၊ ခွဲဝေခြမ်းကြ၊ ဝိုးဝါးမျှ၍၊ သည်အဖွဲ့က တစ်မျိုး။

မိုးနှင့်ဆောင်း ရောယှက်ပုံကိုတော့ မစပ်ကြလေဘူးလော။

ဦးမြင့်နွယ်သည် တုန်လှုပ်ချောက်ချားသွားသည်။

မိမိကိုယ်မိမိ သူတကာထက်တော့ ပိုသိသည်ဟု ထင်မိသည်။ မိမိကိုယ်မိမိ လှည့်စားထားခြင်း တစ်စုံတစ်ရာ မရှိဟုလည်း ယုံကြည်ထားသည်။ မိမိက စိတ်ပညာဆရာ မဟုတ်လား။

ဘဝဟူသည် ဟောသည်ရာသီလိုပင် ရောရောထွေးထွေးလေး။ ပစ္စုပ္ပန် စိတ်ရောဂါဘဝမှာ အတိတ်မှ အမှတ်အသားတွေ အစွဲအလမ်းတွေက ဝေဝေဝါးဝါး ရောရောထွေးထွေး ပါဝင်နေကြသည်။

အချို့ အမှတ်အသား၊ အချို့အစွဲအလမ်းတွေက သာယာဖွယ်တွေ၊ ကြည်နူးဖွယ်တွေ။ အချို့ အမှတ်အသား၊ အချို့ အစွဲအလမ်းတွေက ရင်နာဖွယ်တွေ၊ အသည်းနင့်ဖွယ်တွေ။ ရင်နာဖွယ်တွေ၊ အသည်းနင့်ဖွယ်တွေကို တန့်နဲ့ မွေးမြူသိမ်းပိုက်ထားပြန်တော့ စိတ်ကျန်းမာရေး မခိုင်လှ၊ အတ္တ-ကရုဏာရှင် ရောဂါသည်။ မမေ့နိုင်သည်ကို ဇွတ်ဖိုး ဖျောက်ကွယ်ထားပြန်တော့ စိတ်ဒဏ်ဖြေထားသည့် လှည့်စားသူ၊ ရောဂါမြုံသည့် ဝေဒနာရှင်။

မိမိကိုယ်မိမိ လှည့်စားထားသူတစ်ဦး မဟုတ်ဟု အခုတင် အခိုက်အတန့်လေးအထိ ယုံကြည်ထားသည်။

ဘယ့်နှယ် မိုးနှင့်ဆောင်း ရောပုံအလှ စာလေးတွေကို ဘာကြောင့် အမှတ်မရတော့တာလဲ။ တစ်ကြိမ်တုန်းက ခုံခုံမင်မင် မြတ်မြတ်နိုးနိုး ရွတ်ခဲ့မိဖူးလျက်နှင့် ယခု မေ့နေရသလဲ။

ဟင့်အင်း . . . မမေ့ပါ။ မမေ့တော့ပါ။

ဟံသာဝတီခေတ် စာဆိုရှင် သျှင်ဓမ္မဓဇ၏ စာပါလေ . . .။ ဘာတဲ့ . . .

> လွမ်းလျက်နေရာ၊ ရွာလသည်လည်း
> ထွေလည်မောစွ၊ ရီရောပြိုးပြွမ်း
> မိုးချမ်းခါလှ၊ ရတုဝဿ
> ဟေမာန်လဝယ်၊ ကျတဝေဝေ
> စွေတမှေးမှေး၊ သေးတဖွဲဖွဲ
> လွမ်းဆေးကြဲ၍ . . .။

ဩော် . . . အဲသည်တုန်းက ခုလိုပင် ဆောင်းနှင့်မိုးနှင့်။ ခုလို တန်ဆောင်မုန်းတော့မဟုတ်။ နတ်တော်လ၊ သဇင်တွေ ပွင့်တတ်သည့် နတ်တော်လပါ . . .။

ကြုံကြုံဖန်ဖန် နတ်တော်လကြီးမှာ မိုးနှောင့်နေသည်။ ကြုံကြုံဖန်ဖန် 'စင်သီယာ'နှင့် မိမိ ဆုံတွေ့ခဲ့ရသည်။

သူ့နာမည်က စင်သီယာတဲ့၊ ကိုယ့်နာမည်က . . . အင်းလေ . . . ကိုယ့်'ဘွဲ့'ကတော့ . . .

## ( ၁ )

ပုသိမ်မြို့နှင့် ဓားလွယ်ခုတ် တစ်ဖက်ကမ်းရှိ ကမ်းနီကျောင်းအနီး၊ စေတီအိုကြီးတစ်ဆူ၏ ခြေတော်ရင်းတွင် ရှင်ပညာသာမိက မျက်စိမှိတ်လျက် အခိဋ္ဌာန် ပုတီးစိပ်နေသည်။

ဝေန်မြစ်အတွင်း မောင်းနှင်သွားကြသော မော်တော်စက်သံတို့ကို တစ်ချီတစ်ချီ ကြားရသည်။ စောစောက မိုးတစ်ဖြောက် နှစ်ဖြောက်ပင် ကိုယ်ပေါ်သို့ကျလိုက်သေးသည်။ ဘာပဲဖြစ်ဖြစ် ရှင်ပညာသာမိက မျက်လုံးများကိုမဖွင့်၊ ပုတီးစိပ်နေသာ လက်များမှတစ်ပါး ကိုယ်တစ်ခုလုံးကို မလှုပ်။

စိပ်နေရသည်က 'ဂုဏ်တော်ကွန်ချာ' ဂုဏ်တော်ကိုးပါးကို အနုလောမ ပဋိလောမ အပြန်ပြန်အလှန်လှန် မမှားအောင် စိပ်ရသည်မို့ အာရုံကို ဘေးမလွင့်အောင် ကြီးစွာသောသတိနှင့် ထိန်းထားရသည်။

" အရဟံ-အရဟံ၊ အရဟံ-သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓေါ-အရဟံ၊ အရဟံ-သမ္မာသမ္ဗုဒ္ဓေါ-ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္နော-သမ္မာသမ္ဗုဒ္ဓေါ-အရဟံ "

ရှင်ပညာသာမိသည် လေသံဖြင့် နှုတ်မှလည်း ရွတ်နေ၏။

မော်တော်ဘုတ်သံတစ်ခု ပေါ်လာပြန်၏။ အစကတော့ တိုးတိုး၊ တစ်စတစ်စနှင့် ကျယ်လာသည်။ ကြားခဲ့ပြီးသော အခြားမော်တော်သံများထက် ကျယ်သည်။ သည်ဘက်ကမ်းက ကပ်၍ ခုတ်မောင်းသလော။ သည်ဘက်ကမ်းမှာက ဝဲရှိသဖြင့် မော်တော်တို့ ကပ်၍ ခုတ်မောင်းခဲသား။

ရှင်ပညာသာမိသည် လွင့်သွားသောအာရုံကို ပြန်ဆွဲယူရပြန်သည်။

ဆရာတော်ဘုရားက သင်ကြားထားသည်။ ဘာဝနာမှာ ခရီးရောက်ဖို့ သမာဓိလိုသည်။ သမာဓိ ထူထောင်နိုင်ဖို့က ဧတက္ကဒါရမှ ဖြစ်သည်။ ဧတက္ကဒါရဆိုသည်က စိတ်ကို အာရုံတခုတည်းမှာ စိုက်ထားခြင်းဖြစ်သည်။ ပုထုဇဉ်၏စိတ်က စက္ကန့်မပြတ် ပြေးလွှားနေသည်။ သည်အာရုံမှ ထိုအာရုံ၊ ထိုအာရုံမှ ဟောဟိုအာရုံဆီ၊ နားနေသည် ငြိမ်နေသည်မရှိ။ ဘာဝနာ

လုပ်စမှာ သံသရာတစ်လျှောက်လုံး အလိုလိုက်ထားသောစိတ်သည် ထိန်းနေသည့်ကြားမှ ဟိုပြေးသည်ပြေး လုပ်ဦးမည်။ ပြေးပါစေ . . . သတိရလျှင် ပြန်ဆွဲခေါ်ပါ။ ယင်းဝီရိယကုသိုလ်သည်ပင် ကြီးလှချေ၏။

ရှင်ပညာသာမိက စိတ်ကို မြတ်စွာဘုရား၏ ဂုဏ်တော်များ၌သာ ပြန်ကျက်စားစေပြန်သည်။

"အရဟံ-သမ္မာသမ္ဗုဒ္ဓေါ-ဝိဇ္ဇာစရဏသမ္ပန္နော-သုဂတော၊ သုဂတော-ဝိဇ္ဇာစရဏသမ္ပန္နော-သမ္မာသမ္ဗုဒ္ဓေါ-အရဟံ"

မော်တော်စက်သံက ရပ်သွားသည်။ လူသံသူသံများလည်း ပေါ်လာ၏။ အသံများက တောင်ဘက်ကျောင်းဦးဆိပ် ဆီမှ လာသည်။ ထူးထူးဆန်းဆန်း မိမိတို့ ကျောင်းထိပ်မှာ မော်တော် လာကပ်သည်။ ပုလိပ်မော်တော်လား၊ ကုလားစစ်သား တွေလား၊ အနီးအနားက ရွာတွေကို ဝိုင်းကြဦးမှာလား။

"အရဟံ-သမ္မာသမ္ဗုဒ္ဓေါ-ဝိဇ္ဇာစရဏသမ္ပန္နော-သုဂတော-လောကဝိဒူ၊ လောကဝိဒူ-သုဂတော-ဝိဇ္ဇာစရဏသမ္ပန္နော-သမ္မာသမ္ဗုဒ္ဓေါ-အရဟံ"

မော်တော်သံရော လူသံတွေပါ တိတ်သွားကြသည်။ ကျောင်းအောက်ထပ်မှ ညို့နှင့် နက်ကြောတို့ ဆီးဟောင်သံ ကြားရသည်။ သို့ရာတွင် သူတို့ဟောင်သံ၌ ရန်လိုသံမပါ။ ဧည့်သည် လူစိမ်းသူစိမ်းကို ဝတ်ကျေဝတ်ကုန်ဟောင်သော အသံမျိုး ဖြစ်၏။

နောက်ထပ် ဘာသံမျှ အနှောင့်အယှက် မလာတော့။

ရှင်ပညာသာမိသည် ပုတီးကို မှန်မှန် ဆက်စိပ်နေသည်။

ပုတီးပတ်က စေ့ခါနီးပြီ။ စေ့ခါနီးမှ မှားလျှင် အနည်းဆုံး တစ်ပတ် အစအဆုံး ပြန်စိပ်ရဦးမည်။

ရှင်ပညာသာမိသည် အာရုံကိုမလွင့်အောင် သတိကို ပိုထိန်း၍ စိပ်သည်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေသည်။ အနုလုံ ပဋိလုံ တစ်ဝါရပြည့်မှ တစ်လုံးချသော ပုတီးစေ့ချင်းထိသံကိုသာ ကြားနေရတော့သည်။

သမာဓိအား ပြန်ကောင်းလာခိုက်တွင်မှာ ရှင်ပညာသာမိ၏ နှာခေါင်းတွင် သင်းပျံ့လှသော ရနံ့တစ်ခုကိုရသည်။ ပန်းရနံ့ပေလော၊ ခက်သည်က သည်နားတစ်ဝိုက်တွင် မွှေးကြိုင်သော ပန်းမျိုးပွင့်သည် အပင်တစ်ပင်မျှမရှိ။ ပြီးတော့ သည် ရနံ့မျိုးကိုလည်း ရှေးက တစ်ခါမျှ မရှူရှိုက်ဖူး။ ရနံ့က ယဉ်ယဉ်လေး မွှေးသည်။ ယဉ်ယဉ်လေး မွှေးရုံမက အေးမြမြလည်း ခံစားရသည်။

ရနံ့အာရုံကို သိမ်းပိုက်ဝေဖန်နေမိရာမှ ရှင်ပညာသာမိတွင် သတိပြန်ဝင်လာသည်။

ခက်သည် အားကြီးခက်သည်။ စောစောက နားအာရုံက နှောင့်ယှက်သည်။ အသံဗလံတွေ တိတ်သွား၍ ဟုတ်ပြီ မှတ်သည်။ ယခု အနံ့က နှောင့်ယှက်သည်။

ရှင်ပညာသာမိ၏စိတ်တွင်း သရိုးသရီဖြစ်မိသည်။

ရနံ့၊ သင်းလှ ယဉ်လှသောရနံ့၊ ယခင်က တစ်ကြိမ်မျှ မိမိ မရှူရှိုက်မိဖူးသော ရနံ့။

ပန်းရနံ့မဟုတ်နိုင်၊ ပန်းရနံ့မဟုတ်တော့ သဘာဝရနံ့မဟုတ်နိုင်။ သဘာဝရနံ့မဟုတ်နိုင်လျှင် . . . ။

ရှင်ပညာသာမိသည် မျက်စိကို တင်းနေအောင်ပိတ်သည်။ ဂုဏ်တော်ကွန်ချာကို အသံထွက်အောင်ရွတ်ပြီး ပုတီး ဆက်စိပ်သည်။

" . . . သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာနံ-အနုတ္တရောပုရိသ ဓမ္မသာရထိ-လောကဝိဒူ-သုဂတော-ဝိဇ္ဇာစရဏသမ္ပန္နော-သမ္မာသမ္ဗုဒ္ဓေါ-အရဟံ "

ရယ်သံသဲ့သဲ့ ကြားရ၏။ မြတ်စွာဘုရား . . . ရယ်သံ . . . မိန်းကလေး . . . အဲ မာတုဂါမတစ်ဦး၏ ရယ်သံ။

ရှင်ပညာသာမိခမျာ ပုတီးစိပ်ရင်းက ကြက်သီးဖြန်းဖြန်း ထမိသည်။

ပုတီးပတ်က ပြည့်ခါနီးပြီ။ ပြည့်ခါနီးမှ အနှောင့်အယှက်က လာသည်။

ပထမ အနံ့၊ နောက်တော့ အသံ . . . ရယ်သံ . . . မာတုဂါမတစ်ဦး၏ ရယ်သံ။

ရှင်ပညာသာမိ၏ ပုတီးစိပ်နေသော လက်များမှာ မသိမသာတုန်လာသည်။ အသံကမူ အတန်ကျယ်ပြီ။ ကျယ်သော အသံ သိသိသာသာတုန်နေသည်။ ရွတ်ဆိုသောနှုန်းလည်း မြန်နေ၏။ တော်ပါသေးသည်၊ ပုတီးပတ်က ပြည့်တော့မည်။

" . . . ဘဂဝါ၊ ဘဂဝါ-ဗုဒ္ဓေါ-သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာနံ-အနုတ္တရောပုရိသ ဓမ္မသာရထိ-လောကဝိဒူ-သုဂတော-ဝိဇ္ဇာစရဏသမ္ပန္နော-သမ္မာသမ္ဗုဒ္ဓေါ-အရဟံ "

ပုတီးပတ် ပြည့်သွားပြီ။ ရှင်ပညာသာမိသည် မျက်စိတို့ကို မဖွင့်သေးဘဲ ပုတီးကို ခေါင်းမှ စွပ်ချလိုက်၏။ မျက်စိတို့ကို ပိတ်လျှင်နှင့်ပင် ဘုရားကို ဦးသုံးကြိမ်ချသည်။ ပြီးတော့ မျက်စိမဖွင့်သေးဘဲ ငြိမ်လျက်ထိုင်ရင်း နားစွင့်ကြည့်သည်။

ဘာသံမျှ မကြားရ။ ဘာသံဆို ဘာသံမျှ မကြားရတော့။

ရှင်ပညာသာမိက မျက်လုံးတို့ကို ဖွင့်လိုက်သည်။ ရှေ့တည့်တည့်၌ အိုမင်းယိုယွင်းနေသော စေတီအိုကြီးမှတစ်ပါး ဘာမျှမရှိ။

ရှင်ပညာသာမိက နံဘေး တစ်ဖက်တစ်ချက်ကို ကြည့်သည်။ ဘာမျှ မတွေ့ရ။

ရှင်ပညာသာမိသည် ကျေနပ်စွာပြုံးပြီး နေရာမှထ၍ နောက်သို့ လှည့်လိုက်သည်။

" အယ် "

မိန်းကလေး မာတုဂါမ။

မာတုဂါမလေးက သစ်ငုတ်တို တစ်ခုထက်တွင်ထိုင်ရင်း မိမိကို ပြုံးပြုံးလေးကြည့်နေသည်။

ထိုင်နေပုံကိုလည်း ကြည့်ပါ။ လှလှပပ သက်သက်သာသာကလေး။ ပေါင်လေးတွေကို ချိတ်ထားသည်။ ပေါင်တစ်ဖက်ပေါ်တွင် တံတောင်ဆစ်ကွေး၍ ထောက်ထားပြီး ဝိုက်ဝိုက်လေးနေသော လက်ခုံပေါ် မေးလေးကို တင်ထားသည်။

ရှင်ပညာသာမိ၏မျက်လုံးတို့က မတားဆီးနိုင်မီ မာတုဂါမလေး၏ ခြေသလုံးများဆီ ရောက်သွားသည်။

ဂါဝန်နှင့်ဖြစ်သဖြင့် ခြေသလုံးလေးများကို အတိုင်းသား မြင်နေရသည်။ ခြေများတွင်တော့ အဖြူရောင် ခြေအိတ်တိုကလေးများခံ၍ ရှူးဖိနပ် အနက်လေးများကို စီးထားသည်။

ရှင်ပညာသာမိက စက္ခုတော်နှစ်စုံကို အပေါ်သို့ပင့်လိုက်ရ၏။

မာတုဂါမလေး၏ ကိုယ်ဟန်ကမပျက်။ ပန်းပုရုပ်လေးလိုပင် ငြိမ်ငြိမ်ကလေး မိမိကို ဆက်ကြည့်နေသည်။

အပြုံးလေးကလည်း သည်အတိုင်း။ နှုတ်ခမ်းဖောင်းဖောင်းလေးတွေက နီပါဘိ။ သွားရှည်ရှည်ညီညီလေးတွေက ဖြူပါဘိ။ မွေးညင်းစိုစို အကြောစိမ်းစိမ်းနှင့် မျက်နှာလေးကလည်း ဝါဝင်းပါဘိ။ အလိုလေး . . . မာတုဂါမလေး လှနိုင်ပါဘိ။

ရှင်ပညာသာမိက မာတုဂါမလေးကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိသည်။

မာတုဂါမလေးက လှုပ်ရှားလာသည်။ ထိုင်နေရာ သစ်ငုတ်တိုပေါ်မှ မြေပေါ် ဆင်းရပ်လိုက်ပြီး စကားဆိုသည်။

" ပြီးသွားပလား "

ရှင်ပညာသာမိက ခေါင်းညိတ်ပြ၏။

" ဘယ်လောက်ကြာသလဲ "

" ဟိုဒင်း . . . တစ်နာရီလောက် "

" အမယ်လေး . . . အကြာကြီး မပျင်းဘူးလား "

" မပျင်းပါဘူး၊ ပြီးတော့ ပျင်းရင် သာသနာ့ဘောင်မှာ မနေနိုင်ဘူး "

" ဘာရယ် ဘာဘောင် "

" သာသနာ့ဘောင် "

မာတုဂါမလေးက နားမလည်ဟန် မျက်မှောင်တွန့်ပြီး ထပ်မေး၏။

" သာသနာ့ဘောင်ဆိုတာ ဘာကိုပြောတာလဲ "

ရှင်ပညာသာမိ၌လည်း ရုတ်တရက် အဖြေမရှိ။ ခေတ္တစဉ်းစားပြီးမှ ဝတ်ထားသောသင်္ကန်းကို ကိုင်ပြပြီးဆို၏။

" ဒီလိုဝတ်ထားတဲ့ ပုဂ္ဂိုလ်မှန်ရင် သာသနာ့ဘောင်မှာ နေတယ်လို့ပြောတယ် "

" သြော် . . . သြော် . . . သိပြီ၊ ဘုန်းကြီးကို ပြောတာမဟုတ်လား၊ ဒါထက် နင်က ငယ်ငယ်လေးနဲ့ ဘာလို့ ဘုန်းကြီးဝတ်ရတာလဲ "

" ငါ ဘုန်းကြီးမဟုတ်ဘူး . . . ကိုရင်၊ သာမဏေလို့လည်းခေါ်တယ် "

" အင်းပေါ့ ဘုန်းကြီးအသေးစားလေးပေါ့ ဟုတ်ဘူးလား "

" မဟုတ်ဘူး သာမဏေဆိုတာ သာမဏေ၊ ဘုန်းကြီးဆိုတာ ရဟန်း "

မာတုဂါမလေး မျက်မှောင်တွန့်၍ စဉ်းစားပြန်သည်။

" အား . . . သိပြီ၊ နော့ဗစ်(စ်) . . . ယူအာရ် အ . . . နော့ဗစ်(စ်) "

ရှင်ပညာသာမိက မာတုဂါမလေးကို စေ့စေ့ကြည့်မိသည်။ အသက်က ဆယ့်သုံးနှစ် ဆယ့်လေးနှစ်လောက် ရှိမည်။ မိမိနှင့် ရွယ်တူခန့် . . . ။

ရှင်ပညာသာမိက တစ်စုံတစ်ရာကို သတိရပြီး မေး၏။

" ဒကာမလေး နင် ဗုဒ္ဓဘာသာ ဟုတ်ရဲ့လား "

" အိမ်မှာ ဘုရားစင်ရှိသားပဲ၊ ဘာပြုလို့ မေးရတာလဲ "

" ဘာ့ကြောင့် ငါ့ကို နင်နဲ့ငါနဲ့ ပြောရသလဲ "

မာတုဂါမလေး၏မျက်နှာတွင် သရော်တော်တော် အပြုံးပေါ်လာသည်။
“ ရှင်နဲ့ ကျွန်မနဲ့ အဲဒီလိုပြောရမလား ဟုတ်လားရှင့် ”
“ အဲဒီလိုလည်း မဟုတ်ဘူး၊ နင် . . . ဘုန်းကြီးနဲ့ စကားမပြောတတ်ဘူးလား ”
“ ဟင့်အင်း . . . တစ်ခါမှ မပြောဖူးဘူး ”
“ ဘုန်းကြီးနဲ့ စကားပြောရင် လူချင်းပြောသလို မပြောရဘူး၊ အရှင်ဘုရား တပည့်တော်၊ ဒီလိုသုံးရတယ် ”
“ ဒါပေမယ့် နင်က ဘုန်းကြီးမဟုတ်ဘူးဆို . . . ”
“ ဟာ . . . ဒုက္ခပါပဲ၊ ကိုရင်ကိုလည်း ဒီလိုပဲပြောရတယ်၊ အရှင်ဘုရားလို့တော့ မခေါ်နဲ့၊ ကိုရင်လို့ပဲခေါ်၊ တပည့်တော်လို့တော့ ပြော ”
“ အဲဒီလို မပြောတော့ရော ”
“ မပြောရင် နင်ငရဲကြီးမှာပေါ့ ”
မာတုဂါမလေးက ပြုံးနေသည်။ ဘာမျှတော့ မပြော။
“ နင် ဘာလို့ ပြုံးတာလဲ ”
“ ငရဲကြီးမယ်ဆိုလို့၊ ငါက ငရဲမှ မကြောက်တာ ”
“ နင် တကယ် ငရဲမကြောက်ဘူး ”
“ မကြောက်ဘူး၊ ဘာမှ မကြောက်ဘူး၊ ဒက်ဒီက မကြောက်တတ်ရဘူးတဲ့ ”
ရှင်ပညာသာမိက သက်ပြင်းချပြီး ခေါင်းခါ၏။
“ ဒကာမလေး နင်တော့ ဒုက္ခပဲ ”
“ ဘာဒုက္ခလဲ ”
“ နင့်ကို ငါသနားတယ် ”
“ ဘာလို့ သနားရတာလဲ၊ ငါ့မှာ ဘာသနားစရာ ရှိလို့လဲ ”
“ နင့်ရုပ်ကလေးက သိပ်လှတယ်၊ ရုပ်လှသူကို ဆုတောင်းကောင်းသူလို့ လူကြီးတွေက ပြောကြတယ်၊ ကုသိုလ်ကောင်းမှုပြုပြီး ဆုကောင်းကောင်းတောင်းခဲ့သူမှ ရုပ်လှတာ ဒကာမလေး ”
“ ဘာဆိုင်လို့လဲ၊ နင်ဘာတွေ လျှောက်ပြောနေတာလဲ ”
“ သည်းခံ ဒကာမလေး သည်းခံ၊ ငါပြောပြမယ်၊ နင်က ငရဲမကြောက်ဘူးတဲ့၊ ငရဲမကြောက်တော့ အကုသိုလ်တွေ လျှောက်လုပ်တော့မယ်၊ အကုသိုလ်လုပ်ရင် နောင်ဘဝမှာ ဒကာမလေး လှတော့မှာမဟုတ်ဘူး၊ အဲဒါကို ငါသနားလို့ ”
မာတုဂါမလေး၏မျက်နှာသည် တွေဝေသွားသည်။ မပွင့်တပွင့်လည်း မေး၏။
“ အဲဒါ တကယ်ပြောတာလား ”
“ ကျမ်းမှာ ဖတ်ဖူးတာ ငါပြောတာ၊ မယုံရင် ကျောင်းပေါ်သွားပြီး ဆရာတော်ကြီးလျှောက်ကြည့် ”
“ ဟင့်အင်း . . . ကျောင်းပေါ်သွားရင် ဖိနပ်ချွတ်နေရဦးမယ် ”
ရှင်ပညာသာမိသည် မာတုဂါမလေး၏ ခြေထောက်ဆီ ငုံ့ကြည့်သည်။ သြော် . . . သူလည်း ခုမှ သတိရသည်။
“ နင် . . . ဖိနပ်မချွတ်ချင်လို့ ကျောင်းပေါ်လိုက်မသွားတာ . . . ဟုတ်လား ”
“ ဟုတ်တယ် ခြေထောက်ကော ခြေအိတ်ကော ပေကုန်မှာပေါ့ ”
“ အဲဒီလိုဆိုရင် နင်ပိုဆိုးပြီ၊ အခု နင်ရပ်နေတာက ဘုရားမြေ ”
မာတုဂါမလေး၏ မျက်လုံးဝန်းဝန်းလေးများ ပြူးသွားသည်။ လျှာလေးလည်း တစ်လစ်ဖြစ်သွား၏။ ထို့နောက် လေသံပျော့ပျော့နှင့် မေး၏။
“ ဘုရားမြေပေါ်မှာ မသိလို့ ဖိနပ်စီးတာလည်း ငရဲကြီးတာပဲလား ”
“ ကြီးတာပေါ့၊ နင် . . . ဗိမ္ဗိသာရမင်းကြီးဆိုတာ ကြားဖူးလား ”
မာတုဂါမလေးက ခေါင်းခါပြ၏။
“ ဒါဖြင့် အဇာတသတ်ကော ”
“ နေဦး ဟိုဒင်း သူ့အဖေသူ ပြန်သတ်တဲ့လူ မဟုတ်လား ”
“ ဟုတ်တယ်၊ ဗိမ္ဗိသာရဆိုတာ အဇာတသတ်ရဲ့အဖေပေါ့၊ အဲဒီ ရှင်ဘုရင်ကြီးဟာ အသတ်မခံရခင် ခြေဖဝါးကို ဓားနဲ့ခွဲပြီး ဆားအသိပ်လည်း ခံရသေးတယ် ”
“ အမယ်လေး ကြောက်စရာကြီး ”

" အင်း . . . ကြောက်စရာကြီးပေါ့၊ အဲဒါ ဟိုဘဝက ဘုရားမြေပေါ် ဖိနပ်စီးခဲ့မိလို့တဲ့ "
မာတုဂါမလေးသည် သူ့ဖိနပ်ကို သူပြန်ငုံ့ကြည့်၏။ ချွတ်တော့မယောင် ကုန်းကိုင်လိုက်ပြီးမှ ပြန်မော့ကြည့်၏။
မျက်နှာလေးက ငိုမဲ့မဲ့ ဖြစ်နေရှာ၏။
သည်လိုဆိုပြန်တော့ ရှင်ပညာသာမိ၏ ရင်တွင်းမှာ ကရုဏာ ပေါ်လာသည်။
" မသိလို့လုပ်မိတာက အပြစ်မကြီးပါဘူး၊ ဖိနပ်ချွတ်ပြီး ကန်တော့လိုက်၊ ကန်တော့ရင် အပြစ်တွေအားလုံး ကျေတယ်"
" တကယ်ပြောတာနော် "
" တို့ . . . ဘုရားသားတော်ဆိုတာမျိုးက ဘယ်တော့မှ လိမ်မပြောဘူး "
မာတုဂါမလေးသည် ခြေအိတ်နှင့် ဖိနပ်ကို လျင်မြန်စွာ ချွတ်သည်။ ပြီးတော့ စောစောက ရှင်ပညာသာမိ ထိုင်၍ ပုတီးစိပ်ခဲ့သော ဖျာကြမ်းလေးပေါ် ထိုင်၍ စေတီတော်ကို ဦးချသည်။ ဦးချပြီးမှ လှည့်မေး၏။
" ဘယ်လိုပြောရမှာလဲ "
" ဘာကိုလဲ "
" ဘုရားကို ဘာပြောရမှာလဲ "
" သြော် . . . ဒုက္ခပါပဲ၊ နင် . . . ဘုရားရှိခိုး မရဘူးလား "
မာတုဂါမလေးက ခေါင်းခါပြ၏။
" ကဲ . . . ဒါဖြင့် လိုက်ဆို . . . လိုက်ဆို "
ရှင်ပညာသာမိက တိုင်ပေးသည်။ မာတုဂါမလေးက လိုက်ဆိုသည်။
" ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ ဝစီကံ မနောကံ တည်းဟူသော ကံသုံးပါးတို့တွင် တစ်ပါးပါးသော ကံဖြင့် ပြစ်မှားကျူးလွန်မိသည်ရှိသော်၊ ထိုအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးတို့ကို ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင်၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား "
ရှိခိုးအပြီး၌ မာတုဂါမလေးသည် ထိုင်ရာမှ ထလိုက်၏။ မျက်နှာလေးက ပြုံးရွှင်ကြည်လင်နေ၏။
" အပြစ်တွေ အကုန်ကျေရောလား "
" အင်း . . . ကျေရော "
" သိပ်ကောင်းတာပဲ "
" ဘာသိပ်ကောင်းတာလဲ "
" နင် . . . အဲ . . . ကိုရင် ရှေ့က ပြောပေးတာလေ "
" ဒါ . . . ဘုရားရှိခိုးတိုင်း ရှေ့က ဆိုရတာပဲ၊ မရဘူးလား "
မာတုဂါမလေးက ဟင့်ကနဲ တစ်ချက်ရယ်ပြီး "အိမ်မှာ ဘုရားမှ မရှိခိုးတာ"ဟု ဆိုသည်။
" ကျောင်းမှာကော မသင်ပေးဘူးလား "
" ကျောင်းမှာက သီချင်းပဲ ဆိုရတာ "
" နင်ဘယ်ကျောင်းနေလဲ "
" အင်းဂလစ်(ရှ်) မက်သော့ဒစ်(တ်) "
" အဲဒီကျောင်းက ဘယ်မှာရှိတာလဲ "
" ရန်ကုန်မှာ "
" နင် ရန်ကုန်က လာလည်တာလား "
" မဟုတ်ဘူး၊ အခု ဒက်ဒီက ဒီပုသိမ်ကို ပြောင်းလာတာ၊ စင်သီယာလည်း လိုက်လာရတာပေါ့ "
" ဘယ်သူ "
" စင်သီယာ၊ အဲဒါ နာမည်၊ စင်သီယာ့နာမည် "
" စင်သီယာ . . . " ရှင်ပညာသာမိသည် နာမည်လေးကို တိုးတိုးရွတ်ကြည့်၏။ သြော် . . . လူလေးလှသလို နာမည်လေးကလည်း လှသည်။ စင်သီယာတဲ့ . . . ။
" စင်သီယာဆိုတော့ လနတ်သမီးလေး၊ ဒီလို အဓိပ္ပါယ်ရတယ်၊ ဟုတ်တယ် မဟုတ်လား "
မျက်လုံးလှလှလေးများ ပြူးကျယ်သွားကြပြန်၏။
" ကိုရင်က အင်္ဂလိပ်စကား တတ်သလား "

" တစ်လုံးနှစ်လုံးတော့ ကိုယ် . . . အဲ . . . ကျုပ် တတ်ပါတယ် "

စင်သီယာက ကျေနပ်စွာပြုံးလိုက်ပြီး ဖိတ်ခေါ်၏။

" လာ . . . ကိုရင် ဟောဟိုနား သွားရပ်ကြည့်ရအောင် "

ပြောပြောဆိုဆိုနှင့် စင်သီယာက ရှေ့မှနေ၍ မြစ်ကမ်းနဖူးသို့ သွားသောကြောင့် ရှင်ပညာသာမိလည်း လိုက်ခဲ့၏။

ဒီရေကျချိန် ဖြစ်သဖြင့် ဝဲန်မြစ်တစ်လျှောက်မှာ လတာတို့ ပေါ်နေသည်။ ရေသူတံငါတို့ လတာစပ်၌ ငန်းဝင်း ဆင်နေကြ၏။

ဝဲန်မြစ်သည် သည်နေရာမရောက်မီက ကွေ့ဝိုက်ပြီး သည်နေရာကို ရေဦးသန်သန် ထိုးလာဘိသည်။

စင်သီယာနှင့် ရှင်ပညာသာမိတို့ ရပ်နေရာ မြစ်ကမ်းပါးက အတန်မြင့်သည်။ အောက်ခြေ၌ ကမ်းစပ်တွင် ရေးက ရေတိုက်စားသဖြင့် ပြိုပျက်ခဲ့ရသော စေတီတို့မှ အုတ်ဟောင်းအုတ်ပျက်များကို မြင်ရသည်။ ရေပြင်မှာတော့ ဝဲကန်တော့တွေ ထိုးနေ၏။ ဗေဒါတစ်သိုက်သည် ဝဲမိ၍ ချာချာလည်နေကြ၏။

ညနေစောင်းခဲ့ပြီ ဖြစ်သောကြောင့် မြစ်တစ်ဖက်တစ်ချက် တောတန်းတို့ထက် နှင်းပြာပြာတို့ ဝေ့နေကြသည်။

အရှေ့ဘက် ကောင်းကင်ရောင်ကား ဆောင်းဝယ်တွေ့နေကျ အပြာဖျော့ဖျော့ထက် နှင်းမြူကမ္ဗလာပါးပါး လွှမ်းထားသည့် မီးခိုးမကျတကျ အရောင်တည်း။ တိမ်ဟူ၍ မှုင်မှုင်သွယ်သွယ် ဟိုတစ်တန်း သည်တစ်တန်းသာရှိသည်။

အနောက်ဘက် ကောင်းကင်တွင်သာ တိမ်တောင်တို့လည်း ဆင်လာနေ၍ ရောင်မျိုးလည်း ကြွယ်နေသည်။ ရောင်မျိုး ကြွယ်သည်ဟု ဆိုပေမယ့် လိမ္မော်ရောင်ကသာ ကြီးစိုးနေသည်။ လိမ္မော်ရွှေရောင်သည် မြစ်ပြင်ကိုလည်း ဝင်းဝင်းလက်အောင် ထိုးထားသည်။ ဩော် . . . စင်သီယာ၏ ကိုယ်ပေါ်ကိုလည်း လှဲ့လှဲ့ရွှန်းအောင် ကျရောက်နေသည်။

" မနက်တုန်းက မိုးရွာသေးတယ် "

စင်သီယာက မှတ်ချက်ချသည်ကို ရှင်ပညာသာမိက ဘာမျှပြန်မပြောဘဲ ငြိမ်နေ၏။

" ဟောဟိုတိမ်ကြီးတွေ တက်လာပြီးရင် မိုးထပ်ရွာဦးမလား မသိဘူး "

စင်သီယာက ခရမ်းရင့်ရောင် တိမ်တိုက်ကြီးတစ်ခုကို လက်ညှိုးထိုးပြပြီးဆို၏။

" အင်း . . . ရွာချင်ရွာမှာပဲ "

" ပုသိမ်မှာ ဒီလိုပဲ ဆောင်းတွင်းကြီး မိုးရွာသလား "

" ပုသိမ်မှာ မဟုတ်ပါဘူး၊ တခြားနေရာတွေမှာလည်း ဒီလိုပဲ ဆောင်းတွင်းကြီး မိုးရွာတဲ့အခါ ရွာပါတယ် "

" ဘယ်နေရာတွေ ရွာလို့လဲ "

" ဒီလိုတော့ အတိအကျ မပြောနိုင်ဘူးလေ၊ ကျုပ်ကလည်း တခြားနေရာတွေ သိပ်ရောက်ဖူးတာ မဟုတ်ဘူး "

" ဒါနဲ့ တခြားနေရာတွေမှာ ဆောင်းတွင်းကြီး မိုးရွာတယ်ဆို "

" အဲဒါက ကျုပ် စာတွေထဲမှာ ဖတ်ဖူးတာ "

" စာတွေထဲမှာ . . . အဲဒါက ဘာပြောတာလဲ "

" ဩော် . . . ကဗျာတွေကို ပြောတာပါ "

" ကဗျာတွေထဲမှာ ဆောင်းတွင်း မိုးရွာတယ်လို့ ပါတယ် "

" ပါတယ် . . . ရှင်သူရဲဆိုတဲ့ စာဆိုကြီးက ဟောဒီလို စပ်ထားတယ်၊ သူ့မြေသူ့မိုး၊ လွှမ်းစိုးစိမ့်ကြောင်း၊ မငြိမ် တောင်းလျှင်၊ စစ်ညောင်းချိခါ၊ မင်းရေးရာကြောင့်၊ လွမ်းရှာတုံတုံ၊ ရွှေရင်ဆုံကို၊ မလုံ့ရဘဲ၊ တပ်သာထဲဝယ်၊ သူရဲမယ်သူ၊ သည်မှာဟူသို့၊ လျောက်ကူမိုးသက်၊ ဆောင်းနှင့်ဖက်သည်၊ မြစက်မချမ်းနိုင်တကား . . . တဲ့၊ ဒကာမလေး နားလည်လား "

စင်သီယာက တစ်စုံတစ်ရာ မကျေနပ်ဟန် မျက်နှာလေး စူပြ၏။

" ဒကာမလေးလို့ မခေါ်ပါနဲ့၊ နာမည်ပြောပြီးပြီ မဟုတ်လား "

" ကျုပ်တို့က ဒီလိုပဲ ခေါ်ရတယ် "

" အဲဒါ အဘွားကြီးတွေကိုခေါ်၊ စင်သီယာ့ကို မခေါ်နဲ့ "

" ကောင်းပါပြီလေ၊ စင်သီယာ နားလည်သလား "

" ဟင့်အင်း . . . ဒါပေမယ့် နားထောင်လို့ကောင်းတယ်၊ ကိုရင့်အသံက သိပ်ကောင်းတာပဲ "

" ရော . . . ခက်လှချည်ရဲ့၊ ကျုပ်က သီချင်းဆိုပြတာ မဟုတ်ဘူး၊ စာရွတ်ပြတာ "

" အင်းလေ . . . ဘာပဲဖြစ်ဖြစ် နားထောင်လို့ကောင်းလို့ ကောင်းတယ်ပြောတာ "

" ထားပါတော့လေ၊ အဲဒီစာထဲက လျောက်ကူမိုးသက်၊ ဆောင်းနှင့်ဖက်သည် ဆိုတာဟာ ဆောင်းကာလ မိုးကို ဖွဲ့တာ "

" ဘာပြုလို့ ဖွဲ့ရတာလဲ "
" လွမ်းလို့ ဖွဲ့တာပေါ့ "
" ဆောင်းတွင်း မိုးရွာတာ လွမ်းလို့ ဟာဟ . . . ရယ်စရာကြီး "
ခက်ပေပြီ။ အင်း . . . ဘုရားရှိခိုးပင် မတတ်သူကို မိမိက ကဗျာရွတ်ပြမိသည်ကိုး။
ရှင်ပညာသာမိက စကားကိုလွှဲပြီး သိလိုရာကို စုံစမ်းသည်။
" စင်သီယာ . . . အဲ . . . ဒက်ဒီက ဒီကို ပြောင်းလာတယ်ဆိုတော့ အစိုးရအရာရှိပေါ့ ဟုတ်လား "
" ဟုတ်တယ် ဒီစီ . . . ဟိုဒင်း . . . အရေးပိုင် "
" သြော် . . . "
ရှင်ပညာသာမိက အရေးပိုင်သမီး စင်သီယာကို အံ့သြစွာနှင့် ကြည့်သည်။ ဘာကြောင့်မသိ၊ စိတ်တွင်း၌ ညှိုးငယ်ဝမ်းနည်းသကဲ့သို့လည်း ဖြစ်သွားမိသည်။
" ဒီမှာ ကိုရင် "
" ဟာ . . . အင် . . . "
" ဆရာတော်ဘုရားက ဗေဒင် သိပ်မှန်သလား၊ ဟုတ်လား "
" ဗေဒင်မဟုတ်ပါဘူး၊ အကြားအမြင်ရတာ "
" အဲဒါက ဘာပြောတာလဲ "
" သီလဖြူစင်ပြီး အကျင့်သိပ်ကောင်းတဲ့ ပုဂ္ဂိုလ်တွေဟာ သာမန်လူတွေ မမြင်နိုင်တာတွေ၊ မကြားနိုင်တာတွေကို မြင်နိုင်တယ်၊ ကြားနိုင်တယ် "
စင်သီယာက ပြုံးသည်။
" ကိုရင်ကော အဲဒီလို မြင်နိုင် ကြားနိုင်သလား "
" တောက်တီးတောက်တဲ့ ကျုပ် ဝမ်းလားနေပါဦးမယ် "
" ဒါပေမယ့် ခုနင်က ကိုရင်လည်း ပုတီးစိပ်နေတာပဲ မဟုတ်လား "
" ကျုပ်က အခုမှ စကျင့်ရတာ "
" အင်းလေ ကျင့်ပေါ့၊ အခု မာမီရယ်၊ ဝန်ထောက်ကတော်ရယ်၊ ဝန်ထောက်ရယ်၊ စာရေးကြီးရယ်၊ သူ့မိန်းမရယ်၊ ဗေဒင်လာကြည့်ကြတာတဲ့၊ ဟော . . . ပြောရင်းဆိုရင်း ဟိုမှာ ဆင်းလာကြပြီ၊ ဒီမှာ ကိုရင် "
" အင် "
" ကိုရင်လည်း ကျင့်ပေါ့၊ ကိုရင် အကြားအမြင်ရရင် စင်သီယာ ဗေဒင်လာကြည့်မယ်၊ အဲဒီတော့ လှူစရာတွေလည်း ယူလာခဲ့မယ်၊ သက်န်းလည်း ဝယ်ပေးမယ်၊ ဘယ့်နှယ်လဲ "
ရှင်ပညာသာမိ ဘာဖြေရမှန်းမသိ၊ သူ့စကားက ငိုရလည်းခက် ရယ်ရလည်းခက်။
" ဖြေလေ ကိုရင် "
" အင်း . . . အဲ . . . ကျုပ် မှတ်ထားလိုက်ပါ့မယ် "
" အိုကေ . . . ဆီးယူ . . . ဘိုင့်ဘိုင် . . . ကိုရင် "
စင်သီယာက သူ့ကို လက်ပြနှုတ်ဆက်ပြီး ဖိနပ်လေးများကို လက်တစ်ဖက်ဖြင့်ကိုင်လျက် ပြေးခွာထွက်သွားသည်။
မော်တော်က စက်သံတဘုတ်ဘုတ်ဖြင့် ကမ်းမှခွာကာ ပုသိမ်ဘက်သို့ စုန်ခုတ်သွားသည်။
ကမ်းပါးထိပ်မှနေ၍ ရှင်ပညာသာမိသည် မော်တော် မျက်စိအောက်မှ ပျောက်သွားသည်အထိ ငေးကြည့်ကျန်ရစ်သည်။
ရေစုန်မို့လည်း မြန်သည်။ မြစ်က ကွေ့နေတော့ မျက်စိတစ်ဆုံးဟူသည်က မရှည်လှ။
နေကျသွားပြီမို့ နှင်းဖြူဖြူတို့ကလည်း ပိတ်ဆီးစပြုပြီ။

( ၈ )

နေကျသွားပြီမို့ နှင်းဖြူဖြူတို့က ပိတ်ဆီးစပြုပြီ။
ရှမ်းရိုးမကို ကျော်၍ လက စောစောထွက်နေသည်။
ဦးမြင့်နွယ်မှာ နောက်ပါးမှ အသံကြောင့် အတွေးနယ်မှ လန့်နိုးလာ၏။

“ ခြောက်နာရီ ထိုးတော့မယ် ဆရာ၊ ရေချိုးဦးမှာလား ”
“ သြော် . . . အေးအေး . . . သက်ဝေ၊ ငါ ရေချိုးလိုက်ဦးမယ်၊ ခဏပါပဲ၊ မင်းပြင်စရာရှိတာ ပြင်ထားတော့ ”
“ စိတ်ချပါ ဆရာ ”

* * *

## အခန်း [ ၂ ]

## ( က )

မပြည့်ဝန်းသေးသော်လည်း တန်ဆောင်မွှေတိုင်ည၏ ငွေလသည် ရွှန်းရွှန်းကြီး သာနေသည်။ အနိမ့်မြေဝယ် နှင်းတို့ ကပ်ဝပ်ချိန်ဖြစ်သဖြင့် အမြင့်လေဟာပြင်နယ်က ကြည်လင်နေသည်။ သည့်တော့ ကောင်းကင်က ပြာပြာလွင်နေသည်။

တိမ်ဖြူနှင့် တိမ်ညိုတို့ကတော့ ရှိနေသည်။ ကောင်းကင်ပြာ တစ်ခုလုံးကိုတော့ မလွှမ်းနိုင်ကြ။ လဝန်းဘေးမှ ပွတ်ကာ သီကာလည်း သွားကြသည်။ လဝန်းပေါ်မှ ဖြတ်ကာကျော်ကာလည်း လွင့်ကြသည်။ မှိန်တစ်ချီ လင်းတစ်လှည့်ကြောင့် မိုးည ဆန်သလိုရှိသည်။ သင်းပျံ့အေးမြသော မြောက်လေကြောင့် ဆောင်းညမှန်းကိုတော့ မေ့ထား၍မရ။

လရောင်နှင့် မီးရောင်မှာ မန္တလေးတက္ကသိုလ်၏ ပင်မအဆောက်အအုံကြီးသည် ခန့်ခန့်ထည်ထည် လှပနေသည်။

တောင်ဘက်မျက်နှာဝယ် လှေကားထစ်ရှည်များက အဆင့်ဆင့်တက်သွားသည်။ သည်မဟာလှေကားထစ်တို့၏ ထိပ်မှာ ကျယ်ပြန့်သောရင်ပြင်က ရှိနေသည်။ သည်ရင်ပြင်ကို သီဆိုသူတို့အတွက် ဇာတ်ခုံအဖြစ် သုံးထားကြသည်။ နားထောင်သူများအတွက်မူ မြေပြင်တွင် ကုလားထိုင်များ ချပေးထားသည်။

ကျောင်းသားတစ်ဦးက စောင်းကောက်တီး၍ ကျောင်းသူတစ်ဦးက တေးဆိုသည်။ တေးမှာလည်း ချစ်တတ် လွမ်းတတ်သူတို့၏ နှလုံးသားနယ်ပယ်တွင် ဘယ်ခါမျှ မရိုးနိုင်သည့် မမြလေး၏ ‘ ရှိစုံရွှက်ကြာ’ ဖြစ်လေသည်။

ဦးမြင့်နွယ်က သီချင်းကို နားနှင့်သာမက နှလုံးနှင့်ပါ မှိန်း၍ နားထောင်နေသည်။ သီချင်းနားထောင်ရာမှာ စင်စစ်တော့ နားဟူသည်က ယာဉ်မျှသာပါ။ အသံကိုသုံးသော အနုပညာမို့ အသံကို ဖမ်းတတ်သောနားကို အသုံးသာပြုရသည်။ လာသည်က နှလုံးသားမှလာသည်။ ဆုံးသည်က နှလုံးမှာဆုံးသည်။ ပြောင်မြောက်သော အနုပညာမှန်လျှင် အသံလှိုင်းတို့ ဆိတ်သွားတိုင်စေ၊ နှလုံးမှာ စိတ္တဇလှိုင်းတွေ ကျန်ရစ်တတ်သည်။ မမြလေး၏ ‘ ရှိစုံရွှက်ကြာ ’မှာ သည်လို တေးမျိုးဖြစ်၏။

“ ရီရီငွေနှင်းရယ်က သွင်းလာလို့ဖျန်း . . . ချစ်မေတ္တာ သူတစ်ထူးကို ကူးပေသည်မှန်း . . . ”

သီချင်းအဆုံး၌ လက်ခုပ်သံများပေါ်လာသည်။

ဦးမြင့်နွယ်က အများနှင့်အတူ လက်ခုပ်လိုက်တီးသည်။ သူ့ဘေးမှ သူ့မိတ်ဆွေ ရူပဗေဒကထိက ဦးတုတ်ဝင်းကတော့ လက်ခုပ်မတီး။ သူ့ခန္ဓာကိုယ် ဖိုင့်ဖိုင့်ဖြင့် အိအိကြီးထိုင်ကာ မလှုပ်မယှက် ငြိမ်နေသည်။

“ လက်ခုပ်လေးဘာလေး မတီးဘူးလား ကိုတုတ်ဝင်း၊ မကြိုက်လို့လား ”

ဦးတုတ်ဝင်းက မျက်မှန်အောက်တွင် မှိတ်ထားသောမျက်လုံးများကိုဖွင့်ပြီး စကားပြန်သည်။

“ လက်ခုပ်က နေရာတကာတိုင်း မတီးသင့်ဘူးထင်တယ်၊ ဘောလုံး ဂိုးဝင်သွားလို့ လက်ခုပ်တီးတာက အဓိပ္ပါယ် ရှိတယ်၊ သီချင်းကောင်းလို့ လက်ခုပ်တီးတာ မဆီဆိုင်ဘူး၊ ဥပမာ ရွှေမန်းတင်မောင် ငိုချင်းချအပြီး လက်ခုပ်ထတီးပေးရင် ဘာဖြစ်သွားမလဲ ”

“ ခင်ဗျားကတော့ ကြံကြံဖန်ဖန် ပြောပြီ ”

“ ကြံကြံဖန်ဖန် ပြောတာမဟုတ်ဘူး၊ သီချင်းကောင်းရင် နှလုံးသားထဲကို စိမ့်ပြီး ပျံ့ဝင်သွားတာ၊ ဖရဏာပီတိ ဝွမ်းဆီထိ လို့ဆိုတယ်မဟုတ်လား၊ လက်ခုပ်ထတီးတာက ဘောလုံးလေတင်းလို့ ထပေါက်တာမျိုး၊ အဆိုသမားကို မင်းဆိုတာ တို့ရင်ထဲ ဘာမှမဖြစ်ဘူး ဆိုသလိုလည်း ရောက်နေတယ် ”

“ သြော် . . . ဒါဖြင့် ခင်ဗျား ခုလက်ခုပ်မတီးတာက ခင်ဗျားရင်ထဲ တစ်ခုခုဖြစ်သွားလို့ပေါ့ ဟုတ်လား ”

“ တစ်ခုမဟုတ်ဘူးဗျ နှစ်ခု ”

“ နှစ်ခုတောင်၊ လင်းစမ်းပါဦး ”

“ တစ်ခုကတော့ သနားတာပေါ့ဗျာ၊ မမြလေးကိုကော၊ မိန်းမတွေကိုကော၊ တစ်ခုကတော့ သံသယ ခင်ဗျ ”

“ ဘာသံသယလဲ ”

“ မောင်တော် ရွှေနန်းရှင် ပေါ်မလာလို့ မမြလေးခမျာ နောက်အိမ်တော်စံရိပ်မှာ လွမ်းစိတ်နဲ့ ဆွေးတယ်၊ ဒါကြောင့် ဒီသီချင်းကို စပ်တယ်၊ အောလ်ရိုက်တ်၊ ဒါပေမယ့် မောင်တော်ဟာ ရွှေနန်းရှင်မဟုတ်ရင် ဒီသီချင်း စပ်ပါ့မလား ”

“ ဘယ်လို . . . ဘယ်လို ”

“ ကျွန်တော်က အခု တက္ကသိုလ်နယ်မြေ ရ-လ-က ထဲ ပါနေတယ်၊ ဒီတော့ တစ်ခါတစ်ခါ ညမှလည်း လုံခြုံမှုနဲ့ အုပ်ချုပ်ရေးအတွက် ရုံးသွားသွား ထိုင်ပေးရတယ်၊ အဲဒါ ဟိုတစ်ညက အမှုတစ်ခု ရောက်လာတယ် ”

“ ဆိုစမ်းပါဦး ”

“ အမှုလာတိုင်တဲ့သူက ယောက်ျားခင်ဗျ၊ သူ့ကိစ္စက သူအိမ်ပြန်တာ မိန်းမက လက်မခံဘဲ နှင်ချလို့တဲ့ ခင်ဗျ ”

“ ညံ့တဲ့လူပဲ၊ ကိုယ့်အိမ် ကိုယ်ပြန်တက်တာပဲဟာ၊ မိန်းမကြောက်ရသလား ”

“ မိန်းမက သူ့ချည်းပဲ မဟုတ်ဘူး၊ ယောက္ခမ အထီးရော အမပါတဲ့ခင်ဗျ၊ ကိုယ့်လူ အဲ . . . ကိုစံဖြိုးက တစ်ယောက်တည်း ဘယ်နိုင်မလဲ ”

“ အဲဒီတော့ . . . ”

“ ကျွန်တော်တို့က ကျင့်သုံးနေတဲ့မူအတိုင်း မိန်းမရော ယောက္ခမတွေပါ ရုံးကိုဖိတ်ပြီး ဆွေးနွေးစေ့စပ်ပေးတာပေါ့၊ မိန်းမက ခါးခါးသီးသီးပဲဗျို့၊ ကိုစံဖြိုးက နည်းနည်းပွေချင်တယ်၊ လခက ကိုးဆယ်ရတယ်၊ ကလေးတွေကို သူ့ဘာသာ ဈေးရောင်း ကျွေးရသတဲ့၊ ဒါ့ကြောင့် လုံးဝ လက်မခံနိုင်ဘူးတဲ့၊ အဲ . . . ကျွန်တော်တို့ ရ-လ-က က တရားဝင် ကွာရှင်းပြတ်စဲပေးပါတဲ့”

“ ခင်ဗျားတို့ ဘာလုပ်ပေးလိုက်လဲ ”

“ ဘာလုပ်ပေးနိုင်မလဲ၊ နောက်ကျေရင် အေးရေးဆို မိန်းမနဲ့ ယောက္ခမတော့ စဉ်းစားကြပါဦးဆို တောင်းပန် လွှတ်လိုက်ရတယ်၊ အဲဒီညက အိပ်စရာမရှိတဲ့ ကိုစံဖြိုးကိုတော့ ကျွန်တော့်အိမ် ခေါ်သိပ်လိုက်ရတယ် ”

“ အဲဒါနဲ့ စောစောက ခင်ဗျားပြောတာနဲ့ ဘာဆိုင်လဲ ”

“ ဆိုင်တာပေါ့ဗျာ၊ ရွှေနန်းရှင်ကိုတော့ တခြားမိဖုရားတွေနဲ့ ပွေနေတာ၊ ကိုယ့်ဆီပြန်လာအောင် သီချင်းစပ်ပြီး အသနားခံတယ်၊ စံဖြိုးတို့တော့ ပြန်လာတာတောင် အိမ်က ဆီးနှင်ချတယ်၊ ဩော် . . . မိန်းမ . . . မိန်းမ ”

ဦးမြင့်နွယ်က ရယ်သည်။ ရယ်သာ ရယ်ရသည်။ ဦးတုတ်ဝင်း၏ စကား၌ သဘောတရားက ပါဝင်နေသည်။

အချစ်တို့ . . . အချစ်နှင့်ပတ်သက်သော သစ္စာတို့ ဆိုသည်မှာ ဝမ်းမပူရသူတို့၏ နှလုံးသားဆိုင်ရာ ဇိမ်ခံပစ္စည်း တစ်မျိုးပေလော . . .။

ဆိုသူတွေ တစ်ဦးပြီးတစ်ဦး ပြောင်းသွားသည်။ သီချင်းတို့လည်း စုံလှသည်။ သီချင်းကြီး၊ ခေတ်ဟောင်း၊ ကာလပေါ် . . .။

ယခုခေတ် တက္ကသိုလ် ကျောင်းသားကျောင်းသူ လူငယ်တွေ၌ အထူးချီးမွမ်းဖွယ် တစ်ခုရှိသည်။ သူတို့က ဘာလုပ်လုပ် ပိုင်ပိုင်နိုင်နိုင် လုပ်ကြသည်။

ကကြပြီဆိုလျှင် တော်ရုံတန်ရုံ သဘင်သည် မလိုက်နိုင်။ ကျောင်းသူက မင်းသမီး၊ ကျောင်းသားက လူရွှင်တော် လုပ်သော တက္ကသိုလ်မှ အငြိမ့်တို့သည် အပြင်လောက၌ ပျက်စီးနေသော အငြိမ့်တို့နှင့် ဘာမျှမဆိုင်။ ယဉ်ကျေးမှုအလှနှင့် လူ့ကျင့်ဝတ်ဘောင်အတွင်းတွင် ရှုမငြီးအောင် စွဲမက်စေသည်။

ယခုလည်း တီးမှုတ်သီဆိုသွားကြသည်မှာ ဂီတနှင့်အသက်မွေးသူတို့နှင့် မခြားအောင် ပိုင်နိုင်သပ်ရပ်ကြသည်။

ညဥ့်က အတန်ရင့်လာသည်။ လရောင်မှာ ပိုကြည်လင်လာသယောင် ရှိသည်။ နှင်းဖြူတို့က ပြာလဲ့လဲ့ လွင်လာသည်။ ကောင်းကင်မှာတော့ တိမ်ဖြူတို့ လှရုံရွှေ့လျား လွင့်ပါးနေကြသည်။ ဩော် . . . မျက်တောင်ခတ်နေသော ကြယ်တစ်သင်း ကိုလည်း မြင်ရလေသည်တကား . . .။

အခမ်းအနားမှူးက ကြေညာသည်။

“ တေးနှင့် ဂီတချစ်သူအပေါင်းတို့ ခင်ဗျား . . . ယနေ့ည နောက်ဆုံး အစီအစဉ်အနေနဲ့ရော အထူးအစီအစဉ် အနေနဲ့ပါ ဧည့်သည်တော် ‘မွန်မွန်’က ‘နှင်းငွေ့တစ်ထောင့် မိုးတစ်မှောင့်ဆိုတဲ့ သီချင်းနဲ့ ဖျော်ဖြေပါလိမ့်မယ် . . . မွန်မွန် ကြွပါ . . . ”

လက်ခုပ်သံများ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်လာ၏။ လက်ခုပ်သံ ပမာဏကိုထောက်၍ မွန်မွန် သီဆိုမည်ကို လူအများ တောင့်တနေမှန်း ခန့်မှန်း သိနိုင်သည်။

“ မွန်မွန်ဆိုတာ ဘယ်သူလဲ ”

ဦးမြင့်နွယ်က ဦးတုတ်ဝင်းကို မေးသည်။

" ကျွန်တော်လည်း မသိဘူး၊ ဧည့်သည်တော်လို့ ပြောသွားတာပဲ၊ အဆိုတော် တယောက်ယောက်များလားမှ မသိပဲ"

သူတို့ ဆရာနှစ်ဦး၏ သိလိုချက်ကို နောက်တန်းမှ ကျောင်းသားတစ်ဦးက ဝင်ဖြေပေး၏။

" အဆိုတော်တော့ မဟုတ်ဘူး၊ ဒါပေမယ့် ကဗျာဆရာမလေးတဲ့၊ အခုသီချင်းကလည်း သူ့ဘာသာသူ စပ်ထားတာတဲ့၊ အသံလည်း သိပ်ကောင်းတယ်လို့ ပြောကြတယ် ဆရာ "

သီချင်းဆိုရာ စင်မြင့်ထက် ဝင်းလက်သောမီးရောင်တွင် မွန်မွန်က ရပ်လျက်ရှိပေပြီ။

ဩော် . . . ငယ်ငယ်ရွယ်ရွယ်၊ နုနုနယ်နယ်ပါတကား။ အလွန်ဆုံးရှိမှ ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်အရွယ်။ မီးရောင်မှာ အသားလေးတွေကလည်း လဲ့နေလေသည်။ မျက်လုံးလေးတွေကလည်း လဲ့နေလေသည်။ ပြာပြာစင်စင် လဲ့နေလေသည်။ မသွယ်တသွယ် မျက်နှာလေးကလည်း မြင်မိရုံနှင့် ကရုဏာသက်စဖွယ်။ ကိုယ်ဟန်လေးကလည်း ကြော့ကြော့ ရှင်းရှင်း။ မွန်မွန် . . . နာမည်နှင့် လိုက်ဖက်စွာ ချစ်စဖွယ်ပါတကား။

အောက်အခြေရှိ တီးဝိုင်းမှ ပီယာနိုက အသံခင်းပေးသည်။ တယောသံ မျှင်းမျှင်းလေးကလည်း ကူပေး၏။

နီထွေးသော နှုတ်ခမ်းလွှာလေးများ လှပစွာ ပွင့်ပျံ့လာသည်ကို ဦးမြင့်နွယ် သတိပြုမိသည်။ နှုတ်ခမ်းများ ပွင့်ပျံ့ အလာတွင် ညီသွယ်ဖြူစင်သော သွားလေးများက ပြိုးပြိုးပျက်ပျက် အရောင်လက်သွားသည်ကိုလည်း သိသိသာသာ မြင်လိုက်ရသည်။

" နှင်းငွေ့တထောင့်တွင် မိုးတစ်မှောင့်ရယ်နဲ့ . . . မနှောင့်ယှက်လိုက်ပါနဲ့ ဒေဝါရှင်၊ ဆောင်းအလှ နှင်းသဘင်၊ သဇင်ငွေ မငုံ့သေးပါဘူး၊ ပိတောက်နွေ ဟိုအဝေး၊ မြောက်လေသွေးတဲ့ . . . ဟေမာန်တော် အဝင် "

အသံလေးက အေးအေးကြည်ကြည်နှင့် ဝေစည်သာလွင်သည်။ ခြေဆင်းအဆိုမို့ လေးလေးမှန်မှန်နှင့် စကားလုံးများက ပီသပြတ်သားသည်။

" မဖိတ်ခေါ်လေသော ဧည့်သည်သခင်၊ မုတ်သုန်အလွမ်းဇာတ် တစ်ခန်းရပ်တော့ရှင်၊ တိမ်ညိုမွဲနဲ့ ငိုပွဲဆင်၊ မောဟိုက်ပြီထင်၊ သမုဒ္ဒါ နောက်ကြောင်းငင်၊ မိုးနတ်မောင် ဥပါဒါန်လုလင် "

ဦးမြင့်နွယ်၏ရင်မှာ သိမ့်သိမ့်ခါသွားသည်။ တေးသွားက လှသမျှ စာသားတို့က နုနုယဉ်ယဉ်နှင့် မြင့်လည်းမြင့်လှသည်။

ထဘီပြာတွင် ငွေခြည်ငွေမှုန်လေးတွေက လက်နေသည်။ စိမ်းပြာရောင် ရင်ခွဲဆွယ်တာလေး လွှမ်းထားအပ်သော အင်္ကျီဖြူထက် လည်တိုင်ရှင်းရှင်းမှ တစ်ကုံးတည်းသော ဆွဲကြိုးလေးက ကျဆင်းနေသည်။ ဆွဲကြိုးအဖျားမှ နီလာနှင့် စိန်ပွင့်ကလေးများကလည်း လက်နေသည်။ ထိုထက် သီချင်းဆိုစဉ် အရည်လဲ့သော မျက်သားပြာဝန်းသည့် မျက်လုံးလေးများက ပိုလက်နေသည်။

သည်အလှတွေကလည်း ဖမ်းစားသည်။ ကြည်လွင်ရာတွင် ခံစားမှုအသက်ပါသော တေးသံကလည်း ဖမ်းစားသည်။

" နှလုံးသား တံခါးပိတ် တိတ်တိတ်နေချင်၊ ပန်းညှာငုံနွဲ့နွဲ့၊ နှင်းမှုန်ရယ် လဲ့လဲ့၊ သဲ့သဲ့ကျလျှင်၊ ပဲ့တင်သံ ရိပ်တခိုးကြောင့် လန့်နိုးမိသူပါရှင်၊ မြောက်ပြန်လေ ခရီးနုကို ညည်းသမျှ ရှိုက်သံပေပင်၊ ကိုယ့်ဘဝ ကိုယ့်အမြင်၊ ကိုယ့်ရင်မှာ စိတ္တဇမို့ ခွင့်လွှတ်ကြမယ်ထင်၊ ငွေလကိုပဲမင် ကြယ်များကိုပဲခင်၊ ဆောင်းညဆိတ်ဆိတ် တိတ်တိတ်နေချင် "

အညှို့ခံထားရသော ပရိသတ်နှင့်အတူ ဦးမြင့်နွယ်မှာ နည်းနည်းမျှ မလှုပ်ရှားမိ။ ရင်မှာသာ ဝေဒနာမျိုးစုံ ပေါ်နေသည်။ သီဆိုသူကိုယ်၌၏ အသံမှာလည်း ရှိုက်ဖိုဟန် လွှမ်းနေသည်။

မြင့်မြင့်လေး တင်ဆိုနေရာမှ အသံလေးသည် တဖြည်းဖြည်း နိမ့်ကျလာသည်။ စည်းဝါးနရီကလည်း ဆိုင်းတွဲ့လာ၏။

" နှင်းငွေ့တစ်ထောင့်တွင် မိုးရယ်၊ မနှောင့်ယှက်လိုက်ပါနဲ့ ဒေဝါရှင်၊ ဆောင်းညဆိတ်ဆိတ် နှလုံးသား တံခါးပိတ် တိတ်တိတ်နေချင် "

သီချင်းဆုံးသွားသည်။ အသံလေးက ပြာလွင်သော ညတစ်ခွင်မှာ ဝေဝေလွင်လွင် ပဲ့တင်ထပ် ကျန်ရစ်သည်။

ပရိသတ်မှာ ခေတ္တငြိမ်နေကြသည်။ လက်ခုပ်သံတို့ ချက်ချင်းပေါ်မလာ။

အတန်ကြာမှ လက်ခုပ်သံတို့ တစ်ခဲနက် မစဲအောင် ပေါ်လာသည်။

ကိုယ်တိုင် လက်ခုပ်တီးရင်း ဦးမြင့်နွယ်က ဦးတုတ်ဝင်းဘက် လှည့်ကြည့်သည်။

ဦးတုတ်ဝင်းက ကိုယ်ကိုမတ်၊ ခါးကိုဆန့်ကာ ပြည့်ဖောင်းသော သူ့လက်ဝါးကြီးများဖြင့် အားရပါးရ လက်ခုပ်တီးနေ၏။

" ဘယ်လိုလဲ ဒီတစ်ခါတော့ လက်ခုပ်တီးလှချည်လား "

" အံမယ်လေး ကောင်းလိုက်တဲ့အဆို၊ ကျွန်တော် ခုနင်က ငုတ်တုတ်ကြီး မေ့သွားတယ်၊ အခု လန့်နိုးပြီး အများနဲ့ ရောယောင်တီးမိတာ "

ဦးမြင့်နွယ်က သီဆိုရာ စင်မြင့်ဆီ မျက်လုံးရောက်သွားပြန်၏။

မွန်မွန်က လှေကားထစ်များအတိုင်း အောက်သို့ဆင်းနေသည်။ တစ်ဦးတည်းတော့ မဟုတ်။ အသက်သုံးဆယ်ခန့် အရွယ် အမျိုးသမီးတစ်ဦးက မွန်မွန်၏ဘေးမှ လိုက်ကာ တွဲထား၏။

မွန်မွန်ဆင်းပုံက နှေးလှသည်။ လှေကားတစ်ထစ်တွင် တစ်ချီနား၍ ဆင်းသည်။ တစ်ချီဆင်းရန် ခြေလှမ်းပြင်တိုင်း တွန့်တွန့်ဆုတ်ဆုတ် နှေးနှေးတွဲ့တွဲ့ ရှိလှသည်။

ဦးမြင့်နွယ်မှာ မသိမသာ မျက်မှောင်တွန့်သွားမိသည်။

ဦးတုတ်ဝင်းကမူ ဘာမျှ သတိမပြုမိဟန်မတူဘဲ မှတ်ချက်ချ၏။

" တစ်ပင်တိုင်ရွှေနန်းက ယမင်းရွှေစင်ဆိုတာ ဒီလိုရုပ်ကလေးနဲ့ တူတယ်၊ ဆိုသွားတာကလည်း လှိုင်ထိပ်ခေါင်တင် ထက်တောင် စိတ်ကူးယဉ်သေးတယ်၊ ဘာတဲ့ ပန်းညှာငုံနွဲ့နွဲ့ပေါ် နှင်းသဲ့သဲ့ကျတာ ကြားရုံနဲ့ လန့်နိုးရသတဲ့၊ မြောက်ပြန်လေ ကိုတောင် ညည်းသံရှိုက်သံလို့ ထင်သတဲ့၊ စိတ်ကူးယဉ်လိုက်တဲ့ ကလေးမ "

မွန်မွန့်ထံမှ မျက်လုံးမလွှဲသေးဘဲ ခေါင်းကိုခါ၍ ဦးမြင့်နွယ်က ဦးတုတ်ဝင်း၏မှတ်ချက်ကို ငြင်းပယ်သည်။

" ကျွန်တော်တော့ စိတ်ကူးယဉ်တာလို့ မထင်ဘူး "

" နို့ . . . ဘာလို့ ထင်သလဲ "

" စိတ်ရောဂါ၊ မွန်မွန့်သီချင်းက အားငယ်မှုကိုလည်းပြနေတယ်၊ လူ့လောကကို ကြောက်တဲ့သဘော၊ အဆက် ဖြတ်ချင်တဲ့ သဘောကိုလည်း ဖော်ပြနေတယ် "

ဦးတုတ်ဝင်းက ရယ်၏။

" ကျွန်တော် တစ်ခုဖတ်ဖူးတယ်၊ ထောင်မှူးတစ်ယောက်ဟာ လူတစ်ယောက်ကို မြင်ရင် ဒီလူဟာ ငါ့ထောင်က ထွက်သွားဖူးသလားလို့ အရင် စဉ်းစားသတဲ့၊ ခင်ဗျားတို့ စိတ်ပညာဆရာတွေကလည်း လူတစ်ယောက်ကို မြင်ရင် စိတ္တဇ ဝေဒနာကို အရင်တွေ့တယ်ထင်တယ်၊ ကြောက်ဖို့ကောင်းတဲ့ လူတွေ "

ဦးမြင့်နွယ် မဖြေမီ စောစောက ကျောင်းသားက ဝင်ပြောသည်။

" မဟုတ်ဘူး၊ ဆရာ ပြောတာ မှန်တယ် "

ဦးတုတ်ဝင်းက မရှင်းသဖြင့် မေး၏။

" ဘယ်ဆရာ မှန်တာလဲကွ၊ မင်းက ရှင်းရှင်းလုပ်စမ်းပါ၊ ဒီမှာ ပြောနေတာ နှစ်ယောက်လုံးက ဆရာချည်းပဲ "

" အဲ . . . ဟိုဒင်း . . . ဆရာဦးမြင့်နွယ် ပြောတာ "

" လာပြန်ပြီ မင်းကလည်း စိတ်ပညာ အဓိကယူတဲ့ ကျောင်းသားထင်တယ် "

" မဟုတ်ပါဘူး ဆရာ၊ ကျွန်တော်က ရုက္ခဗေဒ အဓိကပါ၊ ဆရာဦးမြင့်နွယ် ပြောတာမှန်တယ်လို့ ထောက်ခံရတာက မွန်မွန့်အကြောင်းသိလို့၊ မွန်မွန်ဟာ ဘယ်လိုမှ စိတ်ချမ်းသာနိုင်တဲ့ မိန်းကလေး မဟုတ်ဘူး "

" အံမယ် . . . မင်းဟာက သေချာလှချည်လား "

" သေချာတာပေါ့ ဆရာ၊ မွန်မွန် ခမျာဟာ လူတိုင်းလိုမှ မဟုတ်ဘဲ . . . "

" လူတိုင်းလို မဟုတ်ဘူး "

" ဟုတ်တယ် မွန်မွန်က ဒုက္ခိတ "

" ဘာ . . . ဒုက္ခိတ "

" ဟုတ်တယ် ဆရာ၊ မွန်မွန်ဟာ ဒုက္ခိတပါ၊ မွန်မွန်က ဟိုဒင်း . . . ကိုယ်တစ်ခြမ်း သေနေတယ် "

ဦးတုတ်ဝင်းမှာ ပါးစပ်ပြဲသွား၏။ ဦးမြင့်နွယ်အတွက်မူ စကားသံသည် နားတွင်မရပ်၊ နှလုံးသားအထိ နင့်ဝင်သွားသည်။

ပွဲပြီးပြီဖြစ်သောကြောင့် လူတွေ အုတ်အုတ်သဲသဲ လှုပ်လှုပ်ရွရွနှင့် ပြန်နေကြသည်။ ပွဲခင်းတစ်ထောင့်ရှိ အဖြူရောင် မာဇဒါကားနောက်ပိုင်းတွင်းသို့ စောစောက အမျိုးသမီး အကူအညီဖြင့် မွန်မွန် ဝင်သွားသည်ကို ဦးမြင့်နွယ် လှမ်းမြင်ရ၏။

ဦးတုတ်ဝင်းက ဦးမြင့်နွယ်က နှုတ်ဆက်၏။

" ကဲ . . . ပြန်မယ်၊ ကျွန်တော်လည်း အိမ်ပြန် နှလုံးသားတံခါးပိတ်ပြီး တိတ်တိတ် စက်တော်ခေါ်တော့မယ် "

ဦးမြင့်နွယ်လည်း သူ့ မာဇဒါ ဖင်မလီယာ အက်စတိတ်ဝက်ဂွန် ကားပြာလေးကိုမောင်း၍ အိမ်ပြန်လာခဲ့သည်။

အဝတ်အစား လဲပြီးသည့်တိုင်အောင် ဦးမြင့်နွယ်မှာ မအိပ်ချင်သေး။

အပေါ်ထပ်ရှိ ဖွင့်ထားသော ပြတင်းတံခါးဝ၌ သွားရပ်မိသည်။

လက သာဆဲ။ ပြာလွင်သောညမှာ နှင်းဖြူတွေက တိုးဝင်ရွှေ့လျားနေကြသည်။

ကောင်းကင်မှာ တိမ်တွေထူလာသည်။ လှရုပ်ပရုံသာရှိသော တိမ်ဖြူတို့သာမက တိမ်မည်းတိမ်ညိုတို့လည်း ဆင်သိုင်း လာနေသည်။

သည်ပုံဆို မိုးက ရွာလေဦးမည်။ ဆောင်းဝယ် မိုးက နှောင့်ယှက်လေဦးမည်။

နှင်းငွေ့တစ်ထောင့် မိုးတစ်မှောင့်။

မွန်မွန်ဆိုသွားသော သီချင်း၏အမည်က ရင်မှာပေါ်လာသည်။

လှလိုက်သည့် စကားလုံး၊ ဘယ်မှာ တွေ့မိဖူးပါလိမ့်။ သြော် . . . သြော် . . . ဦးမင်း၊ စာဆိုတော် ဦးမင်း။ ဘာတဲ့. . .

" ကဥ္စနာငယ်၊ သဥ္ဇာညောင်ထက်၊ လှရောင်မျက်မှာ၊ သက်သက်ကယ်ကြင်ဆွေ၊ ကင်းသူမေလည်း၊ နှင်းငွေ့တစ်ထောင့် မိုးတစ်မှောင့်နှင့်၊ စိုးနှောင့်ထပ်သောင် . . . "

သဘာဝအလှကို မြင်တတ်လိုက်ပါသည့် ဦးမင်း။

သည်စာစကားကိုမှ ရှာရှာဖွေဖွေ ဆီဆီဆိုင်ဆိုင် သုံးတတ်ပေသော ကလေးမ။

အင်း . . . ကလေးမ၊ အသားတော် ကဥ္စနနှင့် ယဉ်လှပေသော သူငယ်မ။

သူကြောက်သော နှင်းငွေ့တစ်ထောင့်မှာ မိုးမှောင့်နေသည့် သည်ညအခါမှာ အဘယ်သို့ ရှိရှာမည်နည်း။

သူ့နှလုံးသားလေးကို တံခါးပိတ်ပြီး တိတ်တိတ်လေး အိပ်နေရှာမည်လော။ ဒါမှမဟုတ် သူခင်သောမင်သော ငွေလနှင့် ကြယ်များကိုပဲ တိတ်တိတ်လေး ငေးကြည့်နေရှာမည်လော။

သနောင့်သနားဖွယ် ရုပ်ရည်လေးက မျက်လုံးတွင်းမှမထွက်။

ငွေပွင့်ငွေမှုန်လေးတွေလက်နေသော ထဘီပြာပြာလေး၊ ပြီးတော့ စိမ်းပြာရောင် ဆွယ်တာ၊ အင်္ကျီဖြူပေါ်မှ တစ်ကုံး တည်းသော ရွှေဆွဲကြိုး၊ နီလာနှင့် စိန်ပွင့်လေးတွေက လက်နေသည်။

သြော် . . . ကလေးမ၏ မျက်သားပြာသော မျက်လုံးလေးများကလည်း လက်နေသည်။ ဆောင်းညကြယ်ပြာ မျက်တောင်ခတ်သလို တဖျပ်ဖျပ် လက်နေလေသည်။

သည်အရွယ်က လှပြီဆိုလျှင် ဘယ်အရွယ်မှ လိုက်မမီအောင် လှသည်။ ပူရပင်ရ လွမ်းရင့်ရသည်ကို မသိသေးတော့၊ အကြောမသန်းသေးသည့် မျက်လုံး ပြာပြာဝန်းဝန်းလေးတွေက အစ၊ အပြစ်ကင်းပြီး သန့်စင်လှသည်။ ပိုင်လိုသုံးလိုသော ကာမဂုဏ်ဆန္ဒထက် အလှကို အလှအတွက် သက်သက်သန့်သန့် မြတ်နိုးသော စေတသိက်ကို မွေးဖွားပေးတတ်သော အလှ။

ဦးမြင့်နွယ်၏ ရင်မှာ လှုပ်ရှားလာသည်။ လွမ်းလွမ်းဆွေးဆွေး တမ်းတမ်းတတ လှုပ်ရှားလာသည်။

ပစ္စုပ္ပန် စိတ္တဇဘဝ ဆောင်းညမှာ အတိတ်မိုးမြူတို့ လွှမ်းမိုးခိုဝင်လာပြီမှန်း သတိပြုမိသည်။

လာပါစေလေ၊ ဝင်ပါစေ။ ကိုယ်ကတော့ နှလုံးသားကို တံခါးပိတ်မထားပါ။ ပိတ်ထားဖို့လည်း မဝံ့ပါ။ သြော် . . . ပိတ်ထားလို့ကလည်း မရပါ။

မှတ်တောင် မှတ်မိပါသေးတယ် စင်သီယာ။

ကိုယ်က ရှင်မဟာရဋ္ဌသာရရဲ့ စာကို ညည်းမိခဲ့ဖူးတယ်။ ကိုယ်ဆိုတာက ရှင်မဟာရဋ္ဌသာရနဲ့ ယှဉ်လိုက်ရင် ဘာကောင်မှ မဟုတ်သေးပါဘူး။ စင်သီယာကတော့ ကိုယ့်ရဲ့ ဝဏ္ဏပဘာပေါ့။ ဒါကြောင့်လည်း ကိုယ် ဆိုမိရတယ်။

" ဆယ့်ခြောက်နှစ်ပြည့်၊ မြင့်၏မထင်၊ မွတ်မွတ်စင်သား၊ မြိတ်သွင်လွှတ်စို့၊ ပြာသွယ်ညို့ကို၊ နတ်ကဲ့သို့ပင်၊ နောင်မင်းထင်သား . . . "

( ၁ )

ရှေးကျွန်းတိုင်ကြီးတို့ အတန်ယိုင်နေပြီဖြစ်သော ကမ်းနီကျောင်းအိုကြီးထက်တွင် ဆရာတော်ဘုရားကြီး၏ ရှေ့မှောက်၌ ရှင်ပညာသာမိလူထွက် မြင့်နွယ်သည် လက်အုပ်ချီလျက် ထိုင်နေသည်။

ဆရာတော်ဘုရားက အိုမင်းလှပြီ။ စက္ခုနှစ်ကွင်းကလည်း အလင်းမရ။ အလင်းသာ မရသည် သည်စက္ခုတော်တို့ မမြင်သည်က ရှိပါသေးရဲ့လား။ မြင့်နွယ်တို့လို အရွယ်ကို ဆရာတော်ဘုရားသည် ငါ့မြေးဟု ခေါ်တတ်သည်။ မိမိကိုယ်တော် ကိုလည်း ဘိုးဘိုးဟု သုံးနှုန်းတတ်သည်။

ယခု ဆရာတော်ဘုရားက အေးချမ်းတည်ငြိမ်လှသော အသံတော်ဖြင့် မြင့်နွယ်ကို ဆုံးမအမှာစကား မြွက်ကြား နေသည်။

" ငါ့မြေး မြင့်နွယ်၊ ငါ့မြေး အမြင့်ကနေ အနိမ့်ကို ဆင်းပြီ၊ ဒါကို မမေ့နဲ့ကြားလား၊ အစကတည်းက ငါ့မြေးဟာ မိခင်အလိုကျ မိခင် ကုသိုလ်ရအောင် ကျောင်းပိတ်ရက်ကလေးမှာ သာမဏေဘောင် ခဏတက်လာတာဆိုတော့ အင်း. . . လူထွက်တာကို ဘိုးဘိုး မတားမြစ်လိုဘူး၊ ငါ့မြေး တာဝန်ကျေခဲ့ပြီ၊ သာမဏေ ဘဝမှာ ငါ့မြေးဟာ ဆယ်ပါးသောသီလနဲ့ ရှင်ကျင့်ဝတ်တွေ မပျက်ခဲ့ဘူး၊ ဒါကို ဘိုးဘိုးသိတယ်၊ ဒါတောင် လူထွက်ခါနီး အဖျက်ကလေးက လာချင်သေးတယ် "

မြင့်နွယ်က ထိတ်လန့်ပြီး ဆရာတော်ဘုရားကြီးကို မော်ဖူးသည်။

ဆရာတော်ဘုရားက အသာအယာ ရယ်မောတော်မူသည်။

" ဒါပေမယ့် ငါ့မြေး မပျက်ပါဘူးလေ၊ ချမင်းတုပ်သို့ စိတ်ချုပ်မဖွင့်၊ ပျံ့လွင့်မေတ္တာ ကရုဏာတဲ့၊ ငါ့မြေးဟာ စိတ်တံခါးမင်းတုပ်ကို ချထားနိုင်ခဲ့တာ ဘိုးဘိုးသိပါတယ် "

မြင့်နွယ်က အောင့်ထားသောအသက်ကို လွှတ်လိုက်၏။ တော်ပါသေးရဲ့။

" ချမင်းတုပ်သို့ စိတ်ချုပ်မဖွင့် ဒီစကားကို မြဲမြဲမှတ်ထား၊ သာမဏေဘောင်မှာတွင် မဟုတ်ဘူး၊ လူ့ဘောင်မှာလည်း သုံးလေ၊ ငါ့မြေးကို ဘိုးဘိုး ရှင်ဘွဲ့ ဘယ်လိုပေးခဲ့သလဲ "

" ပညာသာမိလို့ပါ ဘုရား "

" အဓိပ္ပါယ်ကကော "

" ပညာကို ပိုင်သူပါ ဘုရား "

" အိမ်း . . . ငါ့မြေးမှာ ပညာပါရမီပါတယ်၊ ဆင်းရဲပေမယ့် အားမလျှော့နဲ့ ငါ့မြေး၊ မိခင်ကို လုပ်ကျွေး၊ မိခင်ကို လုပ်ကျွေးသူဟာ ဒီလောကမှာ ဘာမဆိုရလိမ့်မယ်၊ ဘိုးဘိုးပြောတာ ကြားလား "

" ကြားပါတယ် ဘုရား "

" လောကမှာ ငါ့မြေး ခရီးဆက်သွားဖို့ ဘိုးဘိုး အဆောင်တစ်ခုပေးလိုက်မယ်၊ တချို့တွေက ငါ့ဆီလာပြီး တောက်တီးတောက်တဲ့တွေ လိုချင်ကြတယ်၊ ငါကတော့ ဘုရားကြိုက်တာပဲ ပေးနိုင်တယ်၊ ငါ့မြေးကိုလည်း ပေးလိုက်မယ်၊ ' အနိစ္စံ သခ်ီတံ၊ ပဋိစ္စသမုပ္ပါဒ်၊ ခရမမ္မ၊ ဝိရာဂဓမ္မ၊ နိရောဓ ဓမ္မ၊ ခပတိ ' ဘိုးဘိုး သင်ပေးထားတာ ငါ့မြေးရတယ် မဟုတ်လား "

" ရပါတယ် ဘုရား "

" အိမ်း . . . မမေ့နဲ့ . . . မမေ့နဲ့၊ ပူပန်ရင် ဒါကို သတိရ၊ ငါ့မြေး လျှောက်ရမယ့်လမ်းက ပူပန်မယ့်လမ်းကြီး၊ ဘိုးဘိုးလည်း မတားသာဘူး၊ ပုထုဇဉ်တို့ ကြိုက်တဲ့လမ်းကိုး၊ ကဲ . . . ကန်တော့ . . . ကန်တော့ "

မြင့်နွယ်သည် ဆရာတော်ဘုရားကို ဦးသုံးကြိမ်ချပြီး ပုဆိုးနှင့်ထုပ်ထားသော အထုပ်ကလေးကိုပိုက်၍ ကျောင်းအောက်သို့ ဆင်းလာခဲ့သည်။

ညနေစောင်းစပြုပြီ။ မြစ်တွင်း အဝေးတစ်နေရာဆီမှ မော်တော်သံ တဘုတ်ဘုတ်ကို ကြားနေရသည်။

မြင့်နွယ်၏ ရင်တွင်း၌ ဝမ်းနည်းသကဲ့သို့ ဖြစ်မိသည်။ သာမဏေဘဝကို ပြန်လွမ်းသကဲ့သို့ ရှိနေသည်။

ကျောင်းအောက်ထပ်ရှိ ကွပ်ပျစ်ပေါ်တွင် ဦးပဥ္စင်း ဦးပဏ္ဍိတ စာတစ်အုပ်ကို အသံထွက်ဖတ်နေသည်။

" ရှေးလျှင်ဘဝ၊ ဖြစ်သမျှကို၊ ခြင်းတစေ့စေ့ ကြံအောက်မေ့၍၊ ယနေ့ကျွန်ုပ်၊ ဆယ်ချောင်းရုပ်လျက်၊ တုန်လှုပ်မထင်၊ လျှောက်ပါချင်အံ့၊ အရှင်ဘုရား၊ သုံးလူ့ဖျားကား၊ ရှည်လျားဘဝ၊ ကျင်လည်ကြ၍၊ ဓမ္မသာမဏေ၊ ကောင်းသောထွေဖြင့်၊ ဖြစ်လေသောခါ၊ ကျွန်ုပ်မှာမူ၊ လက္ခဏာအင်ညီ၊ နတ်နှင့်ပြီမျှ၊ နှိုင်းဤမမြင်၊ ဇမ္ဗူပြင်၌၊ ကျော်ထင်ပေါက်ပြ၊ လွန်ကျူးလှ၍၊ ရူပသာရီ၊ ခေါ်ညီတွင်ထ၊ ထိုမိမ္မလျှင်၊ ဘဝမကွာ၊ ဖြစ်သောခါ၌ . . . "

အနီးကပ်လာသော မြင့်နွယ်၏ခြေသံကို ကြားရသောကြောင့်ထင်သည်၊ ဦးပဥ္စင်းက စာဖတ်သည်ကို ရပ်လိုက်၏။

မြင့်နွယ်က ကွပ်ပျစ်ထက် တက်ထိုင်ပြီး ဦးပဥ္စင်းကို ဦးချသည်။

" ဘာစာဖတ်နေတာလဲ ဦးပဥ္စင်း "

ဦးပဥ္စင်းက စာအုပ်ကို ထောင်ပြသည်။

" ယသော်ဓရာ ကန်တော့ခန်းပျို့ကွ "

ဦးပဥ္စင်း ဦးပဏ္ဍိတမှာ မန္တလေးတွင် စာသင်ခဲ့ဖူးသည်။ ဓမ္မကထိကအဖြစ် ယပ်လှဲ့တရားဟော အလွန်ကောင်းသည်။ ပျို့၊ ကဗျာ တို့ကို လိုက်စား၍ စာစုလည်း အလွန်ဝါသနာပါသည်။ စာပေကဗျာအရာ၌ မြင့်နွယ်၏ ဆရာတစ်ဆူလည်းဖြစ်သည်။

" ယသော်ဓရာ ကန်တော့ခန်းပျို့ နာမည်က ဆန်းတယ်နော် ဦးပဥ္စင်း "

" အကြောင်းအရာကလည်း ဆန်းသကွယ့်၊ ရသလည်း အစုံပါတယ်၊ ဦးစန္ဒမဥ္ဇူ စပ်ထားတာ "

" ဘာအကြောင်းလဲ ဘုရာ့ "

" လူတွေ တယ်မသိတဲ့အကြောင်း၊ အံမယ် လွမ်းစရာတော့ အတော်ကောင်းသကွယ့်၊ ရာဟုလာ မယ်တော် ယသော်ဓရာဟာ ရဟန္တာမဖြစ်သွားတာ မင်းသိတယ်နော် "

" တင်ပါ့ဘုရား "

" အေး . . . အတိုပဲ ချုံ့ပြောမယ်၊ ယသော်ဓရာ ထေရီဟာ ရဟန္တာမလည်းဖြစ်ရော စျာန်နဲ့ ဆင်ခြင်ကြည့်တော့ ခုနစ်ရက်အတွင်းမှာ ပရိနိဗ္ဗာန် ဝင်ရမှာသိတယ်၊ ပရိနိဗ္ဗာန် မဝင်ခင်မှာ မြတ်စွာဘုရားကို အားရအောင် ပူဇော်မယ်ဆိုပြီး

ဘုရားရှင် ရှေ့တော်ဆီကြွတယ်၊ ပြီးတော့ သူရထားတဲ့ တန်ခိုးနဲ့ အမျိုးမျိုး ဖန်ဆင်းပြပြီး ဘုရားကို အဲ . . . တန်ခိုးနဲ့ ပူဇော်တယ်၊ သာဝကတွေပြတဲ့ တန်ခိုးတွေမှာ ယသော်ဓရာ ပြသွားတဲ့တန်ခိုးဟာ အလွန်မြင့်တယ်ဟေ့ "

ဦးပဥ္စင်းသည် စကားကိုရပ်လိုက်ပြီး ခေတ္တ စဥ်းစားသယောင် ငြိမ်နေ၏။ ပြီးမှ လေသံတစ်မျိုးနှင့်ဆက်သည်။

" ပုထုဇဉ်လောကမှာ လင်ရယ် မယားရယ်နဲ့ ချစ်လိုက်ကြတာ၊ သေကွဲများ ကွဲရမှာကို ကြိုတင်သိရင် မချိတင်ကဲ ဘယ်လောက်များ ဖြစ်ကြလိမ့်မလဲ၊ ဒါတော့ သူတို့ချစ်သက်ဟာ ဘယ်လောက်များရှည်လို့လဲ၊ ယသော်ဓရာဟာတော့ ဘုရားအလောင်းနဲ့အတူ ပါရမီဖြည့်ခဲ့ရတဲ့ ဘဝတွေဟာ မရေမတွက်နိုင်အောင်ပဲ၊ အင်း . . . သံယောဇဉ်ပြိုင်စတမ်းဆိုရင် ယသော်ဓရာကို ဘယ်သူလာမီပါ့မလဲ၊ အခုတော့ ကြည့်စမ်း . . . ဘဝအဆက်ဆက် ပါရမီဖြည့်ခဲ့ရတဲ့ မြတ်စွာဘုရားနဲ့ ခွဲခွာပြီး ကိုယ်ကအရင် ပရိနိဗ္ဗာန်ပြုရတော့မယ်၊ အဲ . . . အာသဝေါကုန်တဲ့ ရဟန္တာမဆိုတော့ ဘယ်မှာ တုန်လှုပ်ပါ့မလဲ၊ အံ့ဖွယ်သူရဲပဲ "

ဦးပဥ္စင်းက လှိုက်လှိုက်လှဲလှဲ ပြောပြနေသည်။ မြင့်နွယ်ကလည်း စိတ်ဝင်စားစွာ နားထောင်နေ၏။

" ယသော်ဓရာဟာ မြတ်စွာဘုရားကို တန်ခိုးနဲ့ ပူဇော်ပြီးတဲ့နောက် သံသရာ ဘဝအဆက်ဆက်တွေမှာ ကိုယ်တော့်အပေါ် သူပြုခဲ့ဖူးတဲ့ အပြစ်တွေရှိခဲ့တာမို့ ဒီအပြစ်တွေကို ခွင့်လွှတ်တော်မူပါဆိုပြီး ကန်တော့တောင်းပန်တယ်၊ ဦးစန္ဒမဥ္ဇူရဲ့ စာက ဒီလိုလာတယ်၊ နားထောင်ကြည့်၊ ဒီပင်္ကရာ၊ ပွင့်လင်းခါဝယ်၊ ပဌနာဆုတောင်း၊ ရေစက်ဟောင်းကြောင့်၊ စုံပေါင်းတူပင်၊ မြတ်ချစ်ရှင်နှင့်၊ ဆက်ကျင်ဘဝ၊ မြဲကြပါ၏၊ ခုမှသော်ကား၊ မယ်ထိပ်ထားနှင့်၊ ခွာသွားဝေးကြီး၊ မသွေသီးတိ၊ ဇနီးမယ်လျှာ၊ တပေါင်းလဟု၊ စန္ဒပုဏ္ဏမာ၊ ပြည့်စုံခါဝယ်၊ မှန်စွာနေ့ကျ၊ ရက်ဗုဒ္ဓဉ္၊ ညဥ့်မှသန်းခေါင်၊ နိဗ္ဗာန်ဆောင်အံ့၊ များမြောင်လှပေ၊ လေးသချေ်နှင့်၊ သိန်းနေကမ္ဘာ၊ ကျင်လည်ခါလည်း၊ ကျွန်မှာအပြစ်၊ ရှိဖြစ်သည်ကို၊ စင်စစ်ကြွင်းမဲ့၊ လျှော်ခဲ့ပါအံ့ . . . တဲ့၊ လွမ်းစရာ မကောင်းဘူးလားကွ "

" ကောင်းတယ်ဘုရာ့၊ ဦးပဥ္စင်းအသံကလည်း ကောင်းကောင်းနဲ့ ဝါတွင်းမှာ တစ်ချီလောက်ဟောလိုက်ရင် ဒကာမတွေ မျက်ရည်ကျကုန်မယ် "

" ဒကာမတွေတော့ မသိဘူး၊ မင်းမျက်ရည်ကျမယ့် တစ်ကွက်ပါတယ် "

" ဘယ်လို တပည့်တော် မျက်ရည်ကျမယ့်အကွက် "

" ယသော်ဓရာက အပြစ်လွှတ်ဖို့ ခွင့်တောင်းတဲ့အခါမှာ ရိုးရိုးလျှောက်တာမဟုတ်ဘူး၊ ရှေးဘဝက ဖြစ်ခဲ့တဲ့ ဇာတ်လမ်းလေးတွေကို ပြန်ပြန် ပြောပြပြီး လျှောက်တာ "

" အဲဒါနဲ့ တပည့်တော် မျက်ရည်ကျရမှာက ဘာ်ဆိုင်လို့တုန်း "

" ဆိုင်တာကို နားထောင်၊ ဩော် . . . ဒါထက် ဟိုနေ့က ဒကာမလေးရဲ့ နာမယ်က ဘယ်သူ "

" ဘယ်ဒကာမလေးလဲ ဘုရာ့ "

" အံမာ မေ့ချင်ယောင်ဆောင်မနေစမ်းပါနဲ့၊ ဟိုအရေးပိုင်သမီးလေးဟာ "

" ဩော် . . . ဒါလား၊ စင်သီယာတဲ့ဘုရာ့ "

" အေး . . . စင်သီယာ လနတ်သမီးလေးဆို ဟုတ်လား၊ မင်းပြောတာပဲလေ "

" နာမည်ရဲ့အဓိပ္ပါယ်က အဲဒီလိုရှိတယ်၊ တပည့်တော်က ဒါပြောတာ "

" အေး . . . ဘယ်ဟာ ပြောပြောပေါ့ကွာ၊ နားထောင်၊ ယသော်ဓရာ ကန်တော့ခန်းထဲမှာပါတာ၊ ရှေးဘဝတစ်ခုမှာ ဘုရားလောင်းက 'ဓမ္မသာမဏေ' ဖြစ်တယ်၊ ကိုရင်လေးပေါ့ကွာ၊ ယသော်ဓရာအလောင်းက ရုပ်ရည်လှပလွန်းလို့ ဇမ္ဗူဒီပါတစ်ခွင်မှာ ကျော်ကြားတဲ့ 'ရူပသာရီ'ဆိုတဲ့ အမျိုးသမီးလေးဖြစ်တယ်၊ တစ်နေ့မှာ ရူပသာရီဟာ အခြွေအရံတွေနဲ့ ဗောဓိညောင်ပင်ကို ရေလာသွန်းသတဲ့၊ အဲဒီအချိန်မှာ ဓမ္မသာမဏေလေးကလည်း ဗောဓိညောင်ပင်အောက်မှာ တံမြက်လှည်းနေသတဲ့၊ မင်းရောက်လာတော့ ငါဖတ်နေတာ အဲဒီအကွက်ပေါ့ "

မြင့်နွယ်က ဘာမျှပြန်မပြောဘဲ ငြိမ်နေမိ၏။ ဦးပဥ္စင်းကသာ ဆက်၏။

" ရူပသာရီကိုမြင်ရတဲ့ ဓမ္မသာမဏေလေးရဲ့အဖြစ်က ဒီလို၊ နားထောင်၊ ရှေးကံဟောင်းကြောင့်၊ ဆုတောင်းဝါသနာ၊ အရင်းပါ၍၊ မြင်ခါမသွေ၊ သာမဏေလည်း၊ ပြတ်ကြွေသည်းအူ၊ မောဟမူဖြင့်၊ လူလျှင်ထွက်ပြန်၊ ခုနစ်တန်တိ၊ အမှန်စင်စစ်၊ ရဟန်းဖြစ်မှ၊ ချစ်သည့်အာရုံ၊ တိုး၍တုန်သည် . . . တဲ့၊ ဟဲ . . . ဟဲ ဘယ့်နှယ်လဲ "

" ဟာ . . . ဦးပဥ္စင်းကလည်း တပည့်တော် အခုလူထွက်တာက စင်သီယာနဲ့ ဘာမှမဆိုင်ပါဘူး "

" ငါ့ရှင်ကလည်း အိုးမလုံ အုံပွင့်နေပြန်ပါပြီ၊ ငါကလည်း ဆိုင်တယ်လို့ ပြောသေးလို့လား၊ အေး . . . ဆိုင်တယ်ဆိုရင်တောင် မင်းကို ငါအပြစ်မတင်ဘူး "

" ဘာပြုလို့လဲ ဘုရာ့ "

" ဟ . . . နိတယဗျာဒိတ်ရပြီးတဲ့ ဘုရားအလောင်း ဓမ္မသာမဏေတောင် ရူပသာရီကြောင့် အူအသည်းကြွေလု ဖြစ်ရသေးရင် မင်းလိုကောင်ကို ဘယ်လိုလုပ် အပြစ်တင်ရမှာတုန်း "

မြင့်နွယ်က စဉ်းစားပြီး ပြုံးကာ မေးသည်။

" အဲဒီ . . . ဓမ္မသာမဏေ လူထွက်နဲ့ ရူပသာရီတို့ ရကြသလားဘုရာ့ "

" ရကြတာပေါ့၊ ဒါ့ကြောင့်လည်း ယသော်ဓရာ ကန်တော့ခန်းမှာ ပါလာတာပေါ့၊ အဲဒီဘဝတုန်းက အရှင်ဘုရားဟာ တပည့်တော်မအတွက် သူတော်စင်ဘဝ ပျက်ခဲ့ရပါတယ်၊ ဒါကိုလဲ ခွင့်လွှတ်တော်မူပါတဲ့ ယသော်ဓရာ လျှောက်ထားတာလေ"

" အင်း . . . ခက်တာက ဓမ္မသာမဏေက ဘုရားအလောင်း၊ ဒီတော့ ယသော်ဓရာအလောင်း ရူပသာရီကိုရတာ မဆန်းဘူး၊ တပည့်တော်က မျောက်လောင်း၊ ဟိုက အရေးပိုင်သမီး နီးစပ်ပါလေရဲ့ "

" စိတ်ကလည်း လျှော့လှချည်လား၊ မြှောက်ပေးတယ်လို့လည်းမထင်နဲ့ မြင့်နွယ်၊ ငါက ဘုရားဆုပန် မင်းယောက်ျား ဘဝကို အောက်ကျနောက်ကျဖြစ်အောင် လုပ်မှာစိုးလို့ ပြောရဦးမယ်၊ ကောဏ္ဍညဘုရားလက်ထက်မှာ တို့ဘုရားအလောင်းက နွားကျောင်းသား၊ ယသော်ဓရာအလောင်းက ဒီပင်္ကရာဇ်မင်းရဲ့ သမီးတော်၊ နတ်တမျှချောတဲ့ သုမိတ္တာမင်းသမီး၊ အဲဒါတောင် ရကြသေးတယ်၊ ရတာမှ မင်းသမီးက စကြိုက်တာ၊ အဲဒါလည်း ယသော်ဓရာ ကန်တော့ခန်းထဲမှာ ပါတယ် "

" ဦးပဥ္စင်းကလည်း ယသော်ဓရာ ကန်တော့ခန်းနဲ့ချည်း ကိုင်တွယ်နေတာကိုး၊ တပည့်တော်ကတော့ အရှင် တေဇောသာရ ညည်းသလိုသာ ညည်းလိုက်ချင်တယ် "

" အံမယ် ဘယ်လို . . . "

" ဦးပဥ္စင်း ရပါတယ်၊ ဘာတဲ့ ဩော် . . . ဩော် . . . သောက်ရှူးသော်တာ၊ လအဝါသို့၊ ပြင်လျာဆို့ဆည်း၊ ရွှေဖျင်ပည်းဝယ်၊ စုလည်းမထင်၊ နောက်ထုံးရှင်နှင့်၊ မြင်လျှင်ပင်ကို၊ ကြိုးပါလိုလည်း၊ ကုသိုလ်ကြမ္မာ၊ မမီပါခဲ့ . . . တဲ့ "

ဦးပဥ္စင်းက သဘောကျစွာ ရယ်တော်မူ၏။

" မင်းမဆိုးဘူး မြင့်နွယ်၊ ရတာမရတာ အပထား၊ အရှင်မဟာရဋ္ဌသာရမှာ ဝဏ္ဏပဘာ၊ အရှင်တေဇောသာရမှာ ရခိုင်မင်းသမီး၊ နဝဒေးမှာ ရှင်နှောင်း၊ နတ်ရှင်နောင်မှာ ဓာတုကလျာ၊ မောင်ဖေငယ်မှာ ဒိုင်းခင်ခင်၊ ဒီလိုဒီလို ရှိတော့ မင်းမလဲ စင်သီယာနဲ့ ဘာနဲ့ဆိုတော့ ကဗျာကောင်းကောင်းတော့ စပ်နိုင်လိမ့်မယ်၊ အံမယ် မရှုံးဘူးဟ "

မြင့်နွယ်နှင့် ဦးပဥ္စင်းတို့က စကားကောင်းနေကြရာ ကျယ်လောင်သောစက်သံနှင့် မော်တော်တစ်စီး ကျောင်းဦး ဆိပ်ကမ်းကို ဆိုက်လာသဖြင့် ထကြည့်မိကြသည်။

" ဟ . . . မြင့်နွယ်၊ အဲဒါ မင်းဒကာမလေးတို့ မော်တော် "

မြင့်နွယ် မျက်လုံးပြူးသွားသည်။ စင်သီယာ ပါလာလေဦးမည်လော။ ပါလာလျှင် ခက်ချေမည်။ ခေါင်းတုံးကြီးနှင့် ကိုရင်လူထွက် ငါးပိချက်အဖြစ် စင်သီယာ့ကို ရင်မဆိုင်ချင်။

ပထမတော့ ကျောင်းပေါ်တက်ပြေးမည် ကြံသည်။ အဲ . . . ကျောင်းပေါ်မှာ ရင်ဆိုင်မိမှ မလွှဲသာ မတိမ်းသာ။

မြင့်နွယ်သည် သူ့ပုဆိုးထုပ်ကလေးကို ကောက်ကိုင်ပြီး စေတီအိုကြီးဘက်သို့ ပြေးလာခဲ့သည်။

စေတီကြီးအကွယ်၌ ခေတ္တ ပုန်းနေသေးသည်။ လုံ့လုပြီထင်မှ စေတီကွယ်မှ ကျောင်းဆီ ချောင်းကြည့်သည်။

ကျောင်းပေါ်သို့ တက်သွားသူများတွင် ဂါဝန်ဝတ်နှင့် မိန်းကလေးတစ်ဦးမျှ မပါ။

သည်ဘက်များ ထွက်လာနှင့်သလောဟု ဟိုဟိုသည်သည် မျက်လုံးကစား ရှာမိသည်။ စင်သီယာ၏ အရိပ်အယောင်ကို မမြင်။ နောက်ချန်ပြီးမှ တက်လာနိုင်သေးသောကြောင့် အတန်ကြာ ချောင်းကြည့်နေမိသေးသည်။ စင်သီယာ ပေါ်မလာပါ။

မြင့်နွယ်သည် အထုပ်ကလေးကိုချပြီး စေတီတော်၏ ဖိနပ်တော်အုတ်ခုံပေါ်တွင် လေးပင်စွာ ထိုင်ချလိုက်သည်။

သည်လိုဆိုပြန်တော့ ရင်ထဲ ဟာသွားသည်။ ဩော် . . . ဝမ်းနည်းချင်သလိုလို ဘာလိုလို။

လက်က ဆွဲမိဆွဲရာ သစ်ကိုင်းခြောက်တစ်ခုကို ဆွဲကိုင်မိသည်။

သဲမြေဖြူဖြူက ရှင်းလင်းသန့်စင်နေသည်။

သည်သဲမြေပြင်ဖြူဖြူပေါ်မှာ သစ်ကိုင်းခြောက်ဖြင့် တောင်ခြစ်မြောက်ခြစ်လုပ်သည်။

မကြာမီ မြေပြင်ပေါ်မှာ စာလုံးများ တစ်လုံးပြီးတစ်လုံး ပေါ်လာသည်။

စင် . . . သီ . . . ယာ . . .

အမှတ်မထင် ရေးခြစ်မိသော စာလုံးလေးများကို မြင့်နွယ်သည် ငိုင်ငေးကြည့်နေမိ၏။

ထိုစဉ် တစ်စုံတစ်ယောက်က ရှေ့၌ ရုတ်တရက် ရပ်လာဘိသည်။

" အို "

" အာ "

အထုပ်တစ်ထုပ်၊ သစ်ကိုင်းခြောက်တစ်ချောင်းနှင့် အုတ်ခုံပေါ်မှာ ငုတ်တုတ်ထိုင်နေသော ခေါင်းတုံးနှင့် မြင့်နွယ်ကို မြင်၍ စင်သီယာ အံ့ဩသွားပုံရသည်။

မမျှော်လင့်သော အသွင်သဏ္ဍာန်နှင့်မို့ စင်သီယာကိုလည်း မြင့်နွယ် အံ့ဩသွားမိသည်။

သည်တစ်ကြိမ်မှာတော့ ဂါဝန်လေးနှင့်မဟုတ်၊ ထဘီလေးနှင့်၊ ပြာပြာနုသော ပိုးထဘီနှင့်။ အင်္ကျီကလည်း သနပ်ခါးရောင်ဖျော့ဖျော့ လက်ရှည်လေး။

သည်လိုဆိုပြန်တော့ ကိုယ်လေးက ကြော့ကြော့ရှင်း၍ ရှည်သွယ်သည်။ ရင်နေခါးကျ ပုံပန်းလှဘိသည်။

လည်တိုင်သွယ်ဆီ ဝဲကျနေသော ဆံပင်ပုံစံသည်သာ မပြောင်း။

မရယ်မပြုံးဘဲ စင်သီယာက မေးသည်။

“ နင် ဟိုတစ်နေ့တုန်းက ကိုရင်မဟုတ်လား ”

မြင့်နွယ်က ခေါင်းညိတ်ပြသည်။

“ အခု ဘာလို့ လူဖြစ်နေရတာလဲ ”

“ ဒါကတော့ လူထွက်လိုက်လို့ လူဖြစ်တာပေါ့ စင်သီယာ ”

“ အင်းလေ . . . ဘာဖြစ်လို့ လူထွက်လိုက်ရတာလဲ ”

“ စကတည်းက ကိုယ်က ခဏ ကိုရင်ဝတ်ရတာ ”

စင်သီယာက မျက်နှာလေးကို မဲ့ပြီး ရန်တွေ့သကဲ့သို့ ဆို၏။

“ ခဏ ကိုရင်ဝတ်တဲ့လူက ကြီးကြီးကျယ်ကျယ်နဲ့ ဟိုနေ့က လူကို ဆုံးမစကားတွေ ပြောရသလား ”

အင်း . . . ခက်ကပြီ။

“ ကိုယ်က ဆုံးမခဲ့တာ မဟုတ်ပါဘူး၊ စင်သီယာ့အတွက် ကောင်းစေချင်လို့ ကိုယ် တတ်သရွေ့ မှတ်သရွေ့ စေတနာနဲ့ ပြောခဲ့မိတာပါ ”

“ စင်သီယာ့ကို ဘာလို့ ကောင်းစေချင်ရတာလဲ ”

ခက်ပြန်ချေပြီ။ ဘယ်လိုလုပ် ဖြေရပါမည်နည်း။

မဖြေနိုင်၍ ငေးကြည့်နေမိကာမှ ပိုဆိုးတော့သည်။

“ မေးနေတာ ဖြေလေ ”

ဩော် . . . အရေးပိုင်သမီး၊ တရားသူကြီး ဆန်ပါဘိတော့သည်။

မတတ်နိုင်၊ သူစိတ်ကျေနပ်ပါစေတော့ဟု တတ်နိုင်သမျှ ဖြေရတော့သည်။

“ စင်သီယာက ဟိုဒင်း . . . အဲ . . . သိပ် . . . သိပ်လှတယ် ”

“ အဲဒါနဲ့ မေးနေတာ ဘာဆိုင်လို့လဲ ”

“ ဆိုင်ပါတယ် စင်သီယာ၊ ဆုံးအောင် နားထောင်ပါ၊ စင်သီယာက သိပ်လှတယ်၊ အဲဒါကို ဟိုတစ်နေ့ကလဲ ကိုယ် ပြောခဲ့ပြီးပြီ၊ ကိုယ်က တစ်မျိုးပဲ၊ လှတာလေးတွေမြင်ရင် သိပ်တန်ဖိုးထားတတ်တယ်၊ လှပါစေ၊ ဆက်လှပါစေ၊ အလှမပျက်ပါစေနဲ့ ဒီလို ဆုတောင်းတယ်၊ ကိုယ်ဟာ ဆင်းရဲပါတယ် စင်သီယာ၊ ဒါပေမယ့် ချမ်းသာသူကိုတွေ့ရင် ကိုယ်လည်း သူ့လို ချမ်းသာချင်တယ်၊ သူလည်း ဆက်ချမ်းသာပါစေ၊ ဒုက္ခမတွေ့ပါစေနဲ့၊ ဒီလိုပဲ ဆုတောင်းတယ်၊ မေတ္တာပါ စင်သီယာ၊ မေတ္တာ ဆိုတဲ့စကားကိုလည်း အဓိပ္ပါယ်ကောက် မမှားလိုက်ပါနဲ့၊ သဗ္ဗေသတ္တာ သတ္တဝါတွေ ချမ်းသာပါစေဆိုတာ ကိုယ်ထားတဲ့ မေတ္တာပါ ”

သူက ရှည်လျားစွာ ပြောသည်။ စင်သီယာကလည်း စိတ်ဝင်စားဟန် စိုက်နားထောင်နေသည်။ သူ့စကားဆုံးသော် စင်သီယာက ပြုံးသည်။ ယနေ့ညနေအတွက် ပထမဆုံး ပြုံးသည်။ ပြုံးလိုက်ပြန်တော့ ပါးချိုင့်လေးနှစ်ဖက်က လှလှပပ ပေါ်လာသည်။

“ ယူက လူသာထွက်ပြီးတယ်၊ ပြောတဲ့စကားက ဘုန်းကြီးစကားပဲ၊ အင်းလေ ယူ ဘုန်းကြီးသေးသေးလေး ဆက်လုပ်နေရင် ကောင်းမှာ၊ ယူ့ကို ဘုန်းကြီးသေးသေးလေးအဖြစ်ပဲ တွေ့ရမယ်ထင်လို့ ဒီမှာကြည့်စမ်း စင်သီယာ ယူလာတာတွေ ”

စင်သီယာက နောက်တွင်ပစ်ထားသော လက်လေးတစ်ဖက်ကို ရှေ့ထုတ်လိုက်သည်။ သည်လက်တွင်းမှာက လွယ်အိတ်လေးတစ်ခု။

စင်သီယာက လွယ်အိတ်တွင်းမှ ပစ္စည်းလေးများကို ပြသည်။

ဗလာစာအုပ်ထူထူက နှစ်အုပ်၊ ခဲတံက ဒါဇင်ဝက်၊ ပြီးတော့ ဖယောင်းတိုင်က နှစ်ထုပ်။

“ အဲဒါတွေက ဘာလုပ်ဖို့လဲ စင်သီယာ ”

" ဘုန်းကြီးသေးသေးလေးကို ဘာပရဲဆင့်(ထ်) ပေးရင်ကောင်းမလဲလို့ မာမီ့ကိုမေးကြည့်တော့၊ မာမီက အဲဒါတွေ ပေးရင် ကောင်းတယ်ဆိုလို့ စင်သီယာ ဝယ်လာတာ "

သည်တစ်ကြိမ်တော့ သူမေးအလှည့်။

" စင်သီယာက ကိုယ့်ဖို့ ဘာလို့ ဝယ်ခဲ့ရတာလဲ "

" ကျေးဇူးတင်လို့ပေါ့ "

" ဘာကို ကျေးဇူးတင်တာလဲ "

စင်သီယာသည် တစ်စုံတစ်ခုကို သဘောကျဟန် ပြုံးလိုက်ပြီး "ဒီမှာကြည့်စမ်း"ဟု သူ့ကိုယ်လေးကို လှည့်ပတ်ပြ၏။

" ဘာလဲ စင်သီယာ "

" စင်သီယာ ဒီလိုဝတ်ထားတာ လှရဲ့လား "

" လှပါတယ် စင်သီယာ၊ သိပ်လှ . . . "

" ဂါဝန်ဝတ်ထားတာနဲ့ကော "

" တစ်မျိုးစီပေါ့ စင်သီယာရယ်၊ ဒါပေမယ့် ခုလိုက ပိုလှတယ် "

" လှရင်ပြီးတာပဲ၊ စင်သီယာ ခုလို ဝတ်လာတာက ရှုးမစီးရတော့ဘူး၊ ရှုးမစီးရတော့ ဖိနပ်ချွတ်ရတာ လွယ်တယ်၊ ဖိနပ်ချွတ်ရတာ လွယ်တော့ ဘုရားမြေပေါ်မှာ ဖိနပ်မစီးမိဘူး၊ ဒီတော့ ငရဲမကြီးတော့ဘူးပေါ့ "

" စင်သီယာ ငရဲကြောက်သွားပြီလား "

" ကြောက်သွားတာပေါ့၊ ယူက ပြောတာကိုး၊ စင်သီယာက အစက ငရဲကြီးတာတွေထဲမှာ အရုပ်ဆိုးတာ မပါဘူးလို့ ထင်တာ၊ ယူပြောတော့မှ ပါမှန်းသိတာ၊ ကျန်တာတော့ မကြောက်ပါဘူး၊ အရုပ်ဆိုးမှာတော့ သိပ်ကြောက်တာပဲ "

စင်သီယာသည် သူ့စကားကိုသူ သဘောကျသည့်ဟန်ဖြင့် ရယ်နေသည်။ ရယ်ရာမှ ရုတ်တရက်ရပ်သွားသည်။ မျက်လုံးလေးများကလည်း မြေပြင်တွင် စူးစိုက်ထား၏။

မြင့်နွယ်လည်း တုန်လှုပ်သွားသည်။

စင်သီယာ စူးစိုက်ကြည့်နေသည်က စောစောက မြေမှာ အမှတ်မထင် သူရေးခြစ်ထားမိသော စာလုံးများဆီဖြစ်၏။

" ဒါကို ယူရေးထားတာလား "

" ဟုတ် . . . ဟုတ်တယ် စင်သီယာ "

" စင်သီယာ့နာမည်ကို ဘာလို့ ရေးထားရတာလဲ "

စင်သီယာ၏ အထာကိုသိပြီမို့ သူမဖြေ။ အဖြေမပေးဘဲ မေးခွန်းသာ ပြန်ထုတ်၏။

" အရှင်တေဇောသာရဆိုတဲ့ ပုဂ္ဂိုလ်ကို ကြားဖူးသလား "

" ဘယ်သူ ဘာ . . . သာရ "

" အရှင်တေဇောသာရတဲ့၊ စင်သီယာ မကြားဖူးရင် ကိုယ်ပြောပြမယ်၊ သူဟာ အင်းဝခေတ်တုန်းက စာဆိုရှင်၊ ဒီနေ့အထိ အလွန်ကျော်ကြားတယ်၊ သူဟာ အင်မတန်လှတဲ့ ရခိုင်မင်းသမီးလေးတစ်ပါး အကြောင်းကို ကဗျာရေးဖွဲ့ခဲ့တယ်၊ အဲဒါကိုကော ကြားဖူးသလား "

" ဟင့်အင်း "

" ရခိုင်မင်းသမီးလေးဟာ အင်း . . . မင်းသမီးဆိုတော့ သိပ်လှတာပေါ့၊ စင်သီယာ့လို နေမှာပေါ့ "

" ဟာဟ အဲဒါ ယူမြှောက်တာ၊ စင်သီယာ့ကို မြှောက်ပြောတာ "

" ကိုယ်မြှောက်တာ မဟုတ်ဘူး၊ တကယ်ပြောတာ "

" ကဲပါ ယူ့ပုံကို ဆက်ပြောပါ "

" ပုံမဟုတ်ဘူး တကယ်ဖြစ်ခဲ့တာ "

" အင်းပါလေ ဆက်ပြောပါ "

" မင်းသမီးလေးဟာ လှလွန်းတော့ ရွှေရုပ်လေးအတိုင်းပဲတဲ့၊ အရှင်တေဇာသာရ စာဖွဲ့ခဲ့တာကို နားထောင်၊ ကိုယ်ရွတ်ပြမယ်၊ သိဂ်ရောင်သန်း၊ ရွှေပုံသွန်းသို့၊ လန်းလန်းလတ်လတ်၊ လိုက်ဖက်တင့်မော၊ မချောစရာ၊ ချောစရာလျှင်၊ ကေသာဆံလှ၊ ထုံးနောက်စနှင့်၊ ချပ်ညရီတွင်၊ ဖြုတ်ချည်းမြင်သည်၊ ရှင်သာရခိုင့် တန်ဆောင်လော တဲ့၊ စင်သီယာ နားလည်ရဲ့လား "

" ဟင့်အင်း ဒါပေမယ့် နားထောင်လို့ ကောင်းတယ် "

" တန်ဆောင်ဆိုတာ အလင်းပဲ၊ မင်းဟာ ရခိုင်ပြည်ရဲ့ အလင်းဓာတ်ပဲ၊ ရခိုင်ပြည်မှာ အလှဆုံးပဲ၊ ဒီလို ဖွဲ့ဆိုလိုက်တာ"

" အဲဒါနဲ့ စင်သီယာ့နာမည်ကို ယူက မြေကြီးပေါ်မှာ ရေးထားတာနဲ့ ဘာဆိုင်လို့တုန်း "

“ ဩော် . . . ကဗျာဆိုတာ ချက်ချင်းကောက်စပ်လို့ ရတာမဟုတ်ဘူး၊ စဉ်းစားရသေးတယ်၊ ရှင်တေဇောသာရလည်း ရခိုင်မင်းသမီးလေးအလှကို မရေးခင် စဉ်းစားရင် မြေကြီးပေါ်မှာ တုတ်နဲ့ခြစ်သေးသလားမသိဘူး၊ ဘယ်သူပြောနိုင်မှာလဲ ”

စင်သီယာက သူ့ကို မျက်စောင်းလှဲ့လှဲ့ထိုးသည်။

“ ဟွန်း . . . ယူသိပ်စကားတတ်တယ်၊ စင်သီယာ့အကြောင်း ကဗျာစပ်မလို့ပေါ့၊ ယူ ဒါပြောတာမဟုတ်လား ”

မြင့်နွယ်က မဖြေဘဲ ငြိမ်၍ စင်သီယာကို ကြည့်နေမိသည်။

ဟိုတစ်နေ့ကတော့ ရှင်ဘဝမို့ မာတုဂါမ၏မျက်နှာကို စေ့စေ့စပ်စပ် သေသေချာချာ မကြည့်ရဲ၊ စက္ခုန္ဒြေကို ထိန်းရသည်။ ယခုတော့ ကြည့်မိသည်။ စူးစူးရဲရဲ ကြည့်မိသည်။

မျက်နှာလေးက လှသလောက် အသားလေးကလည်း လှသည်။ အသားလေးက ဖြူဖြူစင်စင် ပန်းဖြူဖြူလို အရောင် အသွေးမရှိဘဲ ဖြူသည်မဟုတ်၊ မွေးညင်းရှိမ်းရှိမ်းလေးတွေကလည်း လွှမ်းနေ၏။ အကြောစိမ်းလေးတွေကလည်း ရှိသေးသည်။ သည်တော့ စိမ်းသလို ပြာသလို စိုလန်းသောဓာတ်ကလည်း ရှိနေသေးသည်။

စင်သီယာက ကျောင်းဘက်သို့ လှည့်ကြည့်ပြီး ဆိုသည်။

“ ဟော . . . ဖေဒင်မေးလို့ ပြီးကြပြီထင်တယ်၊ ဟိုမှာ ဆင်းလာကြပြီ၊ ရော့ ရော့ . . . ယူထားလိုက် ”

စင်သီယာက လွယ်အိတ်တွင်းမှ ပစ္စည်းတွေကို ထုတ်ပေး၏။

“ ကိုယ် ဒါတွေ ဘာလုပ်ရမလဲ ”

“ သိဘူးလေ၊ စာအုပ်နဲ့ ကဗျာရေးချင် ရေးပေါ့၊ မြေကြီးပေါ်မှာတော့ မရေးနဲ့၊ ဩော် . . . ဒါထက် ယူ့နာမည် ဘယ်လိုခေါ်သလဲ ”

“ မြင့်နွယ်တဲ့ ”

“ ကောင်းပြီ စင်သီယာ မှတ်ထားမယ်၊ အစကတော့ ယူ ဘုန်းကြီးသေးသေးလေးကနေ ဘုန်းကြီး‌ကြီးကြီး ဖြစ်လာလို့ ယူပြောသလို ဘာ . . . အဲ . . . အကြားအမြင်ပေါက်ရင် စင်သီယာက ဖေဒင်မေးမလို့၊ ပြီးတော့ ဟိုဟာဒီဟာ ဝယ်လှူမလို့၊ အခုတော့ . . . ”

စင်သီယာက တစ်စုံတစ်ခု စဉ်းစားနေဟန် ခေတ္တ အပြောရပ်သွားပြီးမှ ဟက်ကနဲ ရယ်သည်။

“ အင်းလေ အဲဒီစာအုပ်တွေနဲ့ ကဗျာစပ်ပေါ့၊ စင်သီယာ့အကြောင်း လှလှစပ်ပေါ့၊ စင်သီယာကြိုက်ရင် ယူ့ကို ဖောင်တိန်တစ်ချောင်း ဝယ်ပေးမယ်၊ သွားမယ် ဘိုင့်ဘိုင် ”

စင်သီယာက ထဘီစလေး တစ်ဖက်မကာ သမင်မငယ်သို့ သွက်လက်ပေါ့ပါးစွာ ပြေးထွက်သွားသည်။

ထိုညနေက စေတီအိုကြီးရှေ့တွင် မြင့်နွယ် အကြာကြီးရပ်နေမိသည်။

အကြာကြီး . . .

( ၈ )

ပြူတင်းဝတွင် ဦးမြင့်နွယ်သည် အကြာကြီး ရပ်နေမိသည်။

အတွေးစ ရပ်သွားမှ စာကြည့်စားပွဲဆီ လာသည်။

မျက်စိ ဆက်ကြောင်နေမည်ကို သိသည်။ မျက်စိကြောင်နေလျှင် ဇွတ်အိပ်သည်ထက် စာဖတ်နေရသည်က ကောင်းသည်။ အထူးသဖြင့် ကဗျာဖတ်သည်က ကောင်းသည်။ ကဗျာတွေကိုလည်း ညမှ အိပ်မပျော်လေသူတို့ စပ်ခဲ့ကြသည် မဟုတ်ပါလော . . .။ ဘာတဲ့ . . .

“ ခွက်မြုပ်ခါညီ၊ နာရီမောင်းချ၊ ဒေသနိမိတ်၊ သက်ကြီးဆိတ်လည်း၊ မမှိတ်မျက်တောင်၊ သည်းခေါင်ဆူသည်၊ ရှိလိမ့်မည်ဟု၊ လွမ်းသည်ထပ်ဆင့်၊ ဖူးချိန်သင့်ကို . . . ”

အရှင်မဟာရဋ္ဌသာရ၏ စာပင်ဖြစ်သည်။

ဦးမြင့်နွယ်သည် တသီကြီးရှိနေသော ကဗျာစာအုပ်များအနက်မှ ဟံသာဝတီတိုက်ထုတ် လက်ဝဲနော်ရထာ စုသည့် စာဆိုတော်များ ရတုပေါင်းချုပ်စာအုပ်ကို ဆွဲနုတ်ယူသည်။

အရှင်မဟာရဋ္ဌသာရ၏ နန်းမြေအောင်ချာချီ ရွှေပြည်ထွက်ချာ ဘုရားတိုင်ရတုကို အလွယ်နှင့် ရှာတွေ့သည်။

“ ရွှေပြည်ထွက်ချာ၊ စွယ်လက်ယာ၊ ရတနာပွင့်လှိုင်၊ မဥ္ဇူခိုင်နှင့်၊ ဦးတိုင်ချီမြှောက်၊ ကျွန်ုပ်လျှောက်အံ့၊ ဆယ်ခြောက် နှစ်ပြည့်၊ မြင့်၏မထင်၊ မြိတ်သွင်လွှတ်စို့၊ ပြာသွယ်ညို့ကို၊ နတ်ကဲ့သို့ပင်၊ နောင်မင်းထာင်သား၊ ရှင်ပင်မွေတော်၊ ဖန်ဆင်းသော်မှ၊ တူပျော်ရအံ့၊ ဂူတည့်ျံုးသမ်း၊ တတမ်းတမ်းသည်၊ မလွမ်းဘယ်သူ နေတတ်မည် ”

ဦးမြင့်နွယ်က ပြုံး၏။
အရှင်မဟာရဋ္ဌသာရ၏ စကားအသုံးအနှုန်းနိုင်ပုံကို သဘောကျ၍ ပြုံးမိခြင်းဖြစ်သည်။
မြိတ်သွင်လွတ်စို့ ပြာသွယ်ညို့ အကြောင်းကို ဖွဲ့သည်။ ပြီးတော့ မလွမ်းဘယ်သူ နေတတ်မည်ဟု မှတ်ချက်ပြုသည်။
မှန်သည် . . .
ကြုံဖူးလျှင်တော့ . . . အင်း . . . မလွမ်းဘယ်သူ နေတတ်မည်၊ နှလုံးသားရှိသူ မလွမ်းဘယ်သူ နေတတ်မည်။

* * *

## အခန်း [ ၃ ]

### ( က )

မန္တလေး-ပြင်ဦးလွင်ကားလမ်း သုံးထပ်ကွေ့ကို ဦးမြင့်နွယ်၏ ဖင်မလီယာကားလေးသည် နံပါတ်သုံးဂီယာဖြင့် သက်သက်သာသာ ညက်ညက်ညောညော တက်လာခဲ့သည်။

နှစ်ဆယ့်တစ်မိုင် စခန်းဆီ ချဉ်းကပ်သော လမ်းပြေပြေတစ်လျှောက်သို့ အရောက်တွင်ကား ကားလေးသည် နံပါတ်လေးဂီယာဖြင့် သွက်သွက်မှန်မှန် ပြေးနေလေသည်။

ကားမောင်းနေသော ဦးမြင့်နွယ်၏ဘေးထိုင်ခုံတွင် ဦးတုတ်ဝင်းက “ စံပယ် . . . စံပယ် . . . စံပယ်ပန်းနှယ် . . . သင်းရနံ့ကြူ ဖြူဖြူဖွေးတယ် မွှေးမွှေးလေးပေးချင်အောင်ကွယ် . . . ”ဟု ဂီတနက်သန် ကိုစောငြိမ်း၏ စံပယ်သီချင်းကို ညည်းလိုက်လာနေ၏။

ကား၏ နောက်ထိုင်ခုံဆီမှ “ဟား”ကနဲ သမ်းသံနှင့် မရှေးမနှောင်းတွင် ဓာတုဗေဒကထိက ဦးညိုလဲ့က ကိုယ်ကို မတ်ထိုင်လိုက်သည်။

“ လူများတွေ တေးသံက ချော့သိပ်တတ်တယ်၊ ကိုတုတ်ဝင်း တေးသံကြားလို့ ကျွန်တော် လန့်နိုးပြီ ”

“ တမင် နိုးအောင် ဆိုပေးရတာ၊ ကလေးအဖေဆိုတော့ ညက အိပ်ပျက်ရှာတယ် မဟုတ်လား ”

“ ကလေးအဖေဆိုတော့ ဘာဖြစ်သလဲ၊ ကလေးကိုလည်း မွေးနိုင်တယ်၊ ကလေးအမေကိုလည်း အဲ . . . ထမင်းချက်ခိုင်းနိုင်တယ်၊ ခင်ဗျားတို့ လူပျိုကြီးတွေသာ စိတ်ကူးနဲ့ ကြည်နူးနေရတာ၊ စံပယ်ပန်းနဲ့ တူလို့လေး ဘာပန်းနဲ့ တူလို့လေးနဲ့၊ အမှန်က ဘာပန်းနဲ့တူတူ ရရင်တော့ မွှေးမှာပဲ မဟုတ်လား ”

“ လက်ပံပွင့်ရရ ပဒိုင်းပွင့်ရရ၊ ရရာမွှေးမယ်ဆိုရင် စကတည်းက လူပျိုကြီးဖြစ်မနေဘူး၊ လူပျိုကြီးဖြစ်ဖို့က အာသာဝတီ နွယ်နီနတ်ပန်းကို စောင့်တဲ့ နတ်လုလင်လို ဇွဲကောင်းဖို့လိုတယ် ”

“ ကိုယ့်ဘာသာကိုယ် မစွံနိုင်တာကို မစွံဘူးလို့ ဝန်မခံဘူး၊ နတ်လုလင်လို ဇွဲကောင်းသလေး ဘာလေးနဲ့၊ ခင်ဗျား အာသာဝတီ နွယ်နီနတ်ပန်းက ဒီတစ်သက် ပွင့်ဦးမှာလား ”

“ စံပယ်ပင်ဝတ္ထုမှာ ဦးလတ်က ဆိုထားတယ်၊ စံပယ်ပင် ဘယ်တွင်မှမပွင့်၊ အပြစ်တင်လျှင် တဇော၊ စောလိုက်ပါနှင့်တဲ့၊ ပွင့်ချိန်တန်လျှင် ပွင့်လာလိမ့်မယ်ပေါ့၊ အဲ . . . ပွင့်မလာတော့လည်း ရှင်မဟာရဋ္ဌသာရ ရေးခဲ့သလိုပဲ တရားသံဝေ၊ အောက်မေ့ချေသော်၊ ကြေးရွှေဂဟော၊ မစပ်လေသို့ . . . လို့ စိတ်ကိုဖြေပြီး အဟဲ . . . ဗြဟ္မာစရိယာ ဆက်ကျင့်နေရမှာပေါ့ ဟား . . . ဟား . . . ”

ကားမောင်းနေသော ဦးမြင့်နွယ်က ဦးတုတ်ဝင်း၏စကားကြောင့် သဘောကျ ရယ်မောပြီးဆို၏။

“ ခင်ဗျားကို ကျွန်တော် ချီးမွမ်းတာ တစ်ခုရှိတယ် ကိုတုတ်ဝင်း ”

“ ဘာလဲ နတ်လုလင်ဇွဲမျိုးလား၊ ဗြဟ္မာစရိယာ ကျင့်စွမ်းတဲ့ ပါရမီကိုလား ”

“ အကောင်းပြောတာပါ၊ ခင်ဗျားဟာ ရူပဗေဒ ကထိကတစ်ဦးဖြစ်ပေမယ့် မြန်မာစာပေ၊ မြန်မာကဗျာတွေကို မြတ်နိုးနှစ်သက်တာ ကျွန်တော် တကယ်ချီးမွမ်းတယ် ”

“ ခင်ဗျားက ချီးမွမ်းနေမှတော့ မထူးဘူး၊ နည်းနည်းလေး တရားဟောမယ်၊ သိပ္ပံပညာသမားမို့ စာပေကဗျာတွေ အနုပညာတွေကို ပစ်ပယ်သလိုလိုလုပ်တဲ့လူဟာ အင်မတန်တုံးတဲ့လူပဲ၊ ဦးနှောက်ကောင်းတိုင်း လူတစ်ယောက်ဟာ ရာခိုင်နှုန်းတစ်ရာပြည့်တဲ့လူ မဟုတ်သေးဘူး၊ နှလုံးသားလည်း သိမ်မွေ့မှ၊ နှလုံးသား သိမ်မွေ့ဖို့က စာပေကဗျာတွေ အနုပညာတွေကမှ

တတ်နိုင်တာ၊ ကျွန်တော့်မေဂျာ ကျောင်းသားတွေကို ကျွန်တော် ဒါအမြဲသတိပေးတယ် ”

ဦးတုတ်ဝင်း၏စကားကို ဦးညိုလှဲ့ကလည်း ဝင်ထောက်ခံပြော၏။

“ ကျွန်တော်လဲ ဝင်တရားဟောလိုက်ဦးမယ်၊ ရီနေးဆွန်းခေတ်က ကွန်းဆက်ပ် (ခံယူချက်) တစ်ခုရှိတယ်၊ လက်တင်ဘာသာနဲ့တော့ ဟိုမိုယူနီဗာဆေးလီးစ် ခေါ်တယ်၊ ပြည့်ဝသော လူသားဘဝလို့ ဘာသာပြန်ရမယ်ထင်တယ်၊ အဖက်ဖက်က ပြည့်ဝတဲ့လူပေါ့ဗျာ၊ နမူနာအဖြစ်တော့ လီယိုနာဒို ဒါဗင်စီကို ပြကြတယ်၊ ပညာရဲ့ ရည်ရွယ်ချက်ဟာ ဒီလိုလူသားမျိုး ဖြစ်လာဖို့ပေါ့၊ တချို့ကတော့ ဒီသဘောဟာ စိတ်ကူးယဉ်ဆန်တဲ့ မဖြစ်နိုင်သော စံချိန်တစ်ခုလို့ ပြောကြတယ်၊ ဒါပေမယ့် လူ့လောကကြီး တိုးတက်လာတာဟာ တစ်ချိန်က မဖြစ်နိုင်ဘူးထင်ခဲ့တဲ့ စံချိန်တွေကို ဖြစ်အောင်ချိုးခဲ့ကြလို့ မဟုတ်လား ”

ဦးတုတ်ဝင်းက တဟဲဟဲရယ်ပြီး “ ဒီလိုဆို ကျွန်တော့်အတွက် အများကြီး မျှော်လင့်ချက်ရှိသေးတာပေါ့ ”ဟု ဆိုသည်။

“ ဘာမျှော်လင့်ချက်တွေ ရှိသေးတာလဲ ”

“ ဩော် . . . မဖြစ်နိုင်ဘူး ထင်ခဲ့တာတွေဟာ ဖြစ်လာတယ်ဆိုတော့ ကျွန်တော့် အာသာဝတီ နွယ်နီနတ်ပန်းလည်း ပွင့်နိုင်သေးတာပေါ့ ”

“ အင်း . . . ပွင့်မှပါပဲ၊ မပွင့်ရင် ခင်ဗျားလည်း ဘယ်တော့မှ ပြည့်ဝတဲ့လူသားဘဝကို ရမှာမဟုတ်ဘူး ”

“ အလို ဘာဆိုင်လို့ ”

“ ဘင်ဂျမင်ဖရန်ကလင်က ဆိုထားတယ်၊ လက်မထပ်ရသေးတဲ့ လူတစ်ယောက်ဟာ ဘက်ပဲ့နေတဲ့ ကတ်ကြေးနဲ့ တူသတဲ့၊ ဒီမှာ ကိုမြင့်နွယ် ကျွန်တော်လည်း ခင်ဗျားတို့ စာပေသမားတွေနဲ့ ပေါင်းတာမို့ ဦးဩဘာသ ချန်ထားတဲ့စာလေး ထပ်ဖြည့်လိုက်ဦးမယ် ”

“ လုပ်စမ်းပါဦး ”

“ မောင်တစ်ကျိပ်ပင်ရှိလင့်ကစား လင်မရှိသောမိန်းမသည် အချည်းနှီးတည်းဆိုတာကို ဆိပ်ကမ်းကျွန်းသောင်ရှိလင့်ကစား ရေမရှိသောမြစ်သည် အချည်းနှီးတည်းဆိုတဲ့စကားနဲ့ ဦးဩဘာသက ယှဉ်ပြထားတယ်၊ ကျွန်တော် ဖြည့်ချင်တာက ဒီလို၊ စက် ရွက် ပဲ့ စုံ ရှိလင့်ကစား ဆိပ်ကမ်းမရှိသော သင်္ဘောသည် အချည်းနှီးတည်း၊ ရာထူးဘွဲ့ဂုဏ် ရှိလင့်ကစား မယားမရှိသော ယောကျ်ားသည် အချည်းနှီးတည်း၊ ဆိပ်ကမ်းမရှိတဲ့ သင်္ဘောလိုပေါ့၊ ဟား . . . ဟား . . . ”

ဦးညိုလှဲ့ပစ်ချက်မှာ မှန်လွန်းသွားသဖြင့် ရှေ့မှ လူပျိုကြီးနှစ်ဦးမှာ ရုတ်ရက် မဖြေနိုင်ဘဲ တဟဲဟဲသာ လိုက်ရယ်ကြရ၏။

နှစ်ဆယ့်တစ်မိုင် စခန်းသို့ ရောက်လာသောကြောင့် ကားသည် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှေ့၌ ထိုးရပ်လိုက်၏။

ကားအင်ဂျင်အေးစေရန်နှင့် လူများလည်း အညောင်းပြေရန် လက်ဖက်ရည်ဆိုင်တွင် ခေတ္တနားကြသည်။

ဦးညိုလှဲ့က လက်ဖက်ရည်မှာသည်။ ဦးတုတ်ဝင်းနှင့် ဦးမြင့်နွယ်တို့က နို့မပါသော ကော်ဖီခါးခါး တစ်ခွက်စီ မှာကြ၏။

ဦးမြင့်နွယ်၏ ကားနောက်ပိုင်း ပစ္စည်းတင်အခန်းတွင် ဂေါက်အိတ်သုံးအိတ်ကို မြင်နိုင်၏။ မနီးမဝေးတွင် ရပ်ထားသော ကားနှစ်စီး သုံးစီးတို့ အတွင်းဆီ၌လည်း ဂေါက်အိတ်များကို မြင်ရ၏။ ကော်ဖီသောက်ရာမှ ဦးမြင့်နွယ်က မှတ်ချက်ပေး၏။

“ စနေ နေ့တစ်ဝက် ကျွန်တော်တို့ချည်း ပြင်ဦးလွင် ဂေါက်ရိုက်ဖို့ တက်သလား အောက်မေ့တယ်၊ တခြား ဂေါက်သမားတွေလည်း တက်တာကိုး ”

“ ဦးမြင့်နွယ်က ရောက်စမို့ မသိသေးတာပါ၊ မန္တလေးက တကယ့်ဂေါက်သမားမှန်ရင် စနေတနင်္ဂနွေဆို ပြင်ဦးလွင် လုတက်ကြတာပဲ၊ ပြင်ဦးလွင်ကွင်းကလည်း ကောင်းတယ်လေ၊ ပြင်ဦးလွင်မှာ မရိုက်ဖူးသေးရင် ဂေါက်သမားအစစ် မဟုတ်သေးဘူး ”

ဦးတုတ်ဝင်း၏စကားကြောင့် ဦးမြင့်နွယ်က ပြုံးသည်။

“ ဒီလိုဆို ကျွန်တော် ဂေါက်သမားအစစ် မဟုတ်သေးဘူးပေါ့ ”

ဦးတုတ်ဝင်းက ရယ်နေရာ ဦးညိုလှဲ့က ဝင်ပြောသည်။

“ ဟုတ်တယ် ကိုတုတ်ဝင်းကမှ ဂေါက်သမားအစစ်၊ သူ ပြင်ဦးလွင် တစ်ခါတက်ရိုက်ရင် ချုံထဲမှာ ဘောလုံးလေးငါးလုံး စွန့်ထားခဲ့လေ့ရှိတယ်၊ ဟန်ဒီကက်ပ်ကလည်း ရာသက်ပန် နှစ်ဆယ့်လေးချည်း မဟုတ်လား ”

“ ရပ်ဖ်တွေက တော်တော်ခက်သလား ”

“ ဖဲယားဝေး ကောင်းသလောက် ရပ်ဖ်က တကယ့်ရပ်ဖ်၊ ဖြောင့်ဖြောင့် မရိုက်တတ်ရင်တော့ ခင်ဗျား ကိုတုတ်ဝင်းလိုပဲ ဘောလုံးဝေဿန္တရာ လုပ်ခဲ့ရမှာ ”

ဦးတုတ်ဝင်းက မခံချင်ဟန်ဖြင့် “ဒီနေ့ကြည့်ကြသေးတာပေါ့၊ ကျွန်တော် တစ်ပတ်လုံး ဂျက်နစ်ကလပ်စ် စာအုပ်ဖတ်ပြီး ကျင့်ထားတာ”ဟု ဆိုသည်။

စကားပြောနေရင်း ဦးမြင့်နွယ်၏ မျက်လုံးတို့က တစ်နေရာသို့ ရောက်နေမိ၏။

မလှမ်းမကမ်းတွင် အင်ဂျင်ပူနေသည်ကို အေးရန် ရေလဲထည့်နေကြသော ကားကြီးများရှိနေသည်။ ယင်းကားကြီးများ အနီးတွင် ကားငယ်တစ်စင်းမှာ စက်ချွတ်ယွင်းနေဟန်ရှိသည်။ ကားခေါင်းစက်ဖုံးကိုဖွင့်၍ ဒရိုင်ဘာသည် တကုန်းကုန်း နှိုက်နေ၏။

ပထမသော် ဦးမြင့်နွယ်သည် အမှတ်မထင် ကြည့်နေခြင်းဖြစ်၏။ ခဏ၌မူ မသိမသာ မျက်မှောင်ကြုတ်သွား၏။

ကားက တံခါးလေးပေါက် ဖင်မလီယာ၊ အရောင်က အဖြူ၊ ကားဦးက မန္တလေးဘက် လှည့်ထားသည်။

ကြည့်နေစဉ် ဒရိုင်ဘာက ကားခေါင်းစက်ဖုံးကို ပြန်ပိတ်လိုက်သည်။ ထို့နောက် ကားဆီ ပြန်တက်မောင်းသည်။

ထွက်လာသော စက်သံကိုက မကောင်း။ ကားသည် တစ်ဘီးနှစ်ဘီးလိမ့်ပြီး တုံ့ကနဲ တုံ့ကနဲဖြစ်ကာ ရပ်သွား၏။

ဦးမြင့်နွယ်က နေရာမှ ထသောကြောင့် ဦးတုတ်ဝင်းက မေးသည်။

" ဘယ်လဲဗျ "

" ဘယ်ရဟန္တာကြီးဆိုလဲ . . . ရဟန္တာဖြစ်တာတောင် စရိုက်ပါနေလို့တဲ့ မြောင်းလေးဘာလေးတွေတွေ့ရင် ခုန်ကျော်ချင်သတဲ့၊ အဲ . . . ကျွန်တော်လည်း ငယ်ငယ်က စရိုက်ကျန်နေသေးလို့ "

ဦးမြင့်နွယ်က ကားဖြူဆီ လျှောက်လာခဲ့သည်။ ဒရိုင်ဘာမှာ ကားစက်ဖုံးဖွင့်၍ နှိုက်နေပြန်ပြီ။

ဦးမြင့်နွယ်၏ မျက်လုံးများက ကားနောက်ခန်းဆီ ရောက်သွား၏။

ဩော် . . . ကလေးမ မွန်မွန်၊ အဖော်အမျိုးသမီးလည်း ပါသည်။

ဦးမြင့်နွယ်က စက်ခေါင်းနားကပ်သွားပြီး ဒရိုင်ဘာကို မေး၏။

" ဘာဖြစ်သလဲ "

" ဘယ်သိမလဲဗျ၊ ထွေနေတာ ရှာတုန်း "

ဒရိုင်ဘာက ပလပ်ဂ်များကို တစ်ခုချင်းဖြုတ်၍ စစ်ဆေးနေသည်။

ဦးမြင့်နွယ်က မှတ်ချက်ဝင်ပေးသည်။

" ပလပ်ဂ်ငုတ်တွေ အရောင်ကောင်းသားပဲ၊ ကာဘွန်မရှိဘူး၊ ဂက်ပ်တွေကော မှန်ရဲ့လား "

" မှန်တယ်ဗျ၊ တပ်ထားတာလည်း မကြာသေးဘူး "

" ခင်ဗျား ဒစ်စတြီဗျူတာက  ထိပ်ပွိုင့်ကို စစ်ပြီးပလား "

" ခုနင်ကပဲ စစ်ပြီးတယ်၊ စားလည်း မစားဘူး၊ ကျွမ်းလည်း မကျွမ်းဘူး၊ ကပ်လည်း မကပ်ဘူး "

ဒရိုင်ဘာသည် ပလပ်ဂ်များကို ပြန်တပ်လိုက်ပြီး ခါးဆန့်၍ နဖူးမှချွေးတို့ကို သုတ်နေ၏။

ဦးမြင့်နွယ်က မျက်နှာကို ချိုပြုံးစွာထားပြီး တောင်းပန်သောလေသံဖြင့် ဆိုသည်။

" နှောင့်ယှက်တယ် မထင်ပါနဲ့ဗျာ၊ ကျွန်တော် ကူညီပါရစေ၊ နောင်ကြီးက ကားပေါ်တက်ပြီး စက်နှိုးပါ၊ လီဗာတော့ မမြှင့်ပါနဲ့ "

ဒရိုင်ဘာက ဦးမြင့်နွယ်၏အသွင်ကို အကဲခတ်ဟန် ခေတ္တကြည့်၏။ ထို့နောက် ဘာမျှ ပြန်မပြောဘဲ ကားပေါ်တက်၍ စက်နှိုးပေးသည်။

မှန်မှန်လေး လည်နေသော စက်သံကို ဦးမြင့်နွယ်က ဂရုစိုက်၍ နားထောင်ကြည့်သည်။

သမားရိုးကျ စက်သံကြားတွင် ဖျပ်ဖျပ် . . . တပ်တပ်နှင့် အသံပိုလေးတခု ဝင်ဖောက်နေသည်။

ဦးမြင့်နွယ်က လှမ်းပြောသည်။

" လီဗာမြှင့်ပေးပါ "

လီဗာမြှင့်လိုက်သည်နှင့် တစ်ပြိုင်နက် ကားသည် ဆတ်ဆတ်ခါသွားသည်။ အိတ်ဇောပိုက်မှ မော်တော်ဆိုင်ကယ် မြည်သံမျိုး ထွက်လာ၏။

ဦးမြင့်နွယ်က လက်ပြသဖြင့် ဒရိုင်ဘာက လီဗာကိုလျှော့၍ စက်ကိုပါ သတ်လိုက်၏။

ဦးမြင့်နွယ်က ဒစ်စတြီဗျူတာနှင့် ပလပ်ဂ်များကို ဆက်သွယ်သော ဝိုင်ယာကြိုးများ စစ်ဆေးကြည့်၏။ အားလုံး ကောင်းနေသည်။ ချောင်နေ၊ လွတ်နေ၊ ပြတ်နေသည်တို့ မရှိ။

ဦးမြင့်နွယ်က သက်ပြင်းရှိုက်လိုက်သည်။ ထင်သည့်အတိုင်း မှန်နေပြီ။

ဒရိုင်ဘာက ဆင်းလာပြီး မေး၏။

" ဘာတွေ့လဲဗျို့ "

" မီးခုန်ကူးနေတယ်၊ ဝိုင်ယာတွေကလဲ ဘာမှမဖြစ်တော့ အင်း . . . ဒုက္ခပဲ၊ ခင်ဗျား ဒစ်စတြီဗျူတာအဖုံး ကွဲနေပြီ"

“ ဗျာ . . . သေချာရဲ့လား ”

“ ခင်ဗျား ဖြုတ်ကြည့်လေ ”

ဒရိုင်ဘာသည် ညှပ်ကလစ်များကို ခွာကာ ကက်ပ်ဖုံးကိုဖြုတ်၏။ တစ်ဖန် ကွိုင်ဝါယာနှင့် စပတ်က်ဝါယာကြိုးများကို ဆွဲနုတ်လိုက်ပြီး ကက်ပ်ဖုံးကို စစ်ဆေးသည်။

မစ်ဆူဘီရှီ ကုမ္ပဏီလုပ် ကက်ပ်ဖုံးသည် သပ်သပ်ရပ်ရပ် ပြောင်ပြောင်လက်လက်ဖြင့် သာမန်အားဖြင့်ကြည့်သော် ဘာမှ အပြစ်မရှိသည့် သဏ္ဌာန်ပေါ်နေသည်။

ဦးမြင့်နွယ်က ဒရိုင်ဘာ၏လက်တွင်းမှ ကက်ပ်ဖုံးကို လှမ်းယူလိုက်သည်။ လက်ကိုင်ပဝါဖြင့် ကက်ပ်ဖုံး၏ အတွင်းအပြင်ကို ချေးစင်အောင် သုတ်လိုက်ပြီး နေရောင်တွင် ထောင်ကြည့်၏။

အပြစ်အနာကို အတွင်းပိုင်း၌ တွေ့သည်။ ပလပ်ဂ်များ ဆက်သည့် ငုတ်တိုင်လေးခုအနက် နှစ်ခု၏အကြား နံရံထောင့်ချိုး အစပ်တစ်လျှောက်တွင် အလွန်ကြည့်မှ မြင်နိုင်ရုံ အက်ကြောင်းရေးရေးကို တွေ့ရ၏။

ဦးမြင့်နွယ်က အက်ကြောင်းကို ဒရိုင်ဘာအား ပြ၏။

သေချာသွားသော ဒရိုင်ဘာသည် သက်ပြင်းရှိုက်ပြီး ခေါင်းကုတ်၏။

“ အဲဒါမှ ဒုက္ခပဲ ”

“ ခင်ဗျားမှာ ကက်ပ်ဖုံးအပို မပါဘူးလား ”

“ မပါဘူးခင်ဗျ ”

ကားနောက်ခန်း ပြတင်းပေါက်မှ မွန်မွန်၏ခေါင်းကလေး ပြူလာ၏။

“ ဘာဖြစ်လို့တဲ့လဲ ဦးသိန်းရွှေ ”

“ ဒစ်စတြီဗျူတာကက်ပ် ကွဲလို့ ”

မွန်မွန်သည် နားလည်ပုံမရ၊ သာမန်လေအေးဖြင့် “နည်းနည်းပါးပါး ပြင်လိုက်လို့မရဘူးလား ”ဟု မေးသည်။

ဒရိုင်ဘာက မဖြေ။ ဦးမြင့်နွယ်ကသာ လမ်းဘေးတစ်ဖက်တစ်ချက်ဆီ မျက်လုံးကစား၍ ရှာကြည့်သည်။

ဝပ်ရှော့ကြီးကြီးမားမားဟူ၍ မတွေ့။ လေဖြည့်လေချိန် ဆိုင်တစ်ဆိုင်ကိုသာ တွေ့သည်။

“ ကဲ . . . လိုက်ခဲ့ဗျာ၊ စုံစမ်းကြည့်ရအောင် ”

ဦးမြင့်နွယ်က ရှေ့ဆောင်သွားရာ ဒရိုင်ဘာသည် နောက်က လိုက်လာ၏။

ကံအားလျော်စွာပင် ဆိုင်၌ ဦးမြင့်နွယ်လိုချင်သော ဟန်းဒရေလ်ခေါ် လက်လှည့်စူးကို ငှားရ၏။

ဒရိုင်ဘာ၏ အကူအညီဖြင့် ဦးမြင့်နွယ်သည် ကက်ပ်ဖုံးအက်ကြောင်း၏ ခါးလယ်မှဖြတ်ကာ အပေါက်ကလေးတစ်ခုကို စိတ်ရှည်စွာ ဖောက်၏။

“ ဟား . . . ဟား . . . ဘာလုပ်နေလဲ အောက်မေ့တယ်၊ အရေးပေါ်နည်းနဲ့ အဟဲ . . . စက်ဖြတ်နေတာကိုး ”

ဦးတုတ်ဝင်း၏အသံ ဖြစ်၏။

“ ဟုတ်တယ်ဗျို့၊ ဒီနေရာမှာ ဒီနည်းပဲ ရှိတော့တာ ”

“ ခင်ဗျား အက်ကြောင်းတွေပါ ပိတ်အောင် ချိပ်ဘယ်က ရမလဲ ”

ဦးမြင့်နွယ်က ကက်ပ်ဖုံးမှ အမှုန်အစတို့ကို ပါးစပ်ဖြင့် မှုတ်ထုတ်ပြီး ဖြေ၏။

“ ချိပ်ထက်ကောင်းတဲ့ ကင်မီကယ်လ် ရှိတယ် ”

“ အလို . . . ခင်ဗျားမှာ ပါလာလို့လား ”

“ ကျွန်တော့်ဆီတော့ ပါမလာဘူး၊ အဲ . . . မွန်မွန့်ဆီတော့ ပါလာလိမ့်မယ် ထင်တယ် ”

“ ဗျာရယ် . . . မွန်မွန် ဟုတ်လား ”

“ ခင်ဗျား လှမ်းမမြင်ဘူးလား ”

“ ဟင့်အင်း ကျွန်တော်က မျက်မှန်ချွတ်ထားတာ၊ ဒါထက် မွန်မွန့်ဆီ ဘာပါလာလို့လဲ ”

ဦးမြင့်နွယ်က “ထင်တာပြောတာပါ”ဟု ဖြေပြီး ဒရိုင်ဘာဘက် လှည့်မေး၏။

“ ဒါထက် မွန်မွန် လက်သည်းနီ ဆိုးသလား ”

“ ဟာ . . . ဆိုးတာပေါ့ ”

“ ဒါဖြင့် အတော်ပဲ၊ ကဲ . . . လာ . . . သွားကြမယ် ”

ဦးမြင့်နွယ်နှင့် ဒရိုင်ဘာက ကားဖြူဆီ ပြန်လျှောက်လာကြသည်။ ဘာကြောင့်မသိ၊ ဦးတုတ်ဝင်းက လိုက်မလာဘဲ လက်ဖက်ရည်ဆိုင်သို့ ပြန်သွားသည်။

သူတို့ချဉ်းကပ်လာသည်ကို ကားပြတင်းမှနေ၍ မွန်မွန်က လှမ်းကြည့်နေသည်။ လှပနုဝင်းသော မျက်နှာလေးက စိုးရိမ်ကြောင့်ကြမှုများကို ဖော်ပြနေသည်။

" ရလား . . . ဟင် . . . ဦးသိန်းရွှေ ရလား "

" အတပ်တော့ မပြောနိုင်ဘူးလေ၊ စမ်းကြည့်ရမှာပဲ၊ အဲ . . . နောင်ကြီး ခုနင်က ဘာလိုချင်တယ် . . . ဆို . . . "

ဦးမြင့်နွယ်က မွန်မွန့်ကို ပြုံးကြည့်ပြီး မေး၏။

" အဲ . . . ကလေး၊ မင်းမှာ လက်သည်းနီဆိုးဆေး ပါလား "

" ရှင် "

" လက်သည်းနီဆိုးဆေး . . . မက်စ်ဖက်တာဖြစ်ဖြစ်၊ ကိုတီဖြစ်ဖြစ်၊ ရယ်ဗလွန်ဖြစ်ဖြစ်၊ အဲ . . . မဥ္စူဖြစ်ဖြစ် "

" ဘာ . . . ဘာလုပ်မလို့လဲ "

" မင်းမော်တော်ကားကို ဆေးကုပေးမလို့ပါ "

မွန်မွန်သည် မယုံနိုင်ဟန်ဖြင့် ဦးမြင့်နွယ်ကို တစ်လှည့်၊ ဒရိုင်ဘာကို တစ်လှည့် ကြည့်နေသေးသည်။ ပြီးမှ လက်ပွေ့အိတ်ဖြူလေးကိုဖွင့်၍ ကိုတီအမျိုးအစား လက်သည်းနီဆိုးဆေးပုလင်းလေးကို ထုတ်ပေး၏။

ကက်ပ်ဖုံးရှိအရာများကို ဖုံးအောင် လက်သည်းနီဆိုးဆေးဖြင့် ဦးမြင့်နွယ်သည် ချောချောညီညီ လိုက်သုတ်၏။

ပုလင်းကို ပြန်ပေးပြီး ကက်ပ်ဖုံးရှိ ဆေးခြောက်ရန် စောင့်နေခိုက် မွန်မွန်က မေးသည်။

" အဲဒီလိုလုပ်လိုက်ရင် ဘာမှမဖြစ်တော့ဘူးလား "

" ကားကို ဆက်မောင်းသွားလို့ ရပါပြီ "

" လမ်းတောင်တွေကြားထဲ ပြန်ပျက်သွားရင် ဘယ့်နှယ်လုပ်မလဲ "

" မပျက်ပါဘူးကွယ် စိတ်ချပါ "

" ဒါပေမယ့် . . . "

မွန်မွန်၏ စကားသံ ရပ်သွားသည်။

ဦးမြင့်နွယ်က မွန်မွန့်ကို မျက်လွှာပင့်ပြီး စိုက်ကြည့်၏။

စိတ်ပညာဆရာ၏ မျက်လုံးများမှ သိသည်။

မွန်မွန်၏ မျက်နှာလေးတွင် စိုးရိမ်မှုသည် အဆမတန် လွှမ်းကဲနေသည်။ စကားမဆက်သော်လည်း နှုတ်ခမ်းလေးတွေက တုန်ယင်နေသည်။ မျက်ရည် မဝဲတဝဲရှိနေသော မျက်လုံးလေးများကလည်း အလွန်အမင်း အားငယ်မှုကို ဖော်ပြနေကြ၏။

" ပြောလေ ဒါပေမယ့် ဘာဖြစ်သလဲ "

မွန်မွန်က မဖြေ။ အပေါ်နှုတ်ခမ်းလေးကို အောက်သွားဖြင့်ကိုက်ကာ ပါးစပ်စေ့ထားပြီး ခေါင်းခါပြ၏။ မျက်လုံးများမှ မျက်ရည်များက ကျလုလုဖြစ်နေ၏။

ဦးမြင့်နွယ်၏ရင်မှာ ပညာနှင့်ယှဉ်သော သတိဝင်လာ၏။ ကရုဏာ စေတသိက်လည်း လွှမ်းလာ၏။

ဦးမြင့်နွယ်သည် မွန်မွန်၏မျက်နှာလေးကို အတန်ကြာ ငေးစိုက်ကြည့်နေမိသည်။

ဖြူဖြူနှင့် ဝင်းသော အသားလေးထက် နက်မှောင်သော မျက်ခုံးလေးများက ထင်းထင်းပေါ်လွင်နေသည်။ မျက်ခုံးစပ်အသားလေးများက မြမြစိမ်းစိမ်းလေး စိုနေသည်။ အနီးကပ်မို့ ပါးပြင်နုနုမှ မွေးညင်းရှိမ်းရှိမ်းလေးတွေကို လည်းကောင်း၊ အကြောစိမ်းစိမ်းလေးတွေကို လည်းကောင်း လန်းလန်းလတ်လတ် တွေ့နေရသည်။

တည်ငြိမ်သော ဦးမြင့်နွယ်၏ရင်မှာ ရုတ်တရက် ဒိတ်ကနဲ ခုန်သွား၏။ တစ်စုံတစ်ရာ . . . တစ်စုံတစ်ရာ . . . ဘာလဲ ဒီတစ်စုံတစ်ရာဟာ . . .

ဦးမြင့်နွယ်သည် ကိုယ်ကိုမတ်လိုက်၏။

မျက်နှာကိုရော အသံကိုပါ အချိုသာဆုံးထားပြီး ပြော၏။

" လမ်းမှာ တစ်ခုခု ထပ်ဖြစ်မှာ မင်းသိပ်စိုးရိမ်သလား၊ ဟုတ်လားကွယ့် "

မွန်မွန်က နှုတ်ဖြင့်မဖြေဘဲ ခေါင်းသာညိတ်ပြ၏။

" အင်းလေ မင်းစိုးရိမ်တာလည်း မလွန်ပါဘူး၊ လုပ်ထားတာကလည်း ခတ်မသိရင်သ် ကလေးကစားသလိုပဲ၊ ကဲ . . . စိတ်ချရတဲ့နည်း လုပ်ပေးလိုက်မယ် "

ဦးမြင့်နွယ်သည် မိမိ၏ ကားဆီသို့ ခြေလှမ်းကျဲများဖြင့် လျှောက်လာခဲ့သည်။

ကားရှေ့ဖုံးကို ဖွင့်ပြီး မိမိ၏ ဒစ်စတြီဗျူတာကက်ပ်ဖုံးကို ဖြုတ်ယူသည်။

ဦးညိုလဲ့နှင့် ဦးတုတ်ဝင်းတို့က နားမလည်ဟန်ဖြင့် မျက်လုံးပြူးကြည့်နေကြ၏။

မွန်မွန်ကို ဘာမျှမပြောတော့ဘဲ မိမိကားမှ ဒစ်စတြီဗျူတာကက်ပ်ကို မွန်မွန်၏ကားတွင် တပ်ပေး၏။

" ကဲ . . . ဆရာ စက်နှိုးကြည့်ပါ "

ဦးမြင့်နွယ် ပြောသောအခါ ဒရိုင်ဘာသည် ကားပေါ်တက်၍ စက်နှိုးသည်။

ကားစက်သည် ညက်ညောမှန်ကန်စွာ လည်၏။ စောစောက ကြားရသော ဖျပ်ဖျပ်တပ်တပ်အသံလည်း မရှိတော့။ လီဗာမြှင့်သောအခါတွင်လည်း ကားသည် မတုန်ခါတော့။ မော်တော်ဆိုင်ကယ်သံလည်း မထွက်ပြီ။

ဒရိုင်ဘာက ရွှင်ပြုံးစွာဖြင့် . . .

" ကောင်းသွားပြီ ခင်ဗျ "ဟု ဆိုသည်။

မွန်မွန်၏ မျက်နှာလေးမှာလည်း ကြည်လင်သွားပြီး ဦးမြင့်နွယ်ကို လှမ်းမေးသည်။

" ကောင်းသွားပြီ၊ ဘယ်လိုလုပ်လိုက်တာလဲဟင် "

ဦးမြင့်နွယ်က ဘောင်းဘီအိတ်တွင်းမှ စောစောက ဖာထေးပြင်ဆင်ထားသော ကက်ပ်ဖုံးကိုပြ၏။

" လမ်းမှာ မင်းစိတ်မပူရဘဲ သွားရအောင် ဟောဒီအပျက်ကို ယူထားလိုက်တယ်၊ ဟိုကားထဲက အကောင်းကို ဒီမှာ လဲတပ်ပေးလိုက်တယ် "

" အဲဒီလို တပ်လို့ရတယ်နော် "

" ရပါတယ်၊ ကားအမျိုးချင်းကလည်း တူတယ်၊ ကက်ပ်ဖုံးကလည်း မစ်ဆူဘီရှီက လုပ်တာ အတူတူပဲ "

" ဒါပေမယ့် . . . ဟို . . . ဟို . . . အန် . . . အန်ကယ် . . . ကားကို ဘယ်လိုလုပ်မောင်းမလဲ "

ဦးမြင့်နွယ်က ပြုံးမိသည်။ အန်ကယ်ဟု ခေါ်လိုက်သံကို သတိပြုမိသောကြောင့်ဖြစ်၏။

" အန်ကယ့်အတွက် ပူလို့လား၊ မပူပါနဲ့ကွယ်၊ ဒီပြင်ထားတဲ့ အဖုံးကို သုံးလို့ရပါတယ်၊ ပြီးတော့ အန်ကယ်က ကားပျက်တာ ပြင်တတ်ပါတယ် "

" အန်ကယ်က အင်ဂျင်နီယာလား "

" အင်ဂျင်နီယာတော့ မဟုတ်ပါဘူး "

မွန်မွန်သည် ဦးမြင့်နွယ် ဝတ်ဆင်ထားပုံကို အကဲခတ်ဟန် ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်ပြီး မေးပြန်၏။

" ဒါဖြင့် ဝပ်ရှော့က မက္ကင်းနစ်လား "

ဦးမြင့်နွယ်သည် ရုတ်တရက် မဖြေသဖြင့် မွန်မွန်က အားနာဟန်ဖြင့် ပြုံးပြီး တောင်းပန်သောလေသံဖြင့် ဆို၏။

" မွန်မွန်မေးတာ မှားသွားပြီထင်တယ် "

ထိုအခါကျမှ ဦးမြင့်နွယ်လည်း ပြုံး၏။

" မမှားပါဘူး ကလေးရယ်၊ ဟုတ်ပါတယ်၊ အန်ကယ်က ဝပ်ရှော့က မက္ကင်းနစ်တစ်ဦးပါ "

" အန်ကယ့်ဝပ်ရှော့က ဘယ်မှာလဲ၊ မန္တလေးမှာလား "

" ဟုတ်ပါတယ်၊ ဇောမိကုန်းနားမှာ စိတ္တသုခ ဝပ်ရှော့တဲ့၊ ကဲ . . . အန်ကယ်လဲ ပြင်ဦးလွင်ကို အချိန်မီ တက်စရာ ရှိသေးတယ်၊ သွားမယ် . . . အဲ . . . မွန်မွန် "

ဦးမြင့်နွယ်သည် မွန်မွန်ထံမှ စကားကို ဆက်မစောင့်တော့ဘဲ မိမိ၏ ကားဆီသို့ ပြန်လာခဲ့၏။

ကားဆီပြန်ရောက်မှ တစ်ချက် လှည့်ကြည့်မိသည်။

မွန်မွန်၏ ကားဖြူလေးက မန္တလေးဘက် ဦးတည်ကာ ထွက်စပြုပြီ။

ကားနောက်ခန်း ပြတင်းမှ ခေါင်းလေးကိုထုတ်ကာ မွန်မွန်က သူ့ကို လက်ပြနှုတ်ဆက်သည်။

သည့်တော့ သူကလည်း မနေနိုင်၊ ပြန်လက်ပြ နှုတ်ဆက်မိသည်။ အလို . . . အင်း . . . စိတ်တွင်းက ဘာလိုလို၊ ဝမ်းနည်းသလိုလို၊ လွမ်းသလိုလို။

ချောင်းဟန့်သံပေးပြီး ဦးတုတ်ဝင်းတို့ ကပ်လာ၏။

ဦးမြင့်နွယ်က သူအရေးပေါ် ကုသထားသော ကက်ပ်ဖုံးလေးကို မိမိ၏ကား၌ တပ်၏။

ဦးတုတ်ဝင်းက ချောင်းတစ်ချက် ထပ်ဟန့်ပြီး ဆို၏။

" ခင်ဗျား အလုပ်များနေတာကိုကြည့်ပြီး ကိုညိုလဲ့ကို ပြောနေရသေးတယ် "

" ဘာတွေများ ပြောနေရသလဲ "

" ဩော် . . . ပြည်လှဖေ သက်ဝေသီချင်းမှာ ဆိုထားတဲ့စကားကို ပြင်ချင်တယ်လို့ "

" ဘယ်လိုများ ပြင်ချင်လို့လဲ "

" ဆေးဖက်ဝင်ပါသလား၊ မောင့်အသွေးတွေ၊ မောင့်အသားတွေ၊ မောင့်နှလုံးသားတွေ၊ ဟိုက ဒီလိုဆိုတယ်၊ ခုတော့ အဟင်း . . . စက်အသက်ဝင်စေသား၊ မောင့်ချွေးတွေ၊ မောင့်ဖွဲတွေ၊ မောင့်ကက်ပ်ဖုံးတွေ အသုံးပြုပါလေ၊ လိုရာယူစေ ကြည်ဖြူပါတယ် မေ "

ဦးမြင့်နွယ်က သဘောကျစွာ ရယ်မော၏။

" မောင်တွေဘာတွေ လုပ်မနေနဲ့၊ ဟိုက ဘယ်လိုခေါ်သွားတယ် မှတ်သလဲ "

" ဘယ်လိုတဲ့လဲ "

" အန်ကယ်တဲ့ "

" အမယ်လေး သေရောဗျာ "

" ကဲ . . . ကိုယ်ချင်းစာပြီး စိတ်ချောက်ချားမနေနဲ့၊ ကိုးကျင်းမီအောင် သုတ်ကြစို့၊ ခင်ဗျား မောင်းဗျာ၊ ကျွန်တော် နားဦးမယ် "

ပြင်ဦးလွင်ဘက် ဆက်အတက်တွင် ဦးတုတ်ဝင်းက ကားကို မောင်းသည်။ ဦးမြင့်နွယ်က ဘေးမှထိုင်လိုက်သည်။

ကားနောက်ခန်းမှ ဦးညိုလဲ့က လှမ်းပြောသည်။

" ဒါထက် စစ်မဖြစ်ခင် ခင်ဗျားတို့ ကျွန်တော်တို့ ငယ်ငယ်က ကြည့်ရတဲ့ လွမ်းပိုအောင်ဆိုတဲ့ ဇာတ်ကားကို မှတ်မိ ကြသေးသလား "

ဦးမြင့်နွယ်က မဖြေ။ ဦးတုတ်ဝင်းက . . .

" ဘာလဲ ဟို . . . ဘမြင့်နဲ့ မေမြတို့ တွဲတဲ့ကား မဟုတ်လား၊ မှတ်မိတယ် "ဟု ဆို၏။

" အဲဒီတုန်းက မေမြက ရုပ်ရှင်ထဲ ဝင်စ၊ အရွယ်က ခုနင်က ဘယ်သူ အဲ . . . မွန်မွန်တို့အရွယ်၊ ဆယ်ကျော်နှစ်၊ ဘောင်းဘီတို၊ ရှပ်အင်္ကျီ လက်တိုလေးနဲ့၊ စက်ဘီးစီးတာ ခုတောင် မျက်စိထဲ မြင်ယောင်နေသေးတာပဲ "

" မွန်မွန်က စက်ဘီးမစီးပါဘူး၊ စီးလဲ စီးနိုင်ရှာမှာ မဟုတ်ပါဘူး၊ ဟုတ်တယ် မဟုတ်လား ကိုမြင့်နွယ် "

ဦးမြင့်နွယ်က ဘာမျှမဖြေ။ ဦးညိုလဲ့ကသာ သူ့စကားကို ဆက်၏။

" ကျွန်တော်ကလည်း မွန်မွန် စက်ဘီးစီးတယ်လို့ မပြောပါဘူး၊ ပြောချင်တာက ဘမြင့်နဲ့ မေမြတို့ တွေ့ကြတာ ကားပြင်ပေးတာက အစလေ "

" အာ . . . အစစ်ပဲ၊ အဲဒီတုန်းက ဘမြင့်ကလည်း ကိုမြင့်နွယ်တို့အရွယ်၊ အင်း . . . ရုပ်ချင်းကလည်း ဆင်သဗျို့"

ဦးမြင့်နွယ်ကလည်း လွမ်းပိုအောင် ဇာတ်ကားကို ကြည့်ဖူးသည်။ နာမည်နှင့်လိုက်အောင် လွမ်းဖွယ်ကောင်းသော ဇာတ်လမ်းတစ်ခုမှန်းလည်း မှတ်မိသည်။ သို့ရာတွင် ဇာတ်ကားဟူသည် ဇာတ်ကားသာတည်း။ အစမှာ ဘာတွေဖြစ်ဖြစ်၊ အပြီးသတ်ကျတော့ ပေါင်းကြရသည်။ ပျော်ရွှင်စွာ ပေါင်းကြရသည်။

ဦးမြင့်နွယ်က ရှေ့ဆီသို့ လှမ်းကြည့်သည်။

ရှမ်းရိုးမတွင်းကို အတန်ဝင်မိပြီမို့ တောင်တို့က မြင့်လာသည်။ တောတို့က ထူလာသည်။

ထိုစဉ်တုန်းကတော့ မြေပြန့်မှာပါ။ ရှုလေတိုင်း ပြန့်ပြောသည့် မြေပြန့်မှာပါ။ ရခိုင်ရိုးမဆိုသည်က အဝေးမှာ၊ ဟိုအဝေးမှာ။

သူကတော့ ဆယ်ကျော်သက်၊ စောစောက တွေ့ခဲ့ရသော ကလေးမလို ဆယ်ကျော်သက်။ ကလေးမလိုပင် မျက်ခုံး နက်နက်နှင့် ဖြူဖြူဝင်းသော အသားလေးတို့ ထိစပ်ရာမှ စိမ်းစိမ်းမြမြနှင့် လန်းလန်းလတ်လတ်နှင့်။

ကိုယ်ကတော့ ကားပြင်သည့် ကောင်ကလေးပါ။

ဘဝကို ဖြစ်သလို ရုန်းကန်နေရသည့် ကောင်လေးတစ်ကောင်ပါ။

( ၁ )

နတ်တော်လ နံနက်ခင်းမို့ နှင်းတို့ ပိတ်ကာဖုံးနေသည်။ ဘယ်ကို ကြည့်လိုက်ကြည့်လိုက် ဖွေးဖွေးဖြူသော နှင်းထုသည် မြေမှာ ကပ်ဝပ်နေသော တိမ်တိုက်ဖြူအလား တစ်ခဲနက် ပိတ်ကာဖုံးနေသည်။

တာဝတိံသာလမ်းရှိ အိမ်ကုပ်ကလေး၏ မြေပြင်ညီ မီးဖိုဘေးတွင် မြင့်နွယ်သည် အလုပ်များနေ၏။

အုတ်ခဲသုံးခု အနှောင့်ပြုထားသည့် မီးဖိုထက်ရှိ မြေကရားအနက်၏ နှုတ်သီးဝမှ ရေနွေးငွေ့ဖြူဖြူတို့ တိုးထွက်နေ၏။

ဒယ်အိုးတွင် ထမင်းကြမ်းခဲထည့်ပြီး မြင့်နွယ်က ခြေသည်။ ထမင်းကြမ်းခဲ ကြေသွားသောအခါ ပန်းကန်စောက် ကလေးအတွင်းမှ ပဲပြုတ်ကို ထမင်းကြမ်းပေါ် လောင်းထည့်သည်။ ပြောင်းဖူးဖက်လိပ်ကို အဆို့ပြုထားသည့် ဆော်ဒါပုလင်းဖြူ

ဟောင်းအတွင်းမှ ဆီအနည်းငယ်ကိုလည်း ဝေ့ပြီး လောင်းသည်။ နှုတ်ခမ်းပဲ့နေသော စဉ့်သုတ်အိုး ပုပုဖိုင့်ဖိုင့်လေးတွင်းမှ ဆားအနည်းငယ်ကိုလည်း ကောက်ယူပြီး ဖြူးသည်။ နောက်ဆုံးအဖြစ်နှင့်တော့ စီးကရက် သံဘူးဟောင်းတွင်းမှ နနွင်းမှုန့်ကို လက်မနှင့် လက်ညှိုးကြား ပါလေရုံ ညှိုက်ကာ ဖြူးပြန်၏။

မြင့်နွယ်သည် ရေနွေးကရားကိုချပြီး ဒယ်အိုးကို မီးဖိုပေါ် တင်သည်။ အားလုံးသမသွားအောင် ယောက်မဖြင့် လှန်၍ မွှေမွှေပေး၏။ ညာလက်က ပေနေသောကြောင့် ဘယ်လက်နှင့်မွှေရာ၊ ထမင်းစေ့အချို့ ဒယ်အိုးနှုတ်ခမ်းကိုကျော်ပြီး မီးဖိုဘေး ပြာပေါ် ကျကုန်၏။

မြင့်နွယ်က လက်ထဆေးသည်။ စောစောစီးစီး ရေကိုင်ရသည်က လက်အကျဉ်သား။

မြင့်နွယ်သည် တလက်စတည်း လက်ဖက်ကရားနှင့် ပန်းကန်များကို ဆေးသည်။ ပြီးတော့မှ အကြမ်းကရားတွင်း လက်ဖက်ခြောက်ထည့်ပြီး ရေနွေးလောင်းသည်။

ဒယ်အိုးတွင်း ထမင်းများဆီမှ တဖောက်ဖောက်မြည်သံများ ပေါ်လာ၏။

မြင့်နွယ်သည် ယောက်မဖြင့် ခပ်သွက်သွက် မွှေပေးလိုက်၏။

လက်များ၌ ရေက မခြောက်တခြောက် ရှိနေသေးသည်။ အနီးရှိ လက်သိုးကလည်း ညစ်ပေနေ၏။ မြင့်နွယ်သည် လက်နှစ်ဖက်ကို ပုဆိုး၌ပွတ်သုတ်ပြီး အိမ်၏ ကြမ်းမြင့်အဆင့်ပေါ် တက်လာခဲ့၏။

ထင်းရှူးသေတ္တာပျဉ်ကို ပြုပြင်၍လုပ်ထားသော စားပွဲပေါ်မှ စာအုပ်တစ်အုပ်ကို ဆွဲယူပြီး မီးဖိုဆီ ပြန်ဆင်းလာခဲ့၏။

တဖောက်ဖောက်မြည်နေသာ ထမင်းတို့ကို မွှေလိုက်ပြန်သည်။ မွှေအပြီး၌ လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ငှဲ့သောက်၏။ လက်ဖက်ရည်ကြမ်းခွက်ကို ပြန်ချပြီး စာအုပ်ကိုဖွင့်သည်။

စာအုပ်မှာ အေ ဂါးလင်းဒ် အော့ဖ် ပိုအမ်စ်ခေါ် ကျောင်းသုံး အင်္ဂလိပ်ကဗျာစာအုပ်ဖြစ်သည်။ ကဗျာ့ပန်းကုံးဟု အဓိပ္ပါယ်ရသည်။

စာသားလေးတွင် မှတ်စုလေးတွေတို့ထားသော ကဗျာလေးတစ်ပိုဒ်ကို မြင့်နွယ် ဖတ်၏။ ကဗျာမှာ ဂျွန်ကိ(တ်) ရေးသည့် လာဘတ်လီ ဒိမ်းဆမ်မာစီ ဖြစ်၏။ ကရုဏာ ကင်းမဲ့သူ လှယမင်းဟု အဓိပ္ပါယ်ရ၏။ ကဗျာသင်ပေးသော ဆရာကမူ လှသလောက် ရက်စက်သူဟု ဆီလျော်အောင် ဘာသာပြန်ပေး၏။

မြင့်နွယ်က ကဗျာ၏နာမည်လေးကို ကြိုက်သည်။ မြင့်နွယ်မှ မဟုတ်၊ မြင့်နွယ်တို့အတန်းမှ ရွယ်တူ ကျောင်းသား တိုင်းသည် ကဗျာ၏နာမည်လေးကို ကြိုက်ကြသည်။ လှသောကောင်မလေးများကို သည်နာမည်ဖြင့် စောင်းချိတ်ကြသည်။

ဂျွန်ကိ(တ်)သည် နာမည်ကျော် အင်္ဂလိပ် နှလုံးသား ကဗျာဆရာဟု ကျောင်းမှဆရာက သင်ပြသည်။ ဤကဗျာ မှာလည်း သူ၏ ထင်ရှားလှသော ကဗျာဟု ဆိုသည်။

အမှန်ကို ဝန်ခံရလျှင် ဂျွန်ကိ(တ်)၏ ကဗျာကို မြင့်နွယ်သည် ကြိုက်သင့်သမျှ ကြိုက်သော်လည်း ရှင်မဟာရဋ္ဌသာရ၏ ကဗျာများလောက်မူ မကြိုက်။ မိမိပင် ပြည့်ပြည့်ဝဝ အရသာ မခံစားတတ်၍လော၊ ဓလေ့ထုံးစံ ကွဲပြားသကဲ့သို့ ခံစားပုံ ကွဲပြား၍လော မပြောတတ်။ ဂျွန်ကိ(တ်)၏ ကဗျာသည် မိမိ၏ နှလုံးသားကို နက်နက်နဲနဲ မထိခိုက်လှ။

မြင့်နွယ်သည် ဝမ်းလည်းနည်းမိ၏။ အရှင်မဟာရဋ္ဌသာရနှင့် အရှင်တေဇောသာရတို့၏ ကဗျာများကို ကျောင်း၌ သင်မပေး။ အပြင်၌ မိမိဘာသာ လေ့လာ၍သာ သိကျွမ်းမြတ်နိုးရခြင်းဖြစ်၏။ မြန်မာပြည်မှာ ဖြစ်လျက်နှင့် ကျောင်းမှာ မြန်မာကဗျာများကို ဟုတ်တိပတ်တိ သင်မပေး။ ရှိတ်စပီးယား၊ တင်နီဆင်၊ မီလ်တန်နှင့် ဂျွန်ကိ(တ်)တို့၏ ကဗျာများကိုမူ လုံးစေ့ပတ်စေ့ သင်ပေးသည်။ အလွတ်ရအောင်လည်း ကျက်ရသည်။ ဩော် . . . မလွတ်လပ်သေးသည့် သူ့ကျွန်ဘဝ။

ထမင်းကြော်အိုးဆီမှ တဖြောက်ဖြောက်မြည်သံ ကျယ်လာပြန်၏။

မြင့်နွယ်က ထမင်းကြော်အိုးကို မွှေပြန်သည်။ မွှေအပြီးတွင် ထမင်းစေ့အချို့ကို ယောက်မနှင့်ကော်ယူပြီး ကြည့်၏။ ထမင်းစေ့လေးများမှာ အတန်ခြောက်ပြီး ကော့နေ၏။ ဝါဝါဝင်းဝင်းလည်း ရှိနေပြီ။

မြင့်နွယ်သည် ဒယ်အိုးကို မီးဖိုပေါ်မှ ချလိုက်သည်။ ထင်းစများကိုလည်း ဆွဲနုတ်ကာ မီးတောက်လေးများ ငြိမ်းအောင် ပြာနှင့် ဖုံးသတ်သည်။

ပန်းကန်စောက်တစ်ချပ်ယူလိုက်ပြီး ထမင်းကြော်ကို ထည့်သည်။ မစားသေးမီ ပန်းကန်တွင်းမှ ထမင်းကြော်ကို ဇွန်းဖြင့် တစ်ဇွန်းခပ်၍ ဒယ်အိုးတွင်း ပြန်ထည့်ကာ ဦးချ၏။ ဒါကတော့ အမေ့အတွက်။ နောက်တစ်ဇွန်းခပ်၍ ဦးချပြန်၏။ ဒါကတော့ အင်း . . . ကိုအောင်ဘအတွက်။

မြင့်နွယ်သည် ထမင်းကြော်ကို စစားသည်။ တစ်လုပ်စားလိုက်၊ လက်ဖက်ရည်ကြမ်း တစ်ကျိုက်မော့လိုက်၊ စာကျက်လိုက်။

စာကျက်ရင်း စိတ်သည် နိုင်ငံရေးဆီ ရောက်သွားပြန်၏။

မလွတ်လပ်သေးတော့ သူ့ကျွန်ဘဝ၊ သည်တော့ ပညာရေးကလည်း ကျွန်ပညာရေး။ ပြီးခဲ့သော စက်တင်ဘာလအတွင်းက အထွေထွေသပိတ်ကြီး မှောက်ကြ၏။ ဘုရင်ခံ ဆာဒေါ်မန်စမစ် ဘိလပ်သို့ ပြန်ပြေးရသည်။ သူ့နေရာကို ဆာဟူးဘတ်ရန့်စ် ဆိုသူ ရောက်လာသည်။ ဗိုလ်ချုပ်အောင်ဆန်းကို အစိုးရဖွဲ့ခွင့် ပြုလိုက်ရသည်။ ယခု လွတ်လပ်ရေးအတွက် ဆွေးနွေးရန် ဗိုလ်ချုပ်အောင်ဆန်းကို လန်ဒန်မြို့သို့ နန်းရင်းဝန်ကြီး အက်တလီက ဖိတ်ခေါ်ထားသည် ဆို၏။

လွတ်လပ်ရေးကို အနုနည်းနှင့်ရရ၊ အကြမ်းနည်းနှင့်ရရ မရရအောင် ယူပေးမည်ဟု ဗိုလ်ချုပ်အောင်ဆန်းက ကတိပြုထားသည်။ လွတ်လပ်ရေးရလျှင် ကျွန်ပညာရေးသည် ရှိတော့မည်မဟုတ်။

မြင့်နွယ် အတွေးကောင်းနေခိုက် အိမ်ရှေ့မှ ခေါ်သံပေါ်လာသည်။ မိန်းမသံ ဖြစ်၏။

" ကိုအောင်ဘ . . . အေ . . . ကိုအောင်ဘ မထသေးဘူးလား "

မြင့်နွယ်သည် ထမင်းကြော်ပန်းကန်လေးကို ချပြီး လျင်မြန်စွာ ပြေးထွက်လာခဲ့၏။

" ဩော် . . . ဒေါ်ခင်မေ "

" နင့်ပထွေး မနိုးသေးဘူးလား "

" မနိုးသေးဘူး "

" ထုံးစံအတိုင်းပဲ ညက များတာပဲမဟုတ်လား၊ နင့်အမေကော "

" အမေလည်း ညက တစ်ညလုံး ချောင်းဆိုးလို့ "

" ကဲ . . . ဒါဖြင့် နင့်ပထွေး နင်နှိုးပေး၊ ကိုသက်က ခေါ်ခိုင်းလိုက်တယ် "

" အရေးကြီးလို့လား၊ ကိုအောင်ဘက သူ့ကိုနှိုးရင် ကြိုက်တာမဟုတ်ဘူး "

" အရေးကြီးလို့ ငါကိုယ်တိုင် လာခေါ်တာပေါ့ဟဲ့၊ အေး . . . မနှိုးရဲလည်း နင်လိုက်ခဲ့၊ ကိုသက်က မှာလိုက်တယ်၊ အောင်ဘ နှိုးမရရင် မြင့်နွယ် ခေါ်ခဲ့တဲ့ "

" ဟုတ်ကဲ့၊ ကျွန်တော် လိုက်ခဲ့ပါ့မယ်၊ ခဏလေးနော် "

မြင့်နွယ်သည် မီးဖိုဆောင်တွင်း ပြန်ဝင်ပြီး ထမင်းကြော်ကို သုံးလေးဇွန်း ဆက်တိုက်ဆင့် မျိုချ၏။ လက်ဖက်ရည်ကြမ်း တစ်ခွက်ကိုလည်း ကတိုက်ကရိုက် မော့ချ၏။

ကဗျာစာအုပ်လေးကို စားပွဲပေါ်ပြန်တင်ထားခဲ့ပြီး အိမ်ပြင်ထွက်၍ ဒေါ်ခင်မေနောက်မှ လိုက်ခဲ့၏။

ဒေါ်ခင်မေ၏ ယောက်ျား ဆရာဦးဘသက်၏ မော်တော်ကား ဝပ်ရှော့က မိမိတို့နှင့် တစ်လမ်းတည်း၊ လမ်း၏ အလယ်ပိုင်းမှာ ရှိသည်။

ဝပ်ရှော့တွင် ဆရာဦးဘသက်မှာ မျက်နှာသစ်ပြီးစနှင့် တူသည်။ လက်တွင် မျက်နှာသုတ်ပဝါကို ကိုင်ထား၏။ မြင့်နွယ်ကို မြင်သောအခါ ဦးဘသက်က လှမ်းပြော၏။

" ငါထင်သားပဲ၊ အောင်ဘတော့ နိုးမှာမဟုတ်သေးဘူး၊ မြင့်နွယ်ပဲ ပါလာမှာလို့၊ ကဲ . . . မြင့်နွယ်ရေ ကားစက်နှိုးလို့ မရလို့တဲ့၊ လိုက်ကြည့်ပေးလိုက်စမ်းပါ "

ဦးဘသက်က စက်ဘီးတစ်စီးနှင့် ရပ်နေသူဘက် မေးငေါ့ညွှန်ပြ၏။

မြင့်နွယ်က အရေးပေါ် ခရီးဆောင် တူးလ်ဘောက်စ်ခေါ် ကိရိယာသေတ္တာလေးကို ဝင်ယူပြီး စက်ဘီးနှင့်လူအနီး ရပ်၏။

ထိုသူက မကျေနပ်ဟန်ဖြင့် မေးသည်။

" ဒီကလေး ထည့်ပေးလိုက်မလို့လား "

" ကျုပ်ဆီက အကူအညီတောင်းတာ မဟုတ်လား၊ ကျုပ်စိတ်ချရလို့ ထည့်ပေးတာ "

ထိုသူက စက်ဘီးကို တွန်းကာ လမ်းမသို့ ထွက်၏။

လမ်းပေါ်အရောက်တွင် စက်ဘီးဘားတန်းပေါ်၌ မြင့်နွယ်က ထိုင်သည်။ ထိုသူက စက်ဘီးကို ခွထောက်ပေးထားရာမှ စတင်နင်းသည်။

ကန်ကြီးထောင့်ဘက် ပြေးသော လမ်းမကြီးပေါ်အရောက်၌ ထိုသူက ဆိုသည်။

" ဦးဘသက်ဆိုတဲ့လူက ဘုသမားပါလား "

" ကျွန်တော်တို့ဆရာက ပြတ်တယ်၊ ဒါပေမယ့် ဒီမြို့မှာ သူ့မီတဲ့လူ တစ်ယောက်မှ မရှိဘူး "

" ဒါပေမယ့် လာခေါ်တာ ဘာလို့ သူကိုယ်တိုင် လိုက်မကြည့်ရတာလဲ "

" ဒါတော့ဗျာ လာခေါ်တိုင်း ကိုယ်တိုင် ဘယ်လိုက်နိုင်မလဲ၊ ဒီလိုပဲ တပည့် ထည့်ပေးရတာပဲ၊ နောက် . . . လိုအပ်ရင် သူကိုယ်တိုင် လိုက်ပါတယ် "

" တခြားက လာခေါ်ရင်တော့ ဟုတ်တာပေါ့၊ အခုဟာက အရေးပိုင်က ခေါ်ခိုင်းတာ "

မြင့်နွယ်၏ရင်မှာ မသိမသာ ခုန်သွားသည်။ အရေးပိုင် စင်သီယာတို့အဖေ။

မြင့်နွယ်သည် ပြုံးလည်း ပြုံးမိသွား၏။

လာခေါ်သူ၏စကားက အရေးပိုင်ကခေါ်လျှင် မည်သူမဆို ထလိုက်လာရမည့်သဘော ပါဝင်နေသည်။ လွတ်လပ်ရေး လှုပ်ရှားမှု၌ ပါဝင်နေသူ သူ့ဆရာ ဦးဘသက်ကား ဗျူရိုကရက်ဟု ခေါ်သော အရာရှိများကို ဂရုစိုက်သူမဟုတ်။

စကားပြောင်းရန် မြင့်နွယ်က မေး၏။

" ခင်ဗျားက အရေးပိုင်အိမ်ကလား "

" ဟုတ်တယ် ငါက အရေးပိုင်ကား မောင်းတယ် "

" ကားက ဘာဖြစ်လို့လဲ "

" စက်နှိုးလို့ မရတာ "

" ဟုတ်တယ်လေ မီးပတ်လမ်းကြောင့်လား၊ စက်ကြောင့်လား၊ ခင်ဗျား ဆီပျောက်မီးပျောက်လောက်တော့ နားလည် မှာပေါ့၊ နှိုက်ကြည့်ပြီးပြီ မဟုတ်လား "

" ပြီးပြီ မရလို့လာခေါ်တာပေါ့၊ ဒါထက် မင်းကော နားလည်လို့လား "

" ကြည့်သေးတာပေါ့လေ "

မြို့အရှေ့ဘက်အစွန်၌ အရာရှိများ၏ အိမ်ကြီးများ ရှိသည်။

အစွန်ဆုံးရှိ ပျဉ်အုပ်ကြွပ်မိုးနှင့် တိုက်ဝါကြီးတစ်ခု၏ ခြံတွင်းသို့ မြင့်နွယ်တို့ ရောက်လာကြသည်။

အရေးပိုင်၏ ဒရိုင်ဘာက မြင့်နွယ်ကို ဖွင့်ထားသော ကားရုံရှေ့တွင် ထားခဲ့ပြီး အိမ်ကြီးဆီသို့ ထွက်သွား၏။

တူးလ်ဘောက်စ်ကလေးကို မြေမှာချပြီးပြီးမို့ မြင့်နွယ်က ကုပ်ကုပ်လေး ရပ်နေ၏။ အင်္ကျီလက်တိုလေး တစ်ထပ်တည်းသာ ဝတ်ထားသောကြောင့် ချမ်းနေသည်။

နှင်းတွေက ကျတုန်း။ ကျတုန်းဆိုသည်ထက် မြေမှာ ဝပ်နေရာမှ ထပျံ့ဆဲ ဆိုက ပိုမှန်ပေလိမ့်မည်။ ဖြူဖြူဖွေးသော ရေငွေ့ပမာ နှင်းမြူတို့သည် ဝါးတစ်ရိုက်ခန့်ထက် ပိုမမြင်သာအောင် ဆိုင်းဆို့နေကြသည်။

သြော် . . . ခုချိန်ဆိုလျှင် စင်သီယာတစ်ယောက် အိမ်ကြီးပေါ်၌ နွေးထွေးသောစက်ရာမှာ ကွေးဆဲရှိမည်။ ကွေးပါစေ၊ ခုအနေမျိုးနှင့် စင်သီယာကို မတွေ့ချင်ပါ။ တစ်နေ့တစ်ချိန် တခြားတစ်နေရာရာမှာတော့ အင်း . . . တွေ့ချင်ပါသည်။

မြင့်နွယ်သည် အမှတ်မပြုမိမိ ဝမ်းနည်းပမ်းနည်း ပြုံးမိသွားသည်။

တစ်နေ့တစ်ချိန် တခြားတစ်နေရာရာမှာ တွေ့တော့ကော ဘာလုပ်ရမည်နည်း။ မိမိနှင့် စင်သီယာက ဘာဆိုင်၍နည်း။ ကိုရင် ဆက်ဝတ်နေလျှင် အနည်းဆုံး ဘုန်းကြီးသေးသေးလေးအဖြစ် ဒကာမသေးသေးလေးကို ဆုံတွေ့ပြီး တရားဓမ္မ ဟောကြား ဆုံးမရသေးရဲ့။ ယခုတော့ ဘာဆိုင်သနည်း။

မြင့်နွယ်သည် မိမိပေါ် စီးမိုးနေသော အိမ်ကြီးကို မော့၍ ငေးကြည့်နေမိသည်။

မြင့်နွယ် ဆုတောင်းမပြည့်။ မြင့်နွယ် ငေးကြည့်နေစဉ် အိမ်ကြီး၏ အောက်ထပ်မှ စင်သီယာ ပြေးထွက်လာသည်။ သြော် . . . ယခုက အသွင်တစ်မျိုး။

ဘောင်းဘီတို အဖြူလေးကို ဝတ်ထားသည်။ ဘောင်းဘီတိုဖြစ်၍ ဝါဝင်းသော ခြေသလုံးလေးများကို သာမက ပြည့်ဝန်းလှပသော ပေါင်တံလေးတို့ကိုပင် တစ်ပိုင်းတစ်စ မြင်ရသည်။

ခြေတွင် ခြေအိတ်ဖြူနှင့် ကင်းဗတ်စ် ဖိနပ်ဖြူတို့ကို ဝတ်ထားသည်။ ကိုယ်အထက်ပိုင်းမှာတော့ ကြက်သွေးရောင်ရဲရဲ ဆွယ်တာလက်တိုလေးကို ဝတ်ထား၏။

စင်သီယာသည် အိမ်ကြီးရှေ့ ခြံဝင်းတွင်းရှိ ကတ္တရာလမ်းပေါ်တွင် ရပ်လိုက်၏။ လက်တွင်းမှာက လက်ကိုင်တပ် ထားသော ကြိုးခွေကို ကိုင်ထား၏။

ကတ္တရာလမ်းပေါ်တွင် စင်သီယာက ကြိုးခုန်သည်။

ကြိုးပတ်က သွက်သည်။ ကြိုးခုန်က ကျင်လည်သဖြင့် ဖိနပ်ဖြူလေးများကား မြေမှကြွသည်ပင် မထင်ရ။ ညီညီညာညာ ရွေ့တိုးနောက်ငင် သွားနေကြပုံက လှသည်။ ကိုယ်လေးမှာလည်း လေမှာ ပျံနေသည့်အလား ကော့ကော့ကြော့ကြော့ရှိလှသည်။ သြော် . . . ဆွယ်တာရဲရဲလေး၏ ပခုံးဆီမှာ တငြိမ့်ငြိမ့်နှင့် လှုပ်ရှားနေသည့် ဆံပင်လေးများကပင် တင့်တယ်လှ၏။

သူ့ကို ဘေးတိုက်လေးပေး၍ ကြိုးခုန်နေရာမှ အတန်ကြာတွင် စင်သီယာက ရပ်လိုက်၏။

မြင့်နွယ်က ကားရုံတွင် ဝင်ပြေးမည်ကြံ၏။ သို့ရာတွင် နောက်ကျသွားပေပြီ။

စင်သီယာက သူ့ဘက်ကိုမှ တည့်တည့်လှည့်လိုက်သည်။

ပထမသော် စင်သီယာသည် မမျှော်လင့်သော ယောကျ်ားလေးတစ်ဦးကို တွေ့လိုက်ရသဖြင့် တုံ့ကနဲ အံ့ဩထိတ်လန့်သွားပုံရသည်။ သို့ရာတွင် ခဏဖြဲမျှ တွန့်ထားသည့် မျက်မှောင်တို့ ဆန့်သွားသည်။ ခဏ စိုက်ကြည့်နေပြီးမှ မျက်နှာလေးသည် ကြည်လင်လာ၏။

ကြိုးကို ခေါက်ခွေကာ ကိုင်လိုက်ပြီး ပေါ့ပါးစွာဖြင့် သူ့အနီးသို့ ရောက်လာ၏။

သူ့ရှေ့တွင် မခို့တရို့ ခါးလေးတစ်ဖက်ထောက်ရပ်လိုက်ပြီး ပြုံးချိုချို မျက်နှာပေးနှင့် သရော်တော်တော် နောက်တောက်တောက် ဆို၏။

“ သြော် . . . အလို ကိုယ်တော်ကိုး၊ ဆိုစမ်း ဘာကိတ်လဲ ”

မြင့်နွယ်က ပြမ်ပြရာ မြေပေါ်တွင်ချထားသော တူးလ်ဘောက်စ်ကလေးကို လက်ညှိုးထိုးပြ၏။

စင်သီယာက သူပြရာကိုကြည့်ပြီး နားမလည်ဟန်ဖြင့် မေး၏။

“ အဲဒါက ဘာလဲ ”

“ တူးလ်ဘောက်စ် ”

“ ပြန်ပြောစမ်း ”

“ တူးလ်ဘောက်စ် ”

“ အလဲ့ ဗီဗီသသ ပါလား၊ အောလ်ရိုက် . . . တူးလ်ဘောက်စ်၊ သဲန်း တဲလ်မီ၊ ဝှတ်အာရ်ယူ ဒူးအင်း ဟီးယား ”

“ ကားပြင်မလို့ ”

“ အိုး . . . မိုင်ဂေါ့ဒ် ရဲလ်လီး ”

“ ကိုယ်က ဘာလို့ညာရမှာလဲ ”

“ ဂွဒ် . . . ယူ အန်ဒါစတန်း၊ အင်းဂလစ်ရှ် ပလိစ်၊ စပိခ် . . . အင် အင်းဂလစ်ရှ် ပလိစ် ”

“ ကိုယ်တို့ မြန်မာချင်းပဲ မြန်မာလိုပဲ ပြောကြရအောင် ”

“ ဟာ . . . ဟ၊ ယူက မျိုးချစ်ပုဂ္ဂိုလ်ကြီးပေါ့ ”

“ စင်သီယာကော အမျိုးမချစ်ဘူးလား ”

စင်သီယာက မျက်နှာလေး မဲ့ပြ၏။

“ စင်သီယာက ကိုယ့်ကိုယ်ပဲ ကိုယ်ချစ်တယ်၊ ကဲ . . . ဘာပြောဦးမလဲ ”

သည်လိုဆိုပြန်တော့ သူ့မှာ ပြောစရာမရှိ။ ပြောလျှင်လည်း တရားဟောရဦးမည်။ ကိုယ့်လက်ရှိအခြေအနေက တရားဟောရမည့် အခြေအနေမဟုတ်။

သူက နှုတ်ပိတ်ပြီး ငြိမ်ငြိမ်သာ ရပ်နေ၏။

သဘောကျသွားဟန်ဖြင့် စင်သီယာက ရယ်သည်။

“ ယူ တကယ် ကားလာပြင်တာ ”

“ လာခေါ်လို့ ဝပ်ရှော့က ကိုယ့်ကိုထည့်လိုက်တာ ”

“ ယူက ဝပ်ရှော့မှာ အလုပ်လုပ်သလား ”

ခေတ္တသော် သူတွေသွား၏။ ပြီးမှ ခေါင်းညိတ်ပြ၏။

“ ယူ ကောင်းကောင်းကော ကားပြင်တတ်သလား ”

“ ကိုယ် တတ်သင့်သလောက် တတ်ပါတယ် ”

“ ယူ ဘယ်တော့ ပြင်မလဲ ”

“ လာခေါ်တဲ့လူ အိမ်ထဲဝင်သွားတယ်၊ သူ့ကို စောင့်နေတာ ”

“ ဒါဖြင့် စင်သီယာ့ကိုလည်း စောင့်နော်၊ ပြန်လာခဲ့မယ် ”

စင်သီယာသည် ပေါ့ပါးဖျတ်လတ်စွာဖြင့် အိမ်ဆီသို့ ပြေးဝင်ပျောက်ကွယ်သွား၏။

အိမ်တွင်းမှ ဒရိုင်ဘာ အရင်ထွက်လာ၏။

“ ခဏစောင့်ဦး ဝန်မင်းကိုယ်တိုင် လာလိမ့်မယ် ”

မကြာမီ အရပ်ရှည်ရှည် မဟာနဖူးနှင့် လူခန့်ခန့်တစ်ဦး ထွက်လာ၏။ သူ့နောက်ကပ်၍ စင်သီယာလည်း ပါလာသည်။ ဘောင်းဘီတိုနှင့်တော့ မဟုတ်။ ခြေသလုံးအထိ ဖုံးသော အမွေးပွသည့် ဝတ်ရုံအင်္ကျီတစ်မျိုးနှင့်။

“ ဟား . . . မဏ္ဍင်းနစ်ကြီးကလည်း ကြီးကြီးမားမားပါလား ”

အရေးပိုင်၏ မှတ်ချက်စကားကြောင့် မြင့်နွယ်မှာ အားငယ်သကဲ့သို့ ဖြစ်သွား၏။

စင်သီယာက ဝင်ပြောသည်။

" ဒါပေမယ့် သူ ကောင်းကောင်းပြင်တတ်မှာပဲ ဒက်ဒီ "

" အိုး . . . သမီးက ဘယ်လိုလုပ်သိသလဲ "

" သမီး သူ့ကို စစ်ကြည့်ပြီးပြီ၊ သူ အင်္ဂလိပ်စကား ကောင်းကောင်းနားလည်တယ် ဒက်ဒီ "

" အို . . . ဟို . . . ဟို၊ အင်္ဂလိပ်စကား နားလည်တာနဲ့ ကားပြင်တတ်ရောလား "

" ဒါပေမယ့် ပြင်ပါစေ ဒက်ဒီ၊ လာပြီးမှ သနားပါတယ် "

" ကောင်းပြီ ဒီမှာ ဟေ့သူငယ် . . . မင်း ဖျက်တော့ မဖျက်ခဲ့နဲ့နော် "

မြင့်နွယ်၏ ရင်မှာ မခံချင်ဖြစ်မိ၏။ မခံချင်စိတ်ကို မျိုသိပ်ပြီး တည်ငြိမ်စွာဖြေ၏။

" ကျွန်တော် ကိုင်တောင်မကြည့်ပါဘူး၊ ကျွန်တော့်ဆရာ အမိန့်အတိုင်း ကြည့်ရုံ ကြည့်ပေးပါ့မယ် "

" ကဲ . . . ဒီလိုဆို ကြည့် "

ဒရိုင်ဘာနှင့် မြင့်နွယ်က ရှေ့မှသွား၏။ စင်သီယာတို့ သားအဖက နောက်မှ လိုက်လာကြ၏။

ကားမှ စစ်ပြီးစ အရာရှိကြီးများသာ သုံးခွင့်ရှိသော စတေရှင် ဝက်ဂွန်း အလုံးဖြစ်၏။ စစ်ရောင်တော့မဟုတ်၊ ချောကလက်ရောင် ဖျော့ဖျော့နှင့် တောက်တောက်ပပဖြစ်၏။

ဒရိုင်ဘာက စက်ခေါင်းဖွင့်ပြ၏။

" နည်းနည်း ဂေါက်လှည့်ပြပါ "

" ငါ ဂေါက်လှည့်နှိုးပြီးပြီ မရဘူး "

" ကျွန်တော် စက်နှိုးခိုင်းတာ မဟုတ်ဘူး၊ ဂေါက်လှည့်ခိုင်းတာ ဖြည်းဖြည်း တစ်ပတ်ချင်း "

ဒရိုင်ဘာက မကျေနပ်လှဟန်ဖြင့် ဂေါက်လှည့်၏။

မြင့်နွယ်က စတတ်တာမော်တာ အလုပ်လုပ်ပုံကို ကြည့်သည်။ မော်တာသည် ချောချောမွေ့မွေ့ပင် လိုက်လည်သည်။ စတတ်တာမော်တာရော အင်ဂျင်ပါ 'ဂျမ်း'မဖြစ်သည်မှာ သေချာ၏။

" စက်နှိုးပြပါဦး "

" စက်နှိုးလို့မရဘူးလို့ ပြောတယ်မဟုတ်လား "

" နှိုးသာပြပါ "

ဒရိုင်ဘာသည် ကားပေါ်တက်ကာ သော့ဖွင့်ပြီး စက်နှိုး၏။ စတတ်တာမော်တာ ကောင်းစွာလည်သည်။ အင်ဂျင်လည်း လိုက်လည်သည်။

မြင့်နွယ်က လက်ပြထား၏။ ထို့နောက် ကားပေါ်တက်ကာ ဒရိုင်ဘာ၏ ဘေး၌ ဝင်ထိုင်၏။

" ပြန်နှိုးပါဦး "

ဒရိုင်ဘာက စက်ပြန်နှိုးသည်။ မြင့်နွယ်က မော်တာနှင့် အင်ဂျင်စက်လည်နေခိုက် အမ်မီတာကို ကြည့်သည်။ အမ်မီတာသည် နောက်သို့ နှစ်အမ်ပီယာခန့် ဆုတ်ပြ၏။

ကွိုင်၏ မူလပတ်လမ်းကြောင်း ချွတ်ယွင်းမှုသည် လည်းကောင်း၊ ထိပွိုင့်ကပ်ခြင်းသည် လည်းကောင်း မဖြစ်နိုင်။

မြင့်နွယ်သည် အောက်သို့ဆင်းလိုက်ပြီး စက်ခေါင်းဆီပြန်လာ၏။ ဒရိုင်ဘာကိုလည်း ခေါ်ယူသည်။

စင်သီယာတို့ သားအဖကား မြင့်နွယ်လုပ်ကိုင်နေပုံကို စိတ်ဝင်စားစွာ ကြည့်နေကြ၏။

မြင့်နွယ်က အရေးပိုင်မင်းကိုကြည့်၍ ပြောသည်။

" စောစောက ကျွန်တော် ကိုင်တောင်မကြည့်ပါဘူးလို့ ပြောခဲ့တယ်၊ ဒါပေမယ့် ဝိုင်ယာဆက်ထားတာတွေတော့ နည်းနည်းကြည့်ပါရစေ "

အရေးပိုင်က သဘောကျဟန် ပြုံးလိုက်ပြီး ခေါင်းညိတ်ပြ၏။

မြင့်နွယ်က လက်ဝင်သော သော့ခလုတ်နေရာမှ တစ်ပါး၊ မီးပေးစနစ်၏ ဝိုင်ယာကြိုးများအားလုံးကို လိုက်စစ်၏။ တစ်နေရာမှာမှ အပြစ်မတွေ့။

စင်သီယာက သူ့ကို စိုးရိမ်ဟန် မျက်နှာလေးနှင့် လှမ်းကြည့်နေရှာ၏။

မြင့်နွယ်လည်း မျက်မှောင်ကြုတ်၍ စဉ်းစားသည်။ ထိပွိုင့်ကွာလွန်းနေသလော၊ သို့မဟုတ် ကွန်ဒန်ဆာ ချွတ်ယွင်းသလော၊ ဒါမှမဟုတ် ကွိုင်ပင် ချွတ်ယွင်းသလော။ သုံးခုစလုံး ဖြစ်နိုင်သည်။ သည့်အပြင် ဆီသွားဆီလာအပါအဝင် စက်ပိုင်း ချွတ်ယွင်းမှုလည်း ဖြစ်နိုင်သေးသည်။

စစ်ဆေးရန် အလွယ်ကူဆုံးအပိုင်းမှ စမည်ဟု မြင့်နွယ် ဆုံးဖြတ်လိုက်သည်။

မြင့်နွယ်သည် ဒစ်စတြီဗျူတာ ကက်ပ်ဖုံးပေါ်ရှိ ဗဟိုဝိုင်ယာကြိုးကြီးကို ဆွဲဖြုတ်လိုက်၏။

" ကဲ . . . ကိုဟိုဒင်း၊ မရိုမသေ စက်ပြန်နှိုးပေးပါဦး၊ ကျွန်တော်က လက်ပြမှ စတတ်တာကို နှိပ်ပေးပါ "

ဒရိုင်ဘာ ကားပေါ်ပြန်တက်သွား၏။

မြင့်နွယ်က ဆွဲဖြုတ်ထားသော ဝိုင်ယာစကို အင်ဂျင်တုံးမှ မကွာ့တကွာလေး ချရှုံခွာထားပြီး ဒရိုင်ဘာကို လက်ဖြင့် အချက်ပေး၏။

စတတ်တာမော်တာရော အင်ဂျင်ပါလည်သည်။ အင်ဂျင်တုံးနှင့် ဝိုင်ယာစကြား မီးကူးသည်ကို မတွေ့ရ။

မြင့်နွယ်က ဒရိုင်ဘာကို လက်ပြ၏။ သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီး အရေးပိုင်ကိုပြော၏။

" အပြစ်တွေ့ပါပြီ၊ ကွိုင် အလုပ်မလုပ်တော့ဘူး၊ ကွိုင်အပိုရှိသလား "

အရေးပိုင် သူ့ဒရိုင်ဘာကို မေးသည်။

" ရှိသေးလားဟေ့ မောင်ညို "

" ရှိပါတယ် ဝန်မင်း၊ အိမ်ထဲမှာ "

" အေး . . . သွားယူချည် "

စင်သီယာသည် မြင့်နွယ်အနီး ကပ်လာပြီး မေး၏။

" ယူ ဘယ်လိုလုပ် သိတာလဲ "

မြင့်နွယ်က ဝိုင်ယာကြိုးစကို အင်ဂျင်တုံးအနီး ပြန်ကပ်ပြပြီး ဖြေသည်။

" ကွိုင်ကောင်းရင် မီးဖြတ်ကူးကာ တွေ့ရမယ်၊ အခု မကူးဘူး၊ အသစ်ယူလာတော့ ကြည့် "

မကြာမီ ဒရိုင်ဘာသည် ကွိုင်အသစ်တလုံးကို ယူ၍ ပြန်ရောက်လာသည်။

မြင့်နွယ်က ကွိုင်ဟောင်းကိုဖြုတ်ကာ ကွိုင်သစ်ကို လဲတပ်၏။

စောစောတုန်းကကဲ့သို့ပင် ဝိုင်ယာစကို အင်ဂျင်တုံးအနီး ကပ်ထားပြီး ဒရိုင်ဘာအား ကားစက်နှိုးစေသည်။ ဝိုင်ယာစမှ အင်ဂျင်တုံးဆီသို့ စိမ်းဖန့်ဖန့် အရောင်ရှိသော မီးခုန်ကူး၏။

မြင့်နွယ်သည် ဝိုင်ယာကြိုးစကို ဒစ်စတြီဗျူတာ ကက်ပ်ဖုံး ဗဟို၌ ပြန်ထိုးတပ်၏။

" ကဲ . . . နှိုးတော့ဗျို့၊ လီဗာတော့ အဆုံးအထိ အရင်နင်းထားပါ၊ ဓာတ်ဆီစော်တွေ နံနေတယ် "

ဒရိုင်ဘာက စက်ကိုနှိုး၏။ နှစ်ကြိမ်မြောက်တွင် ဝူးကနဲ စက်နိုးလာ၏။

စင်သီယာက ဝမ်းမြောက်ဟန်နှင့် ခြေဖျားလေးထောက်ပြီး လက်ခုပ်တီး၏။

အရေးပိုင်က စိတ်တိုင်းကျဟန် ပြုံးပြီး ခေါင်းညိတ်၍ "မင်း စလိုးကော ချိန်တတ်သလား"ဟု မေးသည်။

" ချိန်တတ်ပါတယ် "

" အေး . . . ချိန်တတ်ရင် ပြန်ချိန်သွားစမ်း၊ စလိုး နည်းနည်းများနေတယ် ထင်တယ် "

အင်ဂျင်က မှန်မှန်ခုတ်နေ၏။ မြင့်နွယ်က စက်သံနှင့် တုန်ခါမှုကို လေ့လာသည်။

" စလိုး မများပါဘူး ခင်ဗျ၊ မှန်သားပဲ "

" ခုနေတော့ ဟုတ်တယ်၊ စက်အေးနေလို့လား မသိဘူး၊ နေ့ခင်းကြာကြာ မောင်းပြီးရပ်လိုက်ရင် စက်မသတ်ခင် မြန်တာမှ အရမ်းပဲ၊ ပန်ကာသံကို တဝီဝီနဲ့ "

" ကြာကြာမောင်းပြီးရင် ဖြစ်တယ် "

" အေး "

" ကျွန်တော် ခဏ လီဗာ နင်းကြည့်ပါရစေ "

" ကြိုက်သလိုလုပ် "

မြင့်နွယ်က ဒရိုင်ဘာနေရာတွင် ဝင်ထိုင်ပြီး လီဗာကို ဖြည်းဖြည်းချင်းမြှင့်၏။ အရှိန်ကောင်းကောင်းမှန်မှန်ဖြင့် ကားပြေးသောနှုန်းလောက်တွင် လီဗာကို အမှန်ထားကာ တစ်သမတ်တည်း ကြာကြာလေး နင်းထား၏။

စိတ်ကျေနပ်လောက်မှ လီဗာကို ပြန်လျှော့ပြီး စက်မသတ်သေးဘဲ အောက်သို့ ဆင်းလာ၏။

အရေးပိုင် ပြောသကဲ့သို့ပင် အင်ဂျင်သည် သွက်သွက်လည်နေကာ ပန်ကာကလည်း တဝီးဝီး မြည်နေ၏။

မြင့်နွယ်က လီဗာနှင့် ထရော့တယ်လ်ဗားကို ဆက်သွယ်ထားသော မောင်းတံလေးများကို နောက်သို့ လက်ဖြင့် တွန်းလိုက်သည်။ ခဏမှာပင် စက်ရှိန်မှာ လျော့ကျသွားပြီး မှန်မှန်လေးသာ ခုတ်နေတော့၏။

အရေးပိုင်က မျက်ခုံးကိုပင့်ပြီး ဆို၏။

" ဟေ . . . ဘယ်လိုလုပ်လိုက်တာလဲ "

“ စလိုးများနေတာ မဟုတ်ပါဘူး၊ ဆောင်းတွင်းဆိုတော့ အမဲဆီတွေက ခဲနေတယ်၊ ပြီးတော့ ဒီမှာ ချေးတွေကလည်း ကပ်နေတယ်၊ ကြာကြာလေးနင်းပြီး ခြေထောက်က ပြန်လွှတ်လိုက်ပေမယ့် မောင်းတံတွေက နဂိုနေရာ ပြန်မရောက်ဘူး၊ ဒီတော့ အထဲက ထရော့တယ်လ်ဗားက ပိုပွင့်နေပြီး စက်က မြန်နေတာ၊ အဲဒါသွားပြီး စလိုးချိန်တာ ကလိရင် စက်ပျက်မှာ၊ ကျွန်တော့်ဆရာက သင်ထားတယ်၊ ရိုးရိုးလေးတွေကအစ အရင်စဉ်းစားရတယ်တဲ့၊ ခက်ရာခက်ဆစ်ကို နောက်ဆုံးမှ တက်ရမယ်တဲ့ ”

“ အေး . . . ကြိုက်ပြီကွ၊ မောင်ညိုတို့ကတော့ ထစ်ကနဲရှိရင် ဝက်အူလှည့် ကောက်ကိုင်တာပဲ၊ စလိုးချိန်တာတို့ တိုင်မင်မြင့်တာ နှိမ့်တာတို့ ကာဗရိုက်တာ ကလိတာတို့ အားကြီး ဝါသနာပါတယ် ”

“ ကာဗရိုက်တာနဲ့ ကပ်တောက်ကို ကိုယ့်ဘာသာကိုယ် မတို့တာကောင်းတယ်၊ ကျွန်တော်လည်း ဘယ်တော့မှ မတို့ဘူး၊ အဲဒါတွေက အင်မတန် ကျွမ်းကျင်သူတွေမှ ကိုင်ရတာတွေ ”

မြင့်နွယ်က မောင်းတံများရှိ အမဲဆီဟောင်းများကို အဝတ်ဖြင့်သုတ်ပစ်ပြီး အမဲဆီသစ် လိုက်တို့ပေးသည်။

ကိစ္စက ပြီးပေပြီ။ စောစောက ချမ်းနေသော မြင့်နွယ်မှာ ယခုအခါ ချွေးများပင် စို့နေ၏။

အရေးပိုင်က မေး၏။

“ အေး . . . ဘယ်လောက်ကျလဲကွယ့် ”

“ သိပ်ကျမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် အဲဒါ ဆရာဦးဘသက်ကို မေးပြီးပေးပါ ”

“ ဟေ . . . မင်းကတော့ မရဘူးလား ”

“ ဆရာက ကျွန်တော့်ကို ကြည့်ပေးပါလိမ့်မယ် ”

အရေးပိုင်သည် ပြုံး၍ခေါင်းညိတ်ပြီး အိမ်ဘက်ပြန်သွား၏။ စင်သီယာက ခဏနေပြီးမှ သူ့အဖေနောက် ပြေးလိုက်သွား၏။

မြင့်နွယ်က သူ့တူးလ်ဘောက်စ်လေးကို ကောက်ကိုင်၏။

ဒရိုင်ဘာ ကိုညိုက မော်တော်ကားကို ဖုန်သုတ်နေသည်။ သူ့အသွင်မှာ မိမိကို လိုက်ပို့ချင်ဟန်မပြ။

“ ကဲ . . . ကျွန်တော်ပြန်တော့မယ် ”

“ မင်း ခဏစောင့်ရင် ငါ စက်ဘီးနဲ့ လိုက်ပို့ပေးမယ် ”

“ ကိစ္စမရှိပါဘူး၊ ကျွန်တော် လျှောက်ပြန်ပါ့မယ် ”

တူးလ်ဘောက်စ်လေးကိုဆွဲပြီး မြင့်နွယ်သည် ခြံဝဆီသို့ ထွက်လာခဲ့၏။ ခြံဝမရောက်မီ နောက်မှ ပြေးလိုက်လာသော ခြေသံကို ကြားရ၏။

“ ဟေး . . . ယူ . . . နေဦး ”

သူက ရပ်စောင့်နေ၏။ စင်သီယာက သူ့အနီး ရောက်လာ၏။ လက်တွင်းမှာတော့ ငါးကျပ်တန်တစ်ရွက် ကိုင်ထား၏။

“ ရော့ . . . ဒက်ဒီက ပေးခိုင်းလိုက်တာ ”

“ ကိုယ်ပြောပြီးပြီလေ၊ ဆရာဦးဘသက်ကို မေးပြီး ပေးပါလို့ ”

“ အင်းပါ . . . ဒါပေမယ့် ဒါက ယူ့ဖို့သက်သက်တဲ့၊ ဒက်ဒီက ယူ့ကို သဘောကျလို့ ”

စင်သီယာက လှမ်းပေးနေသော်လည်း သူက ရုတ်တရက် မယူ။

“ ဘာလဲ ယူက ပိုက်ဆံမလိုချင်ဘူးလား ”

“ လိုချင်တာပေါ့ စင်သီယာ၊ ငွေငါးကျပ်ဆိုတာ ကိုယ့်အတွက်က အများကြီး ”

“ ဒါဖြင့် ခု ဘာလို့မယူတာလဲ ”

“ ကိုယ် စင်သီယာ့ဆီကတော့ မယူချင်ဘူး ”

“ ဘာပြုလို့ ”

“ ကိုယ်က စင်သီယာ့ကို ခင်တယ်၊ ခင်မင်တဲ့လူဆီက ကိုယ် ပိုက်ဆံမလိုချင်ပါဘူး၊ တစ်စုံတစ်ခု ကူညီပေးနိုင်တဲ့ အတွက်ပဲ ကိုယ်ဝမ်းသာလှပါပြီ ”

“ ယူက စင်သီယာ့ကို ဘာလို့ ခင်ရသလဲ ”

“ စင်သီယာ့ကို မခင်ချင်တဲ့လူ ရှိပါ့မလား ”

“ ဟာဟ . . . ယူ သိပ်စကားတတ်တာပဲ၊ ယူ . . . အဲဒါ စင်သီယာ့ကို မြှောက်လိုက်တာမဟုတ်လား ”

“ ကိုယ် . . . မှန်တာပြောတာပါ ”

“ ကဲပါ . . . ရော့ . . . စင်သီယာကလည်း ယူ့ကို ခင်ပါတယ်တဲ့၊ ပြီးတော့ ဒီဥစ္စာက ဒက်ဒီ့ပိုက်ဆံ၊ စင်သီယာ့ပိုက်ဆံ မဟုတ်ဘူး၊ ယူသွားနော် ”

သူ မငြင်းသာတော့ဘဲ ငွေစက္ကူကို လှမ်းယူသည်။

“ ဒါထက် ယူက ကုန်းကြောင်းပြန်မလို့လား ”

“ အင်း ”

“ အို . . . မဟုတ်တာ ”

စင်သီယာက ကားရှံဘက်လှည့်ပြီး “ဦးလေး ကိုမောင်ညို”ဟု လှမ်းခေါ်သည်။

ကိုမောင်ညို ပြေးထွက်လာသည်။

“ သူ့ကို လိုက်ပို့လိုက်၊ အိမ်ရောက်အောင် လိုက်ပို့လိုက် ကြားလား ”

“ ကောင်းပါပြီ စင်သီယာ ”

စင်သီယာတို့အိမ်မှ စင်သီယာတို့ကားဖြင့် မြင့်နွယ် ပြန်လာခဲ့ရသည်။

ကိုမောင်ညို၏ဘေးတွင် စကားတစ်လုံးမျှမပြောဘဲ ထိုင်လိုက်ရင်း ရင်တွင်းမှသာ ညည်းမိသည်။

“ ဩော် . . . တိုက်တိုက်ဆိုင်ဆိုင် ကြုံရပလေ ”

( ဂ )

“ ဩော် . . . တိုက်တိုက်ဆိုင်ဆိုင် ကြုံရပလေ ”

ဦးတုတ်ဝင်း၏ဘေးတွင် စကားတစ်လုံးမျှမပြောဘဲ ထိုင်လိုက်ရင်း ဦးမြင့်နွယ်သည် ရင်တွင်းမှသာ ညည်းမိ၏။

ဦးတုတ်ဝင်းက သူ့ကို လှည့်ကြည့်ပြီး ပြောသည်။

“ ဘယ့်နှယ်လဲ ငြိမ်လှချည်လား၊ ရင်ထဲမှာ လွမ်းပိုအောင် ဖြစ်နေသလား ”

“ ဟာဗျာ ဘာကိုလွမ်းရမှာလဲ ”

ဦးတုတ်ဝင်းက ရုတ်တရက် မဖြေသေးဘဲ ဟီးကနဲ တစ်ချက်ရယ်သည်။

“ ဘာကိုလွမ်းရမလဲ၊ ခင်ဗျားပြောတာမှန်တယ်၊ ဘာကိုလွမ်းရမလဲ၊ အဖြစ်အပျက်ကိုလား၊ အကောင်အထည်အရာဝတ္ထု တစ်ခုခုကိုလား၊ ဆက်သွယ်နေတဲ့ ပတ်ဝန်းကျင်ကိုလား၊ အံမယ် တစ်ခါတစ်လေတော့ စွဲမိစွဲရာ စွဲတတ်သဗျ၊ ခင်ဗျား ထားသခင်ဇာတ်ကား ကြည့်ရသလား ”

“ အင်း . . . ကြည့်ရတယ်၊ မန္တလေးတက္ကသိုလ်ကို အသေးစိတ် နောက်ခံကားထားပြီး ရိုက်ထားတာလေ ”

“ အဲဒီဇာတ်ကားထဲမှာ ကောလိပ်ဂျင်နေဝင်း ကထိကအဖြစ် နေသွားတဲ့အိမ်က အဟဲ . . . ကျွန်တော့်အိမ်၊ ဒါကတော့ စကားချပ် ခင်ဗျ၊ ပြောချင်တာက ဇာတ်ကားထဲမှာ ထားက သောက်မြင်ကပ်တာမို့ အောင်ဒင့်ကို ဖိနပ်နဲ့ ချွတ်ပေါက်သွားတယ်၊ အဲဒီဖိနပ်လေးကိုပဲ အောင်ဒင်ခမျာ တယုတယသိမ်းပြီး တသသနဲ့ အလွမ်းပြေ ကြည့်ရရှာတယ်၊ စွဲမိစွဲရာလေ ”

“ ခင်ဗျားက ဘာရည်ရွယ်ချက်နဲ့ ဒီစကားပြောတာလဲ ”

“ ဩော် . . . ခင်ဗျားလည်း ဒီလိုမျိုး ဖြစ်နေမှာစိုးလို့ပါ ”

“ ဘယ်လို ဘယ်လို ”

“ ခင်ဗျားလည်း ဒီကနေ မန္တလေးပြန်ရောက်ရင် ကားစက်ခေါင်းဖွင့်၊ လဲတပ်ယူလာတဲ့ ဒစ်စတြီဗျူတာ အဖုံးလေးဖြုတ်ယူ၊ အဲဒါလေးကို အလွမ်းပြေ ကြည့်နေမလားလို့၊ အဟက် . . . ဟက် . . . ဟဲ ”

နောက်ခန်းမှ ဦးညိုလှဲ့က ဝင်အုပ်၏။

“ ကိုမြင့်နွယ် အဲဒါ သင်ပေးနေတာ၊ သူဆို အဲဒီလိုလုပ်မှာ မယုံမရှိနဲ့ ”

ဦးတုတ်ဝင်းက ပြန်မခွပ်ဘဲ သဘောမနောကောင်းစွာ တဟဲဟဲ ရယ်နေ၏။

ဦးမြင့်နွယ်လည်း သူနှင့်အတူ လိုက်ရယ်၏။

ကားသည် ထင်းရှူးနှင့် ယူကလစ်ပ်တပ်စ်နံ့ သင်းသော စိတ်ကူးယဉ် မြို့တော်အလှတွင်းသို့ စဝင်နေပြီတည်း။

*   *   *

အခန်း [ ၄ ]

( က )

နတ်တော်လဆန်းလုပြီ။

စာဆိုတော်လ အခါမို့ ဟောကြပြောကြနှင့် စာရေးဆရာ၊ ကဗျာဆရာတွေ မအားလပ်ကြ။ ခရီးယာယီလည်း များကြသည်။

ဖိတ်စာများ လက်ခံရရှိထားသောကြောင့် ဦးမြင့်နွယ်မှာလည်း ခရီးထွက်စရာတို့ရှိနေသည်။ အထက်မြန်မာပြည်သို့ ပြောင်းလာကာစ ဖြစ်သောကြောင့် မရောက်ဖူးသေးသော ဒေသများသို့သွားရောက်ရန် ဦးမြင့်နွယ်ကလည်း ဆန္ဒအမှန် ရှိနေသည်။ စိတ်ပညာအသင်းက ကြီးမှူးပြီး ဦးမြင့်နွယ်ကို ပွဲထုတ်၍ စာပေဟောပြောပွဲတစ်ခု လုပ်ပေးသည်။ စာဆိုတော်နေ့တွင် ဦးမြင့်နွယ် ခရီးထွက်ရန်ရှိသောကြောင့် ဟောပြောပွဲကို စောစောကြိုလုပ်ကြသည်။

ဟောပြောပွဲကို စနေနေ့ နေ့လည်ပိုင်း၌ မန္တလေးတက္ကသိုလ်နယ်မြေတွင်းရှိ ယပ်တောင်ပုံခန်းမ၌ လုပ်သည်။

စင်မြင့်အောက်ရှိ ခန်းမကြီးတစ်ခုလုံးမှ ခုံများကို ဖယ်ထုတ်ထားသည်။ ကျောင်းသားကျောင်းသူ ပရိသတ်များက ကြမ်းပြင်တွင် ဖျာခင်းထိုင်ကြသည်။ ခန်းမတစ်ခုလုံး ပြည့်သည့်အပြင် ခန်းမအပြင်ဘက်၌လည်း လူတို့ အုပ်နှင့်ရှိနေကြသည်။

သဘာပတိလုပ်သော ပါမောက္ခချုပ်က “အဲဒါ မင်းပရိသတ်တွေ၊ တချို့က မင်းကို မြင်ဖူးကြသေးတယ်၊ တချို့က မင်းစာသာ ဖတ်ဖူးကြီး ပြောသံဆိုသံ မကြားဖူးကြသေးဘူး၊ ကြည့်စမ်းပါဦး၊ နည်းရော့သလား”ဟု မှတ်ချက်ပေးသည်။

လူများသော်လည်း ဣန္ဒြေပြည့်ဝ စည်းကမ်းရှိကြသည်ကို ဦးမြင့်နွယ် တွေ့ရသည်။

ဆေးစက်ကျရာ အရုပ်ဖြစ်ဟူသကဲ့သို့ ပြောချင်သည်ပြော၊ ပရိသတ်ကို ပွဲကျအောင်ပြောနိုင်သော ပါမောက္ခချုပ်၏ သဘာပတိမိန့်ခွန်းမှ စတင်ကာ ဟောပြောပွဲသည် လက်ခုပ်သံတဖြိုင်ဖြိုင်နှင့် မြိုင်လှဘိသည်။

သဘာပတိမိန့်ခွန်းအပြီး၌ ဦးမြင့်နွယ်က စတင်ဟောပြောသည်။

“ ကိုယ်တိုင်ကလည်း စိတ်ပညာနယ်က လူ၊ ကြီးမှူးကျင်းပပေးတဲ့ အသင်းကလည်း စိတ်ပညာအသင်းမို့ စာပေကို စိတ်ပိုင်းဆိုင်ရာ ထောင့်ကချည်း တစ်ဖက်သတ် ဆွဲဟောသွားမယ်လို့ အထင်လွဲမှာ စိုးမိပါတယ်၊ ခေတ်သစ် စိတ်ပညာဟာလည်း စိတ္တဇဝါဒီ၊ နာမ်ဝါဒီတို့ရဲ့ လဲလျောင်းပျော်မွေ့ရာ မဟုတ်ပါဘူး၊ လူနဲ့ ပတ်ဝန်းကျင်ရဲ့ အညမညကို ရှုည်လျားတဲ့ နှစ်ကာလတွေ ကတည်းက အထူးအာရုံပြု သုံးသပ်ခဲ့တဲ့ သိပ္ပံပညာကြီးတစ်ရပ် ဖြစ်ပါတယ် ”

“ လူ့သဘာဝ၊ လူ့စွမ်းရည်၊ လူ့အောင်မြင်မှုတွေကို လေ့လာတဲ့ပညာရပ်ကြီးဖြစ်လို့လည်း စာပေနဲ့ အနုပညာတွေဟာ စိတ်ပညာရဲ့ သုံးသပ်လေ့လာမှု နယ်ပယ်ထဲမှာ ကျရောက်နေပါတယ်၊ စာပေပညာရှင်တွေ၊ အခြားသော အနုပညာရှင်တွေ ကလည်း စိတ်ပညာကို ထိထိမိမိ အသုံးချတတ်ကြပါတယ်၊ ပြောင်မြောက်အောင်မြင်တဲ့ စာပေတစ်ခု၊ အနုပညာတစ်ခု မှန်ရင်လည်း စိတ်ပညာအားဟာ တစ်ခဲနက် ငုံဝင်နေတတ်တဲ့ သဘောရှိပါတယ်၊ အကြောင်းကတော့ စာပေနဲ့ အနုပညာ မှန်သမျှဟာ အဆုံးအထွဋ်ကျတော့ လူ့စိတ်နဲ့သာ ဆက်ဆံပေါင်းသင်းရလို့ဖြစ်ပါတယ် ”

“ စာပေအနုပညာနဲ့ စိတ်ပညာတို့ရဲ့ ဆက်သွယ်ပုံကို နိဒါန်းဒီလောက်ပဲ ခံထားချင်ပါတယ် ”

“ ဒီနေ့ အဓိကထား ဟောပြောမှာကတော့ ‘ရသစာပေဖန်တီးမှု’ အကြောင်းပါပဲ၊ စိတ်ပညာနဲ့ ပတ်သက်တဲ့ သဘောတွေပါမှာဖြစ်သလို လွှဲရှောင်မရတဲ့ ဒဿနိကသဘောတွေတွေလည်း ပါမှာဖြစ်ပါတယ် ”

“ ရသစာပေကောင်း တစ်ရပ်ကို ဘယ်လိုဖန်တီးသလဲ၊ တစ်နည်းလှည့်ပြောရရင် ဖန်တီးပြီးမြောက်တဲ့ ရသ စာပေကောင်း တစ်ရပ်ရဲ့ အင်္ဂါလက္ခဏာတွေဟာ ဘာတွေလဲ၊ ခွဲခြမ်းစိတ်ဖြာကြည့်ရမှာ ဖြစ်ပါတယ် ”

“ ခွဲခြမ်းစိတ်ဖြာကြည့်ရာမှာ အန္တရာယ်တော့ရှိပါတယ် ”

“ ဒီနေရာမှာ စိတ်ပညာက ဂျာမန်ဘာသာနဲ့ ‘ဂက်စတော့’လို့ခေါ်တဲ့ သဘောတစ်ခုကို ရှင်းပြချင်ပါတယ် ”

“ ပြီးမြောက်ပြည့်စုံအောင် ဆောက်တည်ထားတဲ့ အရာတစ်ခုမှာ အခြေခံအစိတ်အပိုင်းတို့ရဲ့ စပ်ဟပ်ဖွဲ့စည်းထားခြင်း ဆိုတဲ့ ‘အရေအတွက်’ဂုဏ်သတ္တိထက် သာလွန်တဲ့ သီးခြား‘အရည်အချင်း’ဂုဏ်သတ္တိရှိတယ်ဆိုတဲ့ သဘောပါ ”

“ ပြီးမြောက်ပြည့်စုံတဲ့ အရာတစ်ခုကို ခွဲခြမ်းစိတ်ဖြာမှုလွန်ရင် တစ်ခါက ဆရာကြီးဇေယျ အမိန့်ရှိသလို ပဘာဝတီ ဘာလှတာလည်းသိရအောင် ခြေတွေ၊ လက်တွေ၊ ဆံပင်တွေ၊ မျက်လုံးတွေကို တစ်စစီ လှီးဖြတ်ကော်ထုတ် လေ့လာမိသလို ဖြစ်သွားမှာလည်း စိုးရပါတယ် ”

ဟာသကွက်မဟုတ်သော်လည်း ပရိသတ်က သဘောကျရယ်မောပြီး လက်ခုပ်တီးကြ၏။

ဦးမြင့်နွယ်က ဆက်သည်။

" စကားစပ်မိလို့ မိတ်ဆွေတစ်ဦး ဝန်ခံခဲ့တာကို တင်ပြချင်ပါတယ်၊ သူ့ဇနီးရဲ့ဆံပင်ဟာ အုပ်ကောင်းပြီး အင်မတန်လှသတဲ့၊ မြတ်နိုးတာမို့လည်း ဆံပင်ကို အကြိမ်ကြိမ် မွှေးကြူဖူးသတဲ့၊ ဒါပေမယ့် တစ်ခါမှာ သူ့ဇနီး ထမင်းပွဲပြင်ရာမှာ ဟင်းခွက်ထဲ ဆံပင်ချည်ပါလာသတဲ့၊ မိတ်ဆွေဟာ အော့အန်မိမတတ် ဖြစ်သွားသတဲ့၊ နောက်မှ ပြန်စဉ်းစားမိတာက အခုသူ ရွံမိတဲ့ ဆံပင်ဟာ တစ်ချိန်က သူ အကြိမ်ကြိမ် မွှေးကြူဖူးတဲ့ ဆံပင်ဖြစ်နိုင်တယ်ဆိုတဲ့ အချက်ပါပဲ "

ပရိသတ်က ရယ်ကြပြန်သည်။

" ပြီးမြောက်ပြည့်စုံတဲ့ ခန္ဓာသဘောဖြစ်တဲ့ ရသစာပေတစ်ခုကို ခွဲခြမ်းစိတ်ဖြာ လေ့လာမယ်ဆိုရင် ဒီအန္တရာယ်မျိုးတွေ့နိုင်ပါတယ် "

" ဒါပေမယ့် လေ့လာပြီဆိုကတည်းက ခွဲခြမ်းစိတ်ဖြာမှုကို ရှောင်လွှဲလို့ အခါခပ်သိမ်းမရတော့ဘူး၊ ဒီတော့ သတိတမံဉာဏ်မြေကတုတ်လုပ်ပြီး ခွဲခြမ်းစိတ်ဖြာ ကြည့်ကြရအောင် "

" ကျွန်တော့် တစ်ဦးတည်းအမြင်အရ ရသစာပေကောင်းမှန်ရင် ဂုဏ်သတ္တိသုံးရပ် ပါဝင်ပါတယ် "

" ပထမဆုံး ဂုဏ်သတ္တိကတော့ 'ခံစားမှု စည်းစိမ်ပေးနိုင်ခြင်း' ဖြစ်ပါတယ်၊ ဒုတိယ ဂုဏ်သတ္တိကတော့ 'သိမြင်မှု ထက်မြက်စေခြင်း' ဖြစ်ပါတယ်၊ ဒီနေရာမှာ နှစ်ပိုင်းထပ်ခွဲရပြန်ပါတယ်၊ 'ပတ်ဝန်းကျင်' ကို သိမြင်မှု ထက်မြက်စေခြင်းနဲ့ မိမိရဲ့ 'အဇ္ဈတ္တ' သိမြင်မှု ထက်မြက်စေခြင်းတို့ ဖြစ်ပါတယ်၊ တတိယ ဂုဏ်သတ္တိကတော့ 'လောကအမြင်ပေးနိုင်ခြင်း' ဖြစ်ပါတယ်၊ အဲဒီ အခြေခံ ဂုဏ်သတ္တိတွေအကြောင်း အသေးစိတ် ဆက်တင်ပြလိုပါတယ် "

ဦးမြင့်နွယ်က မြန်မာ့စာပေနှင့် ကမ္ဘာ့စာပေမှ နမူနာများကို ကောက်နုတ်ကိုးကားပြီး တစ်ချက်ချင်း ရှင်းလင်းဟောပြောသည်။

အကြောင်းအရာက လေးလည်း လေးနက်သည်။ ကျယ်လည်း ကျယ်ဝန်းသည်။ စာပေအနုပညာရေးရာသာမက စာပေအနုပညာရေးရာတို့နှင့် ကင်းလွတ်၍မရသော သမိုင်းရေးရာနှင့် တော်လှန်ရေး လှုပ်ရှားမှု အကြောင်းများလည်း ပါဝင်သည်။

ဟောပြောပွဲမှာ အချိန်နှစ်နာရီမျှ ကြာမြင့်သွားသည်။ ခံယူမှုလေးနက်သော ပရိသတ်ဖြစ်ခြင်းကြောင့် အချိန်ကြာခြင်းကို ငြီးငွေ့သော အရိပ်အယောင်တစ်ချက်မှ မတွေ့ရ။

ဟောပြောပွဲပြီးသောအခါ ပါမောက္ခချုပ်က "မင်းဥစ္စာ စာတမ်းတစ်ခုဖြစ်အောင် ရေးဖို့ကောင်းတယ်"ဟု မှတ်ချက်ပေးသည်။

အခန်းတွင်း အခန်းပြင်နှင့် လမ်းများပေါ်တွင် လူပရိသတ် ရှင်းသည်အထိစောင့်ပြီးမှ ဦးမြင့်နွယ်သည် ကာလေးကို မောင်းပြီး အိမ်ပြန်လာခဲ့သည်။

ပထမမူ အချိန်ရသေးသဖြင့် ဂေါက်ကွင်းသို့ ပြေးမည်ကြံသေးသည်။ သို့ရာတွင် လူ ညောင်းညာလွန်းနေသည်။ အဖြစ်မဟုတ်ဘဲ တာဝန်ရှိရှိ ဟောပြောရန် ပြင်ဆင်ရခြင်းသည် အပင်ပန်းသား။ ညောင်းညာပင်ပန်းသည့်ကြားမှ ဂေါက်သွားရိုက်လျှင် ဂေါက်သီး ဟိုထွက်သည်ထွက်နှင့် ရိုက်ဖော်ရိုက်ဖက်များကို နှောင့်ယှက်ရာကျတော့မည်။ မနက်ဖြန်၌လည်း ခရီးထွက်ရဦးမည်။

ဦးမြင့်နွယ်သည် အပေါ်ထပ် ကုတင်ပေါ်တွင် လဲလျောင်းရင်း အပန်းဖြေနေသည်။

အပန်းဖြေသည်သာ ဆိုရသည်။ စိတ်က ဟောပြောခဲ့သည့် အချက်အလက်များဆီ ပြန်ရောက်နေ၏။

စာကောင်းပေကောင်းသည် ပတ်ဝန်းကျင်ကို သိမြင်မှု ထက်မြက်စေရမည်ဟု မိမိ ဟောပြောခဲ့၏။

မိမိ၏ ဆိုဗီယက် မိတ်ဆွေတစ်ဦးက မေးခွန်းထုတ်ဖူးသည်။ ဘာကြောင့် မြန်မာစာပေတွေမှာ သစ်ရွက်ကြွေတာတွေ၊ လေတိုက်တာတွေ၊ တိမ်ဆင်တာတွေ၊ နှင်းကျတာတွေ၊ မြူဆိုင်းတာတွေ၊ ပန်းပွင့်တာတွေ စသည်စသည်တွေကို ဖွဲ့ကြရသနည်းဟူ၍ဖြစ်သည်။

မိတ်ဆွေက အပြစ်ရှာခြင်းမဟုတ်။ စေတနာကောင်းဖြင့် သိလို၍ မေးခြင်းဖြစ်သည်။

မိမိက ဖြေခဲ့ရသည်။ မြန်မာပြည်သည် လှသည်။ အလှဟူသည်ကို မြင်နေကျမှုလည်း အလှကို ပို၍မြတ်နိုးသည်။ မြန်မာစာဆိုတို့သည် မြန်မာ့တောတောင် ရေမြေသဘာဝ၏အလှကို မြင်လည်းမြင်၍ မြတ်နိုးလည်း မြတ်နိုး၍ စပ်ကြဖွဲ့ကြ၏။ သူတို့စာတွေကြောင့် ခေတ်အဆက်ဆက် ပြည်သူတို့သည် ကိုယ့်ပြည်ကိုယ့်မြေ၏ အလှကိုမြင်သည်၊ သိသည်၊ မြတ်နိုးကြသည်။ 'အင်းဂလစ်ရှ်မင်း အင် ဟစ် နေချား ပိုအမ်စ်'ခေါ်သော သုံးသပ်ရေး စာတမ်းတစ်ခုကို ဖတ်ဖူးသည်။ အင်္ဂလိပ်စာဆိုတို့သည် သူတို့ ရေမြေတောတောင် သဘာဝအလှတွေကို စာဖွဲ့လေ့ရှိသည်။ ယင်းစာတွေ၏ ကျေးဇူးကြောင့် အင်္ဂလိပ်တို့၌ သူမတူသော ပြည်ချစ်စိတ်ရှိသည်ဟု ကောက်ချက်ချထားသည်။

'ဘားမင်း အင် ဟစ်စ် နေးချား ပိုအမ်စ်'ဟုလည်း စာတမ်းတစ်ခု ပြုစုနိုင်သည်။ နဝဒေး၊ နတ်ရှင်နောင်၊ ဦးမင်း၊ ဦးကြင်ဥ၊ မြဝတီမင်းကြီး စသူတို့၏ သဘာဝအလှ စာများမှ မြန်မာပြည်သူတို့၏ကမ္ဘာတွင် မသေးသိမ်သော ပြည်ချစ်စိတ်ကို ခြေရာကောက်ပြနိုင်သည်။

အမှန်က ပြည်ချစ်စိတ်အပါအဝင် အချစ်စိတ်ဟူသမျှ၌ အခြေခံ သံယောဇဉ်ရှိရမည်။ လောကုတ္တရာ အတွက်ကား တစ်ကဏ္ဍဖြစ်၏။ လောကီအတွက်မူ မှန်ကန်သော သံယောဇဉ်သည် မရှိမဖြစ် လိုအပ်လှလေသည်တကား။

ဦးမြင့်နွယ်သည် ကုတင်ထက်မှ ထလိုက်သည်။

ပြတင်းဝတွင်ရပ်ပြီး အပြင်ပရှိ လှပသော နတ်တော်လရာသီ ရှုခင်းကို ငေးကြည့်သည်။

ဩော် . . . နတ်တော်ဆန်းလုပြီ။ နတ်တော်ဆန်းလုပြီဆိုတော့ နတ်တော်ဆန်းချိန်မှာ လွမ်းလွမ်းဆွတ်ဆွတ် ကိုယ့်ပြည်ကိုယ့်မြေကို တမ်းတခဲ့ရှာသော 'ရှင်ထွေးနာသိန်'ကို သတိရမိသည်။

ပဒေသရာဇ်ခေတ် ရာဇဝတ်ဘေးကြောင့် အင်းဝမှနေ၍ ရှင်ထွေးနာသိန်သည် မင်းကြီးညို စိုးစံရာ တောင်ငူသို့ ပြေးဝင်ခိုလှုံရရှာသည်။ အသက်ဘေးကြောင့် ပြေးခဲ့ရရှာသော်လည်း ရှင်ထွေးနာသိန်သည် ဇာတိမြေကိုမူ ထာဝစဉ် လွမ်းဆွတ်နေရှာဟန်တူသည်။ သူ့လက်အောက်မှာဆိုတော့ သူ့ပြည်ကိုကျော်၍ ကိုယ့်ပြည်ကိုလွမ်းသည်ကို ထင်ထင်ပေါ်ပေါ် လွမ်းနိုင်ခွင့် ရှိဟန်မတူ။

ရှင်ထွေးနာသိန် ကွယ်လွန်မှ မင်းကြီးညိုကိုယ်တိုင် လာကြည့်သောအခါ ခေါင်းအုံးအောက်မှ တိတ်တခိုး အလွမ်းစာကို တွေ့ရသည်။

" နတ်တော်ဆန်း၍၊ လျှံထွန်းရောင်ဝါ၊ သူရိယာလျှင်၊ အဝါမမူ၊ အဖြူအနီ၊ စုံစီခြယ်လွင်၊ ပြင်ထပ်တွင်နှိုက်၊ နေဝင်မြင်သည်၊ ဝရွှေပြည်ကား၊ ဆီးရည်ပတ်ချုပ်၊ မှိုင်းအုပ်ပျပျ၊ ပုညတောင်ဆီ၊ ရီလျက်မလင်း၊ မဝင်းအုံ့မှိုင်း၊ စစ်ကိုင်းတဘက်၊ သန်လျက်ပေါ်ထွန်း၊ ကျွန်းများတံခွန်၊ နန်းဗိမာန်မှာ၊ လေသွန်ပြည့်လှည့် လိမ့်တကား "

နောက်ပါးမှ ခပ်အုပ်အုပ် ချောင်းဟန့်သံ ကြားရသောကြောင့် ဦးမြင့်နွယ်က လှည့်ကြည့်သည်။

တပည့်ကျော် သက်ဝေက ခြေစုံချ၍ ရပ်နေ၏။

" ဘယ်လိုလဲကွ၊ မင်းဟာက ခြေသံမပေး ဘာမပေးနဲ့ "

သက်ဝေက နှုတ်ခမ်းရှေ့ လက်ညှိုးကို ကန့်လန့်ဖြတ်ထောင်ထားပြီး 'ရှူး'ဟု မှုတ်သည်။

ဘာမှန်းမသိသော်လည်း ဦးမြင့်နွယ်က လေသံနှိမ့်ပြီး မေး၏။

" အဲဒါကကော ဘာသဘောလဲ "

သက်ဝေက လေသံဖြင့်ပင် တိုးတိုးပြော၏။

" အောက်ထပ်မှာ မိန်းမပျိုလေးတစ်ယောက် ရောက်နေတယ်၊ ကောင်မလေးမဟုတ်ဘူး၊ မိန်းမပျိုလေးတစ်ယောက်"

" ဘာလဲ ကျောင်းသူလား "

" ကျောင်းသူလည်း မဟုတ်နိုင်ဘူး၊ ဆရာမလည်း မဟုတ်နိုင်ဘူး၊ အဲဒါတော့ သေချာတယ် "

" ဘယ်လို သေချာတာလဲ "

" မိန်းမပျိုလေးက မေးတယ်၊ ဒါ . . . ဒေါက်တာဦးမြင့်နွယ် အိမ်လားတဲ့၊ ကျွန်တော်က ကွန်ဖမ်မေ့တစ်နဲ့ဖြေတော့ ထပ်မေးတယ်၊ သူ့ကားက ဖင်မလီယာ တူးဒိုးအပြာလေး မဟုတ်လားတဲ့၊ ဒါကိုတော့ ကျွန်တော်က ဆိတ်ဆိတ်နေဝန်ခံခြင်း သဘောလောက်ပဲ ပြလိုက်တယ်၊ ကျောင်းသူဖြစ်စေ ဆရာမဖြစ်စေ၊ မှန်ရင် ကားအရောင်နဲ့ အမျိုးအစားကို ဘာမှပြောနေဖို့ မလိုဘူး၊ ခုဟာက တစ်စုံတစ်ရာကြောင့် စုံစမ်းလိုက်လာတဲ့ သဘောကိုဆောင်နေတယ်၊ ကျွန်တော် တွေးခေါ်တာ မှန်တယ် မဟုတ်လား ဆရာ "

" အာ . . . သိပ်မှန်တာပေါ့၊ ဒါထက် မင်းက ဘာလို့ တိုးတိုးတိတ်တိတ် လုပ်နေရတာလဲ "

" ဆရာ သူ့ကားကို ပွတ်ဆွဲမိခဲ့လား "

" ဘာရယ် "

" ဆိုက်ကားက တစ်မျိုး၊ မြင်းလှည်းက တစ်မျိုးနဲ့ ဟောဒီမန္တလေးမှာ ခဏခဏ ကားချင်းပွတ်မိတတ်တယ်၊ ဆရာ ပွတ်ခဲ့လို့ လျော်ကြေးလိုက်တောင်းတာဆိုရင် ကြံသာဖန်သာအောင် ဆရာအိပ်နေလားမသိဘူးလို့ နည်းနည်း ခေါက်ထားခဲ့တယ်၊ ဆရာမတွေ့ချင်ရင် အိပ်ပျော်နေတယ်လို့ ကျွန်တော် သတင်းပြန်ပို့လိုက်မယ် "

ဦးမြင့်နွယ်၏ ရင်မှာ သတိမပြုမိမီ ခုန်လာ၏။

" ကိစ္စမရှိပါဘူး သက်ဝေ၊ ငါ ဆင်းတွေ့လိုက်ပါ့မယ် "

ဦးမြင့်နွယ်က သက်ဝေကိုကျော်ပြီး ရှေ့မှ ဆင်းလာခဲ့၏။

လှေကားခုလတ်မှ ခေတ္တရပ်ပြီး ကြည့်မိသည်။ မျှော်လင့်သည့်အတိုင်း မှန်ပါ၏။

မွန်မွန်ပါ။

မွန်မွန်၏ မျက်နှာလေးမှာလည်း ဝင်းကနဲ တောက်ပသွား၏။ သွားလေးများ လက်အောင် ပြုံးလိုက်ပြီး ထိုင်ရာမှ ထရန် အားယူနေသည်။

“ ထိုင်နေပါ မွန်မွန်၊ ထိုင်နေပါ ကိစ္စမရှိပါဘူး ”

ဦးမြင့်နွယ်က သွက်သွက်ဆင်းခဲ့ပြီး မွန်မွန်နှင့် မျက်နှာချင်းဆိုင်ရှိ ဆက်တီကုလားထိုင်တွင် ဝင်ထိုင်သည်။

မွန်မွန့်ဘေး ကုလားထိုင်တွင်ကား တွေ့နေကျ အဖော်အမျိုးသမီး ထိုင်နေ၏။

ဦးမြင့်နွယ်က ပြုံးပြီး မွန်မွန့်မျက်နှာလေးကို ကြည့်သည်။

မွန်မွန့်မျက်နှာလေးကလည်း ပြုံးနေသည်။ သာမန်ပြုံးသည်မဟုတ်ဘဲ တစ်စုံတစ်ရာကို ကျေနပ်ဝမ်းသာဟန် ရှင်ပျသည့်အပြုံးလေးဖြစ်၏။

“ ဒီလိုဆိုတော့ ဆရာက မွန်မွန့်ကို တွေ့ချင်သားပါနော် ”

“ ဘယ်လို ဘာပြောလိုက်တယ် မွန်မွန် ”

“ လာသာလာရတယ်၊ မွန်မွန့်ကို ဆရာက လက်ခံတွေ့မှ တွေ့ပါ့မလားလို့၊ မွန်မွန် တကယ်စိုးရိမ်မိခဲ့တာပါ ”

“ ဘာပြုလို့ မွန်မွန့်ကို ဆရာက လက်ခံမတွေ့ချင်ရမှာလဲ ”

“ ဆရာ တကယ်ပြောတာ ”

“ တကယ်ပြောတာပါ မွန်မွန် ”

မွန်မွန်သည် ဆိုင်းဆိုင်းလေး ဖြစ်သွား၏။ တစ်စုံတစ်ခုကို ပြောသင့်မပြောသင့် ချိန်ဆနေဟန်တူသည်။

“ မွန်မွန် ဆရာ့ကို တစ်ခုခုပြောမလို့မဟုတ်လား၊ ဘာပြောမယ်ဆိုတာ ဆရာလည်းသိပါတယ်၊ ဗောဓိကုန်းနားက စိတ္တသုခဝပ်ရှော့ကလို့ ဆရာပြောခဲ့မိတာကို အပြစ်တင်မလို့ မဟုတ်လား ”

မွန်မွန်က ရယ်တော့၏။ ရယ်ပုံလေးက လွတ်လပ်ပြီး အပြစ်ကင်းသောကလေးနှင့်တူသည်။ ရယ်သံမှာလည်း နားမှာ သာယာသည်။

“ မွန်မွန်ပြောမှာကို ဆရာက ပြောတယ်၊ ဟုတ်တယ်လေ၊ ဆရာက အဲဒီလို ဘာလို့ပြောခဲ့ရတာလဲ၊ စိတ္တသုခဝပ်ရှော့ကို မွန်မွန် လိုက်ရှာလိုက်ရတာ၊ ပြီးတော့ အဲဒီတုန်းက ဆရာဝတ်ထားတာကလဲ . . . ”

ဦးမြင့်နွယ်ကလည်း ရယ်သည်။ သည်တုန်းက သူဝတ်ထားသည်ကလည်း ကထိကတစ်ဦးနှင့် မတူလှ။ ဂေါက်သမားတို့ မည်သည် ကိုယ့်ဟန်နှင့်ကိုယ် ထူးထူးဆန်းဆန်း ဝတ်တတ်ကြသည်။ အဲသည်တုန်းက ဦးမြင့်နွယ်က အောက်ပိုင်း၌ ဂျင်းဘောင်းဘီ အပြာရင့်ကို ဝတ်ထားသည်။ အကျႌကတော့ ပုံစံပြပြီး အထူးချုပ်ထားသော ပျော်ဘွယ်လက်ရက် ပင်နီအစစ် အထူစားဖြစ်၏။ ဂျင်းဘောင်းဘီကိုတော့ အကြမ်းခံပြီး အိတ်များသောကြောင့် အသုံးတည့်၍ ဝတ်သည်။ လက်ရက်ပင်နီ အထူကိုတော့ အဖက်ဖက်မှ နှစ်သက်၍ဝတ်သည်။ သူဝတ်သည်ကို သဘောကျသူ နိုင်ငံခြားသား မိတ်ဆွေနှစ်ဦးကိုပင် လက်ဆောင်ပေးရဖူးသည်။ ဟန်းဒ်ဝိုးဗင်းခေါ် လက်ရက်အစစ်မို့ သူတို့က မြတ်နိုးကြသည်။

အင်း . . . ဂေါက်သမားမှန်း သတိမပြုမိလျှင် ဘာနှင့်တူနေမည်နည်း။ မွန်မွန် ထင်ခဲ့သလို မက္ကင်းနစ်အသွင်နှင့်ကား အနီးစပ်သား။

“ ဆရာက ဘာလို့ အဲဒီလိုမဟုတ်ဘဲ ပြောခဲ့ရတာလဲ ”

“ အကြောင်းရှိပါတယ် မွန်မွန်၊ ရှေ့ခရီးဆက်ရမှာကို မွန်မွန်က သိပ်စိုးရိမ်နေတယ်၊ ကားချင်း ပစ္စည်းလဲတပ်ပေး လိုက်တာတောင် မွန်မွန့်မှာ စိုးရိမ်စိတ်ကုန်သေးတာ မဟုတ်ဘူး၊ ဆရာ့ကို ဝပ်ရှော့က မက္ကင်းနစ်တစ်ယောက်လို့ ယုံသွားရင် မွန်မွန် စိတ်ချသွားမယ်၊ သံသယမရှိဘဲ မွန်မွန် စိတ်ဖြောင့်ဖြောင့်နဲ့ ခရီးဆက်သွားနိုင်မယ် မဟုတ်လား ”

မွန်မွန်၏ မျက်နှာလေးသည် တည်ငြိမ်သွားသည်။ ကျေးဇူးတင်ခြင်းနှင့် ဝမ်းနည်းမှုရောသော ဟန်ကလေးဖြင့် သိမ်မွေ့စွာ ပြောသည်။

“ ဆရာက စိတ်ကိုသိပ်သိတာနော်၊ ဟုတ်တယ် မွန်မွန်က သိပ်စိုးရိမ်တတ်တယ်၊ ဒါပေမယ့် ဆရာပြောသလိုပဲလေ၊ မက္ကင်းနစ်တယောက်လို့ ယုံလိုက်ပြီးတော့ မွန်မွန် စိတ်ဖြောင့်ဖြောင့်နဲ့ ခရီးဆက်နိုင်ခဲ့တယ်၊ သြော် . . . ဖြစ်ရလေ၊ မွန်မွန် မကောင်းဘူး၊ ဆရာ့စေတနာကို မွန်မွန် တလွဲထင်နေမိခဲ့တယ် ”

“ မွန်မွန်က ဘယ်လိုထင်လို့လဲ ”

“ ဟိုဒင်း . . . မွန်မွန့်ကို ဆရာက မတွေ့ချင်လို့များလားလို့ ”

“ ဘာပြုလို့ အဲဒီလို ထင်ရတာလဲ ”

" သိဘူးလေ၊ မွန်မွန်က . . . "

မွန်မွန်သည် စကားကို မဆက်ဘဲ ရပ်ပစ်လိုက်၏။

ဦးမြင့်နွယ်က မျက်နှာကို ချိုချိုထားလျက်က မွန်မွန့်ကို အကဲခတ်ကြည့်နေ၏။

အခြေအနေ၌ ဘာမျှတင်းမာမှုမရှိ၊ ပြဿနာဟူ၍လည်း ဘာမျှ ကြီးကြီးကျယ်ကျယ်မရှိ။

သည်ကြားထဲက မွန်မွန့်အသွင်၌ ချုပ်တည်းမှုနှင့် ရုန်းကန်မှုကို ငွေ့ငွေ့မြင်ရသည်။ မျက်နှာလေးကလည်း သနားဖွယ် ငယ်လှသည်။ သူ့ကို ငေးငေးလေး ပြန်ကြည့်နေသော မျက်သားပြာပြာတွင် မျက်ရည်ရိပ်ကို မြင်ရ၏။

ဦးမြင့်နွယ်က တမင်လုပ်၍ ရယ်လိုက်သည်။

" မွန်မွန်က အလကား စိုးရိမ်တတ်တာကိုး၊ ကဲ . . . ဆရာ အမှန်ကိုပြောမယ်၊ နားထောင်မလား "

" အင် . . . ရှင် "

" ပြောသာပြောခဲ့ရတယ်၊ ဆရာလည်း မွန်မွန့်ကို သိပ်တွေ့ချင်နေတယ် "

" မွန်မွန့်ကို ဆရာလည်း သိပ်တွေ့ချင်နေတယ် "

" ဟုတ်တယ် မွန်မွန် "

" မွန်မွန့်ကို ဆရာက ဘာပြုလို့ တွေ့ချင်ရတာလဲဟင် "

" ဩော် . . . မွန်မွန်ရယ်၊ ဂီတဆည်းဆာတုန်းက မွန်မွန်ဆိုသွားတဲ့ တေးသံဟာ ဆရာ့နားထဲက မထွက်ဘူး၊ ဆရာတင် မဟုတ်ပါဘူး၊ အင်မတန်မှ ဇီဇာကြောင်တဲ့ ဆရာ့မိတ်ဆွေ ဦးတုတ်ဝင်းကတောင် မွန်မွန့်ကို အမြင့်ဆုံး ချီးမွမ်းခဲ့ပါတယ် "

" ဆရာ့လို ပုဂ္ဂိုလ်က ချီးမွမ်းတော့ မွန်မွန် ဘဝင်မြင့်ရမှာပေါ့ "

" မြင့်ပေါ့ မွန်မွန် "

" တကယ် မြင့်ရမှာလား "

" ရယ်စရာ ပြောရတာပါ မွန်မွန်၊ ဘဝင်တော့ မမြင့်နဲ့၊ ဒါပေမယ့် ကိုယ့်ကြိုးပမ်းချက်ရဲ့ အောင်မြင်မှုကိုတော့ ဂုဏ်ယူပါ၊ ဝမ်းသာမှုကို ခံစားပါ၊ စိတ်ဆိုတာကို တတ်နိုင်သမျှ အလိုပြည့်ပါစေ "

" စိတ်ဆိုတာကို တတ်နိုင်သမျှ အလိုပြည့်ပါစေ၊ အဲဒါ ဘာပြောတာလဲဟင် "

" စိတ်ကို အလိုလိုက်တာတော့ မကောင်းဘူး၊ ဒါပေမယ့် ပြည့်သင့်သမျှ အလိုပြည့်စေတာကတော့ အရေးကြီးတယ်၊ ရုပ်ခန္ဓာဟာ ထိုက်သင့်တဲ့အာဟာရ မရှိရင်မဖြစ်သလိုပဲ၊ စိတ်ခန္ဓာဟာလည်း တစ်စုံတစ်ရာသော အတိုင်းအတာအထိတော့ သူလိုချင်တဲ့ အာဟာရ ပြည့်ဝမှဖြစ်တယ် "

" အဲဒါကတော့ မြင့်သွားပြီ၊ မွန်မွန် မလိုက်နိုင်တော့ဘူး "

" လိုက်နိုင်ပါတယ် မွန်မွန်၊ စိတ်ဆိုတာဟာ ဝမ်းသာမှု၊ ကျေနပ်မှု၊ ချစ်ခင်မှု၊ ချစ်ခင်ခံရမှု၊ အဲဒါလေးတွေကို နှစ်သက်ပါတယ်၊ အဲဒါလေးတွေကို ရပါစေ "

" မရတော့ကော ဆရာ "

" ရနိုင်ပါတယ် မွန်မွန်၊ လောကကြီးဟာ ဒီလောက်မဆိုး ပါဘူး "

မွန်မွန်က သူ့ကိုစိုက်ကြည့်သည်။ သူက မွန်မွန်၏အကြည့်ကို လက်ခံပြီး အေးချမ်းစွာပြုံးလျက် ပြန်ကြည့်နေ၏။

မွန်မွန်က သက်ပြင်းလေးရှိုက်ပြီး ပြုံး၏။

" ဘာပဲဖြစ်ဖြစ် ဆရာနဲ့တွေ့ရလို့ မွန်မွန် စိတ်ချမ်းသာသွားပြီ "

" ဒါထက် ဆရာ့ကို မွန်မွန် ဘယ်လိုလုပ် သိသွားသလဲ "

" ဒီနေ့ပဲ သိတာပေါ့၊ အနုပညာအသင်းက မိတ်ဆွေတွေက တစ်ဆင့်၊ ဒီနေ့ ဆရာ စာပေဟောပြောမှာ မွန်မွန် သိတယ်လေ၊ မွန်မွန်က အဲဒီလို ဟောပြောပွဲတွေဆိုရင် အကုန်လျှောက်သွားတာ၊ ဒီကျတော့ အပြင်ကပဲ နားထောင်ရတာ၊ ဆရာသိမှာပေါ့၊ မွန်မွန်က မစွမ်းမသန်ပါ၊ ဆင်းရတက်ရ မလွယ်ကူပါဘူး၊ ဟိုနေ့က နှစ်ဆယ့်တစ်မိုင်မှာ ဆုံတုန်းက ဆရာ့ကို ကျေးဇူးတင်စကားပြောဖို့ မွန်မွန် ကားပေါ်က မဆင်းနိုင်ခဲ့ဘူး "

" ဆရာ နားလည်ပါတယ် "

" ဒီနေ့လည်း မွန်မွန် ကားပေါ်ကပဲ နားထောင်ပါတယ်၊ အသံချဲ့စက်နဲ့ဆိုတော့ ကောင်းကောင်း ကြားရပါတယ်၊ ပြီးတော့ ပြတင်းပေါက်ကနေ ဆရာ့ကိုလည်း မြင်ရတယ်၊ မြင်ရတော့မှ အဟင်း . . . ဆရာဦးမြင့်နွယ်ဆိုတာ ဟိုနေ့က စိတ္တသုခ ဝပ်ရှော့က မက္ကင်းနစ်ကြီးပါလားလို့၊ မွန်မွန်လေ ဝမ်းသာလိုက်တာ၊ ဒါနဲ့ အိမ်တစ်ခေါက်ပြန်ပြီး ဟောဒါလေး ယူလာတာ "

မွန်မွန်က လက်ပွေ့အိတ်ကလေးကို လက်တစ်ဖက်တည်းဖြင့် ဖွင့်ပြီး ဒစ်စတြီဗျူတာ ကက်ပ်ဖုံးအသစ်တစ်ခုကို နှိုက်ယူ၍ ဦးမြင့်နွယ်အား လှမ်းပေးသည်။

" နေပါစေ မွန်မွန်၊ ဆရာ့မှာ အပိုတစ်ခု ရှိပါသေးတယ်၊ ပြီးတော့ ဟိုနေ့က ဆရာပြင်ထားတဲ့ ကက်ပ်ကလည်း ဆက်သုံးလို့ရပါသေးတယ် "

" အို . . . မဟုတ်တာ ဆရာ၊ ဟိုနေ့က လဲတပ်ပေးလိုက်တာပဲ လွန်လှပြီ၊ မွန်မွန်က အသစ်တစ်ခု ပြန်ပေးရမှာပေါ့၊ ရော့ . . . ယူပါ ဆရာ "

" မွန်မွန်က အဲဒါ ပြန်ပေးချင်လို့ အခု ဆရာ့ဆီ လာတာလား "

" အို . . . အို . . . မဟုတ်ပါဘူး ဆရာရယ်၊ မွန်မွန်လေ ဆရာနဲ့ ခင် . . . ခင်ချင်လို့ပါ "

" ဆရာနဲ့ ခင်ချင်လို့ရှိရင် အဲဒါလေးကို မပေးနဲ့တော့၊ အဲဒါလေးကို အစားပြန်ပေးနေတယ် ဆိုရင်တော့ ခင်မင်တဲ့ လူချင်းဆက်ဆံရေး မဟုတ်တော့ဘူး "

" အဲဒီလိုဆိုတော့ မွန်မွန်က အမြတ်ထုတ်ရာ ကျမနေဘူးလား "

" မွန်မွန့်မှာ အဲဒီစေတနာ ရည်ရွယ်ချက်ရှိသလား "

" ရှင် "

" စေတနာ ရည်ရွယ်ချက် မရှိဘူး မဟုတ်လား၊ မရှိရင်ပြီးတာပဲ၊ ပြန်ယူသွားပါ မွန်မွန်၊ ဆရာက ကြည်ကြည်ဖြူဖြူနဲ့ ပေးလိုက်တာပါ၊ အဲ . . . ဆရာတို့ချင်း ခင်မင်တဲ့ အထိမ်းအမှတ်နဲ့ သိမ်းချင်သိမ်းထားပေါ့ "

မွန်မွန်၏ မျက်နှာလေးက တောက်ပသွား၏။

" ဟုတ်ပြီ မွန်မွန် သိမ်းထားမယ်၊ ဒါကိုတော့ မဟုတ်ဘူး၊ လဲတပ်လိုက်မယ်လေ၊ ဆရာ တပ်ပေးခဲ့တာလေးကို မွန်မွန် သိမ်းထားပါ့မယ် "

မွန်မွန်က ပစ္စည်းလေးကို လက်ပွေ့အိတ်တွင်းသို့ ပြန်သွင်းလိုက်၏။ ဖွင့်ယူစဉ်ကကဲ့သို့ပင် ဘယ်ဘက်လက် တစ်ဖက်တည်းကိုသာ သုံးကြောင်း ဦးမြင့်နွယ် သတိပြုမိ၏။

မွန်မွန်သည် ပစ္စည်းလေးကို ထည့်အပြီး၌ ဦးမြင့်နွယ်ဘက်လှည့်ကာ မျက်နှာလေးကိုမော့၍ ပြုံးပြုံးလေးကြည့်သည်။

ရုတ်တရက်တော့ အမှတ်မထင်ပါ။

ခေါင်းလေးကို မော့မော့လေးထားလိုက်တော့ လည်တိုင်လေးက ဆန့်လာသည်။ လှသူတိုင်း လည်တိုင်မလှပါ။ ယခု မွန်မွန့်လည်တံက ငွေငန်းဖြူလည်တံလို လှသည်။ ရှင်းရှင်းသွယ်သွယ်နှင့် လှသည်။ ပုခုံးလေးနှင့် လည်တံဆက်ဟန်က ကောက်ကြောင်း ပန်းချီဟန်ဖြင့် လှသည်။

ဩော် . . . ပါးခွက်လေးနှစ်ခုကလည်း ရှိနေသေးသည်။

ဘုရား . . . ဘုရား . . . ဦးမြင့်နွယ်က ရင်တွင်းမှ ရေရွတ်သည်။ သားစဉ်တစ်ဆက် ပြည့်လုနီးမှ ပြန်ကြုံရပါပြီ။

သည်အသွင်၊ သည်အလှ၊ သည်အရွယ်၊ မဟုတ်ပါ မကပါ၊ သည်ရုပ်ရည်မျိုး။

ဦးမြင့်နွယ်၏ ရင်သည် သိမ့်သိမ့်ခါအောင် လှုပ်ရှားသွားသည်။

ရင်လှုပ်ရှားသကဲ့သို့ မျက်နှာမလှုပ်ရှားအောင် သတိထား ထိန်းချုပ်ပြီး ဦးမြင့်နွယ်က မေးသည်။

" မွန်မွန်တို့က မန္တလေးကပဲနော် "

" ဟုတ်ပါတယ်၊ မွန်မွန်တို့အိမ်က နယူးစီဗယ်လိုင်းထဲမှာ၊ ထွန်းလှဟိုတယ်နားတင်ပါ၊ ဩော် . . . ဆရာ ဂေါက်ရိုက်သလား "

" ရိုက်ပါတယ် မွန်မွန် "

" မွန်မွန့်ဖေဖေလည်း ရိုက်တယ်၊ ဦးနေအောင်တဲ့၊ ဆရာများ သိမလား မသိဘူး "

" မသိသေးဘူး မွန်မွန်၊ ဆရာက ဒီရောက်တာ မကြာသေးတော့ ဂေါက်ကွင်းက လူစုံအောင် မသိသေးဘူး "

" မွန်မွန့်မေမေကတော့ ဒေါ်ဖြူဖြူသန့်တဲ့၊ ဟိုဒင်း အရာရှိထဲကတော့ မဟုတ်ပါဘူး၊ ကုန်သည်ဆိုပါတော့ ဆရာ "

ဦးမြင့်နွယ်၏ ရင်တွင်းမှ အလုံးကြီး ကျသွားသည်။ ဖြူဖြူသန့် . . . သည်နာမည်မျိုးကို သူမကြားဖူး။

မွန်မွန်က ရယ်လိုက်၏။

" အမှန်က မွန်မွန့်မှာ အမေနှစ်ယောက်တောင်ရှိတယ်၊ ဟောဒီ ဒေါ်နော်မြသွေးကလည်း မွန်မွန့်အမေ၊ မွန်မွန့် ကျေးဇူးရှင်ပေါ့၊ မမမြ မရှိရင်လေ ဒီလောကကြီးမှာ မွန်မွန် ဘာမှလုပ်တတ်မှာ မဟုတ်ဘူး "

မွန်မွန်က ဘေးတွင် စကားတစ်လုံးမျှ မပြောဘဲ ငြိမ်ငြိမ်ထိုင်နေသော အမျိုးသမီးကို မေးလေးဖြင့် ညွှန်ပြပြီး မိတ်ဆက်ပေး၏။

နော်မြသွေးက ရှက်ဟန်ဖြင့် ပြုံးသည်။ ကရင်သွေးပါသည့် ရိုးသားကြင်နာတတ်သူ အမျိုးသမီးတစ်ဦးဟု ဦးမြင့်နွယ်က စိတ်တွင်းမှ မှတ်ချက်ချသည်။

မွန်မွန်က ခါးလေးကို ဆန့်လိုက်ပြီး ဆို၏။

“ ဆရာ နားနေတာကို မွန်မွန် လာနှောင့်ယှက်သလို ဖြစ်နေပြီ၊ မွန်မွန် ပြန်ပါဦးမယ် ”

မွန်မွန်က အားယူပြီး နေရာမှထ၏။ နော်မြသွေးကလည်း ထပြီး မွန်မွန့်အနီးတွင် ရပ်လာ၏။

“ နှောင့်ယှက်ရာမကျပါဘူး၊ မွန်မွန်နဲ့ ခင်မင်ရတာကို ဆရာ ဝမ်းသာပါတယ်၊ နောင်လည်း လာလည်ပေါ့ မွန်မွန်၊ လိုတာရှိရင်လည်း ဆရာ့ကို အကူအညီတောင်းပါ ”

“ တကယ်လား ဆရာ၊ မွန်မွန်က နောက်ကျရင် တကယ်တောင်းမှာနော် ”

“ တကယ်တောင်းပါစေလို့ ဆရာ မျှော်လင့်နေပါ့မယ် ”

နော်မြသွေး၏ အကူအညီဖြင့် မွန်မွန်သည် ကားရှိရာသို့ ဆင်းသည်။

ဦးမြင့်နွယ်လည်း လိုက်ဆင်းပြီး ဒရိုင်ဘာထက်ဦးအောင် နောက်ခန်းတံခါးကို ဖွင့်ပေးမိ၏။

“ သန့်ခ်ယူ . . . ဆရာ ”

နော်မြသွေးက မွန်မွန့်ကို နေရာချထားပေးပြီး ကားနောက်မှပတ်ကာ တစ်ဖက်ဘေးမှ ဝင်ထိုင်၏။

“ သွားတော့နော် မွန်မွန် ”

“ သွားပြီ ဆရာ၊ ဩော် . . . မွန်မွန်တို့အိမ်လည်း လာလည်နော် ”

“ ကောင်းပါပြီ မွန်မွန် ”

လက်ကလေးပြ နှုတ်ဆက်ပြီး ကားသယ်ဆောင်ရာ ပါသွားသော မွန်မွန့်ကို အိမ်ဝမှရပ်ပြီး ဦးမြင့်နွယ်သည် မျက်စိတစ်ဆုံး ကြည့်နေမိ၏။

အတန်ကြာမှ လေးပင်သော ခြေလှမ်းဖြင့် အိမ်ပေါ်သို့ ပြန်တက်လာခဲ့မိသည်။

ကုတင်ပေါ်တွင် လှဲပြီး နဖူးပေါ်လက်တင်၍ စဉ်းစားမိ၏။

သည်အသွင်၊ သည်အလှ၊ သည်အရွယ်၊ သည်ရုပ်ရည်မျိုး။

သည်လိုပင် ငွေငန်းဖြူ လည်တိုင်မျိုးနှင့်။ ဩော် . . . သည်လိုပင် ပါးခွက်ကလေးတွေနှင့်။ ရေးရေးယောင်ယောင် မဟုတ်၊ နက်နက်ရှိုင်းရှိုင်း၊ ပီပီသသ ပါးခွက်လေးနှစ်ဖက်နှင့်။

လန်းလန်းလတ်လတ်၊ သန့်သန့်စင်စင်မို့ မြင်ရသူတိုင်းရင်မှာ အေးပါဘိတော့သည်။

ရင်မှာ အေးလို့ပဲ သီတာလွင်ဟု ကိုယ်က နာမည်လေး ရွေးပေးခဲ့ရသည်။

သည်တုန်းကတော့ . . .

“ ပုရေနိသင်၊ ဆက်တိုင်းကြင်သား၊ အိမ်ရှင်အစစ်၊ ငယ်ကျွမ်းချစ်နှင့်၊ ထပ်ရစ်လက်သင်၊ ထုံးစတွင် . . . ”

ဟုတ်သည်။ ငယ်ကျွမ်းချစ်နှင့် ထပ်ရစ်လက်သင်၊ ထုံးစတွင်။

ထုံးစတွင် . . .

( ၁ )

ညနေမှာ လေချိုသွေးနေသည်။

ဆောင်းသည် နွေဘက်ယိုင်လာပြီမို့ အအေးက ပေါ့သည်။

ပင်အိုပင်ပျိုတို့ထက် ရွက်ဝါတွေကို မြင်စပြုပြီ။

ဩော် . . . တစ်ချီတစ်ချီတွင် ဥဩပင် တေးစ၍ ဆိုနေပေပြီတကား။

မြင့်နွယ်က သစ်ဖြင့် ဆောက်ထားသော ဂေါက်ကလပ် အဆောက်အအုံတွင်းသို့ ဝင်လိုက်၏။

ဘားကောင်တာတွင် စာရင်းမှတ်နေရာမှ မိုနားက မော့ကြည့်ပြီး ဆို၏။

“ မင်းနောက်လှချည်လား မြင့်နွယ်၊ ရောင်းဒ်ထွက်ကြတာ လူကုန်ပြီ ”

“ ကိစ္စမရှိပါဘူး၊ ကျွန်တော် ဒီနေ့ ကက်ဒီလုပ်ဖို့ လာတာ မဟုတ်ဘူး ”

အိန္ဒိယသွေးနှောသော မိုနားက သူ့ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်၏။

“ အံမယ် . . . မင်း ဒီနေ့ တယ်ရှိုးကောင်းပါလား၊ ဇာတ်လိုက်ပဲဟေ့၊ လက်ထဲက ဘာစာအုပ်လဲ ”

“ ကဗျာစာအုပ်ပါ ”

“ ကန်စောင်းမှာ ကဗျာစပ်မလို့ပေါ့၊ ဒါပေမယ့် ဒီနေ့ မင်းမထမ်းတာ နာတာပဲ၊ အနည်းဆုံး သုံးကျပ်လောက် နာတယ် ”

“ ဘာပြုလို့ ”

“ ရန်ကုန်က ကိုယုကြိုင် လာရိုက်တယ်၊ မင်းလာမလားလို့ သူစောင့်နေသေးတယ် ”

“ ဟုတ်လား . . . အေးဗျာ ဆောရီးပဲ ”

“ ကိုယုကြိုင်က ဟိုတယ်သူဌေးမဟုတ်လား၊ ပိုက်ဆံမနှမြောဘူး၊ ကက်ဒီတော့ သိပ်ချေးများတယ်၊ မင်းကိုတော့ ဘာအသည်းစွဲသွားသလဲ မသိဘူး ”

“ သူက နံပါတ်ကိုး မရိုက်တတ်ဘူးလေ၊ အပြည့်ရိုက်ရင် ဘယ်ချည်းပဲ ထောင့်တန်းဆွဲတာ ”

“ အဲဒါ မင်းက ဘာပြင်ပေးလိုက်လဲ ”

“ ဂေါက်ကို ဘယ်နဲ့ရိုက်ရမယ်လို့ သူက အသေမှတ်ထားတာ၊ ကျွန်တော်က ညာပါသွင်းခိုင်းလိုက်တယ်၊ အဲဒီတော့ တည့်လည်းတည့် ပြေးလည်းပြေးသွားတယ်၊ ဒရိုက်ဘာကိုပါ ပခုံးအပြည့်လှည့်ပြီး ညာသွင်းရိုက်နည်းလဲ ပြလိုက်တယ်လေ၊ သူ အင်မတန်ကြောက်တဲ့ ပုသိမ်ကွင်းကို နိုင်သွားတယ်၊ ဒစ်စတန့် ရသွားတာကိုး ”

“ မင်းဟာက ငါ့နည်းပဲဟာ ”

“ ဟုတ်ပါတယ်၊ ခင်ဗျားက ကျွန်တော့်ဆရာပဲဟာ ”

မိုနားက ပြုံးပြီး “မင်း . . . ရေခဲရေသောက်ဦးမလား”ဟု မေးသည်။

“ တော်ပါပြီ၊ ကျွန်တော် ကန်စောင်းသွားလိုက်ဦး၊ ကိုယုကြိုင်ကို ပြောပါ၊ သူမပြန်သေးရင် မနက်ဖြန် ကျွန်တော် လာထမ်းပေးမယ်လို့ ”

“ အေး . . . မပြန်သေးဘူးတဲ့၊ ငါပြောလိုက်ပါ့မယ် ”

မြင့်နွယ်သည် ဂေါက်ကလပ် အဆောက်အအုံတွင်းမှ ထွက်လာပြီး ကန်စောင်းဆီ လျှောက်ခဲ့၏။

မသိမသာ ပြေပြေလေးလျှောက်ကာ ရေစပ်ဆီ ထိုးဆင်းသွားသည့် ကမ်းခြေတွင် မြင့်နွယ်က ထိုင်၏။

သည်နေရာလေးတွင် ထိုင်မိတိုင်း မြင့်နွယ်၏ရင်မှာ အေးချမ်းပြီး လွတ်လပ်သည်။

ကျွန်းဆွယ်လေးများသဖွယ် ကွေ့ကာဝိုက်ကာ လျှောလျှောသွယ်သွယ်ရှိသော ကမ်းခြေမြေတို့က လှသည်။ သဲဖြူမြေခံမှ မြက်ခင်းစိမ်းစိမ်းတို့က မျက်စိအေးသည်။ ရေပြင်သည် ကန်ရေပြင်ထက် မြစ်ရေပြင်နှင့်တူသည်။ အမှန်က ကန်သုံးဆင့်သည် ရေကန်တစ်ခုထက် လှပသော မြစ်ကွေ့လေးတစ်ခုနှင့်တူသည်။ ဟုတ်သည်၊ လှပသော၊ လိမ္မာသော၊ ယဉ်ကျေးသော မြစ်ကွေ့လေးတစ်ခုနှင့်တူသည်။

လေညင်းကြောင့် ယဉ်ကျေးလိမ္မာသော လှိုင်းနုနုတို့ ကမ်းဆီသို့ ငြိမ့်ငြိမ့်ညင်ညင် အဆက်မပြတ် ပြေးလာနေကြသည်။ အိပ်တန်းမတက်သေးသော ငှက်ငယ်များကလည်း ရေပြင်ထက် ရှပ်ကာ ပျံသန်းနေကြ၏။

ပတ်ဝန်းကျင်မှာက ရှုခင်းကို ပိတ်ဆီးကွယ်ဖုံးသော သစ်ကြီးဝါးပင်တို့မရှိ။ သည်တော့ ကျယ်လွင့်ပြန့်ပြောသော ဓာတ်ကို ခံစားရသည်။ ရင်မှာ အေးချမ်းလွတ်လပ်သည်။

မြင့်နွယ်က အနောက်ဘက်ဆီသို့ မျက်ကြောကိုဆန့်၍ လှမ်းငေးသည်။

အဝေး ဟိုဘက်ကမ်းမှာတော့ သရက်ပင် မောင်နှမရွာဆီမှ ဝါးရုံတန်းနှင့် တောတန်းသွယ်ကို တွေ့ရသည်။ မြူလွှမ်းသော တောတန်းသွယ်ကား နက်နက်ပြာပြာရှိသည်။ တောတန်းသွယ်အထက်မှာတော့ မြူပြာသည် နေရောင်နှင့် ရောကာ ခရမ်းရောင်သမ်းနေ၏။ ခရမ်းရောင်အထက်မှာတော့ ပန်းနုရောင်က တစ်တန့်ပေါ်နေသည်။ ပန်းနုရောင် နောက်ပါးမှ ဖြာထွက်သော ရွှေရောင်ဝါဝါသည် စိမ်းဖန့်ဖန့်အသွေးသို့ ကူးသွားပြီး ခိုပြာရောင် ကောင်းကင်ကြီးနှင့် ဆက်နေ၏။

မြင့်နွယ်က သက်ပြင်းချ၏။

ရှေးယခင်ကတော့ သည်သဘာဝရှုခင်းတို့သည် မိမိ၏ တစ်ဦးတည်းသော အဖော်ပါ။ မိမိ နှစ်သက်မြတ်နိုးသော တစ်ခုတည်းသောအလှပါ။ ယခုမူ . . .

မြင့်နွယ်က ကဗျာစာအုပ်လေးကို ဖွင့်လှန်၏။

အရှင်မဟာရဋ္ဌသာရ၏ နန်းမြေအောင်ချာချီ ဘုရားတိုင်ရတုလေးကို ဖတ်မိသည်။

“ နန်းမြေအောင်ချာ၊ ထွတ်ထိပ်သာထက်၊ ရတနာပုရ၊ ရွှေပြည်မ၏၊ ကယ်ထမဖြောင့်၊ နောက်တောင်ထောင့်ဝယ်၊ စိတ်ဖြောင့်ညွှတ်ကြည်၊ စော်ကဲတည်သည့်၊ ရွှေပြည်ထွတ်ချာ၊ စွယ်လကျာ ”

မြင့်နွယ်က ခေတ္တရပ်လိုက်ပြီး စိတ်ဝယ် အာရုံကို ရုပ်လုံးဖော်ကြည့်သည်။

အင်းဝကို မိမိ မရောက်ဖူး။ ထို့ကြောင့် ပတ်ဝန်းကျင်သည် ဘယ်သို့ရှိမည် မသိ။ သို့ရာတွင် စေတီတစ်ဆူကိုကား မြင်ထင်ကြည့်၍ရသည်။

စေတီတော်ခြေရင်းတွင် သူငယ်ပျိုတစ်ယောက်။ သြော် . . . မိမိအရွယ်ခန့်ပါတကား။ လက်မှာကလည်း ပန်းခိုင်တွေနှင့်။ သူငယ်ပျိုသည် စေတီတော်ကို ရိုသေစွာ ဦးချကန်တော့နေသည်။

မြင့်နွယ်က မျက်လုံးများကို စာအုပ်ဆီပြန်ပို့ပြီး ဆက်ဖက်၏။

" ရတနာပွင့်လှိုင်၊ မဥ္ဇူခိုင်နှင့်၊ ဦးတိုင်ချီမြှောက်၊ ကျွန်ုပ်လျှောက်အံ့၊ ဆယ့်ခြောက်နှစ်ပြည့်၊ မြင့်၏မထင်၊ မွတ်မွတ်စင်သား၊ မြိတ်သွင်လွှတ်စို့၊ ပြာသွယ်ညို့ကို၊ နတ်ကဲ့သို့ပင်၊ နောင်မင်းထင်သား . . . "

မြင့်နွယ်သည် ရပ်လိုက်ပြီး တွေးပြန်၏။

မြိတ်သွင်လွှတ်စို့။ သည်စကားကတော့ ငယ်ဆံတောက် ပြောင်းစအရွယ်၊ သည်လို နားလည်သည်။

ပြာသွယ်ညို့။ သည်စကားက ဘာကို ဆိုလိုပါသနည်း။ အထူးသဖြင့် ပြာဆိုသည့်စကားနှင့် ညို့ဆိုသည့်စကားတွေက၊ သည်ပြာနှင့် ညိုဟူသောစကားကို ရှင်မဟာရဋ္ဌသာရလည်း သုံးသည်။ အခြားစာဆိုတွေလည်း အလွန်သုံးသည်။ ဘယ်လိုလှသော ပြာနှင့် ဘယ်လိုလှသော ညိုပါနည်း။

မြင့်နွယ်က ရတုတွင် သူအောက်ခြေ မျဉ်းသားထားသော စာလုံးလေးတွေကို ကြည့်သည်။

" ရဝေတောင်လေး၊ ကိုယ်ရောင်ပြေးသည်၊ ညိုသွေးလဲ့လဲ့ "၊ သည်ဟာက တစ်ခု။

" ငြိမ်သက်လဲ့လဲ့၊ နွဲ့နွဲ့ရှိမ်းရှိမ်း၊ ကြောစိမ်းငယ်နု၊ ညိုရောင်စုကို "၊ သည်ဟာက တစ်ပိုဒ်။

စင်သီယာ၏ မျက်နှာလေးက မျက်လုံးများတွင် ပေါ်လာသည်။

စင်သီယာ့အသားလေးက ဖြူဖြူစင်စင်လေး။ ညက်ညက်ညောညောလေး။ မွတ်မွတ်စင်သည်ဟု ဆိုနိုင်မည်။ အသွေးမဲ့အရောင်မဲ့ ဖြူသည်တော့ မဟုတ်။ မွေးညင်းလေးတွေက ပြာပြာလဲ့လဲ့လေး လွှမ်းထားသေးသည်။ အကြောလေးတွေက ညို့ညို့စိမ်းစိမ်းလေး။ အရပ်လေးက ကြော့ကြော့သွယ်သွယ်။

ပြာသွယ်ညို့။ သြော် . . . ပြာသွယ်ညို့ ဟူသည် သည်ဟာကိုပင် ဆိုသည်ထင်၏။

အရှင်မဟာရဋ္ဌသာရမှာ အကယ်ပင် သည်လိုလှသော 'ဝဏ္ဏပဘာ' အဟုတ်ရှိခဲ့သလော။ နှောင်းလူတွေ အတူယူနိုင်ဖို့ စိတ်ကူးဖြင့် စပ်ထားခဲ့လေသလော။

ရှိခဲ့လျှင်တော့ ငယ်ကျွမ်းချစ်ပေါ့။ သူလည်း ငယ်ငယ်၊ ကိုယ်လည်း ငယ်ငယ်။ အင်းလေ . . . ဟိုတစ်ပိုဒ်မှာလည်း "ငယ်ကျွမ်းချစ်နှင့်၊ ထပ်ရစ်လက်သင်၊ ထုံးစတွင်နှိုက်"ဟု စပ်ထားသေးသည်။ ဆံထုံးထုံးသင်စအရွယ်၊ အပျိုဘော်ဝင်စ၊ အလှပြင်တတ်စအရွယ်၊ သြော် . . . စင်သီယာတို့အရွယ်။

တွေး၍ကောင်းနေခိုက် ရှေ့ရှိ ကန်ရေပြင်ထက် 'ပလုံ'ဟု ခဲကျသံ ကြားရ၏။

မြင့်နွယ်က နောက်သို့ လှည့်ကြည့်မိ၏။

သြော် . . . စင်သီယာ၊ ကိုယ့်ပြာသွယ်ညို့။

စင်သီယာက အသံလေးများထွက်အောင် ဟက်ဟက်ပက်ပက်လေး ရယ်၏။ ပြီးမှ အပြေးကလေးလာကာ သူ့အနီး မြက်ခင်းပေါ်တွင် ဝင်ထိုင်၏။

" ငိုင်နေလိုက်တာ အကြာကြီးပဲ၊ စင်သီယာ ရောက်လာတာ မသိဘူးလား "

" သြော် . . . ဟိုဒင်း ကိုယ်နည်းနည်း အတွေးလွန်သွားလို့ "

" ဘာတွေ တွေးနေတာလဲ "

" ဟိုရောက်ဒီရောက်ပေါ့ စင်သီယာရယ် "

" စင်သီယာ နောက်ကျလို့ စိတ်ဆိုးနေတာလား "

" ကြုံကြုံဖန်ဖန် စင်သီယာရယ်၊ ကိုယ်က စင်သီယာ့ကို စိတ်ဆိုးဝံ့ရမလားတဲ့ "

" ပိုတယ် . . . ချွဲတယ် . . . ဟွန်း "

စင်သီယာက လည်လေးကိုဆန့်ကာ မျက်နှာလေးကို တစ်ဖက်သို့ မလှည့်တလှည့်ပြုပြီး မျက်စောင်းလေး ထိုး၏။

မြင့်နွယ်က စင်သီယာသည် ခါတိုင်းကဲ့သို့ပင် ဆံပင်ကို ရိုးရိုးချထားသည်မဟုတ်ဘဲ တစ်မျိုးတစ်မည် ထုံးဖွဲ့လာသည်ကို သတိပြုမိ၏။

ခါတိုင်း ဆံပင်ကို ပုခုံးဝဲအောင် ချထားစဉ်က လည်တိုင်၏အလှကို ပြည့်ပြည့်ဝဝ မမြင်ရ။ ယခုမှ ငွေငန်းဖြူလည်တိုင်သည် ရှင်းရှင်းသွယ်သွယ် ပေါ်နေ၏။

" ကြည့် . . . ဘာငေးနေပြန်တာလဲ "

“ သြော် . . . ဟိုဒင်း . . . ဒီနေ့ စင်သီယာက ဆံပင်ကို တစ်မျိုးထုံးလာလို့ ”
“ ကြည့်ကောင်းလား ”
“ ဖိုးစိန်ကြီးဆိုတဲ့ သီချင်းကို သွားသတိရတယ် ”
“ ဘာရယ် ”
“ ဖိုးစိန်ကြီးက ဆိုတယ်၊ လှတဲ့သူဟာ သနပ်ခါးလိမ်းဖို့ မလိုဘူးတဲ့ ”
“ အဲဒါက ဘာပြောတာလဲ ”
“ သြော် . . . လှပြီးသူဟာ ဘာလုပ်လုပ် ဘယ်လိုနေနေ လှနေတာပဲတဲ့ ”
“ ယူ့မျက်စိထဲမှာ စင်သီယာ တကယ်ပဲ လှနေလား၊ ဟုတ်လား ”
“ တကယ်ပဲ လှနေပါတယ် စင်သီယာ ”
“ ယူ . . . တခြားကောင်မလေး ဘယ်နှစ်ယောက်ကော ဒီလိုပြောဖူးလဲ ”
“ မပြောဖူးပါဘူး စင်သီယာ၊ ပြောစရာလည်း တွေ့တော့မှာ မဟုတ်ပါဘူး ”
“ ဘာပြုလို့ ”
“ နတ်ရှင်နောင်ဆိုတဲ့ ကဗျာစာဆိုကြီးက စပ်ဖူးတယ်၊ တူခန့်ဘက်ပြိုင်၊ စံသာတိုင်သာ၊ ခြောက်ဆိုင်မြင့်ခန်း၊ လှတဝန်းဝယ်၊ တောင်စွန်းညာဖျား၊ ထွတ်တင်ထားနှင့်၊ နှစ်ပါးရှိုင်းရှည်၊ နှုန်းလာလှည့်လည်း၊ ဖြိုးပြည့်လလျှံ၊ ကြယ်နှယ်ရံလိမ့် . . . တဲ့ ”
စင်သီယာက မျက်မှောင်လေးကြုတ်ပြီး ညည်းညည်းညူညူဆို၏။
“ ယူ့ကဗျာတွေကို စင်သီယာ နားမလည်ဘူး ”
“ ကိုယ်ရှင်းပြပါ့မယ်၊ နတ်ရှင်နောင်က ဆိုတယ်၊ တစ်လောကလုံးမှာ သူ့ချစ်သူ အလှဆုံးပါတဲ့၊ တခြား ဘယ်သူကမှ မမီပါဘူးတဲ့၊ လူချင်းမပြောနဲ့၊ နတ်ပြည်ခြောက်ထပ်က နတ်မိဖုရားတွေ လာပြိုင်တာတောင်မှ လမင်းကြီးကို လာပြိုင်တဲ့ ကြယ်လေးတွေသာ ဖြစ်သွားမယ်တဲ့ ”
“ အဲဒါနဲ့ ဘာဆိုင်လို့လဲ ”
“ ဆိုင်တယ်လေ ကိုယ်ကလည်း လမင်းကြီးကိုမြင်ဖူးတော့ ကြယ်လေးတွေကို လှတယ်လို့ မပြောတော့ဘူး ”
စင်သီယာက မျက်စောင်းလေး ထိုးပြန်သည်။
“ ကိုပိုကြီး . . . သိပ်ပိုတဲ့ ကိုပိုကြီး၊ ဟင်း . . . ဒါနဲ့ ဘယ်မှာလဲ၊ စင်သီယာ့အတွက် နာမည် ”
စင်သီယာက ယခု ပုသိမ်တွင် ဗရင်ဂျီကျောင်းဟု ခေါ်ကြသော စိန့်ဂျိုးဆက်ဖ် ကွန်ဗင့်၌ တက်နေသည်။ ယခုနှစ် ရှစ်တန်း၊ နောက်နှစ်တွင် ကိုးတန်းရောက်ပြီး အစိုးရစစ် စာမေးပွဲဖြေရတော့မည်။ အစိုးရစစ်မဖြေမီ မြန်မာနာမည် တစ်ခု လိုချင်သည်။ ရိုးရိုးနာမည်မဟုတ် လှလှပပ နာမည်တစ်ခု။
“ ကိုယ်ရွေးထားပြီးပါပြီ၊ ဒါကြောင့်လည်း အခု လာစောင့်နေတာပေါ့ ”
“ ဒါဖြင့် ပြောလေ၊ ဂွက်ထော်တို့၊ ဘုတ်ဆုံတို့တော့ မလုပ်နဲ့နော် . . . ဒါပဲ ”
“ မလုပ်ပါဘူး စင်သီယာရယ် . . . ကိုယ် ကောင်းကောင်းရွေးထားတယ်၊ ကိုယ်လေ တစ်ပတ်တောင် စဉ်းစားထားရတာ ”
“ အံမယ်လေး ဆိုလိုက်တဲ့စာ၊ ပြောပါ မြန်မြန်ပြောပါ ”
“ ကဲ . . . နားထောင်၊ သီတာလွင်တဲ့ ”
“ ပြန်ပြောဦး ”
“ သီတာလွင်တဲ့၊ နေဦး ကိုယ်ကဗျာလေးတောင် စပ်ထားသေးတယ် ”
“ ကဗျာလေးတောင် စပ်ထားသေးတယ်၊ ဆိုပြ ”
“ ရင်မှသော်တာ၊ လစန္ဒာမို့၊ သီတာလွင်လွင်၊ လှထွတ်တင်ကို၊ သဇင်တနှုန်း၊ အင်ဂမုန်းသို့၊ နောင့်ဘုန်းသည်းအူ၊ မှတ်၍ယူသည်၊ ကြည်ဖြူနောင့်သက် ခိုင်မှူတည်း ”
စင်သီယာက ရယ်ပြန်၏။
“ အဲဒါလည်း နားမလည်ပြန်ဘူး ”
“ သီတာလွင်ဆိုတဲ့ နာမည်ကို ကြိုက်ရဲ့လား ”
“ အင်း . . . ကြိုက်တယ်၊ လှတယ်၊ ယူ ဘာလို့ အဲဒီလို ရွေးပေးတာလဲ ”

" စင်သီယာ့ကို ဆီလျော်အောင် ဘာသာပြန်ရတာလေ၊ စန္ဒာတို့ သော်တာတို့လည်း ရတာပါပဲ၊ ဒါပေမယ့် မယ်သီလ တွေမှာလည်း ဒီနာမည်မျိုးရှိတယ်၊ သီတာဆိုတာက အေးတဲ့ခေတ်မှန်သမျှကို ခေါ်တာ၊ လမင်းကိုလည်း သီတဂူလို့ ခေါ်ကြတယ်၊ ပြီးတော့ သီတာဆိုတာက ရှေးက အင်မတန်လှတဲ့ မင်းသမီးလေး နာမည်၊ သီရိနတ်သမီး၊ ဥမ္မာနတ်သမီးတွေ ကိုလည်း သီတာလို့ပဲ ခေါ်ကြတယ်၊ လနတ်သမီးကို စင်သီယာ၊ ဒိုင်ယင်နယ်၊ အာတမစ်(စ်)၊ အမျိုးမျိုး ခေါ်သလိုပေါ့၊ လွင်ဆိုတာကတော့ စင်သီယာ့အဖေနာမည် ပါအောင်ပါ "

စင်သီယာက ပြုံး၏။

" စင်သီယာတို့၊ ဒိုင်ယင်နယ်တို့၊ အာတမစ်(စ်)တို့ကိုကော ယူ ဘယ်လိုလုပ်သိသလဲ "

" ကိုယ်တို့ကျောင်းမှာလဲ အုဒ် တူ ဒိုင်ယူနယ် (လနတ်သမီးဘွဲ့) ကဗျာကို သင်ရပါတယ် "

" ဟုတ်ပါရဲ့၊ ယူတို့ ပုသိမ် အစိုးရဟိုက်စကူးကလည်း စာသိပ်မြင့်တယ် ပြောတယ်၊ ဟုတ်လား "

" ပြောကြတာပဲ . . . ပုသိမ်ရယ်၊ ရန်ကုန်ရယ်၊ ပြည်ရယ်၊ စစ်ကိုင်းရယ်၊ အဲဒီ ဟိုက်စကူးတွေက အထူးဟိုက်စကူး တွေတဲ့၊ ဟက်ဒ်မာစတာ အုပ်ချုပ်တာမဟုတ်ဘူး၊ ပရင်စစ်ပယ်လ် အုပ်ချုပ်တာ "

" ဒါတောင် ယူအတန်းထဲမှာ အမြဲတမ်း ပထမရတယ်နော် "

" စင်သီယာ ဘယ်လိုလုပ်သိသလဲ "

" နယ်ပိုင်ဝန်ထောက်သား အေးကိုက ပြောပြတာ၊ ယူနဲ့ ရှစ်တန်းမှာ တစ်တန်းတည်းဆို "

" အေးကိုက ကိုယ့်အချစ်ဆုံး သူငယ်ချင်းပဲဟာ "

" သူကပြောတယ် ယူက စာလည်းတော်တယ်၊ ကဗျာလည်း စပ်တတ်တော့ ကောင်မလေးတွေက သိပ်ကြိုက်ကြ တယ်ဆို၊ ယူ ဖိုးစွံပေါ့ "

" တောက်တီးတောက်တဲ့ စင်သီယာရယ်၊ ကိုယ့်လို ပထွေးနဲ့ ကိုယ့်ပိုက်ဆံကိုယ်ရှာ ကျောင်းတက်နေရတဲ့ကောင်ကို ကောင်မလေးတွေက ကြိုက်ပါ့မလား "

" သိဘူးလေ အေးကိုပြောတာပဲ၊ စင်သီယာကတော့ . . . ဟင်း . . . ယူ့ကို မုန်းတယ် သိလား "

" မုန်းတယ် ဘာပြုလို့ "

" မုန်းတာပေါ့၊ ယူက သိပ်တတ်နိုင်တဲ့လူ၊ တွေ့စတုန်းကလည်း တကတည်း တကယ့် ဘုန်းကြီးသေးသေးလေး လေအပြည့်နဲ့၊ ပြီးတော့ အိမ် ကားလာပြင်ပေးတုန်းကလည်း တကယ့်မက္ကင်းနစ်ကြီးဂိုက်နဲ့၊ ယူက စင်သီယာ့ကို အရူးလုပ် တာကိုး "

" အရူးမလုပ်ရပါဘူး စင်သီယာရယ်၊ ဟိုတုန်းက ဒီဇင်ဘာကျောင်းပိတ်တုန်းက အမေက ကိုရင်ဝတ်ခိုင်းလို့ ဝတ်နေ ရတာ၊ ကားလာပြင်ပေးတုန်းကလည်း တကယ် လာပြင်ရတာပဲဟာ၊ အခုလည်း စင်သီယာတို့ခေါ်ရင် ကိုယ်လာပြင်ပေးနေတာပဲ မဟုတ်လား "

" တကတည်း တော်ပါတော့၊ စင်သီယာက အဟုတ်ပြောတာ ကျနေတာပဲ "

" နို့ . . . စင်သီယာက မုန်းတယ်ဆို "

စင်သီယာ၏ လှပသော မျက်စောင်းဒဏ်ကို ကျေနပ်ဖွယ်ရာ ခံယူရပြန်၏။

" ယူ . . . သိပ်ဝိတာပဲ၊ ယူ့ကို ဘယ်သူက မုန်းလို့လဲ၊ မုန်းရင် ခုလို လာစကားပြောနေပါ့မလား ကိုယ်တော်ရဲ့ "

သူ့ရင်မှာ အေးတစ်လှည့်၊ နွေးတစ်လှည့် ဖြစ်သွားသည်။

သူက စင်သီယာ၏ မျက်နှာလေးကို စိုက်ကြည့်သည်။ စင်သီယာကလည်း မျက်လုံးလွှဲမသွားဘဲ သူ့ကို ပြန်ကြည့်နေ၏။

ခပ်လှမ်းလှမ်းမှ ဂေါက်သီးနှင့် သစ်သားတုတ် ရိုက်မိသံများ ပေါ်လာ၏။

စင်သီယာက လှမ်းကြည့်ပြီး နေရာမှ ထ၏။

" ဟော . . . ကိုးကျင်းဝင်လာကြပြီ၊ ဒက်ဒီတို့များလား မသိဘူး၊ ဒက်ဒီ့ကြိုတဲ့ကားနဲ့ စင်သီယာ လိုက်လာတာ "

သူကလည်း လှမ်းကြည့်သည်။ နံပါတ်ကိုး ဘရောင်း (သဲကွက်)ဆီ ရိုက်လာကြသူများတွင် အရေးပိုင်ကို မမြင်။ ကိုယုကြိုင်ကိုသာ ပုသိမ်ကွင်း၏ ချန်ပီယံများဖြစ်ကြသော ဦးမေရွှင်၊ ဦးဘချူး၊ မစ္စတာဂျော့တို့နှင့်အတူ တွေ့ရ၏။

စင်သီယာက သူ့ဘက်လှည့်ပြီး ပြော၏။

" ဒက်ဒီတော့ ပါမလာသေးဘူး၊ ဒါပေမယ့် လာခါနီးပြီ၊ စင်သီယာ သွားတော့မယ်၊ ဩော် . . . ဒါထက် ယူရေ "

" ဘာလဲ စင်သီယာ "

" ယူ . . . ခုနင်က ရွတ်ပြတဲ့ကဗျာလေး စင်သီယာ့ကို ရေးပေးမလား "

" ဘယ်ကဗျာဟာလဲ "

“ စင်သီယာ့နာမည် ပါတာလေ ”
“ စင်သီယာလိုချင်ရင် ကိုယ်ရေးခဲ့မယ်လေ ”
“ ရေးခဲ့၊ မနက်ဖြန် စင်သီယာ ဒီပဲ လာခဲ့မယ်၊ စောင့်နေနော် ”
“ ကောင်းပါပြီ စင်သီယာ ”
စင်သီယာက သူ့ကို အပြုံးလေးနှင့် နှုတ်ဆက်ပြီး ဂေါက်ကလပ် အဆောက်အအုံဆီ ပြန်ပေးသွား၏။
မြတ်နိုးစုံမက်ခြင်း၊ ကျေနပ်နှစ်သိမ့်ခြင်း၊ ကြည်နူးဝမ်းသာခြင်းတို့ ပေါင်းစပ်ရောယှက်သော ရင်ဖြင့် မြင့်နွယ်သည် သူ့ပြာသွယ်ညို့ကို မျက်စိတစ်ဆုံး ငေးကြည့်ကျန်ရစ်သည်။
ကန်စောင်းမှာ သူက ဆက်ထိုင်သည်။
ဥဩသံကို ကြားရသည်။ ဥဩသံသည် ခါတိုင်းနှစ်ထက် ပို၍ချိုသည်ဟု ထင်မိသည်။ ဩော် . . . ပတ်ဝန်းကျင် တစ်ခုလုံးသည် ခါတိုင်းထက် ပိုလှနေပါ၏။
ပိုလှသည်ပေါ့၊ ကိုယ့်ရင်မှာက လသာနေသည်ကိုး။ ကိုယ့်ရင်တစ်ခုလုံး ထိန်အောင် ငွေလက သာနေသည်ကိုး။
မြင့်နွယ်သည် စင်သီယာအတွက် သူစပ်ထားသော ကဗျာကို တိုးတိုးပြန်ရွတ်သည်။
“ ရင်မှသော်တာ၊ လစန္ဒာမို့၊ သီတာလွင်လွင်၊ လှထွတ်တင်ကို၊ သဇင်တနှန်း၊ အင်ဂမုန်းသို့၊ နောင့်ဘုန်းသည်းအူ၊ မှတ်၍ယူသည်၊ ကြည်ဖြူနောင့်သက် ခိုင်မျှတည်း ”

( ၈ )

နောင့်သက်ခိုင်သမျှ၊ ကိုယ့်အသက်ခိုင်သမျှ။
ဦးမြင့်နွယ်သည် လှဲနေရာမှ ထလိုက်သည်။ ဝမ်းနည်းစွာလည်း ပြုံးမိ၏။
ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ၊ ငယ်ကပေါင်း အနှစ်တစ်သောင်း မမေ့ကောင်း၊ ရှေးစကားပုံတွေကလည်း ဆိုထားသည်။
စကားပုံရှိသည်လည်း ဟုတ်သည်။ လူ့သဘာဝလည်း မှန်သည်။ ကဗျာသဘော စာသဘောအရလည်း လှသည်။
သို့ရာတွင် စိတ်သဘောအရမူ အတိတ်ဥခွံတွင်းမှ မထွက်မြောက် မပေါက်ဖွားနိုင်ခြင်းသာဖြစ်သည်။ တရားသဘောနှင့် ဆင်ခြင်ပြန်တော့ ဥပါဒါန်။
ဩော် . . . မွန်မွန်နှံ့သီချင်းက စာသားလေးအတိုင်း ဘာတဲ့ . . .
“ တိမ်ညိုမွဲနဲ့ ငိုပွဲဆင် မောထိုက်ပြီထင်၊ သမုပ္ပါဒ နောက်ကြောင်းငင်၊ မိုးနတ်မောင် ဥပါဒါန် လုလင် ”
ဦးမြင့်နွယ်က လှုပ်ရှားသော စိတ်ငြိမ်ရန် တစ်စုံတစ်ခုလုပ်မည် ဆုံးဖြတ်၏။
ခရီးထွက်ရဦးမည်ကို သတိရသည်။ သာစည်ဆိုတော့ ကိုယ့်ကားနှင့်ပင် ကိုယ်သွားမည်။ ဆရာဦးဆန်းထွန်းကလည်း မိမိကားနှင့် လိုက်မည်ဟု ပြောထားသည်။ ဆရာနှင့်အတူ ခရီးထွက်ရလျှင်ကား ပျင်းဖွယ်မရှိ။ ဗဟုသုတလည်း တိုးဦးမည်။
အချိန်မှာ ငါးနာရီမထိုးသေးသဖြင့် နေရောင်ကောင်းကောင်း ရှိသေးသည်။ ခရီးလမ်းမှာ စိတ်ချရအောင် ကားကို စစ်ဆေးလျှင် ကောင်းမည်။
ဦးမြင့်နွယ်သည် စပို့ရှပ်လက်တိုနှင့် ရှမ်းဘောင်းဘီဝတ်ပြီး ကားရုံဆီသို့ ဆင်းခဲ့၏။
ကားဦးဖုံးကို ဖွင့်ပြီး မီးပေးစနစ် အစိတ်အပိုင်းတို့ကို အရင်စစ်သည်။
မျက်လုံးတို့က ဒစ်စတြီဗျူတာဆီ ရောက်သွားသည်။
အပေါ်မှအုပ်ထားသော ရော်ဘာစွပ်ကို လှန်ချွတ်လိုက်သောအခါ ကက်ပ်ဖုံးလေးက ပေါ်လာသည်။
ဦးတုတ်ဝင်း၏ အမှာစကားကို သတိရမိသည်။ မွန်မွန်နှံ့ကို သူမှာလိုက်သော စကားတို့ကိုလည်း သတိရမိသည်။
ထူးထူးဆန်းဆန်း အတွေးအခေါ်တစ်ခုကလည်း ခေါင်းတွင်းဝင်လာသည်။
အပြစ်အနာလေးနှင့် ဖြစ်သော်လည်း သူ့အလုပ်သူလုပ်နိုင်သေးသော ဤကက်ပ်ဖုံးလေးသည် အသုံးဝင်နေပါသေး၏။
အသည်းမှာ ဒဏ်ရာလေးနှင့် ဖြစ်သော်လည်း ကိုယ့်ဘဝလမ်းကိုယ် လျှောက်နိုင်သေးသောလူသည် အင်း . . . သည်လောကမှာ အသုံးဝင်ပါသေး၏။
အသုံးဝင်ပါသေး၏။

* * *

## အခန်း [ ၅ ]

### ( က )

စိတ်ပညာ သင်တန်းခန်းမတွင် ဖြစ်၏။

ဦးမြင့်နွယ်သည် ကျောက်သင်ပုန်းကြီးပေါ်၌ 'ဆိုက်ကိုဈူရိုးဆစ်' ဟူသော စာလုံးများကို လက်ရေးကြီးကြီးဖြင့် ရေးလိုက်၏။

တပည့်များထံမှ စိတ်ဝင်စားမှုဖော်ပြသောအသံများ ဟဲကနဲ ထွက်လာ၏။

ဦးမြင့်နွယ်က စတင်ပို့ချ၏။

" ဒီစကားကို တပည့်တို့ စိတ်ပညာ မယူခင်ကတည်းက ကြားဖူးပြီး ဖြစ်ကြလိမ့်မယ်ထင်တယ်၊ ဘာဆိုတာလဲ ဝေဝေဝါးဝါး နားလည်သလိုလိုလဲ ရှိကြမယ်ထင်တယ်၊ ဒီနေ့တော့ စနစ်တကျ တို့ဆွေးနွေးလေ့လာကြရအောင်။

လူတစ်ယောက်မှာ ဝေဒနာတစ်ရပ်သော်လည်းကောင်း၊ ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ အပြုအမူတစ်ရပ်သော်လည်းကောင်း ရှိနေတယ် ဆိုကြပါစို့၊ အဲဒီ ဝေဒနာ၊ အဲဒီအပြုအမူနဲ့ ဆက်စပ်နေတဲ့ ရုပ်ခန္ဓာပိုင်းဆိုင်ရာ အခြေခံတစ်ခုခုကိုလည်း တွေ့တယ် ဆိုကြပါစို့၊ ဒေးလူတွေနဲ့တကွ ကာယကံရှင်ဟာ 'ဘာကြောင့်မို့ ဘာဖြစ်နေတယ်' ဆိုတာ နားလည်သဘောပေါက်ကြတယ်။

ဒါပေမယ့် လူအချို့မှာ ဝေဒနာသော်လည်းကောင်း၊ မိမိကိုယ်၌မနှစ်သက်၊ လက်မခံချင်ဘဲလျက်က မတားနိုင် မဆီးနိုင်တဲ့ အပြုအမူမျိုးသော်လည်းကောင်း ရှိနေတတ်တယ်၊ ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးနည်းတွေနဲ့ အမျိုးမျိုး အစစ်ဆေးခံ ကြည့်တော့လည်းပဲ ရုပ်ခန္ဓာ ရောဂါဗေဒနဲ့ ဆိုင်တဲ့ အခြေခံအချက်အလက် တစ်ခုကိုမှမတွေ့ရဘူး၊ ဒီလိုလူမျိုးတွေကို ယေဘုယျအားဖြင့် စိတ်ရောဂါရှင်တွေလို့ သတ်မှတ်ကြတယ်၊ ဒေးလူတွေနဲ့တကွ ကာယကံရှင်ဟာ ဘာကြောင့်မို့ ဘာဖြစ် နေတယ်ဆိုတာ အလွယ်တကူ နားလည်သဘောပေါက်နိုင်ခြင်းမရှိဘူး။

စိတ်ရောဂါကို အဓိက အမျိုးကြီးနှစ်မျိုးခွဲနိုင်တယ်၊ တစ်မျိုးက 'ဈူရိုးဆစ်'၊ တစ်မျိုးက 'ဆိုက်ကိုးဆစ်'။

ဒီနေ့ ဈူရိုးဆစ်အကြောင်း အသေးစိတ် စကြရအောင်၊ မှီငြမ်းပြုဖို့ကတော့ 'လင်းဒစ်စ်'နဲ့ 'ဘိုးလေးစ်'တို့ရဲ့ 'စံလွဲ စိတ်ပညာ' စာအုပ် အခန်းခြောက်ကို ဆရာညွှန်တယ်။

ဈူရိုးဆစ် ဆိုတဲ့စကားက မူလမှာတော့ နဗ်ကြောရောဂါကို ဆိုလိုခဲ့တယ်၊ ဒါပေမယ့် လေ့လာတွေ့ရှိချက်တွေအရ နဗ်ကြောရောဂါလည်းမဟုတ်ဘူး၊ ဒါကြောင့် ဆိုက်ကိုဈူရိုးဆစ် ဆိုတဲ့စကားကို တီထွင်သုံးရပြန်တယ်၊ စိတ်နဲ့ နဗ်ကြောရောဂါလို့ တည့်တည့်ပြန်ရင် အဓိပ္ပါယ် ဒီလိုထွက်နေတယ်၊ ဒီနာမည်ဟာလည်း စိတ်ကျေနပ်ဖွယ် မရှိပြန်ဘူး၊ နာမည်ဟာ နာမည်သာပါပဲ၊ နာမည်ကနေ ဆိုလိုတဲ့ သဘောအကုန်လုံးကို မသိနိုင်ဘူး၊ ဒီတော့ သီးသန့်အနက်ဖွင့်ဆိုရတယ်။

ယေဘုယျအားဖြင့်တော့ ခိုင်မြဲရှည်ကြာပြီး အထွေထွေသဘောကိုဆောင်တဲ့ မနှစ်မြို့ မလိုလားဖွယ်သော စိတ်လှုပ်ရှားမှု အခြေအနေကို ဆိုက်ကိုဈူရိုးဆစ်လို့ ခေါ်တယ်၊ ဒီအခြေအနေကို လူအချို့မှာသာ တွေ့ရတယ်၊ ဒီအခြေအနေကို ဖြစ်ပေါ်စေတဲ့ ရုပ်ခန္ဓာ ရောဂါဗေဒ အခြေခံဟာမရှိဘူး၊ ဒီထက်ပိုပြီး ခွဲခွဲခြားခြား သတ်သတ်မှတ်မှတ် အနက်ပေးမယ် ဆိုရင်တော့ စိုးရိမ်ခြင်း၊ ကြောင်းကျိုးဆီလျော်မှုကင်းစွာ ကြောက်ရွံ့ခြင်း၊ အဓိပ္ပါယ်မဲ့သယောင်ဖြစ်တဲ့ အပြုအမူတစ်ခုကို မလုပ်မနေနိုင်ခြင်း၊ အတွေးတစ်ခု ဒါမှမဟုတ် သဘောတစ်ခု ဒါမှမဟုတ် ခံစားမှုတစ်ခုဟာ စိတ်မှာမပေါ်ဘဲ မနေနိုင်ခြင်း၊ ရုပ်ခန္ဓာ အခြေခံဘာမှမရှိဘဲ ရုပ်ခန္ဓာ ဒုက္ခတစ်ခုခုဖြစ်နေခြင်းစတဲ့ ဖြစ်ရိုးဖြစ်စဉ် အခြေအနေ စံတွေက လွဲနေတဲ့၊ စံလွဲမှု တွေကို ဆိုက်ကိုဈူရိုးဆစ်လို့ ခေါ်တယ်။

အခု ရေတွက်ပြခဲ့တဲ့ လက္ခဏာတွေဟာ သာမန်လူတိုင်းထဲက လူတွေမှာကော မရှိဘူးလားလို့ မေးရင် အနည်းနှင့် အများတော့ ရှိကြတာချည်းပဲ၊ ခြားနားတာက ဆိုက်ကိုဈူရိုးဆစ် ရောဂါရှင်မှာက အဲဒီလက္ခဏာဟာ မြဲစွဲပြီး တာရှည်တယ်၊ သူ့ရဲ့ ဘဝဟန်ပန်ဖြစ်နေတယ် "

" အခု ဆရာပြောခဲ့တဲ့ စကားတွေကို နားလည်နိုင်အောင် လက္ခဏာအားဖြင့် ခွဲခြားသတ်မှတ်ထားတဲ့ ရောဂါ တစ်ခုစီကို နမူနာယူပြီး ဆန်းစစ် သရုပ်ခွဲကြည့်ကြမယ် "

ဦးမြင့်နွယ်သည် တစ်နာရီကြာမျှ ပို့ချသွားသည်။ အထူးသဖြင့် စိုးရိမ်ခြင်းအကြောင်းကိုလည်း စုံစုံလင်လင် အသေးစိတ် ရှင်းပြရသည်။ အမှန်တော့လည်း ဆိုက်ကိုဈူရိုးဆစ် ရောဂါအားလုံး၏ ဘုံလက္ခဏာကား စိုးရိမ်ခြင်းပင် မဟုတ်ပါလော။ စိတ်ပညာရှင်အများက စိုးရိမ်ခြင်းကို စိတ်ရောဂါဇာတ်လမ်းမှ အဓိက လူကြမ်းမင်းသားကြီးဟုပင် တင်စားခေါ်ဆိုကြသည်။

ပို့ချမှုပြီးသောအခါ ဦးမြင့်နွယ်က မိမိ၏အခန်းဆီ ပြန်လာခဲ့သည်။

တစ်ခန်းတည်း အတူထိုင်သော လက်ထောက်ကထိက ဦးခင်မောင်သန်းက ဆီးပြော၏။

“ ဆရာ့ကို ဧည့်သည်တစ်ယောက် လာရှာတယ် ဆရာ ”

“ ဟုတ်လား ဘယ်သူတဲ့လဲ ”

“ ဘယ်သူရယ်လို့ မပြောဘူး ဆရာ၊ ထိုင်စောင့်ပါဆိုတော့လည်း မထိုင်ဘူး၊ ကားပေါ်ကပဲ သွားစောင့်နေပါ့မယ်တဲ့၊ အတန်းပြောင်း ခေါင်းလောင်းသံကြားမှ သူ တစ်ခေါက်လာပါ့မယ်တဲ့ ”

“ သြော် . . . ဟုတ်လား၊ ယောကျ်ားလား၊ မိန်းမလား ”

“ မိန်းမ ဆရာ၊ အသက် သုံးဆယ်လောက်ရှိပြီ ”

ဦးမြင့်နွယ် မျက်မှောင်တွန့် စဉ်းစားသည်။ မည်သူဖြစ်နိုင်သည်ဟု မခန့်မှန်းတတ်။

ဦးမြင့်နွယ်က လက်ဆေးကြွေရေကန်၌ မြေဖြူမှုန့်များပေနေသော လက်တို့ကို ဆေးကြောသည်။ လက်သုတ်ပြီး စားပွဲ၌ ပြန်အထိုင်တွင် ဧည့်သည်က ရောက်လာ၏။

“ သြော် . . . နော်မြသွေး၊ လာ . . . လာ . . . ထိုင်ပါ ”

ဦးမြင့်နွယ်က စားပွဲရှေ့ရှိ ကုလားထိုင်ကို ညွှန်ပြပြီး ဆို၏။ စိတ်တွင်း၌လည်း အနည်းငယ် အံ့သြမိသည်။

နော်မြသွေး ထိုင်ပြီးသောအခါမှ ဦးမြင့်နွယ်က မေးသည်။

“ ဆို . . . နော်မြသွေး၊ ကျွန်တော် ဘာအကူအညီ ပေးနိုင်ပါသလဲ ”

“ ကျွန်မကို မွန်မွန်က လွှတ်လိုက်လို့ပါ ”

နော်မြသွေးက အေးချမ်းစွာပြုံးရင်း ချစ်ဖွယ်သော အသံဝဲဝဲဖြင့် ဆို၏။

“ ဟုတ်လား မွန်မွန်က ဘာကိစ္စတဲ့လဲ ”

“ ဖိတ်ခိုင်းတာပါ ဆရာ၊ မွန်မွန်က ဆရာအားရင် သူ့အိမ်ကို လာပါတဲ့၊ ဟောဒီမှာ စာရေးပေးလိုက်တယ် ”

နော်မြသွေး ကမ်းပေးသော စာအိတ်ကို လှမ်းယူ၍ ဖောက်ပြီး ဦးမြင့်နွယ်က ဖတ်ကြည့်သည်။

မင်ရောင်က ဦးမြင့်နွယ် နှစ်သက်သော တားကွစ်ဇ်ဘလူးခေါ် အပြာနုရောင်။ လက်ရေးလေးတွေက လှပ ဝိုင်းစက်သော ကဗျာလက်ရေးမျိုး။

“ ဆရာ ခရီးထွက်ရာက ပြန်ရောက်ပြီထင်လို့ မွန်မွန်ဖိတ်ပါတယ်။ မွန်မွန်တို့အိမ် လာလည်ပါဦး ဆရာ။ လာလည်ပါမယ်လို့ ဆရာက ကတိပေးခဲ့လို့လည်း မွန်မွန် ဖိတ်ရဲရတာပါ။

ဆရာ့ဆီ ကြောက်ကြောက်ရွံ့ရွံ့နဲ့ လာဖြစ်အောင် လာခဲ့မိသလို အခုလည်း ကြောက်ကြောက်ရွံ့ရွံ့နဲ့ပဲ မွန်မွန် ဖိတ်ဖြစ်အောင် ဖိတ်မိတာပါ။ ဆရာ့ကို နှောင့်ယှက်မိရာကျမှာ မွန်မွန် သိပ်ကြောက်ပါတယ်။

ဆရာ အားတဲ့အချိန် လာပါ ဆရာ၊ မွန်မွန်ကတော့ အမြဲအားနေသူပါ။ အင်းလေ . . . ဘာမှ ဟုတ်တိပတ်တိ မလုပ်နိုင်တော့ ဒီလောကကြီးမှာ အပိုလိုပေါ့။ ဒီတော့ မွန်မွန် အမြဲအားနေတယ်။ ကိုယ်က အားနေတာမို့ တခြားလူတွေကို နှောင့်ယှက်မိမှာတော့ မွန်မွန် ကြောက်တယ်။

မွန်မွန့်စာမှာ အမှားပါရင် ခွင့်လွှတ်ပါ ဆရာ . . . ”

ဦးမြင့်နွယ်က မွန်မွန့်စာကို တစ်ခေါက်မဟုတ်၊ နှစ်ခေါက်ပြန်ဖတ်မိသည်။

နော်မြသွေးက ဦးမြင့်နွယ်၏ မျက်နှာထားကို အကဲခတ်ဟန် စိုက်ကြည့်နေသည်။

ဦးမြင့်နွယ် မော့ကြည့်လိုက်ချိန်၌ နော်မြသွေးမှာ တစ်စုံတစ်ခု ပြောချင်ဟန် နှုတ်ခမ်းပြင်နေ၏။

“ ကျွန်တော့်ကို ဘာပြောမလို့လဲ၊ ပြောပါ နော်မြသွေး ”

နော်မြသွေးက ရယ်သည်။

“ ဆရာ ဒီလိုပဲ လူ့စိတ်ကို ကြိုတင်သိနေတာပဲလား ”

“ သြော် . . . ထင်တာပြောမိတာ တိုက်ဆိုင်သွားတယ်နဲ့ တူပါတယ် ”

“ တိုက်ဆိုင်တာ မဟုတ်ဘူး၊ ကျွန်မ တကယ်ပြောမလို့ ”

“ ကဲလေ . . . ပြော ”

“ အဟင်း . . . ဘယ်လိုပြောရမှန်းလဲ မသိဘူး ”

“ ဟောဗျာ . . . ကဲ . . . အဲဒီ မသိတာပဲပြော ”

နော်မြသွေးမှာ ရယ်ပြန်၏။ ဤအမျိုးသမီးမှာ အားလျှင် ရယ်နေတတ်သည် ထင်သည်။ သြော် . . . ရယ်လွယ်သူသည် သဘောမနောလည်း ကောင်းတတ်သည်။

“ ကျွန်မ အဲဒီဖိတ်စာ လာပေးတာကို ပြောမလို့ ”

“ အင်း . . . ပြောပါ ”

“ ပထမ မွန်မွန်က ဒရိုင်ဘာကို ပေးခိုင်းတာ၊ ကျွန်မက တမင် ပို့ပေးမယ်ဆိုပြီး လာပို့တာ ”

“ အင်း . . . ”

“ ဆရာ လာမယ်မဟုတ်လား ”

“ ခင်ဗျာ ”

“ လာလည်ပါလို့ ကျွန်မကပါ တောင်းပန်တာ၊ မွန်မွန့်အကြောင်းကို သိလို့ပါ၊ မွန်မွန်က သူများနဲ့တူတာ မဟုတ်ဘူး”

“ ဘယ်လို မတူတာလဲ ”

“ အားကြီး ဝမ်းနည်းတတ်တယ်၊ ပြီးတော့ သူက တစ်မျိုးတစ်မျိုးတွေးတယ် ”

“ ဘယ်လို တစ်မျိုးတစ်မျိုး တွေးတာလဲ ”

“ ဟိုဒင်းလေ ဘာလဲ . . . အဲ . . . သိပြီ၊ မွန်မွန်က စိုးရိမ်တဲ့ဘက်ကချည်း လှည့်တွေးတတ်တယ် ”

ဦးမြင့်နွယ်က နော်မြသွေးကို တစ်ချက်စိုက်ကြည့်သည်။ ပြီးမှ သဘောပေါက်ကြောင်း ခေါင်းညိတ်ပြ၏။

“ ဒါဖြင့် ဆရာ လာမယ်ပေါ့ ”

“ လာပါ့မယ်လေ၊ ဘယ်တော့ လာစေချင်လဲ ”

“ ဒီညနေပေါ့ ”

“ ဒီညနေ ”

“ ဆရာ့မှာ တခြားအလုပ် မရှိရင်ပေါ့၊ မွန်မွန်လည်း တစ်ည အစိုးရိမ် သက်သာသွားတာပေါ့ ”

“ အဲဒါက ဘာပြောတာလဲ ”

“ ကျွန်မ ပြောပြီးပြီလေ၊ မွန်မွန်က စိုးရိမ်တဲ့ဘက်ကချည်း တွေးတတ်တယ်လို့၊ လာပါမယ်လို့ပြောတာ သူက ယုံချင်မှ ယုံမှာ ”

ဦးမြင့်နွယ်က မွန်မွန်၏စာကို တစ်ခေါက် ဖတ်ပြန်၏။

ဘာကြောင့်မသိ၊ သူ့ရင်၌ ကရုဏာတရား ပေါ်လာသည်။

“ ကောင်းပါပြီ နော်မြသွေး၊ ကျွန်တော် ဒီညနေ ဆက်ဆက်လာခဲ့ပါ့မယ်၊ စိတ်ချလက်ချ နေပါလို့ မွန်မွန့်ကို ပြောလိုက်ပါ ”

နော်မြသွေးက စိတ်ချမ်းသာသွားဟန် ပြုံးလိုက်သည်။

“ ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်မကိုယ်တိုင် လာရတာ လာရကျိုးနပ်သွားတာပေါ့၊ ဇွတ်အတင်း တိုက်တွန်းတဲ့ ကျွန်မကိုလည်း ခွင့်လွှတ်နော် ဆရာ ”

“ ကိစ္စမရှိပါဘူး နော်မြသွေး၊ ကျွန်တော်ဟာ မြင်မြင်ချင်း မွန်မွန့်အပေါ် ကရုဏာထားတဲ့ နော်မြသွေးကိုလည်း လေးစားရမှာပေါ့၊ ဪ . . . ဒါထက် နော်မြသွေး မွန်မွန်နဲ့နေတာ ကြာပြီနော် ”

“ တစ်နှစ်လောက်ပဲ ရှိပါသေးတယ် ဆရာ ”

“ ကျွန်တော် မေးတာကို ရိုင်းတယ် မထင်နဲ့နော်၊ နော်မြသွေးဟာ သူနာပြုအတတ်ကို နားလည်တယ် ထင်တယ် ”

“ ဟုတ်ပါတယ် ဆရာ၊ အခုလည်း ကျွန်မက မွန်မွန်ရဲ့ နာ့စ်ပါပဲ၊ မွန်မွန်ကတော့ အဲဒီလိုပြောရင် မကြိုက်ဘူး၊ ဘာပဲဖြစ်ဖြစ်လေ . . . ကျွန်မဟာ အခု မွန်မွန်တို့ရဲ့ လခစားတစ်ဦးပါ၊ ဒါပေမယ့် မွန်မွန့်ကို ကျွန်မ ညီမလေးတစ်ဦးလို ချစ်ပါတယ် ”

“ မွန်မွန်ဟာ အခုလိုဖြစ်တာ ကြာပြီတဲ့လား ”

“ ကျွန်မကို မငှားခင် တစ်နှစ်လောက်ကတည်းက ဆိုတော့ နှစ်နှစ်လောက်ရှိသွားပြီပေါ့ ”

“ ငယ်ငယ်ကတည်းက ဖြစ်ခဲ့တာ မဟုတ်ဘူးပေါ့ ”

“ မဟုတ်ပါဘူး ”

ဦးမြင့်နွယ်သည် ဆက်မစပ်စုတော့ဘဲ ခေါင်းသာ ညိတ်နေ၏။ အမှန်က ကာယကံရှင်၏ကွယ်ရာမှာ စပ်စပ်စုစု သိပ်မေးရန်က မကောင်း။ သူနာပြုသင်တန်းအောင်ထားသူ နော်မြသွေး အနေနှင့်ကလည်း စောင့်စည်းရသောဝတ္တရားကြောင့် မေးသမျှ ဖြေလိမ့်မည် မဟုတ်။

“ ဪ . . . ဒါထက် ဆရာ အိမ်ကို လာတတ်ပါတယ်နော် ”

“ နည်းနည်းတော့ ပြောဦး၊ နယူးစီဗယ်လ်လိုင်းထဲမှာ ဆိုတာတော့ သိတယ် ”

“ ထွန်းလှဟိုတယ်ကို လာပေါ့ဆရာ၊ အဲဒီရှေ့က လမ်းကနေ ဆက်လာပြီး ညာဘက်ချိုးကွေ့လိုက်ရင် ခြံရှေ့မှာ ပတ္တမြားမွန်လို့ ရေးထားတယ်၊ မွန်မွန့်အဖေက အစက ကျောက်တွင်းသူဌေးတစ်ဦးပါ ”

“ ဩော် . . . ဒီလိုဆိုလွယ်သားပဲ၊ ကဲ . . . စိတ်ချ၊ ကျွန်တော် ကျောင်းဆင်း ရေချိုးပြီးလောက် လာခဲ့ပါ့မယ် ”

နော်မြသွေးက ကျေးဇူးတင်စကား ထပ်ပြောပြီး ပြန်သွား၏။

ထိုညနေတွင် ကျောင်းဆင်း၍ အိမ်ရောက်ရောက်ချင်း ဦးမြင့်နွယ် ရေချိုးသည်။ ရာသီက အတန်ငယ် အေးသဖြင့် နွေးနွေးထွေးထွေးဝတ်ပြီး ကားမောင်း၍ မွန်မွန်တို့အိမ်ဆီ ထွက်ခဲ့သည်။

ပတ္တမြားမွန်ခြံကို လွယ်လွယ်နှင့်ပင် ရောက်လာခဲ့သည်။

ခန့်ညား ခေတ်မီသော နှစ်ထပ်တိုက်ကြီး၏အလှကို ခြံပြင်မှပင် ကောင်းစွာ လှမ်းမြင်ရသည်။ ပုံစံအရလည်းကောင်း၊ သစ်လွင်သော ဆေးရောင်အရလည်းကောင်း၊ တိုက်တည်ဆောက်ပြီးသည်မှာ မကြာလှသေးကြောင်း ခန့်မှန်းသိနိုင်သည်။

ဖွင့်လျက်သားရှိသော တံခါးဖြူတပ်ဝင်းပေါက်မှ ကားကို မောင်း၍ ဦးမြင့်နွယ် ဝင်ခဲ့သည်။

အိမ်က ခေတ်မီသကဲ့သို့ ကျယ်ဝန်းသောခြံကလည်း ခေတ်မီသည်။ ပန်းခင်းနှင့် ရိုးရိုးမြက်ခင်းတို့အပြင် ဂေါက်သီး လေ့ကျင့်ရန် ဗလီကွက်မြက်ခင်းလည်းရှိနေသည်။ ထင်းရှူးနှင့် ယူကလစ်ပ်တပ်စ် ပင်ပျိုများကိုလည်း စနစ်တကျ စိုက်ထားသေး၏။

အင်္ဂတေလမ်းအတိုင်း ကွေ့ဝင်ပြီး ဦးမြင့်နွယ်သည် ဆင်ဝင်အောက်၌ ကားကိုရပ်လိုက်၏။

ခေါက်တံခါးတပ်ထားသော အိမ်ရှေ့ပေါက်၌ ရှမ်းသွေးနှောပုံရသော လူကြီးတစ်ဦးက အဆင်သင့် စောင့်နေဟန်ဖြင့် မေးသည်။

“ ဆရာဦးမြင့်နွယ်ဆိုတာပါလား ”

“ ဟုတ်ပါတယ် ”

“ ကြွပါ ကြွပါ ”

ဦးမြင့်နွယ်ထိုင်နေသော ဧည့်ခန်းမှာ လုံလုံခြုံခြုံ နွေးနွေးထွေးထွေးရှိလှ၏။

စိမ်းပြာနုရောင် မွေးပွကော်ဇောကို ခန်းလုံးပြည့်ခင်းထား၏။ ပလိတ်ဂလတ်စ်ခေါ် မှန်ပြားထူတပ်ထားသည့် ပြတင်းကျယ်ကြီးများ ရှိသည်။ ပြတင်းကျယ်ကြီးတိုင်း၌ ရွှေ့လျား၍ရသော ခရမ်းနုရောင် ပိတ်သားထူ ခန်းဆီးရှည်ကြီးများ ဆင်ထားသည်။ နေရောင်နှင့် အလင်းရောင်ကို လိုအပ်သကဲ့သို့ ပြုပြင်နိုင်သော အဆင်အပြင်ဖြစ်၏။

အခန်းမှာ အလျားပေနှစ်ဆယ်၊ အနံဆယ့်ငါးပေခန့် ရှိသဖြင့် အတန်ပင် ကျယ်ဝန်းသည်။ ဆိုဖာများအပြင် အခန်း တစ်ထောင့် အလူမီနီယံဘောင်နှင့် မှန်သားပတ်လည်ကာ စာအုပ်ဗီရိုပု၊ အံဆွဲတပ် ကျွန်းစားပွဲ၊ ဆုံလည်ကုလားထိုင်၊ အုပ်ဆောင်းပိုင်းတပ် မတ်ရပ်မီးတိုင်တို့ ရှိနေကြသည်။ အခန်း၏ အလယ်ပိုင်းနံရံနှင့် ကပ်လျက်ကား အနက်ရောင် ဂျပန်ပြည်လုပ် ပီယာနိုပုတစ်လုံး၊ ဖိလစ်အမျိုးအစား ဟိုင်းဖိုင်ဆက်တ်တစ်ခု၊ ဂရန်းဒစ် တိပ်ရက်ကော့ဒါတို့လည်း ရှိနေသေးသည်။

အခန်းကား သာမန်ဧည့်ခန်း မဟုတ်ဘဲ သက်သက်သာသာနေနိုင်သည့် နားနေခန်းတစ်မျိုးဖြစ်၏။

ဦးမြင့်နွယ် ထိုင်နေရာ လက်ဝဲဘက်ရှိ ခန်းဆီးထူတပ် တံခါးပေါက်မှနေ၍ ကပ်နေသော တစ်ဖက်ခန်းကို လှမ်း၍ မြင်ရသည်။ ယင်းအခန်းက ပိုကျယ်သည်။ ဟိုတယ်များတွင် တွေ့ရတတ်သော အရက်ဘားကောင်တာရှိသည်။ ကောင်တာ ရှေ့တွင် ခွေးခြေရှည်များရှိ၍ ကောင်တာအတွင်းပိုင်းတွင် ရေခဲသေတ္တာ၊ အရက်ဗီရို စသည်တို့ ရှိနေ၏။

ဦးမြင့်နွယ်က ပြုံးမိ၏။ ယနေ့တိုင်အောင် ကျောက်တွင်းသူဌေးများကား ချမ်းသာဆဲပါတကား။

ဦးမြင့်နွယ်နှင့် မျက်နှာချင်းဆိုင်တွင်ကား အပေါ်ထပ်သို့တက်သော လှေကားရှိသည်။ ကျွန်းသားလက်တန်းက ပြောင်လက်နေသကဲ့သို့ လှေကားထစ်များကလည်း ပြောင်လက်နေသည်။ လှေကားထစ်များ၏ ဗဟိုအလယ်တစ်လျှောက်ကို ကြမ်းခင်းကော်ဇောနှင့် အရောင်တူ ကော်ဇောရှည် ခင်းထား၏။

လှေကားထိပ်၌ မွန်မွန်ပေါ်လာသည်။ ကလေးမသည် ရှည်သွယ်ဖြူလက်သော သွားလေးများပေါ်အောင် ပြုံးပြီး နှုတ်ဆက်သည်။

ဦးမြင့်နွယ်သည် မနေနိုင်တော့ဘဲ လှေကားအတိုင်း တက်သွားမိ၏။ ကလေးမကို ယုယစွာ တွဲခေါ် ကူညီပေးမိသည်။

မွန်မွန့်ကို ဆိုဖာတစ်ခုပေါ်တွင် နေရာချပေးပြီးမှ ဦးမြင့်နွယ်သည် မိမိ၏နေရာတွင် ပြန်ထိုင်သည်။

“ သန့်ခ်ယူ ဆရာ၊ ဧည့်သည်က အိမ်ရှင်ကို ကူနေရတာ အားနာစရာကြီး ”

“ ကိစ္စမရှိပါဘူး၊ ဒါထက် နော်မြသွေးကော ”

“ ရေချိုးနေတယ်၊ မွန်မွန်က ဆရာ ရောက်မလာသေးဘူး အောက်မေ့လို့ ”

“ ဆရာက လာမယ်ဆိုရင် ဆက်ဆက် လာတတ်ပါတယ် မွန်မွန် ”

“ မွန်မွန့်ဆီလာရလို့ ဆရာ ဂေါက်မရိုက်ရတော့ဘူးပေါ့၊ ဒက်ဒီကတော့ ဂေါက်ရိုက်တာ ဘယ်တော့မှအပျက်မခံဘူး”

" မွန်မွန်က ဒုက္ခခံပြီး ဆရာ့အိမ် ရှာဖွေလာဖူးတော့ မွန်မွန်ဖိတ်တော့လည်း ဆရာလည်း ဂေါက်ရိုက် အပျက်ခံနိုင်ရမှာပေါ့ "

" မွန်မွန့်ကို ခုလို ကရုဏာထားတာ မွန်မွန် သိပ်ဝမ်းသာပါတယ် ဆရာ "

ဦးမြင့်နွယ်က စကားမတုံ့ပြန်ဘဲ မွန်မွန့်ကို အပြုံးနှင့်သာ ကြည့်သည်။ မွန်မွန်၏ မျက်နှာလေးကလည်း ပြုံးနေသည်။ သို့ရာတွင် အပြုံးကြားထဲက အားငယ်မှုနှင့် ဝမ်းနည်းမှုကိုလည်း မြင်နေရသည်ဟု ဦးမြင့်နွယ် ထင်သည်။

" မွန်မွန့်ဒက်ဒီ အခုလည်း ဂေါက်ရိုက်သွားသလား "

" ဟုတ်ပါတယ် ဆရာ၊ တော်တော်ကြာ သူ့အဖော်တွေနဲ့ ပြန်လာလိမ့်မယ် "

မွန်မွန်က အမှတ်မထင်ပြောလိုက်သော်လည်း မွန်မွန့်စကားတွင် တစ်စုံတစ်ရာသော အဓိပ္ပါယ်ကို ဦးမြင့်နွယ် ခံစားသိသိလိုက်သည်။ သူ့အဖော်တွေနဲ့ . . .

သည်စကားက 'စိမ်း'သည်။ မနှစ်သက် မလိုလားမှုသဘောက ဖုံးမြှုပ်ပါဝင်နေသည်။ သူ၊ ငါကြား ခြားနားထားမှုအနက်လည်း ထင်နေသည်။

" မွန်မွန့် မေမေကော "

ဘာကြောင့် မသိ၊ မွန်မွန်က အဓိပ္ပါယ်မရှိ ရယ်၏။ ပြီးမှ လေအေးနှင့်ပင် ဖြေ၏။

" မာမီကလည်း သိပ်အိမ်ကပ်တာ မဟုတ်ဘူး "

ဦးမြင့်နွယ် စဉ်းစားပြန်သည်။ သည်စကားမှာလည်း အခြားသော အဓိပ္ပါယ်တစ်ခု ပါဝင်နေပြန်သည်။

လျင်မြန်စွာပင် မွန်မွန်သည် စကားအမှားကို ပြင်သည့်ဟန်ဖြင့် ဆက်ရှင်းသည်။

" မွန်မွန်တို့အိမ်က တစ်မျိုးပဲ၊ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ကျင့်သုံးကြတယ် ဆိုပါတော့၊ ဒက်ဒီကလည်း သူ့ဟာသူ လွတ်လွတ်လပ်လပ်နေတယ်၊ မာမီကလည်း ဒီအတိုင်းပဲ၊ မွန်မွန်ကလည်း အဲဒါပဲ ကြိုက်ပါတယ်လေ "

မွန်မွန်သည် ခေတ္တစကားရပ်လိုက်ပြီး အခန်းကို လက်ညှိုးလေးဖြင့် ညွှန်ပြ၏။

" ဟောဒီအခန်းက မွန်မွန့်ကမ္ဘာလေးပဲ၊ မွန်မွန်နဲ့ပဲ ဆိုင်တယ်၊ မွန်မွန့်ဧည့်သည်တွေပဲ လက်ခံတယ်၊ မွန်မွန် စာရေးချင်ရေးမယ်၊ စာဖတ်ချင်ဖတ်မယ်၊ မြူးဇစ်ခ် နားထောင်ချင် နားထောင်မယ်၊ ဒါမှမဟုတ် ထိုင်လျက် အိပ်ချင်အိပ်နေမယ်၊ ဒက်ဒီရော မာမီရော မွန်မွန့်ကို သိပ်အလိုလိုက်ပါတယ်၊ မွန်မွန်လိုချင်တာ အကုန်လုပ်ပေးကြတာပဲ၊ မွန်မွန် စိတ်ချမ်းသာအောင် အကုန်ဆောင်ရွက်ပေးကြတယ်၊ ကားနဲ့ ဒရိုင်ဘာတောင် မွန်မွန့်ကားနဲ့ မွန်မွန့်ဒရိုင်ဘာ၊ မွန်မွန်ကလည်း မွန်မွန့်လောကမှာ မွန်မွန့်ဘာသာ နေချင်တယ်၊ မွန်မွန့်ကြောင့်လည်း ဒက်ဒီနဲ့ မာမီ့အပေါ် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်မနေစေချင်ဘူး "

မွန်မွန်က ရှင်းပြနေသည်ကို ဦးမြင့်နွယ်က မှတ်ချက်မပေးဘဲ ခေါင်းသာညိတ် နားထောင်နေသည်။

တစ်ဖက်ခန်းနှင့် ဆက်နေသော အပေါက်ဝမှ စောစောက ဦးမြင့်နွယ်ကို တံခါးဖွင့်ပေးသူ လူကြီး ပေါ်လာ၏။

သူက ခြေစုံရပ်ပြီး ဦမြင့်နွယ်ကို မေး၏။

" ဘာယမကာများ သုံးဆောင်ပါသလဲ "

ဦးမြင့်နွယ်သည် ရုတ်တရက် ဘာဖြေရမှန်းမသိဘဲ မွန်မွန့်ကို ကြည့်၏။

မွန်မွန်က ပြုံးသည်။

" ပြောပါ ဆရာ၊ အားမနာပါနဲ့၊ ဒက်ဒီ့ဘားက စုံပါတယ် "

" ဩော် . . . ဟိုဒင်း ဆရာဘာမှ မသောက်တတ်ပါဘူး နေပါစေ "

" မွန်မွန့်ကို အားနာလို့လား ဆရာ၊ "

" မဟုတ်ပါဘူး မွန်မွန်၊ ဆရာ တကယ် ဘာမှမသောက်ပါဘူး "

" ကိုးလ်ဒရင့်ခ် တစ်ခုခုကော ဆရာ "

" ဆရာ အချိုရည်တွေ ဘာတွေလည်း သိပ်မကြိုက်ပါဘူး၊ အဲ . . . ပေးချင်ရင် ကော်ဖီပဲပေးပါ၊ ဘလက်ခ်ကော်ဖီ၊ သကြားနည်းနည်းပဲ ထည့်ပါ "

မွန်မွန်က လူကြီးဘက် လှည့်ပြော၏။

" ကြားလား ဦးလေးမြသာ၊ ဆရာ ကြိုက်သလောက် သောက်ရအောင် အလက်ထရစ်ဂျားနဲ့ ယူခဲ့ပေါ့၊ သကြားဘူး သပ်သပ်ယူခဲ့နော် "

" ကောင်းပါပြီ မွန်မွန် "

ဦးမြသာ ထွက်သွား၏။

" ဆရာက ဘာမှလည်း မသောက်တတ်ဘူးဆိုတော့ မွန်မွန့်ဆီ လာလည်ရတာ ဆရာ့အတွက် ပျင်းစရာကြီး ဖြစ်နေတော့မှာပဲ "

" မပျင်းနိုင်ပါဘူး မွန်မွန်၊ ဆရာက လူတွေနဲ့ စကားပြောရတာကို ပျော်ပါတယ်၊ အထူးသဖြင့် မွန်မွန်နဲ့ စကားပြောခွင့်ရတာ ဆရာ ပျော်ပါတယ် "

" ဘာပြုလို့ ဆရာပျော်ရမှာလဲ "

" မွန်မွန်ဟာ ကဗျာဆရာမလေးတစ်ယောက်မှန်း ဆရာသိတယ်၊ ဟိုနေ့က မွန့်မွန့်သီချင်း နားထောင်ရလို့ မွန်မွန့် အရည်အချင်းကိုလည်း ဆရာ အကဲခတ်နိုင်ခဲ့တယ်၊ တချို့က လူငယ်ကဗျာဆရာ စာရေးဆရာလေးတွေကို နောက်ပေါက် ကလေးတွေလို့ ခေါ်ကြတယ်၊ ဆရာကတော့ ဒီလိုမခေါ်ချင်ဘူး၊ စာပေရဲ့ အားသစ်ရှင်တွေလို့ပဲ ခေါ်ချင်တယ်၊ အားတွင် သစ်ကြတာ မဟုတ်ဘူး၊ အမြင်လည်း သစ်ကြတယ်၊ အမြင်သစ်ကြောင့်ပဲ သူတို့မှာ အားသစ်ရှိကြတာပါပဲ "

" ဒါပေမယ့် မွန်မွန်သိပါတယ်၊ မွန်မွန့်သီချင်းမှာ အားမရှိပါဘူး၊ မွန်မွန် စိတ်ကူးယဉ်ထားတာ "

" ဆရာက ယေဘုယျခြုံပြောတာပါ၊ စိတ်ကူးမယဉ်တဲ့ ကလောင်သစ်တွေလည်း အများကြီးပါ၊ ယဉ်တဲ့အချိန်လည်း ယဉ်ကြပေါ့၊ အရမ်း အပြစ်တင်လို့လည်း မရဘူး၊ ဒါပေမယ့် ခေတ်ကို သူတို့ကသာ ပြောနိုင်ကြတယ်၊ ကြီးသူတွေ မမြင်တာ မမြင်ရဲတာတွေကို သူတို့ မြင်တယ်၊ မြင်ရဲတယ်၊ လူအနေနဲ့ရော စာအနေနဲ့ပါ ဟန်မဆောင်တတ်ကြသေးဘူး၊ သူတို့နဲ့ တွေ့တိုင်း ဆရာ့မှာ ပညာတိုးတယ်၊ အနည်းဆုံး စာပေအနုပညာကို ချစ်တဲ့သူချင်း စကားပြောရတာဟာ စိတ်ချမ်းသာဖို့ ကောင်းပါတယ် မွန်မွန် "

မွန်မွန်က လှိုက်လှဲစွာ ရယ်၏။

" ဟိုတစ်နေ့က ဆရာပြောခဲ့တဲ့စကားကို မွန်မွန် သတိရတယ် "

" ဘယ်စကားကိုလဲ "

" လောကကြီးဟာ ဒီလောက်မဆိုးပါဘူး ဆိုတာလေ "

" မွန်မွန်က ဘာလို့ ဒီစကားကို သတိရတာလဲ "

" ဩော် . . . ဆရာနဲ့ စကားပြောနေရတုန်းတော့ မွန်မွန်လည်း အဲဒီလို တွေးမိလို့ပါ "

ဦးမြင့်နွယ်သည် တစ်စုံတစ်ရာ မေးလိုက်မည်ပြုပြီးမှ သတိဝင်ပြီး နှုတ်ကို ဇက်သတ်ထားလိုက်သည်။

ဦးမြသာက လျှပ်စစ်ကော်ဖီကရားကို လင်ပန်းတစ်ခုဖြင့် ထည့်ယူလာသည်။ ကရားကို စားပွဲပုပေါ်တင်ပြီး ဝိုင်ယာကြိုးကို ပလပ်ဂ်ပေါက်တစ်ခု၌ ထိုးထည့်သည်။ ခလုတ်ကို ကော်ဖီနွေးရုံ အနေအထား၌ ထားပေး၏။

ပန်းကန်လုံးနှင့် ငွေသကြားဘူးကိုပါ ချထားခဲ့ပြီး ပြန်ထွက်သွား၏။

ဦးမြင့်နွယ်က ကော်ဖီကို ပန်းကန်လုံးတွင် ငှဲ့ထည့်၏။ အနံ့အရ နက်စ်ကဖီးမှန်း သိသည်။

မွန်မွန်က ငွေသကြားဘူးအဖုံးကို ဘယ်လက်ဖြင့်ဖွင့်သည်။ ဘယ်လက်ဖြင့်ပင် သကြားကို ဇွန်းဖြင့်ကော်ယူပြီး ဦးမြင့်နွယ်၏ ပန်းကန်လုံးတွင်း ထည့်ပေးသည်။

" နှစ်ဇွန်းတော်ပြီလား ဆရာ "

" တော်ပါပြီ "

မွန်မွန် လုပ်ကိုင်ပေးနေသည်ကို မကန့်ကွက်ဘဲ ဦးမြင့်နွယ်သည် တမင် ကြည့်နေ၏။ စိတ်တွင်းမှာ ကြည်လည်း ကြည်နူးသည်။ ကရုဏာလည်း သက်မိသည်။

မွန်မွန်သည် သကြားခပ်ဇွန်းကို ငွေဘူးတွင် ပြန်ထည့်ပြီး ဇွန်းအလွတ်တစ်ချောင်းကို ကိုင်ပြန်သည်။

" မွန်မွန် မွှေပေးမယ်နော် "

ဦးမြင့်နွယ်က ခေါင်းညိတ်ပြပြီး ပန်းကန်လုံးကို ရှေ့တိုးပေးသည်။

မွန်မွန်သည် ကော်ဖီကို ဇွန်းလေးဖြင့် မွှေ၏။ ဦးမြင့်နွယ်က လှပသော လက်ချောင်းလေးများမှသည် မျက်နှာလေးဆီ မျက်လွှာလှန်ပြီး ကြည့်၏။

မွန်မွန်၏ မျက်နှာလေးက နှစ်သက်သည်ကို လူကြီးအလိုလိုက်သောကြောင့် လုပ်ခွင့်ရနေသော ကလေးငယ်တစ်ဦး၏ ကျေနပ်မှုမျိုးကို ဖော်ပြနေ၏။

မွန်မွန်သည် အမွှေရပ်လိုက်ပြီး ပန်းကန်ကို ရှေ့သို့တိုးပေးလိုက်၏။ ပြီးတော့ ဦးမြင့်နွယ်ကို ပြုံးပြုံးလေး စိုက်ကြည့် နေသည်။

ဦးမြင့်နွယ်က ကော်ဖီကို တစ်ကျိုက်သောက်လိုက်၏။

" ဟား . . . သိပ်ကောင်းတယ် မွန်မွန် "

မွန်မွန်သည် ကလေးတစ်ဦးကဲ့သို့ပင် ခစ်ခစ်တက် ရယ်၏။

“ ဆရာ မွန်မွန် စိတ်ချမ်းသာအောင် ပြောတာ ”

ဦးမြင့်နွယ်က မငြင်းဘဲ ပြန်မေး၏။

“ မွန်မွန် စိတ်ချမ်းသာတယ် မဟုတ်လား ”

“ ချမ်းသာလို့ မွန်မွန် ရယ်တာပေါ့ ”

“ အဲဒီလိုဆို စောစောက မွန်မွန်ပြောခဲ့တယ်၊ ဆရာ ပျင်းနေလိမ့်မယ်တဲ့၊ ဆရာမပျင်းဘူး၊ ဆရာလည်း စိတ်ချမ်းသာတယ် ”

မွန်မွန်က သူ့ကို တည့်တည့်လေး စိုက်ကြည့်နေသည်။

မျက်နှာလေးကမူ ပြုံးလျက်၊ မျက်လုံးလေးများကမူ မပြုံး။ စာဖတ်သော မျက်လုံးများ၊ စိတ်ကို စာဖတ်နေသော မျက်လုံးများ . . . ။

ဦးမြင့်နွယ်က အေးချမ်းစွာဖြင့် ကော်ဖီသောက်နေ၏။

မွန်မွန်သည် နီရဲသောလျှာလေးဖြင့် နီထွေးသော နှုတ်ခမ်းလေးများကို ပွတ်လိုက်ပြီး ဆို၏။

“ အခုမှ သတိရတယ်၊ ဆရာ့အိမ်မှာ မွန်မွန် ပီယာနိုမြင်ခဲ့တယ်၊ ဆရာ ပီယာနို တီးတယ်မဟုတ်လား ”

“ တီးပါတယ် မွန်မွန် ”

“ မွန်မွန့်ကို တီးပြမလား ”

“ မွန်မွန် နားထောင်ချင်ရင် ဆရာ တီးပြပါ့မယ် ”

“ အိုး . . . နားထောင်မှာပေါ့၊ နေဦး ဆရာ ကော်ဖီကုန်အောင် သောက်ဦး ”

ကော်ဖီတစ်ခွက် ကုန်သောအခါ ပီယာနိုဆီ ထလာကြ၏။

ဦးမြင့်နွယ်က ပီယာနိုခုံတွင် ဝင်ထိုင်ပြီး အဖုံးကိုဖွင့်၍ အသံစမ်းကြည့်သည်။ ခလုတ်လေးများမှာ ရွှပြီး ပေါ့ပါးလှ၏။

“ မွန်မွန် ဘာနားထောင်ချင်လဲ ”

“ နေဦး ဆရာ သီချင်းလည်း စပ်တယ်မို့လား၊ ဆရာ့ ကိုယ်ပိုင်သီချင်း တစ်ပုဒ် တီးပြပေါ့ ”

ဦးမြင့်နွယ်က ပီယာနိုခလုတ်များကို တို့စမ်းရင်း စဉ်းစားသည်။

မွန်မွန်သည် တစ်စုံတစ်ရာကို သတိရဟန်ဖြင့် ‘ခဏလေးနေဦး ဆရာ’ဟု ပြောပြီး နံရံမှ လျှပ်စစ်ခလုတ်တစ်ခုကို နှိပ်၏။ အိမ်အပေါ်ထပ်ဆီမှ ဘဲလ်သံပေါ်လာပြီး မရှေးမနှောင်းတွင် နော်မြသွေး ဆင်းလာ၏။

“ မမမြရေ မွန်မွန့်ကို ကူပါဦး၊ ဆရာက သီချင်းတီးပြမလို့တဲ့၊ မွန်မွန် အသံသွင်းထားလိုက်ချင်လို့ ”

နော်မြသွေးက အသံသွင်းရန် ရက်ကော့ဒါကို ပြင်ဆင်သည်။ မွန်မွန်က မိုက်ကရိုဖုန်းကို ပီယာနိုပေါ် လာတင်ပေး၏။ အသံအား အဝင်ကို ညှိကြပြီးနောက် ဦးမြင့်နွယ်က ပြောသည်။

“ ဆရာ ‘နှင်းမပျောက်တဲ့မြေ’ ဆိုတဲ့ သီချင်းကို ဆိုတီးပြမယ် ”

“ ရှင် . . . နှင်းမပျောက်တဲ့မြေ ဟုတ်လား ”

“ ဟုတ်တယ်၊ အသံလွှင့်ဖို့တောင် မပေးမိသေးဘူး၊ မနှစ်နွေက လူရည်ချွန်တွေကို အုပ်ချုပ်ပြီး ဆရာ ရှမ်းပြည်နယ်နဲ့ တောင်ကြီးကို ရောက်ခဲ့ဖူးတယ်၊ တောင်ကြီးမှာ စိန်ပန်းပြာတွေလည်း ပွင့်နေတယ်၊ နွေဆိုပေမယ့် နှင်းလေးတွေက ဝေနေတယ်၊ တစ်နည်းအားဖြင့် ပူပြင်းပါတယ် ဆိုတဲ့အချိန်မှာ အေးတဲ့တစ်နေရာကတော့ အမြဲရှိနေတယ်၊ ဒီသဘောကို ဆရာ စပ်မိတယ်၊ နားထောင်နော် ”

ဦးမြင့်နွယ်က အသံစမ်းပြီး ဆိုတီး တီးပြ၏။

“ နွေကန္တာဦးထိပ် ချွေးသိပ်လှည့်ဆွေ၊ အေးရိပ်ကယ့် ဆာယာသည်မြေ၊ မွေးမိုတ်လှည့် ဂိမာန်မှာလေ၊ နှင်းက ဝေဝေ၊ နှင်းက ဝေဝေ၊ ယုံတမ်းပမာမြေ ”

ဦးမြင့်နွယ်သည် ပီယာနိုကို အသံလမ်းကြောင်းပြရုံ တို့၍ တီးရင်း ဆက်ဆို၏။

“ နွေပင် နွေလျောက်၊ ကာလရောက်သော်၊ နှင်းတွေကွယ်ပျောက်၊ ညင်းလေကူမထောက်၊ ပုလဲငွေ ဘယ်ရောက်ဟု တောင်မြောက်ထွေထွေ မျှော်ချေ၊ ရော်ရမ်းတမ်းတ စခန်းမြသီသီဝေ၊ မရှိပြီလေ မတွေ့ပြီလေ၊ အပြုံးအားနွဲ့ နှလုံးသားထက် ပြည်ဖုံးကား ချလိုသူရေ ”

ဦးမြင့်နွယ်သည် သီဆိုရင်းက မွန်မွန့်ထံ မျက်လုံးတစ်ချက် ဝေ့၍ကြည့်သည်။ မွန်မွန်က အပေါ်နှုတ်ခမ်းလေးကို အောက်သွားဖြင့် ကိုက်ကာ ပါးစပ်စေ့ထားပြီး ငိုင်ငိုင်လေး နားထောင်နေသည်။

" လာလာလေ လှမ်းခဲ့ လက်ကမ်းလို့ကြိုနေ၊ လာလာလေ လှမ်းခဲ့ လက်ကမ်းလို့ကြိုနေ၊ နွေဦးရောက်စေ နှင်းမပျောက်တဲ့မြေ၊ သန်းမှောင်ပြာလွင့် ရှမ်းတောင်မြင့်ဖွေ "

အဆိုက မသိမသာလေး သွက်သည်။ ပီယာနိုသံကလည်း မြူးနေ၏။

" ထင်းရှူးမြိုင်ခြေ ချယ်ရီတောမှာ အမောကိုဖြေ၊ ထင်ရှူးမြိုင်ခြေ ချယ်ရီတောမှာ အမောကိုဖြေ၊ စိန်ပန်းပြာ နီလာကြလို့ လမ်းပဲခင်းလေ၊ ပန်းမွှေ့ယာစုံ ဖုံဖုံ ကိုယ်တိုင်ကျင်းလို့ လျှောင်းရင်းနားနေ၊ အိပ်မက်နယ်မြေ "

ပီယာနိုသံက တွဲ့လာသည်။ အဆိုကလည်း လေးလာသည်။

" ဘယ်ကမ္ဘာ ဘယ်ခါကျစေတော့ မေ့နိုင်လိမ့်ဆွေ၊ နှင်းငွေပုလဲက ဖွဲလို့စွေ၊ နှင်းတွေဝေတဲ့ ပန်းတွေဝေတဲ့ နှင်းတွေ ပန်းတွေဝေတဲ့ နွေလရောက်စေ၊ နှင်း ဘယ်ခါမပျောက်တဲ့၊ သြော် . . . နှင်းရယ် ဘယ်ခါမပျောက်တဲ့ ယုံတမ်းပမာမြေ "

သီချင်းဆုံးသွားသည်။ ဦးမြင့်နွယ်က ပီယာနိုသံကို သံမှန်ပြန်ရောက်သည်အထိ ပြန်တီးပြီးနောက် မွန်မွန့်ကို မော့ကြည့်သည်။

မွန်မွန်က သူ့ကို ငေးငေးလေး စိုက်ကြည့်နေသည်ကို တွေ့ရ၏။ သည်အကြည့်က သတိတစ်ဝက်လွတ်သော အကြည့်မျိုး ဖြစ်သည်။ ပတ်ဝန်းကျင်မှာထက် အတွင်းခံစားမှု နယ်ပယ်ဆီ အသိစိတ်ရောက်လျက်က ငေးကြည့်နေသော အကြည့်မျိုးဖြစ်လေသည်။

စတင် စကားပြောသူကား မမျှော်လင့်သူ နော်မြသွေးဖြစ်၏။

" ဆရာ့သီချင်းက သိပ်ကောင်းတယ်၊ ကျွန်မ တောင်ကြီးကို ပြန်ပြေးချင်အောင် လွမ်းမိတယ် "

" နော်မြသွေးက တောင်ကြီးရောက်ဖူးသလား "

" ကျွန်မက ငယ်ငယ်တုန်းက တောင်ကြီးမှာ ကြီးတယ်၊ ဆရာ့သီချင်းကြားတော့ တောင်ကြီးကို မျက်စိထဲ ပြန်မြင်လာတယ်၊ ဟုတ်တယ်၊ နွေပေမယ့် တောင်ကြီးမှာ နှင်းမပျောက်ဘူး၊ ပန်းတွေကလည်း ဝေလို့ "

ရီဝိုင်းဒ် ပြီးသွားသောအခါ နော်မြသွေးက အသံသွင်းထားသည်ကို ပြန်ဖွင့်ပြ၏။

မွန်မွန်က တိုးတိုးဆို၏။

" ဆရာ မွန်မွန်တို့ ဟိုမှာ ပြန်ထိုင်ပြီး နားထောင်ရအောင် "

" မွန်မွန့် သဘောလေ "

မွန်မွန်က သူ့ထံ ဘယ်လက်လေး ထိုးပေးသည်။

ဦးမြင့်နွယ်၏ ရင်မှာ ကျေနပ်သွားသည်။

မွန်မွန့်လက်လေးကို ကိုင်ပြီး ဆိုဖာဆီ တွဲခေါ်လာခဲ့၏။ လက်လေးများသည် အေးစက်နေကြောင်း ဦးမြင့်နွယ် ကောင်းကောင်း သတိပြုမိသည်။

ရက်ကော့ဒါမှ သီချင်းသံ ပေါ်လာသည်။ မွန်မွန်က မျက်စိလေးများပိတ်ပြီး နားထောင်နေသောကြောင့် ဦးမြင့်နွယ်လည်း ငြိမ်ကြည့်နေ၏။

သီချင်း တစ်ချီဆုံးသွားမှ မွန်မွန် လှုပ်ရှားလာ၏။

" အဲဒီ သီချင်းကို ဆရာ ဘယ်သူ့ဖို့ စပ်ထားတာလဲ "

" သြော် . . . မွန်မွန်ရယ်၊ ခံစားမိတာကို စပ်တာ၊ ဘယ်သူ့ဖို့ရယ်တော့ ဟုတ်မလဲ "

" ခံစားမှုကို စပ်တာဆိုရင် ကိုယ့်ခံစားရတာကို ကိုယ်စပ်မှာပေါ့၊ အခု ဆရာ့သီချင်းက သူများခံစားမှုကြီး "

" ဘယ်လို သူများ ခံစားမှုကြီးလဲ "

" ဆရာ့သီချင်းက တောင်ကြီးအကြောင်းလည်း မဟုတ်ပါဘူး၊ နှင်းတွေအကြောင်းလည်း မဟုတ်ပါဘူး၊ အခြား တစ်ခုခုအကြောင်းပါ၊ နိမိတ်ပုံ အသုံးပြုထားတာ မွန်မွန် နားလည်ပါတယ် "

သည်ဝေဖန်ချက်ကိုမူ ဦးမြင့်နွယ်က မငြင်း။

" နှလုံးသားမှာ မျှော်လင့်ချက် ပြည့်ဖုံးကားချထားတဲ့ လူတစ်ယောက်ယောက်အတွက် ဆရာ တရားဟောထားတာ၊ ဆရာ့သီချင်းက ဆရာပြောတဲ့ စကားလိုပဲ "

" ဘယ်လို ဆရာပြောတဲ့ စကားလိုပဲလဲ "

" ခုနင်ကတောင် မွန်မွန် ထပ်ပြောသေးတယ်၊ ဒီလောကကြီးဟာ ထင်သလောက် မဆိုးဝါးပါဘူး ဆိုတာလေ "

ဦးမြင့်နွယ်က ပြုံးရုံပြုံးနေ၏။

" ဆရာက ဒီလိုပဲ ယုံတယ်နော် "

" အဲဒီလို မယုံလို့ ဘယ်လိုယုံရမှာလဲ မွန်မွန် "

" ဆရာ ဒုက္ခတစ်ခုခု မတွေ့ဖူးဘူးလား "

" တစ်ခုမဟုတ်ပါဘူး မွန်မွန်၊ နှစ်ခုလည်း မကပါဘူး၊ ဒုက္ခဆိုတာဟာ ဘာလဲလို့ ဆရာ ကောင်းကောင်း နားလည်ခဲ့ပါတယ် "

" ဒါနဲ့တောင် လောကကြီးဟာ မဆိုးပါဘူးလို့ ဆရာပြောတယ် "

" ပြောရတယ် မွန်မွန်၊ လောကကြီးနဲ့ ကိုယ်ဆိုတာကို ဆရာက အသင့်အတင့် ခွဲကြည့်တတ်လို့ပါပဲ၊ ဒီစကားကို မွန်မွန် နားလည်သလား "

" ဟင့်အင်း "

" လောကကြီးမှာ ဒုက္ခအကြောင်းတွေရှိတယ်၊ သုခအကြောင်းတွေလည်း ရှိတယ်၊ မမြဲဘူးဆိုတဲ့ တရားဟာ မျက်နှာလိုက်မှုမရှိဘူး၊ သုခအကြောင်းတွေ မမြဲသလို ဒုက္ခအကြောင်းတွေဟာလည်း မမြဲဘူး၊ အဲဒါက လောက၊ တစ်စုံတစ်ရာကို မြဲတယ်လို့ ထင်မိတာက ကိုယ်၊ ကိုယ့်ဥပါဒါန်၊ ဪ . . . မွန်မွန့်သီချင်းမှာတောင် ပါသေးတာပဲ၊ ဘာတဲ့ . . . သမုပ္ပါဒ နောက်ကြောင်းငင် မိုးနတ်မောင် ဥပါဒါန်လုလင် ဆိုတာလေ "

သည်တစ်ကြိမ်တွင် မွန်မွန်က ရယ်၏။ ရယ်ရင်းက ငြင်းဆို၏။

" အဲဒါက မွန်မွန် သိလို့မဟုတ်ဘူး၊ စကားလေးကို သုံးချင်တာနဲ့ သုံးထည့်လိုက်တာ "

" အသုံးလည်း တည့်ပါတယ်၊ သဘောလည်း မှန်ပါတယ် မွန်မွန် "

" လောကကြီးဟာ မဆိုးဘူး၊ ဥပါဒါန်က ဆိုးတယ်၊ ဆရာက ဒီလိုပြောတာလား "

" ဟုတ်ပါတယ် မွန်မွန်၊ ဆရာကချည်း ပြောတာမဟုတ်ဘူး၊ စိတ်ပညာကလည်း ပြောတယ်၊ မြတ်စွာဘုရားကလည်း ဟောပါတယ် "

" ဒါဖြင့် "

မွန်မွန်သည် တစ်စုံတစ်ရာ မေးမည်ပြုပြီးမှ ရပ်သွား၏။

" ဒါဖြင့် ဘာဖြစ်လဲ၊ ဆက်ပြောလေ "

မွန်မွန်သည် မဆီလျော်ဘဲ ရယ်၏။

" ဘာရယ်လို့ မဟုတ်ပါဘူး၊ မွန်မွန်က တွေးကြည့်တာပါ၊ ဟိုဒင်း . . . လူတစ်ယောက်မှာ ဥပါဒါန်ရှိတယ် ဆိုပါတော့၊ အဲဒီ ဥပါဒါန်ကို ဘယ်လိုလုပ် ဖျောက်မလဲ "

" ခန္ဓာငါးပါးရဲ့လက်သည် ဥပါဒါန်ကြီးကိုတော့ ဝိပဿနာတရားက ဖျက်ပေးတယ်၊ ဥပါဒါန် အသေးလေးတွေကိုတော့ စိတ်ပညာက ဖျက်ပေးတယ် "

" တကယ် "

" တကယ်ပါ မွန်မွန်၊ ဪ . . . ဟိုတစ်နေ့က ဆရာ့ကိုယ်ဆရာ ဇောဓိကုန်းနားက စိတ္တသုခ ဝပ်ရှော့က မက္ကင်းနစ်လို့ ပြောခဲ့တာ မှတ်မိသေးလား "

" လာပြန်ပြီ၊ ဒီ စိတ္တသုခ ဝပ်ရှော့ "

" ဆရာက တင်စားမှုနဲ့ အမှန်ပြောလိုက်တာပါ၊ မန္တလေးတက္ကသိုလ်က ဇောဓိကုန်းနားမှာရှိတာ၊ တက္ကသိုလ်က ဆရာတို့ စိတ်ပညာဌာနဟာ စိတ္တသုခ ဝပ်ရှော့ပါပဲ၊ စိတ်ချွတ်ယွင်းမှုလေးတွေကို တတ်နိုင်သမျှ ပြုပြင်ပေးနေတဲ့ ဝပ်ရှော့ပါ"

" ဆရာတို့ အဲဒီလို ပြုပြင်ပေးလို့ရလား "

" ရပါတယ် မွန်မွန် "

မွန်မွန်က သူ့ကို အကဲခတ်ဟန် စူးစူးလေ စိုက်ကြည့်နေ၏။

ထိုစဉ် အိမ်ရှေ့၌ ကားတစ်စီးရပ်သံ ကြားရ၏။ လူသံသူသံများလည်း ကြားရသည်။

မွန်မွန်က ထိုင်ရာမှမလှုပ်ဘဲ "အဲဒါ ဒက်ဒီတို့ ပြန်လာတာ"ဟု ဆိုသည်။

တစ်ဖက်ခန်းတွင်းသို့ လူများ ဝင်လာသံ ကြားရသည်။ ရယ်သံများကလည်း ကျယ်ကြ၏။ မွန်မွန်၏ မျက်မှောင်လေးသည် သတိထားမှ မြင်ရုံ အနည်းငယ် ကြုတ်နေသည်ကို တွေ့ရ၏။

ဆက်နေသော အခန်းဝ၌ လူတစ်ဦး ပေါ်လာ၏။

" သမီး မွန်မွန် နေကောင်းရဲ့လား၊ ဪ . . . "

ဝင်လာသူသည် မွန်မွန့်ကို နှုတ်ဆက်ရာမှ ဦးမြင့်နွယ်ကို မြင်သွား၍ စကားရပ်သွား၏။

" ဒက်ဒီ ဒါ . . . ဆရာ ဒေါက်တာဦးမြင့်နွယ်၊ မွန်မွန် ပြောတာလေ "

မွန်မွန့် ဖခင်က “ဩော် . . . ဟုတ်ပါရဲ့၊ ဆရာ့အကြောင်း မွန်မွန်က ပြောပြပြီးပြီ၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ဂေါက်ကွင်းမှာလည်း တွေ့ဖူးကြသားပဲ”ဟု တစ်ဆက်တည်းပြောကာ လက်ကမ်းပေး၏။ ဦးမြင့်နွယ်ကလည်း နေရာမှထပြီး ကမ်းပေးသောလက်ကို ဆွဲယူနှုတ်ဆက်သည်။

“ အတော်ပဲ ဟိုဘက်ခန်းမှာ ကလပ်မိတ်ဆွေတွေ ပါလာတယ်၊ ဦးမြင့်နွယ် ကျွန်တော်တို့နဲ့ ဂျွိုင်းပါလား ”

ဦးနေအောင်သည် မွန်မွန့်ဘက်သို့လည်း လှည့်ပြော၏။

“ သမီးရဲ့ . . . အဲ . . . ဆရာကို ဒက်ဒီ ခဏ ဟိုဘက်ခေါ်သွားမယ်နော် ”

မွန်မွန်က ရုတ်တရက်မဖြေ၊ ဦးမြင့်နွယ်က ဝင်ပြောသည်။

“ ဆရာ ခဏလိုက်သွားမယ် မွန်မွန်၊ ပြီးတော့ ဆရာပြန်လာခဲ့မယ်၊ ဆရာက မွန်မွန့် ဧည့်သည်ဆိုတာ မေ့မသွားပါဘူး”

ဦးနေအောင်က အော်ရယ်၏။

“ ဟား . . . ဟား . . . ဆရာက ဘယ်ဆိုးလို့လဲ၊ မွန်မွန့်စည်းကမ်းတောင် နားလည်နေပြီ ”

ဦးမြင့်နွယ်က မွန်မွန့်ကို ကြည့်နေ၏။ မွန်မွန်က ပြုံးလိုက်ပြီး . . . “လိုက်သွားပါ ဆရာ၊ မွန်မွန်က မတားပါဘူး ” ဟုဆိုသည်။

မွန်မွန်၏ စကားလေးတွင် အဓိပ္ပါယ်တစ်မျိုး ပါနေပြန်မှန်း ဦးမြင့်နွယ် သတိထားမိပြန်၏။

ဦးမြင့်နွယ်သည် ဦးနေအောင်နောက်သို့ လိုက်ခဲ့၏။

တစ်ဖက်ခန်းရှိ လူငါးဦးမှာ အားလုံး ဂေါက်ဝတ်ဂေါက်စားနှင့် ဖြစ်ကြ၏။ မသိသေးသော်လည်း အားလုံးလိုလိုကို ဦးမြင့်နွယ် မြင်ဖူးပြီး ဖြစ်နေ၏။

ဦးမြင့်နွယ်ကို တစ်ဦးစီနှင့် ဦးနေအောင်က လိုက်မိတ်ဖွဲ့ပေး၏။

အားလုံးက ဘားကောင်တာရှေ့ ခွေးခြေများပေါ်တွင် ထိုင်ကြသောကြောင့် ဦးမြင့်နွယ်ပါ ဝင်ထိုင်သည်။

ကောင်တာနောက်၌ ဦးမြသာ ရှိနေသည်။ သို့ရာတွင် ဦးနေအောင်က အတွင်းသို့ဝင်သည်။

“ ကဲ ဘာသောက်ကြမလဲ ”

တစ်ဦးက ‘ဘီယာ’ဟု အော်သည်။ တစ်ဦးက ‘ဝီစကီအင်ဆိုဒါ’ဟု အော်၏။ ကျန်သုံးဦးက ‘မာတီနီဒရိုင်း’ဟု ပြိုင်တူ အော်ကြ၏။

“ ဘီယာနဲ့ ဝီစကီကတော့ မြသာရေ မင်းပဲထည့်ပေးလိုက်၊ မာတီနီတော့ ငါကိုယ်တိုင် စပ်မယ် ”

ဦးနေအောင်သည် သတိရဟန်ဖြင့် ဦးမြင့်နွယ်ဘက် လှည့်မေး၏။

“ ဆရာကော ခင်ဗျ ”

အရက်သောက်သူများရှေ့ အရက်မသောက်ကြောင်း ပြောရသည်မှာ အားနာဖွယ်ကောင်း၏။ သို့ရာတွင် မတတ်နိုင်။

“ ကျေးဇူးတင်ပါတယ် ဦးနေအောင်၊ ကျွန်တော် အရက်မသောက်ပါဘူး ”

“ ဟောဗျာ၊ ဒီလိုဆို ဆရာ့ဟာ ပျင်းစရာကြီးဖြစ်နေမှာပေါ့၊ ဘီယာလောက်တောင် မလုပ်ဘူးလား ”

“ မလုပ်ပါဘူး၊ ဒါပေမယ့် အများနဲ့ရောပြီး ကျွန်တော် ပျော်တတ်ပါတယ် ”

အသက်လေးဆယ်ကျော်ခန့် တစ်ဦးက ဦးမြင့်နွယ်၏ပုခုံးကို ရင်းရင်းနှီးနှီးပုတ်ပြီး ပြော၏။

“ ဆရာ ဖြေတာကြားတော့ ချာချီနဲ့ မောင်ဂိုမာရီ ပြောကြတာ သွားသတိရတယ် ”

သိပြီးဖြစ်သော်လည်း ယဉ်ကျေးမှုအရ ဦးမြင့်နွယ်က “ဟုတ်ကဲ့ ဆိုပါဦး”ဟု တိုက်တွန်းသည်။

“ ချာချီကမေးတော့ မောင်ဂိုမာရီက၊ အရက်လည်းမသောက်၊ ဆေးလိပ်လည်း မသောက်ကြောင်းဖြေတယ်၊ မုဆိုးဖို ဆိုတော့ မောင်ဂိုမာရီမှာ မိန်းမလည်းမရှိဘူး၊ ဒီတော့ ချာချီကမေးတယ်၊ ဒီလောကကြီးမှာ မင်း ဘာပြုလို့ အသက်ရှင် နေတာလဲတဲ့ ”

ဦးမြင့်နွယ်က ရယ်၏။

“ အင်း . . . ဒုက္ခပဲ၊ ကျွန်တော့်လည်း မိန်းမ မရှိဘူး ”

တစ်ခုံကျော်မှ အသက်အစိတ်ခန့် တစ်ဦးက ဝင်ပြော၏။

“ ဘာလဲ ဦးချစ်ဦး၊ ခင်ဗျားက သွယ်ဝိုက်ပြီး ဆရာဦးမြင့်နွယ်ကိုလည်း ဒီလိုပဲ မေးတယ်ပေါ့ ”

“ မဟုတ်ရပါဘူး ကိုထိန်ဝင်းရာ၊ ဆက်နားထောင်ပါဦး၊ မောင်ဂိုမာရီက သူက အရက်မသောက်၊ ဆေးလိပ် မသောက်လို့ ကျန်းမာရေးမှာ ရာခိုင်နှုန်း တစ်ရာအပြည့်လို့ ပြောတယ်၊ ချာချီက ပြန်ဖြေတယ်၊ သူအရက်သောက်တယ်၊ ဆေးပြင်းလိပ် သောက်တယ်၊ ကျန်းမာရေးမှာ ရာခိုင်နှုန်း နှစ်ရာအပြည့်တဲ့၊ ချာချီ ဘယ်လောက် အလုပ်လုပ်နိုင်တယ်ဆိုတာ ခင်ဗျားတို့ အသိသားပဲ ”

“ ဆိုလိုတာက ခင်ဗျား ဆရာဦးမြင့်နွယ်ထက် သာနိုင်တယ်ပေါ့၊ ကဲ . . . ခင်ဗျား ဟန်ဒီကက်ပ်က ဆယ့်ခြောက်၊ ဒါ . . . ကျွန်တော်တို့ သိတယ်၊ ဆရာဦးမြင့်နွယ်ကကော ဟန်ဒီကက်ပ် ဘယ်လောက်လဲ ”

“ ရှစ်ပါ ”

အားလုံးသည် ‘ဗိုး’ဟု အော်ကာ ဦးမြင့်နွယ်ကို ဝိုင်းကြည့်ကြသည်။

ငွေဘူးထဲတွင် မာတီနီနှင့် ရေခဲမှုန်လေးများကို သမအောင် လှုပ်နေရာမှ ဦးနေအောင်က လှမ်းမေးသည်။

“ ဆရာ အရင်က ဘယ်ကွင်း ကစားခဲ့လဲ၊ ရန်ကုန်က ပြောင်းလာတာတော့ သိတယ်လေ၊ ဘားမားကလပ်လား၊ ရန်ဂွန်းကလပ်လား ”

“ ရန်ဂွန်းကလပ်ပါ ”

“ ရန်ဂွန်းကလပ်က ဟန်ဒီကက်ပ် အိတ်ထ် ဆိုတော့ အားပါးပါး မလွယ်ပါလား၊ ဆရာ ကျွန်တော်တို့ မန္တလေးကွင်း ဘယ်လိုသဘောရသလဲ ”

ဦးမြင့်နွယ် မဖြေမီ သူတို့ထဲမှ တစ်ဦးက ဝင်ဖြေသည်။

“ ဘယ်လို သဘောရရမှာလဲ၊ လယ်ကွင်းထဲ ကျည်းသားရိုက်ရတယ် ထင်မှာပေါ့၊ ဟုတ်ဘူးလား ဦးမြင့်နွယ် ”

“ ဒီလိုတော့ မဟုတ်ပါဘူး၊ မန္တလေးဂေါက်ကွင်းကလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ အထူးသဖြင့် ပတ်ဝန်းကျင် ရှုခင်းတွေ ကျွန်တော် သိပ်ကြိုက်တယ်၊ အဲ . . . ဂရင်းမှာ ရိုက်လာတော့ ဘရောင်းဒ်မှာ ရိုက်ရတာ တစ်မျိုးဖြစ်နေသေးတယ်”

မာတီနီ စပ်ပြီးသွားသဖြင့် ဦးမြင့်နွယ်မှအပ အားလုံး ယမကာခွက်ကိုယ်စီနှင့် ဖြစ်နေကြပြီ။

တစ်ဖက်ခန်းမှ ရက်ကော်ဒါ တိုးတိုးဖွင့်သံကို ဦးမြင့်နွယ် ကြားရသည်။

ဦးနေအောင်က “ယမကာ မသောက်လည်း ဆရာ ကိုးလ်ဒရင့်ခ် တစ်ခုခု သောက်ပါ”ဟု ဆိုသည်။

“ ကျွန်တော် ဘလက်ခ်ကော်ဖီ သောက်နေပါတယ်၊ ကရား ဟိုဘက်ခန်းမှာ ကျန်နေတယ် ”

“ ဒီလိုဆို မြသာရေ သွားယူပေးပါ ”

“ နေပါစေ ဦးနေအောင်၊ မွန်မွန့်ကို ခဏလို့ ကျွန်တော် ပြောလာရတာနော် ”

“ အာ . . . ဟုတ်တယ်၊ ကဲ . . . ကြွ ကြွ၊ သမီးက စိတ်ကောက်နေဦးမယ်၊ ဆရာ့ကို မဟုတ်ဘူး ကျွန်တော့်ကို ”

ဦးမြင့်နွယ်က အားလုံးကို နှုတ်ဆက်ပြီး တစ်ဖက်ခန်းသို့ ကူးလာခဲ့သည်။

မွန်မွန့်ကို ဆိုဖာပေါ်၌ မတွေ့၊ ရက်ကော့ဒါ တင်ထားသော စားပွဲအနီး ကုလားထိုင်တစ်လုံးနှင့် ထိုင်နေသည်။ စားပွဲပေါ်၌ ခေါင်းလေးကို တင်အိပ်ရင်း သီချင်းနားထောင်နေသည်။ သီချင်းက စောစောက မိမိ၏ အသံသွင်းထားသော သီချင်းပင်။

ဦးမြင့်နွယ်၏စိတ်မှာ ရင်ထုမနာ ဖြစ်မိသည်။ စားပွဲပေါ်တွင် ခေါင်းလေးတင်အိပ်ရင်း သီချင်းနားထောင်နေသော မွန်မွန်၏အသွင်က သူ့ကို ရင်ထုမနာ ဖြစ်စေသည်။ သည်ခန်းသည် သူ့ကမ္ဘာလေးပါဟု ပြောခဲ့သော မွန်မွန်၏ စကားလေးများကို ပြန်သတိရမိသည်။

ဆိတ်သုဉ်းသော သူငယ်မ၊ သနားဖွယ် ကလေးမ။

ဦးမြင့်နွယ်သည် မွန်မွန့်အနီးသို့ ချဉ်းကပ်သွားသည်။

မွန်မွန်သည် ခေါင်းကို စားပွဲပေါ်မှမထူဘဲ မျက်တောင်ကော့ကြီးများကိုသာ လှန်၍ သူ့ကို ကြည့်သည်။

ဦးမြင့်နွယ်က သူ့လက်ကို မွန်မွန့်ထံ ကမ်းပေးသည်။

မွန်မွန်က လှမ်းမယူသေးဘဲ သူ့လက်ကို တစ်လှည့်၊ သူ့မျက်နှာကို တစ်လှည့် ကြည့်နေ၏။

ရက်ကော့ဒါမှ သီချင်းသံ တိုးတိုးထွက်လာနေ၏။

“ လာလာလေ လှမ်းခဲ့၊ လက်ကမ်းလို့ ကြိုနေ၊ လာလာလေ လှမ်းခဲ့၊ လက်ကမ်းလို့ ကြိုနေ၊ နွေဦးရောက်စေ၊ နှင်းမပျောက်တဲ့မြေ ”

မွန်မွန်သည် ခေါင်းလေးကို ထူလိုက်သည်။ ပါးချိုင့်လေး နှစ်ဖက်ပေါ်အောင် ပြုံးပြီး သူ့လက်ကို ဆွဲယူသည်။

ဆိုဖာတွင် ထိုင်ကြပြန်၏။

ဦးမြင့်နွယ်သည် ကော်ဖီတစ်ခွက် ငှဲ့ထည့်ပြီး မွန်မွန့်ကို ပြုံးကြည့်သည်။

မွန်မွန်ကလည်း နားလည်သွားပုံရသည်။ သကြားဘူးတွင်းမှ သကြားနှစ်ဇွန်း ထည့်ပေးသည်။ ပြီးတော့ ဇွန်းလေးနှင့် မွှေပေးသည်။

“ မွန်မွန်ရေ ဒီကော်ဖီတစ်ခွက် သောက်ပြီးရင် ဆရာ ပြန်တော့မယ်နော် ”

မွန်မွန်က ခေါင်းလေးညိတ်ပြ၏။

" ဒါပေမယ့် မွန်မွန့်ဆီ ဆရာ ခဏခဏ လာလည်ပါ့မယ် "

မွန်မွန်သည် ခေါင်းလေးသာ ညိတ်ပြပြန်၏။

" ဆရာ့ဆီကိုလည်း မွန်မွန် ကြိုက်တဲ့အချိန် လာလည်နိုင်တယ် "

ပြာပြာလဲ့သော မျက်လုံးလေးများနှင့် မွန်မွန်က သူ့ကို တစ်ချက် စိုက်ကြည့်သည်။ ပြီးမှ တိုးတိုးလေး မေး၏။

" အဲဒီလိုဆိုတော့ ဆရာ့လွတ်လပ်မှုကို မွန်မွန်က လာနှောင့်ယှက်ရာများ ကျမနေဘူးလား "

" မကျပါဘူး၊ သြော် . . . စောစောက မွန်မွန်ပြောခဲ့တယ်၊ ဒီအခန်းလေးဟာ မွန်မွန့်ကမ္ဘာလေးတဲ့၊ မွန်မွန့်ကမ္ဘာလေးက ကျဉ်းကျဉ်းလေးရယ်၊ ဒီလိုပဲ အမှန်မှာက ဆရာ့ကမ္ဘာဟာလည်း ကျဉ်းကျဉ်းလေးမဟုတ်တောင် ကျယ်လှတယ် မဟုတ်ပါဘူး မွန်မွန်၊ မွန်မွန့်ကမ္ဘာနဲ့ ဆရာ့ကမ္ဘာကို ပေါင်းကူးတံတားလေး ဆက်လိုက်မယ် "

" အဲဒီတော့ ဘာဖြစ်သွားမလဲ "

" မွန်မွန့်ကားလေးလို ဖြစ်သွားမှာပေါ့ "

" ဆရာပြောတာ မွန်မွန် နားမလည်ဘူး "

" ဆရာ့ကားက ပစ္စည်းလေးတစ်ခု မွန်မွန့်ကားမှာ တပ်ပေးလိုက်တော့ မွန်မွန့်ကားလေး ကောင်းသွားတယ် မဟုတ်လား "

" ဒါပေမယ့် ဆရာ့ကားထဲမှာတော့ မွန်မွန့်ပစ္စည်းအပျက်လေး ကျန်ရစ်ခဲ့တယ် မဟုတ်လား "

" ကိစ္စမရှိဘူး၊ ဆရာက အပျက်ကို ပြင်တတ်တဲ့လူ၊ မွန်မွန် ဘာပြောဦးမလဲ "

မွန်မွန်သည် လှိုက်လှိုက်လှဲလှဲကလေး ရယ်သည်။ ရယ်ရင်းကလည်း ပြော၏။

" စိတ္တသုခဝပ်ရှော့က မက္ကင်းနစ်ကြီး၊ ဟင်း . . . ဆရာ ကြံကြံဖန်ဖန် ပြောတတ်တယ် "

ကော်ဖီတစ်ခွက် ကုန်အောင်သောက်ပြီးသောအခါ သူက နေရာမှထ၏။

" ကဲ . . . ဆရာပြန်မယ် "

မွန်မွန်က အပေါက်ဝအထိ သူ့ကို လိုက်ပို့သည်။

ကားပေါ်တက် စက်နှိုးအပြီး၌ သူက ပြတင်းပေါက်မှ ခေါင်းထုတ်ပြီး မွန်မွန့်ကို ထပ်နှုတ်ဆက်ရန် ကြည့်သည်။

မွန်မွန်သည် ခေါက်တံခါးကို မှီကာ နွဲ့နွဲ့လေး ရပ်နေ၏။

ထဘီက ပန်းရောင်၊ အင်္ကျီက အဖြူ၊ ရင်ခွဲဆွယ်တာလေးက ထဘီထက် အနည်းငယ်သာ နုသည့် ပန်းရောင်ပင်။ ပန်းရောင်ဆိုးတော့ အသားလေးများကပင် ပန်းနုရောင် ထင်ရ၏။

သြော် . . . အလှ၊ သြော် . . . ကျက်သရေ။

မွန်မွန့်ကို လက်ပြနှုတ်ဆက်ပြီး ကားကို မောင်းထွက်လာခဲ့သည်။

သူ့စိတ်မှာ ဟာသကဲ့သို့ ဖြစ်နေသည်။ တစ်စုံတစ်ရာကို မထားချင်ဘဲ ထားခဲ့ရသကဲ့သို့ ခံစားရသည်။

မြတ်စွာဘုရား . . . သံယောဇဉ်ပါတကား။ ဘယ်အချိန်က ဝင်ပြီး ဘယ်လို တွယ်လိုက်ပါသနည်း။ အလိုလေး၊ သည်သံယောဇဉ်ကလည်း . . . သည်သံယောဇဉ်ကလည်း . . .

သူသည် အိမ်သို့ တိုက်ရိုက်မပြန်ဘဲ ဘီလမ်းဆီ ထွက်ကာ ကျုံးဘေး၌ ကားကို ရပ်လိုက်၏။

ထနောင်းပင်ပျိုတစ်ခုကို မှီပြီး ရပ်မိ၏။

နေက ဝင်ခဲ့ပြီးပြီ။ ပတ်ဝန်းကျင်မှာက မှောင်ရီဖြိုးဖြ။

ရေစပ်မြက်ခင်းမှာ သူ့ဘက် ကျောပေးပြီး မောင်နှံတစ်စုံ ထိုင်နေကြသည်။

ယောက်ျားပျို၏ လက်တစ်ဖက်က မိန်းမပျို၏ ခါးလေးကို သိုင်းဖက်ထားသည်။ တင်းတင်းကြီးတော့ ဟုတ်ဟန်မတူ။ ခေါင်းချင်းက ဆိုင်ထားသည်။ မျက်နှာချင်းတော့ ပူးနေသည် မဟုတ်။

ကျုံးရေပြင်မှာ လှိုင်းတွန့်လေးတွေကို မြင်နိုင်သေးသည်။ အသံမမြည်သော လှိုင်းတွန့်ကလေးများ။

သူ့ရင်မှာလည်း အသံမမြည်သော လှိုင်းတွန့်လေးတွေ ထနေသည်။ သည်လှိုင်းတွန့်လေးတွေကို ချစ်ပါသည်။ သို့ရာတွင် ကြောက်လည်း ကြောက်ပါသည်။ ချစ်ဖွယ်၊ ကြောက်ဖွယ်သော လှိုင်းတွန့်များ။

ရင်မှာ သူတို့နှင့် ဝေးခဲ့သည်မှာ ကြာပါပြီ။ သည်တစ်သက်မှာ သူတို့ ပြန်မလာတော့ဘူးဟု ထင်ခဲ့သည်။

ယခုတော့ ပြန်လာပြီ . . .

ဟိုတစ်ကြိမ်တုန်းက ကဲ့သို့ ပြန်လာချေပြီ။

ဟိုတစ်ကြိမ်တုန်းဆီကမူ ကိုယ့်ရင်မှာက ဘာမှ အကာအကွယ်မရှိ။ ပုသိမ်၏ မြေပြန့် ဂေါက်ကွင်းဘေးမှ ကန်သုံးဆင့် ရေပြင်ကြီးလို ဘာမျှ အကာအကွယ်မရှိ။

ယြော် . . . လွှမ်းမိရသေးသည်။

( ခ )

ကိုယုကြိုင်က သစ်သားနံပါတ် (၁) ခေါ် ဒရိုက်ဘာကို လွှဲ၍ရိုက်သည်။

ဂေါက်သီးသည် ကိုက်တစ်ရာ့ငါးဆယ်ခန့်မှု တည့်တည့်သွားပြီးမှ လေထဲတွင်ဝိုက်ပြီး ညာဘက်သို့ ကွေ့သွား၏။

ကက်ဒီကလေးငယ်တစ်ဦးက ဂေါက်သီးပုံးမှ ဂေါက်သီးတစ်လုံး ကောက်ယူပြီး မြေတွင်စိုက်ထားသော တီတံလေးပေါ်တင်၏။

ကိုယုကြိုင် ရိုက်ပြန်သည်။

တုတ်အဆင်းတွင် ကိုယုကြိုင်၏ ညာပုခုံးသည် တည့်တည့်လည်ပြီး ပတ်ဝင်နေကြောင်း မြင့်နွယ် လှမ်းမြင်ရ၏။

ဂေါက်သီးသည် ညာဝေ့မြဲ ဝေ့နေ၏။

ကိုယုကြိုင်က စိတ်ပျက်ဟန် ခေတ္တနားနေရာမှ မြင့်နွယ်ကို လှမ်းမြင်သွားပြီး ပြောသည်။

" အံမယ်လေး ငါက မင်းမလာတော့ဘူးလားလို့ "

" ကျွန်တော် နောက်ကျသွားတယ်၊ အခုလည်း ကျွန်တော် ဆယ့်ငါးမိနစ်လောက်ပဲနော် "

" အေးပါကွာ၊ မင်းက တယ်ဈေးကိုင်နေတယ် "

" ဈေးကိုင်တာ မဟုတ်ပါဘူး၊ ကိစ္စလေးရှိနေလို့ပါ၊ ကဲပါလေ ဆရာ အခု ဆလိုက်ထွက်နေတယ် မဟုတ်လား "

" ဟုတ်တယ်ကွ "

" ညာနဲ့ချည်း စီးရိုက်တာကိုး၊ ပုခုံးကြီးလည်နေတာ တွေ့သားပဲ "

" နို့ . . . မင်းပဲ ဟိုတစ်ခါတုန်းက ညာသွင်းပေးဆို "

" ညာသွင်းတာတော့ ဟုတ်ပါတယ်၊ ညာနဲ့ချည်း ရိုက်ရမယ်လို့ ကျွန်တော်က ပြောတာမှ မဟုတ်ဘဲ "

" ဟာ . . . ညာသွင်းတဲ့နောက် ညာပါတော့တာပေါ့၊ ငါ အရင်တုန်းကလို ဘယ်နဲ့ချည်း ပြန်ရိုက်ကြည့်တော့လည်း ကန့်လန့်ကြီး ဘယ်ဆွဲတော့တာပဲ၊ ပြေးလည်းမပြေးဘူး "

" ကျွန်တော် ကြည့်ပေးမယ် ပြန်ရိုက်ပါဦး "

" အေးကွာ လုပ်စမ်းပါဦး "

ကိုယုကြိုင်က သုံးလုံးဆက် ရိုက်ပြ၏။ နှစ်လုံးက ညာဝိုက်သည်။ တစ်လုံးက ဘယ်သို့ ထောင့်တန်းပြေးသည်။

" နောက်ဆုံးအလုံးကို ငါ ဘယ်နဲ့ချည်း ရိုက်ချလိုက်တာ "

" ကျွန်တော် အမှားသုံးခု မြင်တယ် "

" ဘာတွေလဲ "

" ညာပုခုံးလည်တာ၊ အဲဒါကထား၊ နောက်ကို စဆွဲကတည်းက လက်ကောက်ဝတ် ချိုးနေတယ်၊ ပြီးတော့ ပုခုံးကို ကိုးဆယ်ဒီဂရီပြည့်အောင် မလှည့်ဘူး၊ ပုခုံးအပြည့် မလှည့်ဘဲနဲ့တော့ ပြေးဖို့ တည့်ဖို့ခက်တယ် "

ကိုယုကြိုင်က "ဒါဖြင့် ဒီလိုလား"ဟု ဆိုကာ ဂေါက်တုတ်ကို နောက်သို့ဆွဲပြ၏။

" လက်ကောက်ဝတ် မချိုးတာတော့ မှန်သွားပြီ၊ ပုခုံးလှည့်ပုံ မဟုတ်သေးဘူး၊ တုတ်ကို ဘယ်အခြမ်းလုံးနဲ့ နောက်ကို တည့်တည့်တွန်းသွား၊ လက်နဲ့ချည်း မဆွဲနဲ့၊ တုတ်က ခါးလောက်ရောက်တဲ့အထိ လက်ကောက်ဝတ် မချိုးနဲ့ဦး၊ ခါးလောက်ရောက်တော့ တုတ်အပေါ်ရောက်သွားအောင် ဘယ်ပုခုံးနဲ့ လှည့်ရင်း တွန်းတင်၊ ဘယ်ပုခုံးစွန်းဟာ ခြေဖဝါးနှစ်ခုကြား တည့်တည့်က မြေကြီးဆီ စိုက်ပြနေရမယ် "

" ငါဖတ်ဖူးတာက ဘယ်ပုခုံးစွန်းက ဘောလုံးနောက်ရောက်ရင် တော်ပြီဆို "

" အဲဒီလောက်ဆိုရင် ကိုက်နှစ်ရာပြည့်အောင်တောင် ဘယ်တော့မှ ရောက်မှာမဟုတ်ဘူး၊ တည့်ဖို့လည်း ခက်တယ်၊ ကျွန်တော် ရိုက်ပြမယ် ကြည့် "

မြင့်နွယ်က ကိုယုကြိုင်လက်မှ တုတ်ကိုယူပြီး နောက်လွှဲနည်းကို ဖြည်းညင်းစွာ ပြသည်။ ကိုယုကြိုင် သဘောပေါက်လောက်မှ တစ်လုံးရိုက်ပြသည်။

မြင့်နွယ်၏ ဘောလုံးသည် လေထဲတွင် နှစ်ဆင့်တက်ပြီး တည့်တည့်ကြီးပြေး၏။ ကိုယုကြိုင် ရိုက်စဉ်က ဘောလုံးကောက်နေသော ကောင်လေးကိုကျော်၍ နောက်ကိုက်ငါးဆယ်ခန့်တွင်ကျပြီး ဆက်လိမ့်သွားနေ၏။

" အလယ်လယ် မင်းရိုက်တာ လိမ့်တာပါနဲ့ဆိုရင် ကိုက်သုံးရာကျော်မယ်ဟေ့ "

မြင့်နွယ်က တုတ်ကို ကိုယုကြိုင်ထံ ပြန်ပေးသည်။
ကိုယုကြိုင်က မရိုက်သေးဘဲ နောက်လှွဲ သုံးခါလုပ်ကြည့်၏။
“ ဟုတ်ပလားဟေ့ ”
“ ဟုတ်ပြီ ”
ကိုယုကြိုင်သည် နောက်သို့ ဖြည်းညင်းစွာ တုတ်ကိုလွှဲယူပြီး ရိုက်ချလိုက်၏။
ဂေါက်သီးသည် စောစောတုန်းကထက် တည့်လည်းတည့်သည်။ ပြေးလည်းပြေးသည်။
“ ဟုတ်ပြီဟေ့ . . . ဒါပေမယ့် နည်းနည်းလေး ညာဝိုက်ချင်သေးတယ် ”
“ ဆက်သာရိုက်ပါဦး ”
ကိုယုကြိုင်သည် ဆက်ရိုက်၏။ ဂေါက်သီးက အနည်းငယ် ညာဝိုက်မြဲ ဝိုက်နေသည်။
“ စောစောတုန်းကလောက်တော့ မဆိုးတော့ဘူး၊ ဒါပေမယ့် ညာဝိုက်နေတုန်းပဲ ”
“ ကျွန်တော် သိပြီ၊ ဆရာက ရိုက်ပြီး လက်မှမဖြုတ်ပဲ၊ ညာကြီးနဲ့ ဆက်တွန်းနေတာကိုး ”
“ လက်က ဘယ်လိုဖြုတ်မလဲ ”
“ အနားကျမှ ကပ်ဖြုတ်တာ ”
“ အဲဒါ လုပ်လို့မရတာပေါ့ကွ ”
“ နေဦး ဆရာ့စိတ်ထဲမှာ ဂေါက်သီးကို ဘာနဲ့ရိုက်တယ်လို့ သဘောထားသလဲ ”
“ ဟ . . . တုတ်ခေါင်းနဲ့ရိုက်တယ် သဘောထားတာပေါ့ကွ ”
“ တုတ်ခေါင်းရှိနေတယ်ဆိုတာ မေ့ပစ်လိုက်၊ တုတ်ခေါင်းနဲ့ရိုက်ဖို့ ကြိုးစားတာနဲ့ တစ်ပြိုင်နက် တုတ်ခေါင်းက လက်ထက် အရင်ဆင်းမှာပဲ၊ တုတ်ခေါင်းက အရင်ဆင်းတာနဲ့ တစ်ပြိုင်နက် ဖြစ်ချင်တာတွေ လျှောက်ဖြစ်နိုင်တယ်၊ ဒါကြောင့်မို့ တုတ်ခေါင်းရှိတယ်ဆိုတာ မေ့ပစ်လိုက်ပြီး ရိုက်ချလိုက်တဲ့အခါမှာ စိတ်ထဲက ဘယ်ဘက်လက်ခုံနဲ့ ဘောလုံးကို ရိုက်တယ် သဘောထား၊ လက်ကောက်ဝတ်ကို ဘောလုံးနဲ့ထိမှဖြေ၊ ဖြည်းဖြည်းလုပ်ကြည့် ”
ကိုယုကြိုင်က ကြိုးစားကြည့်၏။ သည်တစ်ကြိမ်တွင် ဂေါက်သီးနှင့် တုတ်ခေါင်းထိသံသည် ထက်ထက်မြက်မြက် ပီပီသသကြီး ပေါ်လာ၏။ ဂေါက်သီးသည် လေတွင် တန်းတန်းမတ်မတ်ကြီးပြေးပြီး စောစောက မြင့်နွယ် ရိုက်စဉ် ကျသော နေရာလောက်၌ ကျ၏။
“ ဟာ . . . တစ်ချီတည်းနဲ့ မင်းလောက် ငါရောက်ပြီ ”
“ မှန်သွားရင် ဒီထက် ပြေးမှာပေါ့၊ ဆရာက ကျွန်တော့်ထက် ဗလကောင်းတာပဲဟာ ”
ကိုယုကြိုင်သည် တစ်လုံးပြီးတစ်လုံး ဆက်ရိုက်၏။ အလုံးတိုင်းသည် ဖြောင့်ဖြောင့်နှင့် ပြေးသည်။
“ ဟုတ်ပြီဟေ့ မြင့်နွယ်ရေ ”
“ ဟုတ်ပါပြီ ဆရာ၊ သံတုတ်ရိုက်ရင်လည်း ဒီလိုပဲ သဘောထား၊ ဒါပေမယ့် လက်ကောက်ဝတ်ကို ဘောလုံးရှေ့ မြေကြီးမှာ ဖြေတယ်လို့ သဘောထားရမယ်၊ ဘောလုံးအသားမှာ ဖြေတယ်လို့ သဘောမထားရဘူး၊ နောက်ကိုလည်း စောက်စောက်ဆွဲ ဆရာ၊ နံပါတ် (၅) စမ်းကြည့်ပါလား ”
“ အေးဟေ့ ”
ကိုယုကြိုင်သည် သံတုတ် နံပါတ် (၅)ကို ပြောင်းကိုင်ပြီး ရိုက်ကြည့်သည်။
“ ဟုတ်သဟေ့ ဟုတ်သကွယ့်၊ ဒစ်ဗစ်တ်ပါတယ်၊ ဂေါက်သီးသွားတာဟာ ငြိမ်နေတာပဲ ”
ကလပ်ဆီသို့ စတေရှင်ဝက်ဂွန်အညို ဝင်လာသည်ကို မြင့်နွယ် လှမ်းမြင်ရ၏။
လေးကျင့်သီးပုံးမှ ဂေါက်သီးကုန်သွားသောကြောင့် ကိုယုကြိုင်က ဂေါက်သီးကောက်နေသော ကောင်ကလေးကို လှမ်းလက်ပြခေါ်၏။
ကလပ်တွင်းမှ အရေးပိုင်နှင့်အတူ ဂေါက်သမားသုံးဦး ထွက်လာကြသည်။
ကိုယုကြိုင်က မှတ်ချက်ချသည်။
“ အရေးပိုင် အရေးပိုင် ရှုံးဆင်းနောက်ကျတယ် ထင်တယ် ”
မြင့်နွယ်က ဘာမျှမပြောဘဲ စတေရှင်ဝက်ဂွန် ပြန်ထွက်သွားသည်ကို ကြည့်နေ၏။
ကိုယုကြိုင် လေ့ကျင့်နေသော လေ့ကျင့်ရေးတီခုံမှာ ပထမ ဖဲယားဝေး ဘေးဗဟိုတွင် ရှိနေ၏။ အရေးပိုင်တို့ ရိုက်လာလျှင် အနှောင့်အယှက်မဖြစ်ရေန် ကိုယုကြိုင်က နားပေးပြီး စီးကရက်တစ်လိပ် ညှိဖွာ၏။
“ ကဲ . . . ဆရာ ဆက်လေ့ကျင့်ဦးပေါ့၊ ကျွန်တော်လည်း သွားစရာ ရှိသေးတယ် ”

" အေး . . . ဟုတ်ပြီ၊ နေဦး ရော့ . . . ရော့ . . . "

ကိုယုကြိုင်က အိတ်တွင်းမှ ဆယ်တန်တစ်ချပ် ထုတ်ပေး၏။

" ဟာ . . . ဆရာ . . . များတယ် "

" မများဘူး မြင့်နွယ်၊ မင်းပြပေးတာဟာ ငါ့အတွက် တစ်ရာဆိုလည်း ဟုတ်တယ်၊ နှစ်ရာဆိုလည်း ဟုတ်တယ်၊ ရန်ကုန်ပြန်ရောက်မှ ဟိုမှာကျယ်နေတဲ့ မျက်နှာဖြူကောင်တွေကို ငါအနိုင်ရိုက်ဦးမယ်၊ ရော့ပါ ယူသွား "

မြင့်နွယ်က ငွေတစ်ဆယ်တန်ကို လှမ်းယူပြီး အိတ်တွင်းထည့်လိုက်သည်။

" ကျွန်တော် သွားတော့မယ် ဆရာ "

" အေး . . . ငါလည်း ကျင့်လိုက်ဦးမယ်၊ ဟန်ကျရင် မနက်ဖြန် ကိုမေရွှင်တို့နဲ့ ချိန်းရိုက်မယ်၊ နို့မို့ ပုသိမ်ရောက်တိုင်း သူတို့ချည်း ငါက ပူဇော်ခဲ့ရတာ "

" ဆရာ ဦးဘချူးကြီးဆီက အလိုမ့်လေးလည်း အတုခိုးသွား ဆရာ၊ သူက အလိုမ့်ဝိဇ္ဇာပဲ၊ သူ့အလိုမ့်က ခုလို နွေဆိုရင် အားကိုးရတယ် "

" ဦးဘချူးလား၊ ဘန်ကာထဲကတောင် ပတ်တာနဲ့ ရအောင်လိုမ့်တင်တဲ့လူ၊ ဆိုးတော့ မဆိုးဘူးကွ "

မြင့်နွယ်သည် လမ်းကို ဖြတ်ကူးသည်။ ဖဲယားဝေးတစ်ခုကိုပါ ဖြတ်ကူးပြီး ကန်စောင်းရောက်လာ၏။ ကန်စောင်းရောက်မှ မြေအနိမ့်တစ်လျှောက်အတိုင်း အနောက်ဘက်သို့ မပြေးရုံတမည် ဆက်လာခဲ့၏။

အနောက်ဘက်မှာ ကမ်းခြေသည် ကျွန်းဆွယ်မြောင်မြောင်ဖြစ်၍ ကန်လယ်ဆီ ထိုးသွယ်လျက် တန်းပြေးနေသည်။ သည်ကျွန်းဆွယ်ပေါ်မှာတော့ အုန်းပင်ပျိုလေးများနှင့် ဝါးပင်ပုလေးများ ရှိနေသည်။

ကျွန်းဆွယ်မှနေ၍ ကြည့်လျှင် စင်သီယာတို့အိမ်ကို လှမ်းမြင်ရသည်။

သူကသာ အမောတကော ပြေးလာရသည်။ စင်သီယာကမူ အေးအေးမှန်မှန်နှင့် ကျွန်ရွေရရလေး လျှောက်လာနေ၏။

သူက လူယောင်ပြပြီး အုန်းပင်ပျိုကွယ်က ရပ်စောင့်သည်။ ဩော် . . . ရင်မှာလည်း လှိုက်ဖိုနေပါ၏။

စင်သီယာက အနီးရောက်လာသည်။ လက်တွင်းမှာ အညိုရောင် စက္ကူထူအိတ်တစ်လုံးကို ကိုင်လာ၏။

သူက ပြုံးနှုတ်ဆက်သည်။ စင်သီယာ့အပြုံးလေးကမူ မပွင့်တပွင့် ဖြစ်သည်။ မျက်နှာလေးက ရှက်ကိုးရှက်ကန်း နိုင်သည်။ ပါးလေးတွေမှာ ရဲနေ၏။

" ကိုယ်တို့ ဟိုနားမှာ ထိုင်ကြမယ်နော် "

စင်သီယာက ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ ပြီးတော့မှ ခေါင်းညိတ်ပြ၏။

သူတို့ အတူထိုင်ကြသည့် နေရာလေးက ရေစပ်ဦးမှာ။ လှိုင်းတွန့်လေးတွေ ပြေးခိုဝင်လာသည့် ရေစပ်ဦးမှာ။ ကုန်းမို့ကို နောက်ခံပြုထားသည်မို့ သည်ဘက်ကမ်းကတော့ လှမ်းမမြင်နိုင်။ ဟိုဘက်ကမ်းမှာတော့ လွင်ပြင်နှင့် တောတန်းသာရှိသည်။ လူသူလေးပါး ကင်းရှင်းသည်။

တောတန်းမှာ ရွက်ဝါတွေကြွေနေသည်။ မြူခိုးကလည်း ပြာပြာဝေဝေနှင့်။ ဥသြသံကလည်း သာသာချိုချိုနှင့်။

သူက ဘေးတိုက်မြင်ရသဖြင့် ထောင့်ကျပုံလှသော မေးရိုးလေးနှင့် စိုဝင်းရှိန်းမြသော စင်သီယာ၏ မျက်နှာလေးကို ငေးကြည့်သည်။ အနီးကပ်ထိုင်ခွင့်ရှိပြီ ဆိုပြန်တော့ စင်သီယာ့ထံမှ ကိုယ်သင်းနံ့လေးများက သူ့နှာဝတွင် ခါတိုင်းထက် ပိုမို သင်းကြိုင်နေသည်။ စင်သီယာက သူ့ကို ပြန်မကြည့်။ ရေပြင်ဆီကိုသာ စိုက်ကြည့်နေသည်။ ခါတိုင်း သွက်လှသော နှုတ်လေးကလည်း ငြိမ်နေ၏။

" စင်သီယာ "

" အင်း . . . "

" ကိုယ့်ကို စကားမပြောတော့ဘူးလား "

" ပြောချင်ဘူး "

" မပြောချင်ဘူး . . . ဘာပြုလို့ "

" မုန်းလို့ "

" ကိုယ့်ကို မုန်းတယ် "

" မုန်းတယ်၊ သိပ်ပိုလို့ မုန်းတယ် "

" ကိုယ်က ဘာပိုလို့လဲ "

" အဲဒါ ကိုယ့်ဘာသာကိုယ် သိပေါ့ "

" ကိုယ့်ဘာသာကိုယ်သိတာ တစ်ခုပဲရှိတယ်၊ အဲဒါကိုလည်း စင်သီယာ သိပါတယ်၊ ကိုယ် ထပ်ပြောပြရဦးမလား "

" ချွဲတာ နားမထောင်ချင်ပေါင် "
" အဲဒီလိုဆို ကိုယ် စကားမပြောဘဲ ပါးစပ်ပိတ်နေတော့မယ် "
" နေ . . . ကြိုက်သလိုနေ "
သူက တမင် စင်သီယာ့ဆီမှ မျက်နှာလွှဲလိုက်သည်။ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ပါးစပ်ပိတ်နေလိုက်သည်။ စင်သီယာကလည်း မျက်နှာလေးကို ပင့်ပြီး ငြိမ်နေ၏။
သူက ခေါင်းမလှည့်ဘဲ မျက်လုံးစွေပြီး စင်သီယာ့ကို ခိုးကြည့်သည်။ စင်သီယာကလည်း ခိုးကြည့်သည်နှင့် ဆုံမိ၏။
သူက မျက်လုံးကို ပြန်ရုတ်ပြီး ရှေ့တည့်တည့်ကို စိုက်ကြည့်နေ၏။ နောက်ထပ် စင်သီယာ့ဘက် ခိုးမကြည့်မိရန် ဇွတ်အတင်း ထိန်းထား၏။
စင်သီယာ့ထံမှ ရယ်သံလေး ပေါ်လာ၏။ လက်သီးလေးတစ်စုံကလည်း သူ့ကျောကို ထုလာသည်။
" ကိုပိုကြီး ကိုချွဲကြီး ကိုမူလကျီကြီး၊ သူကချည်း ပြောင်းပြန်၊ ဟွန်း . . . မုန်းလိုက်တာ၊ ယူ့ကို စင်သီယာ မုန်းလိုက်တာ၊ ကဲ . . . ကဲ . . . "
စင်သီယာက ဆက်ထု၏။ သူက သဘောကျစွာ တဟဲဟဲ ရယ်သည်။
စင်သီယာက အထုရပ်လိုက်ပြီး ပြုံးစစ မျက်နှာပေးလေးနှင့် သူ့ကို မျက်စောင်းထိုးကြည့်နေသည်။
သူက ယခုမှ စင်သီယာ ယူလာသော စက္ကူအိတ်ကို သတိပြုမိသည်။ စက္ကူအိတ်က ထုအတန်ထူသည်။
" ဩော် . . . စင်သီယာရေ၊ အဲဒီထဲက ဘာတွေလဲ "
" အခုမှ မေးတယ်၊ စင်သီယာကတော့ သူ့ဖို့ တကူးတက ယူလာရတာ "
" ဘာတွေလဲ စင်သီယာ "
စင်သီယာသည် စက္ကူအိတ်လေးကို ကောက်ယူပြီး ရင်မှာ ပိုက်လိုက်သည်။ ပြီးမှ အတွင်းမှ နှိုက်ယူပြီး သူ့ကိုပေး၏။
လက်သန်းခန့် မထူတထူ အင်္ဂလိပ်စာအုပ်လေး တစ်အုပ်။
ဘရီဂေးဒီယား ဂျရဒ်၏ စွန့်စားခန်းများဟု အမည်ထိုးထားသည်။
" အဲဒါ ဘာလုပ်ဖို့လဲ စင်သီယာ "
" ခဏနေ ကြည့်ဦး "
စင်သီယာက စာအုပ်ကလေးများစွာကို တစ်အုပ်ပြီးတစ်အုပ် ထုတ်ပေးသည်။ အားလုံး အင်္ဂလိပ်စာအုပ်များတည်း။
အေ ဘွတ်ခ် အော့ဖ် ဗာ့စ် ဘိုင် မောင်ထင်အောင်၊ ဤသည်က တစ်အုပ်။ မောင်ထင်အောင်၏ 'ကဗျာလက်ရွေးစင်' ဟု အဓိပ္ပါယ်ရမည် ထင်သည်။ နောက်တစ်အုပ်ကတော့ အိုးလ်ဒ် ဘားမားဟု အမည်ပေးထားသည်။ 'ရှေးရှေးတုန်းက မြန်မာပြည်'ဟု အဓိပ္ပါယ်ရပေမည်။
စင်သီယာ နောက်တစ်ချီ ထုတ်ပေးသော စာအုပ်လေးက အတန်လေးထူသည်။ အင်္ဂလိပ်လိုပင် ရေးထားသည်။ ဗြိတိသျှသမိုင်းစာအုပ်ဖြစ်၏။
နောက်ဆုံး စင်သီယာ ထုတ်ပေးသော စာအုပ်ကား ဦးပုည၏ ဝိဇယပြဇာတ် ဖြစ်သည်။
စင်သီယာသည် သူ့လက်ဆောင်ပစ္စည်းလေးများကို သူသဘောကျဟန်ဖြင့် ပြုံးပြုံးလေးကြည့်နေသည်။
" အဲဒါတွေက ဘာလုပ်ဖို့လဲ စင်သီယာ "
" မက်ထရစ်မှာ ပြဋ္ဌာန်းတဲ့ စာအုပ်တွေ "
" ဘာရယ် "
" ယူ . . . တောသားပဲ၊ နားမလည်ဘူး၊ ယူ့လို တောသားတွေ ခံကြရဦးမယ် "
" ဒုက္ခပဲ စင်သီယာ ပြောနေတာ ကိုယ်တစ်ခုမှ နားမလည်ဘူး "
" စင်သီယာ ရှင်းပြမယ် နားထောင်၊ ယူအခု ရှစ်တန်းအောင်ရင် ကိုးတန်းဆက်တက်မယ် မဟုတ်လား "
" နို့ . . . ဘယ်အတန်းတက်ရမှာလဲ "
" ဆုံးအောင် နားထောင်ဦး၊ ပြီးတော့ ယူ ကိုးတန်းပဲ ဖြေမယ်ပေါ့ "
" ကိုးတန်းတက်မှ ကိုးတန်းပဲ ဖြေရမှာပေါ့ စင်သီယာရဲ့ "
" အဲဒါပြောတာပေါ့၊ ယူတို့ တောသားတွေ ခံရမယ်လို့ "
" ပုသိမ်ဟာ တောတော့ မဟုတ်ပါဘူး စင်သီယာရယ် "
" ဒါပြောတာ မဟုတ်ဘူး၊ ကြည့် . . . သူ့ပုသိမ်ထိလို့ နာသွားပြန်ပြီ၊ စင်သီယာ ပြောတာက ယူတို့ ရန်ကုန်က လူတွေလောက် မလည်ဘူး "

“ ဘာမလည်တာလဲ ”
“ ရန်ကုန်မှာ ဘယ်သူမှ ကိုးတန်းကို ဂရုမစိုက်ဘူး၊ ကိုးတန်းအောင်ပြီး တက္ကသိုလ်သွားလို့ မရဘူး ”
“ ဒါပေမယ့် ကိုးတန်းစာမေးပွဲကို ကျောင်းထွက်လက်မှတ်ရ စာမေးပွဲလို့ ခေါ်တယ်မဟုတ်လား ”
“ အဲဒီလက်မှတ်ကြီးနဲ့ ယူ အလုပ်ထွက်လုပ်ချင်ရင်တော့ ရတယ်၊ တက္ကသိုလ်တော့ နိမ်းပေး ”
“ ဒါနဲ့ ဘာလို့ အစိုးရက ကိုးတန်းအထိပဲ ထားပေးရသလဲ၊ ဆယ်တန်းလည်း မရှိဘူး ”
“ အဲဒါပြောတာပေါ့၊ ဒက်ဒီပြောတော့ တက္ကသိုလ်က တစ်မျိုး၊ ပညာမင်းကြီးက တစ်မျိုး လုပ်နေကြတာတဲ့၊ ကြားထဲက ကလေးတွေ ခံရမယ်တဲ့။ ရန်ကုန် ပရိုက်ဗိတ်ကျောင်းတွေမှာ အခု ကိုးတန်းမထားဘူး၊ မက်ထရစ်အတန်း ထားတယ် ”
“ ကိုးတန်း မအောင်ဘဲနဲ့ မက်ထရ်အတန်း တက်လို့ရသလား ”
“ ရတယ်၊ မက်ထရစ်က တက္ကသိုလ်က သူ့ဘာသာသူ စစ်ယူတာ၊ သူစစ်တာ အောင်ရင်ပြီးတာပဲ၊ ဘယ်သူ ဝင်ဖြေဖြေ၊ တက္ကသိုလ် မသွားချင်လို့ အလုပ်ဝင်လျှောက်လည်း အလုပ်ပေးတဲ့လူတွေက မက်ထရစ်အောင်တဲ့လူကိုပဲ ပိုကြိုက်သတဲ့ ”
“ ခက်တာပဲ အဲဒါ ကိုယ်မသိဘူး ”
“ ယူ့ကို ဒါကြောင့် တောသားလို့ ပြောတာပေါ့၊ စင်သီယာတို့ကျောင်းမှာတော့ ဒီနှစ် မက်ထရစ်ထားပေးမယ်တဲ့၊ မထားပေးလည်း ကိုယ့်ဘာသာ ကျူရှင်တစ်ဖက်ကယူပြီး ဖြေမယ်၊ သင်္ချာရယ်၊ ပထဝီရယ်၊ မြန်မာသမိုင်းရယ်ကတော့ သိပ်မကွာဘူး အတူတူပဲတဲ့၊ အဲ . . အင်္ဂလိပ်စာနဲ့ မြန်မာစာ ပြဌာန်းစာအုပ်တွေက မက်ထရစ်နဲ့ ကိုးတန်းမတူဘူး တခြားစီ၊ ပြီးတော့ ကိုးတန်းမှာက ကမ္ဘာ့သမိုင်း သင်ရတယ်၊ မက်ထရစ်မှာက ဗြိတိသျှသမိုင်း၊ သြော် . . . ဟောဒီမှာ မက်ထရစ် ဆေးလ်ဘတ်စ်၊ ယူဖတ်ကြည့်ပေါ့ ”
စင်သီယာက စာရွက်တစ်ထပ်ကို ပေးပြန်၏။
“ အခု ဒီစာအုပ်တွေက ကိုယ့်ဖို့နော် ”
“ ယူ့ဖို့မဟုတ်လို့ ဘယ်သူ့ဖို့ရမလဲ တကတည်း ”
“ စင်သီယာက ကိုယ့်ကို မက်ထရစ် ဖြေစေချင်လို့လား ”
“ အင်းလေ ”
“ ကိုးတန်းကလည်း ဖြေရဦးမှာ ”
“ ယူတို့ကျောင်းအုပ်ကြီးကို ကြောက်လို့ ယူဖြေချင်လည်း ဖြေပေါ့၊ ကိုးတန်းစာမေးပွဲနဲ့ မက်ထရစ်စာမေးပွဲက တစ်ချိန်စီ စစ်တာ၊ ကြားမှ တစ်လကျော်တောင် ကွာတယ်၊ ကိုးတန်းကအရင်၊ အင်္ဂလိပ်စာရယ်၊ မြန်မာစာရယ်၊ ဗြိတိသျှသမိုင်းရယ်ကို သတ်သတ်ဖတ်ပြီး မက်ထရစ် ဝင်ဖြေပေါ့၊ ယူက တော်ပြီးသားပဲ၊ စင်သီယာ ကျူရှင်ယူလို့ရှိရင်လည်း ယူ့ကို နုတ်စ်တွေ ပေးပါ့မယ် ”
စင်သီယာ့ စေတနာကြောင့် သူက ကျေးဇူးတင်မိသည်။ သို့ရာတွင် ရင်တွင်း၌ ဝမ်းလည်းနည်းမိသည်။ မက်ထရစ် အောင်ပြီး မိမိက တက္ကသိုလ်သွားနိုင်သူ မဟုတ်။ တက္ကသိုလ်ဟူသည်ကို မိမိက အိပ်မက်ထဲပင် ထည့်မက်နိုင်သူမဟုတ်။ ဤသည်ကို စင်သီယာ တွေးမိပုံမပေါ်။
“ ကြည့် . . . ယူဘာလို့ မျက်နှာညှိုးသွားရတာလဲ ”
သူက ချက်ချင်း မျက်နှာပြင်လိုက်ရ၏။ သူ့အတွက် စင်သီယာ စိတ်မကောင်း မဖြစ်စေလို။
“ ကိုယ် ချိန်ကြည့်နေတာပါ၊ ကောင်းပါပြီ ကိုယ်ဖြေပါ့မယ်၊ စာမေးပွဲနှစ်ခုစလုံ အောင်စေရမယ်၊ ကျေနပ်ပြီလား ”
“ အဲဒီလိုမှပေါ့၊ ယူ့ကို စင်သီယာက အဲဒါ သဘောကျတာ၊ ယောကျ်ားပဲ လုပ်ရင်ဖြစ်ရမှာပေါ့ ဟုတ်ဘူးလား ”
“ လုပ်ရင်ဖြစ်ရမယ်၊ အထူးသဖြင့် စင်သီယာ ခိုင်းတာဆိုတော့ ပိုပြီး ဖြစ်အောင်လုပ်ရမှာပေါ့ ”
စင်သီယာ၏ လှပသော မျက်စောင်းဒဏ်ကို ခံရိုးခံစဉ် သူခံလိုက်ရပြန်၏။
“ သူပိုပြန်ရော ကိုပိုကြီး၊ တစ်ခါတစ်လေ နည်းနည်းလေး မပိုဘဲ မနေနိုင်ဘူးလား ”
သည်အပြောလေးက စင်သီယာ့ ပြောရိုးပြောစဉ် အပြောလေး။ သူ နှစ်ခြိုက်ရသော အပြောလေး။
သူ ပြုံးနေခိုက် စင်သီယာက နေရာမှထသည်။
“ စင်သီယာ ပြန်တော့မယ်နော် ”
“ အစောကြီးရှိသေးတယ် စင်သီယာရယ် ”
“ စောပေမယ့် ပြန်မှ၊ ဒီလောက်ဆို ကျေနပ်တော့၊ သိပ်အတင့်ရဲလို့ မဖြစ်ဘူး ကိုယ်တော်ရဲ့ ”
“ စင်သီယာ အစောကြီးပြန်သွားတော့ ဒီကန်စောင်းမှာ ကိုယ်တစ်ယောက်တည်းရယ် ”
စင်သီယာက သူ့ကို စိုက်ကြည့်ပြီး သက်ပြင်းလေး ချရှာ၏။

“ ယူ သိပ်ချွတာပဲ၊ ချွမှန်းသိပေမယ့် စင်သီယာ စိတ်မကောင်းဘူး သိရဲ့လား၊ စင်သီယာကကော ပြန်ချင်မတဲ့လား၊ ယူ့ကြောင့် စင်သီယာ သိပ်ခက်တာပဲ ”

စင်သီယာ့အသံလေးမှာ ဝမ်းနည်းသံ ပါနေသည်။ မျက်လုံးလေးများမှာလည်း မျက်ရည်တို့ ဝဲနေ၏။

“ အလကားပြောတာပါ စင်သီယာရယ်၊ ကဲ . . . ပြန်ပါ၊ ကိုယ် အိပ်မက်ကောင်းကောင်းလေး မက်နေခဲ့မယ်”

စင်သီယာက သည်တော့မှ ပြန်ပြုံးပြီး လက်လှလှလေးတစ်ဖက်ကို လှုပ်ယမ်းပြ နှုတ်ဆက်ပြီး အိမ်ဆီသို့ ဦးတည် ပြန်သွား၏။

ကန်စောင်းမှာ သူ ထိုင်ကျန်ရစ်သည်။

စင်သီယာပေးခဲ့သော စာအုပ်လေးများကို လက်ဝါးပေါ်တင်ပြီး ကြည့်မိသည်။

စင်သီယာ့ကိုယ်နှင့် ကပ်ထားဖူး၍လော၊ စင်သီယာ့ လက်ကိုင်ပဝါလေးနှင့် ရောလျက် ကိုင်ထားမိ၍လော၊ ဒါမှမဟုတ် တမင်ပင် စင်သီယာက ရေမွှေးဆွတ်ပေးလိုက်၍လော မသိ၊ စာအုပ်လေးများက မွှေးကြိုင်နေသည်။ သြော် . . . စင်သီယာနှင့်အတူ တွဲထိုင်နေရစဉ်မှာ ကဲ့သို့ပင် သူ့နှာဝတွင် သင်းသင်းလေး မွှေးကြိုင်နေသည်။

ကန်ရေပြင်မှ အသံမမြည်သော လှိုင်းတွန့်လေးများကို ငေးကြည့်နေမိသည်။

သြော် . . . သူ့ရင်မှာလည်း လှိုင်းနှင့်၊ အသံမမြည်သော လှိုင်းလေးများနှင့်။

( ၈ )

ယခုလည်း ဦးမြင့်နွယ်၏ရင်မှာ လှိုင်းနှင့်၊ အသံမမြည်သော လှိုင်းလေးများနှင့်။

ရှေ့မှ စုံတွဲက ထရပ်လိုက်ကြသည်။

ယောကျ်ားပျိုလေးက ဆွဲထားသည်။ မိန်းမပျိုလေးက ရုန်းပြီး နောက်ဆုတ်လိုက်၏။

“ တော်ပြီကွယ် မိုးချုပ်ပြီ၊ ပြန်ကြစို့နော် ”

မိန်းမပျိုလေး၏ အသံမှာ ဝမ်းနည်းသံနှင့် စိတ်ညစ်သံ ရောနေ၏။

ယောကျ်ားပျိုလေး၏ သဏ္ဌာန်မှာ အလျှော့ပေးသည့်ဟန် ပေါ်လာ၏။

နှစ်ဦးသားသည် ကိုယ်ချင်း မခွာ့တခွာနှင့် နေရာမှ ထွက်လာကြသည်။

ဦးမြင့်နွယ် အနီးမှပင် ဖြတ်လျှောက်သွားကြ၏။

သြော် . . . ကိုယ်တို့တုန်းက အရွယ်လေးတွေ ပေပင်တကား။

သည်အရွယ်လေးတွေက ခက်သည်။ ကိုယ်တို့တုန်းကလည်း ခက်သည်။ ဦးနှောက်ထက် နှလုံးသားကို ဦးစားပေးချင် ကြသည်။ သို့ကိုရည်၍ စာကလည်း အရှိသား။

“ သွေးငင်ကြမ္မာ၊ ဝါသနာကြောင့်၊ ဆရာမိဘ၊ ကွပ်ဆုံးမလည်း၊ ချစ်စထုံးနှောင်၊ ပျော်ရအောင်ဟု၊ သန်းခေါင်မဟူ၊ အတူယှဉ်နွဲ့၊ သန်လွဲမခန့်၊ မကြောက်ရွံ့ဘဲ၊ ဝေးခွန့်ခရီး၊ မြိုင်ကြီးတောချုံ၊ ဝါးရုံဝါးစေး၊ သစ်ကျားဘေးကို၊ မတွေးဆံဖျား၊ မလေးစားတည့် ”

အင်း . . . ချစ်စထုံးနှောင် ပျော်ရအောင်ဟု။

သူ့ဘက်ကတစ်စ၊ ကိုယ့်ဘက်ကတစ်စ။ သံယောဇဉ် ချစ်ကြိုးလေးတွေ ထုံးစအခါတုန်းကတော့ မျှော်လင့်ချက်ကြီးနှင့်။ ပျော်ရအောင် ပျော်ကြရအောင်။

သည်လောကကြီးမှာ အသည်းနှလုံးအတွက် နေရာက ကျဉ်းကျဉ်းလေးမှန်း သိလာကြသည့်အချိန်မှာတော့ ပျော်ကြရသေလား၊ ပျော်နိုင်ကြပါသေးရဲ့လား။

အရှင်မဟာရဋ္ဌသာရ၏ စာမှာတော့ မပျော်ကြရပါ။

ကိုယ့်ဘဝမှာလည်း မပျော်ခဲ့ရပါ။

ဦးမြင့်နွယ်သည် သက်ပြင်းရှိုက်ပြီး ကားဆီသို့ တစ်လှမ်းချင်း လှမ်းလာခဲ့၏။

* * *

အခန်း [ ၆ ]

( က )

စိတ်ပညာဌာနရှိ မိမိစားပွဲတွင် ဦးမြင့်နွယ်သည် မှတ်စုများကို စစ်ဆေးကြည့်ရှုနေသည်။ လိုအပ်သည့် နေရာများတွင် အနီရောင် ဘောလ်ပင်ဖြင့် ဖြည့်စွက်ရေးခြစ်သည်။

မွန်ရည်ဖြူစင်ပြီး ခန့်ညားသော ပါမောက္ခက သူ့စားပွဲရှေ့ လာရပ်၏။

" သြော် . . . ဆရာ ထိုင်ပါ "

" ကိစ္စမရှိပါဘူး ခဏပါ၊ ဒါထက် ခင်ဗျား ကလပ်စ်ရှိသေးလား "

ဦးမြင့်နွယ်က လက်ပတ်နာရီကို ကြည့်သည်။

" ပထမနှစ် မဟာဝိဇ္ဇာတန်းအတွက် ကျွန်တော် ပြင်ဆင်နေတာ၊ ဆယ့်ငါးမိနစ်လောက် လိုပါသေးတယ်၊ ကိစ္စရှိရင် အမိန့်ရှိပါ ဆရာ "

ပါမောက္ခက စားပွဲ၌ ဝင်ထိုင်သည်။

" ဝမ်းသာစရာ သတင်းပါ၊ ဝမ်းသာစရာဆိုတာ ကျွန်တော်တို့ ဌာနအတွက်ပါ၊ အဲ . . . ဆရာ့အတွက်တော့ ဘယ်လိုရှိမလဲ မသိဘူး "

" ဘာသတင်းများပါလဲ ဆရာ "

" ကျွန်တော်တို့ ဌာနအတွက် အမြဲတမ်း ကထိကရာထူးခန့်မိန့် ကျလာပြီ၊ ပါမောက္ခချုပ်က ခုလေးတွင်က ခေါ်ပြောတယ်၊ အင်တာဗျူးခေါ်ပြီး စစ်ဆေးရွေးချယ်ရေး လုပ်ငန်းပဲ ကျန်တော့တာပေါ့ "

" ဟာ . . . ဟုတ်လား၊ ဒီလိုဆိုရင် အောက်က ရာထူးထက်ရမယ့် လူငယ်တွေအတွက် ဝမ်းသာစရာပေါ့၊ အရည်အချင်း ပြည့်ပြီးသား လူငယ်တွေ ရှိနေသားပဲဟာ "

" ဟုတ်တယ် အဲဒါက ဝမ်းသာစရာပါပဲ၊ ဒါပေမယ့် ဆရာက ဒီရောက်မယ်မှ မကြာသေးဘူး၊ ရန်ကုန်ပြန်ရမလို ဖြစ်နေပြီ "

" ဒါကတော့ ပြည်သူ့ဝန်ထမ်းပဲ ဆရာရယ်၊ တာဝန်ပေးအပ်ရာ သွားရမှာပေါ့၊ ဆရာ့လက်အောက်မှာ အခု လုပ်ကိုင်နေရတုန်း စိတ်ချမ်းသာ လက်ချမ်းသာရှိရလို့ ဆရာနှင့်တကွ ဒီက စိတ်ပညာမိသားစုကို ကျွန်တော် ကျေးဇူးတင်ပါတယ် "

" ကျွန်တော်တို့ကလည်း ဆရာရောက်လာလို့ အားလုံး ဝမ်းသာကြပါတယ်၊ ဒါထက် ဆရာ မန္တလေးမှာ ပျော်ရဲ့လား"

" မန္တလေး အထူးသဖြင့် မန္တလေးပတ်ဝန်းကျင်က တောတောင်ရေမြေတွေကို ကျွန်တော် နှစ်သက်ပါတယ် "

" ဆရာပျော်ရင် ဆရာဒီမှာ အမြဲတမ်းနေလိုက်ပေါ့၊ နောက်ခန့်တဲ့လူက ဆရာ့နေရာ ရန်ကုန်ကိုသွား၊ နှစ်ဦးသဘောတူ လုပ်ရင်တော့ ရပါတယ် "

" ခက်တာက ဟိုက ပါမောက္ခက ဘာပြောဦးမလဲ မသိဘူး "

" အေးဗျ၊ သူကလည်း လူဟောင်းပဲ ပြန်ယူချင် ယူမပေါ့၊ အင်းလေ အချိန်တော့ လိုပါသေးတယ်၊ နီးတော့ စဉ်းစား ကြတာပေါ့၊ ကျွန်တော်က ကျွန်တော့်သဘောထားကို ဆရာသိအောင် ပြောပြထားနှင့်တာပါ "

" ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ "

ပါမောက္ခက ပြန်ထွက်သွားသည်။

ဦးမြင့်နွယ်သည် ခေတ္တစဉ်းစားနေပြီးနောက် မှတ်စုများကို ပြန်ကိုင်သည်။

မဟာဝိဇ္ဇာတန်းကို သင်ကြားရသည်က တာဝန်ကြီးလှသည်။ အောက်တန်းများအတွက်ကိုမူ အထူးပြင်ဆင်ရန်မလိုဘဲ သိပြီးတတ်ပြီးသည်ကို အလွယ်ပို့ချလိုက်၍ရသည်။ မဟာဝိဇ္ဇာတန်းအတွက်ကား ကိုယ်ပိုင်အယူအဆ ပေးစွမ်းနိုင်ရန် အရေးကြီးသည်။ ထောင့်စုံစုံက ချဉ်းကပ်ပြီး ဝေဖန်ပြရေးလည်း လိုသည်။ ထို့ကြောင့် အမြဲတမ်း ကြိုတင်ပြင်ဆင်ရသည်။

ဦးမြင့်နွယ် အာရုံစူးစိုက် လုပ်နေခိုက် ဓာတ်ခွဲခန်း မောင်စံကြူးက ကပ်လာပြန်၏။

" ဘာလဲဟေ့ မောင်စံကြူး "

" တယ်လီဖုန်းလာလို့ ဆရာ "

" သြော် . . . အေး . . . အေး "

ဦးမြင့်နွယ်သည် ဌာနရုံးခန်းကို လိုက်လာခဲ့၏။

" ဟယ်လို မြင့်နွယ် ပြောနေပါတယ် "

" ဩော် . . . ဆရာလား၊ ကျွန်တော်ပါ . . . နေအောင် . . . ဦးနေအောင်၊ မွန်မွန်တို့ အဖေပါ "

" ဟုတ်ကဲ့ ဦးနေအောင် အမိန့်ရှိပါ "

" ဒီလိုပါ ဆရာ၊ ဆရာခွင့်ပြုရင် ဆရာနဲ့ ကျွန်တော် လာဆွေးနွေးချင်လို့ပါ "

" ဒီနေ့လား "

" ဟုတ်ကဲ့ ဆရာ၊ အားရင်ပေါ့၊ ညနေပိုင်းတော့ ဆရာလည်း ဂေါက်ကွင်းသွားဦးမယ် ထင်တယ်၊ ဂေါက်သမားချင်း ကိုယ်ချင်းစာတယ် ဆရာ "

" ဒီလိုဆိုရင် ကျွန်တော် အခု သင်တန်းတစ်ခု ရှိသေးတယ်၊ သုံးနာရီဆို အားပါပြီ၊ ဌာနကိုပဲ လာခဲ့တာပေါ့ "

" ဟုတ်ကဲ့ ဆရာ၊ ကျေးဇူးပါပဲ ကျွန်တော်လာခဲ့ပါ့မယ် "

ဦးမြင့်နွယ်သည် တယ်လီဖုန်းကို ချပြီး မိမိအခန်းဆီ ပြန်လျှောက်လာရင်း စဉ်းစားသည်။

ဦးနေအောင်က ထူးထူးဆန်းဆန်း မိမိကို တွေ့ခွင့်တောင်းသည်။ ဟိုးတစ်နေ့ အိမ်မှာ တွေ့ခဲ့ကြပြီးနောက် မိမိတို့ ခင်မင်ခဲ့ကြပြီ။ ဂေါက်ကွင်းမှာလည်း မနေ့က ညနေကပင် ဆုံကြသေးသည်။

ယခု တယ်လီဖုန်းနှင့် တွေ့ခွင့်တောင်းပုံက အလုပ်သဘောဆန်နေသည်။ ဘာကိစ္စ ရှိ၍ပါနည်း။

အတန်းပြောင်း ခေါင်းလောင်းသံ ပေါ်လာသောကြောင့် ဦးမြင့်နွယ်သည် စာအုပ်၊ ဖိုင်တွဲနှင့် မှတ်စုများကိုယူကာ စိတ်ပညာဓာတ်ခွဲခန်းဆီ ထွက်လာခဲ့သည်။

မဟာဝိဇ္ဇာတန်းသားက ငါးဦးရှိသည်။

ဦးမြင့်နွယ်သည် စားပွဲတစ်လုံးတွင် သူတို့နှင့် ဝိုင်းထိုင်သည်။ ဆရာနှင့် တပည့် သင်ကြားသောပုံစံမျိုးထက် ဝိုင်းဝန်း ဆွေးနွေးသောပုံစံကို သူအလိုရှိသည်။

" ဘယ်နှယ်လဲ အတော်ဖတ်ကြပြီးပြီလား "

ကျောင်းသူနှစ်ဦးက ရယ်နေသော်လည်း ကျောင်းသားတစ်ဦးက အမှန်ဝန်ခံသည်။

" တော်တော်လည်း ဖတ်ပြီးပြီဆရာ၊ တော်တော်လည်း ခေါင်းထဲ ရှုပ်ကုန်ပြီ၊ ပါမောက္ခ ဖရွိုက်ကိုယ်တိုင်က တချို့ သဘောတွေမှာ မရှင်းဘူး၊ သဘောတစ်ခုကို တခါတစ်လေ သူက ကျယ်ကျယ်ပြန့်ပြန့် အနက်အဓိပ္ပါယ်နဲ့ သုံးတယ်၊ တခါတလေ နယ်ကျဉ်းကျဉ်းနဲ့ သုံးတယ် "

ကျောင်းသူတစ်ဦးကလည်း ဝင်ထောက်ခံ၏။

" ဟုတ်တယ် ဆရာ၊ အချက်အလက်နဲ့ သီအိုရီတွေက ရောနေတယ်၊ တခါတလေ ဝေါဟာရတစ်ခုကို သူက ရှင်းလင်းဖို့ သီအိုရီလို သုံးတယ်၊ တော်တော်ကြာတော့ ခိုင်မာတည်တံ့ပြီးတဲ့ အချက်အလက်လို သုံးပြန်ရော "

ဦးမြင့်နွယ်က သဘောကျဟန်ဖြင့် ရယ်၏။

" ခင်ဗျားတို့ထဲမှာ ကုခန်းစိတ်ပညာ အထူးပြုမယ့်လူ ဘယ်နှစ်ယောက်ပါသလဲ "

ကျောင်းသားတစ်ဦးတည်းသာ လက်ညှိုးထောင်ပြ၏။

" လူမှုရေးစိတ်ပညာ အထူးပြုမယ့်လူကကော "

ကျောင်းသူနှစ်ဦးနှင့် ကျောင်းသားတစ်ဦးက လက်ညှိုးကိုယ်စီ ထောင်ပြကြ၏။

" လက်တွေ့စမ်းသပ်စိတ်ပညာ အထူးပြုမယ့်သူက "

ကျန်သော ကျောင်းသားတစ်ဦးက လက်ညှိုးထောင်ပြသည်။

" တော်တော်တော့ စုံကြသားပဲ၊ ကျွန်တော်က ကုသခန်းစိတ်ပညာကို တာဝန်ယူပို့ချပေးမယ်၊ ကုသခန်းစိတ်ပညာရဲ့ သဘာဝကို အရင် နည်းနည်း ရှင်းပြထားချင်တယ် "

" လက်တွေ့စမ်းသပ်စိတ်ပညာက ဓာတ်ခွဲခန်းအခြေအနေမှာ လေ့လာတာမို့ ပြတ်သားတိကျတယ်၊ ပညာရပ်သုံး စကားကိုတောင်မှ ဒေတာ လင်းဂွစ်ရှ်ကို သုံးတယ်၊ အဓိပ္ပါယ် နှစ်ခွမထွက်သော ဆိုလိုထားတာထက်၊ အပိုဘာမှ အဓိပ္ပါယ် မပေးသော၊ လက်တွေ့စမ်းသပ်တိုင်းတာနိုင်တဲ့ ဖြစ်ရပ်တစ်ခုအဖြစ် လုပ်ပြနိုင်သော စကားအသုံးအနှုန်းကို ဒေတာ လင်းဂွစ်ရှ် လို့ခေါ်တယ်၊ ဘာသာတော့ မပြန်ရသေးဘူး၊ တိကျခြင်း၊ ပြတ်သားခြင်း၊ မယုံရင် ထပ်စမ်းနိုင်ခြင်း စသည်တို့ဟာ လက်တွေ့ စမ်းသပ်စိတ်ပညာရဲ့ ဂုဏ်အင်လက္ခဏာတွေပဲ။

ဒါပေမယ့် စိတ်ဆိုတာကို ဓာတ်ခွဲခန်းထဲမှာချည်း မလေ့လာနိုင်တာတော့ ခင်ဗျားတို့အားလုံး သိပြီးပဲ။

အထူးသဖြင့် ကုသခန်းစိတ်ပညာမှာ တွေ့ရှိချက်တွေက ကုရင်းသရင်း ရတာ၊ မရည်ရွယ်တာ တွေ့ရင်လည်းတွေ့တယ်၊ တွေ့တဲ့ဟာကို တိုင်းတာချိန်တွယ်နိုင်ဖို့ ဝေးရော၊ တစ်ခါတစ်ရံ ယာယီနာမည်ပေးဖို့တောင် ခက်နေတယ်၊ လူ့ရောဂါနဲ့ ပတ်သက်တာဆိုတော့ တချို့ကိစ္စတွေမှာ ရွှေ့ဆိုင်းထားလို့လည်း မရဘူး၊ လူစင်စစ်ရဲ့ စိတ်စင်စစ်ကိစ္စဖြစ်နေတော့ ထပ်ထလဲလဲ

မကျေနပ်မခြင်း ပြန်ကျော့ကြည့်တယ် ဆိုတာမျိုးကိုလည်း အခါခပ်သိမ်း မလုပ်နိုင်ဘူး၊ ကုသခန်းစိတ်ပညာရဲ့ အဲဒီသဘာဝနဲ့ အခက်အခဲကိုတော့ ကြိုတင်သိထားဖို့လိုတယ်။

ဒီသဘောတွေကို နားလည်စေချင်လို့ ဒီနေ့ကမ္ဘာရဲ့ ကုသခန်းစိတ်ပညာမှာ ဩဇာအကြီးဆုံးဖြစ်နေတဲ့ ခွဲခြမ်းစိတ်ဖြာ စိတ်ပညာကို ခင်ဗျားတို့ကို ကျွန်တော် အရင်ဆုံး လေ့လာခိုင်းတာ။

ဒီပညာကို စတင်ထွန်းကားစေတဲ့ ပါမောက္ခ ဖရွိုက်ကိုယ်တိုင်က ဝန်ခံခဲ့တယ်၊ သူတင်ပြခဲ့တဲ့ သဘောတရားတွေဟာ ဘယ်လောက် ယုံကြည်စိတ်ချနိုင်တယ်ဆိုတာ သူကိုယ်တိုင်လည်း အာမမခံရဲဘူးတဲ့၊ တခြားသူတွေကလည်း မျက်စိမှိတ်ပြီး မယုံလိုက်ကြပါနဲ့တဲ့၊ ပါမောက္ခဖရွိုက်ဟာ သူ့သက်တမ်းတစ်လျှောက်လုံး သူ့ သီအိုရီတွေကို အစဉ်တစိုက် ပြုပြင်ပြောင်းလဲခဲ့တာ တွေ့ရတယ်၊ အချက်အလက်သစ်တွေ ထပ်တွေ့တိုင်း သူပြုပြင်ပြောင်းလဲခဲ့တယ်၊ နောက်ထပ်လည်း သူ့တပည့်တွေက ပြုပြင်ပြောင်းခဲ့သေးတယ်။

ဒီနေ့ ကျွန်တော် ခင်ဗျားတို့ကို လမ်းကြောင်းပေးလိုက်ချင်တာက စိတ်နဲ့ ပတ်ဝန်းကျင်အကြောင်းပဲ။

ခွဲခြမ်းစိတ်ဖြာ စိတ်ပညာလို့ ဆိုလိုက်တာနဲ့တစ်ပြိုင်နက် လူတော်တော်များများဟာ မသိစိတ်တို့၊ သိစိတ်တို့၊ စိတ်သည် တိမ်မြုပ်ခြင်းတို့၊ စိတ်သည် ဖိဆန်ခြင်းတို့၊ စိတ်ဒဏ်တို့၊ စိတ်ဒဏ်ဖြေခြင်းတို့ စတဲ့ စကားလုံးတွေကို စသတိရကြတယ်၊ အတော်အတန် လေ့လာထားသူ တစ်ယောက်ဆိုရင်လည်း အစ်ဒ်၊ အီဂို၊ ဆူပါအီဂို၊ လစ်ဘီဒို ဆိုတဲ့ စကားလုံးကြီးတွေကို သတိရကြတယ်။

အမှန်တော့ ဒီစကားလုံးတွေကို အလုပ်သဘောသုံး ဝေါဟာရတွေလို့ မှတ်ယူထားဖို့လိုတယ်၊ စိတ်အဖြစ်အပျက် တစ်ရပ်ကို အနီးစပ်ဆုံးနားလည်းအောင် မသုံးမဖြစ်လို့ သုံးထားတဲ့ စကားလုံးတွေလို့ မှတ်ယူထားဖို့လိုတယ်၊ သူ့ဟာသူ ပြည့်စုံပြီးမြောက်တဲ့ စိတ်ပညာပစ္စလက် သဘောကြီးတွေလို့ သွားယုံကြည်လိုက်ရင် အမှန်တရားနဲ့ ဝေးသွားမယ်၊ အထူးသဖြင့် စိတ်နဲ့ ပတ်ဝန်းကျင် ဆက်သွယ်မှုအခန်းဟာ မှေးမှိန်သွားနိုင်တယ်။

ပါမောက္ခ ဖရွိုက်ရဲ့ သဘောတရားတွေမှာ ဝေဖန်ဖို့ အပြစ်မြင်တာဟာလည်း ဒီအပိုင်းမှာပဲဖြစ်တယ်၊ မူလ လက်ဟောင်း ခွဲခြမ်းစိတ်ဖြာ စိတ်ပညာမှာ စိတ်နဲ့ ပတ်ဝန်းကျင် ဆယ်သွယ်မှုအခန်းဟာ မှေးမှိန်နေတာလည်း အမှန်ပဲ။

တိုးတက်လာတဲ့ ခွဲခြမ်းစိတ်ဖြာ စိတ်ပညာမှာတော့ ပတ်ဝန်းကျင်ကို ရှေ့တန်းတင်လာတယ်၊ လူဟာ ပတ်ဝန်းကျင် ထဲမှာ ကျင်လည်နေတယ်၊ အထူးသဖြင့် လူမှုပတ်ဝန်းကျင်ထဲ ကျင်လည်နေတယ်၊ ဆိုက်ကို နျူရိုးဆစ်ရောဂါက စိုးရိမ်ခြင်း ကြောက်လန့်ခြင်း စသည်ဟာ စိတ်မှာ အလိုလိုပေါ်လာတာတွေမဟုတ်ဘူး၊ ပတ်ဝန်းကျင်နဲ့ တုန့်ပြန်ရင်းက ပေါ်လာတာတွေ။

ခွဲခြမ်းစိတ်ဖြာ စိတ်ပညာရဲ့ မငြင်းပယ်နိုင်တဲ့ တွေ့ရှိချက် (ဝါ) အချက်အလက်ကတော့ ဆိုက်ကိုနျူရိုးဆစ်ရောဂါရဲ့ အခြေခံဟာ ကလေးဘဝမှာ စခဲ့တယ်ဆိုတာပဲ။ ပိုပြီး တိတိကျကျဆိုရရင် ကလေးဘဝ အတွေ့အကြုံမှာပဲ၊ ကလေးဘဝ အတွေ့အကြုံဆိုတာကလည်း အဲဒီကလေး ကျင်လည်ရတဲ့ လူမှုပတ်ဝန်းကျင်အလိုက် တွေ့ကြုံရတာပဲဖြစ်တယ်၊ လူမှု ပတ်ဝန်းကျင် ဆိုတာဟာလည်း လူနေမှုစနစ်နဲ့ ပတ်သက်နေတယ် ”

ကျောင်းသားတစ်ဦးက ကြားဖြတ် ဝင်မေး၏။

“ ဆရာဆိုလိုတာက နျူရိုးဆစ်ရောဂါဟာ ပတ်ဝန်းကျင်ကြောင့်ဖြစ်တယ်၊ ဗီဇကြောင့်မဟုတ်ဘူး ဒီလိုလား ”

“ ဒီမေးခွန်းမေးလို့ ကျေးဇူးတင်တယ်၊ ဗီဇနဲ့ ပတ်ဝန်းကျင်အကြောင်းကို ခင်ဗျားတို့ ဖွတ်ဖွတ်ညက်ညက်ကြေအောင် သင်ခဲ့ရပြီးပြီ၊ ကျွန်တော် အထူးမရှင်းတော့ဘူး၊ နျူရိုးဆစ်ရောဂါဟာ မျိုးရိုးလိုက်သလား၊ မျိုးရိုးအဆင့်ဆင့် ကူးစက်သွား သလား၊ ဒီလိုမေးတာ ဆိုရင်တော့၊ အဖြေက မဟုတ်ဘူးပဲ၊ တူညီသော ပတ်ဝန်းကျင်အခြေအနေမှာ မတူညီသောအဖြစ် ပေါ်လာခြင်းဟာ ဗီဇကြောင့်လား၊ ဒီလိုမေးတာ ဆိုရင်တော့ စဉ်းစားစရာအချက်တွေရှိတယ်။

ဥပမာ ကလေးနှစ်ယောက်ရှိတယ်၊ နှစ်ဦးလုံးဟာ နျူရိုးဆစ်ရောဂါ ဖြစ်စေနိုင်တဲ့ ပတ်ဝန်းကျင်မျိုး ကြုံရတယ်၊ တစ်ဦးက နျူရိုးဆစ်ရောဂါဖြစ်တယ်၊ တစ်ဦးက မဖြစ်ဘူး၊ ခြားနားခြင်းအကြောင်းကို ဗီဇလို့တော့ မခေါ်ချင်ဘူး၊ ပတ်ဝန်းကျင် မဟုတ်သောအကြောင်းလို့ ခေါ်ရမယ်၊ အဲဒီအကြောင်းမျိုးတော့ ရှိတယ်၊ တိတိကျကျ ဘာရယ်လို့တော့ ဘယ်သူမှ မပြောနိုင် သေးဘူး၊ ဒီနေရာမှာ သတိပြုဖို့အချက်က လူနည်းစုသာ နျူရိုးဆစ်ဖြစ်တယ်ဆိုတဲ့အချက်ပဲ ”

စောစောက ကျောင်းသားကပင် ပြောပြန်၏။

“ ကျွန်တော်လဲ အဲဒီအချက်ကို ဆွေးနွေးမလို့ပဲ ဆရာ၊ လူရယ်လို့ဖြစ်လာရင် ကလေးဘဝ လူမှုပတ်ဝန်းကျင်မှာ အနည်းနဲ့အများ နျူရိုးဆစ်ဖြစ်နိုင်တဲ့ အခြေအနေတွေကို ဖြတ်သန်းခဲ့ကြရတယ်၊ အများစုက မဖြစ်ဘူး၊ တချို့က ဖြစ်ကြတယ်၊ နျူရိုးဆစ် ရောဂါရှင် မှတ်တမ်းတွေကို ကျွန်တော် အများကြီးလေ့လာကြည့်တယ်၊ ရောဂါဖြစ်စေတဲ့ အတွေ့အကြုံ တော်တော် များများဟာ လူတော်တော်များများ ကြုံဖူးကြတာပဲ၊ ကျွန်တော်ထင်တယ် တချို့ဟာတွေ ကျွန်တော်တောင် ကြုံဖူးတယ်လို့”

အခြားကျောင်းသား တစ်ဦးက "အင်းလေ၊ ခင်ဗျားလဲ ချူရိုးဆစ် ဖြစ်ချင်ဖြစ်နေမှာပေါ့၊ ဘယ်သိနိုင်မလဲ"ဟု ဆိုရာ ကျောင်းသူများ ရယ်ကြ၏။

ဦးမြင့်နွယ်လည်း လိုက်ရယ်သည်။

" မလုပ်ပါနဲ့ဗျာ၊ ဒီအပိုင်း သင်မိကတည်းက စိတ်ချောက်ချားနေရတဲ့ ကြားထဲ၊ အဲ . . . ကျွန်တော် ဆိုလိုတာက ဗီဇ၊ ဗီဇဆိုတဲ့ စကားက ပြင်းထန်အားကြီးရင် ခုနင်က ဆရာအမိန့်ရှိသလို ပတ်ဝန်းကျင်မဟုတ်သော အကြောင်းလည်း ပါနေမယ်ထင်တယ် "

" မောင်သိန်းအောင်ပြောတာ မှန်ပါတယ်၊ မပါဘူးလို့ ဆရာလည်း မပြောဘူး၊ ကျန်တဲ့ ပုဂ္ဂိုလ်ကြီးတွေလည်း မပြောဘူး၊ ဒါပေမယ့် ပါတယ်ဆိုတဲ့ စကားနဲ့ အကြောင်းဆိုတဲ့ စကားဟာ အဓိပ္ပါယ် အများကြီးကွာတယ်၊ တို့ ရုပ်ရောဂါ တစ်ခုကနေ ဥပမာ ယူကြရအောင်၊ ပစိဖိတ်သမုဒ္ဒရာထဲက ကျွန်းလေးတစ်ကျွန်းမှာ အဆုတ်ရောဂါဖြစ်တဲ့လူ တစ်ယောက်မှ မရှိဘူး၊ စမ်းသပ်ကြည့်တဲ့အခါမှာ အဆုတ်ရောဂါပိုးဒဏ် မခံနိုင်တဲ့လူတွေ ရှိနေတာ တွေ့ရတယ်၊ ဒါပေမယ့် ဒီလူတွေလည်း ဘာလို့ အဆုတ်ရောဂါ မဖြစ်သလဲ၊ အဖြေကတော့ အဲဒီကျွန်းနဲ့ ပတ်ဝန်းကျင်မှာ အဆုတ်ရောဂါပိုး မရှိလို့ပဲ၊ အဲဒီလိုပဲ ဆိုက်ကို ချူရိုးဆစ်ရောဂါ ဖြစ်စေခြင်းမှာ ပါဝင်တဲ့ အခြားအခြေအနေတွေ ရှိကောင်းရှိမယ်၊ ဒါပေမယ့် ပတ်ဝန်းကျင်ကတော့ အဓိကပဲ၊ သူမပါလို့ကို မရဘူး၊ သူ့ကိုတော့ လက်ဆုပ်လက်ကိုင် မိထားတယ်၊ ဆရာပြောတာ သဘောပေါက်လား "

" ဒီသဘောလား၊ အား . . . အဲဒါတော့ သဘောပေါက်ပါတယ် "

" ပတ်ဝန်းကျင်နဲ့ ချူရိုးဆစ်ရောဂါ ဆက်သွယ်နေပုံ ရှိသေးတယ်၊ အဲဒါက စိုးရိမ်ခြင်း၊ ကြောက်လန့်ခြင်းတွေကို ဖြစ်ပေါ်စေတဲ့ အခြေအနေတွေဟာ ယဉ်ကျေးမှုတစ်ခုနဲ့တစ်ခု မတူတာတွေ၊ လူ့စနစ်တစ်ခုနဲ့တစ်ခု မတူတာတွေ၊ ဒါ့အပြင် တခြားတစ်ခု ရှိသေးတယ်၊ ယဉ်ကျေးမှု (ဝါ) လူ့ဘောင်တစ်ခုမှာ လက္ခဏာတစ်ခုဟာ ချူရိုးဆစ်ရောဂါ ဖြစ်နေပေမယ့်၊ တခြား ယဉ်ကျေးမှု (ဝါ) လူ့ဘောင်တစ်ခုမှာတော့ ရောဂါမဟုတ်တာပဲ၊ ရောဂါမဟုတ်တဲ့အပြင် တခါတလေ အဲဒါဟာ ထူးကဲမြင့်မြတ်မှု အင်္ဂါရပ်တောင် ဖြစ်ချင်ဖြစ်နေတတ်တာပဲ၊ ဒါတော့ ဆက်ဆွေးနွေးကြတာပေါ့၊ ဒီနေ့တော့ အချိန်လည်း စေ့သွားပြီ၊ ဆရာလည်း ချိန်းထားတဲ့ လူတစ်ယောက်ရှိသေးတယ် "

ဦးမြင့်နွယ်သည် အတန်းကို ဖြုတ်လိုက်သည်။

အခန်းပြန်ရောက်၍ လက်ဆေးအပြီးတွင် ဦးနေအောင် ရောက်လာ၏။

" လာ . . . ထိုင် ဦးနေအောင်၊ တယ်လည်း အချိန်မှန်ပါလား "

" ဟုတ်ကဲ့ ကျွန်တော်က အချိန်လေးစားမှုအကျင့်တော့ လုပ်ထားတယ် "

ဦးနေအောင်က ဦးမြင့်နွယ် စားပွဲရှေ့တွင် ဝင်ထိုင်၏။

ဦးမြင့်နွယ်က ဦးနေအောင်ကို ခေတ္တအကဲခတ်ကြည့်သည်။

မိုးကုတ်သားမို့ထင်သည်၊ အသားအရေက ကောင်းမွန်ဖြူစင်သည်။ မျက်ခုံးမျက်လုံးကောင်းပြီး လူချောကြီးတစ်ဦးဟု ခေါ်နိုင်သည်။ ငယ်စဉ်ကဆိုလျှင် မိန်းမများကျမည့် ရုပ်မျိုးဖြစ်၏။ ယခုပင်လျှင် သူ့မျက်နှာမှာ ဆွဲဆောင်မှုအပြည့်ရှိသေး၏။

ဆံပင်ကို အတိုဘက် လုညှပ်ထားသဖြင့် ရုပ်အသွင်က ပျိုနုချင်သည်။ သပ်ရပ်သော မဟာနဖူးထက်မှ မို့မို့ကြွကြွ နေသော ဆံပင်တို့တွင် ဆံဖြူတစ်ပင်နှစ်ပင်စကိုကား တွေ့နိုင်ပြီ။

ကြက်ဥနှစ်ရောင် ရှပ်လက်တိုကို ဝတ်ထားသည်။ ရှပ်လက်တိုအဖျားက ခေါက်ထားပြီး ကြယ်စေ့ပါသည်။ အိတ်ပေါ်တွင် ပန်းခက်ပါသည်။ ဘောင်းဘီရှည် အညိုနုကား အကျပ်ဘက်လုသည့် ခေတ်ပုံဖြစ်၏။

ဘယ်ဘက်လက်သူကြွယ်ရှိ လက်စွပ်မှ ပတ္တမြားကြီးကား ရွဲစိုအောင် အရည်ကောင်းလှ၏။

အိမ်မှာ တွေ့စဉ်ကလည်းကောင်း၊ ဂေါက်ကွင်းတွင် တွေ့စဉ်ကလည်းကောင်း၊ ဦးနေအောင်၏ကိုယ်ကို သယ်ဆောင်ပုံ ဟန်ပန်သည် မိမိကိုယ်ကို စိတ်ချယုံကြည့်မှုအပြည့်ရှိသည့် လောကဝယ် အောင်မြင်သူတစ်ဦး၏ ဟန်ပန်မျိုးသား ဖြစ်၏။

ယခုတော့ အနည်းငယ် ချုပ်ချုပ်ယို့ယို့ နိုင်သည်။

" လာပုံထူးတယ်၊ ဆိုစမ်းပါဦး ဦးနေအောင် "

" ထူးဆို ကိုယ်ရေးကိုယ်တာ ပြောစရာရှိလို့ပါ၊ ဒီမှာ လွတ်လွတ်လပ်လပ် ပြောနိုင်ပါတယ်နော် "

ဦးခင်မောင်သန်းက လက်တွေ့စိတ်ပညာသင်တန်းကို သွားကြီးကြပ်နေသောကြောင့် အခန်းတွင်းမှာ မရှိ။

" ကျွန်တော်တို့ နှစ်ယောက်တည်းပဲ ပြောနိုင်ပါတယ် "

" ကိုယ်ရေးကိုယ်တာကိစ္စပေမယ့် ကျွန်တော့်အကြောင်း မဟုတ်ပါဘူး၊ မွန်မွန့် ကိစ္စပါ "

" ဩော် . . . ဟုတ်ကဲ့ "

" မွန်မွန်ဟာ သာမန်မိန်းကလေးတစ်ယောက်နဲ့ မတူတာကို ဆရာလည်း စိတ်ပညာရှင်တစ်ဦးပဲ၊ အကဲခတ်မိမှာပေါ့"

ဦးမြင့်နွယ်က ဆိတ်ဆိတ်သာ နေ၏။

" မွန်မွန့်ရောဂါ ဖြစ်လာပုံက ဆန်းတယ်၊ ဆန်းတယ်ဆိုတာက ဒီလိုပဲ နေရင်းထိုင်ရင်း အကောင်းပကတိကနေ လက်တစ်ခြမ်း သေသွားတာပဲ "

" ဖျားလို့နာလို့ ထိခိုက်ဒဏ်ရာရလို့ ဒီလိုကြောင့် မဟုတ်ဘူးပေါ့ "

" မဟုတ်ဘူး တစ်မနက် အိပ်ရာက မထသေးဘူး၊ သူ့အမေက သွားကြည့်တော့ ငိုနေတယ်၊ မေးကြည့်တော့ ညာလက်တစ်ဖက်က လှုပ်လို့မရတော့ဘူးတဲ့ "

ဦးမြင့်နွယ်က စိတ်ဝင်စားစွာ နားထောင်၏။

" တိုတိုပြောရရင်တော့ ဆရာရယ်၊ ကျွန်တော်တို့မှာက ဒီသမီးလေး တစ်ယောက်တည်းရှိတယ် မဟုတ်လား၊ နည်းမျိုးစုံနဲ့ ကုတာပဲ၊ ဆရာဝန်ပေါင်း ဆေးရုံပေါင်းလည်း စုံပြီ၊ မြန်မာဆရာကော အနိုပ်ရော၊ ကုန်ကုန်ပြောမယ် ဆရာ၊ ရိုးရာဆိုလို့ ကျွန်တော် ကနားတောင် ပေးခဲ့တယ်၊ ထူးမလာပါဘူး "

" ဆရာဝန်တွေက ဘာပြောမလဲ "

" ပထမတော့ သူတို့လည်း သိပ်ခိုင်ခိုင်မာမာ မပြောဘူး၊ ထိန်းထိန်းသိမ်းသိမ်းပဲ ပြောကြတယ်၊ ကျွမ်းကျင်သူ တစ်ဆင့်ပြီး တစ်ဆင့်သာ လွှဲပေးကြတယ်၊ နောက်ဆုံး စပယ်ရှယ်လစ် တစ်ဦးကျမှ အဲ . . . စိတ်ရောဂါလို့ ဆုံးဖြတ်တယ် ဆရာ "

" စိတ်ရောဂါကု ဆေးရုံကြီးကော ခေါ်မသွားဘူးလား "

" အဲဒါတော့ "

ဦးနေအောင်သည် ခေတ္တ စကားဆိုင်းငံ့သွား၏။

" အမှန်ပြောရရင် စိတ်ရောဂါဆိုတာ ဆရာဝန်က ပြောလို့သာ လက်ခံရတယ်၊ ကျွန်တော်တို့အနေနဲ့က ယုံဖို့ ခက်နေတယ်၊ ကျွန်တော့်သမီး ငယ်ငယ်ရွယ်ရွယ်လေးမှာ စိတ်ရောဂါ ဖြစ်ရမလား၊ ဒါဖြစ်တော့ မွန်မွန့်အသက်က ဆယ့်ငါးနှစ် လောက်ပဲ ရှိသေးတာ၊ ကျွန်တော့်သမီးလေးမှာ ဘာမှ စိတ်ဆင်းရဲစရာလဲ မရှိဘူး၊ ကျွန်တော့်သမီးကို ကျွန်တော်ထားတာလည်း ကြွားတာမဟုတ်ပါဘူး ဆရာ၊ မိဘတိုင်း မထားနိုင်ပါဘူး၊ ဘာမှ လိုလေသေးမရှိဘူး၊ ပြီးတော့ စိတ်ရောဂါဆိုရအောင်လည်း ဘာအရိပ်အငွေ့မှ မတွေ့ရဘူး၊ အခု ဒီလိုဖြစ်ပြီးမှတော့ နည်းနည်း ပြောင်းလဲတာမျိုးတော့ ရှိတယ်လေ၊ ဒါတော့ ကျွန်တော် နားလည်နိုင်ပါတယ်၊ ကလေးဟာ ဘယ်စိတ်ချမ်းသာနိုင်မလဲ၊ ပြီးတော့ မွန်မွန်ဟာ အင်မတန် ဉာဏ်ကောင်းတယ် ဆရာ၊ အဲဒါဖြစ်တော့ မွန်မွန်ဟာ ကိုးတန်းမှာ ဆရာ၊ အမြဲတမ်း စာမှာထိပ်ကပဲ၊ လူရည်ချွန်တောင် ခရိုင်အဆင့်အထိ ပါဖူးတယ် ဆရာ "

" ခဏနေဦး ဦးနေအောင်၊ စိတ်ရောဂါဟာ ဘာမှမဆိုင်ဘူး၊ ဉာဏ်ကောင်းလို့ စိတ်ရောဂါမဖြစ်ဘူးလို့ ယူလို့မရဘူး"

" အဲဒါတော့ ကျွန်တော်မသိဘူး၊ ကျွန်တော်ဆိုလိုတာ ဟိုဒင်း "

ဦးနေအောင်သည် စကားရှာမရဟန် ရပ်သွား၏။

" ကျွန်တော် နားလည်ပါတယ်၊ စိတ်ရောဂါဆိုတဲ့အချက်ကို ဦးနေအောင် လက်မခံနိုင်ဘူး၊ လူအတော်များများဟာ လက်မခံနိုင်ကြပါဘူး "

" ကျွန်တော်က ဒီလောက်ကြီးတော့လည်း မဟုတ်ပါဘူး၊ စာတွေ ဘာတွေထဲမှာလည်း ဖတ်ဖူးပါတယ်၊ ရုပ်ရှင်ထဲ မှာလည်း ကြည့်ဖူးပါတယ်၊ ဒါပေမယ့် မြန်မာပြည်မှာ ဒါမျိုးမဖြစ်နိုင်ဘူး၊ အလကား စိတ်ကူးယဉ်ထားတာ ထင်နေတာ "

" မြန်မာဟာလည်း လူ၊ စိတ်နဲ့ ပတ်ဝန်းကျင်နဲ့၊ ရုပ်နဲ့ နာမ်နဲ့၊ မြန်မာပြည်မှာ ဖြစ်နေတာတွေ ရှိတာပေါ့၊ ဒါပေမယ့် အဲဒီ ရောဂါရှင်တွေက ဆရာဝန်တွေ စိတ်ပညာရှင်တွေဆီ ရောက်မလာဘူး၊ ပယောဂဆရာတွေ နတ်ကတော်တွေဆီသာ ရောက်ကုန်ကြတာ "

" ဒါဖြင့် ဆရာဆိုလိုတာက မွန်မွန့်မှာ စိတ်ရောဂါရှိတာ မှန်တယ်၊ ဒီလိုလား "

" အဲဒီလို ကျွန်တော် မပြောနိုင်သေးဘူး၊ ဒါပေမယ့် စပယ်ရှယ်လစ် ဆရာဝန်ကြီးတစ်ဦးရဲ့ ဆုံးဖြတ်ချက်ဆိုတော့ လေးစားရမှာပေါ့၊ ဆရာဝန်ကြီးတွေဟာ ကိစ္စတစ်ခုကို စိတ်ရောဂါလို့ အလွယ်တကူ မဆုံးဖြတ်ကြဘူး၊ အလွန် သတိထားကြ ပါတယ်၊ ကျွန်တော်တို့ကလည်း ရုပ်ပိုင်းဆိုင်ရာ ဆရာဝန်ကြီးတစ်ဦးက ရုပ်ရောဂါမဟုတ်ပါဘူး၊ အဆုံးအဖြတ် မပေးမချင်း စိတ်ရောဂါလို့ လက်မခံပါဘူး "

" ထားပါတော့လေ၊ စိတ်ကြောင့် တကယ် အဲဒီလို ဖြစ်နိုင်သလား၊ ယေဘုယျတော့ ကြားဖူးနားဝ ကျွန်တော့်မှာ ရှိပါတယ်၊ ကျွန်တော်သိချင်တာက ဟိုဒင်း . . . နည်းနည်း . . . အဲ . . . တိတိကျကျလေး၊ စိတ်တော့မရှိနဲ့နော် ဆရာ "

“ ကိစ္စမရှိပါဘူး၊ ရှင်းပြရမှာက ကျွန်တော်တို့ ဝတ္ထုရားပါ၊ ဆိုက်ကိုဈျူရိုးဆစ် သို့မဟုတ် အတိုကောက် ဈျူရိုးဆစ်ဆိုတဲ့ ရောဂါအကြောင်း ဦးနေအောင် ကြားဖူးမှာပေါ့၊ အနည်းဆုံး ဝတ္ထုထဲ၊ ရုပ်ရှင်ထဲမှာ ပါတာလောက်ပေါ့ ”

“ ဟုတ်ကဲ့ ကြားဖူးပါတယ် ”

“ ဈျူရိုးဆစ်ရောဂါတစ်မျိုးက ရုပ်ခန္ဓာ ဘာမှမဖြစ်ဘဲ ရုပ်ဝေဒနာရတာ၊ အဲဒီမှာ နှစ်ပိုင်းရှိတယ်၊ တစ်ပိုင်းက အာရုံတရား ချွတ်ယွင်းသွားတာ၊ ဥပမာ မမြင်ဘူး၊ မကြားဘူး၊ အထိအတွေ့မသိဘူး၊ တစ်ပိုင်းကတော့ အာရုံတရားက အကောင်း၊ ဒါပေမယ့် လှုပ်ရှားမှု ချွတ်ယွင်းသွားတာ၊ မလှုပ်နိုင်ဘူး၊ မကိုင်နိုင်ဘူး၊ မလျှောက်နိုင်ဘူး ”

“ အဲဒါတွေကို စိတ်နဲ့ကုလို့ရသလား ”

“ ရပါတယ်၊ ကျွန်တော်တို့ဌာနက ကုပေးတာ သုံးဦးလောက်ရှိပြီ၊ အကြီးစားထဲကတော့ မဟုတ်ဘူး၊ ရိုက်တားစ်ခရင့်ပ် ဆိုတာမျိုး၊ စာရေးလို့မရတာ၊ လက်က ကျန်တာအကုန်လုပ်လို့ရတယ်၊ အဲ . . . ဖောင်တိန်ကိုင်ပြီး စာရေးလို့တော့ ဘယ်လိုမှ မရဘူး၊ ဆရာဝန် ထောက်ခံချက်နဲ့ ကျွန်တော်တို့ဆီ ရောက်လာကြတာပါ ”

“ ဟာ . . . ဒါဖြင့် တကယ်ရှိတာပေါ့ ”

“ ရှိတာပေါ့၊ လူငယ်တစ်ယောက် ကိစ္စကတော့ တစ်မျိုး၊ သူ့မှာတော့ အော့ပ်ဆက်ရှင်လို့ ခေါ်တဲ့ စိတ်မှာ မပေါ်ဘဲ မနေနိုင်တဲ့ ရောဂါလည်း ပါနေတယ်၊ သူ့ဟာက ရယ်စရာပဲ၊ နတ်အုန်းသီးမြင်ရင် လက်သီးနဲ့ထိုးချင်တဲ့ ရောဂါ ”

“ ဗျာ . . . နတ်အုန်းသီးမြင်ရင် လက်သီးနဲ့ထိုးချင်တဲ့ ရောဂါ ”

“ ဒီလိုပဲ ဆိုကြပါစို့၊ သူ့ဟာက အိမ်တွင်းအုန်းဖြစ်စေ၊ နတ်ပွဲက အုန်းဖြစ်စေ၊ မြင်ရင် လက်သီးနဲ့ သိပ်ထိုးချင်တယ်၊ ထိုးချင်တာ မဟုတ်ပါဘူးလေ၊ စိတ်ထဲမှာတော့ တကယ်ကို ထိုးပစ်လိုက်တာပဲ၊ အဲဒီလို မနေနိုင်မထိုင်နိုင် စိတ်နဲ့ထိုးပြီးမှ တစ်ခါ မနေနိုင်မထိုင်နိုင် ကြောက်ပြန်ရော၊ အဲဒီကနေ နောက်တော့ လက်တစ်ဖက်က လက်သီးဆုပ်လို့မရ ဖြစ်လာတယ်၊ ကုလွှတ်လိုက်ရပါသေးတယ် ”

“ အဲဒါတွေက ဘာကြောင့် ဖြစ်တာလဲ ”

“ နားလည်တဲ့အထိ ရှင်းပြရမယ်ဆိုရင် ဦးနေအောင်ကို စိတ်ပညာယူခိုင်းရလိမ့်မယ်၊ သဘောလောက်ပဲ ကျွန်တော် ရှင်းပြမယ်၊ မလှုပ်နိုင်ဘူး မကိုင်နိုင်ဘူးဆိုတဲ့ လက္ခဏာတွေဟာ အမှန်က စိတ္တဇသင်္ကေတတွေ၊ သင်္ကေတဆိုတာ သဘောတစ်ခုကို အမှတ်အသားပြုထားတာ၊ ဈျူရိုးဆစ်ရောဂါရဲ့ လက္ခဏာတွေကို သင်္ကေတအဖြစ် ယူပြီး အခြေခံ အစစ်အမှန်သဘောကို ရှာဖွေ ဖွင့်ကြည့်ရတယ်၊ အဲဒီလိုကြည့်ရင် လက္ခဏာတွေနဲ့ ဆက်စပ်နေတဲ့ အပြင်းအထန် ခံစားမှုအခြေအနေကို တွေ့ရတယ်၊ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ လိပ်ပြာမသန့်ခြင်း စတဲ့ ခံစားမှုတွေပေါ့၊ ရောဂါလက္ခဏာဟာ အဲဒီခံစားမှုတွေ မပေါ်အောင် တားထားတဲ့သဘော ဖြစ်နေတတ်တယ်၊ အဲဒီမှာ ပြဿနာ ဝင်တာပဲ၊ ရောဂါရှင်ဟာ သူ့ရောဂါလက္ခဏာကို နှစ်သက် သိမ်းပိုက်ထားတာပဲ၊ သူနှစ်သက် သိမ်းပိုက်ထားတာကို သူသိသလား ဆိုတော့လည်း မသိဘူး၊ ဒါကြောင့် မသိစိတ်က နှစ်သက် သိမ်းပိုက်ထားတာလို့ အလုပ်သဘောပြောရတယ်၊ ဘာကြောင့် နှစ်သက်သိမ်းပိုက်ထားတာလဲဆိုတော့ ဒါကို ဖယ်လိုက်ရင် သူသိပ်ကြောက်တာကြီး ဘွားဘွားပေါ်လာမှာကိုး၊ မပေါ်လာအောင် ရောဂါလက္ခဏာ အကူအညီနဲ့ သူက ဖိထားရတာ၊ အဲဒီ စိတ်ဝေဒနာဖိထားခြင်း (ဝါ) မသိစိတ်ရဲ့ဖိထားခြင်း ဖိဆန်ခြင်းလို့ ခေါ်တယ်၊ ဖိဆန်ခြင်းက ဖိထားလို့ စိတ်သန္တာန်ရဲ့ အောက်လွှာမှာ မြုပ်နေရတဲ့ ဆန္ဒတွေ၊ လိုအင်တွေကို တိပ်မြုပ်မှုလို့ ခေါ်တယ်၊ ကုသတယ် ဆိုတာက ဖိဆန်ခြင်းကို အရင်ဖြိုပစ်ရတယ်၊ ပြိုသွားမှ တိမ်မြုပ်မှုက ပေါ်လာတယ်၊ ပေါ်လာတော့မှ ဘာဖြစ်လို့ ဘာဖြစ်တယ်ဆိုတာ နားလည်တယ်၊ အဲဒီလို နားလည်သွားရင် ကုသသူဟာ ရောဂါရှင်ကို အမြင်တည့်ပေးနိုင်တယ်၊ အမြင်တည့်ရင် ရောဂါ ပျောက်သွားတာပါပဲ ”

ဦးနေအောင်က ဖူးကနဲ သက်ပြင်းမှုတ်ထုတ်လိုက်သည်။

“ ကျွန်တော် သဘောပေါက်ပါပြီ ဆရာ၊ အခု ကျွန်တော်လာတာက မွန်မွန့်ကို ဆရာ အဲ . . . ကုသပေးနိုင်မလား လို့ပါ၊ ဟိုဒင်း စုံစမ်းရင်း လာအပ်တာပါ ”

“ ဘယ်သူက ညွှန်လိုက်တာလဲ ”

“ ညွှန်လိုက်တာတော့ မဟုတ်ပါဘူး၊ ဆရာ့ကို ကျွန်တော်က အစက စိတ်ပညာကို စာသင်ပေးတဲ့ ဆရာတစ်ယောက်ပဲ ထင်တာ၊ ဟိုတစ်နေ့က ဂေါက်ရိုက်အပြီး ဝိုင်းကောင်းတော့ စကားစပ်မိရင်း ဆရာ့မိတ်ဆွေ ဦးတုတ်ဝင်းနဲ့ ဦးညိုလဲ့တို့က ပြောလို့၊ ဒီတော့မှ ဆရာက ဒါမျိုးလည်း ကုနိုင်တယ်သိတာ၊ မွန်မွန် ဘာဖြစ်နေတယ်ဆိုတာတော့ ဘယ်သူမှ မသိကြပါဘူး၊ ကျွန်တော်ရယ်၊ ကျွန်တော့်ဇနီးရယ်၊ နော်မြသွေးရယ်၊ သုံးယောက်ပဲ သိကြတာပါ၊ ကျွန်တော်က ဆရာ့ကို အားကိုးတာက ဒီလိုပါ၊ မွန်မွန့်ကို ဆရာတော့ နိုင်မယ် ထင်လို့ ”

“ ခင်ဗျာ . . . ဘာပြောလိုက်တယ် ”

“ စိတ်ရောဂါကုဆေးရုံ သွားပြကြည့်ဖို့ မွန်မွန့်ကို ကျွန်တော်တို့ ဆွယ်ကြည့်သေးတယ်၊ မွန်မွန်က ခါးခါးသီးသီးပဲ၊ ဒက်ဒီတို့က မွန်မွန့်ကို အရူးထောင်ထဲ ထည့်ထားချင်ကြပြီလားတဲ့ ”

“ ဘယ်လို . . . ခင်ဗျာ မွန်မွန် ပြောတာ ပြန်ပြောပါဦး ”

“ ဒက်ဒီတို့က မွန်မွန့်ကို အရူးထောင်ထဲ ထည့်ထားချင်ကြပြီလားတဲ့ ”

“ ဒီအတိုင်း အတိအကျ ပြောတယ်နော် ”

“ ဟုတ်တယ် သမီးလေးစကားက ကျွန်တော့်ရင်ကို နင့်စေတာမို့ ကျွန်တော် မမေ့မပျောက်တာ ”

ဦးမြင့်နွယ်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး “ အင်း . . . ကဲ . . . ဆက်ပါဦး ”

“ ကျွန်တော်လည်း ဒါနဲ့ လက်လျှော့ထားလိုက်တယ်၊ အခုက ဆရာ့ကိုတော့ မွန်မွန်ဟာ အင်မတန် ခင်ပုံရတယ်၊ လေးလည်း လေးစားပုံရတယ်၊ ဒီတော့ ဆရာနဲ့ဆို ဖြစ်မှာပဲလို့ ကျွန်တော် တွက်မိတယ် ”

“ ဦးနေအောင် တွက်တာ မှန်ပါတယ်၊ မွန်မွန့်ကို ကျွန်တော် ဆွဲဆောင်နိုင်မယ် ထင်ပါတယ်၊ စိတ်ကုသရေးမှာ အရေးကြီးတဲ့ အခြေအနေတစ်ခု ရှိပါတယ်၊ ရက်ပွားလို့ ခေါ်တယ်၊ ပြင်သစ်စကားပါ၊ ကုသသူနဲ့ ကုသခံရသူရဲ့ ဆက်ဆံရေးပါ၊ ယုံကြည်ကိုးစားမှုလို့ အနီးစပ်ဆုံး ဘာသာပြန်ရမယ် ထင်တယ်၊ မွန်မွန်နဲ့ ကျွန်တော် ရက်ပွားကောင်းပါတယ် ”

“ ဒါဖြင့်ရင် ဆရာ လက်ခံပြီပေါ့ ”

“ ဟုတ်ကဲ့၊ ဒါပေမယ့် ဖြစ်နိုင်ရင် ဆရာဝန်ကြီးတွေရဲ့ ဆေးစာ ကျွန်တော် ကြည့်ချင်တယ် ”

“ လိုလိုမည်မည် ကျွန်တော် တစ်ခါတည်း ယူခဲ့ပါတယ် ”

ဦးနေအောင်သည် ဘေးတွင်ချထားသော လက်ဆွဲအိတ်တွင်းမှ စာနှစ်စောင် ထုတ်ပေး၏။

ခေါင်းလောင်းထိုးသံ ပေါ်လာသည်။ ညနေ လေးနာရီရှိပြီ။

ဦးနေအောင်က ဆို၏။

“ လေးနာရီတောင် ထိုးပြီ၊ ဆရာလည်း ဂေါက်ကွင်းသွားဦးမယ် ထင်တယ်၊ ပြန်ဦးမယ် ဆရာ ”

“ ဟုတ်ကဲ့ လေ့လာပြီးရင် ကျွန်တော် စကားပြန်ပါ့မယ် ”

ဦးနေအောင် ပြန်သွားသောအခါ ဦးမြင့်နွယ်သည် စာရွက်စာတမ်းများကို သိမ်းဆည်းသည်။ ဆေးစာများကို ညကျမှ အေးအေးဆေးဆေး ဖတ်တော့မည်။ ယခု မိမိလည်း ဂေါက်ကွင်းသို့ ပြေးချင်ပြီ။

ဦးမြင့်နွယ်သည် ရုံးတက် လက်ဆွဲအိတ်ကို ကိုင်ကာ ကားဆီထွက်လာ၏။

အိမ်ပြန်လာခဲ့၍ ကားကို ကားရုံမသွင်းတော့ဘဲ အိမ်ရှေ့၌သာ ရပ်၏။

တပည့်ကျော် သက်ဝေက အိမ်ပေါက်ဝ၌ ဆီးကြိုနေ၏။ ရိုးရိုးဆီးကြိုနေသည် မဟုတ်၊ ကြမ်းပေါ်တွင် ဂုန်နီအိတ်နှင့် သပ်သပ်ရပ်ရပ် ပတ်စည်းထားသော အိပ်ရာလိပ်ကလည်း ရှိနေသည်။ သံသေတ္တာ အစိမ်းရောင် အဟောင်းလေး တစ်လုံး ကလည်း ရှိနေသေးသည်။ သူ့အသွင်အပြင်နှင့် ဟန်က ခရီးထွက်တော့မည့်ပုံ။

“ အလို . . . သက်ဝေ မင်းက ဘယ်သွားမလို့လဲ ”

“ ရွာခဏပြန်မလို့ ဆရာ့ကို လိ(ဖ်)တိုင်ဖို့ ကျွန်တော် စောင့်နေတာ ”

ဦးမြင့်နွယ်က သက်ဝေ၏မျက်နှာကို အကဲခတ်သည်။ ခါတိုင်းဆိုလျှင် သည်ကောင့်မျက်နှာက ကြည်သည်။ အရာရာကို စိတ်ဝင်စားမှုကိုလည်း ပြနေတတ်၏။ ယခုမူ မျက်နှာသည် သိသိသာသာ ညှိုးနေ၏။

“ မင်း . . . ခဏ တကယ်ပြန်မှာလား၊ မပျော်တော့လို့ အပြီးပြန်မှာကို ကြည့်ကောင်းအောင် ပြောနေတာလား ”

“ ဆရာတို့နဲ့ အတူတူနေရတာ အပြီးပြန်တယ်ဆိုရင် သက်ဝေထက် မိုက်တဲ့ကောင် ဒီလောကမှာ ဘယ်ရှိတော့မှာလဲ၊ ရွှေပင်နား ရွှေကျေးဆိုတဲ့ ပဒေသရာဇ်ခေတ်နံတဲ့ စကားပုံလည်း မသုံးချင်ပါဘူး၊ တံငါနားနီး တံငါ၊ ပညာရှိနားနီး ပညာရှိတဲ့၊ ဆရာ့ကို လုပ်ကျွေးပြုစုနေရတာ ကျွန်တော် ပျော်ပါတယ် ဆရာ ”

“ ဒါဖြင့် မင်း တကယ် ခဏပြန်မလို့ပေါ့၊ စောစောက ဘာလို့ ကြိုပြောမထားလဲ ”

“ မက်ဆေ့ချ်က နေ့လယ်ကမှ ရတာ ဆရာ၊ ရွာမှာ ကျွန်တော့်မာသာ ခရစ်တစ်ကယ်လ် ဖြစ်နေလို့တဲ့၊ ဒီမှာ ဆရာ စာ ”

သက်ဝေက အိတ်တွင်းမှ စာရွက်လေးတစ်ခု ထုတ်ပြ၏။

“ အကို လေ့လှ

အမ အသဲအသမ် ဖျစ်နေဒယ်၊ အသက်မှီဂျင်ဒယ်ဆိုယင် အမျန်ပျံလာဘာ၊ နင့်မြက်နှာ မမြင်ယယင် အမ အသေ ဖျောင့်မှာ မဟုတ်ဖူး

မျခင် ”

ဦးမြင့်နွယ်က သက်ဝေကို ကြည့်ပြီး မေး၏။
" အမဆိုတာ မင်းအမေကို ပြောတာလား "
" ဟုတ်ကဲ့ ကျွန်တော့်မာသာ "
" မျခင် ဆိုတာကကော "
" ကျွန်တော့်ညီမပါ။ သူက ဒွေးလေးတို့နဲ့ နေတာ "
" မင်းအမေနဲ့ အတူမနေဘူးလား "
" အမေက နောက်ယောကျ်ားနဲ့ ဆရာ၊ ကျွန်တော်က ဆယ်တန်းအောင်ရင် အစ်မကို လုပ်ကျွေးမယ် မှန်းထားတာ၊ ပထွေးက ကောင်းတဲ့လူ မဟုတ်ဘူး၊ အခုတော့ "
သက်ဝေ၏အသံက တိမ်ဝင်သွားသည်။ မျက်လုံးတို့တွင်လည်း မျက်ရည်တို့ ဝဲနေ၏။
" မင်းရွာကို ဘာနဲ့ ပြန်မှာလဲ "
" မုံရွာကားတွေ မီပါသေးတယ် ဆရာ၊ ကျွန်တော့်ရွာက ချောင်းဦးကနေ ဆင်းသွားရတယ် "
" ကွာ . . . မင်းစောစောက ပြောရောပေါ့၊ မင်းအခု မြို့ထဲ မြင်းလှည်းနဲ့သွားလို့ ဘယ်အချိန်ရှိတော့မလဲ၊ ကဲ. . . မင်းပစ္စည်းတွေ ကားပေါ်တင် "
" ဆရာ ဂေါက်ရိုက်တာ မီပါ့ဦးမလား "
" ဂေါက်က နေ့တိုင်း ရိုက်နိုင်ပါတယ်ကွာ၊ ကဲ . . . တင်မှာတင် "
ဦးမြင့်နွယ်က သက်ဝေကို မြို့တွင်း မုံရွာကားဂိတ်သို့ လိုက်ပို့၏။ လိုလိုမည်မည်သုံးရန် ကားမထွက်မီ သက်ဝေကို ငွေအစိတ်လည်း ပေးလိုက်သည်။
အိမ်ပြန်အရောက်တွင် ဦးမြင့်နွယ်မှာ စိတ်မောလူမော ဖြစ်နေ၏။
ဆရာတပည့်သာဆိုသည် သက်ဝေ၏ကျေးဇူးက မိမိအပေါ် ကြီးသည်။
သက်ဝေကို မိမိ တစ်လ ခြောက်ဆယ်သာ ပေးရသည်။ ဈေးသွား၊ ထမင်းချက်၊ အိမ်ရှင်း၊ သက်ဝေ အကုန်လုပ်သည်။ မိမိအနေနှင့် ဘာမျှမပူရ။
နေ့ခင်းနေ့လယ်တွင် သက်ဝေနားပြီး စာကျက်သည်။ ညပိုင်းတွင် ညကျောင်းတက်၏။
သက်ဝေဘက်မှ ကြည့်တော့လည်း ထမင်း အလကားစားရ၍ အိမ်နေရာပါ ရသောကြောင့် ရှစ်ဆယ့်နှစ်ကျပ်စားထက် ကိုက်နေသည်။ ကျောင်းလည်း တက်ခွင့်ရှိပြီး ဦးမြင့်နွယ်ထံ စာမေးနိုင်သေးသည်။
မန္တလေး တက္ကသိုလ်တွင်းမှ လူပျိုဆရာ အိမ်တွေတွင် သက်ဝေလို ကောင်လေးတွေ အများရှိကြ၏။ ပညာလေးတွေ တစ်ပိုင်းတစ်စနှင့် တောမှ မြို့တက်ကာ၊ ကိုယ့်ဒူးကိုယ်ချွန် နေကြသူကလေးများ ဖြစ်၏။
ယခင်ကတော့ သက်ဝေသည် ကိုယ့်အတွက်ကိုယ် ကိုယ့်ဒူးကိုယ်ချွန်နေသည် ထင်မိသည်။ ယနေ့ကျမှ အဖြစ်မှန် သိရသည်။
မိခင်ကို လုပ်ကျွေးရန် . . .
ဦးမြင့်နွယ် ရင်မှာ နင့်သွားသည်။ ဘုရား . . . ဘုရား . . . သက်ဝေ ရည်ရွယ်ချက်ပြည့်ပါစေ။ သက်ဝေ၏မိခင် ဘုရားမ၍ ချမ်းသာပါစေ။
သြော် . . . အဖြစ်ကလည်း ကိုယ့်အဖြစ်အတိုင်း။ ကိုယ့်ကံကလည်း အင်း . . . ကိုယ့်တုန်းကလည်း . . .
ဦးမြင့်နွယ် ကုတင်ဆီသို့ လျှောက်သွားသည်။
ကုတင်ခေါင်းရင်း နံရံပေါ်တွင် ချိတ်ထားသော မိခင်၏ဓာတ်ပုံကို လက်အုပ်ချီရင်း မော့ကြည့်မိသည်။
ဓာတ်ပုံတွင်းက အမေ့ပုံက ကြုံလှီသည်။ အမေသည် ဘယ်တုန်းကမှ ကောင်းကောင်း မကျန်းမခဲ့။ ပြီးတော့ ဘယ်တုန်းကမှလည်း စိတ်ချမ်းသာခဲ့ရဟန် မတူ။
မိမိ လုပ်ကျွေးခဲ့ရသော တိုတောင်းသော နှစ်လေးများအတွင်းတော့ အမေ အသင့်အတင့် စိတ်ချမ်းသာရခဲ့ဟန် တူသည်။
အမေ အသင့်အတင့် စိတ်ချမ်းသာမှု ရရှိသွားလျှင် တော်ပါပြီ။ အမေ အသင့်အတင့် စိတ်ချမ်းသာမှုရရှိဖို့ မိမိကတော့ ကြီးစွာသော စိတ်ဆင်းရဲမှုကို ခံလိုက်ရသည်။
ခံပျော်ပါသည်။ ခံပျော်၍ပဲ သည်နေ့အထိ နောင်တ ပူဝန်မရှိ၊ မိမိဘဝမှာ ရပ်တည်နေနိုင်သည်။ နို့မို့ဖြင့် ခက်လေသား။
ဦးမြင့်နွယ်သည် ကုတင်ဘေးရှိ စားပွဲအံဆွဲတွင်းမှ ဓာတ်ပုံလေးတစ်ခုကိုလည်း ထုတ်ကြည့်ပြန်သည်။
ဓာတ်ပုံတွင်းမှ စင်သီယာသည် ပြုံးနေသည်။ ပါးချိုင့်လေးနှစ်ဖက်ပေါ် အောင်ပင် ပြုံးနေသည်။

ယြော် . . . သည်ပုံပေးစဉ် အခါတုန်းကတော့ ပြုံးနိုင်ရယ်နိုင်။ ပြုံး၍မဆုံး ရယ်၍မဆုံးသောကာလ။ ပျော်ကြရအောင်ဟု ချစ်စထုံးနှောင်ကြစဉ် သမယ။

သည်ဘ၀တွင်တော့ နှမလက်လျှော့ နေလေတော့ဟု ပြောရစဉ် အခါတုန်းကမူ။

အသည်းနာနာနှင့် ပြောရစဉ် အခါတုန်းကမူ . . .

( ခ )

တစ်ညလုံး ကိုအောင်ဘ အရက်မူးပြီး သောင်းကျန်းသည်။ အမေ့ကို ဆဲလိုက်ဆဲလိုက်။ မိမိကို စောင်းမြောင်းလိုက်နှင့်။

မိမိကို စောင်းမြောင်းသည်ကို ခံနိုင်ပါသည်။ ပထွေးဟူသည်လည်း အဖအရာမို့ မိမိသည်းခံနိုင်သည်။ တစ်လုတ်စားဖူး၊ သူ့ကျေးဇူးဟူသော စကားက ရှိသည်။ ကိုအောင်ဘ ရှာကျွေးသောထမင်းကို မိမိ တစ်လုတ်မက စားဖူးသည်။ လူလားမမြောက်ခင် သူ့အရိပ်ကိုလည်း အကြာကြီး ခိုခဲ့ရသည်။ သည်တော့ မိမိကို စောင်းမြောင်းသည်ကို ခံနိုင်ပါ၏။

အမေ့ကို ရိုက်မည်သာ စိုးသည်။ အမေ့လို ရောဂါသည်ကို ကိုအောင်ဘ ထရိုက်လျှင် မိမိ သည်းခံနိုင်မည် မဟုတ်။

မြင့်နွယ်သည် ကိုအောင်ဘ အသံတိတ်၍ အိပ်ပျော်သွားသည်အထိ အိပ်ရာတွင်းဝယ် ငြိမ်နေသည်။ ကိုအောင်ဘ တိတ်သွားသည့်တိုင်အောင် စိတ်လှုပ်ရှားမှုကြောင့် တော်တော်နှင့် မြင့်နွယ် အိပ်မပျော်။ ကိုးသိန်းဂါတ်ဆီမှ သန်းခေါင်သံချောင်းခေါက်သံကို ကြားလိုက်ရသေးသည်။

ညဉ့်နက်မှ အိပ်ပျော်ခဲ့ရသော်လည်း မြင့်နွယ် စောစောနိုးလာ၏။

အမေက မြင့်နွယ်ထက်ပင် စော၍ နိုးနေသည်။ လက်ဆွဲမှန်အိမ် မှိန်မှိန်အောက်တွင် အမေက တကုပ်ကုပ် အလုပ်ရှုပ်နေသည်။ ချောင်းကိုလည်း အုပ်ထိန်းပြီး ဆိုးနေ၏။

" အမေ ဘာလုပ်နေတာလဲ "

" ပစ္စည်းတွေ သိမ်းနေတာ၊ အမေ သလပ်ခွာ ပြန်နေတော့မယ် "

" ဖြစ်ပါ့မလား အမေရယ်၊ စဉ်းစားပါဦး "

" အမေ အတန်တန် စဉ်းစားပြီးပြီ၊ လမ်းကျမှ ပြောပြမယ်၊ သွား . . . သား၊ မျက်နှာသစ်ချည်၊ အမေ့ကို ကမ်းနားလိုက်ပို့ပေး "

မြင့်နွယ်က မျက်နှာထွက်သစ်သည်။ အပြင်ဘက်မှာ မိုးလင်းစပြုပြီ။

အင်း . . . တစ်နည်းတော့လည်း အမေဆုံးဖြတ်သည်မှာ မှန်သည်ထင်၏။ အမေ့အတွက်မူ သည်တစ်လမ်းသာ ကျန်တော့သည်။

အမေ့မှာက ပစ္စည်း များများစားစား မရှိ။ သံသေတ္တာတစ်လုံးနှင့် ထန်းခေါက်ဖာ တစ်ခုသာ။

ဆိုက်ကားတစ်စီးနှင့် သားအမိနှစ်ယောက် မြစ်ဆိပ်သို့ လာကြသည်။

အဆင်သင့်ပင် ရွာမှ လှေကြုံကို တွေ့ရသည်။ သလပ်ခွာ သွားရန်က ဝေန်မြစ်ကို စုန်ရမည်။ ငပုတော်ဘက်ဆက်မစုန်ဘဲ လမ်းခွဲပြီး သံတွဲဝမြစ်ကို ပြန်ဆန်ရမည်။ တစ်နေကုန်ခရီးမို့ လှေကြုံက စောစောထွက်မည်။

လှေမထွက်မီ အမေနှင့် စကားပြောရသည်။

" အမေ တကယ်ပြန်မလာတော့ဘူးလား "

" ပြတ်ပါပြီ သားရယ်၊ သူ့ဟာက အခု သွေးရိုးသားရိုးမှ မဟုတ်ဘဲ၊ အငယ်အနှောင်းကလည်း ရှိနေပြီ၊ သူ့ကိုလည်း အပြစ်မတင်ပါဘူးလေ၊ အမေက ကိုယ့်ထက်ငယ်သူလည်း ယူမိပြန်၊ ငယ်ပေါင်းကလည်း မဟုတ်၊ ပြီးတော့ ကျန်းကလည်း မကျန်းမာ၊ သူစိတ်ချမ်းသာသူနဲ့ လွတ်လွတ်လပ်လပ်ပဲ ပေါင်းပါစေတော့၊ အမေ ကြည်ဖြူခွင့်လွှတ်ပါတယ် "

အမေက အေးချမ်းစွာ ပြောသည်။ မြင့်နွယ်ကမူ အမေ့ကိုယ်စား မခံချင်ဖြစ်မိသည်။

" အမှန်က ဒီလို ပြတ်ပြတ်စဲစဲလုပ်ဖို့ အမေ ကြံစည်တာ ကြာခဲ့ပါပြီ၊ ဒါပေမယ့် သားက ပညာတစ်ပိုင်းတစ်စမို့ အခုတော့ သားလည်း ဆယ်တန်းဖြေပြီးပြီ မဟုတ်လား၊ သားအလုပ်ရှာနေတုန်း အမေ မင်းကြီးတော်တို့နဲ့ ခဏသွားနေဦးမယ်၊ သားအလုပ်ရမှ အမေ့ကို လာခေါ်လှည့် "

မြင့်နွယ်က အံကြိတ်မိသည်။ ရင်မှာ ဝမ်းလည်းနည်းသည်။ မာန်လည်း ဝင်လာသည်။

" စိတ်ချပါ အမေ၊ အောင်စာရင်းထွက်တာနဲ့ အလုပ်ချက်ချင်းရအောင် ကျွန်တော်ကြိုးစားမယ်၊ အောက်တန်းစာရေးလောက်တော့ အလွယ်နဲ့ရမှာပါ။ ဂေါက်ကွင်းမှာ ကျွန်တော်နဲ့ခင်တဲ့ လူကြီးတွေ ရှိပါတယ်၊ ကျွန်တော် အလုပ်ရရချင်း အမေ့ကို အမြန်ဆုံး လာခေါ်မယ်၊ အမေ ကျန်းမာအောင် ဂရုစိုက်၊ ဘာမှ အားမငယ်နဲ့ "

" ဒါထက် သားဘယ်မှာ သွားနေမလဲ "

" ကျွန်တော့်မှာ နေစရာတွေ ပေါပါတယ် အမေ၊ ဆရာ ဦးဘသက်တို့အိမ် နေလည်းရတာပဲ၊ ဒါပေမယ့် အဲဒီမှာက သူနဲ့ နေ့တိုင်းတွေ့နေရဦးမယ်၊ ကျွန်တော် ဂေါက်ကွင်းမှာ မိုနားတို့နဲ့ သွားနေတယ်၊ ကလပ်မှာ နေစရာတွေ ရှိပါတယ်၊ နေ့စားအလုပ်လည်း ရှိတယ်၊ ကျွန်တော် ကက်ဒီမာစတာ လုပ်နေမယ် "

" အေးပါလေ၊ အမေ့သား အမေ စိတ်ချပါတယ် "

လှေက ထွက်တော့မည်။ မြင့်နွယ်သည် ကမ်းနားမြေပြင်တွင် ထိုင်ပြီး အမေ့ကို ကန်တော့သည်။

အမေ့လှေ ထွက်သွားသည်ကို မြင့်နွယ်သည် မျက်စိတစ်ဆုံး ရောက်သည်အထိ ငေးကြည့်ကျန်ရစ်သည်။

အမေကတော့ ပြတ်သားစွာ ဆုံးဖြတ်၍ ထွက်ခွာသွားလေပြီ။

မိမိလည်း ပြတ်သားစွာ ဆုံးဖြတ်ရမည့် အချိန်က ရောက်လေပြီ။ မိမိရင်မှာတော့ နာလှသည်။ သြော် . . . အမေလည်း ရင်နာရှာမည်ပေါ့။ အမေလည်း လူသားပါ။ မိမိလိုပင် လူသားပါ။

မြင့်နွယ်သည် ခေါင်းငိုက်စိုက်နှင့် ဈေးဘက်သို့ လျှောက်လာခဲ့သည်။ ဘာမျှ မစားခဲ့ရသေးသည်ကို သတိရ၍ မုန့်ဟင်းခါး ဝင်စားသည်။

ကားဂိတ်ဘက်သို့ ဆက်အလာတွင် ရိုးကုမ္ပဏီထောင့်၌ ရပ်ထားသော စင်သီယာတို့၏ကားကို တွေ့ရသည်။

ကားကို ကိုမောင်ညိုပင် မောင်းသည်။ ကားနောက်ခန်းမှ စင်သီယာ၊ စင်သီယာ့အမေနှင့် အိမ်ဖော်မိန်းကလေးတို့ ဆင်းလာကြ၏။

မြင့်နွယ်က စင်သီယာတို့အနီး ကပ်သွား၏။

စင်သီယာက မျက်နှာထားတည်တည်ဖြင့် ဆို၏။

" အံမယ် မြင့်နွယ် စောစောစီးစီး ခေါင်းစုတ်ဖွားနဲ့ ဘယ်ချောင်က ထလာတာလဲ "

" မြစ်ဆိပ်ကပါ အမေ ရွာခဏပြန်လို့ လိုက်ပို့တာ၊ သြော် . . . ဒီနေ့ အန်တီကိုယ်တိုင် ဈေးလာသလား "

" လာချင်လှလို့ မဟုတ်ဘူး မောင်မြင့်နွယ်ရေ၊ ပုသိမ်က မပြောင်းခင် စင်သီယာက ငါးသိုင်းချောင်း မုန့်ဟင်းခါး အဝစားသွားချင်လို့တဲ့၊ ဒါနဲ့ လိုက်လာရတာ "

အရေးပိုင်ကတော်နှင့် အိမ်ဖော်မိန်းကလေးတို့က လမ်းဖြတ်ကူးကြသည်။ စင်သီယာက နောက်ချန်နေရစ်ပြီး မြင့်နွယ်နားကပ်၍ ဣန္ဒြေမပျက်ဘဲ တိုးတိုးဆို၏။

" တစ်ချက်ထိုးကို ရေကြည်ရေနောက်၊ မေ့မနေနဲ့နော် "

စင်သီယာသည် လမ်းဖြတ်ကူး၍ သူ့အမေနောက် လိုက်သွား၏။

ထိုနေ့ နေ့လယ်တွင် မြင့်နွယ်သည် တကောင်းဘုရားကြီးအထိ ဆိုက်ကားနှင့် လာခဲ့သည်။

တကောင်းဘုရားကြီးတွင် ဆင်းပြီး တကောင်းကျောင်းတိုက်အနီးမှ ဖြတ်ကာ ရေကြည်ရေနောက်ဘက်သို့ ကုန်းကြောင်း ဆက်လာခဲ့သည်။

လမ်းမှာက သန့်ရှင်းကျယ်ပြောသော သုသာန်ကို ဖြတ်ရသည်။

ဖြတ်သွားနေကျ ဖြစ်သောကြောင့် သုသာန်မြေသည် မြင့်နွယ်အတွက် ရိုးနေချေပြီ။

ယနေ့မူ ဂူလေးများကို စိတ်တွင် အထူးအဆန်းလုပ်ပြီး ကြည့်မိသည်။

သြော် . . . သည်မှာ လူ့ဘဝ တစ်ခန်းရပ်သွားကြသည်။ သည်လို အဆုံးတိုင် မနားကြရသေးမီ ဘဝမှာ တစ်ခန်းရပ် ပြဇာတ်ကလေးများ ဘယ်နှစ်ချီ ကပြသွားကြရပါလိမ့်။ ရယ်ခြင်း၊ ငိုခြင်းတွေကို ဘယ်နှစ်ကြိမ် ပြုသွားကြရပါလိမ့်။

ရှင်လူထွက်စက ကမ်းနီဆရာတော်ဘုရားကြီး ဆုံးမမှာကြားတော်မူခဲ့သော စကားများကို ပြန်သတိရမိသည်။

" ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓ ဓမ္မံ၊ ခပတိ၊ ပူပန်ရင် ငါ့မြေး ဒါကို သတိရ၊ ငါ့မြေး လျှောက်ရမယ့် လမ်းက ပူပန်မယ့်လမ်းကြီး "

သုသာန်မြေအလွန်၌ မြေလမ်းကျယ်သည် လယ်ကွင်းများဆီ ညီညာချောမွေ့စွာ ပြေးနေသည်။

လွင်ပြင်ပြန့်ဝယ် ဝါးတော အုပ်စုလေးများကိုလည်း တွေ့ရသည်။

ခပ်လှမ်းလှမ်းရှိ မင်္ဂလာစေတီနှင့် ဖောင်တော်ဦးစေတီတို့ကိုလည်း ဖူးမြင်နိုင်ပြီ။

ရေကြည်ရေနောက်သို့ ရောက်သောအခါ မြင့်နွယ်က ပတ်ဝန်းကျင်ကို မျက်လုံးဝိုက်၍ အကဲခတ်ကြည့်သည်။

ကလျာဏီသိမ်တော်ရှေ့၌ ဘုရားဖူး နှစ်ဦးသုံးဦးကို တွေ့သည်။ သိမ်တော်၏ အရှေ့ဘက်ရှိ မြေပြန့်မှ ထူးဆန်းစွာ ထီးထီးမားမား ထိုးထွက်နေသော တောင်ကုန်းလေး၏ အခြေတွင် ရဟန်းတော်တစ်ပါးနှင့် ယောဂီဝတ် အဒေါ်ကြီးတစ်ဦးတို့ ရပ်စကားပြောနေကြသည်။

စင်သီယာတို့၏ အရိပ်အယောင်ကို မမြင်ရသေး။ အချိန်က အနည်းငယ်စောသေးဟန်တူသည်။ မိမိကလည်း တမင်ကြိုတင်စော၍ ထွက်လာခဲ့သည်။

ရေကြည်ရေနောက် ကန်လေးနှစ်ခုအနီးတွင် မြင့်နွယ်က ရပ်လိုက်၏။

မြေမှာ တူးထားသည့် ကန်နှစ်ခုသည် မယှဉ့်တယှဉ်ရှိပြီး ရေပြင်ချင်းကမူ တစ်သားတည်း ဆက်စပ်နေ၏။ ရေတို့သဘောမှာ ဆက်စပ်နေလျှင် ရောသောသတ္တိရှိမြဲတည်း။ သို့ရာတွင် သည်မှာတော့ ရေနှစ်မျိုးက မရောကြ။

တောင်ဘက်မှကန်ကို မောင်တော်ကန်ဟု ခေါ်ကြသည်။ မြောက်ဘက်မှကန်ကို နှမတော်ကန်ဟု ခေါ်ကြသည်။

မောင်တော်ကန်မှရေကား စိမ်းပြာကြည်လင်နေသည်။ နှမတော်ကန်မှ ရေကား ဝါဝါညိုညို နောက်ကျိနေ၏။ ရေကြည်နှင့် ရေနောက်တို့သည် မျက်နှာပြင် တစ်သားတည်း ဆက်စပ်နေကြသော်လည်း မရောနှောကြ။ သူ့စည်းကိုယ့်စည်းနှင့် သီးသီးသန့်သန့် ယှဉ်လျက် တည်နေကြဟန်ကား။

နောက်ကြောင်းပုံပြင်က ကြေကွဲဖွယ်ရှိသည်။

ဘယ်ပြည်မှန်းတော့ မသိ။ ရှင်ဘုရင်တစ်ပါးဟုသာ ဆိုသည်။ မိဖုရားကြီး ကွယ်လွန်ပြီးနောက် ဘုရင်သည် အဂ္ဂမဟေသီ အသစ်ရွေးရန် လက်စွပ်တစ်ကွင်း ပြုလုပ်သည်။ ယင်းလက်စွပ်နှင့် တော်သူကို တောင်ညာစံအဖြစ် ရွေးလေမည်။ တစ်ပြည်လုံးရှိ မည်သည့်အမျိုးသမီးနှင့်မျှ လက်စွပ်က မတော်။ နောက်ဆုံးတွင် သမီးတော်သည် စူးစမ်းလိုစိတ် သက်သက်ဖြင့် လက်စွပ်ကို ဝတ်ကြည့်သည်။ လက်စွပ်ကား သမီးတော်၏လက်နှင့် ပကတိ တော်နေတော့၏။

ဖခင်ကို လင်လုပ်ရမည့်ဘေးကြောင့် မင်းသမီးသည် အခြံအရံများနှင့်အတူ ရှောင်တိမ်းလာရာ ဤအရပ်သို့ ရောက်လေသည်။ သည်အရပ်တွင် အခိုင်အမာ စခန်းပြု၍ ဖောင်တော်ဦးစေတီကို ပြုပြင်တည်သည်။ ရေနောက်ကန်ကိုလည်း တူးပြီး သောက်သုံးသူဟူသမျှ ဘေးတွေ့စေရန် ဆုတောင်းမိဋ္ဌာန်ထားသည်။

ခမည်းတော် အမိန့်ကြောင့် နှမတော်ကို ဖမ်းရန် မောင်တော်မင်းသားလည်း ဆင်မြင်းဗိုလ်ပါဖြင့် ချီလာရသည်။ မောင်တော့်တပ်မှ ဆင်မြင်းတို့ ရေနောက်ကန်မှ ရေသောက်၍ ဘေးတွေ့ကုန်ကြလျှင် မောင်တော်ကလည်း မဂ်လာစေတီကို တည်သည်။ ရေကန်တစ်ခုတူးပြီး ယင်းရေကန်မှ ရေသောက်သုံးလျှင် ဘေးအန္တရာယ်အသွယ်သွယ်မှ ကင်းပျောက်စေသားဟု ဆုတောင်းမိဋ္ဌာန်သည်။

မောင်တော့်ကန်က ကြည်လေသည်၊ ရေကြည်။ နှမတော်ကန်က နောက်၏၊ ရေနောက်။

မင်းသားနှင့် မင်းသမီး ဘာဖြစ်သွားကြသည်ကိုမူ မြင့်နွယ် မသိတော့။ ကန်တို့တွင် မောင်တော်နှင့် နှမတော် နတ်ရုပ်တွေတော့ ထုထားကြသည်။ သည်နေရာတစ်ဝိုက်ကို နတ်ကြီးသည်ဟုလည်း ယုံထားကြသည်။

သည်နေရာမှာမှ တွေ့ရန် ချိန်းလေသော စင်သီယာ့ကို အံ့ဩမိသည်။ နတ်ဆိုသည်ကိုတော့ မိမိရော စင်သီယာပါ မယုံကြ။ သို့ရာတွင် သည်နေရာက မပေါင်းစပ်ခြင်း၏ သင်္ကေတလက္ခဏာနေရာ၊ ဆုံလျက်ဆက်လျက်နှင့် မပေါင်းစပ်နိုင်ခြင်း၏ နိမိတ်ပုံ လက္ခဏာကို ဆောင်သောနေရာ။

မြေညီလမ်းမှ ဂျစ်ကားလေးတစ်စီး လာနေသည်ကို လှမ်းမြင်ရ၏။

ဂျစ်ကားသည် တောင်ကုန်းအခြေတွင် ရပ်လိုက်၏။

ဂျစ်ကားပေါ်မှ စင်သီယာနှင့်အတူ မိန်းကလေး သုံးဦး ဆင်းလာကြသည်။ အသားဖြူဖြူနှင့်တစ်သီးကား စင်သီယာ့အချစ်ဆုံး သူငယ်ချင်း မေမေခင်။ ကားကလည်း မေမေခင်တို့ကား၊ မောင်းသူကလည်း မေမေခင်တို့အိမ်မှ ဒရိုင်ဘာ။

စင်သီယာတို့တစ်သိုက်က ရေကန်များဆီသို့ လာကြသည်။

မြင့်နွယ်ကမူ ဖောင်တော်ဦးစေတီဘက် လျှောက်လာခဲ့သည်။

စေတီတစ်ဘက် အခြေချင်းပူးကာ ပေါက်နေကြသော ထန်းသုံးပင်ရိပ်မှ မြင့်နွယ်က ရပ်စောင့်နေသည်။

မကြာပါ ခြေသံလေးကို စကြားရသည်။

စေတီကွယ်မှ စင်သီယာ ပေါ်လာသည်။ ထန်းသုံးပင်ရိပ်မှ သူ့ကိုမြင်သော် စင်သီယာသည် အပြေးလေး ဝင်လာ၏။ သူကလည်း စင်သီယာ့ကိုယ်လေးကို ဆီးကြိုဖမ်းကာ ရင်ချင်းအပ်၍ ပွေ့ဖက်ထားလိုက်ရသည်။

စင်သီယာက ကလေးငယ်ပမာ သူ့ကို အငမ်းမရ မွှေးကြူသည်။ မျက်နှာကိုရော၊ လည်ပင်းကိုရော၊ ပုခုံးကိုရော၊ လက်မောင်းတွေကိုရော။

သူကတော့ ညင်သာစွာ တုံ့ပြန်သည်။ စံပယ်ပန်းနုနုလို လှသူလေးမို့ စံပယ်ပန်းနုနုကို ယုယရသည်သို့ ညင်သာစွာ တုံ့ပြန်ရသည်။

မြက်ပင်လေးတို့ ဝါဝါရွှေရွှေ ညှိုးနွမ်းနေသော ထန်းသုံးပင်ကြား မြေတွင် တစ်ဦး၏ခါးကို တစ်ဦးဖက်ရင်း ထိုင်ကြ၏။

“ မောင် ”

" စင်သီယာ "

" စင်သီယာတို့ ဘာလုပ်ကြမလဲ "

သူက မဖြေ။ ဖြေစရာမရှိ၍ မဟုတ်၊ သူဖြေမည့်စကားကို ချစ်သူလေး နားဝင်စေဖို့ စကားလုံးတို့ကို ရှာနေရသောကြောင့် ဖြစ်သည်။

" ပြောလေ မောင်၊ အဲဒီလိုကြီး ငိုင်မနေနဲ့၊ စင်သီယာတို့ ဘာလုပ်ကြမလဲ "

" စင်သီယာတို့ ဖေဖေက အခု ရာထူးတက်ပြီး ပြောင်းရမှာနော် "

" ဟုတ်တယ် တိုင်းမင်းကြီးနဲ့၊ မောင့်ကို ပြောပြပြီးပြီဟာပဲ "

" ဝမ်းသာစရာ ကိစ္စပါကွယ်၊ စင်သီယာ ဝမ်းသာရမယ့် ကိစ္စနော် "

" ဒါပဲ ပြောနေတယ်၊ မောင်နဲ့ ခွဲသွားရမှာတော့ ထည့်မပြောဘူးလား၊ အဲဒါကို စင်သီယာက ဝမ်းသာရမှာလား "

" တစ်နေ့ စင်သီယာနဲ့ မောင် ခွဲကြရမယ်ဆိုတာ မောင်ပြောမထားဘူးလား၊ စတည်းက မောင်တို့ စွန့်ချစ်ကြရတာ၊ အဆိုးဆုံးကြုံလာရင် မတုန်လှုပ်ကြစတမ်းလို့ မောင်တို့ ကတိမထားခဲ့ကြဘူးလား၊ အခုဟာက အဆိုးဆုံး မဟုတ်သေးပါဘူး စင်သီယာရယ် "

" မောင့်အတွက်တော့ ဟုတ်ချင်ဟုတ်မှာပေါ့၊ မောင်က နှလုံးမာတဲ့လူ၊ မောင့်နှလုံးက အပြင်က ပျော့ပျော့လေးလိုနဲ့ အတွင်းသားက သံမဏိကြီး၊ ဒါကို အစကတည်းက စင်သီယာ သိပါတယ်လေ၊ သိလို့လည်း မောင့်ကို ချစ်သာချစ်ရတယ်၊ စင်သီယာ ကြောက်တယ်၊ မောင့်ကို သိပ်ကြောက်တယ် "

" မောင့်နှလုံးက နုပါတယ် စင်သီယာ၊ အထူးသဖြင့် စင်သီယာဆိုတဲ့ အလှလေးနဲ့ ပတ်သက်လာရင် မောင့်နှလုံးက သိပ်နုတယ်၊ စင်သီယာ ထင်ထားတာထက် နုတယ်၊ မောင့်ကိုယ်မောင် အသိဆုံးပါ စင်သီယာ၊ ဒါပေမယ့် မောင့်မှာ အသိဉာဏ်ရှိတယ်၊ စင်သီယာ့မှာလည်း အသိဉာဏ် ရှိပါတယ် "

" မရှိဘူး စင်သီယာ့မှာ ဘာမှမရှိတော့ဘူး၊ မောင့်ကို ချစ်တာပဲ ရှိတယ်၊ မောင်နဲ့ စင်သီယာ မခွဲချင်ဘူး၊ ဒီမှာ မောင် . . . "

" ဘာလဲ စင်သီယာ "

" စင်သီယာ ဆုံးဖြတ်ပြီးပြီ၊ အဲဒါကို အေးအေးဆေးဆေး ပြောချင်လို့ မောင့်ကို ဒီမှာ ချိန်းတာ၊ မောင် နားထောင်မယ် မဟုတ်လား "

" ပြောပါ စင်သီယာ "

" အခု မက်ထရစ်အောင်ရင် မောင် တက္ကသိုလ်ကို ဆက်မသွားနိုင်ဘူးနော် "

သူက လေးပင်စွာ ခေါင်းညိတ်ပြသည်။

" မောင် တက္ကသိုလ်ကို သွားနိုင်ရင် အကောင်းသားပေါ့၊ အခု ခဏခွဲကြရမယ်၊ တက္ကသိုလ်မှာ ပြန်ဆုံတွေ့မယ်၊ အခုကတော့ စင်သီယာတို့ ရာသက်ပန် ခွဲကြရမလို ဖြစ်နေပြီ၊ ဒါကြောင့်လေ စင်သီယာ စဉ်းစားထားတယ် "

" ဘယ်လို စဉ်းစားထားသလဲ "

" စင်သီယာနဲ့ မောင် လက်ထပ်လိုက်ကြရအောင် "

" အို . . . လက်ထပ်လိုက်ကြရအောင် "

" စင်သီယာတို့ ရန်ကုန်ပြေးကြမယ်၊ ဟိုကျတော့ ရုံးတစ်ခုခုမှာ လက်ထပ်ကြတာပေါ့၊ ပြီးတော့လေ စင်သီယာက အလုပ်ထွက်လုပ်မယ်၊ မောင်က ကျောင်းတက်၊ တက္ကသိုလ်တက် "

စင်သီယာ၏ စေတနာကို သူ့ရင်ကို နင့်အောင်လာခိုက်သည်။ ချစ်နိုင်ရှာသူလေး၏ ခါးကို တင်းအောင် ဖက်လိုက်မိသည်။

စင်သီယာက သူ့ကို ပြုံးပြုံးလေးကြည့်သည်။ ချစ်ခြင်း၊ မျှော်လင့်ခြင်းတို့ဖြင့် ကြည့်သည်။

" နော် . . . မောင်၊ စင်သီယာ့အကြံ မကောင်းဘူးလား "

မပြုံရက်ပေမယ့် သူက ခေါင်းကို ဖြည်းညင်းစွာ ခါပြမိ၏။

" အို . . . ဟင် . . . မောင်က သဘောမတူဘူး "

" မတူဘူး စင်သီယာ၊ စင်သီယာ့ကို ချစ်လွန်းလို့ မောင်သဘောမတူပါရစေနဲ့၊ မောင်ရှင်းပြမှာကို နားထောင်နော်၊ စင်သီယာက မောင့်ကိုချစ်တယ် မောင့်ကိုယုံတယ်၊ ဘယ်တော့မှ မောင့်ကို အထင်မလွဲဘူး၊ မောင် တစ်ခါက ပြောပြဖူးတဲ့ ဒီပင်္ကရာဇ် မင်းကြီးရဲ့ သမီးတော်က ဘုရားလောင်း န္တားကျောင်းသားကို ချစ်တဲ့အချစ်မျိုးနဲ့တောင် စင်သီယာ့အချစ်ကို မောင်နှိုင်းတယ်၊ စင်သီယာရဲ့ မြင့်မြတ်ဖြူစင်တဲ့ အဲဒီအချစ်ကို ယုံလို့ပဲ မောင်ပြောပြမယ်၊ စင်သီယာ နားထောင်နော် "

စင်သီယာသည် လူကြီးအချော့ခံရသော ကလေးငယ်ပမာ အားပျော့သော မျက်လုံးလေးများနှင့် ခေါင်းညိတ်ပြရှာ၏။

" နှလုံးသား ဖွဲ့ဖောက်တာကို မတားနိုင်လွန်းလို့ စင်သီယာ့ကို မောင်ချစ်ပြီး စင်သီယာ့အချစ်ကို မောင်ရအောင် ယူခဲ့ရပေမယ့် မောင် လိပ်ပြာမသန့်ဘူး၊ မောင်နဲ့တွေ့တော့ စင်သီယာက ငယ်ငယ်လေး ရှိသေးတယ်၊ စင်သီယာ့ထက် မောင် လပိုင်းသာ အသက်ကြီးတယ် ဆိုပေမယ့် အမှန်တော့ မောင်က အသိပိုကြီးတယ်၊ မောင့်ဘဝ မောင့်အတွေ့အကြုံကြောင့် မောင်က အရွယ်ငယ်ငယ်နဲ့ စိတ်သက်က ကြီးနေရသူပါ၊ စင်သီယာ ငယ်ငယ်ကို မောင် သွေးဆောင်မိလေသလားလို့ မောင် အမြဲတမ်း သံသယ ဝင်နေမိတယ် "

" အို . . . အဲဒါတော့ မဟုတ်ပါဘူး၊ မောင့်ကိုလေ စင်သီယာက အရင်ချစ်ရတာ၊ မောင့်ကို သနားတယ်၊ ပြီးတော့ ချစ်တယ်၊ မောင် ပြောင်းပြန်မပြောနဲ့ "

" ထားပါတော့ စင်သီယာ၊ မောင့်သံသယကို ပြောပြရတာ၊ ဒါပေမယ့် မောင် အမြဲသတိထားတယ်၊ မောင့်စိတ်ကို မောင် အမြဲတမ်း ခွဲခွဲခြားခြားကြည့်တယ်၊ လှတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့လည်း စင်သီယာ့ကို မချစ်ဘဲမနေနိုင်လို့ မောင်ချစ်ရပါတယ် စင်သီယာ၊ အပြစ်ကင်းသူ၊ မောင့်အပေါ် စေတနာထားသူလေးမို့လည်း စင်သီယာ့အပေါ် မောင်ဖြူစင်တဲ့ မေတ္တာသန့်သန့်ကို ထားရပါတယ်၊ မောင့်အချစ်ဟာ ဟောဒီက ရေကြည်ရေနောက်လိုပါ၊ နှစ်ခုဟာ ဆက်စပ်လို့တော့နေတယ်၊ ဒါပေမယ့် မရောပါဘူး စင်သီယာ၊ တပ်မက်မှုနဲ့ မေတ္တာဟာ ယှဉ်နေပေမယ့် မရောပါဘူး "

" မောင်နော် လွမ်းအောင် သိပ်အပြောကောင်းတယ်၊ စင်သီယာ ငိုလိုက်မယ်နော် "

" မငိုပါနဲ့ စင်သီယာ၊ မောင့်စကားကြောင့် စင်သီယာ စိတ်ချမ်းသာပါစေ၊ ရေကြည်ကန်က ရေခပ်ပေးသလို မေတ္တာဘက်က စကားနဲ့ပဲ မောင်ပြောပြမယ်၊ စင်သီယာ့အကြံအတိုင်း မောင်တို့ လက်ထပ်လိုက်ကြတယ် ဆိုပါတော့၊ စင်သီယာ့ကို မောင် ဆင်းရဲခြင်းဆီ ဆွဲခေါ်ရတော့မယ်၊ အဲဒါကို မောင်မလုပ်နိုင်ဘူး စင်သီယာ၊ ငယ်တုန်း လှတုန်း အစစ ပြည့်စုံတုန်းမို့ ဒီအချိန်မှာ ပျော်ရွှင်ခြင်းကလွဲပြီး ဘာကိုမှ မသိရမယ့် စင်သီယာ့ကို အခုလောက် စိတ်ဒုက္ခပေးမိတာပဲ မောင် လွန်လှပါပြီ "

" မောင်က ခေါ်တာမဟုတ်ဘူး၊ စင်သီယာက ခေါ်တာ၊ တကယ်ချစ်ရင် အဆင်းရဲ ခံဝံ့ရတယ်၊ နို့မို့ဆိုရင် အချစ်စစ် ဆိုတာ ဘယ်ရှိတော့မလဲ "

" သွေးပူပူနဲ့ မဆင်ခြင်မိတာကို အချစ်စစ်နဲ့ ယောင်ယောင်မှားမှား မရောထွေးချင်ဘူး၊ တူနှစ်ကိုယ် တဲအိုပျက်မှာ နေရနေရ၊ ချစ်တာချစ်တာ ပဓာနဆိုတဲ့ သီချင်းကို မောင်လည်း ခဏခဏ ဆိုဖူးတယ်၊ ဒါပေမယ့် ဒီသီချင်းကို တဲအိုပျက်မှာ မနေဖူးသူတွေက နှစ်သက်ကြတယ် ထင်တာပဲ၊ တဲအိုပျက်မှာ နေရရင်လေ အဲဒီအချစ်ဆိုတာဟာလဲ အိုပြီး ပျက်သွားလိမ့်မယ်၊ မြန်မြန်အိုပြီး မြန်မြန်ပျက်သွားလိမ့်မယ်၊ ဒီလိုဆိုလို့ ရွှေဘုံပေါ်မှာစံမှ အချစ်စစ်ဟာ မြဲမယ်လို့လည်း ပြောနေတာ မဟုတ်ဘူး၊ ရွှေဘုံဆိုတာ မိုးတိမ်ထဲမှာ၊ တဲအိုဆိုတာ နွံထဲမှာ၊ မြေပေါ်မှာ နေသာတဲ့အိမ်တွေလည်းရှိပါတယ်၊ အနည်းဆုံး အဲဒီအိမ်လောက် နေနိုင်ကြမှ ချစ်တာကို ပဓာနပြုကြရရင် ကောင်းမယ် စင်သီယာ၊ အဲဒါက စင်သီယာ့အတွက် မောင့်စေတနာပါ၊ ပြီးတော့ လက်တွေ့ အခက်အခဲတစ်ခုကိုလည်း မောင်ပြောပြဦးမယ်၊ ဒီနေ့ပဲ တဲအိုပျက်က အိုပြီး ပျက်သွားတဲ့ အချစ်တစ်ခုကို မောင် ရင်နင့်နင့်နဲ့ တွေ့ခဲ့ရတယ် "

" အို . . . မောင်တွေ့ခဲ့ရတယ်၊ ဘယ်မှာလဲ "

" မောင် တကယ်နေရတဲ့ တဲအိုပျက်က ဇာတ်လမ်းပါ စင်သီယာ၊ ဒီနေ့ပဲ မောင့်အမေဟာ သူ့ယောကျ်ားနဲ့ ခွဲပြီး ရွာကို ပြန်သွားရပြီ၊ ကိုအောင်ဘမှာက အငယ်အနှောင်း ရှိနေပြီကိုး၊ မောင့်အမေက ကျန်းမာရေးကလည်း မကောင်းဘူး၊ အရွယ်ကျလို့ ရုပ်ရည်ဆိုတာကလည်း မရှိတော့ဘူး၊ ပစ္စည်းဆိုတာကလည်း နတ္ထိ၊ အဲဒီတော့ ချစ်တယ်ဆိုတာတွေ အိုပြီး ပျက်သွားရပြီပေါ့ "

စင်သီယာသည် ငိုင်ပြီး ငြိမ်ကျသွား၏။ အတန်လေးကြာမှ မေးသည်။

" ရွာမှာ မောင့်အမေက ဘယ်သူနဲ့ သွားနေမှာလဲ "

" မောင့်ကြီးတော် တစ်ယောက်နဲ့၊ အရင်းတော့ မဟုတ်ဘူး ဝမ်းကွဲထဲက၊ ခဏတော့ အမေ နေလို့ရပါတယ် "

စင်သီယာသည် သက်ပြင်းလေး ရှိုက်၏။

" စင်သီယာ နားလည်ပါပြီ မောင်၊ မောင့်အမေကို မောင် လုပ်ကျွေးရဦးမယ် ဟုတ်တယ် မဟုတ်လား "

လည်ချောင်းမှာ ဆို့နင့်လာသောကြောင့် သူက နှုတ်ဖြင့်မဖြေဘဲ ခေါင်းညိတ်ပြ၏။

" စင်သီယာ တစ်ခုမေးဦးမယ်၊ မောင်ဖြေမလား "

" မေးပါ စင်သီယာ "

" စင်သီယာ့ကို စိတ်တော့ မဆိုးနဲ့နော် "

" ဘာကြောင့် စိတ်ဆိုးရမှာလဲကွယ် "

" မောင် မောင့်အမေနဲ့ စင်သီယာ ဘယ်သူ့ကို ပိုချစ်လဲ "

သူက တုန်လှုပ်သွားသည်။ ဝမ်းနည်းစွာဖြင့်လည်း စင်သီယာကို ကြည့်မိသည်။

" ဘာကြောင့် ဒီမေးခွန်းကို မေးရတာလဲ စင်သီယာရယ် "

" စင်သီယာ့ကို ပြန်မမေးနဲ့လေ၊ စင်သီယာ မေးတာကို ဖြေပါဦး "

" မတူတာနှစ်ခုကို ဘာလို့ယှဉ်ပြီး မေးချင်ရတာလဲ စင်သီယာ၊ ဒီအချစ်နှစ်ခုက အလွယ်တကူ နှိုင်းယှဉ်လို့ရတာမျိုး မဟုတ်ဘူး၊ စင်သီယာ့ကို မောင့်အမေထက် ချစ်ပါတယ်လို့ဆိုရင် မောင်ညာတာပဲ၊ တစ်ခါ မောင့်အမေကို စင်သီယာထက် ချစ်ပါတယ်ဆိုရင်လည်း မောင်ညာတာပဲ၊ အတူတူပဲ ချစ်တယ်ဆိုရင်လည်း မောင်ညာတာပဲ၊ မောင် အမှန်ဆုံး ဖြေနိုင်တာက တခြားစီပါလို့၊ ဒီအဖြေကိုပဲ ကျေနပ်ပါတော့ စင်သီယာရယ် "

စင်သီယာက ရယ်သည်။ ရယ်သံဖြစ်သော်လည်း ကြေကွဲမှုက လွှမ်းနေသည်။

" စင်သီယာ မောင့်အဖြေကို ကျေနပ်ပါတယ် မောင်၊ နားလည်းလည်ပါတယ်၊ နားလည်လို့လည်း မောင့်ရင်ထဲ ဘာဖြစ်နေမယ်ဆိုတာ စင်သီယာ သိပါပြီ၊ ဒါကြောင့် စောစောက စင်သီယာပြုတဲ့အကြံကို စင်သီယာ ပြန်ရုတ်သိမ်းပါတယ်၊ စင်သီယာတို့ ခွဲကြမယ်၊ ဒါပေမယ့် ဒီတစ်ခါ ခွဲကြပြီးရင် ပြန်ဆုံကြဖို့ မလွယ်ဘူးဆိုတာတော့ မောင် သိထားရမယ်နော် "

" မောင် ကောင်းကောင်းသိထားပါတယ် စင်သီယာ "

" နောင်များ တစ်ခုခုဖြစ်ကြရင် စင်သီယာ့ကို မောင် အပြစ်မတင်နဲ့နော် "

" စင်သီယာ ဘာကို ပြောတာလဲဟင် "

" ဘာရယ်လို့တော့ မဟုတ်ဘူးလေ၊ အကောင်းဆုံးအတွက်တော့ စင်သီယာ မျှော်လင့်နေမယ်၊ မျှော်လင့်တာတွေ ဖြစ်မလာတဲ့ တစ်နေ့မှာ စင်သီယာ့ကို မောင် အပြစ်မတင်ရဘူး "

စင်သီယာ့စကားကို သူက အတန်လေးကြာအောင် စဉ်းစားသည်။ ပြီးတော့ သက်ပြင်းကို လေးပင်စွာချပြီး ဖြေသည်။

" စင်သီယ ဆိုလိုတာ မောင်နားလည်ပါတယ်၊ မောင် အပြစ်မတင်ပါဘူး၊ အပြစ်မတင်တဲ့အပြင် မောင် ခုတည်းက ခွင့်လွှတ်လိုက်မယ်၊ မောင့်ကို စောင့်ပါလို့တောင် မောင် မပြောလိုက်ဘူး၊ စင်သီယာ့အပေါ် မတရားသဖြင့် မောင် မချုပ်ချယ်ချင်ဘူး၊ ဒါပေမယ့် မျှော်လင့်ခြင်းနဲ့ တစ်သက်လုံး လူလုပ်လာသူမို့ မောင်ကတော့ မျှော်လင့်နေမယ်၊ မောင့်မျှော်လင့်ချက်ကို မောင်မစွန့်ဘူး၊ ဒီကတိကို မောင်ပေးလိုက်တယ် "

ဘုရားတစ်ဖက်မှ မေမေခင်တို့၏ အသံများပေါ်လာသည်။ စင်သီယာ့နာမည်ကိုလည်း မတိုးမကျယ် ခေါ်နေကြ၏။

သူ့လက်တွင်းမှ စင်သီယာက အသာရုန်းထွက်လိုက်၏။

မျက်ရည်ပေါက်များ စီးကျနေသော မျက်နှာလေးဖြင့် ပြော၏။

" ဘာပဲဖြစ်ဖြစ် စင်သီယာ့ရင် သိပ်နာတာပဲ မောင်၊ ရင်နာတယ်ဆိုလို့ မောင့်ကို စင်သီယာ စိတ်နာတယ်လို့ မထင်ပါနဲ့ မောင်၊ မောင့်ကို စင်သီယာ စိတ်မနာပါဘူး၊ စိတ်မနာတဲ့အပြင် ပိုပြီးတောင် ချစ်ပါတယ်၊ စင်သီယာ သွားမယ်မောင်၊ မောင့်ကို စင်သီယာ ကန်တော့ခဲ့ပါတယ် "

စင်သီယာသည် မြေမှာ ကျုံ့ကျုံ့လေးထိုင်ပြီး သူ့ကို ကန်တော့သည်။ ကန်တော့အပြီး မျက်ရည်လည်ရွဲနှင့် သူ့မျက်နှာကို အတန်ကြာ စိမ်းစိမ်းစိုက်ကြည့်နေသေး၏။

ခဏတွင်မူ မျက်နှာလေးကို လက်ဝါးနှင့်အုပ်ပြီး နေရာမှထပြေးသွား၏။

ထန်းသုံးပင်ရိပ်မှာ မြင့်နွယ် တစ်ယောက်တည်း ကျန်ရစ်သည်။

တစ်ယောက်တည်း ကျန်ရစ်မှပင် စောစောက တင်းဆည် ထိန်းထားရသော မျက်ရည်တို့ကို ကျလွတ်စေရသည်။

စင်သီယာတို့ကား ထွက်သွားလောက်ပြီထင်မှ ထန်းသုံးပင်ရိပ်မှ ထသည်။

ကဆုန်ကျွမ်းလုပြီမို့ မိုးသားတို့ ဆင်လာနေကြသည်။ မိုးရွာလေစေ စင်သီယာနှင့် တွေ့စဉ်း နတ်တော်လမှာလိုတော့ နှင်းမရှိနိုင်ပြီ။

နှင်းလည်း ပြေးပြီ၊ မြူပင် မကျန်ပြီ၊ သြော် . . . စင်သီယာနှင့်လည်း ဝေးရလေပြီ။

( ၈ )

ဦးမြင့်နွယ်သည် စင်သီယာ၏ ဓာတ်ပုံလေးကို တစ်ချက် စိုက်ငေးကြည့်ပြီးနောက် အံဆွဲတွင်း ပြန်သွင်းလိုက်သည်။ စားပွဲရှိ ကုလားထိုင်တွင် ဝင်ထိုင်ပြီး ခေတ္တ မျက်စိကို ပိတ်ထားလိုက်သည်။

ပိတ်ထားသော မျက်စိတွင်းမှာ စင်သီယာ၏ မျက်နှာပြုံးပြုံးလေးက ပြန်ပေါ်လာသည်။

ပြုံးပြုံးလေး၊ နုနုနယ်နယ်၊ ပါးချိုင့်လေး နှစ်ဖက်နှင့်။

ဦးမြင့်နွယ်သည် ထိတ်လန့်စွာဖြင့် မျက်စိများကို ပြန်ဖွင့်လိုက်သည်။

အံဆွဲကိုလည်း ပြန်ဖွင့်ပြီး စင်သီယာ့ဓာတ်ပုံလေးကို တစ်ခါ ထပ်ကြည့်မိပြန်သည်။

မြတ်စွာဘုရား၊ တူလှချေတကား၊ မွန်မွန်နှင့် စင်သီယာတို့ တူလှချေပါတကား။

ဦးမြင့်နွယ်၏ မျက်လုံးများသည် မိမိ၏ လက်ဆွဲအိတ်ဆီ ရောက်သွားသည်။

သည်လက်ဆွဲအိတ်တွင်းမှာ ဦးနေအောင် ပေးခဲ့သည့် မွန်မွန်၏ ဆေးစစ်တမ်းများ ရှိသည်ကို သတိရမိသည်။

ဦးမြင့်နွယ်က လက်ဆွဲအိတ်ကို ဖွင့်ပြီး ဆေးစစ်တမ်းများကို ယူ၍ဖတ်ကြည့်သည်။

တစ်စောင်က ရန်ကုန်ဆေးရုံကြီးမှ မိမိ ကောင်းကောင်းသိသော သမားတော်ကြီးတစ်ဦး လက်မှတ်ထိုးထားသော စစ်တမ်းဖြစ်၏။ အခြားတစ်စောင်မှာလည်း မိမိနှင့်ခင်သော မင်္ဂလာဒုံစစ်ဆေးရုံကြီးမှ အာရုံကြောနှင့် ကြွက်သားဘက်ဆိုင်ရာ ပါရဂူ ဆရာဝန်ကြီး လက်မှတ်ထိုးထားသော စစ်တမ်းတည်း။

စစ်တမ်းနှစ်ခုလုံးက တစ်ခုနှင့်တစ်ခု အညီအညွတ် ဆိုထားသည်။

စိတ်မှတ်မဲ့ တုံ့ပြန်မှုများ မချွတ်ယွင်း၊ လှုပ်၍မရသော လက်မှ ကြွက်သားများသည် အသုံးမပြုသဖြင့် ကြုံလှီယိုယွင်းမှု၊ ပုံပျက်မှု မရှိ။ လှုပ်မရသော လက်၏ အနေအထား သဘာဝသည် နဗ်ကြောပျက်၍ သေသောလက်တို့၏ အနေအထား သဘာဝနှင့်မတူ။

ညာဘက်ခြေထောက်တွင် ခံစားမှုအားနည်းကြောင်း ဖွင့်ပြောမှုရှိသည်။ ညအခါ ကောင်းစွာ အိပ်မပျော်တတ်။ စိုးရိမ်စိတ် လွန်ကဲသည်။

ရောဂါ သတ်မှတ်ချက်ကား . . .

ဟစ်စတဲရီးယား၊ ဟိုက်ပိုခွန်ဒရီးယားဆစ်၊ ဖန်ရှင်နယ်လ် ပါရာလစ်ဆစ်။

ပြည့်စုံသည်၊ စိတ်ဝေဒနာကြောင့် လက်တစ်ဖက်သေသည်ဟု အခိုင်အမာ ဆိုထားကြသည်။

ဦးမြင့်နွယ်သည် နားတွင် နေ့လယ်က မဟာဝိဇ္ဇာကျောင်းသား မေးခဲ့သော မေးခွန်းကို ပြန်သတိရသည်။

တူညီသော အခြေအနေမှာ အချို့က စိတ်ရောဂါရသည်၊ အချို့က မရ။ ဘာကြောင့်နည်း။

မိမိက ပတ်ဝန်းကျင်အကြောင်းနှင့် ပတ်ဝန်းကျင် မဟုတ်သောအကြောင်း (ဝါ) ပါဝင်အကျိုးသက်စေမှုတို့ကို ဆွေးနွေး ရှင်းပြခဲ့သည်။

မိမိ မဆွေးနွေး၊ မရှင်းလင်းခဲ့သော တစ်ချက်ရှိနေ၏။

အချို့က မရ ဟူသော စကားသည် ရာနှုန်းပြည့် မမှန်။

အခြေခံ စိတ်ရောဂါ တိမ်းညွတ်မှု ဆင်ဆင်လေးတွေတော့ လူကောင်း ဟူသည်တို့မှာလည်း ရှိနေကြသည်။

နျူရိုးဆစ်ရောဂါသည်နှင့် လူကောင်းဟူသည်တို့ကြား ခြားနားမှုမျဉ်းက မတူ။

ပုထုဇဉ်ဟူသည် အသောက၊ ဝိရဇ်၊ ခေမံ ဟူသော ဆုတို့နှင့် မပြည့်။ ထို့ကြောင့်လည်း မြတ်စွာဘုရားက ပုထုဇဉ် မှန်သမျှ စိတ်ရောဂါရှင်တွေဟု ဟောကြားတော်မူခဲ့သည်။

ယင်းအချက်ကြီးကို မိမိ မဆွေးနွေးမိခဲ့။

ယင်းသို့တွေးရင်း ဦးမြင့်နွယ်သည် မွန်မွန်၏ ရောဂါစစ်တမ်းများကို ပြန်သိမ်းသည်။

စင်သီယာ့ပုံလေးကိုလည်း ယုယစွာ ပြန်သိမ်းသတည်း။

* * *

## အခန်း [ ၇ ]

### ( က )

တနင်္ဂနွေနေ့ နံနက်စောစောတွင် တပည့်ကျော် သက်ဝေ ပြန်မရောက်သေးသောကြောင့် ဦးမြင့်နွယ်သည် ကိုယ်တိုင် ထမင်းကြော်နေ၏။

သက်ဝေရှိစဉ်ကတော့ နောက်ဖေး မီးဖိုချောင်၌ မီးသွေးဖိုကို အသုံးပြုသည်။ ယခု ဦးမြင့်နွယ်က ထမင်းစားခန်းတွင် အရေးပေါ် အလို့ငှာ ထားသော လျှပ်စစ်မီးဖိုကို အသုံးပြု၏။

ထမင်းကြော်နေစဉ် လျှပ်စစ်ဟီတာ ထည့်ထားသော ရေနွေးအိုး၌ ရေနွေးက ဆူလာသည်။

ဦးမြင့်နွယ်က ဟီတာကို နုတ်လိုက်သည်။

ချိုးမကပ်ရန် ထမင်းကြော်အိုးကို လေးငါးချက်မွှေလိုက်ပြီး ကော်ဖီတစ်ခွက် ဖျော်သည်။ ကော်ဖီကျသွားစေရန် ပန်းကန်ပြားနှင့် အုပ်ထားပြီး ကျန်သောရေနွေးတွင် လက်ဖက်ခြောက်ခပ်၏။

ထမင်းကြော် ကျသောအခါ သတင်းစာဖတ်ရင်း လက်ဖက်ရည်ကြမ်းနှင့်တွဲ၍ ဇိမ်ခံစားသောက်သည်။

ရှစ်နာရီခန့်တွင် စားသောက်မှု ပြီးစီးသွားသည်။

ဆေးကြောရန်ရှိသည်တို့ကို ထမင်းစားခန်းတွင်းရှိ ရေတိုင်တပ် ကြွေကန်တွင်ပင် ဆေးကြောပြီး အိမ်ပေါ်ထပ်သို့ တက်၍ အဝတ်အစားလဲသည်။

ဂျင်းဘောင်းဘီနှင့် စပို့ရှပ်အင်္ကျီတို့ကို ဝတ်သည်။ အပေါ်မှ မီးခိုးရောင် ဝတ်ရုံအင်္ကျီရှည်ကို ထပ်ဝတ်လိုက်ပြီး ကားရုံဆီ ဆင်းခဲ့သည်။

ကားကို ဂျိုက်ထောက်မပြီး အရှေ့ဘယ်ဘက်ဘီးကို အရင်ဖြုတ်သည်။

အမဲဆီထိုးပန့်၌ အမဲဆီဖြည့်ပြီးနောက် အထက်အောက် ဘောဂျိုင့်များကို စိတ်ရှည်စွာဖြင့် အမဲဆီထိုးသည်။

ဘောဂျိုင့်များ ပြီးသောအခါ အမ်းရှတ်ဖ်နှင့် အိုင်ဒယ်လာကို အမဲဆီ ဆက်ထိုး၏။ ထို့နောက် ကြမ်းပြင်တွင် ပလတ်စတစ်ခင်းပြီး ပက်လက်လှန် လှဲဝင်၍ တိုင်းရော့ဒ်၊ စင်တာလင့်ခ်များကို အမဲဆီ ထိုးရပြန်၏။

ဘယ်ဘက်တစ်ခြမ်း ပြီးသောအခါ ဦးမြင့်နွယ်က ခေတ္တနားသည်။

ဘယ်ဘက်ဘီးကို ပြန်တပ်ပြီး ညာဘက်ဘီး ဖြုတ်ရပြန်၏။ ယခင်အတိုင်း ညာဘက်တစ်ခြမ်းကို အမဲဆီ လိုက်ထိုးပြန်၏။

ဦးမြင့်နွယ် ကားအောက်၌ရှိနေစဉ် ခြံတွင်းသို့ ကားတစ်စီး ဝင်လာသံကြားရ၏။

ဦးမြင့်နွယ်က ကားအောက်မှ မထွက်သေးဘဲ ပြီးသည်အထိ အမဲဆီ ဆက်ထိုးသည်။

" ဟင် . . . ဆရာက ဒီမှာကိုး၊ ဆရာ ကားအောက်ထဲ ဘာဝင်လုပ်နေတာလဲ "

မွန်မွန့်အသံ ဖြစ်သတည်း။

ဦးမြင့်နွယ်က ကားအောက်မှ ထွက်လိုက်သည်။

နော်မြသွေးနှင့် မွန်မွန်တို့က ကားရုံရှေ့တွင် ရပ်နေကြ၏။

" မွန်မွန်တို့ပါလား၊ ဆရာက ကားဂရိဇ်င်း လိုက်နေတာ "

မွန်မွန်သည် ဦးမြင့်နွယ် ဝတ်ထားပုံကိုကြည့်ပြီး သဘောကျဟန်ဖြင့် ဆို၏။

" ဆရာက အခုမှ တကယ့် မက္ကင်းနစ်ကြီးဖြစ်နေပြီ၊ ခြံဝမှာ စိတ္တသုခ ဝပ်ရှော့လို့ ဆိုင်းဘုတ်လေး ရေးထားပါလား"

ဦးမြင့်နွယ်က မွန်မွန်ပြောပုံကို သဘောကျပြီး ရယ်မော၏။

" မွန်မွန်တို့ မတ်တတ်ကြီး၊ လာ . . . အိမ်ထဲ ဝင်ကြမယ် "

" အို . . . ဆရာ လုပ်စရာရှိတာ ဆက်လုပ်ပါ၊ မွန်မွန် ကြည့်နေမယ်၊ မွန်မွန် ကြည့်ချင်လို့ "

" ဒါဖြင့် ဟောဒီမှာထိုင်၊ ဆရာလည်း သိပ်မကြာတော့ပါဘူး "

ဦးမြင့်နွယ်က ကားရုံအတွင်းရှိ ခွေးခြေလေးနှစ်လုံးကို ထုတ်ပေး၏။

ဦးမြင့်နွယ် ဘီးပြန်တပ်နေစဉ် မွန်မွန်က မေး၏။

" အဲဒါတွေ ဝပ်ရှော့မှာ သွားမလုပ်ဘူးလား၊ ဆားဗစ်ပေးရင် လုပ်ပေးတယ်ဆို "

" လုပ်ပေးတယ်၊ ဒါပေမယ့် ဝပ်ရှော့တစ်ရာမှာ ကိုးဆယ့်ကိုးလောက်က အမဲဆီကို ဝတ်ကျေဝတ်ကုန်ပဲ ထိုးကြတယ်၊ တချို့ဆို သိပ်ညစ်တယ်၊ အမဲဆီ ဟန်လောက်ထိုးပြီး ဆီအန်ထွက်ပေါက်မှာ အမဲဆီအသစ် တို့လွှတ်လိုက်တယ်၊ သဘောက ဆီဟောင်းတွေစင်ပြီး ဆီသစ်တောင် ပြန်ထွက်လာတယ်လို့ ထင်အောင်လေ၊ ဒီလိုနဲ့ ကားတွေဟာ တိုင်းရော့ဒ်တွေ ဂျိုင့်တွေ မစားသင့်ပဲ စားကုန်တယ်၊ ဆရာကတော့ တစ်လတစ်ခါ ကိုယ်တိုင်ပဲ လုပ်တယ်၊ ခက်တာလည်း မဟုတ်ဘူးလေ "

ဦးမြင့်နွယ်က ကားနောက်ပိုင်းအောက်သို့ ဝင်ပြန်ကာ ဟန်းဒ်ဘရိတ် အီကွယ်လိုက်ဇာကို ဆီထိုးပြန်၏။

အရေးကြီးသောနေရာများ ပြီးသည့်အခါ တံခါး ခလုတ် စသည်များကို အမဲဆီ လိုက်တို့၏။

" ဆရာ ကားကိုရော ရေဘယ်မှာဆေးလဲ "

" အိမ်တွင် ဆေးတာပဲ မွန်မွန် "

“ ဆရာ တစ်ယောက်တည်း ”

“ သက်ဝေရှိရင် သက်ဝေက ကူပါတယ် ”

“ သက်ဝေဆိုတာ ဘယ်သူလဲ ”

“ ဆရာ့တပည့်လေ ”

“ အို . . . နာမည်က သက်ဝေတဲ့လား ”

“ ဟုတ်တယ် သူက ဆယ်တန်း နှစ်ခါကျပြီး အခု အလုပ်လုပ်ရင်း ညကျောင်းတက်နေတာ၊ သူက နည်းနည်း အဲ့ . . . ကဗျာဆန်ချင်တယ် ”

“ အခု သူဘယ်သွားလဲ ”

“ ရွာခဏပြန်သွားတယ် ”

ဦးမြင့်နွယ်က အဝတ်ကြမ်းနှင့် လက်သုတ်ပြီး ကိရိယာများကို သိမ်းသည်။

“ ပြီးသွားပလား ဆရာ ”

“ အင်း . . . ပြီးသွားပြီ ”

“ မွန်မွန့်ကို ဟိုဟာလေး ပြပါဦး ”

“ ဘယ်ဟာလေးလဲ ”

“ မွန်မွန့်ကားက ဖြုတ်တပ်သွားတာလေး ”

“ မွန်မွန်က ဘာလို့ ကြည့်ချင်တာလဲ ”

“ ကြည့်ချင်တာပါ ဆရာ၊ ဘာရယ်လို့ မဟုတ်ပါဘူး၊ ဘာလဲ မွန်မွန့်ကို မပြချင်ဘူးလား ”

“ ဟောဗျာ ဘာလို့ မပြချင်ရမှာလဲ၊ မွန်မွန် ကြည့်ချင်ရင် ပြရမှာပေါ့ ”

ဦးမြင့်နွယ်က ကားဦးဖုံးကို ဖွင့်၏။ ဒစ်စတြီဗျူတာအုံကို စွပ်ထားသော ရော်ဘာဖုံးကိုလည်း လှန်၍ ချွတ်လိုက်သည်။ ကက်ပ်ဖုံးလေး ပေါ်လာ၏။ ဦးမြင့်နွယ် ဖောက်ထားသော အပေါက်လေးကို ထင်ရှားစွာ မြင်နိုင်၏။

ကားဦးဖုံး ဖွင့်ထားလျက်ပင် ဦးမြင့်နွယ်က ကားပေါ်တက်ပြီး စက်နှိုး၏။ ကားစက်သည် အနေးနှုန်းဖြင့် ညက်ညောစွာ မှန်မှန်လည်နေသည်။ မွန်မွန်က ဘာကြောင့်မသိ၊ ကက်ပ်ဖုံးလေးကိုသာ စူးစူးစိုက်စိုက်လေး ကြည့်နေ၏။

စက်သတ်ပြီး ဦးမြင့်နွယ် ပြန်ဆင်းလာခဲ့၏။

မွန်မွန်က မေးသည်။

“ ဘာပြုလို့ ဆရာက စက်နှိုးပြတာလဲ ”

“ ဆရာ ပြုပြင်ထားတာ ဘယ်လောက် စိတ်ချရတယ်ဆိုတာ မွန်မွန် သိစေချင်လို့ ”

မွန်မွန်က သက်ပြင်းလေးရှိုက်ပြီး ပြော၏။

“ ဆရာက သိပ်တော်တာပဲနော်၊ တကယ့် မက္ကင်းနစ်ကြီးပဲ၊ ဩော် . . . စိတ္တသုခ ဝပ်ရှော့ကလည်း ဒီလိုပဲ ပြင်ပေးနိုင်သလား ”

“ ဘာပြောတယ် မွန်မွန် ”

“ ဆရာ မေ့သွားပလား၊ ဟိုနေ့က ပြောတာလေ၊ စိတ်ပညာဌာနကလည်း ဝပ်ရှော့တဲ့၊ ဟိုဒင်း စိတ် . . . စိတ်ချွတ်ယွင်းမှုလေးတွေကို ပြုပြင်ပေးနေတာတဲ့၊ ဆရာက ပြောတာလေ ”

ဦးမြင့်နွယ်က ရယ်သည်။ အပြင်ပန်းက ပေါ့ပေါ့ဆဆဟန်ဖြင့် ရယ်နေသော်လည်း စိတ်တွင်းက သတိကြီးစွာထားပြီး ဖြေ၏။

“ လူဆိုတာဟာ သိပ်အံ့ဩဖို့ကောင်းတယ်၊ အသက်မရှိတဲ့ စက်တွေထက် လူက အများကြီး အံ့ဩဖို့ကောင်းတာပေါ့၊ အသက်မရှိတဲ့ စက်ကိုတောင် ပြုပြင်လို့ရတော့ လူကို ပြုပြင်လို့ သာရတာပေါ့၊ ကဲ . . . လာ အထဲ သွားထိုင်ကြမယ်၊ မွန်မွန့်ကို ဆရာ ကော်ဖီဖျော်တိုက်မယ် ”

ဦးမြင့်နွယ်က ရှေ့ဆောင်ခေါ်သဖြင့် မွန်မွန်နှင့် နော်မြသွေးတို့က လိုက်လာကြသည်။

ဦးမြင့်နွယ်က ထမင်းစားခန်း စားပွဲဆီ ခေါ်သွားသည်။

“ ဒီမှာ ထိုင်ကြရအောင်၊ ဒီမှာက လွတ်လွတ်လပ်လပ် အိမ်သားချင်းလို စကားပြောနေနိုင်တယ်၊ ခဏနေကြဦးနော်။ ဆရာ လက်က ဆီချေးတွေစင်အောင် သွားဆေးလိုက်ဦးမယ် ”

ဦးမြင့်နွယ်က အပေါ်ထပ်သို့ တက်ခဲ့သည်။ အပေါ်ထပ်၌ရှိသော ရေချိုးခန်းတွင် လက်စင်အောင်ဆေးသည်။ မျက်နှာလည်း သစ်ပစ်သည်။

ပုဆိုးအင်္ကျီ ပြောင်းလဲဝတ်ပြီး အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။

စားပွဲအနီးရှိ လျှပ်စစ်မီးခေါင်း ခုံထက်၌ ရေထည့်လျက် ရေနွေးအိုးက ရှိနေပြီ။ ရေနွေးအိုးထဲတွင် လျှပ်စစ်ဟီတာကိုလည်း ထည့်ထား၏။

ဦးမြင့်နွယ်က မွန်မွန့်ကို ပြုံးကြည့်ပြီး မေး၏။

" ရေနွေးကို မွန်မွန် တည်ထားတာ မဟုတ်လား "

မွန်မွန်က ဟက်ကနဲ ရယ်၏။

" ဆရာ ဘယ်လိုလုပ်သိလဲ "

" မွန်မွန်က အင်မတန် လုပ်ချင်ကိုင်ချင်တာ၊ အဲဒါကို ဆရာသိလို့ "

မွန်မွန်သည် ရယ်ပြီး နော်မြသွေးဘက် လှည့်ပြော၏။

" မမြရေ ဆရာက မွန်မွန့်ကို ချီးမွမ်းနေတယ်၊ အမှန်တော့ မွန်မွန်က အင်မတန် ပျင်းတာနော်၊ ဘာမှ ဟုတ်တိပတ်တိ လုပ်တာမဟုတ်ဘူး၊ မွန်မွန် ပျင်းတာတွေ ဆရာ့ကို ပြောပြလိုက်စမ်းပါ "

ထုံးစံအတိုင်း နော်မြသွေးက ရယ်၍သာနေ၏။ ဘာမျှ ဝင်မပြော။

စားပွဲ တစ်ဖက်တည်းတွင် နော်မြသွေးနှင့် မွန်မွန်က ထိုင်နေကြသည်။ ဦးမြင့်နွယ်က စားပွဲထိပ်တွင် ဝင်ထိုင်၏။

" ကဲ . . . ဒါထက် စောစောစီးစီး မွန်မွန်လာတာ လာလည်တာလား၊ တခြားကိစ္စကော ရှိသေးလား "

" နို့ . . . ဆရာကပဲ အချိန်မရွေး လာလည်ဆို "

" ဟုတ်ပါတယ် . . . လာလည်လို့ ဆရာက ဝမ်းသာပါတယ်၊ တခြားများ ဆရာက ဘာကူညီနိုင်သေးလဲလို့ "

မွန်မန်သည် နော်မြသွေး၏ မျက်နှာကို လှမ်းကြည့်သည်။ နော်မြသွေးက အေးချမ်းစွာပြုံးပြီး "ပြောလိုက်လေ မွန်မွန်၊ ပြောချင်တာ ပြောပေါ့"ဟု တိုက်တွန်းသည်။

မွန်မွန်သည် နှုတ်လေးတွန့်နေသေး၏။ သူ့ညာလက်လေးကို အတန်ကြာ ပြန်ငုံ့ကြည့်နေ၏။ ပြီးမှ မျက်လုံးဝိုင်းဝိုင်းလေးများက ဦးမြင့်နွယ်ကို ကြည့်သည်။

" မွန်မွန် လက်သေနေတာကို စိတ်ရောဂါလို့ သူတို့က ပြောတယ်၊ မနေ့ကတော့ ဒက်ဒီကလေ၊ အဲ . . . အဲဒါကို ဆရာ ကု . . . ကု . . . နိုင်တယ်လို့ ပြောတယ်၊ ဟုတ်လား "

" ဩော် . . . ဒါလား၊ ဟုတ်ပါတယ် မွန်မွန်၊ ဆရာ ကုနိုင်ပါတယ် "

" ဘယ်လိုလုပ် ကုမှာလဲဟင် "

" စောစောတုန်းက ဆရာပြောတယ် မဟုတ်လား၊ လူဟာ သိပ်အံ့ဩဖို့ ကောင်းတယ်လို့၊ အထူးသဖြင့် လူ့စိတ်ဟာ သိပ်အံ့ဩဖို့ကောင်းတယ်၊ စိတ်မှာ အစွမ်းသတ္တိတွေ ရှိတယ်၊ မွန်မွန့်စိတ်မှာလည်း ရှိတာပဲ၊ အဲဒီ အစွမ်းသတ္တိတွေ ပေါ်လာအောင် ဆရာက ကူညီပေးမယ်၊ မွန်မွန့် အစွမ်းသတ္တိနဲ့ မွန်မွန် ပျောက်သွားမှာ "

" မွန်မွန့်မှာ အဲဒီ အစွမ်းသတ္တိတွေက အခု ဘယ်ရောက်နေလို့လဲ "

" ရှိတယ် မွန်မွန့်မှာပဲ ရှိတယ်၊ ဒါပေမယ့် မွန်မွန် မရှာတတ်ဘူးပေါ့၊ ဆရာက ကူပြီး ရှာပေးမယ် "

" အဲဒီလို ရှာတော့ တွေ့ရောလား "

" တွေ့တာပေါ့ မွန်မွန်ရယ်၊ ရှာရင်တွေ့တာပေါ့၊ ဩော် . . . ဒါထက် မွန်မွန် ဗုဒ္ဓဘာသာနော် "

" ဟုတ်ပါတယ် ဆရာ၊ ဘာပြုလို့တုန်း "

" မွန်မွန် မြတ်စွာဘုရားအကြောင်း စာတွေ ဖတ်ဖူးလား "

" ဖတ်ဖူးတာပေါ့၊ အများကြီး ဖတ်ဖူးတယ်၊ နေဦး ဇိနတ္ထပကာသနီရယ်၊ မာလာလင်္ကာရရယ်၊ မဟာဗုဒ္ဓဝင်ရယ် "

" အံမယ် မွန်မွန် တယ်ဟုတ်ပါလား "

" မွန်မွန် ပြောတယ်မဟုတ်လား၊ မွန်မွန့်မှာ ဘာမှ အလုပ်မရှိဘူး၊ အဲဒီတော့ စာတွေပဲ ထိုင်ဖတ်နေတာပေါ့ "

" ဒါဖြင့် ဆရာမေးမယ်၊ မြတ်စွာဘုရာဟာ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကို ဘယ်လိုလုပ်ရသလဲ "

" ပါရမီဆယ်ပါး ဖြည့်ခဲ့လို့ "

" ဟုတ်တော့ ဟုတ်တယ်လေ၊ ဒါပေမယ့် နောက်ဆုံးမှာ သစ္စာလေးပါးတရားအပေါင်းကို ဘယ်လို သိသွားသလဲ "

" နေဦး ဆရာ၊ မွန်မွန် စဉ်းစားဦးမယ်၊ ဘာတဲ့လာ အဲ . . . သိပြီ သိပြီ သစ္စာလေးပါး၊ မြတ်တရားကို၊ ပိုင်းခြားထင်ထင်၊ ဆရာမရှိ၊ မိမိအလိုလို၊ သိမြင်တော်မူသော မြတ်စွာဘုရား၊ အဲဒါကြောင့် သမ္မာသမ္ဗုဒ္ဓလို့ မည်တော်မူ၏။ ဟုတ်တယ် မဟုတ်လား ဆရာ "

" ဟုတ်တယ် မွန်မွန်၊ အဲဒီလိုသိအောင် မြတ်စွာဘုရားက ဘယ်မှာသွားရှာသလဲ "

“ ဟာ . . . အဲဒါတော့ မွန်မွန် မသိဘူး ”

“ ဒါဖြင့် ဆရာကပဲ ပြောပြပါမယ်၊ မြတ်စွာဘုရားဟာ တရားကို မိမိရဲ့ ခန္ဓာငါးပါးမှာပဲ ရှာတယ်၊ အပြင်မှာ ရှာတာ မဟုတ်ဘူး၊ ရှာတော့ တွေ့တယ်၊ ရုပ်နာမ်ယှက်လိမ်၊ ခန္ဓာအိမ်ကို၊ ကြိမ်ဖန်များစွာ၊ တည်ဆောက်လာသည်၊ တဏှာယောကျ်ား၊ ဟယ် . . . လက်သမားတဲ့၊ ပထမ ဗုဒ္ဓဝစနလို့ ခေါ်တယ်၊ ဘုရားဖြစ်ဖြစ်ချင်း ပထမဦးဆုံး မြွက်ကြားတော်မူတဲ့ ဥဒါန်းစကား၊ ခန္ဓာငါးပါးရှိရင် ဒုက္ခက ရှိတယ်၊ ဒါက ဒုက္ခသစ္စာ၊ ဒီခန္ဓာငါးပါးကို ဆောက်ဆောက်ပေးနေတဲ့ လက်သမားက တဏှာ၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ၊ အဲဒါက သမုဒယသစ္စာ၊ လက်သမားကို မိတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကြီးနဲ့ ပယ်သတ်လိုက်တယ်၊ အဲဒီအခါမှာ ဒုက္ခရော၊ ဒုက္ခအကြောင်းရော ကင်းတဲ့ ငြိမ်းချမ်းသောအဖြစ်ကို ဆိုက်တယ်၊ အဲဒါက နိရောဓသစ္စာ၊ ဒါတွေအားလုံးကို မွန်မွန် နားလည်နိုင်မှာ မဟုတ်ဘူး၊ ကိစ္စမရှိဘူး၊ ဆရာဆိုလိုတာက ရှာရင်တွေ့တယ်၊ မရှာရင် မတွေ့ဘူး၊ မွန်မွန် သဘောပေါက်လား ”

မွန်မွန်က ခေါင်းကို သွက်သွက်လေး ညိတ်ပြ၏။

“ သဘောပေါက်ရင် မွန်မွန်ရော ရှာမလား ”

မွန်မွန်၏ မျက်နှာတွင် အပြုံးရိပ်လေး ပေါ်လာ၏။

“ ရှာတာနော် ဆရာ၊ ကုတာ မဟုတ်ဘူး ”

“ မှန်တယ် ရှာတာ၊ ကုတာ မဟုတ်ဘူး၊ ကုတယ်ဆိုရင် ရောဂါလို့ အဓိပ္ပါယ်ထွက်နေတယ်၊ စိတ္တဇရောဂါတွေကို လူနားလည်အောင် ရောဂါလို့သာ ခေါ်နေရတယ်၊ စင်စစ်က ရောဂါ မဟုတ်ဘူး၊ တကယ်လို့ ရောဂါလို့ပဲ ခေါ်မယ်ဆိုရင်၊ ဒီရောဂါတွေဟာ လူတိုင်းမှာ အနည်းနဲ့ အများ ရှိတယ်၊ သိသူနဲ့ မသိသူ၊ နည်းနည်းမသိသူနဲ့ များများမသိသူ၊ ဒါပဲကွာတယ်၊ မသိတာကို မသိမှန်း သိတာနဲ့ တစ်ပြိုင်နက် သိအောင်ရှာရတယ်၊ သိတာနဲ့ တစ်ပြိုင်နက် ဉာဏ်အလင်းကိုရတယ်၊ ဉာဏ်အလင်း ဆိုတာ အရှိကို အရှိအတိုင်း၊ မရှိကို မရှိအတိုင်း၊ အဟုတ်ကို အဟုတ်အတိုင်း၊ မဟုတ်ကို မဟုတ်အတိုင်း ခွဲခြားသိမြင်စွမ်းတာကို ခေါ်တယ်၊ ခွဲခြားသိမြင်စွမ်းဟာ သာမန် သိမှုနဲ့ကွာတယ်၊ ခွဲခြားသိမြင်စွမ်းက “သိ-ပယ်-ဆိုက်-ပွား”ဆိုတဲ့ ကိစ္စရပ်တွေကို တစ်ပြိုင်နက် ပြီးစေတယ်၊ သိတာနဲ့ တစ်ပြိုင်နက် ပယ်သင့်ရာကိုပယ်၊ ဆိုက်သင့်ရာမှာ ဆိုက်ပြီး၊ ပွားသင့်ရာကို ပွားပြီး ဖြစ်နေတော့တယ်၊ အဲဒီ ဉာဏ်အလင်းကို မွန်မွန်က ရှာရမှာ၊ ဆရာက အကူအညီပေးမယ် ဘယ့်နှယ်လဲ ”

မွန်မွန်သည် သက်ပြင်းလေးကိုလည်း လွှတ်သည်။ အသာအယာလည်း ရယ်၏။

“ အဲဒီလိုဆိုတော့လည်း ကြောက်စရာ ဘာမှမကောင်းဘူး ”

“ ဘာကြောက်စရာ မကောင်းတာလဲ ”

“ သိဘူးလေ၊ စိတ်ရောဂါကုမယ်ဆိုတော့ မွန်မွန်က ကြောက်စရာကြီးလို့ ထင်တာ၊ အခုတော့ မကြောက်ပါဘူး၊ မွန်မွန် ရှာမယ်၊ မွန်မွန် ရှာပါ့မယ် ဆရာ ”

ရေနွေးက ဆူပြီ။ ဦးမြင့်နွယ်က ခလုတ်ပိတ်၍ ဟီတာကို နုတ်လိုက်ပြီး ရေနွေးအိုးကို စားပွဲပေါ်မှာ ချသည်။ ကြောင်အိမ်တွင်းမှ နို့ဆီပုလင်း၊ သကြားပုလင်းနှင့် ပန်းကန်များကိုလည်း ထုတ်ယူ၏။

“ မွန်မွန်တို့ နို့ဆီထည့်မယ်နော် ”

နော်မြသွေးက ခေါင်းညိတ်ပြ၏။ မွန်မွန်က “ဆရာသောက်သလိုပဲ ဘလက်ခ် သောက်မယ် ဆရာ”ဟု ဆို၏။

ဦးမြင့်နွယ်က ကော်ဖီတွင် သကြားထည့်ဖျော်၏။ ထို့နောက် ပန်းကန်သုံးလုံးတွင် ထည့်သည်။ နော်မြသွေး၏ ပန်းကန်းတွင်းသို့ကား နို့ဆီ ထည့်ပေး၏။

ဦးမြင့်နွယ်က ဖျော်ပြီးသော ကော်ဖီပန်းကန်များကို မွန်မွန်နှင့် နော်မြသွေးတို့ရှေ့ ချပေး၏။

ဦးမြင့်နွယ် လုပ်ကိုင်နေသည်ကို မွန်မွန်က စူးစိုက်ကြည့်နေ၏။

“ ဆရာ့တပည့် မရှိတော့ ဆရာ အကုန်လုံး ဒီလိုပဲ ကိုယ်တိုင် လုပ်နေရတာပေါ့နော် ”

“ ဟုတ်တယ် မွန်မွန် ”

“ ထမင်းဟင်းလည်း ကိုယ့်ဘာသာကိုယ် ချက်စားရတာပဲလား ”

“ ထမင်းတော့ ဖြစ်သလိုပဲ စားတယ် မွန်မွန်၊ မနက်တော့ ဟိုဟာလေး ဒီဟာလေးနဲ့ ပြီးရတာပဲ၊ ညစာကျမှ အပြင် ထွက်ပြီး ဆိုင်မှာ ဝယ်စားတယ် ”

မွန်မွန်သည် သူ့ကို အတန်ကြာ ငေးငေးလေး ကြည့်နေ၏။

“ ဒါဖြင့် ဒီညစာ ဆရာ မွန်မွန်တို့နဲ့ လာစားမလားဟင် ”

“ အို . . . မွန်မွန်တို့ကို ဆရာ ဒုက္ခမပေးချင်ဘူး ”

“ ဒုက္ခမဟုတ်ပါဘူး ဆရာ၊ မွန်မွန်က အစတည်းက ဖိတ်မလို့၊ မမမြကိုတောင် ပြောထားသေးတယ်၊ နော် . . . မမမြ၊ ဒါပေမယ့် ဆရာ့ကိုများ အနှောင့်အယှက် ဖြစ်နေမလားလို့၊ ဒါပေမယ့် အခုတော့ အပြင်ထွက်စားရတာချင်း အတူတူ ဆရာ့မှာ ဝန်မလေးပါဘူး၊ မွန်မွန် ဖိတ်တာကို လက်ခံနော် ဆရာ ”

နော်မြသွေးကလည်း ဦးမြင့်နွယ်ကို လှမ်းကြည့်နေသည်။ နှုတ်က စကားမပြောသော်လည်း မျက်လုံးများက ဟိုတစ်ကြိမ်ကကဲ့သို့ပင် တောင်းပန်နေ၏။

“ ကောင်းပြီလေ၊ ဒါပေမယ့် ဒီနေ့ ဆရာက ဂေါက်ဆယ့်ရှစ်ကျင်းရိုက်ဖို့ ချိန်းထားပြီးသား ရှိနေတယ်၊ နည်းနည်းတော့ နောက်ကျမယ်နော် ”

“ အို . . . ကိစ္စမရှိဘူး၊ မွန်မွန်တို့အိမ်ကလည်း နောက်ကျမှ ညစာ စားတာ ”

“ ဒါဖြင့်ရင် ဆရာ လာခဲ့ပါမယ် ”

မွန်မွန်သည် စိတ်ကျေနပ်သွားသော မျက်နှာလေးဖြင့် ကော်ဖီဆက်သောက်၏။

ကော်ဖီကုန်သောအခါ မွန်မွန်က နှုတ်ဆက်၏။

“ ကဲ . . . မွန်မွန် လာတဲ့ကိစ္စ ပြီးပြီ၊ ဆရာလည်း ဂေါက်ကွင်းသွားရဦးမယ်၊ မွန်မွန် ပြန်တော့မယ် ဆရာ ”

ဦးမြင့်နွယ်က မွန်မွန်တို့ကို အိမ်ပေါက်ဝအထိ လိုက်ပို့ပေး၏။

ကားပေါ်မတက်ခင် မွန်မွန်က ရုတ်တရက်လေး ခေါ်၏။

“ ဆရာ ”

“ ဘာလဲ မွန်မွန် ”

“ နောက်တစ်ခါလေ အဲဒီ နောက်တစ်ခါက ဘယ်လောက်ကြာမလဲတော့ မသိဘူး ဆရာ ”

“ အင်း ”

“ အဲဒီ နောက်တစ်ခါမှာ မွန်မွန်လာတော့ ဆရာ့တပည့်လည်း မရှိဘူးဆိုရင် ဆရာ့ကိုလေ မွန်မွန် အကုန်လုံး ကူလုပ်ပေးသွားမယ် ”

“ ကောင်းပြီ မွန်မွန်၊ အဲဒီနေ့ကို ဆရာလည်း မျှော်လင့်နေမယ် ”

“ တကယ်ပြောတာလား ဆရာ၊ နောက်တော့မှ ဒီကောင်မလေး ရှုပ်တယ်ဆိုပြီး အော်မထုတ်ရဘူး ”

“ စိတ်ချ မွန်မွန့်ကို ဆရာ ဘယ်တော့မှ မအော်ဘူး ”

မွန်မွန် ပြန်သွားသောအခါ ဦးမြင့်နွယ်မှာ စိတ်ချမ်းသာစွာ ကျန်ရစ်၏။

အရေးကြီးသော အပိုင်းတစ်ခုကား အောင်အောင်မြင်မြင် ပြီးသွားပြီ။ ကုသရေးကို မွန်မွန်က နှစ်ခြိုက်ကျေနပ်စွာ လက်ခံသွားလေပြီ မဟုတ်လား။ ကာယကံရှင်က စိတ်လိုလက်ရ လက်မခံဘဲ စိတ်ကုသရေးဟူသည် မအောင်မြင်နိုင်ကြောင်း ဦးမြင့်နွယ် ကောင်းစွာသိသည်။

ထိုနေ့က ဂေါက်ရိုက်ရာတွင် ဦးမြင့်နွယ် လက်ကောင်းလှသည်။ ပေနှစ်ဆယ် အဝေးမှ ကျမ်းလှမ်းစိမ်သည်တို့ ဝင်သောကြောင့် ဘာ့ဒ်ဒီ နှစ်ကျင်းရသည်။ ဆယ့်ရှစ်ကျင်းပြီးသောအခါ စုစုပေါင်းရိုက်ချက် ခုနစ်ဆယ့်ရှစ်ချက်သာရှိ၏။ ဦးမြင့်နွယ် ဟန်ဒီကက်ပ်နှင့် ရိုက်စွမ်းရမည်က အချက်ရှစ်ဆယ်၊ တူးအန်ဒါပါခေါ် ကိုယ်ပိုင်စံချိန်အောက် နှစ်ချက်နည်းသော အောင်မြင်မှုဖြစ်၏။

အိမ်ပြန်ရောက်သောအခါ ဦးမြင့်နွယ်သည် သီချင်းတအေးအေး၊ လေတချွန်ချွန်ဖြင့် ရေမိုးချိုးသည်။ အဝတ်အစား ကောင်းစွာလဲပြီး မွန်မွန်တို့အိမ်ဆီ ထွက်လာခဲ့သည်။

ညခုနစ်နာရီခန့် ရှိပြီမို့ ပတ္တမြားမွန်၏ ခြံဝင်းက ပိတ်ထားပြီ ဖြစ်သော်လည်း ဦးမြင့်နွယ် ရောက်လာသောအခါ အစောင့်က ဝင်းတံခါး ဖွင့်ပေး၏။

ဟိုတစ်ခါက ထိုင်ခဲ့သော ဧည့်ခန်းဝမှ မွန်မွန်က ဆီးကြိုနေ၏။

“ လာ . . . ဆရာ၊ ဒီတစ်ခါတော့ ဟိုဘက်ခန်း သွားကြမယ်၊ ဒီညတော့ မွန်မွန်တို့ အိမ်သားချည်းပဲ၊ မာမီလည်း ရှိတယ်၊ မာမီနဲ့ ဆရာ့ကို မွန်မွန် မိတ်ဖွဲ့ပေးမယ် ”

မွန်မွန်က ပြုံးပြီး လက်ကလေးတစ်ဖက်ကို ကမ်းပေး၏။ ဦးမြင့်နွယ်ကလည်း ပြုံးပြီး မွန်မွန့်လက်ကလေးကို ယူ၏။

မွန်မွန့်ကို တွဲကူ၍ ဦးမြင့်နွယ်သည် တစ်ဖက်ခန်းသို့ ကူးလိုက်သည်။

တစ်ဖက်ခန်းမှာက မီးရောင်လဲ့လဲ့ ထိန်နေသည်။ ဘားကောင်တာနောက်မှာက ဦးမြတ်သာ ရှိနေ၏။

ကောင်တာရှေ့တွင် အမျိုးသမီးတစ်ဦးက ဦးမြင့်နွယ်တို့ဘက် ခပ်စောင်းစောင်းလေး ကျောပေးပြီး ဦးမြသာကို တစ်စုံတစ်ရာ ညွှန်ကြားနေသည်။

ကိုယ်လုံးကိုယ်ထည်က ပြည့်ပြည့်လေးနှင့် ကြော့ရှင်းသည်။ ဖော့ခရစ် အပြာနုရောင်ထဘီနှင့် အင်္ကျီကို ဝတ်ဆင်ထားသည်။ ထဘီက အင်္ကျီထက် အနည်းငယ် ပြာရင့်သည်။ တစောင်းမြင်ရသမျှ မျက်နှာနှင့် လည်တိုင်မှ အသားလေးများက ဖြူဖြူဝင်းသည်။ မွန်မွန့်အသားလေးများ ကဲ့သို့ပင် ဖြူဖြူဝင်းသည်။

မွန်မွန်က ဆို၏။

" ဆရာ အဲဒါ မွန်မွန့် မာမီ၊ မာမီရေ . . . "

အမျိုးသမီးက ဦးမြင့်နွယ်တို့ဘက် လှည့်လိုက်၏။

ရှေးဦးစွာ မှတ်မိလိုက်သည်က ငွေငန်းဖြူ လည်တိုင်။ နောက် . . .

ဦးမြင့်နွယ် ဆတ်ကနဲ တုန်လှုပ်သွားသည်။ နှုတ်မှ လွတ်ကနဲ ထွက်တော့မည့် စကားလုံးကို သတိဦး၍သာ အချိန်မီ ထိန်းမိတော့သည်။

စင်သီယာ . . .

ဦးမြင့်နွယ်က မွန်မွန်၏ လက်ကလေးကို မသိမသာ ဆုပ်ညှစ်မိသည်။ ရင်မှ လှုပ်ရှားမှု လက်ဆီမရောက်အောင် ချုပ်ထားရ၏။

ပြာသေးသော၊ လှသေးသော၊ မပြောင်းလဲသေးသော စင်သီယာ၏ မျက်လုံးများ၌လည်း တစ်ခဏအတွင်း အမျိုးမျိုး ပြောင်းလဲသွားသည့် ခံစားမှုလက္ခဏာများကို ဦးမြင့်နွယ် မြင်လိုက်ရ၏။

" ဩော် . . . ကို . . . မြင့် . . . နွယ် . . . ပဲကိုး၊ ထင်တော့ထင်တယ်၊ မသေချာလို့ "

" ဟုတ်ပါတယ် မြင့်နွယ်ပါပဲ စင် . . . စင်သီယာ၊ ကိုယ် . . . ဒီလိုခေါ်ခွင့် ရှိသေးတယ်နော် "

စင်သီယာက ပြုံး၏။ သည်အပြုံးမှ တစ်စုံတစ်ရာ ဝမ်းနည်းမှုလေးပါနေသည်ဟု ဦးမြင့်နွယ် ထင်မိသည်။

" ခေါ်ခွင့်ရှိပါတယ်၊ စင်သီယာ . . . လို့တော့ ခေါ်ခွင့်ရှိပါသေးတယ် "

စင်သီယာ့ အဖြေစကားက သူ့ရင်ထဲတွင် ပဲ့တင် တသိမ့်သိမ့်ထပ်သည်။ စင်သီယာလို့တော့ ခေါ်ခွင့်ရှိပါသေးသည်။ ဩော် . . . စင်သီယာလို့တော့ . . . ၊ သီတာလွင်ဟုမူ ခေါ်ခွင့်မရှိပြီ ထင်သည်။

ဦးမြင့်နွယ်က မွန်မွန့်ကို လှည့်ကြည့်သည်။

မွန်မွန်က သူတို့နှစ်ဦးကို အံ့သြဟန်ဖြင့် ကြည့်နေ၏။

ဦးမြင့်နွယ်က အသာအယာရယ်ပြီး ဆိုသည်။

" မွန်မွန်ရေ ဝမ်းသာစရာပဲ၊ မွန်မွန့်မာမီက ဆရာ့ ငယ်သူငယ်ချင်း၊ ကွဲသွားကြတာတော့ ဩော် . . . စင်သီယာရေ အနှစ်အစိတ်လောက် ရှိကြပြီထင်တယ်နော် "

စင်သီယာ၏မျက်နှာတွင် သတိပြုမှမြင်နိုင်ရုံ လှုပ်ရှားမှုတစ်ရပ် ပေါ်လာ၏။

စင်သီယာက အမူအယာအားဖြင့် ဖိတ်ခေါ်ဟန်ပြ၍ ဆိုဖာဝိုင်းထားသော မှန်ခင်းစားပွဲပုလေးဆီ လျှောက်သွား၏။

မွန်မွန်နှင့် စင်သီယာက မျက်နှာချင်းဆိုင် ထိုင်ကြ၏။ ဦးမြင့်နွယ်က အလယ်ဆိုဖာတွင် ထိုင်သည်။

ထိုအခိုက်တွင်ပင် အခန်းတွင်းသို့ ဦးနေအောင်လည်း ခြေလှမ်းသွက်သွက်ဖြင့် ဝင်လာ၏။

" ဆရာတောင် ရောက်နေပြီ၊ ကျွန်တော်က ရေချိုးတာ နည်းနည်းနောက်ကျသွားလို့ "

ဦးနေအောင်သည် ဦးမြင့်နွယ်နှင့် မျက်နှာချင်းဆိုင် ဆိုဖာတွင် ဝင်ထိုင်၏။

ဦးမြသာက ငွေလင်ပန်းတစ်ခုနှင့် ချဉ်းကပ်လာသည်။ လင်ပန်းတွင် ဖန်ကလပ်နှစ်ခုနှင့် ဖန်ခွက်ပါးနှစ်လုံး ပါလာ၏။ ဦးမြသာက ဖန်ကလပ်နှစ်ခုကို စင်သီယာနှင့် ဦးနေအောင်ရှေ့ ခပေးသည်။ သံလွင်သီးလေးတွေ ပါသောကြောင့် မာတီနီမှန်း ဦးမြင့်နွယ် သိသည်။

ဖန်ခွက်နှစ်လုံးကိုမူ မွန်မွန်နှင့် ဦးမြင့်နွယ်ရှေ့ ချပေး၏။

မွန်မွန်က အပြုံးကလေးဖြင့် ဦးမြင့်နွယ်ဘက် လှည့်ပြော၏။

" ထမင်းစားပျက်မှာစိုးလို့ ကော်ဖီတော့ နောက်မှနော် ဆရာ၊ ဒါက လိုင်းမ်အဲန်ဆိုဒါ၊ မွန်မွန် တမင် မှာထားတာ"

" ကောင်းပါတယ် မွန်မွန်၊ ဆရာလည်း ရေငတ်နေတာနဲ့ အတော်ပဲ "

စင်သီယာက ဦးမြင့်နွယ်ကို စိုက်ကြည့်ပြီး "ကိုမြင့်နွယ် တခြား ဘာမှမသောက်ဘူးလား "ဟု မေး၏။

" ကိုယ် . . . တခြား ဘာမှ မသောက်ပါဘူး စင်သီယာ "

ဦးနေအောင်က ပထမ မျက်မှောင်တွန့်သွားသည်။ ထို့နောက် မျက်လုံး အနည်းငယ် ပြူးသွား၏။

" ဆရာနဲ့ သန့်က ဘယ်လို ဟို . . . "

ဦးနေအောင် စကားမဆုံးမီ စင်သီယာက ဖြတ်ရှင်းပြ၏။

“ ကိုမြင့်နွယ်ဟာ သန့်နဲ့ ဟိုးငယ်ငယ်တုန်းက သူငယ်ချင်းပါ ကိုအောင်၊ ပုသိမ်မှာ အတူတူ နေခဲ့ကြတာ၊ မတွေ့ကြတာတော့ အနှစ်အစိတ်နီးပါး ရှိပြီပေါ့ ”

“ ဩော် . . . ဟုတ်လား၊ ဒါပေမယ့် ဆရာ့အကြောင်း ကိုအောင် ပြောပြတုန်းကတော့ သန့်က မသိသလိုပါပဲလား”

“ ဟုတ်တယ်လေ၊ လူတူမရှား နာမည်တူမရှား မဟုတ်လား၊ ဒေါက်တာဦးမြင့်နွယ်ဆိုတာ သန့်သိဖူးတဲ့ ကိုမြင့်နွယ်ပါလို့ သန့် ဘယ်လိုသိနိုင်မလဲ ”

မွန်မွန်က ဦးမြင့်နွယ်ကို ကြည့်ပြီး ပြောသည်။

“ အနှစ်အစိတ်နီးပါးဆိုတော့ နေဦး၊ မွန်မွန်တို့ အရွယ်လောက်က ကွဲသွားကြတာပေါ့ ဟုတ်လား ”

ဦးမြင့်နွယ်က စင်သီယာ့ကို တစ်ချက်လှမ်းကြည့်သည်။ စင်သီယာက မျက်လွှာကို အောက်စိုက်ချထား၏။

“ ဟုတ်ပါတယ် မွန်မွန်၊ အဲဒီအရွယ်လောက်တွေကပေါ့၊ စင်သီယာက တက္ကသိုလ်ဆက်သွားတယ်၊ ဆရာကတော့ မြို့မှာပဲ အလုပ်လုပ်နေရစ်တယ် ”

“ ဆရာက ဘာလို့ တက္ကသိုလ် ဆက်မသွားတာလဲ ”

“ မသွားနိုင်လို့ပေါ့ မွန်မွန်၊ ငယ်ငယ်တုန်းက ဆရာက သိပ်ဆင်းရဲပါတယ် ”

စင်သီယာက ယမကာခွက်ကို ကောက်ကိုင်၏။

“ စကားကောင်းနေတယ်၊ ကဲ . . . ချီးယားစ် ”

ဦးနေအောင်က သူ့ယမကာခွက်ကို မြှောက်၏။

မွန်မွန်နှင့် ဦးမြင့်နွယ်တို့ကလည်း မိမိတို့၏ သံပရာဖျော်ရည်ခွက်များကို မြှောက်လိုက်ကြ၏။

ဦးမြင့်နွယ်က သံပရာဖျော်ရည်ခွက်ကို နှုတ်ခမ်းဆီ ပို့သည်။ ခေါင်းက ငုံ့သော အနေအထားတွင် ရှိလင့်ကစား မျက်လုံးတို့က ယမကာခွက်မှ စုပ်သောက်နေသော စင်သီယာ့ထံ ရောက်သွား၏။

သူ့ရင်မှာ သိသိသာသာ ထိခိုက်သွားသည်။ စင်သီယာနှင့် ကွဲသွားကြသည်မှာ အနှစ်အစိတ်နီးပါးရှိပြီ ဟူသော စကားသည် ရာနှုန်းပြည့် မမှန်ကြောင်း သတိရလာသည်။

ဟုတ်သည် ရာခိုင်နှုန်း တစ်ရာပြည့် မမှန်ပါ။ ကွဲသွားကြပြီးမှ တစ်ခါ ပြန်ဆုံရပါသေး၏။ စင်သီယာ့ကို သည်အသွင် သည်ဟန်မျိုးနှင့် . . . ။

စကားဝိုင်းက ခေတ္တတိတ်နေသည်။ ဆိတ်ငြိမ်ခြင်းကို မွန်မွန်က ဖျက်လိုက်၏။

“ ခုနင်က ဆရာပြောတာ တက္ကသိုလ်ကို ဆက်မသွားနိုင်ခဲ့ဘူး၊ ဟုတ်တယ်နော် ”

“ ဟုတ်ပါတယ် မွန်မွန် ”

“ နောက်တော့ ဒေါက်တာဘွဲ့တောင် ဘယ်လိုလုပ်ရသလဲ ”

“ ဒါကတော့ နောင်နှစ်အတော်ကြာမှ ဆရာက ရန်ကုန်ရောက်လာပြီး အလုပ်လုပ်ရင်း တက္ကသိုလ် တက်ခဲ့တာကိုး”

“ နေဦး မွန်မွန် မှတ်မိပြီ၊ အဲဒီတုန်းက သက်ကြီးတက္ကသိုလ်ဆိုတာ ရှိတယ်၊ ဆရာ အဲဒီမှာ တက်ခဲ့တာလား ”

“ သက်ကြီးတက္ကသိုလ်တော့ ရှိပါတယ်၊ ဒါပေမယ့် ဆရာက ရန်ကုန်တက္ကသိုလ်မှာပဲ တက်ခဲ့ပါတယ်၊ ဆရာက ညအလုပ်လုပ်ပြီး နေ့ကျောင်းတက်ခဲ့တာပါ ”

“ ဆရာက ညအလုပ် ဘာလုပ်တာလဲ ”

စင်သီယာက ယမကာခွက်ကိုချလိုက်ပြီး ဝင်တားမြစ်သည်။

“ မွန်မွန် ဘာတွေလျှောက်မေးနေတာလဲ၊ ညအလုပ် လုပ်တယ်ဆိုရင် တော်ရောပေါ့ ”

စင်သီယာ့အသံမှာ အနည်းငယ်လေး မာနေ၏။ ဦးနေအောင်ကလည်း ရယ်မောပြီး ဝင်ပြော၏။

“ ဆရာရေ မွန်မွန်က ဒီလိုပဲ၊ အားကြီး သိချင်တာ၊ ဒါပေမယ့် သမီးရဲ့ အကုန်လျှောက်မေးရတာ မဟုတ်ဘူး ”

“ ကိစ္စမရှိပါဘူး ဦးနေအောင်၊ ကျွန်တော် ဖြေနိုင်ပါတယ်၊ ဆရာ့ ညအလုပ်က စားပွဲထိုး မွန်မွန်၊ ဟိုတယ်မှာ စားပွဲထိုး ”

မွန်မွန်မှာ လျှာလေးတစ်လစ် ဖြစ်သွား၏။ မေးမိသည်ကို အားနာဟန်ဖြင့် ဦးမြင့်နွယ်ကို ကြည့်နေ၏။

ဦးနေအောင်က ယမကာကို ကုန်အောင် မော့ချလိုက်သည်။

“ ကဲ . . . ထမင်းစားကြမယ်၊ ကျွန်တော်တို့က ကိစ္စမရှိဘူး၊ ဘာမှ မသောက်တတ်တဲ့ ဆရာ့အတွက်က ညဥ့်နက်သွားရင် အဆာလွန်သွားမယ်၊ မြသာရေ ပြင်ခိုင်းလိုက်တော့ ”

ထိုညက ထမင်းစားသောက်ပြီး ညဥ့်ဆယ်နာရီခန့်၌ ဦးမြင့်နွယ် မွန်မွန်တို့အိမ်မှ ပြန်လာခဲ့သည်။

သည်တစ်ကြိမ်တော့ စိတ်က လှုပ်ရှားရုံမက နာကျင်နေသည်။

ဩော် . . . လက်စသတ်တော့ မွန်မွန့်အမေက စင်သီယာ။ သီတာလွင်ဟု မြတ်နိုးစွာ မိမိ တစ်ကြိမ်က အမည်ပေးခဲ့ရသူ စင်သီယာ။

သီတာလွင် ဟူသော အမည်ကိုတော့ စွန့်ပစ်လိုက်ပြီ ထင်သည်။ ယခုတော့ ဖြူဖြူသန့်၊ ဦးနေအောင်၏ ဇနီး ဒေါ်ဖြူဖြူသန့်၊ ဖြူသည် သန့်သည်ဆိုတော့ စင်ကြယ်ပြီပေါ့။ အတိတ်နှင့်ဆိုင်ရာတွေက စင်ကြယ်နေပြီပေါ့။

သို့မဟုတ် အားလုံးကို မေ့ပစ်လိုက်ပြီပေါ့။

အားလုံးကို မေ့ပစ်လိုက်ပါပြီ ဆိုသည်ကိုတော့ စင်သီယာက မိမိကို ပြောခဲ့ဖူးသည်။

အဲသည်တုန်းက မိမိက စားပွဲထိုး။ မွန်မွန့်ကို ပြောခဲ့ရသော ဟိုတယ်မှ စားပွဲထိုး။

ကိုယ့်ဘက်က မျှော်လင့်ခြင်းကိုမှ မစွန့်သေးဘဲ အထီးကျန် တစ်ကောင်ကြွက်ဘဝနှင့် လောကကို ရဲရဲရင်ဆိုင်နေဆဲ ကာလ၏ တစ်ညသ၌ . . .

( ၁ )

ပန်းဆိုးတန်းရှိ မြသီရိ ဟိုတယ်တွင်းသို့ မြင့်နွယ်သည် ဝင်လိုက်၏။

တောက်ပြောင်ခန့်ညား ရှည်လျားသော ဘားကောင်တာအတွင်း တစ်ထောင့်ရှိ ငွေလက်ခံဌာနအနီး၌ ရပ်နေသူ မန်နေဂျာ အင်္ဂလိပ်-မြန်မာကပြား ဂျင်မီကို မြင့်နွယ်က ဦးညွှတ်အလေးပြု နှုတ်ဆက်၍ ကောင်တာတံခါးကို တွန်းဝင်ပြီး အတွင်းဘက် အခန်းတစ်ခုဆီ လျှောက်လာခဲ့သည်။

အခန်းတွင်း၌ မြင့်နွယ်က အဝတ်အစားလဲသည်။

အပေါ်အင်္ကျီက အဖြူရောင်တို့အထူ၊ ရွှေရောင်နှင့် အစိမ်းရောင်ပန်းခက်များပါသည်။ ဘောင်းဘီက အစိမ်းပုပ်ရောင်၊ တစ်ဖက်တွင် ရွှေရောင် အလျားလိုက် အစင်းပါသည်။

မှန်ရှေ့တွင် မြင့်နွယ်သည် ခေါင်းကို ကျနသေသပ်အောင် ဖြီးသည်။ အဝတ်အစားကို တွန့်ခေါက်မှု ကင်းအောင် ဆွဲဆန့်သည်။ ပြောင်လက်သော ဦးချွန်ရှူးဖိနပ်ကိုစီးပြီး လက်များကို ရေတိုင်၌ စင်ကြယ်အောင် ဆေးသည်။ မှန်ရှေ့တွင် တစ်ကြိမ်ထပ်ရပ်ပြီး မိမိအသွင်အပြင်ကို နောက်ဆုံးတစ်ချီ စစ်ဆေးသည်။ အားလုံးကျေနပ်မှ ကောင်တာမှထွက်ပြီး ခန်းမတွင်း ခင်းကျင်းထားသော စားပွဲများအလယ်၌ စစ်ဆေး အလုပ်ရှုပ်နေသူ စားပွဲထိုးမှူး မိုက်ကယ်လ်ထံ လာခဲ့သည်။

ဗိုက်မရွဲတရွဲနှင့် အိန္ဒိယ-အင်္ဂလိပ်ကပြား မိုက်ကယ်လ်က သူ့ကို ပြုံးနှုတ်ဆက်သည်။

“ ဂွဒ်အီးဗနင်း မြင့်နွယ် ”

“ ဂွဒ်အီးဗနင်း မိုက်ခ် ”

မြင့်နွယ်က တာဝန်မှတ်တမ်းစာအုပ်တွင် ရေးသွင်းလက်မှတ်ထိုး၏။

မိုက်ကယ်လ်က စားပွဲများကို လက်ညှိုးထိုးပြပြီး ဆို၏။

“ ဒီးယားချက်ပ်၊ ဒီည စားပွဲနံပါတ် တစ်ဆယ်ကနေ ဆယ့်ငါးအထိ မောင်ရင့်တာဝန် ”

“ အောလ်ရိုက်ထ် မိုက်ခ် ”

“ ညဥ့်တော့နက်မယ်၊ နှစ်ချက်တီးအထိ ရောက်ချင်ရောက်မယ်၊ ဒီညက ပရိုက်ဗိတ်၊ မင်္ဂလာဦးည ဧည့်ခံပွဲ၊ ယူ အန်ဒါစတဲန်း ”

“ ကိစ္စမရှိပါဘူး မိုက်ခ်၊ တစ်ညတစ်လေဟာ ”

“ တစ်ညတစ်လေပေမယ့် မင်းစာကျက်တော့ ပျက်မှာပဲ၊ မလွှဲသာလို့ပါ၊ ဘော့စ်က မင်းကို ငါးနာရီကနေ ကိုးနာရီထက် ပိုတာဝန်မပေးရဘူးလို့ ပြောထားတာ ”

“ တခါတလေ တာဝန်ချတာပဲ၊ ကိစ္စမရှိပါဘူး၊ ဒါထက် ဒီည ကိုယုကြိုင်ကိုယ်တိုင် လာမှာလား ”

“ လာမယ်၊ အဲဒါကြောင့် ပြောနေတာ၊ ဘော့စ်က မေးရင် မင်းသဘောတူတာတော့ ပြောပေး ”

“ စိတ်ချပါ မိုက်ခ်၊ မင်းက ငါ့ကို အမြဲညှာခဲ့တာပဲ ”

“ သဲရ် ယူအာရ်၊ မင်းသိတယ်၊ မင်းကို ငါညှာတာ ဘော့စ်နဲ့ခင်လို့ချည်း မဟုတ်ဘူး၊ မင်းက ကောလိပ်တက်နေတော့ ငါလေးစားပါတယ်၊ မင်းဘွဲ့ရရင် ဟိုနေရာ ရောက်မှာ . . . ”

မိုက်ကယ်လ်က ဂျင်မီရှိရာ ညွှန်ပြပြီး ပြော၏။

မြင့်နွယ်က ရယ်မောပြီး ခေါင်းခါပြ၏။

“ အဲဒီနေရာ ငါမလိုချင်ပါဘူး၊ ငါ့ဝါသနာက တခြားပါ၊ ငါအခု စာသင်ခွင့်ရတာ တော်ပါပြီ ”

သူတို့ စကားပြောနေကြစဉ် အခြားစားပွဲထိုးများ ရောက်လာကြ၏။
အပေါ်ထပ် ကပွဲခန်းမ တီးဝိုင်းမှ စတင်တီးမှုတ်သံလည်း ပေါ်လာ၏။
မိုက်ကယ်လ်က အမိန့်ပေး၏။
" အိုကေ ဘဒ်ဒီစ်၊ တူသပိုစ်တ် "
မြင့်နွယ်တို့ အသီးသီး တာဝန်ကျရာ စားပွဲများဆီ သွားကြ၏။
ညဉ့်ခုနစ်နာရီထိုးသည်မှစ၍ ဧည့်သည်များ တဖွဲဖွဲ ရောက်လာကြ၏။
ဧည့်သည်များက အတွဲလိုက် လာကြ၏။ ဇနီးမောင်နှံများလည်း ပါကြသည်။ ဇနီးမောင်နှံမဟုတ်သည့် စုံတွဲများလည်း လာကြသည်။ ယောကျ်ားတိုင်းက ရှပ်စကင်းအပေါ်ဝတ် ကုတ်အင်္ကျီအဖြူ ဘိုးတိုင်ခေါ် လိပ်ပြာတောင် လည်စည်းတွေနှင့် ဘောင်းဘီက အနက်တွင် အနီစင်းပါသည့် ကပွဲဝင် ဘောင်းဘီတွေ။ ထဘီဝတ်သော အမျိုးသမီးများ မပါလျှင်ကား သည်နေရာသည် မြန်မာပြည်မှာပါဟု မြင်ရုံနှင့် အယုံရခက်လေမည်။
မြင့်နွယ်သည် ရှေးယခင်က အထက်တန်းအလွှာဝင် ဆိုသူတို့၏ ပွတ်သဘင်ကြောင်း ဝတ္ထုတွေထဲ၌သာ ဖတ်ဖူးသည်။ ယခုမှ ကိုယ်တွေ့မျက်မြင် ကြုံဖူးရ၏။
ဧည့်သည်စုံတွဲများက အောက်ထပ်ခန်းမရှိ စားပွဲများတွင် ယမကာ သုံးဆောင်ကြသည်။ ပြီးတော့ အပေါ်ထပ်ရှိ ကပွဲခန်းမဆီ တက်ပြီး ကကြသည်။ မောလျှင် အောက်ပြန်ဆင်းပြီး ယမကာ မှိဲ့ကြပြန်သည်။ ပြီးလျှင် အပေါ်ထပ်သို့ . . .
မြင့်နွယ်တို့ စားပွဲထိုးများမှာလည်း တစ်ဦးမျှ တစ်ခဏမျှ အငြိမ်မနေရ။ ဘားကောင်တာနှင့် စားပွဲများကြား ယမကာ ခွက်တင် လင်ပန်းလေးများကိုယ်စီဖြင့် လူးလာခေါက်တုံ့ သွားနေရသည်။
ဟိုတယ်ပိုင်ရှင် ကိုယုကြိုင်ကလည်း ကပွဲဝတ်စုံနှင့် ရောက်ရှိနေသောကြောင့် အလုပ်သမားများအားလုံး အထူး ဂရုစိုက်လုပ်နေကြ၏။
စားပွဲနံပါတ် ဆယ့်ငါးတွင် အသစ်ရောက်လာသော စုံတွဲနှစ်စုံ ထိုင်နေကြသည်ကို မြင့်နွယ် လှမ်းမြင်ရသည်။
မြင့်နွယ်က စားပွဲနံပါတ် တစ်ဆယ်တွင် သိမ်းနေဆဲမို့ စားပွဲနံပါတ် ဆယ့်ငါးဆီ မိုက်ကယ်လ် ကိုယ်တိုင် ကပ်သွားသည်ကို တွေ့ရ၏။
မြင့်နွယ် ကောင်တာဆီအရောက်၌ မိုက်ကယ်လ် ကပ်လာ၏။
" နံပါတ် ဆယ့်ငါးအတွက် စကော့ချ်တူး၊ မာတီနီဆွိတူး "
" အိုကေ မိုက်ခ် "
ဘားမင်းက ပြင်ဆင်ပေးသည်တို့ကို မြင့်နွယ်သည် လင်ပန်းတွင် ထည့်သည်။ လက်တစ်ဖက်၏ လက်ဖဝါးပေါ်တွင် လင်ပန်းကိုတင်ပြီး အခြားလက်တစ်ဖက်က လက်သုတ်ပဝါဖြူကို ကိုင်လျက် မြင့်နွယ်သည် စားပွဲနံပါတ် ဆယ့်ငါးဆီ ချဉ်းကပ်လာသည်။
မြင့်နွယ်က မာတီနီ ဖန်ကလပ်ကို ချပေးသည်။ သို့ရာတွင် ဖန်ကလပ်လေးက စားပွဲပေါ်မရောက်၊ လမ်းခုလတ် လေထဲတွင်သာ လက်ကိုတန်းပြီး မြင့်နွယ်က မြင်ရသူကို ကြောင်ငေးကြည့်နေမိသည်။
စင်သီယာ . . . ဘယ်လိုမှ မမျှော်လင့်သော စင်သီယာ . . .
စင်သီယာ၏ ပါးစပ်လေးလည်း ဟသွားသည်။ မျက်လုံးလေးများလည်း ပြူးသွားသည်။
သည်အခြေအနေမှာ နှုတ်ဆက်စကားပြောရန် မသင့်ဟု လျင်မြန်စွာ ဆုံးဖြတ်ပြီး မြင့်နွယ်သည် ယမကာခွက်များကို စားပွဲပေါ်၌ လိုက်ချ၏။ ပြီးတော့ လျင်မြန်စွာပင် စားပွဲမှ ခွာလာခဲ့၏။
ကောင်တာမှ လက်ထောက်၍ အားပြုကာ အတန်ကြာလေး ရပ်နေမိသည်။ ကျောကို စင်သီယာတို့ဘက် ခိုင်းထားသည်။ စိတ်တွင်းက နောက်ပြန်လှည့်လိုက်ရမည်ကို ကြောက်နေ၏။
ဘားမင်း ချာလီအလျောင်က ပြောသည်။
" မောသွားပလား ကိုယ့်လူ၊ ဒါပေမယ့် ဟောဟိုမှာ နှစ်တွဲ ဆင်းလာကြပြန်ပြီ "
ဝက်ဖြစ်မှတော့ မစင်မကြောက်သာပြီ။ မြင့်နွယ်သည် ကျောကိုလှည့်လိုက်ပြီး လူသစ်ဝင်လာရာ စားပွဲဆီလျှောက်ခဲ့၏။ မျက်လုံးများကမူ စင်သီယာတို့ စားပွဲဆီ ရောက်သွား၏။
မာတီနီ ဖန်ကလပ်ကို နှုတ်ခမ်းနှင့်တေ့လျက်က စင်သီယာသည် မိမိကို စိုက်ကြည့်နေသည်ကို မြင့်နွယ် တွေ့ရ၏။
စိတ်ကို ထိန်းချုပ်ပြီး မြင့်နွယ်သည် မမှားအောင် အလုပ်ကို ဆက်လုပ်၏။ မှာသည်တို့ကို မမှားအောင်လည်း မှတ်ရသည်။ ခြေချော်လက်ချော် ကျမကွဲ၊ လဲမဖိတ်အောင်လည်း သတိထားရသေးသည်။

စင်သီယာတို့ အတွဲများ အပေါ်ထပ် ကပွဲခန်းမဆီ တက်သွားသည်ကို မြင်ရ၏။ ဪ . . . သူ့အဖော်က စင်သီယာနှင့် ပူးကပ်ကာ လက်မောင်းလေးကို တွဲချိတ်သွားသည်ကိုပါ မြင်ရ၏။

သွေးပူတုန်းတော့ တုန်လှုပ်ချောက်ချားသည်။ နောက်မှာတော့ ထိန်လင်းနေသော မီးရောင်၊ တောက်ပြောင်သော အဝတ်အစား၊ ရွှင်ပြုံးသော မျက်နှာများ၊ ရယ်သံမောသံ စကားသံ သည်ပတ်ဝန်းကျင်က သပ်သပ်၊ ကိုယ်က သပ်သပ် ဖြစ်သွားသည်။ ကိုယ်နှင့် သပ်သပ်ကြီးဖြစ်နေသော ပတ်ဝန်းကျင်မှာ ကိုယ်က စက်ရုပ်လိုသာ လှုပ်ရှားနေမိတော့၏။

အပေါ်ထပ်မှ ကကြိုးတီးလုံး တစ်ချီအပြီး၌ စင်သီယာတို့ ပြန်ဆင်းလာသည်ကို တွေ့ရ၏။

စက်ရုပ်ကဲ့သို့ပင် မြင့်နွယ်သည် စင်သီယာတို့ စားပွဲဆီ ကပ်သွား၏။

စင်သီယာနှင့်တော့ မျက်လုံးချင်းမဆိုင်မိအောင် ကြိုးစားရသည်။

စင်သီယာနှင့်တွဲသော ယောကျ်ားပျိုက စကော့ချ်နှစ်ခွက်နှင့် မာတီနီနှစ်ခွက်ကိုပင် မှာ၏။

အခြား မိန်းမပျိုက ကြားဝင်ပြော၏။

" ဒီည စင်သီယာ့ကြည့်ရတာ တစ်မျိုးပဲ၊ ယူ့ဖီယွန်ဆေးကို အောက်မေ့နေတာလား "

" အိုး . . . တောက်တီးတောက်တဲ့ မဟုတ်ပါဘူး "

" ဒါဖြင့် မလန်းဘူးလား၊ ဒီမှာ ဘွိုင် မာတီနီဆွိ ယူမလာနဲ့၊ ဒရိုင်း ကြားလား "

စင်သီယာက ပျာပျာလေး ဝင်တား၏။

" နိုး . . . ဆွိ . . . ဆွိပဲ ယူလာပါ "

မြင့်နွယ်က ကောင်တာဆီ ပြန်လာပြီး မှာသည်တို့ကို ယူလာ၏။

ပတ်ဝန်းကျင်က သပ်သပ်ကြီး ဖြစ်နေပြန်၏။ ကိုယ်ကလည်း စက်ရုပ်ကြီး။

စက်ရုပ်ကြီးကဲ့သို့ လုပ်နေရာမှ မျက်လုံးတို့သည် စင်သီယာတို့ စားပွဲဆီ ရောက်သွားမိပြန်၏။

စားပွဲ၌ ကျန်သုံးဦးက ရှိနေကြသေးသည်။ စင်သီယာကား မရှိတော့။

ဘားမင်းပေးသော ယမကာခွက်များကို လင်ပန်းလေးတွင် ထည့်နေခိုက် မန်နေဂျာ ဂျင်မီသည် အနီးသို့ရောက်လာ၏။

" မြင့်နွယ် အဲဒါတွေ ထားခဲ့၊ မင်းကို ဘော့စ် ခေါ်နေတယ်၊ မိုက်ခ်ဲ သူ့နေရာကို ခဏဝင်လိုက်ပါ "

ကိုယုကြိုင်၏ သီးသန့်ရုံးခန်းက အဆောက်အအုံ၏ အနောက်ပိုင်းတွင် ရှိသည်။

အခန်းတွင်းသို့ ဝင်လိုက်မိသည့် ခဏ၌ မြင့်နွယ်မှာ တုံ့ကနဲ ဖြစ်သွား၏။

စားပွဲရှိ ဆုံလည်ကုလားထိုင်တွင် ကိုယုကြိုင် ထိုင်နေ၏။ ရှေ့ရှိ ဆိုဖာတစ်ခုပေါ်မှာကား စင်သီယာ။

" မြင့်နွယ်ရေ ဟောဒီမှာ စင်သီယာက မင်းကို တွေ့ချင်လို့တဲ့၊ ပုသိမ်မှာ မင်းတို့ အတူတူ နေဖူးကြတယ် မဟုတ်လား"

မြင့်နွယ်က ခြေစုံရပ်ရင်း ခေါင်းညိတ်ပြ၏။

" စင်သီယာက မင်းနဲ့ ပရိုက်ဗိတ်စကား ပြောချင်လို့တဲ့၊ အေးအေးဆေးဆေး ပြောကြ "

ကိုယုကြိုင်သည် ဤမျှသာပြောပြီး အခန်းတွင်းမှ ထွက်သွား၏။

စင်သီယာက မျက်ရည်ဝဲသော မျက်လုံးလေးများနှင့် သူ့ကို ငေးငေးလေး မော့ကြည့်နေ၏။

ခြေစုံရပ်လျက်ပင် သူက မတုန်မလှုပ် ရပ်နေ၏။

" ရပ်ပဲနေတော့မလား၊ ထိုင်ပါဦး မောင် "

မောင် . . . သည်အသံကို မကြားရသည်မှာ ကြာခဲ့ပြီ။ နားမှာချိုပေမယ့် ရင်မှာက ထူးခြားစွာ ဆွေးမြည့်နာကျင်၏။

သူက ဖြေးညင်းစွာဖြင့် စင်သီယာနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။

မျက်ရည်ဝဲလျက်ကပင် စင်သီယာက သူ့ကို ပြုံးပြုံးလေး ကြည့်နေ၏။

" မောင့်ဘဝကလည်း ရုန်းရတုန်း၊ ကန်ရတုန်းပဲ ဟုတ်လား မောင် "

သူက နှုတ်ဖြင့်မဖြေဘဲ ခေါင်းညိတ်ပြ၏။

" စင်သီယာတို့ ကွဲသွားကြတာ ငါးနှစ်ရှိပြီနော် "

ဒါကိုလည်း သူက ခေါင်းညိတ်ပြ၏။

" ဘယ်လိုလဲ စင်သီယာ့ကို စကားမပြောတော့ဘူးလား "

သည်တော့မှ သူက လှုပ်ရှားမိ၏။

" ခွင့်လွှတ်ပါ စင်သီယာ၊ ကိုယ် ရုတ်တရက်ဆိုတော့ ဘယ်လိုစကားပြောရမှန်း မသိဘူး "

" စကားပြောလို့ မရတာလား၊ စင်သီယာ့ကို စကားမပြောချင်တော့တာလား "

" ဒီလိုတော့ မပြောပါနဲ့ စင်သီယာ၊ ကိုယ်တို့ကြားမှာ စိတ်နာစရာဟာ မရှိခဲ့ပါဘူး "

“ တကယ်ပြောတာလား မောင်၊ ကွဲသွားကြပြီး မောင့်ဆီကို စင်သီယာ စာလေးတစ်စောင်တောင်မှ မထည့်ခဲ့တာ စိတ်မနာဘူးလား ”

“ ကွဲသွားကြပြီး ဘာကြာသလဲ စင်သီယာ၊ တိုင်းပြည်ကြီးက သောင်းကျန်းမှုတွေနဲ့ ကမောက်ကမဖြစ်၊ ပုသိမ်မြို့ပေါ်မှာတွင် တိုက်ပွဲတွေက ဖြစ်လို့၊ ကိုယ်လည်း ဟိုပြေးဒီပြေးနဲ့ဥစ္စာ ”

“ ထားပါတော့လေ၊ အဲဒီမတိုင်ခင် အချိန်တော့ ကောင်းနေပါသေးတယ်၊ စင်သီယာ တမင် စာမထည့်ခဲ့တာ ”

သူက မဖြေ။

“ စင်သီယာ အမှန်ကို ဝန်ခံမယ်၊ မောင့်ကို စင်သီယာ နည်းနည်းတော့ စိတ်နာသွားတယ်၊ ပထမတော့ တစ်မျိုးပေါ့လေ၊ နောက် စေ့စေ့တွေးတော့ ဘာပဲပြောပြော မောင် စင်သီယာ့ကို ချစ်တယ်ဆိုတာ စင်သီယာက မောင့်ကို ချစ်တာကို မမီဘူး၊ အဲဒီတော့ စင်သီယာ စိတ်နာတယ်၊ မောင့်ကိုလဲ စိတ်နာတယ်၊ မောင့်ကိုထက် ချစ်တယ်ဆိုတာကို စိတ်နာတယ်၊ စင်သီယာ ပြောတာကို နားလည်ရဲ့လား ”

“ နားလည်ပါတယ် စင်သီယာ၊ စင်သီယာ့ကို ကိုယ် အပြစ်လည်းမတင်ပါဘူး ”

“ ဒီစကားကို ကြားရလို့ မောင့်ကို ကျေးဇူးတင်ပါတယ်၊ အဲဒီအချိန်ကစပြီး ဖြစ်ခဲ့တာမှန်သမျှကို စင်သီယာ အကုန်မေ့ပစ်လိုက်တယ်၊ ဘဝမှာ ပျော်ပျော်ပဲ နေပစ်လိုက်မယ်၊ အဲဒါကိုလည်း မောင်ခွင့်လွှတ်နိုင်မယ်လို့ ထင်ပါတယ်နော် ”

“ ဘာကြောင့် ဒါတွေကို ပြောနေရသလဲ စင်သီယာ၊ စင်သီယာ မှတ်မိသေးလား၊ ဘာတွေ ဖြစ်လာဖြစ်လာ ကိုယ် အပြစ်မတင်ဘူးလို့၊ စင်သီယာ့ကို ကိုယ်မချုပ်ချယ်ဘူး၊ စတည်းက ကိုယ်ဟာ အဆိုးဆုံးအတွက် ပြင်ဆင်ထားတဲ့လူပါ ”

“ ဒါကို စင်သီယာ ယုံတယ်၊ ယုံလို့လည်း မမျှော်လင့်ဘဲ မောင့်ကို ဒီညတွေ့တော့ စင်သီယာ့ ဝတ္တရားတစ်ခုကို စင်သီယာ သတိရလာတယ်၊ အဲဒါပြောချင်လို့ အခု တွေ့ရတာ ”

“ ဘာများလဲ စင်သီယာ ”

“ စင်သီယာ မှတ်မိသေးလားလို့ ခုနင်က မောင်က မေးခဲ့တယ်၊ စင်သီယာ မှတ်မိတာပေါ့၊ မောင်ပြောခဲ့တယ်လေ၊ မျှော်လင့်ချက်နဲ့ လူလုပ်လာရတဲ့ ဘဝမို့ မောင့်ဘက်က မျှော်လင့်ချက်ကိုတော့ မစွန့်ဘူး ဆိုတာလေ၊ ဒီည စင်သီယာ ပြောချင်တာက မဖြစ်နိုင်တော့တဲ့ အဲဒီမျှော်လင့်ချက်ကိုလည်း စွန့်လိုက်ပါတော့လို့၊ စင်သီယာနဲ့ ဖြစ်ခဲ့တာတွေရဲ့ အရိပ်မိုးမခံဘဲ မောင့်ဘဝမောင် ဖြောင့်ဖြောင့်ဆက်သွားတော့လို့ ”

စင်သီယာ့ ဆိုလိုချက်ကို သူက သဘောပေါက်သွား၏။ သဘောပေါက်ပြန်တော့ အဆိုးဆုံးအတွက် ပြင်ဆင်ထားလျက်က ရင်မှာ နင့်ဖြစ်အောင် နင့်မိသည်။

အတန်ကြာလေး ငိုင်စဉ်းစားပြီးမှ စကားကို တစ်လုံးချင်း ပြောမိ၏။

“ အခုလို ပွင့်ပွင့်လင်းလင်း ပြောလို့ စင်သီယာ့ကို ကျေးဇူးတင်မိပါတယ်၊ ရှေးတုန်းကသုံးတဲ့ စကားတစ်ခုရှိတယ်၊ လွမ်းတာကို နာတာနဲ့ဆို့တဲ့၊ ကိုယ့်အတွက်တော့ အဲဒီလိုဆို့ဖို့ နာတာဟာ မရှိပါဘူး စင်သီယာ၊ လွမ်းတာတော့ ရှိတယ်လေ၊ ရှိနေဦးမှာပေါ့၊ ကိုယ်တို့ ငယ်ငယ်က ရေကြည်ရေနောက် ဥပမာကိုပဲ ပြန်ပေးမယ်၊ ရေကြည်ကလည်း ရှိနေတယ်၊ ရေနောက်ကလည်း ရှိနေတယ်၊ အရှိတွေကတော့ အရှိတွေပါပဲ စင်သီယာ၊ ငြင်းပယ်လို့ မရဘူး၊ ဒါပေမယ့် သူတို့ မရောကြဘူး၊ ကိုယ့်ရင်မှာလည်း ဒီအတိုင်းပဲ ရှိပါစေ၊ လွမ်းတဲ့ရေနောက်ကတော့ ရှိနေမှာပဲ၊ ဒီလိုပဲ ကိုယ့်မေတ္တာ စင်သီယာ့မေတ္တာဆိုတဲ့ ရေကြည်လည်း ရှိနေပါတယ်၊ ရေနောက်ကို မြင်ပေမယ့် ကိုယ် ရေကြည်ကိုပဲ ကြည့်ဖြေပါ့မယ် စင်သီယာ ”

စင်သီယာက သူ့ကို ငေးစိုက်ကြည့်နေ၏။ မျက်နှာလေးမှာက အပြုံးနှင့် အမဲ့ ရောနေသည်။ မျက်လုံးများဆီမှ မျက်ရည်များကမူ လျှံကျနေ၏။

စင်သီယာသည် နေရာမှ ဆတ်ကနဲ ထလိုက်၏။

“ ဒီစကားကြားရလို့ စင်သီယာ ဝမ်းသာပါတယ်၊ ဩော် . . . ဒါထက် မောင့်မေမေကော ကျန်းမာရဲ့လား ”

သူ့နှုတ်က မဆိုစလောက်လေး ဆိုင်းသွားသည်။ သူ လိမ်ရတော့မည်။

“ ကျန်းမာပါတယ် စင်သီယာ၊ ကိုယ့်အမေဟာ ကျန်းမာချမ်းသာစွာ ရှိနေပါတယ် ”

အမှန်ကတော့ အမေ မရှိတော့ပြီ။ ပုသိမ်မြေမှာ အမေ့ကို မြှုပ်နှံသင်္ဂြိုဟ်၍ သားတစ်ယောက်၏ နောက်ဆုံးဝတ္တရားကို ပြုခဲ့သည်မှာ လပိုင်းသာ ရှိသေးသည်။

“ ဝမ်းသာပါတယ် မောင်၊ စင်သီယာလည်း မိုက်တုန်းက မိုက်ခဲ့ပေမယ့် မကြာခင်မှာ စင်သီယာ့မိဘ စိတ်ချမ်းသာမယ့် ကိစ္စကို စင်သီယာ လုပ်ပေးနိုင်တော့မယ်၊ မောင်လည်း ဝမ်းသာရစ်ပါ၊ သွားပြီ မောင် ”

အခန်းတွင်းမှ စင်သီယာ ထွက်သွားသည်။

ကျန်ရစ်သော သူ့ရင်မှာ ဝမ်းသာမှုနှင့် ဝမ်းနည်းမှုတို့ ရောယှက်နေသည်။

ကိုယ့်တုန်းက ကိုယ့်မိခင် စိတ်ချမ်းသာမှုကို ဦးစားပေး လုပ်ခဲ့သည်။ ယခု နောက်ဆုံးစကားအရ စင်သီယာသည် သူ့မိဘ စိတ်ချမ်းသာမှုကို လုပ်တော့မည်ဟု သိရသည်။

သည်အတွက်တော့ ဝမ်းသာမိပါသည်။

တစ်ပြိုင်နက်မှာပင် ဆွဲထားသော ကောက်ရိုးမျှင်လေးတစ်စ ရေမှာမြုပ်လိုက်ပြီကို နားလည်မိသည်။

အဲသည်အတွက်တော့ ဝမ်းနည်းရသည်။

သြော် . . . ရေကြည်နှင့် ရေနောက်၊ မရောလေသော ရေကြည်နှင့် ရေနောက်။

( ဂ )

မွန်မွန်တို့အိမ်မှ ပြန်လာပြီး ဦးမြင့်နွယ်သည် စားပွဲတွင် ထိုင်လျက် လေးနက်စွာ တွေးနေသည်။

ရေကြည်နှင့် ရေနောက်။

သည်သဘောကတော့ ပြေး၍ မလွတ်နိုင်ပြီ။

ချစ်ဖွယ် သနားဖွယ်သော မွန်မွန်၏ မျက်နှာလေးက မျက်လုံးများတွင် ပေါ်လာသည်။ မွန်မွန့်မျက်နှာလေးနှင့် ယှဉ်ပြီး စင်သီယာ၏ မျက်နှာကလည်း ပေါ်လာသည်။

အခုမှ ကိုယ့်စိတ်ကို ကိုယ် ထင်ထင်သိပြီ။

ကလေးမအတွက် ရင်မှာ ခိုင်ခိုင်မြဲနေပြီဖြစ်သော ကရုဏာနှင့် သံယောဇဉ်။ ကရုဏာကတော့ ရေကြည်ပါ၊ သံယောဇဉ်ကတော့ အင်း . . . ရေနောက်ပါတကား။

အခုမှ သိရသည်။

ရေနောက်ပါတကား။ ကြောက်ဖွယ်သော၊ ရှက်ဖွယ်သော ရေနောက်ပါတကား။

*　　*　　*

## အခန်း [ ၈ ]

( က )

စိတ်ပညာဌာန၏ သီးခြားပြုပြင်ထားသော အခန်းတွင်းရှိ ကုတင်ပေါ်တွင် မွန်မွန်က ပက်လက်ကလေးလှန်၍ လှဲနေ၏။

ကုတင်ခေါင်းရင်းတွင် ဦးမြင့်နွယ်က ကုလားထိုင်တစ်လုံးနှင့် ထိုင်နေ၏။

မွန်မွန့်အနေနှင့် မျက်နှာကျက်နံရံများကိုမူ မြင်နိုင်မည်။ ခေါင်းရင်းမှ ဦးမြင့်နွယ်ကိုကား သာမန်အားဖြင့် မမြင်နိုင်။ ဦးမြင့်နွယ်က မွန်မွန်၏ တစ်ကိုယ်လုံးကို ကောင်းစွာ မြင်နိုင်၏။

မွန်မွန်တော့ သိမည်မဟုတ်။ အခန်းတစ်နေရာရှိ လျှို့ဝှက်မှန်ပေါက်မှနေ၍ တာဝန်ချထားသော စိတ်ပညာဌာနမှ ဆရာမတစ်ဦးနှင့် နော်မြသွေးတို့ကလည်း အခန်းတွင်းကို စောင့်ကြပ်ကြည့်ရှုနေကြသည်။

ဦးမြင့်နွယ်က အမိန့်ပေးသည်။

“ ကဲ . . . ပြောလေ မွန်မွန် ”

မွန်မွန့်ထံမှ စိတ်ပျက်ခြင်းရောသော ရယ်သံလေး အရင်ပေါ်လာ၏။

“ မွန်မွန်က ဘာပြောရမှာလဲ ”

“ဆရာ ရှင်းပြခဲ့ပြီးပြီ မဟုတ်လား၊ မွန်မွန် ပြောချင်တာပြောနိုင်တယ်၊ စိတ်ထဲပေါ်လာတာကိုပြော၊ ဘာပေါ်လာလာ ပြော ”

“ မွန်မွန့်စိတ်ထဲ အခု ဘာမှ . . . မှ မပေါ်ပဲဟာ ”

“ အခု မပေါ်ရင် ပေါ်တော့မှပြော၊ ဆရာ စောင့်နားထောင်မယ် ”

“ ဒုက္ခပါပဲ ”

မွန်မွန့်ထံမှ အသံတိတ်သွား၏။ ဦးမြင့်နွယ်က နားထောင်နေ၏။

" ဆရာ "

" ဘာလဲ မွန်မွန် "

" မွန်မွန် ရယ်ချင်တယ် "

" အင်း "

" ပက်လက်ကြီးနေရတာ တစ်မျိုးကြီးပဲ၊ လူမမာလိုပဲ၊ မွန်မွန်က လူမမာလည်း မဟုတ်ဘူး "

" အင်း "

" မွန်မွန် အိပ်ပျော်သွားရင် ဘယ့်နှယ်လုပ်မလဲ "

ဦးမြင့်နွယ်က မဖြေ။

" အလကား ပြောတာပါ။ ပက်လက်ကြီး မွန်မွန် မအိပ်တတ်ပါဘူး၊ အိပ်ပျော်သွားလည်း ဖျတ်ဆို လန့်နိုးတာပဲ "

" အင်း "

" အမှန်တော့လည်း ညဆို မွန်မွန်က တော်တော်နဲ့ အိပ်မပျော်ပါဘူး၊ အိပ်လျက်နဲ့ အိပ်မပျော်တာဟာ တော်တော် စိတ်ညစ်ဖို့ကောင်းတယ် "

" ဘာဖြစ်လို့ အိပ်မပျော်တာလဲ "

" မျက်လုံး ကြောင်နေလို့ပေါ့ "

" မျက်လုံးကြောင်ရင် ဘာတွေတွေးလဲ "

" ဘာတွေတွေးလဲ၊ အို . . . အစုံပေါ့၊ ဟိုဟာတွေရော ဒီဟာတွေရော "

" အဲဒါတွေက ဘာတွေလဲ "

" ဘယ်မှတ်မိမလဲ၊ တမင်တွေးတာမှ မဟုတ်ဘဲ၊ သူ့ဘာသာသူ စိတ်ထဲရောက်လာတဲ့ ဥစ္စာ "

" ဘာတွေ စိတ်ထဲရောက်လာတာလဲ "

" အဲဒါလဲ ဘယ်မှတ်မိမလဲ၊ သူ့ဘာသာသူ ရောက်တုန်းက ရောက်လာတာတွေ "

" မနေ့ညကကော မျက်လုံးကြောင်သေးလား "

" ကြောင်တာပေါ့ "

" အဲဒီတုန်းကကော စိတ်ထဲ ဘာတွေရောက်လာသလဲ "

" ဒီနေ့ ဆရာက မွန်မွန့်ကို စကုပေးမယ်ဆိုတာ သတိရတယ် "

" အဲဒီတော့ "

" မွန်မွန် ဝမ်းသာတာပေါ့၊ ဆရာက ပြောခဲ့တယ်၊ ကုတာမဟုတ်ဘူး၊ ဉာဏ်အလင်းကို ရှာတာလို့၊ မွန်မွန်ကလည်း ရှာချင်ပါတယ်လေ၊ ပြီးတော့ . . . "

မွန်မွန်က စကားမဆက်ဘဲ ရပ်ထား၏။

" ပြီးတော့ ဘာဖြစ်သလဲ "

" ပြီးတော့ မွန်မွန် ပျောက်ချင်ပါတယ်လေ၊ မွန်မွန် ဒုက္ခိတဘဝကို မွန်မွန်အတွက်တော့ မွန်မွန် . . . အဲ . . . မထူးပါဘူး၊ ဘဝက ဝဋ်ကြွေးမဟုတ်လား၊ ဒါပေမယ့် . . . "

မွန်မွန်သည် စကားရပ်သွားပြန်၏။

" ဒါပေမယ့် ဆက်လေ မွန်မွန် "

" ဒါပေမယ့် ဒက်ဒီနဲ့ မာမီကိုတော့ သနားတယ် "

" ဘာကို သနားတာလဲ "

" သနားတာလည်း မဟုတ်ပါဘူးလေ၊ ဟိုဒင်း မွန်မွန် ဘယ်လိုပြောရမလဲ "

မွန်မွန်သည် စဉ်းစားနေဟန် ရပ်နေ၏။ ဦးမြင့်နွယ်က ဘာမျှ မတိုက်တွန်းဘဲ နားထောင်နေ၏။

မွန်မွန်က သက်ပြင်းလေးရှိုက်ပြီး ဆက်ပြော၏။

" မွန်မွန်ဟာ ဒက်ဒီနဲ့ မာမီအတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေတယ်မဟုတ်လား၊ မာမီနဲ့ ဒက်ဒီဟာ မွန်မွန့်ကို သိပ်လည်းချစ်တယ်၊ သိပ်လည်း အလိုလိုက်တယ်၊ မာမီနဲ့ ဒက်ဒီအတွက် မွန်မွန် စိတ်မကောင်းဘူး၊ အမှန်ကလေ မွန်မွန်သာ ဒီလိုဖြစ်မနေရင် မွန်မွန်တို့အိမ်သာ သိပ်ပျော်ဖို့ကောင်းမယ်၊ အခုထက် ပျော်ဖို့ကောင်းမယ်၊ ဆရာရယ် မွန်မွန် တကယ် ပျောက်ချင်ပါတယ် "

မွန်မွန်က စကားဆုံးဟန် ရပ်သွား၏။ ဦးမြင့်နွယ်သည် ဆက်နားထောင်နေသေး၏။ မွန်မွန့်ထံမှ စကားသံ ထပ်ပေါ် မလာမှ ဆို၏။

" ဆက်ပြောလေ "

" မွန်မွန်ပြောတာ ပြီးပြီပဲ၊ ဘာဆက်ပြောရမှာလဲ "

" တခြား ပြောချင်တာပေါ့ "

" တခြား ပြောချင်တာမှ မရှိဘဲ "

" စဉ်းစားပါဦးလေ "

" အဲဒီလိုဆို မွန်မွန် စဉ်းစားလိုက်ဦးမယ် "

အခန်းတွင်းမှာ တိတ်နေပြန်၏။ ဦးမြင့်နွယ်က နားထောင်နေသည်။ အတန်ကြာသည်အထိ မွန်မွန့်ထံမှ စကားသံ ပေါ်မလာ။

" စဉ်းစားလို့ရပလား "

" ဟင့်အင်း "

" စိတ်ထဲ ဘာမှ ပေါ်မလာဘူးလား "

" ပေါ်တာတော့ ပေါ်တာပေါ့ "

" ဘာပေါ်လဲ "

" ဆရာ "

" ဘာလဲ မွန်မွန် "

" ဆရာ့ကို ခေါ်တာမဟုတ်ဘူး၊ မွန်မွန့်စိတ်ထဲ ဆရာပေါ်လာတယ်လို့ ပြောတာ "

" သြော် . . . အင်း "

" ဆရာ မွန်မွန့်ကို စိတ်မပျက်ဘူးလား "

" ဟင့်အင်း "

" မွန်မွန် တစ်ခုတွေးမိသေးတယ် "

" အင်း "

" တစ်ခုမဟုတ်ပါဘူးလေ၊ နှစ်ခု သုံးခုတောင် "

" ဘာတွေလဲ "

" ဟို . . . ကက်ပ်ဖုံးလေးရယ်၊ ဇာဝိကုန်းနားက စိတ္တသုခ ဝပ်ရှော့ဆိုတာရယ် "

" အင်း "

" အဲဒီတုန်းက မွန်မွန့်ကားပျက်တာ ခပ်ကောင်းကောင်းပဲ၊ နို့မို့ဖြင့် ဆရာနဲ့ မွန်မွန် ခင်မိကြမှာ မဟုတ်ဘူး "

" ဟုတ်တာပေါ့ မွန်မွန် "

" ဆရာ့ဆီ စလာတုန်းက မွန်မွန်လေ ကြောက်လိုက်တာ၊ မတွေ့ချင်တဲ့လူကို လာတွေ့မိတာဆိုရင် ဘယ့်နှယ် လုပ်မလဲ၊ ဒါပေမယ့် ဆရာက မွန်မွန့်ကို ကောင်းကောင်းလက်ခံတော့ မွန်မွန် ဝမ်းသာလိုက်တာလေ "

" ဆရာ ယုံပါတယ် "

" ပြီးတော့ ဆရာက ပြောတယ်၊ လောကကြီးဟာ ဒီလောက် မဆိုးပါဘူးတဲ့၊ အခုတော့ မွန်မွန်လည်း ထင်တယ်၊ လောကကြီးဟာ ထင်သလောက်မဆိုးပါဘူး၊ ဟုတ်တယ်နော် ဆရာ "

" ဒါပေါ့ မွန်မွန် "

" သြော် . . . ပြီးတော့ မာမီနဲ့ ဆရာက ငယ်ငယ်တုန်းက သူငယ်ချင်းနော် "

" ဟုတ်တယ် မွန်မွန် "

" မာမီက အခုထိ သိပ်လှတာပဲ။ တချို့က ပြောကြတယ်၊ မွန်မွန်က မာမီ့ကို မမှီဘူးတဲ့၊ မွန်မွန်က စိတ်မဆိုးပါဘူး၊ ကိုယ့်အမေတော့ ကိုယ်မနာလို မဖြစ်ပါဘူး၊ မွန်မွန်လှတာ မာမီလှလို့ပေါ့ မဟုတ်ဘူးလား "

" မှန်တာပေါ့ မွန်မွန် "

" မွန်မွန် တွေးမိတယ်၊ ငယ်ငယ်တုန်းကဆို မာမီက ခုထက် လှမှာပေါ့နော် ဆရာ "

" လှတာပေါ့ မွန်မွန်၊ မွန်မွန်နဲ့လည်း သိပ်တူတယ် "

" ဆရာနဲ့ မာမီ အဲဒီတုန်းက သိပ်ခင်ကြသလား "

" မွန်မွန် ဆရာနဲ့ မာမီက ကိစ္စမရှိဘူး၊ မွန်မွန့်အကြောင်းကို ပြောပါ "

" နို့ . . . ဆရာကပဲ ပြောချင်တာပြောဆို၊ မွန်မွန့်စိတ်ထဲ ပေါ်တာပြောဆို "

" အောလ်ရိုက်ထ်၊ သိပ်မခင်ဘူး၊ ဆရာက ဆင်းရဲတယ်၊ မွန်မွန့်မာမီက အရေးပိုင်သမီး၊ ဘဝချင်း မတူဘူး၊ ကျောင်းချင်းကလည်း တခြားစီ "

" အိမ်ချင်းကော မနီးဘူးလား "

" ရပ်ကွက်ချင်းက တခြားစီ "

" နို့ . . . ဆရာတို့ ဘယ်လိုလုပ် သူငယ်ချင်း ဖြစ်သလဲ "

" သူငယ်ချင်းဆိုတာ ယဉ်ကျေးမှုနဲ့ စကားအဖြစ်ပြောကြတာ၊ အမှန်က သိဖူးကျွမ်းဖူးတယ်၊ ဒါလောက်ပါပဲ "

" အင်းလေ ဘယ်လိုလုပ် သိကြကျွမ်းကြတာလဲ "

" တစ်မြို့တည်းနေကြတော့ ဒီလိုပဲ သိကျွမ်းသွားတာပေါ့၊ ကောင်းပြီ ဆရာမေးမယ်၊ မွန်မွန့်မှာကော ယောက်ျားလေး မိတ်ဆွေ မရှိဘူးလား "

" မရှိဘူး၊ ခင်တဲ့မင်တဲ့ စကားလေးဘာလေး ပြောတဲ့လူလောက်တော့ ရှိတာပေါ့ "

" အဲဒါ ယောက်ျားလေးမိတ်ဆွေ မဟုတ်ဘူးလား "

" ယောက်ျားလေးမိတ်ဆွေဆိုတာ ရည်းစားကိုပြောတာ မဟုတ်ဘူးလား "

" ကောင်းပြီ ဆရာ့ကို မှန်မှန်ဖြေနော်၊ လွတ်လွတ်လပ်လပ် ဆွေးနွေးခြင်းဟာ ဉာဏ်အလင်းအတွက် အရေးကြီးတယ်ဆိုတာ ဆရာ ရှင်းပြခဲ့ပြီးပြီနော် "

" မွန်မွန် မှတ်မိပါတယ် "

" ကဲ . . . ဒါဖြင့် ဆရာ မေးမယ်၊ မွန်မွန့်မှာ ချစ်သူရှိဖူးလား "

" မရှိပါဘူး၊ မွန်မွန့်ကိုကော ဘယ်သူက ချစ်သူလုပ်မှာလဲ "

" မွန်မွန် ဘယ်ကျောင်းမှာ နေခဲ့လဲ "

" အင်းဂလစ်ရှ် မက်သော့ဒစ်တ်၊ အခု ဒဂုန် အထက . . . ဘယ်လောက်ဆိုလဲ "

" မွန်မွန် ကျောင်းအိပ်ကျောင်းစား နေခဲ့တာလား "

" မဟုတ်ဘူး၊ အဲဒီတုန်းက မွန်မွန်တို့က ရန်ကုန်မှာ နေတယ် "

" မွန်မွန် ကျောင်းနေခဲ့တဲ့ဘဝကို ပြန်ပြောပါ "

" ကျောင်းနေခဲ့တဲ့ဘဝ "

" ဟုတ်တယ် "

" မွန်မွန် စဉ်းစားဦးမယ် "

" စဉ်းစားပါ "

မွန်မွန်သည် အတန်ကြာအောင် ငြိမ်နေပြီးမှ ပြော၏။

" မွန်မွန်တို့ ငယ်ငယ်တုန်းက အဲဒီကျောင်းကို လူတိုင်းနေချင်လို့ နေရတာမဟုတ်ဘူး၊ အဝင်ရ သိပ်ခက်တယ်လို့ ပြောတယ်၊ ဒါပေမယ့် မွန်မွန်တော့ မခက်ပါဘူး၊ မာမီက အဲဒီကျောင်းက ကျောင်းသူဟောင်းတဲ့ "

ဦးမြင့်နွယ်သည် စင်သီယာနှင့် တွေ့သည့်အဖြစ်ကို အမှတ်ရသည်။ ယင်းကျောင်းသူဖြစ်ကြောင်း စင်သီယာ ပြောခဲ့၏။

" မွန်မွန်တို့ကျောင်းက သိပ်ပျော်ဖို့ကောင်းပါတယ်၊ မွန်မွန်က စာလဲတော်တော့ ဆရာမတွေက သိပ်ချစ်တယ်၊ မွန်မွန့် သူငယ်ချင်းတွေကလည်း မွန်မွန့်ကို ချစ်ကြတာပဲ၊ ပြီးတော့ မွန်မွန့်မှာ ဘာမှလည်း လိုလေသေးမရှိဘူး၊ မော်တော်ကားနဲ့ ကျောင်းတက်တယ်၊ အဝတ်လှလှ ဝတ်ရတယ်၊ မုန့်ဖိုးလည်း အများကြီးရတယ်၊ ကွန်ဆတ်ရှိရင် မွန်မွန်ထိပ်က အမြဲကရတာပဲ၊ မွန်မွန် လူရည်ချွန်တောင် ခရိုင်အဆင့်အထိ တက်ဖူးတယ် "

" လူရည်ချွန်တော့ အရွေးမခံရဘူးပေါ့ "

" ဟင့်အင်း "

" အရွေးမခံရလို့ မွန်မွန် စိတ်ထိခိုက်သလား "

" ဟင့်အင်း ခရိုင်အဆင့်အထိ ရောက်ဖူးတာလည်း ဂုဏ်ရှိတာပဲဟာ၊ ပြီးတော့ အရွေးခံရသူကလည်း မွန်မွန့် သူငယ်ချင်း၊ မွန်မွန့်ထက် သူက အားကစားမှာ ပိုတော်တယ် "

" သြော် . . . သြော် . . . "

" နောက် . . . ဘာပြောရဦးမလဲ "

" မွန်မွန် ပြောချင်တာပြောပေါ့ "
" ကျောင်းအကြောင်းက ပြောဖို့ကုန်ပြီ "
" ဒါဖြင့် အိမ်အကြောင်းပြော "
" အိမ်အကြောင်း၊ အဲဒါတော့ ဆရာ မွန်မွန်တို့အိမ် ရောက်ဖူးသားပဲဟာ "
" ကိစ္စမရှိဘူး ပြောပါ "
" မွန်မွန်တို့အိမ်က ပျော်ဖို့ကောင်းပါတယ်၊ ဆရာ့ကို မွန်မွန် ပြောဖူးတယ် မဟုတ်လား၊ မွန်မွန်တို့အိမ်က လွတ်လပ်တယ်လို့၊ မွန်မွန်လုပ်ချင်တာ မွန်မွန်လုပ်နိုင်တယ်၊ မွန်မွန်ကလည်း မဟုတ်တာမလုပ်ပါဘူး၊ မွန်မွန့်ကိုယ် မွန်မွန် ပျော်အောင်နေတာပဲလေ ပြီးတော့ မမမြကလည်း ရှိတယ်မဟုတ်လား၊ မမမြအကြောင်းကော ပြောရဦးမလား "
" မွန်မွန် ကြိုက်တာပြော "
" မမမြမှာ ချစ်သူရှိတယ် "
" ဩော် . . . အင်း "
" သူ့ချစ်သူက ဆရာဝန်တဲ့၊ အခု ကနေဒါကို ကိုလံဘိုပလန်နဲ့ ခဏသွားနေတာတဲ့ "
" အသက်ကြီးပြီပေါ့ "
" လူပျိုကြီးတဲ့၊ ဩော် . . . ဆရာ့ကိုလည်း လူပျိုကြီးလို့ ခေါ်ရမှာပဲနော် "
" ဟုတ်တယ် မွန်မွန် "
" အဲဒီလိုခေါ်ရင် ဆရာ စိတ်ဆိုးသလား "
" စိတ်ဆိုးစရာမရှိပါဘူး မွန်မွန် "
" ဘာကြောင့် လူပျိုကြီးတွေဟာ လူပျိုကြီး ဖြစ်နေကြတာလဲ "
" ချစ်ရမယ့်သူ မတွေ့သေးလို့ပေါ့ "
" ဘာကြောင့် အဲဒီလို မတွေ့သေးတာလဲ "
" မပေါ်သေးလို့ပေါ့ "
" ပေါ်ရင်တော့ ချစ်မယ် မဟုတ်လား "
" ချစ်မှာပေါ့ "
မွန်မွန်သည် စကားမဆက်ဘဲ ငြိမ်နေပြန်၏။
" ဆက်ပြောလေ မွန်မွန် "
" ဘာအကြောင်း ဆက်ပြောရမှာလဲ "
" နော်မြသွေးအကြောင်း ပြောနေတယ် မဟုတ်လား "
" အဲဒါကို ဆက်ပြောရဦးမယ် "
" မွန်မွန့်သဘောပါပဲ "
" ဆက်ပြောမယ်လေ၊ မမမြတို့က ငယ်ငယ်ကတည်းက တွေ့ကြတာတဲ့၊ ဒါပေမယ့် အကြောင်းမညီညွတ်လို့ မယူခဲ့ကြရဘူး၊ မွန်မွန်ကတော့ ထင်ပါတယ်၊ လူကြီးတွေကြောင့်ပါ၊ မမမြတို့က ဘာသာချင်း မတူဘူးတဲ့၊ အခုတော့ လူကြီးတွေက မရှိတော့ဘူးတဲ့၊ ကနေဒါက ပြန်လာရင် လက်ထပ်ကြမယ်တဲ့၊ အဲဒီလိုဆို မွန်မွန် ဘယ်လိုလုပ်နေရမှန်း မသိတော့ဘူး"
" အဲဒီအချိန်ကျတော့ မွန်မွန်ဟာ နော်မြသွေးမရှိလည်း ဖြစ်နေပါပြီ "
" တကယ်ပြောတာလား "
" တကယ်ပြောတာ မွန်မွန် "
" မွန်မွန် ဒီလိုပဲ စကားပြောရင်းက ကောင်းသွားမယ် ဟုတ်လား "
" ဟုတ်တယ် မွန်မွန် "
" မွန်မွန် အခု ကောင်းမှ မကောင်းလာသေးပဲ "
" စိတ်ရှည်ရမယ် မွန်မွန်၊ စိတ်ရှည်ရမယ်လို့ ဆရာ ပြောမထားဘူးလား "
" ဟုတ်ပါတယ်လေ၊ မွန်မွန် စိတ်ရှည်ပါ့မယ်၊ ကဲ . . . မွန်မွန် ဘာထပ်ပြောရဦးမလဲ "
ဦးမြင့်နွယ်က နာရီကို ငုံ့ကြည့်၏။
" ဒီနေ့အတွက်တော့ တော်ပြီ မွန်မွန် "
ဦးမြင့်နွယ်က ထိုင်ရမှထပြီး ကုတင်ဘေး၌ သွားရပ်၏။

သူ ကမ်းပေးသောလက်ကို ဘယ်လက်နှင့် လှမ်းဆွဲအားပြုပြီး မွန်မွန်က ထထိုင်၏။

စိတ်ပညာဌာနရှေ့တွင် ထနောင်းပင်တို့က အရိပ်ကောင်းလှ၏။ ထနောင်းပင်စည်တို့က ဝါဝင်းပြီး အရွက်စိပ်စိပ်တို့က စိမ်းမြနေသည်။

ထနောင်းပင်ရိပ်တွင် ရပ်ထားသော ကားဖြူဆီသို့ မွန်မွန်နှင့် နော်မြသွေးကို လိုက်ပို့ပြီး ဦးမြင့်နွယ်သည် အခန်းဆီ ပြန်လာခဲ့သည်။

ဆရာမ ဒေါ်ကြင်စိန်က ဆီးမေးသည်။

" အခြေအနေ ဘယ်လိုလဲ ဆရာ "

" ထုံးစံအတိုင်းပေါ့ ဒေါ်ကြင်စိန်၊ ရီဆစ်စတန့်စ် (ဖီဆန်ခြင်း)က ရှိနေတယ်၊ ဒါပေမယ့် ဆရာမလည်း သိသားပဲ၊ ရီဆစ်စတန့်စ်လာရင် သဲလွန်စ ဖမ်းနိုင်တာပေါ့ "

" ရက်ပွားကော ဆရာ "

" ကောင်းပါတယ်၊ သာမန်အခြေမှာ မပြောမယ့်စကားတွေ အတော်ပြောသွားပါတယ် "

" ဟုတ်လား ဂွဒ်လပ်ခ် ဆရာ "

" သန့်ခ်ယူ ဆရာမ "

ဦးမြင့်နွယ်သည် ကုခန်းအတွင်း ပြန်ဝင်သည်။

လျှို့ဝှက်အံဖုံးကို ဖွင့်ပြီး ရက်ကော့ဒါကို ဆွဲထုတ်သည်။

မိမိ အချိန်တွက် မဆိုး။ ရက်ကော့ဒါတွင် ကြိုးတစ်ခွေ မကုန်သေး။

ဦးမြင့်နွယ်က တိတ်ကြိုးခွေ ဘီးကို ဖြုတ်ယူလိုက်သည်။

*　*　*

## အခန်း [ ၉ ]

ဆောင်းသည် နွေဘက်သို့ ယိုင်လာ၏။

ဆောင်းသည် နွေဘက်ယိုင်လာကာမှ မန္တလေး၏ ပတ်ဝန်းကျင်သည် ပို၍ပင်လှပလာသည်။

ထနောင်း၊ ဆူးဖြူနှင့် ကန္တာရပင်တို့က စိမ်းမြနေဆဲတွင် တမာရွက်တို့က စကြွေနေကြပြီ။

ဆောင်းယွန်းယိုင်နွေ၊ လေဝန်းရစ်ကာခွေ၊ ရွက်ဝါကြွေ၊ နွေမူးမူး ဟူသော မြမြမောင်းမောင်းပတ်ပျိုးမှ သည်စာပိုဒ်က ဖော်ကျူးသော အလှတို့ကို မြင်ရစပြုပြီ။

ရွက်ဝါကြွေ နွေမူးမူး . . . ဟုတ်လိုက်လေသည်။ နွေတော့ မဟုတ်သေး။ နွေမူးမူး၊ နွေရောက်လုပြီ၊ တမာရွက်တို့က ဦးဦးဖျားဖျား စကြွေပြုကြပြီ။

နှင်းတို့မူ ရှိသေးသည်။ ရှစ်ခွင်တိုင်းက အုံ့မှိုင်းရီဆဲ။ ပေါက်ပင် လဲပင်တို့ထက် ပတ္တမြားပွင့်တို့ ရဲရဲနီနေပြီ။

ဥသြသံ စကြားရသော နွေလသာသည့် ညဥ့်ပြာပြာ တစ်ချိန်တွင် ဦးမြင့်နွယ်သည် သန်းခေါင်ကျော်သည်အထိ အိမ်ပေါ်ထပ်တွင် အလုပ်များနေသည်။

စားပွဲပေါ်တွင် တိတ်ခွေလေးတွေက စီနေ၏။ စုစုပေါင်း ဆယ်ခုရှိပြီ။

ဖွင့်ထားသော ရက်ကော့ဒါမှ မွန်မွန်၏အသံလေးသည် တိုတိုးပေါ်လာနေ၏။

" အဲဒါပဲ ထပ်တလဲလဲ ပြောနေရတယ်၊ မွန်မွန် စိတ်မရှည်တော့ဘူး ဆရာ "

ဦးမြင့်နွယ်က ပြုံးမိ၏။

" စိတ်ဆင်းရဲတာ မွန်မွန် ပြောပါရောလား၊ မွန်မွန့်မှာ ဘာမှ စိတ်ဆင်းရဲတာမရှိခဲ့ဘူး၊ စိတ်ဆင်းရဲတာက လက်သေသွားမှ၊ အဲဒီနောက်တော့ စိတ်က ချမ်းသာနိုင်ပါ့ဦးမလား ဆရာပဲ စဉ်းစားကြည့် "

မွန်မွန့်အသံလေး၌ ဒေါသရိပ် အနည်းငယ် လွှမ်းနေသည်။

" ဆရာ စိတ်ညစ်သွားပြီလား၊ မွန်မွန့်ကို ခွင့်လွှတ်ပါ ဆရာ၊ မွန်မွန် ဘယ်သူ့ကိုမှ စိတ်ညစ်အောင် မလုပ်ချင်ပါဘူး၊ မွန်မွန့်ဝဋ်နဲ့ မွန်မွန်ပါ ဆရာ၊ ဝဋ်ရှိလို့ပဲ မွန်မွန်တော့ မှတ်ထားတယ် "

ဦးမြင့်နွယ်သည် ရက်ကော့ဒါကို ပိတ်လိုက်သည်။

ယခုအချိန်အထိ မွန်မွန်၏ ဖီဆန်ခြင်းကို သူ မဖြိုဖျက်နိုင်သေး။ ဦးမြင့်နွယ်သည် မှတ်ချက်တွေ တေးထားသော စာရွက်ကို ကြည့်သည်။

သာမန်ကြည့်တော့ မွန်မွန်၏ စကားလေးတွေ၌ မသင်္ကာဖွယ် ရုတ်တရက်မတွေ့။

ထပ်တလဲလဲ ပြောသော စကားလေးတွေတော့ ရှိနေသည်။

" မွန်မွန် စိတ်ချမ်းသာခဲ့ပါတယ်၊ မွန်မွန့်မှာ လိုလေသေးမရှိဘူး၊ ဒက်ဒီနဲ့ မာမီကို မွန်မွန် သနားတယ်၊ မွန်မွန်ဟာ ဒက်ဒီနဲ့ မာမီအပေါ် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေတယ် "

ကာကွယ်ခြင်း၊ စိတ်ရောဂါ ကာကွယ်ခြင်း၊ ဒါကိုတော့ ဦးမြင့်နွယ် သိပြီ။ ဘာကို ကာကွယ်ထားပါသနည်း။

ဦးမြင့်နွယ်သည် မျက်မှောင်ကြုတ် စဉ်းစားနေရာမှ ရုတ်တရက် လှုပ်ရှားလာ၏။

ရက်ကော့ဒါ၌ တပ်လျက်ရှိသော တိတ်ခွေကို ဖြုတ်ယူလိုက်သည်။ ထို့နောက် စားပွဲပေါ်မှ တိတ်ခွေတစ်ခုကို ရက်ကော့ဒါ၌ တပ်လိုက်သည်။

ပထမဆုံးနေ့က သွင်းထားသော တိတ်ခွေပါ။

ဦးမြင့်နွယ်သည် ရှေ့ပိုင်းတွင် လွန်သွားအောင် တိတ်ခွေကို အမြန်လည်စေသည်။ နောက်ပိုင်းကျ အသံထွက်အောင် ဖွင့်သည်။

ရက်ကော့ဒါမှ မိမိနှင့် မွန်မွန်တို့ အပြန်အလှန်ပြောသံ ပေါ်ထွက်လာ၏။

" နောက် ဘာပြောရဦးမလဲ "

" မွန်မွန်ပြောချင်တာ ပြောပေါ့ "

" ကျောင်းအကြောင်းက ပြောလို့ကုန်ပြီ "

" ဒါဖြင့် အိမ်အကြောင်းပြော "

" အိမ်အကြောင်း၊ အဲဒါတော့ ဆရာ မွန်မွန်တို့အိမ် ရောက်ဖူးသားပဲဟာ "

" ကိစ္စမရှိဘူး ပြောပါ "

" မွန်မွန်တို့ အိမ်က ပျော်ဖို့ကောင်းပါတယ်၊ ဆရာ့ကို မွန်မွန် ပြောဖူးတယ် မဟုတ်လား၊ မွန်မွန်တို့အိမ်က လွတ်လပ်တယ်လို့၊ မွန်မွန် လုပ်ချင်တာ လုပ်နိုင်တယ်၊ မွန်မွန်ကလည်း မဟုတ်တာ မလုပ်ပါဘူး၊ မွန်မွန့်ကိုယ် မွန်မွန် ပျော်အောင်နေတာပဲလေ၊ ပြီးတော့ မမမြလည်း ရှိတယ် မဟုတ်လား၊ မမမြအကြောင်းကော ပြောရဦးမလား "

ဦးမြင့်နွယ်က ရက်ကော့ဒါကို ပိတ်လိုက်သည်။

တွေ့ပြီ။ ယခုမှ တွေ့ပြီ။ သြော် . . . ညံ့လိုက်ပါဘိ။

မွန်မွန်က တိမ်းရှောင်ထားသည်။ ဒါကို စောစောက သတိမပြုမိ။

အိမ်အကြောင်းက နော်မြသွေးအကြောင်းဆီ လှည့်သွားသည်။

ဘာကြောင့် လှည့်ရသနည်း။ အဖြေက ရှင်းပြီ။ မိမိအတွက်က ရှင်းပြီ။

ဦးမြင့်နွယ်သည် တိတ်ခွေများကို စနစ်တကျ ပြန်သိမ်းသည်။

မနက်ဖြန်ဆိုလျှင် မွန်မွန်နှင့် တွေ့ရဦးမည်။

မနက်ဖြန်သည် ကုသခန်း၌ နောက်ဆုံးတွေ့ရခြင်း ဖြစ်လိမ့်မည် ထင်သည်။

*

သည်နေ့မှာ မွန်မွန်က တစ်ကိုယ်လုံး ပန်းနုရောင် ဆင်လာသည်။

ထဘီလေးကလည်း ပန်းနုရောင်၊ အင်္ကျီလေးကလည်း ပန်းနုရောင်၊ ရင်ခွဲဆွယ်တာ အပါးစားလေးကလည်း အနည်းငယ်သာ ပိုရင့်သည့် ပန်းနုရောင်။

အဝတ်အစားမှ ပန်းနုရောင်က ဟပ်သဖြင့် အသားလေးတွေကလည်း ပန်းနုရောင်ပြေးနေသည်။

ချယ်ရီပန်းခိုင်လေးလို လှနေသော မွန်မွန်သည် ကုသခန်း ကုတင်ပေါ်တွင် ထိုင်နေ၏။

မျက်နှာလေးကမူ အနည်းငယ် နွမ်းနေ၏။

သြော် . . . ပင်ပန်းရှာပေမည်။ တစ်ပတ်လျှင် ငါးကြိမ်၊ နှစ်ပတ်ဆိုတော့ ဆယ်ကြိမ်။ ယနေ့နှင့်ပါဆိုလျှင် ဆယ့်တစ်ကြိမ်။ ကုသရေးဟူသည်မှာ စင်စစ် စိတ်ဓာတ်ချင်း တိုက်ပွဲပါ။ မသိစိတ်နှင့် အသိစိတ်။ အတိတ်သညာနှင့် ပစ္စုပ္ပန် အမှန်တရား၊ အဝိဇ္ဇာနှင့် ဝိဇ္ဇာ။ ယင်းတို့၏ တိုက်ပွဲပါ။ ပင်ပန်းလှသော စိတ္တဇတိုက်ပွဲပါ။

မွန်မွန်သည် သက်ပြင်းကလေးရှိုက်ပြီး မေး၏။
" ဒီနေ့လည်း ဟိုနေ့တွေကလိုပဲ ထပ်ပြောနေရဦးမှာလား "
" ဟုတ်တယ် မွန်မွန် "
" မွန်မွန် မပြောချင်တော့ဘူး "
" ဘာဖြစ်လို့ မပြောချင်ရတာလဲ "
" မွန်မွန့်မှာ ပြောစရာကုန်ပြီ "
" တကယ် "
" တကယ်ပေါ့၊ ဆရာက ဘာလို့ အဲဒီလို မေးတာလဲ "
" မွန်မွန့်မှာ ပြောစရာတွေ ရှိပါသေးတယ် "
မွန်မွန်က သူ့ကို မျက်မှောင်လေးကြုတ်၍ ပြန်ကြည့်သည်။
" ဆရာက ဘယ်လိုလုပ် သိသလဲ "
" ဆရာ့ကို ပြန်ပြောမနေနဲ့ မွန်မွန်၊ ကုတင်ပေါ်မှာ အိပ်ပါ "
" မွန်မွန် ထိုင်ပြီး မပြောရဘူးလား "
" မွန်မွန် အိပ်ဖို့ ကြောက်နေသလား "
" အိုး . . . ဘာလို့ ကြောက်ရမှာလဲ "
" မကြောက်ရင် အိပ်ပါ မွန်မွန် "
မွန်မွန်က သူ့ကို စိုက်ကြည့်နေ၏။
သူက အေးချမ်းစွာ ပြုံးပြပြီး မွန်မွန့်ကို ပြန်ကြည့်နေ၏။
မွန်မွန်သည် သက်ပြင်းကလေးတစ်ချက် ထပ်ချပြီး ကုတင်ထက်တွင် အိပ်၏။
သူက ခေါင်းရင်း ကုလားထိုင်တွင် ဝင်ထိုင်၏။
" ကဲ . . . ပြော . . . မွန်မွန် "
" မွန်မွန် ဘာပြောရမှာလဲ "
" ကောင်းပြီ ဆရာပြောမယ်၊ သေသေချာချာ နားထောင်၊ မွန်မွန် ငယ်ငယ်တုန်းက အကြောင်းပြော၊ မွန်မွန် ငယ်ငယ်တုန်းက အိမ်မှာနေရတဲ့အကြောင်းပြော၊ အကုန်လုံး မှတ်မိသမျှ ပြော "
မွန်မွန့်ထံမှ ချက်ချင်း စကားသံမလာ။ အတန်ကြာမှ တစ်လုံးချင်း ပြောသည်။
" မွန်မွန်တို့ ငယ်ငယ်တုန်းက ရန်ကုန်မှာနေတယ်၊ မွန်မွန်တို့အိမ်က တက္ကသိုလ်ရိပ်သာလမ်းမှာ၊ အခု အဲဒီအိမ်ကို ဒက်ဒီက သံရုံးတစ်ရုံးကို ငှားထားတယ်၊ တစ်လ လခ နှစ်ထောင်ရတယ် "
" ဘယ်တုန်းက ငှားထားတာလဲ "
" မွန်မွန်တို့ ဒီပြောင်းမလာခင် "
" ကောင်းပြီ၊ အဲဒီမှာ နေတုန်းက အကြောင်းပြော "
" မွန်မွန်တို့အိမ်ကြီးက အကြီးကြီး၊ ခြံကြီးကလည်း အကျယ်ကြီး၊ အဲဒီတုန်းက သိပ်ပျော်ဖို့ကောင်းတယ်၊ အိမ်မှာ ပါတီခဏခဏလည်း လုပ်တယ်၊ ပါတီတစ်ခါလုပ်ရင် မွန်မွန် အဝတ်အစား အသစ်တစ်ခုရတယ်၊ မွန်မွန် သိပ်ပျော်တယ်၊ အို . . . ဒက်ဒီလည်း ပျော်တယ်၊ မာမီလည်း ပျော်တာပဲ "
ဦးမြင့်နွယ်က ဖြတ်မေးသည်။
" မွန်မွန့်ဒက်ဒီနဲ့ မာမီက မွန်မွန့်ကို သိပ်ချစ်သလား "
" ချစ်တာပေါ့ "
" မွန်မွန်ကကော ဒက်ဒီနဲ့ မာမီကို ချစ်သလား "
" ချစ်တာပေါ့၊ ဘာလို့ အဲဒီလို မေးတာလဲ "
" ကောင်းပြီ၊ မွန်မွန့်မာမီနဲ့ ဒက်ဒီအကြောင်းပြော "
" ဘာတွေပြောရမှာလဲ "
" မွန်မွန့်မာမီနဲ့ ဒက်ဒီအကြောင်း "
" အင်းလေ ဘာပြောရမှာလဲ "
" ပြောချင်တာပြော "

" မာမီက လှတယ်၊ အင်္ဂလိပ်စကားလည်း ကောင်းကောင်းပြောတတ်တယ်၊ ခေတ်လည်း မီတယ်၊ ပွဲတစ်ခုခုသွားရင် လူတွေက မာမီ့ကို ငေးကြည့်ရတာပဲ၊ ဒက်ဒီကလည်း ချောတယ်၊ အဝတ်အစား ကောင်းကောင်း ဝတ်တတ်တယ်၊ မာမီနဲ့ ဒက်ဒီကို ရှေ့သွားနောက်လိုက်ညီတယ်လို့ လူတွေက ပြောကြတယ် "

" အင်း "

" မာမီ့ဒက်ဒီက အတွင်းဝန်ကြီး၊ သရေစည်သူဆိုလား အဲဒီဘွဲ့ရတယ်၊ ဒက်ဒီ့ဖေဖေက သူဌေး၊ ကျောက်တွင်းသူဌေး၊ ဒက်ဒီက အမွေတွေ အများကြီး ရထားတယ်၊ မိုးကုတ်မှာ ကျောက်တွင်းတွေလည်း ရှိတယ်၊ ဒက်ဒီနဲ့ မာမီမှာ ဘာမှ လိုလေသေး မရှိဘူး၊ မွန်မွန်လည်း လိုချင်တာ အကုန်လုံးရတာပဲ "

" မွန်မွန့်မာမီနဲ့ ဒက်ဒီက မွန်မွန့်ကို သိပ်ချစ်တယ် ဟုတ်လား "

" ဟုတ်တယ် သိပ်ချစ်တယ် "

" အင်း . . . အဲဒီအကြောင်းပြော "

" ဘယ်အဲဒီအကြောင်းလဲ "

" ဆရာပြောတာကို မွန်မွန်နားလည်ပါတယ်၊ မွန်မွန့်ဒက်ဒီနဲ့ မာမီက မွန်မွန့်ကို ချစ်တယ်၊ ဘယ်လိုချစ်သလဲ၊ အဲဒါကိုပြော "

မွန်မွန်က ငြိမ်နေသည်။ သူက တိုက်တွန်း၏။

" ပြောလေ မွန်မွန် "

" မွန်မွန် . . . မွန်မွန် မပြောတတ်ဘူး "

" ဘာလို့ မပြောတတ်တာလဲ "

" ဆရာက သိပ်ခက်တာပဲ၊ ချစ်တာဟာ ချစ်တာပေါ့၊ အဲဒါကို မွန်မွန်က ဘယ်လိုလုပ် ပြောတတ်မှာလဲ "

" ဒီမှာ မွန်မွန် "

" ဘာလဲ ဆရာ "

" မွန်မွန့်မာမီနဲ့ ဒက်ဒီက မွန်မွန့်ကို ချစ်တယ်၊ ဆရာ ထပ်ပြောဦးမယ်၊ မွန်မွန့်မာမီနဲ့ ဒက်ဒီက မွန်မွန့်ကို ချစ်တယ် ဟုတ်ပလား၊ ဆရာထပ်ပြောရဦးလား "

မွန်မွန်က မဖြေ၊ ငြိမ်နေ၏။ မွန်မွန်၏ ရင်သည် အသက်ရှူမှုပြင်း၍ သိသိသာသာ လှုပ်ရှားနေမှန်း သူမြင်ရသည်။ မွန်မွန်၏ ဘယ်လက်လေးက ကုတင်အခင်းကို အားနှင့် ကုပ်တွယ်ထားသည်ကိုပါ မြင်ရ၏။

" မွန်မွန် မပြောတတ်ရင် ဆရာ ကြောင်းပေးမယ်၊ မွန်မွန့်မာမီနဲ့ ဒက်ဒီက မွန်မွန့်ကို သိပ်ချစ်တယ်၊ မွန်မွန့်ကို လိုလေသေးမရှိအောင် ထားတယ်၊ မွန်မွန်လိုချင်တာ အကုန်လုံးရတယ် "

သူက စကားကို ခေတ္တဖြတ်ထားပြီး မွန်မွန့်ကို အကဲခတ်ကြည့်သည်။ မွန်မွန်၏ ရင်လှုပ်ရှားမှုက ပိုမြန်လာနေသည်။

သူက အလွန်သတိထားပြီး စကားကို လေးလေးမှန်မှန် ဆက်ပြော၏။

" မွန်မွန်ကလည်း မာမီနဲ့ ဒက်ဒီကို ချစ်တယ်၊ တခါတလေ သနားတောင် သနားတယ်၊ မွန်မွန်က ထင်တယ်၊ မွန်မွန်ဟာ မာမီနဲ့ ဒက်ဒီအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေတယ်၊ ဟုတ်သလား မွန်မွန် "

သည်တစ်ကြိမ်တွင် မွန်မွန့်ထံမှ အဖြေကို သူရသည်။ စကားတော့ မဟုတ်။ ရှိုက်သံ . . .

သူက မွန်မွန့်ကို တည်ငြိမ်စွာ ကြည့်သည်။

ရှိုက်သံတို့သည် ဆက်လာ၏။ ခဏတွင်မူ ဘယ်ဘက်လက်လေးသည် မျက်နှာပေါ် ရောက်လာ၏။

မွန်မွန်သည် ချုံးပွဲချ ငိုနေသတည်း။

ဦးမြင့်နွယ်က ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြီး ကြည့်နေသည်။ နှစ်ပတ်ကျော် သူစောင့်ဖမ်းနေသော အခါအခွင့်ကို ယခုမှ မိပေပြီ။

ဩော် . . . ငိုနေရှာသူလေးကို ကြည့်ရင်း သူ့ရင်တွင်းမှာတော့ ဝမ်းသာခြင်းနှင့် ကျေနပ်မှုတို့ ပေါ်နေ၏။

မွန်မွန်က ဆယ်မိနစ်ခန့် လွတ်လွတ်လပ်လပ် ငိုနေ၏။ သည်ဆယ်မိနစ်ခန့်လုံးလုံးတွင် သူက ဘာမျှဝင်မစွက်ဘဲ ကျောက်ရုပ်ပမာ ငြိမ်ထိုင်နေ၏။

ရှိုက်သံကျဲသွားမှ သူက နေရာမှထပြီး မွန်မွန့်ဘေး သွားရပ်လျက် အိတ်တွင်းမှ လက်ကိုင်ပုဝါဖြူကို ထုတ်ပေး၏။

မွန်မွန်က သူပေးသော လက်ကိုင်ပဝါဖြူဖြင့် မျက်ရည်ကို သုတ်ပစ်၏။

သူက ကုလားထိုင်တွင် ပြန်ထိုင်သည်။

ပက်လက်လေး ငြိမ်ငြိမ်လှဲနေသော မွန်မွန့်ကို တစ်ချက်ကြည့်ပြီး ချိုသာစွာ ခေါ်၏။

“ မွန်မွန် ”
“ ဆရာ ”
“ မွန်မွန် စကားပြောနိုင်ပြီလား ”
“ မွန်မွန်က နှုတ်ဖြင့် မဖြေ။ ခေါင်းညိတ်ပြသည်ကို လှမ်းမြင်ရ၏။
“ ကောင်းပြီ ပြောတော့ မွန်မွန် ”
မွန်မွန်က လေသံပျော့ပျော့နှင့် မေး၏။
“ အဲဒါကို မပြောရင် မရဘူးလား ”
“ ဘာကြောင့် မျိုသိပ်ထားတော့မလဲ မွန်မွန်၊ အရင်တုန်းက မွန်မွန် မသိဘူး၊ အခုသိပြီ၊ သိတာကို ပြောတော့ မွန်မွန် ”
“ ဆရာက ပြောစေချင်သလား ”
“ မွန်မွန် ကောင်းဖို့ ပြောစေချင်တယ် ”
“ ဒါဖြင့် မွန်မွန် ပြောပါ့မယ် ”
မွန်မွန်သည် ခေတ္တ ငြိမ်နေပြီးနောက် လေးလေးမှန်မှန် စပြော၏။
“ အဲဒီတုန်းက မွန်မွန် ငယ်ငယ်လေး ရှိသေးတယ်၊ မွန်မွန် မှတ်မိပြီ၊ အဲဒီတုန်းက မွန်မွန် ရှစ်နှစ်သမီး၊ အဲ . . . အဲဒီလောက်ပဲ ရှိမယ်၊ ညတစ်ညမှာ မွန်မွန် လန့်နိုးလာတယ်၊ မိုးခြိမ်းသံကြောင့်ပါ၊ မွန်မွန် လန့်နိုးတော့ မိုးတွေရွာနေတယ်၊ လျှပ်စီးတွေလည်း လက်လို့၊ မိုးခြိမ်းသံတွေလည်း ကြားနေရတယ် ”
မွန်မွန်က မွန်မွန့်အခန်းနဲ့ မွန်မွန်အိပ်ရတာ၊ နာနီက တခြားအခန်းမှာ။
မိုးခြိမ်းတာကို မွန်မွန် ကြောက်တယ်၊ နာနီ့အခန်းလည်း ထမသွားရဲဘူး၊ မွန်မွန် အဲဒါနဲ့ စောင်ခေါင်းမြီးခြုံ အိပ်တယ်။
အဲဒီတုန်း မွန်မွန် ကြားရတယ် ”
မွန်မွန်သည် စကားရပ်သွားသည်။
“ မွန်မွန် ဘာကြားရသလဲ ”
“ စကားပြောသံ၊ မာမီနဲ့ ဒက်ဒီ့အသံ၊ မွန်မွန် ဝမ်းသာပြီး ထထိုင်တယ်၊ အဲဒီတော့မှ မွန်မွန်သိတယ်၊ စကားပြောနေကြတာမဟုတ်ဘူး၊ ရန်ဖြစ်နေကြတာ၊ မွန်မွန် သိပ်အံ့သြသွားတယ်၊ မာမီနဲ့ ဒက်ဒီ ရန်ဖြစ်တာ မွန်မွန် တစ်ခါမှ မတွေ့ဖူးဘူး”
မွန်မွန် ပြောနေရာမှ ရပ်သွားပြန်သည်။
“ ဆက်ပြောလေ မွန်မွန် ”
“ ဒက်ဒီက အော်တယ်၊ မာမီကလည်း ပြန်အော်တာပဲ၊ မွန်မွန်လေ ဘာလို့လည်းမသိဘူး၊ သိပ်လန့်သွားတာပဲ၊ မွန်မွန် အိပ်ရာထဲက အသာလေးထပြီး မွန်မွန့် အခန်းဝကနေ သွားချောင်းကြည့်တယ်။
မွန်မွန့်အခန်းက အပေါ်ထပ်မှာ ဆိုတော့ အောက်ထပ် ဧည့်ခန်းကို စီးမြင်နေရတယ်။
မာမီနဲ့ ဒက်ဒီက ဧည့်ခန်းထဲမှာ၊ ပါတီတစ်ခုက ပြန်ရောက်လာကြတာနဲ့ တူတယ်၊ အဝတ်အစား မလဲကြရသေးဘူး၊ ဒက်ဒီ့ကြည့်ရတာ အရက် နည်းနည်းမူးနေပုံရတယ်။
ဒက်ဒီက မာမီ့ကို လက်ညှိုးကြီးထိုးပြီး ပြောနေတယ်၊ ဒက်ဒီ့မျက်နှာကြီးကလဲ ကြောက်စရာကြီး၊ ရုပ်ရှင်ထဲက လူကြမ်းကြီးလိုပဲ၊ ဒက်ဒီပြောတာက . . . ”
မွန်မွန်သည် စကားကို ခေတ္တရပ်လိုက်ပြန်၏။
“ ပြောလေ ဒက်ဒီက ဘာပြောလဲ ”
“ အဲဒါလဲ မွန်မွန် ပြောရမှာပဲလား ”
“ ပြောရမယ် မွန်မွန် ”
“ ဒက်ဒီပြောတာက မာမီ့ကို ဟို . . . ဟို . . . မိန်း . . . မိန်းမယုတ်တဲ့၊ သစ္စာမရှိဘူးတဲ့၊ လင် . . . လင်ငယ်နေတယ်တဲ့၊ မာမီက ဆတ်ဆတ်တုန်သွားတာ မွန်မွန် တွေ့ရတယ်၊ မာမီက ငြင်းတယ်၊ မာမီငြင်းတာကို ဒက်ဒီက အော်ရယ်တယ်၊ နောက်တော့ မာမီကလည်း ပြန်စွပ်စွဲတာပဲ၊ သစ္စာမရှိတာက ဒက်ဒီတဲ့၊ ဒက်ဒီ့မှာ မယားငယ်တွေ ဘယ်နှစ်ယောက်ရှိတယ်ဆိုတာ သူသိတယ်တဲ့၊ အဲဒါကို ဒက်ဒီက မငြင်းဘူး၊ သူယောကျ်ားတဲ့၊ သူလုပ်ချင်တာ လုပ်နိုင်တယ်တဲ့၊ မာမီကလည်း အဲဒီတော့ သူလုပ်ချင်တာ လုပ်မယ်လို့ ပြောတယ်၊ ဒက်ဒီက သူ့အိမ်ပေါ်မှာနေရင် မလုပ်ရဘူးဆိုတော့ မာမီက ကွာမယ်လို့ ပြောတယ်၊ ဒက်ဒီက အော်ရယ်လိုက်တာလေ၊ ပြီးတော့ ပြောတယ်၊ ဟေ့ . . . မင်းကို ချစ်လို့ယူထားတာ မဟုတ်ဘူးတဲ့၊ မာမီကလည်း ပြန်ပြောတာပဲ၊ ရှင့်ကိုလည်း ချစ်လို့ယူတယ် မှတ်သလားတဲ့၊ လူကြီးတွေပေးစားလို့ ယူရတာတဲ့၊

နောက် . . . ဒက်ဒီက ဘာပြောလိုက်သလဲ မသိဘူး၊ မွန်မွန် ကောင်းကောင်းမကြားလိုက်ဘူး၊ မာမီက ဘာနဲ့လည်း မသိဘူး၊ ဒက်ဒီ့ကို ကောက်ပေါက်တာ၊ ဆေးလိပ်ခွက် ထင်တာပဲ၊ ဒက်ဒီ့ခေါင်းကို မှန်သွားတယ်၊ ဒက်ဒီ့ကုတ်အင်္ကျီက အဖြူ၊ အဲဒီပေါ် သွေးတွေကျတာ မွန်မွန် မြင်ရတယ်၊ မွန်မွန် ကြည့်နေတုန်း ဒက်ဒီက မာမီ့နား ကပ်သွားတယ်၊ မာမီက အော်ပြီး အိမ်ပေါ် ပြေးတက်လာတယ်၊ မွန်မွန်လည်း ကြောက်တာနဲ့ အိပ်ရာထဲ ပြန်ပြေးဝင်ပြီး ငြိမ်ငြိမ်လေး အိပ်နေတယ် ”

မွန်မွန်သည် မောသွားဟန်ဖြင့် ခေတ္တနားနေသည်။

ဦးမြင့်နွယ်ကလည်း ငြိမ်နေ၏။ သူ့မျက်စိတွင်း၌မူ ညအချိန် မီးရောင်အောက်၌ အခန်းကျယ်ကြီးတစ်ခုတွင် အချီအချ ခွန်းတုံ့ခွန်းလှယ် ရန်ဖြစ်နေကြသော ယောကျ်ားနှင့် မိန်းမကို မြင်ယောင်နေသည်။ အပေါ်ထပ် အခန်းဝတွင် မျက်စိသူငယ်ဖြင့် ထိတ်လန့်အားငယ်စွာ ငေးကြည့်နေရှာသော ကလေးငယ်တစ်ဦးကိုလည်း မြင်ယောင်မိသည်။

မွန်မွန်က ဆက်ပြောသည်။

“ တံခါးပိတ်သံ ကြားရတယ်၊ မာမီ အခန်းထဲဝင်ပြီး တံခါးပိတ်လိုက်တာ ဖြစ်မှာပေါ့၊ ဒက်ဒီ့ခြေသံလည်း ကြားတယ်၊ တံခါးကို ခြေထောက်နဲ့ကန်သံလည်း ကြားတယ်၊ နောက်တော့ နာနီ့အသံလည်း ကြားတယ်၊ တခြားအိမ်သားတွေ အသံလည်း ကြားတယ်၊ မွနမွန် ထွက်ကြည့်မယ် လုပ်သေးတယ်၊ ဒါပေမယ့် မွန်မွန် မထွက်ရဲဘူး၊ ထွက်လည်း မထွက်ချင်ဘူး၊ မွန်မွန်လေ အဲဒီညက တိတ်တိတ်ကလေး ကျိတ်ငိုနေတယ်၊ အသံတွေ တိတ်သွားပြီး အားလုံး အိပ်ကုန်ကြတဲ့အထိ မွန်မွန် ငိုနေတယ်၊ မွန်မွန် သိပ်ပြီးတော့ ဝမ်းနည်းတယ်၊ သိပ်ပြီးတော့လည်း အားငယ်တယ်၊ လောကကြီးမှာလေ ဘယ်သူမှ မရှိတော့ဘူး၊ မွန်မွန် တစ်ယောက်တည်းပဲလို့ ထင်တယ်၊ ပြီးတော့ . . . ”

မွန်မွန်သည် ရှေ့မဆက်ဘဲ ရှိပြန်၏။ ဦးမြင့်နွယ်က နားထောင်နေသည်။ မွန်မွန်က တော်တော်နှင့် စကားမဆက်သော အခါမှ တိုက်တွန်းသည်။

“ ပြီးတော့ ဘာဖြစ်သလဲ၊ ဆက်လေ ”

“ မွန်မွန် ဘယ်လိုပြောရမလဲ မသိဘူး၊ အဲဒီတုန်းကတော့ သိတာမဟုတ်ဘူးလေ၊ နောက်တော့မှ စိတ်ထဲ ခဏခဏ ပေါ်လာလို့ ဟိုဒင်း . . . အဲ . . . သိတာ . . . ”

“ ဘာသိတာလဲ ”

“ မွန်မွန့်စိတ်ထဲမှာ ဒက်ဒီနဲ့ မာမီကို မုန်း . . . မုန်းသွားသလိုပဲ၊ မုန်းတာတော့လည်း မဟုတ်ပါဘူး ဆရာရယ်၊ မွန်မွန် အနီးစပ်ဆုံးပြောပြမယ်၊ ဒက်ဒီနဲ့ မာမီဟာလေ အရင်တုန်းက မွန်မွန့်စိတ်ထဲက ဒက်ဒီနဲ့ မာမီ မဟုတ်တော့ဘူး၊ ဒါပေမယ့် အဲဒီလို တွေးမိရင်လေ မွန်မွန့်ရင်ထဲ သိပ်နာတယ်၊ ကြောက်လည်း ကြောက်တယ်၊ ဘာပဲဖြစ်ဖြစ် မွန်မွန်ဟာ ဒက်ဒီနဲ့ မာမီရဲ့ သမီးပဲမဟုတ်လား၊ မာတာပိတု ဂုဏော အနန္တောတဲ့၊ အဲဒါကို မွန်မွန် နားလည်ပါတယ်၊ မွန်မွန် အခု ပြောပြတာကို ဆရာ နားလည်ရဲ့လား ”

“ ကောင်းကောင်းနားလည်ပါတယ် မွန်မွန်၊ ဆက်သာ ပြောပါ ”

“ နောက်တစ်နေ့ မနက်ကျတော့လေ မွန်မွန်တို့အိမ်ကြီးက ဟာနေတယ်၊ အဲ . . . အိမ်ကြီးဟာ အရင်အိမ်ကြီး မဟုတ်တော့ဘူး၊ မာမီ ဘယ်သွားသလဲ ဘယ်သူမှ မွန်မွန့်ကို ဟုတ်တိပတ်တိ မဖြေနိုင်ကြဘူး၊ ဒက်ဒီကလဲ မနက်အစောကြီး ကတည်းက ထွက်သွားတယ်၊ ဒက်ဒီကတော့ ညနေကျ ပြန်လာပါတယ်၊ မာမီကတော့ ပြန်မလာတော့ဘူး၊ နာနီကတော့ မာမီ ဘိုးဘိုးဆီသွားတယ် ပြောတယ်၊ မွန်မွန် မယုံပါဘူး၊ ဘိုးဘိုးတို့က ပြင်ဦးလွင်မှာ နေတာ၊ ပြင်ဦးလွင်ကို သွားရင် မာမီ အဲဒီလို မသွားဘူးလို့ မွန်မွန် ထင်တယ်၊ ညကျတော့ မွန်မွန် အရဲစွန့်ပြီး ဒက်ဒီဆီ သွားတယ်၊ မွန်မွန်သွားတာက တိတ်တိတ်လေး ဆိုတော့ မွန်မွန် ဝင်လာတာ ဒက်ဒီ မမြင်ဘူး၊ ဒက်ဒီ့လက်ထဲမှာ ခြောက်လုံးပြူးသေနတ်ကို ကိုင်ထားတယ်၊ စားပွဲပေါ်မှာလည်း ကျည်ဆန်လေးတွေ ရှိနေတယ်၊ ဒက်ဒီ့ခေါင်းက အနာကိုလည်း ပလတ်စတာနဲ့ ကပ်ထားတယ်၊ မွန်မွန်လေ ဒက်ဒီ့ကို ဖက်ပြီး ငိုချင်တယ်၊ ဒါပေမယ့် မွန်မွန် ဒက်ဒီ့ကို ကြောက်နေတယ်၊ ဒက်ဒီက မွန်မွန့်ကို အကြာကြီး စိုက်ကြည့်နေတယ်၊ ပြီးတော့မှ မွန်မွန့်ကို ချီပြီး သူ့ပေါင်ပေါ်တင်တယ်၊ အဲဒီတော့မှ မွန်မွန် ငိုတယ်၊ ဒက်ဒီက မွန်မွန့်ကို ချော့တယ်၊ ပြီးတော့ မာမီ ပြန်လာ ပါလိမ့်မယ်လို့ ပြောတယ်၊ ခြောက်လုံးပြူးကို ဘာလုပ်တာလဲလို့ မေးတော့ ဘာမှမလုပ်ပါဘူးတဲ့၊ ကျည်ဆန်တွေ စစ်ကြည့်တာတဲ့၊ ပြီးတော့ ခြောက်လုံးပြူးကို အံဆွဲထဲ ထည့်သိမ်းထားလိုက်တယ် ”

မွန်မွန်သည် ရှည်လျားစွာ ပြောနေရာမှ မောဟန် ခေတ္တနားသည်။ ခဏအကြာ၌ ပြန်ဆက်ပြော၏။

“ နောက်တော့ ဘယ်လောက်ကြာမလဲ မသိဘူး၊ မွန်မွန် ထင်တာတော့ ဆယ်ရက်လောက်လား မသိဘူး၊ ပြင်ဦးလွင်က ဘိုးဘိုးနဲ့ ဘွားဘွားကော၊ မိုးကုတ်က ဘိုးဘိုးနဲ့ ဘွားဘွားကော ရောက်လာကြတယ်၊ နောက်တစ်နေ့ကျတော့ မာမီလည်း ပြန်ရောက်လာတယ်၊ ဘာမှလည်း ဆက်မဖြစ်တော့ဘူး၊ ဘိုးဘိုးနဲ့ ဘွားဘွားတွေ မွန်မွန်တို့အိမ်မှာ တစ်လတောင် နေသွား ကြတယ်၊ သူတို့ ပြန်ခါနီးကျမှ ဟိုဟာလုပ်တယ် ”

“ ဘာလုပ်တယ် ”

“ အစကတော့ မွန်မွန် နားမလည်ပါဘူးလေ၊ ကြီးတော့မှ သိတာ၊ ဟိုဒင်း . . . ယတြာချေတာ ”

“ ဘယ်လို ယတြာချေတာလဲ ”

“ မွန်မွန် အဲဒါကြီး ပြောရတာ ကြောက်တယ် ”

“ မကြောက်ပါနဲ့လေ ပြောပါ ”

“ ဟိုဒင်း လူသေရင်ထည့်တဲ့ ခေါင်းကြီးလုပ်တယ်၊ အဲဒီထဲမှာ အရုပ်ကြီးတစ်ရုပ်ထည့်၊ အရုပ်ကြီးကို မာမီ့အင်္ကျီတွေနဲ့ လုံချည်တွေ ဝတ်ပေးထားတယ်၊ နာနီက ပြောတော့ မာမီ့ဆံပင်တွေနဲ့ ခြေသည်းလက်သည်းတွေလည်း ထည့်တယ်တဲ့၊ ပြီးတော့ ဆရာ၊ ခေါင်းဘေးမှာ သီတာလွင်လို့ ရေးထားတယ်၊ ဆရာ သိလား အဲဒါ အရင်က မာမီ့နာမည် ”

“ သြော် . . . အင်း . . . အင်း ”

“ သဘောကတော့ သီတာလွင် သေသွားပြီပေါ့၊ မာမီက ညှို့နေလို့တဲ့၊ အားလုံး ကောင်းသွားအောင်တဲ့၊ ပြီးတော့ အဲဒါကြီး မီးရှို့ပစ်လိုက်ကြတယ်၊ မာမီ့နာမည်ကိုလည်း ဖြူဖြူသန့်လို့ ပြောင်းပစ်လိုက်တယ် ”

“ သြော် . . . ”

“ အဲဒါတွေကလေ အိမ်မှာဖြစ်တာ၊ ဒါပေမယ့် ကျောင်းက သူငယ်ချင်းတွေက ဘယ်လိုသိသွားလဲ မသိဘူး၊ သူတို့က မေးတယ်၊ မွန်မွန့်ဒက်ဒီနဲ့ မာမီ ဘာဖြစ်ကြတာလဲတဲ့၊ မွန်မွန်က ဘာမှမဖြစ်ဘူးလို့ ငြင်းတာပဲ၊ ဒါပေမယ့် သူတို့က ဇွတ်ပဲ၊ ဒက်ဒီနဲ့ မာမီ ခဏကွဲသွားတာ မဟုတ်လားတဲ့၊ မွန်မွန်က မဟုတ်ဘူးပဲ ပြောတာပဲ၊ မွန်မွန့် သူငယ်ချင်းတစ်ယောက် နာမည်က နိုရင်းလို့ ခေါ်တယ်၊ နိုရင်းနဲ့ မွန်မွန်က သိပ်ချစ်တယ်၊ နိုရင်းတို့ ဒက်ဒီ မာမီနဲ့ မွန်မွန့် ဒက်ဒီ မာမီလည်း မိတ်ဆွေတွေပဲ၊ နိုရင်းက လူရှေ့မှာတော့ မဟုတ်ဘူး၊ မွန်မွန့်ကို နှစ်ယောက်တည်း ပြောပြတယ်၊ ဟိုတစ်ညက သူတို့အိမ်မှာ ပါတီလုပ်တာတဲ့၊ အဲဒီပါတီမှာ ဒက်ဒီနဲ့ ကိုလေးလွင် စကားများကြသတဲ့၊ ကိုလေးလွင်ကို မွန်မွန်သိတယ်၊ ဟိုဒင်း မာမီ့ အေ-စီ-တီ ”

“ ဘာရယ် ”

“ ဆရာ မသိဘူးလား၊ အေ-စီ-တီ ဆိုတာ အချစ်တော်ကို ခေါ်တာ ”

“ သြော် . . . သြော် ”

“ ကိုလေးလွင်က မွန်မွန်တို့အိမ်လည်း ဝင်ထွက်သွားလာနေတာပဲ၊ သူက ဇာတ်လိုက်လိုပဲ၊ ရှိုးသိပ်ကောင်းတယ်၊ ကပ်စတမ်မှာ လုပ်တယ်၊ ပါတီရှိရင် မာမီနဲ့ အမြဲတွဲကတာပဲ၊ တခါတလေလည်း မာမီနဲ့ ဟိုသွားဒီသွား လုပ်တာပဲ၊ မွန်မွန် သိတာက ကိုလေးလွင်က သဘောသိပ်ကောင်းတယ်၊ ဘာအကူအညီတောင်းတောင်း သူက လုပ်ပေးတာပဲ၊ မိန်းမတွေ အားလုံးနဲ့ သူ အဖွဲ့ကျတာပဲ၊ မာမီနဲ့က အဖွဲ့အကျဆုံး၊ ဒါကြောင့်မို့ တခြားလူတွေက သူ့ကို မာမီ့ အေ-စီ-တီလို့ ခေါ်ကြတာပဲ”

“ အင်း . . . အင်း ”

“ နိုရင်းက အဲဒါပြောပြီး ဘာမှ မကြာဘူး၊ ကိုလေးလွင် သေနတ်နဲ့အပစ်ခံရတယ်၊ သူက မော်တော်ဆိုင်ကယ် အမြဲစီးတယ်၊ ညမှာ သဘော်ဆိပ်ကို တာဝန်နဲ့လာတုန်း ကားတစ်စီးပေါ်က ချောင်းပစ်သွားတာတဲ့၊ သတင်းစာထဲတောင် ပါတယ်၊ ကံကောင်းတော့ လူကို မမှန်ပါဘူး၊ မော်တော်ဆိုင်ကယ်နဲ့ လှဲချလိုက်လို့ ပေါင်မှာ နည်းနည်း ခိုက်မိသွားတယ်၊ တချို့ပြောတာက ကပ်စတမ်မှာ လုပ်တဲ့လူဆိုတော့ ရန်များတယ်တဲ့၊ ရွှေချောင်းချတဲ့လူတွေ၊ ဘိန်းချတဲ့လူတွေက မုန်းကြသတဲ့၊ ကိုလေးလွင် ဆေးရုံတက်တော့ မာမီရော ဒက်ဒီရော သွားသတင်းမေးကြတယ်၊ နောက် ကိုလေးလွင် ဆေးရုံကဆင်းတော့ ဒက်ဒီက အိမ်ကိုဖိတ်ပြီး အရက် အတူတူသောက်ကြတယ်၊ ခင်ခင်မင်မင် ပြန်ဖြစ်သွားကြတာပဲ၊ ဒါပေမယ့် မွန်မွန် သတိထားမိတာက ကိုလေးလွင်နဲ့ မာမီ မတွဲတော့ဘူး၊ ကိုလေးလွင်ကလည်း ကိစ္စမရှိဘဲ အိမ်လာမလည်တော့ဘူး၊ နောက်တော့ သူ တာချီလိတ်ကို ပြောင်းသွားတယ် ”

မွန်မွန်သည် နားပြန်၏။ ဦးမြင့်နွယ် ဆက်ပြောရန် မတိုက်တွန်း။ စိတ္တဇဖိဆန်ခြင်း တာရိုးက ကျိုးခဲ့ပြီ။ အမှတ်သညာသည် စကားရေဟုန်အဖြစ် အလိုလို ထွက်ကျလာလိမ့်မည်။

“ အဲဒါတွေ အားလုံးပြီးသွားပေမယ့် မွန်မွန့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ကျောင်းတက်ရင်လေ လိပ်ပြာက မလုံဘူး၊ ကိုလေးလွင် သေနတ်နဲ့ အပစ်ခံရတဲ့အကြောင်း တစ်ယောက်ယောက်က မေးမှာ ကြောက်နေတယ်၊ အမှန်က မွန်မွန် ဘာကြောက်ဖို့ရှိလို့လဲ၊ ဒါပေမယ့် ကြောက်တာပဲ၊ အထူးသဖြင့် မွန်မွန် နိုရင်းကို ကြောက်တယ်၊ နိုရင်းက အဲဒီအကြောင်း တစ်ခါပဲပြောပြီး ထပ်မပြောတော့ပါဘူး၊ ခက်တာက နိုရင်းကိုတွေ့တိုင်း မွန်မွန်ကြောက်တာပဲ၊ နိုရင်းက စကားတစ်ခုခုပြောဖို့ ကပ်လာတိုင်း မွန်မွန့်ရင်ထဲ တုန်လာတာပဲ၊ အို . . . နိုရင်းက မွန်မွန့်ကို စိုက်ကြည့်တာကိုပဲ မွန်မွန်ကြောက်တယ်၊ နိုရင်းနဲ့ မွန်မွန် မျက်လုံးချင်း မဆိုင်ရဲဘူး၊ ဒါပေမယ့်လည်း ခက်တာက နိုရင်းနဲ့ မွန်မွန်က ကျောင်းမှာ ယှဉ်ပြီး ထိုင်ရတာ၊ နိုရင်းက မွန်မွန့်ညာဘက်က၊ မွန်မွန်လေ နိုရင်းဘက် မလှည့်ရဲဘူး၊ ပြီးတော့ မွန်မွန့် ညာဘက်လက်က အဲဒီတည်းက ဒုက္ခစပေးတာ၊

မွန်မွန့် ညာဘက်လက်ကော ညာဘက်တစ်ခြမ်းလုံးဟာ တစ်မျိုးကြီးဖြစ်နေတယ်၊ နိုရင်းနဲ့ ယှဉ်ထိုင်နေတုန်းကဆို ပိုတစ်မျိုးကြီး ဖြစ်နေတယ် ”

ဦးမြင့်နွယ် အထူးသတိပြုမိ၏။ မွန်မွန်၏ စကားများသည် ပြဿနာ၏ ဗဟိုချက်ဆီ ချဉ်းကပ်လာပြီ ဖြစ်ကြောင်း သိသည်။

“ ဒါပေမယ့် မွန်မွန့်လက် ဘာမှ ဖြစ်မသွားသေးပါဘူး၊ ဖြစ်တာက အကြာကြီးနေမှ၊ မွန်မွန်လည်း အဲဒီလိုပဲ ဆက်နေတာ၊ နောက်ထပ် ဘာမှလည်း ထပ်မဖြစ်တော့ဘူး၊ ဒက်ဒီနဲ့ မာမီလည်း ရန်ထပ်ဖြစ်တာ မတွေ့တော့ဘူး၊ မွန်မွန်တို့ အိမ်ကြီးကလည်း ပြန်ပျော်စရာကောင်းလာတယ်၊ ပျော်စရာကောင်းတယ် ဆိုပေမယ့်လေ မွန်မွန် သိတယ်၊ အဲဒီအိမ်ကြီးက အရင်နဲ့တော့ မတူဘူး၊ ဘာမတူတာလဲဆိုတော့ မွန်မွန် မပြောတတ်ဘူး၊ ပြီးတော့ မွန်မွန့်စိတ်ကလဲ အရင်တုန်းကနဲ့ မတူတော့ပါဘူး၊ မွန်မွန် လူတွေနဲ့ သိပ်မရောချင်ဘူး၊ မွန်မွန့်ဘာသာ တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်တယ်၊ မွန်မွန် တွေးနေရတာ သဘောကျတယ်၊ ပါတီတွေ ဘာတွေလည်း မတက်ချင်တော့ဘူး၊ အိမ်မှာ ပါတီလုပ်လည်း မွန်မွန် ကိုယ့်ဘာသာ ကိုယ်ရှောင်နေတာပဲ၊ အဲ . . . မွန်မွန် သဘောကျတာတော့ ရှိတယ်၊ မွန်မွန် ပီယာနို တီးရတာ၊ ပထမ မွန်မွန်တို့ကျောင်းမှာ နိုတေးရှင်းနဲ့ သင်တယ်၊ မွန်မွန် တော်တော်ကြီးလာမှ မြန်မာသီချင်းကြီးတွေကို အိမ်မှာ ဆရာခေါ်သင်တယ်၊ သီချင်းကြီးတွေ နားလည်ဖို့က ကဗျာလည်း နားလည်ရတယ်၊ အဲဒီတော့ မွန်မွန် ကဗျာလည်း ဝါသနာပါလာတယ်၊ အမှန်ပြောရရင် မွန်မွန် သီချင်းထက် ကဗျာကို ပိုကြိုက်တယ်၊ ကဗျာက ကိုယ့်စိတ်ထဲရှိတာကို သီချင်းနဲ့ထက် ပိုပြောနိုင်တယ်၊ မပြောချင်တာကိုလည်း မပြောဘဲ နေနိုင်တယ်၊ မနေနိုင်ရင် ဝှက်ပြီးတော့ ပြောနိုင်တယ်၊ ပီယာနိုကြီးက နေရာတကာ သယ်မသွားနိုင်ဘူး၊ ကဗျာ စာအုပ်လေးက ဘယ်ယူသွားသွား ရတယ်၊ သီချင်းက အော်ဆိုမှ အရသာရှိတာ၊ အနည်းဆုံး တိုးတိုးလေးညည်းရတယ်၊ ကဗျာက စိတ်ထဲတွင် ရွတ်လို့ရတယ် ”

စကားလမ်းကြောင်းသည် ပြဿနာ၏ ဗဟိုချက်မှ ကွေ့ရှောင်ထွက်တော့မည်ကို ဦးမြင့်နွယ် သိသည်။ ထို့ကြောင့် အမှတ်မထင် လေသံဖြင့် ဝင်ထောက်ပေး၏။

“ မွန်မွန် လက် ဘာမှ မဖြစ်ခင်ကတည်းက ကဗျာ စပ်တတ်တာလား ”

“ ဟုတ်တယ် ဆရာ ”

“ လက်က အဲဒီလို ဖြစ်သွားတော့ မွန်မွန် ဘယ်အရွယ်ရှိပြီလဲ ”

“ ဆယ့်ငါးနှစ် ဆရာ ”

“ ကောင်းပြီ၊ ဆရာသိထားတာ ပြောပြမယ်၊ မွန်မွန့်လက်က အစက အကောင်း၊ တစ်မနက် အိပ်ရာထတော့ လှုပ်လို့မရတော့ဘူး ဟုတ်တယ် မဟုတ်လား ”

“ ဟုတ်ပါတယ် ဆရာ ”

“ လက် . . . အဲဒီလို မဖြစ်ခင် မွန်မွန် ထူးထူးခြားခြား ဘာထပ်ကြုံရသလဲ ”

“ မွန်မွန် မှတ်မိသမျှ ဘာမှ မကြုံရပါဘူး ”

“ ပြန်စဉ်းစားပါဦး မွန်မွန်၊ တစ်ခုခုတော့ ကြုံရမယ် ”

မွန်မွန်သည် စဉ်းစားသယောင် ငြိမ်၍နေ၏။ အတန်ကြာမှ ခေါင်းလေးကို ခေါင်းအုံးထက်တွင် ယမ်းခါလျက် ဖြေ၏။

“ မွန်မွန် မှတ်မိသမျှ ဘာမှ မကြုံရပါဘူး ”

“ နေဦး၊ ဒါဖြင့် ဆရာ တစ်ခုမေးမယ်၊ အဲဒီညက အဲဒီညဆိုတာ မိုးလင်းလာတော့ မွန်မွန် လက်လှုပ်လို့ မရတဲ့ည၊ နားလည်တယ်နော် ”

“ ဟုတ်ကဲ့ ဆရာ ”

“ အဲဒီညတုန်းက မွန်မွန် အိပ်မက် မက်သလား ”

မွန်မွန့်ထံမှ အဖြေမလာ။

“ ဖြေလေ မွန်မွန် ”

“ မက် . . . တယ် ”

“ ဘာမက်သလဲ ”

ခေတ္တ ငြိမ်နေပြီးမှ မွန်မွန်က ရယ်၏။

“ အလကားပါ ဆရာ၊ အဓိပ္ပါယ်မရှိပါဘူး၊ ရယ်စရာကြီးပါ ”

“ ကိစ္စမရှိဘူး၊ မက်တာသာ ပြောပါ ”

“ အိပ်မက်ထဲမှာ ဟိုဒင်း မွန်မွန်က မြို့တော်သိန်းအောင်နဲ့ ပန်တျာဝင်းမာကို တွေ့တယ် ”

“ မြို့တော်သိန်းအောင်နဲ့ ပန်တျာဝင်းမာ ”

“ ဒါကြောင့်ပြောတယ် မဟုတ်လား၊ အိပ်မက်က ရယ်စရာကြီးပါလို့ ”

“ မြို့တော်သိန်းအောင်နဲ့ ပန်တျာဝင်းမာကို ဘယ်လို အိပ်မက်ထဲမှာ တွေ့သလဲ ”

“ အိမ်ထဲမှာလိုလို ခြံထဲမှာလိုလို၊ မီးတွေ ဘာတွေကတော့ လင်းလို့ပဲ၊ မွန်မွန် သဲသဲကွဲကွဲတော့ မမှတ်မိဘူး ”

“ ကိစ္စမရှိဘူး၊ အဲဒီလိုတွေ့တော့ ဘာဖြစ်သလဲ ”

မွန်မွန်သည် ငြိမ်နေပြန်၏။

“ ပြောလေ မွန်မွန်၊ ဥပမာ မွန်မွန်က ဘာလုပ်သလဲ၊ စကားပြောသလား ”

မွန်မွန်က ခေါင်းခါ၏။

“ ဒါဖြင့် ဘာလုပ်သလဲ ”

“ မွန်မွန် . . . မွန်မွန် ”

မွန်မွန်သည် ထစ်ငေါ့နေ၏။

“ မွန်မွန် အခုဟာက အိပ်မက်ကို ပြောနေတာ၊ ဘာမှ စိုးရိမ်စရာမရှိဘူး၊ ဘာဖြစ်သလဲပြော ”

“ မွန်မွန့်လက်ထဲမှာ သေနတ်ကိုင်ထားတယ် ”

“ ဩော် . . . ”

“ အိပ်မက်ထဲမှာ မွန်မွန် သူတို့ကို သေနတ်နဲ့ ပစ်မလို့တဲ့၊ ဒါပေမယ့် မွန်မွန် မပစ်ပါဘူး၊ ပစ်လည်း မပစ်ရဲပါဘူး၊ ပစ်လည်း မပစ်ရက်ပါဘူး၊ မွန်မွန့်ရင်ထဲ ကျပ်လာတယ်၊ စိုးလည်း သိပ်စိုးရိမ်တယ်၊ အဲဒီလိုနဲ့ မွန်မွန် လန့်နိုးလာတယ်၊ မွန်မွန့်ရင်တွေက ခုန်ပြီး တစ်ကိုယ်လုံးမှာ ချွေးတွေထွက်နေတယ်၊ မွန်မွန့် ညာဘက်လက်ကလည်း တစ်မျိုးကြီး ဖြစ်နေတယ်၊ ငယ်ငယ်တုန်းက နိုရင်းနဲ့အတူတူ ထိုင်ရတုန်းက ဖြစ်သလိုပဲ၊ မိုးလင်းတော့ အဲဒီလက်က လှုပ်လို့မရတော့ဘူး ”

ဦးမြင့်နွယ်၏ကိုယ်သည် မသိမသာ မတ်လာ၏။ သူ့ခေါင်းတွင်း၌ မျှော်လင့်ချက်ရောင်ခြည် ဝင်းလာ၏။

“ မြို့တော်သိန်းအောင် ဇာတ်ကို မွန်မွန် ကြည့်ဖူးသလား ”

“ ကြည့်ဖူးတာပေါ့၊ မြို့တော်သိန်းအောင်က အမူအယာ သိပ်ကောင်းတယ်၊ ဦးလေးပေါ်စံကြီးက ရယ်ရတယ်၊ သူ ထွက်လာလို့ သူ့မျက်နှာမြင်တာနဲ့ မွန်မွန် ရယ်တာပဲ ”

“ သူ့ဇာတ်ကို နောက်ဆုံး မွန်မွန် ဘယ်တုန်းက ကြည့်ဖူးသလဲ ”

“ အား . . . မွန်မွန် မှတ်မိပြီ၊ အဲဒီလို မဖြစ်ခင် တစ်ညက၊ ဟိုဒင်းလေ လွတ်လပ်ရေးပြပွဲ ကွင်းမှာ ”

“ မွန်မွန် ဘယ်သူတွေနဲ့ သွားကြည့်သလဲ ”

“ ဒက်ဒီရော မာမီရော၊ ဩော် . . . နိုရင်းတို့ အိမ်သားတွေလည်း လာတယ်၊ မွန်မွန်တို့နဲ့ နေရာချင်း ကပ်လျက် ”

“ ဟုတ်လား ဆက်ပြောပါဦး ”

“ အဲဒီညက သဘင်သည်မဝင်ရ ဆိုတဲ့ ပြဇာတ်ကို ကတယ်၊ ပန်တျာဝင်းမာက အငြိမ့်မင်းသမီး ဝတ်မှုံလုပ်တယ်၊ မြို့တော်သိန်းအောင်က ဝတ်မှုံယောကျ်ား၊ ဒါပေမယ့် သူက လူရွှင်တော် ဦးလေးပေါ်စံကြီးနဲ့ နှစ်ယောက် လူရွှင်တော် လုပ်ရတယ်၊ အငြိမ့်မင်းသမီး ဝတ်မှုံကို သူဌေးသားက နောက်ပိုးတယ်၊ ဝတ်မှုံက သူ့ယောကျ်ားအပေါ် သစ္စာရှိတယ်လည်း ဆိုသေးရဲ့၊ အဲဒီ သူဌေးသားနဲ့လည်း တွဲတယ်၊ မြို့တော်သိန်းအောင်ကလည်း သဝန်ကြောင်တယ်လေ၊ နောက် . . . အထင် လွဲပြီး ဝတ်မှုံကိုလည်းရိုက်၊ ဟိုသူဌေးသားကိုလည်း ထိုးတယ်၊ နောက်ဆုံးတော့ ဝတ်မှုံက သူဌေးသားနဲ့ လိုက်ပြေးတယ် ”

“ အင်း . . . ဆရာလည်း ကြည့်ဖူးပါတယ် ”

“ မွန်မွန်လေ ဝတ်မှုံကိုကော မြို့တော်သိန်းအောင်ကိုကော မုန်းလိုက်တာ ”

“ ဘာဖြစ်လို့ မုန်းတာလဲ ”

“ မုန်းတာပေါ့၊ မြို့တော် သိန်းအောင် အဲလေ . . . ပြဇာတ်ထဲက ဝတ်မှုံယောကျ်ားက ဘာလို့ ဒီလောက် သဝန် ကြောင်ရတာလဲ၊ ဝတ်မှုံကကော ဘာလို့ သူဌေးသားနဲ့ လိုက်ပြေးရတာလဲ၊ သူတို့မှာ သမီးလေးတစ်ယောက် ရှိနေသားနဲ့၊ အဲဒီသမီးလေးကို သူတို့ ထည့်မတွက်ဘူးလား၊ အဲဒီသမီးလေးကို သူတို့ မချစ်ဘူးလား၊ သူတို့မှာ နှလုံးသား ရှိရဲ့လား၊ အဲဒီ သမီးလေး ကြီးလာတော့ သစ္စာမရှိတဲ့ မိန်းမရဲ့သမီးလို့ အခေါ်ခံရရင် ဘယ့်နှယ်လုပ်မလဲ၊ မွန်မွန်လေ သိပ်ဒေါသထွက်တာပဲ၊ ပြီးတော့လည်းလေ ”

မွန်မွန်သည် စကားကို တစ်ပိုင်းတစ်လက်စ ထားပြန်၏။

“ ပြီးတော့ ဘာဖြစ်သလဲ ”

“ နိုရင်းက ဟိုဘက်ကနေ မွန်မွန့်ကို လှမ်းလှမ်းကြည့်နေတယ်၊ ဘာလို့ အဲဒီလို ကြည့်ရတာလဲ၊ မွန်မွန် လိပ်ပြာမလုံဘူး၊ မွန်မွန် ဒက်ဒီနဲ့ မာမီ့ဘက်လည်း လှည့်မကြည့်ရဲဘူး၊ ပွဲခင်းထဲမှာလေ မွန်မွန် သေချင်လိုက်တာ ”

“ အဲဒီ ပြဇာတ်ကြည့်ပြီး နောက်တစ်ညမှာ ခုနင်က အိပ်မက်ကို မွန်မွန် မက်တယ်နော် ”

“ ဟုတ်တယ် ဆရာ ”

“ မွန်မွန့်ကို ဆရာ မေးမယ်၊ အိပ်မက်ထဲက မြို့တော်သိန်းအောင်နဲ့ ပန်တျာဝင်းမာဟာ ကိုသိန်းအောင်နဲ့ မဝင်းမာ မဟုတ်ပါဘူး၊ သူတို့တွေက ‘သင်္ကေတ’တွေပါ၊ မွန်မွန် ပြောလေ့ရှိတဲ့ နိမိတ်ပုံတွေပါလေ၊ ဟုတ်တယ် မဟုတ်လား ”

မွန်မွန်က မဖြေ။ သူကသာ ဆက်ပြော၏။

“ အဲဒီ သင်္ကေတတွေကို ကိုယ်စားပြုထားတဲ့ တကယ့်လူတွေရှိပါတယ်၊ သူတို့မှာလည်း နာမည်တွေ ရှိပါတယ်၊ သူတို့ကို မွန်မွန် သိပါတယ်၊ ဆရာ နာမည် မမေးဘူး၊ မွန်မွန်က ဖွင့်ပြောဖို့လည်း မလိုပါဘူး၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ‘မွန်မွန် သိတယ်’၊ ဆရာ ဒါကိုပဲ လိုချင်တယ်၊ ဟုတ်တယ် မဟုတ်လား ”

မွန်မွန်က ခေါင်းညိတ်ပြ၏။

“ သူတို့ကို ‘အခု’ မွန်မွန် တကယ် မုန်းသေးရဲ့လား ”

“ မွန်မွန် မမုန်းတော့ပါဘူး ”

“ အိပ်မက်ထဲမှာတောင်မှ မလုပ်တဲ့အလုပ်ကို မွန်မွန် အပြင်မှာ လုပ်ပါ့မလား ”

“ မွန်မွန် မလုပ်ပါဘူး၊ ဘယ်တော့မှ မလုပ်ပါဘူး ”

“ လုပ်ဖို့ကော လိုသေးရဲ့လား ”

“ မလိုပါဘူး၊ မလိုတော့ပါဘူး ဆရာရယ်၊ မွန်မွန် သိပါပြီ တော်ပါတော့၊ မွန်မွန် မှားတာပါ၊ မွန်မွန် မိုက်တာပါ ”

မွန်မွန်သည် ရှိုက်ကြီးတငင် ငိုကြွေးပြန်တော့၏။

မွန်မွန် ဝအောင်ငိုပြီးချိန်ကျမှ စောစောကလိုပင် သူက မွန်မွန်၏ ဘေးနားတွင် သွားရပ်သည်။ စောစောတုန်းကလိုပင် သူက လက်ကိုင်ပဝါဖြူကို ထုတ်ပေး၏။ မွန်မွန်ကလည်း မျက်ရည်များကို ပဝါဖြူဖြင့် စင်ကြယ်အောင် သုတ်ပစ်၏။

သူက မွန်မွန်၏ မျက်နှာလေးကို ကြင်နာမှုပြည့်သော မျက်လုံးများနှင့် ငုံ့ကြည့်သည်။

သုတ်ထားပေမယ့် မွန်မွန့်မျက်လုံးလေးများ တစ်ဝိုက်တွင် မျက်ရည်စလေးများ ကျန်နေသေး၏။ သို့ရာတွင် မျက်လုံးလေးများက ကြည်လင်နေသည်။ မျက်နှာလေးမှာ နွမ်းနယ်ရိပ် လွှမ်းသော်လည်း ဝင်းလဲ့သန့်စင်နေသည်။

ပက်လက်လေး လဲလျက်နှင့်ပင် မွန်မွန်သည် သူ့ကို ငေးငေးလေး ပြန်ကြည့်နေ၏။

ဩော် . . . ချယ်ရီပန်းခိုင်လေး ပမာပါ။ အပြစ်အနာ ကင်းလေသော ချယ်ရီပန်းခိုင်လေး ပမာပါ။

သူက ပြုံးပြီး မွန်မွန့်ကို လမ်းကမ်းပေး၏။

မွန်မွန်က ဘယ်လက်လေးကို မြှောက်သည်။

သူက လှမ်းမယူဘဲ ပြုံးရင်း ခေါင်းခါသည်။

“ ညာလက်ပေးပါ မွန်မွန် ”

မွန်မွန်က မလှုပ်။ အားငယ်သော မျက်လုံးဝန်းဝန်းလေးများနှင့်သာ သူ့ကို ပြန်ကြည့်နေ၏။

သူက နူးညံ့ချိုသာစွာ ထပ်ပြော၏။

“ ညာလက်ပေးပါ မွန်မွန်၊ ဆရာ့ကို ဝိုင်းကူလုပ်ပေးချင်တယ်ဆိုတဲ့ မွန်မွန့် ညာလက်ကလေးကို ပေးပါ ”

မွန်မွန်၏ မျက်နှာလေးတွင် သွေးရောင်လျှမ်းလာသည်။ ခဏအကြာ၌မူ လှပသော အပြုံးလေး ပေါ်လာသည်။

အစ ပထမမူ သိမ့်သိမ့်လေး လှုပ်ရုံလှုပ်သည်။ ပုခုံးသားလေးက အရင်ပါ။ နောက် . . . လက်မောင်းကလေး၊ တဖြည်းဖြည်းနှင့် ဖယောင်းသားလို နုညက်သော လက်ချောင်းသွယ်သွယ်လေးများ။ တစ်ခဏတွင်းကား ပန်းနုရောင်လွှမ်းသော မွန်မွန်၏ ညာလက်လေး တစ်ခုလုံးသည် လေမှာ မြှောက်လာ၏။

သည်လက်ကလေးကို သူက ဆွဲယူလိုက်သည်။

ယုယစွာ ဆွဲယူသည်။ ကြည်နူးခြင်းနှင့်လည်း ဆွဲယူသည်။

ဩော် . . . နှစ်သက်မြတ်နိုးခြင်းဖြင့်လည်း ဆွဲယူမိပါသတည်း။

* * *

အခန်း [ ၁၀ ]

မန္တလေးဂေါက်ကွင်း၏ နံပါတ်ကိုး ရိုက်လမ်းသည် 'ခွေးခြေထောက်'ခေါ် တစ်ဆစ်ချိုး ရိုက်လမ်းဖြစ်၏။ ဘယ်ဘက်ထောင့်တွင် ဘုန်းကြီးကျောင်း၏ ပျက်စီးယိုယွင်းနေသော အုတ်နံရံ တံတိုင်းကြီးက ရှိနေသည်။

ပထမတစ်ချက် ရိုက်ပြီး၍ ဘောလုံးကျရာ နေရာ၌ ဦးတုတ်ဝင်းက ဒုတိယအချက် ရိုက်ရန်အတွက် ချင့်ချိန်နေ၏။

ဦးမြင့်နွယ်က တိုက်တွန်းသည်။

" ရဲရဲသာ ချပါ ဦးတုတ်ဝင်း "

ဦးတုတ်ဝင်းက ကက်ဒီဘက်လှည့်ပြီး 'သစ်သားတုတ် နံပါတ်သုံးပေး'ဟု တောင်းသည်။

ဦးတုတ်ဝင်းသည် ဘောလုံးနောက်၌ တုတ်ခေါင်းကိုချပြီး ချိန်၏။ နှုတ်မှလည်း ကြွေးကြော်၏။

" ဖြတ်ရိုက်မယ်ဗျို့ "

" ရိုက်သာရိုက်ပါ၊ ဘယ်လက်ခေါက်ကို ဘောလုံးအထားမှာ ဖြုတ်တယ်လို့ သဘောထားဖို့သာ မမေ့နဲ့ "

ဦးတုတ်ဝင်းသည် တုတ်ကိုင် ခြေကားရပ်လျက် ညာလက်ကို စူဝန်းသော သူ့ဗိုက်ဘေးတွင် ကပ်ထား၏။ ထို့နောက် ဖြည်းဖြည်းချင်း လက်ကောက်ဝတ်မချိုးဘဲ တုတ်ကို နောက်သို့လွှဲ၏။ ပုခုံးကို နောက်သို့ ၉၀ ဒီဂရီလှည့်ပြီး တအားရိုက်ချလိုက်၏။

ဂေါက်သီးသည် ပီပီသသ အသံမြည်ပြီး အုတ်တံတိုင်းပေါ်မှ ဖြတ်ကာ တည့်တည့်ကြီး ပြေး၏။

ဦးတုတ်ဝင်းသည် တုတ်ကိုထမ်းလျက် ပုံကျပန်းကျ ဟန်ကောင်းကောင်းဖြင့် ဂေါက်သီးသွားရာကို ကြည့်နေ၏။

ခပ်လှမ်းလှမ်းမှ ဦးညိုလဲ့က လှမ်းအော်သည်။

" ကျန်ပုံလေးက ဇေယျဝတီပဲ၊ လှတယ်ဗျို့ "

ဦးတုတ်ဝင်းက အိုက်တင်ခံထားပြီး အတန်ကြာလေး ဆက်ရပ်နေသေး၏။ ပြီးမှ ဟန်ပါပါဖြင့် တုတ်ကို ကက်ဒီသို့ လှမ်းပေးလိုက်၏။ သူ့ လပြည့်ဝန်းမျက်နှာကြီးကို ပြုံး၍ဆို၏။

" ခုလိုသာ ရိုက်ချက်ကောင်းနေရင် ကျွန်တော် တစ်သက်လုံး လူပျိုကြီးလုပ်နေမယ်ဗျာ "

" ရိုက်မကောင်းရင်တော့ အိမ်ထောင်ပြုပစ်လိုက်တော့မယ်ပေါ့ "

" အဟဲ အာသာဝတီ နွယ်နီနတ်ပန်းလေးကလည်း ပွင့်လာရင်ပေါ့ဗျာ "

ဦးမြင့်နွယ်၊ ဦးညိုလဲ့နှင့် အခြားအဖော်တစ်ဦးဖြစ်သူ ကိုနေဝင်းတို့ကလည်း အသီးသီး ဒုတိယအချက် ဆက်ရိုက်ကြ၏။

ရိုက်ကြပြီး ဆက်လျှောက်လာကြ၏။

နေကျသွားချိန်မှာ လေချိုလေးက သွေးနေသောကြောင့် ညနေမှာ သာယာနေ၏။

တတိယ ရိုက်ရမည့်နေရာတွင် ဦးတုတ်ဝင်းက ကျေနပ်စွာဖြင့်ဆို၏။

" အိုင်းယင်း ဒစ်စတန့်ပဲ ရှိတော့တယ်၊ မှန်ချက်နဲ့ ကျွန်တော် တစ်ခါမှ ဒီနေရာမရောက်ဖူးဘူး၊ ခင်ဗျား ကျေးဇူးပဲ ကိုမြင့်နွယ် "

ဦးတုတ်ဝင်းသည် သံတုတ် နံပါတ်ငါးကို တောင်းယူ၏။

" လက်ကောက်ဝတ်ကို ဘောလုံးရှေ့မှာ ဖြုတ်ရမယ်၊ ဟုတ်လား ကိုမြင့်နွယ် "

" ဟုတ်တယ် နောက်ကိုလည်း ခပ်စောက်စောက်လေးဆွဲ၊ ရှပ်မဆွဲနဲ့၊ လက်ကောက်ဝတ်တော့ မချိုးနဲ့ "

" အိုကေ "

ဦးတုတ်ဝင်း ရိုက်ပြန်၏။ ဂေါက်သီးသည် ဗလီကွက် မြက်ခင်းအစပ်၌ သွားကျ၏။

ဦးတုတ်ဝင်းက တောက်ခေါက်၏။

" တောက် . . . ခင်ဗျားနဲ့တွေ့တာ နောက်ကျတယ်၊ ကျွန်တော် စာအုပ်တွေဖတ်ပြီး ဒုက္ခရောက်နေတာ "

" ချန်ပီယံတွေက စာအုပ်တွေထဲမှာ သူတို့ရိုက်တာကို ရေးထားတာ မဟုတ်ဘူး၊ သူတို့ ရိုက်တယ်ထင်တာကို ရေးထားတာ "

" ဘယ်လို . . . ဘယ်လို "

" ဂေါက်ရိုက်လှုပ်ရှားမှုတွေက အခက်သား၊ တကယ်လုပ်တာက တစ်ခု၊ လုပ်မိတယ်ထင်တာက တစ်ခု၊ စာအုပ်တွေထဲမှာ ရေးထားတာတွေက ထင်တာတွေကို ရေးထားတာ၊ ဂေါက်လောက် စာအုပ်များတဲ့ အားကစားနည်း ဘယ်မှာရှိသလဲ၊ ဂေါက်သမား ဂေါက်စာဖတ်တဲ့ အားကစားသမားလည်း မရှိဘူး၊ ဒါပေမယ့် စာအုပ်ဖတ်ပြီး ဂေါက်သမားလည်း တစ်ယောက်မှ မရှိဘူး၊ ဂေါက် တကယ်တော်ချင်ရင် လက်တွေ့ပြပေးတဲ့ ဆရာတစ်ဦး ရှိကိုရှိရတယ် "

" အမှန်ပဲဗျို့ ကျွန်တော် သဘောပေါက်သွားပြီ "

အားလုံးအနက် ဦးမြင့်နွယ်၏ ဂေါက်သီးမှာ ဗလီကွက်နှင့် အနီးဆုံးဖြစ်သောကြောင့် ဦးမြင့်နွယ်က နောက်ဆုံးမှ ရိုက်ရသည်။

ဦးမြင့်နွယ်က သံတုတ် နံပါတ်ရှစ်ဖြင့် တစ်ဝက်လွှဲပြီး ဆတ်ဆတ်လေးရိုက်၏။

ဂေါက်သီးသည် လေမှာ တစ်ဝက်မြောက်ပြီး ကျန်တစ်ဝက်ကို မြေမှာလိမ့်၍ မြက်ခင်းပေါ် တက်သွား၏။

လေးဦးအနက် ဦးမြင့်နွယ်နှင့် ကိုနေဝင်းတို့က သုံးချက်ဖြင့် ဂေါက်သီး မြက်ခင်းပေါ် ရောက်နေ၏။ ဦးတုတ်ဝင်းနှင့် ဦးညိုလဲ့တို့က လေးချက်ကျမှ မြက်ခင်းပေါ် ရောက်ကြသည်။ ငါးချက်ကျင်း ဖြစ်သောကြောင့် ဦးမြင့်နွယ်နှင့် ကိုနေဝင်းတို့မှာ ပါဒေါ်စံချိန်မီတော့ ရိုက်နိုင်ခွင့်ရှိနေကြပြီ။ တစ်ချက်တည်းဖြင့် ကျင်းဝင်လျှင်ကား ပါအောက်တစ်ချက်ဖြင့် ဝင်သူနိုင်မည်။ ဟန်ဒီကက်ပ်စနစ်အရ ဦးတုတ်ဝင်းနှင့် ဦးညိုလဲ့တို့က နှစ်ချက်ဖြင့် ကျင်းဝင်ပြီး ခြောက်ချက်ဖြစ်သွားစေ၊ ဦးမြင့်နွယ်တို့၏ ငါးချက်နှင့် တူမည်။ ယခု ဦးမြင့်နွယ်နှင့် ဦးတုတ်ဝင်းက တစ်ဖက်၊ ဦးညိုလဲ့နှင့် ကိုနေဝင်းတို့က တစ်ဖက် ရိုက်နေကြခြင်းဖြစ်၏။

ဦးတုတ်ဝင်းက ဆို၏။

" ကျွန်တော် လောဘမကြီးဘူး၊ နှစ်ချက်နဲ့အဝင် လုပ်ထားလိုက်မယ်၊ ခင်ဗျား အေးအေးဆေးဆေး လုပ်ပေါ့ ကိုမြင့်နွယ်"

ဦးတုတ်ဝင်းက နှစ်ချက်နှင့် ကျင်းဝင်သွား၏။ ဦးညိုလဲ့လည်း နှစ်ချက်နှင့် ဝင်သည်။

ကိုနေဝင်း၏ ဂေါက်သီးက ဦးမြင့်နွယ်၏ ဂေါက်သီးထက် သုံးလက်မခန့် ကျင်းနှင့် ပိုဝေးသည်။

ကိုနေဝင်းက အရင် ကျင်းစိမ်ရသည်။

ကိုနေဝင်း၏ ဂေါက်သီးသည် ကျင်းနှုတ်ခမ်းအနီးမှ ကပ်ဝေ့ပြီး လွဲသွား၏။ တစ်ပေခန့်သာ ကျန်တော့သဖြင့် ဦးမြင့်နွယ်တို့က ကိုနေဝင်းကို ကျင်းမစိမ်စေတော့ဘဲ ငါးချက်အဝင် ပေးလိုက်ကြ၏။

ဦးမြင့်နွယ်က ကျင်းစိမ်တုတ်ကို ဂေါက်သီးနောက် မြေပေါ်ချပြီး စိတ်ရှည်စွာ ချိန်၏။

အကွာအဝေးက ဆယ်ပေခန့် ရှိသည်။ မြက်ခင်းက အနည်းငယ်ခြောက်ပြီး မာနေသောကြောင့် ဂေါက်သီးသည် လိမ့်အားကောင်းမည်။ လွဲသွားခဲ့သော ဒုတိယအချက်၌ပင် ဝင်ရန်မလွယ်သည့် နေရာသို့ ရောက်သွားနိုင်၏။ ယင်းကို ကြောက်၍ လျှော့ရိုက်လျှင် မညီသော မြေကြောင့် ကိုနေဝင်းကဲ့သို့ပင် ကပ်လွဲနိုင်သေးသည်။

ဦးမြင့်နွယ်သည် ကျကျနန အချိန်ယူဆပြီး ဂေါက်သီးကို ရဲရဲရိုက်လွှတ်လိုက်၏။

ကျင်းထဲ ဂလောက်ကနဲ ဂေါက်သီးကျသွားသံကို ကြားရ၏။

မရှေးမနှောင်းတွင် လက်ခုပ်သံလေးတစ်ခု ပေါ်လာ၏။

ဦးမြင့်နွယ်က ကိုင်းထားသော ခါးကိုဆန့်ပြီး အသံလာရာဆီ လှည့်ကြည့်၏။

မွန်မွန်သည် လက်ခုပ်လေးတီးရင်း ကလပ်အဆောက်အအုံဘက်မှ ဦးမြင့်နွယ်ရှိရာသို့ လျှောက်လာနေ၏။ မွန်မွန့် နောက်မှ ဦးနေအောင်က ပြုံးရယ်ရင်း လိုက်လာ၏။

ဦးမြင့်နွယ်က မေး၏။

" ကြည့်စမ်း မွန်မွန် ဘယ်တုန်းက ရောက်နေတာလဲ "

" ဒက်ဒီ့ကို လာကြိုရင်း မွန်မွန်ရောက်နေတာ ကြာပြီ၊ ဆရာ ရိုက်လာတာ မြင်သားပဲ၊ ဒက်ဒီက အနှောင့်အယှက် မပေးရဘူး ဆိုလို့ မွန်မွန် ငြိမ်ငြိမ်လေး ပုနေတာ "

ကိုနေဝင်းက မွန်မွန့်ကို ကြည့်ပြီး " အမယ်လေး မွန်မွန်ရယ်၊ နှောင့်ယှက်လိုက်ရောပေါ့၊ အခု အန်ကယ်တို့ ရှုံးပြီ၊ ဆရာတို့ကို ထမင်းကျွေးရတော့မယ်"ဟု ဆို၏။

မွန်မွန်က ရွှင်ပြုံးစွာနှင့် ဦးမြင့်နွယ်ကို မေး၏။

" ဆရာတို့ နိုင်တယ်ပေါ့ "

" ဆရာက ခုတစ်ကျင်းတည်း သယ်နိုင်တာပါ၊ တစ်လမ်းလုံး ဟောဒီ ဦးတုတ်ဝင်းက ရိုက်ပေးလာတာ "

မွန်မွန်က ဦးတုတ်ဝင်းကို လှမ်းကြည့်သည်။ ဦးတုတ်ဝင်းကား သူ့ဖိုးလမင်းမျက်နှာကြီးကို ပြုံးပြပြီး ဆို၏။

" မွန်မွန့်ဆရာက သိပ်ချစ်ဖို့ကောင်းတယ်၊ သူ့ကိုယ်သူ နှိမ့်ချပြီး ပြောတာ၊ အမှန်ကတော့ သူ ကောက်ပင်ရိတ်လှီး စနစ်နဲ့ ရိုက်သွားတာ "

" ရှင် . . . ကောက်ပင်ရိတ်လှီးစနစ် "

" မွန်မွန်က ကဗျာဆရာမပဲ၊ ကောက်ပင်ရိတ်လှီး စကားပညာကို နားလည်တယ် မဟုတ်လား "

" ဟုတ်ကဲ့ရှင့် တစ်ချက်တည်းနဲ့ အပိုင်လုပ်တာ မဟုတ်လား "

" ဟုတ်တယ်၊ အခုလည်း မွန်မွန့်ဆရာ တစ်ချက်တည်းနဲ့ အပိုင်လုပ်သွားတာ "

မွန်မွန်က ရယ်၏။

" ဆရာဦးတုတ်ဝင်းက သိပ်စကားတတ်တာပဲ "

ဦးညိုလဲ့က ဝင်ပြော၏။

" တတ်ဆို မွန်မွန်ကလဲ ဦးတုတ်ဝင်းလည်း ကဗျာဆရာပဲဟာ "

" ရှင် . . . တကယ် "

" တကယ် . . . ဒါပေမယ့် သူက သားချော့သီချင်းတွေ ရေးတာ၊ ဘယ်လောက်ကောင်းသလဲဆို အမျိုးသမီးတွေက သူ့ကို ကလေးအဖေထင်လို့ မစွံတာနဲ့ လူပျိုကြီး လုပ်ရတာ ကြည့်တော့ "

ဦးတုတ်ဝင်းက တဟဲဟဲ ရယ်ပြီးဆို၏။

" မစွံတာလား၊ ဒါမှမဟုတ် ဘဝမှာ ကောက်ပင်ရိတ်လှီးစနစ် ကျင့်သုံးဖို့ အခွင့်စောင့်နေတာလား၊ ဘယ်ပြောနိုင်မလဲ၊ မဟုတ်ဘူးလား ကိုမြင့်နွယ် အဟဲ . . . ဟဲ "

ဦးတုတ်ဝင်းနှင့် ပေါင်းသည်မှာ ကြာပြီဖြစ်သောကြောင့် စကားရိပ် ဘာထွက်သည်ကို ဦးမြင့်နွယ် သိ၏။ ထို့ကြောင့် ရယ်မောပြီး စကားကို ဖြတ်၏။

" ကဲ . . . အချိန်မရှိဘူး၊ နိုင်ထားတာ စားရသောက်ရဦးမယ်၊ ပြန်ကြစို့ "

အားလုံး ကလပ်ဘက် လျှောက်လာကြသည်။ ကျန်လူများ ကလပ်တွင်း ဝင်သွားရာ မွန်မွန်နှင့် ဦးမြင့်နွယ် ကျန်ရစ်၏။

" မွန်မွန်က ဆရာ့ကိုတွေ့ရင် အိမ်ခေါ်မလို့ လိုက်လာတာ "

" စောစောက ပြောထားရောပေါ့ မွန်မွန်ရယ်၊ ဒီနေ့ အစီအစဉ်က ရှိပြီးသားဖြစ်နေတာ "

" ကိစ္စမရှိဘူးလေ၊ မနက်ဖြန် ညနေတော့ ဆရာ လာရမယ်နော် "

ဦးမြင့်နွယ်က ဖြေရန် ဆုတ်ဆိုင်းနေ၏။

" ကြည့် . . . ဆရာက မွန်မွန်တို့အိမ် မလာချင်တော့ဘူးလား "

" မဟုတ်ပါဘူး မွန်မွန်ရယ်၊ ဆရာက ဟိုဒင်း . . . အားနာလို့ပါ "

" ဘာပြုလို့ အားနာရမှာလဲ၊ ဒက်ဒီက ပြောတယ်၊ ဆရာ့ကျေးဇူးကို သူ ဘယ်လိုဆပ်ရမှန်း မသိဘူးတဲ့ "

" ဒီလောက်တောင်ကြီး မဟုတ်ပါဘူးကွယ် "

" အို . . . ဟုတ်ပါတယ်၊ ဒါပဲနော် မနက်ဖြန် လာမယ်မဟုတ်လား "

ဦးမြင့်နွယ်သည် စိတ်တွင်းမှ သက်ပြင်းချလိုက်၏။

" ကောင်းပါပြီ ဆရာ လာခဲ့ပါ့မယ် "

" စောစော လာနော် "

" စိတ်ချပါ မွန်မွန် "

မွန်မွန်၏ မျက်နှာလေးသည် ပြုံးကြည်သွား၏။

ကလပ်တွင်းမှ ဦးနေအောင် ပြန်ထွက်လာ၏။

" ကဲ . . . ပြန်ကြမယ် သမီး၊ ဆရာကော မလိုက်ခဲ့ဘူးလား "

" ကျွန်တော် မနက်ဖြန်မှပဲ လာပါ့မယ် ဦးနေအောင် "

" ဆက်ဆက်တော့လာ ဆရာ၊ ကျွန်တော်ရော သန့်ရော စောင့်နေကြတယ် "

ဦးနေအောင်တို့ သားအဖ ပြန်သွားသည်ကို ဦးမြင့်နွယ်က မျက်စိတစ်ဆုံး ကြည့်ကျန်ရစ်သည်။

ကြုံလာ ဆုံလာရသော ကံကြမ္မာကို အံ့ဩမိသည်။

သြော် . . . ဟိုတုန်းကလည်း သည်လိုပင် ဂေါက်ကွင်းမှာပါ။

ဦးတုတ်ဝင်းတို့ အသိုက်လည်း ထွက်လာကြ၏။

" ကဲ . . . ကောက်ပင်ရိတ်လှီး ဆရာကြီး သွားကြမယ် "

" ဘယ်လိုခေါ်လိုက်တယ် ကိုတုတ်ဝင်း "

" ကောက်ပင်ရိတ်လှီး ဆရာကြီးလို့၊ အဟဲ . . . ဟဲ . . . နေဦး ခင်ဗျားကို အကောင်းမေးစရာတွေ ရှိသေးတယ်၊ အိမ်ကျမှပဲ မေးမယ်၊ ကဲ . . . သွားကြစို့ "

* * *

# အခန်း [ ၁၁ ]

ထိုညနေက ရေမိုးချိုးအပြီး၌ ရှုံးသူတွေ ဒကာလုပ်ဝယ်ရသော တရုတ်ဆိုင်မှ အစားအစာများကို ဦးတုတ်ဝင်း၏ အိမ်၌ စားသောက်ကြ၏။

ညဦးလွန်၍ ကိုနေဝင်း ပြန်သွားသောအခါမှ စားပွဲတွင် သုံးဦးသားထိုင်လျက် ကော်ဖီသောက်ရင်း စကားဆက်ကြခိုက် ဦးတုတ်ဝင်းက စမေးသည်။

“ ညနေတုန်းက မေးချင်တာ အခု မေးရဦးမယ် ”

“ ဘာများလဲ ကိုတုတ်ဝင်း ”

“ မွန်မွန့်အကြောင်း ”

“ မွန်မွန့် . . . အကြောင်း ”

ဦးတုတ်ဝင်းက လက်ဝါးကာပြ၏။

“ ခင်ဗျားလည်း သိသားပဲ၊ ကျွန်တော်က ပျော်တတ်ရွှင်တတ်ပေမယ့် ကိုယ်ရေးကိုယ်တာကိစ္စမှာ စည်းကမ်းရှိတယ်၊ ကျွန်တော် ဆိုလိုတာက မွန်မွန့် ကိုယ်ရေးကိုယ်တာကိစ္စ မဟုတ်ဘူး၊ သူ့ဝေဒနာကို ခင်ဗျား ပျောက်အောင်ကုလိုက်တာ၊ အဲဒါကို စိတ်ဝင်စားလို့ ”

“ ဒါတော့ ခင်ဗျားလည်း ဗဟုသုတနဲ့ ပြည့်စုံတဲ့ တက္ကသိုလ်ဆရာတစ်ဦးပဲဟာ၊ ခွဲခြမ်းစိတ်ဖြာနည်းနဲ့ ကုသတာကို သိသင့်သမျှတော့ သိမှာပေါ့ ”

“ မသိစိတ်တို့၊ တိမ်မြှုပ်ခြင်းတို့၊ အဲဒါတွေလောက်တော့ တီးမိခေါက်မိ ရှိပါတယ်၊ ကျွန်တော် သိချင်တာက တကယ် တိတိကျကျ ဘာဖြစ်နေတာကို ဘာလုပ်လိုက်တာလဲ ”

ဦးညိုလဲ့ကလည်း ဝင်ထောက်ခံ၏။

“ ဟုတ်တယ်ဗျ၊ ခွဲခြမ်းစိတ်ဖြာ ကုနည်းမှာက စကားပြောရတယ်၊ စကားပြောရင်းက ဝေဒနာ ပျောက်သွားတယ်၊ ဒီလောက်တော့ ကျွန်တော်လည်း သဘောပေါက်တယ်၊ အဲ . . . ဒီထက် ရေရေရာရာ ပိုသိချင်တာ ”

“ ဒီလောက် အခြေခံသိထားရင် ရှင်းပြလို့ လွယ်ပါတယ်၊ မသိစိတ်သဘောနဲ့ တိမ်မြှုပ်ခြင်းသဘောတွေကို ကျွန်တော် အရင်ရှင်းပြမယ်၊ အဲဒါတွေကို ထူးထူးဆန်းဆန်း စိတ္တဗေဒဟောဋ္ဌ စကားလုံးကြီးတွေအဖြစ် မယူဘဲ၊ ဖြစ်ပျက်ခြင်း သဘော အစဉ်တွေကို အလွယ်တကူ ခေါ်ဆိုနိုင်ဖို့ ပေးထားတဲ့‘နာမည်’တွေအဖြစ် နားလည်ထားဖို့ အရေးကြီးတယ်၊ တကယ်က ဘာဖြစ်တာလဲဆိုတော့ စိတ်တွေရဲ့ ‘ပဋ္ဌိပက္ခ’က စတာပဲ၊ ဆန္ဒတွေရဲ့ ပဋ္ဌိပက္ခ ဆိုကြပါစို့၊ လူမှာက ဆန္ဒမျိုးစုံ ရှိတယ်၊ ဆန္ဒ တစ်ခုနဲ့ တစ်ခုဟာ ဆန့်ကျင်ဘက်ဖြစ်နေတာတွေ ရှိတယ်၊ ဥပမာ ငယ်ငယ်က မုန့်လည်း ခိုးစားချင်တယ်၊ အမေမိသွားပြီး အရိုက်ခံရမှာလည်း ကြောက်တယ်၊ ဒါမျိုး လူတိုင်း ကြုံဖူးကြတာပဲ။

စိတ်ပဋ္ဌိပက္ခတွေကို ပါမောက္ခ ဖရွိုက်ဟာ နက်နက်နဲနဲ သိခဲ့တယ်၊ လူမှာက အဓိကပဋ္ဌိပက္ခဖြစ်နေတဲ့ ဆန္ဒမျိုးစုကြီး နှစ်ခုရှိတယ်၊ ဆန္ဒမျိုးစု တစ်ခုက ‘ပကတိ အရိုင်း’ဆန္ဒတွေ၊ တခြားမျိုးစု တစ်ခုက ပတ်ဝန်းကျင် လူ့ဘောင်ရဲ့ သွန်သင်မှုကြောင့် ရရှိလာတဲ့ ‘ထိန်းသိမ်းကွပ်ညှပ်’ဆန္ဒတွေ၊ ပကတိ အရိုင်းဆန္ဒက ကိုယ့်အတွက် တစ်ဖို့ပဲ ကြည့်တယ်၊ ထိန်းသိမ်းကွပ်ညှပ် ဆန္ဒတွေက လူ့ဘောင်ကို ငဲ့တယ်၊ ဥပမာ ကာမဂုဏ်ဆန္ဒ အရိုင်းသက်သက်ဟာ သူ့မယား ကိုယ့်မယား နားမလည်ဘူး၊ ထိန်းသိမ်းကွပ်ညှပ် ဆန္ဒက ကာမေသုမိစ္ဆာစာရတိုပ ဥပဒေတို့ကို သိတယ်၊ ဒေါသအရိုင်းဆန္ဒက ရန်သူကို တိုက်ဖို့ပဲ နားလည်တယ်၊ ကွပ်ညှပ်ဆန္ဒက ပါဏာတိပါတကံတို့၊ ရုံးတို့၊ ထောင်တို့၊ ကြိုးဒဏ်တို့ကို သိတယ်၊ ဒီနမူနာ နှစ်ခုလောက်ဆိုရင် လုံလောက်ပြီ ထင်ပါတယ်။

လူဟာ ‘လူမှုရေး သတ္တဝါ’လို့ စိတ်ပညာရှင်တွေက ခေါ်ကြတယ်၊ သူက သတ္တဗေဒ သတ္တဝါသက်သက် မဟုတ်ဘူး၊ သတ္တဗေဒ ဆန္ဒအရိုင်းတွေဟာ တိရစ္ဆာန်တွေလိုပဲ လူမှာလည်း ရှိတာပဲ၊ ဒါပေမယ့် လူကို လူမှုရေးဆန္ဒတွေက ပိုမိုကြိုးကိုင်တယ်၊ ကလေးတစ်ယောက်ဟာ လူကြီးတစ်ဦး ဖြစ်လာရာမှာ လူကောင်သာ ကြီးလာတာ မဟုတ်ဘူး၊ သူ့လူမှုရေး ပတ်ဝန်းကျင် (ဝါ) လူ့ဘောင်က သတ်မှတ်ပြဋ္ဌာန်းချက်တွေကိုလည်း မိမိရဲ့ စိတ်သန္တာန်မှာ သိမ်းပိုက် အပိုင်ယူရတဲ့ ဖြစ်စဉ်လည်း ပါဝင် နေတယ်၊ အဲဒီဖြစ်စဉ်ကို အင်္ဂလိပ်လိုတော့ ‘ဆိုရှယ်လိုက်ဇေးရှင်း’၊ မြန်မာလိုတော့ ‘ဆက်ဆံမှု ပုံသွင်းခြင်း’လို့ စိတ်ပညာရှင် တွေက ခေါ်တယ်၊ စိတ်ကျန်းမာတဲ့ လူတစ်ယောက်ဖြစ်လာဖို့ ကလေးဘဝမှာ ဆက်ဆံမှု ပုံသွင်းခြင်း ဖြစ်စဉ်ဟာ ချောမွေ့ဖို့ သိပ်အရေးကြီးတယ်၊ လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ ဆိုတဲ့ မြန်မာပညာရှိစကားဟာ စိတ်ပညာ အမြင်ပြည့်တဲ့ စကားဖြစ်တယ်၊ မိဘတွေ ဖန်တီးပေးတဲ့ ပတ်ဝန်းကျင်ဟာ ကလေးရဲ့ ဆက်ဆံမှု ပုံသွင်းခြင်းဖြစ်စဉ်၊ ချောမွေ့မှု မချောမွေ့မှုကို အဆုံးအဖြတ်ပေးတယ်၊ ကဲ . . . ဒီလောက်အထိတော့ ခင်ဗျားတို့ ယေဘုယျ နားလည်ပြီ ထင်တယ် ”

ဦးတုတ်ဝင်းနှင့် ဦးညိုလဲ့တို့က ခေါင်းညိတ်ကြ၏။

" အိမ်တွင်း ပတ်ဝန်းကျင်ရဲ့ ထိခိုက်လာမှုကြောင့် ကလေးရဲ့ ဆက်ဆံမှု ပုံသွင်းခြင်းဖြစ်စဉ်ဟာ ချွတ်ယွင်း ဖောက်ပြန်သွားနိုင်တယ်၊ ချွတ်ယွင်းဖောက်ပြန်မှုရဲ့ အနှစ်သာရ စိတ္တဇသဘာဝကတော့ ခုနင်က ပြောခဲ့တဲ့ ပဋိပက္ခပဲ၊ အရိုင်းဆန္ဒနဲ့ ထိန်းသိမ်းကွပ်ညှပ်ဆန္ဒတွေရဲ့ ပဋိပက္ခ၊ စိတ်ပဋိပက္ခဖြစ်လာရင် မလွဲမသွေ ပေါ်ထွက်လာတာက ကြောက်လန့်ခြင်းနဲ့ စိုးရိမ်ခြင်းတွေပေါ့၊ ဒီအခါမှာ လူဟာ မူလ ပဋိပက္ခထက် ကြောက်လန့်ခြင်းနဲ့ စိုးရိမ်မှုကိုသာ ရှေ့တန်းတင်ပြီး 'တုံ့ပြန်ဆက်ဆံ'တော့တယ်၊ ကြောက်လန့်ခြင်းနဲ့ စိုးရိမ်မှုက လွှမ်းထားတော့ ဒီလို ငုပ်သွားတာကို တိမ်မြုပ်ခြင်း၊ ငုပ်သွားတဲ့ ဆန္ဒ ပဋိပက္ခတွေကို မသိစိတ်၊ အဲဒီလို ခေါ်ကြတယ်၊ အပေါ်ယံမှာ မြင်သာထင်သာ ကျန်နေတာကတော့ ကြောက်လန့်ခြင်းနဲ့ စိုးရိမ်မှုကို တုံ့ပြန်ဆက်ဆံတဲ့ အတွေး၊ အပြော၊ အပြုအမူ၊ အဲဒါတွေပဲ၊ အဲဒါတွေကိုပဲ စိတ်ရောဂါ လက္ခဏာတွေအဖြစ် မှတ်ယူကြရတယ် "

ဦးညိုလဲ့က တဆတ်ဆတ် ခေါင်းညိတ်ပြနေ၏။ ဦးတုတ်ဝင်းက မျက်မှောင်ကြုတ် စဉ်းစားနေပြီးမှ မေး၏။

" ပဋိပက္ခဖြစ်တာနဲ့ ကြောက်လန့်ခြင်းနဲ့ စိုးရိမ်မှုတွေက ဘယ်က ပေါ်လာတာလဲ "

" ဘယ်ဒင်းဟာ ကောင်းတယ်၊ ဘယ်ဒင်းဟာ မကောင်းဘူး၊ ဘယ်ဒင်းဟာ မြတ်တယ်၊ ဘယ်ဒင်းဟာ ယုတ်တယ်၊ အဲဒီ 'လူမှုတန်ဖိုး'တွေကို လူ့ဘောင်က သတ်မှတ်တယ်၊ ဆက်ဆံမှု ပုံသွင်းခြင်း ဖြစ်စဉ်၊ တစ်နည်းက လူမှုရေး သင်ယူခြင်းက တစ်ဆင့် ကလေးတစ်ယောက်မှာ လူမှုတန်ဖိုး အသိစိတ်က ဝင်နေပြီး၊ မကောင်းတာ၊ ယုတ်တာကို လုပ်ရမှာ အဲဒီအသိစိတ်က ကြောက်တယ်၊ ကျွန်တော်တို့မှာ စကားတွေရှိတယ် မဟုတ်လား၊ လိပ်ပြာမသန့်ဘူး၊ စိတ်မလုံဘူး၊ ကိုယ်စောင့်နတ်က သိလိမ့်မယ် ဆိုတာတွေလေ၊ ကြောက်ရွံ့စိုးရိမ်ခြင်းဟာ အဲဒီက လာတယ်၊ စိတ်ပဋိပက္ခဖြစ်တဲ့အခါ ထိန်းသိမ်းကွပ်ညှပ်ဆန္ဒက အရိုင်းဆန္ဒကို ကြေအောင် မချေနိုင်ဘူးလို့ပဲ ဆိုကြပါစို့၊ အဲဒီ အရိုင်းဆန္ဒပေါ်တိုင်း ကြောက်တော့ စိုးရိမ်တော့တာပဲ၊ ရှင်းပါတယ်နော် "

ဦးတုတ်ဝင်းက "ရှင်းပါပြီ၊ မွန်မွန့်အကြောင်း ဆက်ပါဦး"ဟု တိုက်တွန်းသည်။

" ဆရာဝန်တစ်ဦးမှာ လူနာရဲ့ အတွင်းရေးကို ထိမ်ဝှက်ထားရမယ့် တာဝန်ရှိသလို ကျွန်တော့်မှာလည်း ရှိတယ်၊ ဒီတော့ သဘောလောက်ပဲ ကျွန်တော် ပြောမယ် "

" အင်းပါ သဘောလောက်ပဲပေါ့ "

" သဘောလောက်ပြောမှာမို့ စကားလုံးလွတ်လပ်မှုကို ကျွန်တော် သုံးတော့မယ်၊ ဘာသာရေး . . . အထူးသဖြင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ 'ကုသိုလ်စိတ်'နဲ့ 'အကုသိုလ်စိတ်'ကို ခွဲတယ်၊ တစ်နည်းတော့လည်း သင်္ဂြိုဟ်နဲ့ အဘိဓမ္မာမှာ သုံးတဲ့ စကားတွေဟာ 'ပရမတ်'ဆိုင်ရာ စကားတွေမို့ 'သိပ္ပံနည်းကျ'စကားတွေအဖြစ် ကျွန်တော်တို့ သုံးနိုင်တယ်၊ ထားပါတော့လေ၊ ပုထုဇဉ် လူမှာ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ်ဟာ ဒွန်တွဲနေတယ်၊ ဘယ်ပုထုဇဉ်မှ မလွတ်ကင်းနိုင်ဘူး၊ ကလေးဘဝ အတွေ့အကြုံတစ်ခုကြောင့် မွန်မွန့်မှာ မလွဲမရှောင်သာဘဲ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ် ပဋိပက္ခ ဖြစ်ရရှာတယ်၊ အဲဒီ အကုသိုလ်စိတ် တိုက်တွန်းရာပြုမယ့် လက်တစ်ဖက်ကို သေနေအောင် စိတ္တဇ ဒဏ်ခတ်ထားတယ်၊ အဲဒီလောက်ပဲ ပြောချင်တယ်ဗျာ၊ စောစောက ရှင်းပြခဲ့တဲ့ သဘောတွေနဲ့ ယှဉ်စဉ်းစားကြ "

သည်တစ်ကြိမ်တွင်မူ ဦးညိုလဲ့က မေးသည်။

" ဒါကို ပျောက်အောင် ခင်ဗျား ဘယ်လိုလုပ်လိုက်သလဲ "

" စိတ္တဇကုသရေးမှာ ကုသူက ပျောက်အောင်လုပ်တာ မဟုတ်ဘူး၊ ဝေဒနာရှင်ကသာ ကိုယ့်ကိုယ်ကို ပျောက်အောင်လုပ်တာ၊ ဆိုလိုတာက ဝေဒနာရှင်ဟာ ကိုယ့်ကိုယ်ကို အမှန်အတိုင်း သိမြင်သွားအောင် ကုသူက ကူညီပေးတာ၊ စကားပြောခိုင်းတာပါပဲ၊ ခင်ဗျားတို့လည်း ကြုံဖူးပါလိမ့်မယ်၊ သိပ်ဒေါသဖြစ်တဲ့အခါ၊ သိပ်ဝမ်းနည်းတဲ့အခါ၊ သိပ်ကြောက်တဲ့အခါ၊ တစ်ယောက်တည်း ကျိတ်မြုံထားရင် ပိုဆိုးတယ် "

ဦးညိုလဲ့က ဦးတုတ်ဝင်းကို ဒူးချင်းတိုက်ပြီး မေး၏။

" ဟုတ်လား ကိုတုတ်ဝင်း "

" ဘာ . . . ဟုတ်လားလဲ "

" ကျိတ်မြုံထားတာ ဆိုးမဆိုး၊ ခင်ဗျား လူပျိုကြီး မသိဘူးလား "

" တော်စမ်းပါ၊ ပိန္နဲတိုင် လာခိုက်နေပြန်ပြီ၊ ဦးမြင့်နွယ် ဆက်ဗျာ "

" တစ်ယောက်ယောက်ကို ဖွင့်ပြောလိုက်ရရင် ရင်ထဲမှာ သက်သာသွားတယ်၊ ကမ္ဘာဦးတည်းက ဓမ္မတာပါ၊ ဖွင့်ထုတ်လိုက်ရရင် သက်သာတယ်၊ ဒီလိုပဲ ပြောနေကြတာ၊ စကားအဖြစ်နဲ့ ဖွင့်ထုတ်လိုက်ရရင် ဒေါသတို့ ဝမ်းနည်းခြင်းတို့ ကြောက်ခြင်းတို့ဆိုတဲ့ 'တင်းအား'တွေဟာ လျော့သွားတတ်တယ်၊ အဲဒါဟာ စိတ်ရဲ့ 'နိယာမ'တစ်ခုပဲ၊ အဲဒီ နိယာမကို ပါမောက္ခ ဖရွိုက်က တွေ့သိပြီး ဖြည့်စွက်မွမ်းမံ သုံးသွားတာ၊ စိတ္တဇအင်အား လျော့သွားတဲ့အခါ၊ ဒီတင်းအားက ဖီလာကာထားတာတွေကို 'ခွဲခြမ်းသိမြင်စွမ်း' ဝင်လာတယ်၊ ခွဲခြားသိမြင်စွမ်းဟာ ကိစ္စသုံးရပ်ကို တစ်ပြိုက်နက် ပြီးစေတယ်၊ 'သိ-ပယ်-ဆိုက်-ပွား'တဲ့၊

အခု မွန်မွန်ဟာ သိပြီမို့ ပယ်ရမှာကိုလဲ ပယ်ပြီးသွားပြီ ဆိုပါတော့ ”

ဦးတုတ်ဝင်းက မဆီမဆိုင် သက်ပြင်းရှည်ကြီး ချလိုက်ပြီး မေး၏။

“ ပယ်ပြီးပြီဆိုတော့ မွန်မွန့်မှာ ဒီရောဂါ ထပ်မဖြစ်တော့ဘူး ဟုတ်လား ”

“ စိတ်ရောဂါဆိုတာဟာ ခက်တယ် ကိုတုတ်ဝင်း၊ ရုပ်လို မြင်ရတွေ့ရတာတေါနဲ့ ကျွန်တော်တို့က ဆက်ဆံနေရတာ မဟုတ်ဘူး၊ အခုအထိတော့ မူလ လက္ခဏာဟာ မရှိတော့ဘူး၊ ပျောက်ပြီ ဆိုနိုင်တယ်၊ တခါတလေ လက္ခဏာတစ်ခု ပျောက်သွားပြီး တခြားလက္ခဏာ တစ်ခုက ပေါ်လာတတ်သေးတယ်၊ အချိန်တော့ ယူရတယ်လေ ”

“ ခင်ဗျား မွန်မွန့်ကို ဆက်ကုရဦးမှာပေါ့ ”

ဦးမြင့်နွယ်က ခေါင်းကို လေးပင်စွာ ခါသည်။

“ ဘာပြုလို့ ”

“ ကျွန်တော် ရန်ကုန်တက္ကသိုလ် ပြန်ရတော့မယ် ”

“ ဟင် . . . မြန်လှချည်လား ”

“ ခင်ဗျားတို့လည်း သိသားပဲ၊ ဒီမှာ ကထိကရာထူး မပေါ်သေးလို့ ကျွန်တော်က အွန်လုန်း (ယာယီ) လာရတာ၊ အခု ဒီနွေမှာ ဒီကအတွက် အမြဲတမ်းရာထူးရမယ်၊ ကျွန်တော်က မားသားဒပတ်မန့် (မူလဌာန) ကို ပြန်ရမှာပေါ့ ”

“ ဟာဗျာ နေရာချင်း လဲလိုက်ပါလား ”

“ ပထမတော့ ကျွန်တော် ဒီလိုပဲ စိတ်ကူးတယ်၊ ဒါပေမယ့် ဟိုက ပါမောက္ခက သဘောမတူဘူး၊ ပြီးတော့ အဲ. . . ကျွန်တော့်ရဲ့ မမျှော်လင့်တဲ့ ကိုယ်ရေးကိုယ်တာ တစ်ခုကလည်း ပေါ်လာတယ် ”

ဦးညိုလဲ့လည်း သက်ပြင်းချ၏။

“ စကားစပြောတုန်းကတော့ စိတ်ချမ်းသာစရာ၊ နိဂုံးကျမှ ဝမ်းနည်းစရာ၊ ကျွန်တော်တို့ ခွဲကြရဦးမှာပေါ့ ”

ဦးတုတ်ဝင်းကလည်း ဆို၏။

“ အေးဗျာ သုံးယောက်သား ဒီမှာ ပျော်ပျော်ပါးပါး ဟာကို၊ ကျွန်တော်တို့ကတော့ ထားတော့ဗျာ၊ မွန်မွန့်ကို ခင်ဗျား ဒီလိုပဲ တစ်ပိုင်းတစ်စကြီး ထားခဲ့မှာလား ”

“ တစ်ပိုင်းတစ်စဆိုလည်း ဟုတ်တယ်၊ မဟုတ်ဘူးဆိုလည်း ဟုတ်တယ်၊ ရှေ့လျှောက် မွန်မွန့်အတွက်က ကျွန်တော့် အစွမ်းရဲ့ ဟိုဘက်ရောက်သွားပြီ၊ သူ့မိဘကို နားလည်အောင် ပြောခဲ့ရမှာပဲ၊ ပြီးတော့လည်း ကျွန်တော် မရှိတော့ပေမယ့် ကျွန်တော်တို့ ဌာနက မွန်မွန့်ကို အကူအညီ ဆက်ပေးသွားမှာပါ ”

ညဥ့်နက်ပြီ ဖြစ်သောကြောင့် ဦးမြင့်နွယ်က နေရာမှ ထသဖြင့် ဦးညိုလဲ့လည်း လိုက်ထသည်။

ဦးညိုလဲ့၏အိမ်က ဦးမြင့်နွယ်၏ အိမ်နှင့် တစ်တန်းတည်းတွင် ဖြစ်သောကြောင့် နှစ်ဦးသား ကားနှင့်အတူ ပြန်လာကြသည်။

ဦးညိုလဲ့၏ အိမ်ဝတွင် ဇနီးက ဆီးကြိုနေ၏။

“ ခင်ရေ သားအိပ်ပလား ”

“ မအိပ်သေးဘူး၊ မောင်သိပ်တာ စောင့်နေတာ ”

“ ဟုတ်လား၊ ဒီလိုဆို ထမ်းသိပ်ရဦးမှာပေါ့၊ အိုကေ ကိုမြင့်နွယ်၊ သန့်ခ်ယူ ဂွဒ်နိုက် ”

“ ဂွဒ်နိုက် ”

မိမိအိမ်ဆီ ပြန်လာစဉ် ဦးမြင့်နွယ်၏ရင်မှာ ဟာနေသည်။ ဝမ်းနည်းပမ်းနည်းလည်း ဖြစ်မိသတည်။

* * *

## အခန်း [ ၁၂ ]

ဟိုရှေးယခင်ကတော့ သည်နေရာမှာ အောင်ပင်လယ်ကန်ရိုးဟု ဆိုသည်။ ယခုတော့ ပြင်ဦးလွင်တက်သည့် လမ်းမကြီး ဖြစ်နေသည်။

အရှေ့ဘက်ဆီမှာတော့ ရှမ်းရိုးမကြီးက ဆန့်တန်းလဲလျောင်းနေသည်။ တောင်စောင်းတွေမှာ တောမီးလောင်၍ မီးခိုးတအူအူလည်း ရှိနေသည်။

မြူပြာပြာကတော့ ရှုလေတိုင်းမှာ အုံ့ဆိုင်းနေသည်။ ရိုးမပေါ်လည်း အုံ့ဆိုင်းနေသည်။ တောတန်းရွာစုတို့ပေါ်မှာလည်း အုံ့ဆိုင်းနေသည်။ တပေါင်းအခါမို့ ညနေစောင်းတွင် နှင်းရိပ်နှင်းငွေ့ကို မြူနှင့်ရော၍ မြင်ရသည်။

လေမှာလည်း ရွက်ဝါတို့ ဝဲနေပါ၏။

" ဆရာ "

" ဘာလဲ မွန်မွန် "

" သိပ်သာယာတာပဲနော် "

" အင်း "

" အစက မန္တလေးကို လှတယ်လို့ မွန်မွန် မထင်ဘူး၊ အခုတော့လည်း သိပ်လှတာပဲ၊ ဩော် . . . ဆရာ ပြောသလိုပါပဲလေ၊ လောကကြီးဟာ မဆိုးပါဘူး၊ ဘယ်ဆိုးလို့လည်းနော် . . . ဆရာ "

" ဒါပေါ့ကွယ် "

" မာမီက အခုနွေမှာ ဘိုးဘိုးတို့ဆီ မိုးကုတ်ကို သွားကြမယ်တဲ့၊ မွန်မွန် နေကောင်းသွားတာ တွေ့ပြီး ဘိုးဘိုးတို့ ဝမ်းသာရအောင်တဲ့၊ ဆရာရယ် အမှန်က မန္တလေးက မွန်မွန် ဘယ်ကိုမှ မသွားချင်တော့ပါဘူး၊ ဒီမှာလည်း မွန်မွန် ပျော်နေတဲ့ဥစ္စာ "

" မွန်မွန့်မာမီပြောတာ မှန်တယ်လေ၊ မွန်မွန့် ဘိုးဘိုးနဲ့ ဘွားဘွားတွေဟာ ခုလို မွန်မွန့်ကိုတွေ့ရရင် သိပ်ပျော်ကြမှာပေါ့"

" ဆရာကလည်း မွန်မွန့်ကို သွားစေချင်တာပဲလား "

" သွားစေချင်တာပေါ့ "

" ဘာပြုလို့လဲ "

" ဩော် . . . မွန်မွန်ရယ်၊ ဘာရယ်တော့ ဟုတ်မလဲ၊ မွန်မွန့်အတွက် အပြောင်းအလဲ ဖြစ်တာပေါ့၊ မဟုတ်ဘူးလား"

" အပြောင်းအလဲ၊ မွန်မွန့်ဖို့ အပြောင်းအလဲက လိုသေးလို့လား၊ မွန်မွန်ဖို့ တစ်လောကလုံးက ပြောင်းလဲသွားပြီပဲ ဥစ္စာ "

" ဆရာက မွန်မွန့်အတွက် အပြောင်းအလဲ လိုသေးတယ်ဆိုရင်ကော "

မွန်မွန်က သူ့ကို လှည့်ကြည့်သည်။ သူကလည်း မွန်မွန်၏ မျက်နှာလေးကို စူးစိုက်ပြီး ပြန်ကြည့်သည်။

မွန်မွန်က သူ့မော်တော်ကားဖြူလေးကို မှီလျက် ရပ်နေခြင်းဖြစ်သည်။

နုလွင်သော ဖက်ဖူးရောင် ထဘီအင်္ကျီနှင့် ကြော့ဝင်းနုစိုသော မွန်မွန်၏ ကိုယ်လေးသည် ကားဖြူနောက်ခံဖြင့် ပန်းချီရုပ်လေးကဲ့သို့ လှပနေသည်။ မြင်ရသည်မှာ ဘဝင်အေးဖွယ်ရှိသည်။

" မွန်မွန့်အတွက် ဘာအပြောင်းအလဲ လိုသေးလို့လဲဟင် ဆရာ "

သူ့ရင်မှာ ထိခိုက်မိသည်။ ရွှန်းစိုသန့်စင် ကြည်လင်သော မွန်မွန်၏ မျက်နှာလေးကို ငေးကြည့်မိစဉ် သူ့ရင်မှာ ထိခိုက်မိသည်။

ဟိုး . . . တစ်ခါတုန်းက ကဲ့သို့ပင် ထိခိုက်မိသည်။

ဩော် . . . သည်အရွယ်၊ သည်ရုပ်ရည်မျိုးနှင့် တစ်ကြိမ်ကလည်း တစ်ယောက်ကို ခွဲခွာမှုစကား ဆိုခဲ့ရသည်။ ယခုလည်း ဆိုရလေဦးတော့မည်။

သူက မွန်မွန့်ထံမှ မျက်လုံးလွှဲလိုက်ပြီး အဝေးမှ ရန်ကင်းတောင်ဆီ လှမ်းကြည့်သည်။

" မွန်မွန် ခုနင်က ပြောတယ်၊ မွန်မွန့်အတွက် တစ်လောကလုံးဟာ ပြောင်းလဲသွားပြီလို့၊ ဒီစကားကို ကြားရလို့ ဆရာ သိပ်ဝမ်းသာသွားတယ်၊ လောကကြီးဟာ မဆိုးပါဘူး ဆိုတာကိုလည်း မွန်မွန် သိသွားပြီ၊ အဲဒီ လောကကြီးထဲကို မွန်မွန်ဟာ လွတ်လွတ်လပ်လပ် ဝင်တိုးကြည့်ရတော့မယ်၊ အထူးသဖြင့် ဆရာမပါဘဲ မွန်မွန်ဘာသာ ဝင်တိုးကြည့်ရမယ် "

" ဟင် . . . ဆရာမပါဘဲ၊ အဲဒါ . . . အဲဒါ ဘာပြောတာလဲဟင် "

" ခရီးတစ်ခုဆိုပါတော့ မွန်မွန်၊ အဲဒီခရီးရဲ့ တစ်စိတ်တစ်ဒေသကို မွန်မွန်တစ်ယောက်တည်း မသွားနိုင်ဘူး၊ ဒီတော့ ဆရာက မွန်မွန့်ကိုတွဲပြီး ခေါ်လာခဲ့တယ်၊ အခု မွန်မွန့်ဘာသာ ဆက်လျှောက်ရမယ့်အပိုင်းကို ရောက်လာပြီ၊ လျှောက်လည်း လျှောက်နိုင်ပြီ၊ ဒါပေမယ့် ဆရာ့ကိုသာ ဆက်အားကိုးနေရင် မွန်မွန့်ဘာသာ ဆက်လျှောက်တော့မှာ မဟုတ်ဘူး၊ ဆရာက မွန်မွန် ဆက်လျှောက်သွားတာကို မြင်ချင်တယ်၊ အဲဒါကို မြင်ချင်လို့ပဲ ဆရာက မွန်မွန့်ကို တွဲခေါ်ကူညီခဲ့တာ မဟုတ်လား "

" ဆရာ ပြောတာ မွန်မွန် နားမလည်သေးဘူး "

" မွန်မွန်ဟာ အခက်အခဲတစ်ခုကို ဆရာ့အကူအညီနဲ့ ရုန်းကန် အနိုင်ယူခဲ့ပြီးပြီ၊ ဒီစကားကို မွန်မွန် မှတ်ထားနော်၊ အနိုင်ယူခဲ့ပြီးပြီ၊ ဟုတ်လား၊ ဒါပေမယ့် မွန်မွန် သိချင်မှသိမယ်၊ ဆရာကတော့ သိတယ်၊ မွန်မွန့်ဘဝပေါ်မှာ ဆရာ့အရိပ်ကြီးက

မိုးနေသေးတယ်၊ အဲဒီ အရိပ်က လွတ်ပြီး မွန်မွန့်ဘာသာ ရှင်သန်နိုင်ရမယ်၊ မွန်မွန် နားလည်ပြီလား ”

မွန်မွန်က မဖြေ။ ယခင် တွေ့ဖူးထားသည့်အတိုင်း အပေါ်နှုတ်ခမ်းလေးကို အောက်သွားနှင့်ကိုက်ပြီး ပါးစပ်စေ့ထား၏။ မျက်လုံးပြာများတွင် မျက်ရည်လဲ့လာနေ၏။

“ မွန်မွန် ဆရာ မေးတာကို ဖြေပါဦး ”

မွန်မွန်သည် မျက်တောင်ကော့ကြီးများကို လေးငါးကြိမ် ပုတ်ခတ်ပုတ်ခတ် လုပ်၏။

“ ဆရာက ဆရာ့ကို မွန်မွန် ခွဲ . . . ခွဲ . . . သွား . . . စေချင် . . . တယ် ဟုတ်လား ”

“ ခွဲသွားတယ်ဆိုတဲ့ စကားကို မသုံးဘူး မွန်မွန်၊ မွန်မွန့်အစွမ်းအစနဲ့ လမ်းလျှောက်ပြတာကို ဆရာက ကြည့်ချင်တယ်၊ အဲဒီလို ပြောမယ် ”

“ အဲဒါလည်း အတူတူပဲ မဟုတ်လား ”

“ မတူပါဘူး မွန်မွန်ရယ်၊ ခွဲသွားတယ်ဆိုတာက စွန့်လွှတ်ပစ်လိုက်တာ၊ အခုဟာက ဆရာ့မေတ္တာ စေတနာနဲ့ အားသစ်လောင်းထားရတဲ့ မွန်မွန်ဟာ ဘယ်လောက်စွမ်းတယ်ဆိုတာ စမ်းကြည့်ချင်တာ ”

“ အဲဒီလို မစမ်းလို့ မရဘူးလား ”

“ မရပါဘူး မွန်မွန် ”

မွန်မွန်က သူ့မျက်လုံးများကို တည့်တည့် စူးစိုက်ကြည့်သည်။ ရိုးရိုးအကြည့်မဟုတ်၊ တစ်စုံတစ်ရာကို ရှာဖွေသော အကြည့်။

အတန်ကြာ ကြည့်နေပြီးမှ မေး၏။

“ အဲဒီလိုဆိုမှ ဆရာ စိတ်ချမ်းသာမယ် မဟုတ်လား ”

“ ဘာကြောင့် မွန်မွန်က အဲဒီလို မေးရတာလဲ ”

မွန်မွန်သည် မျက်နှာလေးကို တစ်ဖက်သို့ လွှဲလိုက်၏။

“ မွန်မွန် သိပါတယ်၊ ခုတစ်လော ဆရာက မွန်မွန့်ကို အရင်လောက် မခင်တော့ပါဘူး ”

ဦးမြင့်နွယ် ထိတ်လန့်သွားသည်။ အလွန် သိမ်မွေ့ခက်ခဲသော အခြေအနေမှန်းလည်း ချက်ချင်း သတိပြုမိသည်။ ဦးမြင့်နွယ်သည် အသာအယာ ရယ်မောလိုက်သည်။ ရှမ်းရိုးမကြီးဆီ လက်ညှိုးညွှန်ပြပြီး မေး၏။

“ မွန်မွန်ရေ အဲဒီ တောင်တန်းပြာပြာကြီးပေါ်မှာ ဘာရှိလဲ ”

“ ဘာမေးတာမှန်းမှ မသိတာ၊ မွန်မွန် ဘယ်လိုလုပ် ဖြေရမလဲ ”

“ ဒါဖြင့် ဆရာကပဲ ဖြေပါ့မယ်၊ အဲဒီပေါ်မှာလေ ပြင်ဦးလွင်ကိုသွားတဲ့ ကားလမ်းရှိတယ်၊ နှစ်ဆယ့်တစ်မိုင်စခန်းဆိုတာလည်း ရှိတယ်၊ အဲဒီစခန်းမှာ ကောင်မလေးတစ်ယောက်ကို ဆရာက တွေ့ခဲ့တယ် ”

မွန်မွန်က သူ့ကို မျက်မှောင်လေးကြုတ်ပြီး ကြည့်သည်။ မျက်နှာလေးမှာမူ ပြုံးရိပ်ငွေ့ငွေ့ ပေါ်နေ၏။

“ အဲဒီကောင်မလေးကို ဆရာက မြင်မြင်ချင်း ခင်လိုက်ရတာ၊ သူ့ကားထဲက ပျက်တဲ့ပစ္စည်းလေးကို ဆရာက ပြင်ပေးတယ်၊ အဲဒါတောင် ကောင်မလေးက မယုံချင်တာနဲ့ ဆရာ့ပစ္စည်းလေး လဲထည့်ပေးလိုက်ရတယ်၊ တော်တော်ဆိုးတဲ့ ကောင်မလေး ”

မွန်မွန်၏ မျက်နှာလေးက သိသိသာသာ ပြုံးလာ၏။

“ အဲဒီလောက်ဆိုးတဲ့ ကောင်မလေးတစ်ယောက်ကိုများ ဆရာက ဆက်ခင်နေရသေးသတဲ့၊ ဒါတောင် အဲဒီ မမချောလေးက ဆရာ့ကို မယုံသေးဘူးတဲ့၊ ဘယ်လောက်ဆိုးတဲ့ ကောင်မလေးလဲ၊ သိလား မွန်မွန် ”

“ ဆိုးတဲ့ ကောင်မလေးကို ဆရာက မုန်းပစ်လိုက်ပါလား ”

“ အဲဒါ ခက်တာပေါ့၊ အမှန်က မုန်းပစ်လိုက်ဖို့ ကောင်းတယ်၊ ဒါပေမယ့် လူကို မုန်းဖို့ နေနေသာသာ လဲယူလာတဲ့ ပစ္စည်းအပျက်လေးကိုတောင် ဆရာက သိမ်းထားရသတဲ့၊ မခက်လား ”

မွန်မွန်က ရယ်တော့၏။ ရယ်ပြန်တော့လည်း ကလေးငယ်ပမာပါ။

ရယ်ပြီးမှ မွန်မွန်သည် မျက်နှာလေး ရုတ်တရက် တည်လိုက်သည်။

“ ဆရာ ”

“ မွန်မွန် ”

“ မွန်မွန်က ဆရာ့ကို ယုံပါတယ် ”

“ တကယ်ပြောတာလား မွန်မွန် ”

“ တကယ်ပြောတာပေါ့၊ ဆရာကလည်း ခက်လိုက်တာ၊ ဆရာ့ကိုမယုံရင် မွန်မွန်က ဘယ်သူ့ သွားယုံရမှာလဲ ”

" အဲဒီလိုဆိုရင် ဆရာ ဝမ်းသာပါတယ် မွန်မွန် "

" မာမီတို့နဲ့ လျှောက်လည်ရင်လည်း ဆရာ ဝမ်းသာမှာပဲပေါ့ ဟုတ်လား "

" ဟင့်အင်း "

" အို . . . ဆရာ ဝမ်းမသာဘူး "

" ဟုတ်တယ် "

" နို့ . . . ခုနတုန်းကတော့ ဆရာကပဲ မာမီတို့နဲ့ လိုက်လည်ဆို "

" လိုက်လည်တာလည်း အကြောင်းမဟုတ်ဘူး၊ မလည်တာကလည်း အကြောင်းမဟုတ်ဘူး၊ ဆရာပြောတာကို မွန်မွန် သဘောမပေါက်သေးဘူး "

" ခက်တော့တာပဲ၊ မွန်မွန် ခေါင်းရှုပ်သွားပြီ "

" မရှုပ်ပါနဲ့ မွန်မွန်၊ ဆရာပြောတာက ရှင်းပါတယ်၊ ဒီလောကကြီးဟာ သာယာပါတယ်၊ နေချင့်စဖွယ် ရှိပါတယ်၊ မွန်မွန်ဟာ ငယ်ငယ်လေး ရှိသေးတယ်၊ အဖက်ဖက်ကလည်း ပြည့်စုံတယ်၊ သာယာဖြောင့်ဖြူးတဲ့ အနာဂတ်က မွန်မွန့်ကို စောင့်ကြိုနေတယ်၊ အဲဒီကို မွန်မွန်သွားပါ၊ ဆရာက ခိုင်းလို့မဟုတ်ဘူး၊ မွန်မွန့် ကိုယ်ပိုင်သတ္တိ၊ မွန်မွန့် ကိုယ်ပိုင်ယုံကြည်ချက်၊ မွန်မွန့် ကိုယ်ပိုင်ရွေးချယ်ချက် အဲဒါတွေနဲ့ သွားပါ၊ အဲဒါကို ဆရာကြည့်ချင်တယ်၊ မြင်ချင်တယ် "

မွန်မွန်က ခေတ္တ စဉ်းစားနေသည်။ ခဏကြာမှ ပြုံးပြုံးလေး ဆိုသည်။

" နိမိတ်ပုံ ခရီးပေါ့ ဟုတ်လား ဆရာ "

" ဟုတ်တယ် နိမိတ်ပုံခရီး "

" ဘာပဲဖြစ်ဖြစ် အဲဒီလိုဆို ဆရာ စိတ်ချမ်းသာမယ်ပေါ့ "

" ဟုတ်တယ် မွန်မွန် "

" အဲဒီလိုဆို မွန်မွန် သွားပါ့မယ်၊ ဆရာ ကျေနပ်ပြီလား "

" ကျေနပ်ပြီ မွန်မွန် "

မွန်မွန်က သူ့ကို ပြုံးပြုံးလေး စိုက်ကြည့်သည်။ သူကလည်း မွန်မွန့်ကို ပြုံးပြီး ပြန်ကြည့်နေသည်။

မြူပြာသော ပတ်ဝန်းကျင်မှာ ဥဩသံလေး မှန်မှန်ထွက်ပေါ်နေသည်။

" မွန်မွန်ရေ ပြန်ကြစို့၊ အိမ်မှာ ညစာစားဦးမယ် မဟုတ်လား "

" ညစာစားပြီးရင် ဆရာ မွန်မွန့်ကို ပီယာနို တီးပြဦးမလား "

" တီးပြမှာပေါ့ မွန်မွန် "

" နှင်းမပျောက်တဲ့မြေနော် "

" အင်း "

" နိမိတ်ပုံ သီချင်းနော် "

" အင်း "

မွန်မွန်က သူ့ကို ဘယ်လက်လေးကမ်းသည်။ ပြီးမှ ရယ်၍ ညာလက်လေးကို ပြန်ကမ်း၏။

ဦးမြင့်နွယ်က ဖြူဝင်းလှပသော လက်လေးကိုလည်း ကြည့်သည်။ အပြစ်ကင်း သန့်စင်လှသော အပြုံးလေးဖြင့် နုနယ်ပျို့မျစ်လှပသော မျက်နှာလေးကိုလည်း ကြည့်သည်။

ရင်သည် နာလာ၏။

သည်လက်လေး သည်လို ကမ်းလာနိုင်အောင် မိမိပင် စွမ်းဆောင်ခဲ့ရသည်။

သည်လက်လေးကိုကိုင်ကာ ရှည်လျားသော ရှေ့ဘဝခရီးတစ်လျှောက် အထိတော့ ကလေးကို မိမိ မခေါ်နိုင်တော့ပါ၊ ခေါ်နိုင်ခွင့်က မရှိထင်သည်။ ရှိစေဦး၊ မသင့်ထင်ပြီ။

ရင်နာလျက်က အပြုံးကို မဖျက်ရဲဘဲ ဦးမြင့်နွယ်သည် မျှော်လင့်ချက်ဖြင့် ကမ်းပေးနေရှာသူလေး၏ လက်လေးကို ယုယစွာ ကိုင်ဆွဲလိုက်ရပါလေ၏။

*     *     *

အခန်း [ ၁၃ ]

ရန်ကုန်မြေမှာတော့ ရွှေမိုးညိုနေသည်။

ရန်ကုန် ပြန်ရောက်ကတည်းက ဦးမြင့်နွယ်၏ ရင်မှာ လွမ်းသလို ဆွေးသလို ညိုမှုန်၍ မှိုင်းရတော့သည်။

ဟို . . . ငယ်စဉ်က ကမ်းနီဆရာတော်ဘုရားကြီး သင်ပြပေးခဲ့သော တရားစာကို အကြိမ်ကြိမ် ပြန်သတိရမိသည်။

အနိစ္စံသခ်တံ၊ ပဋိစ္စသမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ၊ ခပတိ။

ပဋိစ္စသမုပ္ပန္နံ - အကြောင်းတရားကို စွဲ၍ဖြစ်သော အကျိုးတရား။ သခ်တံ - ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပေါင်းကာ ပြုပြင်အပ်သည်ဖြစ်၍။ အနိစ္စံ - အမြဲမရှိ။ ခယဓမ္မံ - ကုန်ခြင်းသဘော ရှိ၏။ ဝယဓမ္မံ - ပျက်ခြင်းသဘောရှိ၏။ တသ္မာ - ထို့ကြောင့်။ ဝိရာဟဂဓမ္မံ - ရာဂ ကင်းခြင်းသဘော ရှိသော။ နိရောဓမ္မံ - ချုပ်ငြိမ်းခြင်းသော ရှိသော နိဗ္ဗာန်ကို။ ပဏ္ဍိတော - ပညာရှိအပေါင်းတို့သည်။ ခပတိ - နှစ်သက်မြတ်နိုးလေ၏။

သည်ဂါထာမှာတော့ ပညာရှိကို ပဏ္ဍိတဟု ယေဘုယျသဘောဖြင့် ဆိုဟန်ရှိသည်။ လယ်တီဆရာတော်ဘုရားကြီးက 'ပဏ္ဍိတ'ပညာရှိနှင့် 'ဝိညူ'ပညာရှိကို ခွဲခွဲခြားခြား ပြတော်မူခဲ့သည်။

ပဏ္ဍိက ပညာရှိမျိုးဟူသည် ထိုထိုဤဤ အလီလီရှိနိုင်သည်။ သစ္စာလေးပါးတရားကို ခွဲခြားသိပိုင်မှုကား ဝိညူပညာရှိတို့သာလျှင် စွမ်းနိုင်၏။

ဩော် . . . မိမိကား ဝိညူမဟုတ်လေပါ။ ဝိညူမဟုတ်လေတော့ တရားတွေကိုသာ ရွတ်နိုင်သည်။ ပယ်နိုင်၊ ဆိုက်နိုင်၊ ပွားနိုင်အောင် မသိသေးပါ။

သိသမျှလေးက ခံသာစွာ နေစွမ်းရုံ အကျိုးပေးသည်။ ခံနိုင်ရည် အပြည့်ကား မရှိသေး။

မိမိတတ်သော စိတ်ပညာဟူသည်ကလည်း ပဏ္ဍိတပစ္စည်းတမျိုးမို့ တစ်စုံတစ်ရာသော အတိုင်းအတာအထိသာ ပူပန်မှုကို ငြိမ်းစေနိုင်သည်။ ပဋိစ္စသမုပ္ပန္နံ စက်ရဟတ်ကြီးကိုတော့ အပြီးသတ် မဖြတ်နိုင်။ မဖြတ်နိုင်သေးတော့ လူပီပီ ဆွေးသလို လွမ်းသလို ရင်မှာ ညိုမှုန်၍ မှိုင်းရပြန်သည်။

သီတင်းကျွတ်ပြီးစ တစ်နေ့တွင် ဌာနရှိ မိမိ၏အခန်း စားပွဲတွင် ဦးမြင့်နွယ်သည် စာတစ်စောင်ကို ဖတ်ရှုနေသည်။

**ဆရာ**

တစ်နှစ်တောင် ပြည့်တော့မယ်။

တော်တော်ကြာကျရင် နှင်းငွေ့တစ်ထောင့်မှာ မိုးက မှောင့်လေတော့မယ်။

မကြောက်တော့ပါဘူး ဆိုလျက်က မွန်မွန့်ရင်မှာ စိုးရိမ်စိတ်တွေ ဝင်လာတယ်။

အရင်အဖြစ်မျိုးကိုတော့ မွန်မွန် ပြန်မသွားတော့ပါဘူး ဆရာ။ အဲဒါကိုတော့ စိတ်ချနေပါ။

ဆရာပြောပြတဲ့ သာယာတဲ့ လောကကြီးဆိုတာမှ ဆရာ့အလိုကျ မွန်မွန် တစ်ယောက်တည်း ခရီးသွားနိုင်အောင် မွန်မွန် ကြိုးစားနေပါတယ်။

ဆရာဆုံးဖြတ်ခဲ့တာ မှန်ပါတယ်။ တကယ်တော့ မွန်မွန့်ခရီးကို မွန်မွန်ပဲ သွားရမှာပေါ့။ မွန်မွန် တစ်ယောက်တည်းပဲ သွားရမှာပေါ့။ မဟုတ်ဘူးလား။

ဖြစ်သမျှတွေကို မေ့တတ်သလောက် မေ့ပစ်ရမှာပေါ့။ လူသစ်စိတ်သစ်နဲ့ လောကကို ရင်ဆိုင်ရမှာပေါ့။ မရင်ဆိုင်ရင်လည်း မဖြစ်တော့ဘူး။ အခုဆိုရင်လေ မွန်မွန် တစ်ယောက်တည်းဆိုမှ တကယ့်ကို တစ်ယောက်တည်း။

အခု မမမြလည်း မွန်မွန်နဲ့ ခွဲသွားပြီ။ မွန်မွန် ပြောဖူးတာ ဆရာမှတ်မိတယ် မဟုတ်လား။ မမမြချစ်သူဆိုတာလေ။ အခု ကနေဒါက ပြန်လာပြီ။ သူတို့ လက်ထပ်ပြီးသွားပြီ။

မမမြအတွက် မွန်မွန် ဝမ်းသာပါတယ်။ ချစ်နှစ်သက်သူနဲ့ ကွေကွင်းရခြင်းဟာ ဒုက္ခဆိုတော့ ချစ်နှစ်သက်သူနဲ့ ပေါင်းသင်းရခြင်းက သုခပေါ့နော် ဆရာ။ ဒီတော့ မမမြအတွက် မွန်မွန် ဝမ်းသာရမယ်ပေါ့။

ဩော် . . . အပြီးသတ်ကျတော့ လူဆိုတာ ကိုယ့်ခရီးကိုယ် သွားကြရတာပါပဲ။ ကိုယ်ကလွဲလို့ ဒီလောကမှာ ဘာမှ အားကိုးရာ မရှိပါလား။

ဒီသင်ခန်းစာကို မွန်မွန် ကောင်းကောင်း နားလည်ပါပြီ။

ဆရာ့ကိုလည်း မွန်မွန် အများကြီး ကျေးဇူးတင်ပါတယ်။

မွန်မွန့်စာမှာ အမှားရှိရင် ခွင့်လွှတ်ပါ ဆရာ။

ရိုသေချစ်ခင်စွာဖြင့်

**မွန်မွန်**

ဦးမြင့်နွယ်သည် စာအဆုံး၌ မျက်မှောင်ကြုတ်သွားမိသည်။

ကိုယ်က ရှေ့ကိုင်းသွားပြီး စာကို တစ်ခေါက်ပြန်ဖတ်သည်။
" ဘယ်လိုလဲ ဆရာသမားရဲ့၊ စားမတတ်ဝါးမတတ် မျိုမတတ် မျက်လုံးကို ပါးစပ်လို ဖြဲကြည့်ရအောင် ဘယ်ကစာမို့လဲ"
ဦးမြင့်နွယ်က မော့ကြည့်သည်။ လူပုပု၊ မျက်မှန်ကြီးကြီး၊ အသားဖြူဖြူနှင့် ပုဂ္ဂိုလ်တစ်ဦးက ရပ်နေ၏။
" ဟာ . . . လာ . . . အတော်ပဲ ဖိုးကျော်ဖေ "
" ဘာလဲ စာပြမလို့လား၊ မလုပ်နဲ့ ကိုယ်က ဒါမျိုး ငယ်ငယ်တုန်းကသာ ဝါသနာပါတာ "
စိတ်ပညာ ကထိကတစ်ဦးပင်ဖြစ်သော ဒေါက်တာကျော်ဖေသည် ဦးမြင့်နွယ် စားပွဲရှေ့တွင် ဝင်ထိုင်၏။
ဦးမြင့်နွယ်က စာကို ဒေါက်တာကျော်ဖေ့ကို လှမ်းပေးသည်။
" ဒီစာဖတ်ကြည့်စမ်းပါ "
" ဘယ်က စာလဲ "
" မွန်မွန့်ဆီက "
" အိုးဟိုး ဒါကြောင့်ကိုး၊ ဘာတဲ့ ဟိုဝတ္ထုဟာ အဲ . . . ရောဂါသည်မလေး မောင့်ချစ်သူ "
" မနောက်စမ်းပါနဲ့ သူငယ်ချင်းရာ၊ ဖတ်မယ့်ဟာ ဖတ်စမ်းပါ "
ဒေါက်တာကျော်ဖေသည် မျက်နှာကို တည်လိုက်ပြီး စာကို ဖတ်၏။
ပထမသော် ဒေါက်တာကျော်ဖေ၏ မျက်နှာသည် တည်တည်မှန်မှန်ပင် ဖြစ်၏။ သို့ရာတွင် တခဏ၌မူ မျက်မှောင်ကြုတ်လာ၏။
ဒေါက်တာကျော်ဖေသည် မျက်မှောင်ကြုတ်လျက်နှင့်ပင် စာကို ဦးမြင့်နွယ်အား ပြန်ပေး၏။
" ဘယ့်နှယ်လဲ သူငယ်ချင်း "
ဒေါက်တာကျော်ဖေက ခေါင်းယမ်းပြ၏။
" မကြိုက်ဘူး "
" ဘာမကြိုက်တာလဲ "
" ဒီလိုလုပ်၊ ကိုယ်မကြိုက်တာတွေ ပြောပြမယ်၊ မောင်ရင်နဲ့ကိုယ် ကိုက်မကိုက် ညှိရအောင် "
" ဟုတ်ပြီ၊ ကိုယ်ကလည်း ဒါလိုချင်တာ "
ဒေါက်တာကျော်ဖေသည် ဆေးတံကို ထုတ်ယူပြီး ဆေးတစ်ဆုံဖြည့်လျက် ဦးစံရှားဟန် အပြည့်ဖြင့် ဖွာ၏။
" စာရွက် ပြန်ပေးပါဦး "
ဦးမြင့်နွယ်က စာရွက်ကို ဒေါက်တာကျော်ဖေ့ထံ ပြန်ပေးသည်။
" ပထမဆုံး ကိုယ်မကြိုက်တာက ဆရာပြောပြတဲ့ သာယာတဲ့ လောကကြီး ဆိုတာမှာ၊ အဲဒီအပိုဒ်၊ သာယာတဲ့ လောကကြီးလို့ မဆိုဘူး၊ 'ဆရာပြောပြတဲ့' အဲဒီဝိသေသနက ပါနေတယ်၊ ပြီးတော့ 'ဆိုတာ' တဲ့ ဟုတ်စ "
ဦးမြင့်နွယ်က ခေါင်းညိတ်ပြ၏။
" ဒုတိယ ကိုယ်မကြိုက်တာက မွန်မွန် တစ်ယောက်တည်း၊ အဲဒါ . . . အဲဒီစကားကို နေဦး ဝမ်း၊ တူး၊ သရီး၊ ဖိုးလေးခါ သုံးထားတယ် ဟုတ်စ "
ဦးမြင့်နွယ် ခေါင်းညိတ်၏။
" မကြိုက်ဆုံးကတော့ ဖြစ်သမျှတွေ မေ့တတ်သလောက် မေ့ပစ်ရမှာပေါ့၊ လူသစ်စိတ်သစ်နဲ့ လောကကို ရင်ဆိုင်ရမှာပေါ့၊ အဲဒီစကားတွေ 'လူသစ်စိတ်သစ်နဲ့' အဲဒါက ဘာပြောတာလဲ၊ နေဦး ကျန်သေးတယ်၊ အရင်အဖြစ်မျိုးကိုတော့ မွန်မွန် ပြန်မသွားတော့ပါဘူး၊ ဒါကလည်း ဘာပြောတာလဲ၊ ဘာကို နိမိတ်ပြ ညွှန်းနေသလဲ၊ အိုင်ဆေး ကိုမြင့်နွယ်၊ ကျုပ်မကြိုက်ဘူး "
ဦးမြင့်နွယ်က စာရွက်ကို ဒေါက်တာကျော်ဖေဆီမှ ပြန်ယူလိုက်ကာ သက်ပြင်းရှိုက်ပြီး ဆို၏။
" ကိုယ်လည်း ဒါတွေကို မကြိုက်ဘူး သူငယ်ချင်း "
" မန္တလေး စိတ်ပညာဌာနက သူငယ်ချင်းဆီက ဘာအကြောင်းကြားသေးသလဲ "
" ကိုယ် ဒီကိုပြောင်းလာပြီးမှ မွန်မွန်ဟာ ဌာနကို မလာတော့ဘူးတဲ့ "
ဒေါက်တာကျော်ဖေသည် ဆေးတံခဲလျက် ခေါင်းခါပြီး မှတ်ချက်ချ၏။
" သူငယ်ချင်း မှားတယ် "
" ကိုယ့်နေရာကနေ စဉ်းစားကြည့်ဦးလေ၊ ဘာဆက်လုပ်မလဲ "
" အင်းလေ ထားပါတော့၊ ကဲ . . . အခု မောင်ရင် ဘာလုပ်မလဲ "

" ကိုယ် စဉ်းစားရဦးမယ် "
" စဉ်းစားမနေနဲ့၊ ကိုယ်သာဆို အမြန်ဆုံး မန္တလေး ပြေးမယ်၊ မြန်နိုင်လေ ကောင်းလေပဲ "
" ဒီလောက်တော့လည်း မလွယ်ဘူးလေ "
" လက်ချာတွေ စိုးရိမ်လို့လား၊ ကိစ္စမရှိဘူး မောင်ရင့်ကလပ်စ်တွေ ကိုယ်ယူပေးမယ် "
" အဲဒါကြောင့် မဟုတ်ဘူး၊ သွားပြီးတော့ ဟိုကျ ကိုယ်ဘာလုပ်မလဲ "
" အဲဒါတော့ ကျော်ဖေက ဘယ်လိုလုပ် ဆုံးဖြတ်ပေးနိုင်မှာလဲ ငါ့ရှင်ရယ်၊ ဘာပဲဖြစ်ဖြစ် တစ်ခါလောက် သွားတွေ့လိုက်တာတော့ မမှားဘူး၊ အချိန် သူငယ်ချင်း၊ အချိန် . . . အချိန် "
" အင်း . . . ဟုတ်တယ်၊ အချိန် "
" ကဲ . . . သူငယ်ချင်း စဉ်းစားပေါ့၊ ကိုယ့်တော့ အားမနာနဲ့၊ ကိုယ် ကလပ်စ်ရှိသေးလို့ သွားဦးမယ် "
ဒေါက်တာကျော်ဖေ ထွက်သွားသောအခါ ဦးမြင့်နွယ် ငိုင်ကျန်ရစ်သည်။
စားပွဲပေါ်တွင် အခြား စာနှစ်စောင်က ရှိနေသေးသည်။
ဦးမြင့်နွယ်၏ မျက်လုံးများက စာအိတ်တစ်လုံးပေါ် ရောက်သွားသည်။
မှတ်ပုံတင်စာ ဖြစ်သည်။ မှတ်ပုံတင်စာများကို ဌာနက တာဝန်ယူ လက်မှတ်ထိုး ယူထားလေ့ရှိသည်။
စာအိတ်ထောင့်မှ လိပ်စာက သူ့မျက်လုံးကို ကျယ်သွားစေသည်။
" နော်မြသွေး၊ တောင်ကြီးမြို့ "
ဦးမြင့်နွယ်က စာအိတ်ကို လျင်မြန်စွာ ဖွင့်ဖောက်သည်။

**ဆရာရှင့်**

ကျွန်မ စာကို ဖတ်ရလို့ အံ့သြသွားမလား မသိဘူး။

ဒီစာကို ရေးရမရေးရ ကျွန်မ စဉ်းစားနေခဲ့ပါတယ်။ နောက်ဆုံး ကျွန်မခင်ပွန်း (အခု ကျွန်မ လက်ထပ်ပြီးပြီ)နဲ့ တိုင်ပင်ကြည့်တော့ သူက ရေးဖို့ တိုက်တွန်းတာနဲ့ ကျွန်မ ရေးလိုက်ပါတယ်။ ကျွန်မခင်ပွန်းက အခု စဝ်စံထွန်း ဆေးရုံ ဆရာဝန်တစ်ဦးပါ။

ကိစ္စကတော့ မွန်မွန့်အကြောင်းပါ။ မွန်မွန်ဟာ ကျွန်မကို ခင်မင်ပြီး ယုံကြည်စိတ်ချတာကို ဆရာ ရိပ်မိပါလိမ့်မယ်။

ဆရာ ရန်ကုန် ပြန်ပြောင်းသွားတော့ မွန်မွန် သိပ်စိတ်ထိခိုက်ခဲ့တယ်။ သာမန် ထိခိုက်တာ မဟုတ်ဘူး။ အစကတော့ ကျွန်မလည်း သာမန် ထိခိုက်တာလောက်ပဲ ထင်မိတယ်။

ကျွန်မနဲ့ ခွဲခွာနီးကျမှ မွန်မွန်ဟာ သူ့ရင်ကို ဖွင့်ပြခဲ့တယ်။

မွန်မွန်ဟာ ဆရာ့အပေါ် သံယောဇဉ် ဖြစ်နေပြီ။ ဒီစကားကို ဆရာ နားလည်လိမ့်မယ် ထင်ပါတယ်။

ဆရာဟာ ဘယ်လို သိက္ခာထိန်းသိမ်းပြီး ဘာလုပ်သွားတယ်ဆိုတာ ကျွန်မ ကောင်းကောင်းနားလည်ပါတယ်။

မွန်မွန်ကတော့ တစ်မျိုးပေါ့ ဆရာ။ မွန်မွန်ဟာ ဘယ်လို တွေးခေါ်တတ်တယ် ဆိုတာတော့ ဆရာသိပြီးပြီလို့ ကျွန်မ ယုံပါတယ်။

မွန်မွန်ကတော့ ဆရာဟာ သူ့ကို စွန့်ထားပစ်ခဲ့တယ်လို့ ယုံနေတယ်။

သူပြောခဲ့တဲ့ စကားကို မှတ်မိသရွေ့ ကျွန်မပြောပြမယ်။

ဆရာဟာ မွန်မွန့်ကို သံယောဇဉ် ရှိခဲ့ဖူးပါတယ်တဲ့။ အဲဒါကို မွန်မွန်က သိပါတယ်တဲ့။ ဒါပေမယ့် ကုခန်းမှာ

ပြောကြရင်း မွန်မွန်တို့ရဲ့ အိမ်အတွင်းရေးကို ဆရာ သိသွားသတဲ့။ အထူးသဖြင့် မွန်မွန်က မွန်မွန့်မာမီ အကြောင်း ဆရာသိသွားတဲ့အခါမှာ မွန်မွန့်ကိုလည်း အထင်သေးသွားမှာပါတဲ့။ ဒီပုတ်ထဲက ဒီပဲ၊ အဲဒီလို ဆရာ တွက်သွားမှာပါတဲ့။ မွန်မွန်ပြောတဲ့ စကားပါ။ ဘာဆိုလိုတာလည်းတော့ ကျွန်မ မသိဘူး။ မွန်မွန်က ဒါလောက်ပဲ ပြောတယ်။ ဆက်မေးလို့လဲ မရဘူး။

မွန်မွန့်ရင်ထဲ ဘာဖြစ်နေမယ်ဆိုတာ ကျွန်မ သိပါတယ်။ မလွှဲသာလို့ ခွဲသာ လာခဲ့ရတယ်။ တစ်နေ့မှ ကျွန်မ စိတ်မချဘူး။ ခွဲလာခဲ့မိတာတောင် မှားပြီလို့ ကျွန်မ နောင်တရနေတယ်။

ဒီအချက်ကို ဆရာ သိမယ်မဟုတ်ဘူး။ သိရင်တော့ ဆရာ့ကို ကျွန်မယုံပါတယ်။ မွန်မွန့်အတွက် ဆရာ တစ်ခုခု ဆောင်ရွက်ပေးနိုင်မှာပါပဲ။ မွန်မွန် ထင်သလို ဆရာ ဘယ်နည်းနဲ့မှ မဟုတ်ဘူးဆိုတာ ကျွန်မ တစ်ထစ်ချ ယုံပါတယ်။

မွန်မွန့်အတွက် တစ်ခုခုဆောင်ရွက်ပေးပါ ဆရာ။ ဆရာ့မေတ္တာကြောင့် လန်းလာရတဲ့ ပန်းပင်လေး တစ်ပင်ပါ။ ဒီပန်းပင်လေး ထပ်နွမ်းမှာကို ကျွန်မ ပူသလိုပဲ ဆရာလည်း ပူမယ်ဆိုတာ ကျွန်မယုံပါတယ်။

ခင်မင်လေးစားစွာဖြင့်

**နော်မြသွေး**

နော်မြသွေး၏ စာအဆုံးတွင် ဦးမြင့်နွယ်မှာ တုန်လှုပ်ချောက်ချားသွားသည်။

မွန်မွန့်စာက သူ့ကို သံသယသာ ဝင်စေသည်။

နော်မြသွေး၏ စာကို အန္တရာယ်ကို ထင်းထင်းကြီး ညွှန်ပြနေသည်။

အန္တရာယ်၊ မွန်မွန့်အတွက် အန္တရာယ်။

မိမိကြိုးပမ်းခဲ့သမျှ သဲထဲရေသွန် ဖြစ်တော့မည်။

ဦးမြင့်နွယ်က စိတ်ကို တုံးတုံးချလိုက်သည်။

ဘာပဲဖြစ်ဖြစ် နောက်ဆုံး ကြိုးပမ်းမှုတစ်ရပ်ကိုတော့ မိမိ ပြုရတော့မည်။

နော်မြသွေး ရေးသကဲ့သို့ မိမိလန်းစေခဲ့ရသော ပန်းပင်လေးကို အနွမ်းမခံနိုင်ပါ။

အချိန်သာ မီပါစေ။ ဘုရားသိကြားမ၍ အချိန်သာ မီပါစေ။

ခွင့်စာတစ်စောင်ကို ကောက်ရေးပြီး ဦးမြင့်နွယ်သည် ပါမောက္ခ၏ ရုံးခန်းဆီ ခြေလှမ်းကျဲနှင့် လျှောက်လာခဲ့သတည်း။

* * *

အခန်း [ ၁၄ ]

ဝင်ဒါမီယာနှင့် စပ်နေသော တက္ကသိုလ်နယ်မြေရှိ မိမိ၏ အိမ်တွင် ဦးမြင့်နွယ်သည် အထုတ်အပိုး ပြင်နေ၏။

ပြည်လမ်းမကြီးပေါ်၌ တဝေါဝေါ ပြေးနေကြသော ကားသံတို့က ဆူနေ၏။ မိမိရင်တွင်း၌လည်း စိုးရိမ်စိတ်ကြောင့် ဗလောင်ဆူနေသည်။

ညရထားနှင့် လိုက်ရမည်။ ညရထားက ညကိုးနာရီကျော်မှ ထွက်မည်။ ယခုမှ ညနေ ခြောက်နာရီကျော်ကျော် ရှိသေးသည်။ အမှန်က အချိန်တွေ အများကြီးရှိသေးသည်။ ဒါကို သိလျက်နှင့် စိတ်ကမူ လောနေ၏။

သားရေသေတ္တာတွင်းသို့ အဝတ်အစားများကို ခေါက်ထည့်နေခိုက် အိမ်ရှေ့တွင် ကားတစ်စီးရပ်သံ ကြားရသည်။ ဟွန်းသံလည်း ပေါ်လာ၏။

စိတ်မတို့တတိုဖြင့် ဦးမြင့်နွယ်သည် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ သွားခါနီး လာခါနီးမှ ဘယ်က ဧည့်သည် လာ၍ နှောင့်ယှက်ပါသနည်း။

ခြေသံပြင်းပြင်းနှင့် ဆင်းလာခဲ့သော ဦးမြင့်နွယ်မှာ ခေါက်တံခါးတပ် အပေါက်ဝ၌ ရပ်နေသူကို မြင်လိုက်ရသော အခါ အံ့သြလွန်း၍ ကြက်သေသေလုဖြင့် ငေးကြည့်နေမိသည်။

ရပ်နေသူကတော့ သည်နေရာ သည်အချိန်မှာ ဘယ်ပုံမျှ မိမိ မမျှော်လင့်သူ။

စင်သီယာ သို့မဟုတ် ဒေါ်ဖြူဖြူသန့်။

အံ့သြရာမှ ဦးမြင့်နွယ်သည် သတိဝင်လာသည်။ သူ့စိတ်က တစ်စုံတစ်ရာကို ကြိုတင်သိသကဲ့သို့လည်း ဖြစ်နေသည်။

ဦးမြင့်နွယ်သည် ခေါက်တံခါးကို ဖွင့်ပေးလိုက်ပြီး စင်သီယာအား ဧည့်ခန်းသို့ ခေါ်လာခဲ့သည်။

စင်သီယာ့ သဏ္ဌာန်တစ်ခုလုံးမှာ ကပိုကရိုနိုင်နေ၏။ မျက်နှာသွင်ပြင်ကလည်း ပူပန်ခြင်းကို ဖော်ပြနေ၏။

" ကိုယ် ပဏ္ဏာမတွေ ပျိုးမနေတော့ဘူး၊ တိုက်ရိုက်ပဲ မေးတော့မယ်၊ ဘယ်လိုလဲ စင်သီယာ၊ ပြဿနာ ပေါ်ခဲ့ပြီ မဟုတ်လား "

စင်သီယာက ခေါင်းညိတ်ပြ၏။ မျက်လုံးများမှ မျက်ရည်များလည်း စီးကျလာ၏။

" ပြောပါ စင်သီယာ၊ မွန်မွန် မဟုတ်လား၊ မွန်မွန် ဘာဖြစ်သလဲ "

ထိန်းလျက်က သူ့အသံကလည်း စိုးရိမ်မှု ကဲနေ၏။

" မွန်မွန်ရယ် မွန်မွန် အိမ်မှာ မရှိတော့ဘူး "

" ဘယ်လို မွန်မွန် အိမ်မှာမရှိတော့ဘူး ဟုတ်လား "

" ဟုတ်တယ် ဒါပေမယ့် "

စင်သီယာက စကားကို မဆက်ဘဲထားသဖြင့် သူက စင်သီယာကို တစ်ချက်စိုက်ကြည့်သည်။ စင်သီယာမှာ စကားကို အဆက်အစပ်မှန်အောင် ပြောရခက်နေဟန် ရှိသည်။

သူက လူရောစိတ်ကိုပါ တည်ငြိမ်စေလိုက်ပြီး မေး၏။

" ဖြည်းဖြည်းချင်းပဲ ပြောပါ စင်သီယာ၊ မွန်မွန် အခု အိမ်မှာ မရှိတော့ဘူး၊ မွန်မွန်ဟာ အိမ်က ပျောက်သွားခဲ့တယ်၊ ဟုတ်တယ် မဟုတ်လား "

စင်သီယာက ခေါင်းညိတ်ပြ၏။

" ဒါပေမယ့် အခု ပြန်တော့တွေ့ပြီ မဟုတ်လား "

" ဟုတ် . . . ဟုတ်တယ် "

" ဘယ်မှာ ပြန်တွေ့သလဲ စင်သီယာ "

" ဟဲဟိုးလေဆိပ်မှာတဲ့ "

" ဟဲဟိုးလေဆိပ်မှာ "

" မွန်မွန် ပျောက်သွားတော့ စင်သီယာတို့ တစ်အိမ်လုံး ခေါင်းမီးတောက်တာပေါ့ ကိုမြင့်နွယ်၊ သူ့အဖေဆိုရင် တစ်ခါတည်း အရူးကြီးလိုပဲ၊ ကိုအောင်ဟာ သူ့သမီးကို သိပ်ချစ်တယ် ကိုမြင့်နွယ်၊ သူ့သမီး ဒုက္ခိတ ဘဝက လွတ်လာလို့ ဝမ်းသာလို့မှ မဆုံးခင် ပျောက်သွားတာကိုး၊ စင်သီယာဆိုရင်လည်း ဘာလုပ်လို့ ဘာကိုင်ရမှန် မသိဘူး၊ ငယ်ထိပ် မြွေကိုက်တယ် ဆိုတဲ့စကားကို အဲဒီတော့မှ စင်သီယာ နားလည်တယ် "

ဦးမြင့်နွယ်က ခေါင်းညိတ်ပြသည်။ ဩော် . . . ဘာပဲဖြစ်ဖြစ် မိဘမေတ္တာဟူသည် ကြီးဘိခြင်း။

" ရဲဌာနတိုင်၊ သွားမယ်ထင်တဲ့ နေရာတွေ ဖုန်းဆက်၊ သံကြိုးရိုက်နဲ့ အလုပ်ရှုပ်နေတုန်း တောင်ကြီးက ဖုန်းလာတယ်၊ နော်မြသွေးတို့ဆီက "

" ဩော် . . . ဩော် "

" ဟဲဟိုးလေဆိပ်မှာ မွန်မွန့်ကို ယောင်လည်လည်နဲ့ တွေ့ကြသတဲ့၊ မသင်္ကာတာနဲ့ သက်ဆိုင်ရာတွေက စစ်မေး စုံစမ်းတော့ မွန်မွန်ဟာ ဘာမှ မဖြေနိုင်ဘူးတဲ့၊ ဘယ်ကလာသလဲ၊ ဘယ်သွားမလဲ၊ ဘာမှ မဖြေနိုင်ဘူး၊ အဲဒါတွေ ထားတော့၊ သူ့နာမည် ဘယ်သူဆိုတာတောင် မပြောနိုင်တော့ဘူး "

" ဟဲဟိုးဆင်းတဲ့ ခရီးသည်စာရင်းမှာ နာမည်မပါဘူးလား "

" ချယ်ရီဆိုတဲ့ နာမည်တော့ပါတယ်၊ ချယ်ရီလား ဆိုတော့လဲ မဖြေနိုင်ပြန်ဘူးတဲ့၊ ပြီးတော့ မွန်မွန့်မှာ မှတ်ပုံတင် လက်မှတ်လည်း မပါဘူးတဲ့၊ ငွေတစ်ရာ ထည့်ထားတဲ့ လက်ပွေ့အိတ်လေးက လွဲပြီး ဘာပစ္စည်းမှလည်း မပါဘူးတဲ့ "

" နော်မြသွေးတို့ဆီ ဘယ်လိုရောက်သွားသလဲ "

" ကံအားလျော်စွာ လေဆိပ်မှာက စဝ်စံထွန်းဆေးရုံအုပ်ကြီးက ရောက်နေတယ်၊ ဆရာဝန်ကြီးက ဖယူးဂ်ကေ့စ် ထင်တာနဲ့ စဝ်စံထွန်းဆေးရုံကြီးကို ခေါ်လာခဲ့သတဲ့၊ အဲဒီညက မွန်မွန် ပျောက်သွားလို့ စင်သီယာတို့က နော်မြသွေးတို့ဆီ တယ်လီဖုန်းဆက်တယ်၊ ဆေးရုံကြီးမှာ မိန်းကလေးတစ်ယောက် ရောက်နေတယ်လည်းကြားလို့ သွားကြည့်တော့ မွန်မွန် ဖြစ်နေတယ်၊ ဒါနဲ့ သူတို့က စင်သီယာတို့ဆီ နောက်တစ်နေ့မှာ ဖုန်းဆက်လိုက်ကြတာ "

" အခု မွန်မွန် သူ့ဘဝကို သူပြန်သတိရပြီ မဟုတ်လား "

" ရတော့ ရသွားပါပြီ ဒါပေမယ့် "

စင်သီယာက အံကြိတ်လိုက်၏။ မျက်ရည်ပေါက်များက ကျလာပြန်၏။

" ဒါပေမယ့် ဘာဖြစ်သလဲ စင်သီယာ "

မျက်ရည်ပြည့်သော မျက်လုံးများဖြင့် စင်သီယာက သူ့ကို မော့ကြည့်သည်။ ဝမ်းနည်းဆို့နင့်စွာဖြင့် ဖြေ၏။

" မွန်မွန်ဟာ သူ့အရင်ဘဝမျိုးကို ပြန်ရောက်သွားပြီ "

" ဘယ်လို ဘယ်လို၊ လက်ပြန်သေသွားသလား၊ ဟုတ်လား "

စင်သီယာက ခေါင်းခါပြ၏။

" လက်တော့မဟုတ်ဘူး၊ ခြေထောက်၊ ညာဘက်ခြေထောက် "

သူက နေရာမှ ထလိုက်၏။ အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်မိ၏။

ယူကျုံးမရစိတ်ဖြင့် စင်သီယာရှေ့တွင် ရပ်လိုက်ပြီး ပြောမိ၏။

" ကိုယ်အစက မပြောတော့ဘူးလို့ပဲ စင်သီယာ၊ အခုတော့ ပြောရတော့မယ်၊ စင်သီယာက သမီးကိုချစ်တယ်၊ ဦးနေအောင်ကလည်း ချစ်တယ်၊ မိဘတိုင်းဟာ သားသမီးကို ချစ်တယ်၊ ဒါပေမယ့် 'ချစ်တတ်ကြရဲ့လား' လို့ ကိုယ်မေးချင်တယ်၊

အထူးသဖြင့် အမျိုးသားယဉ်ကျေးမှု စည်းကမ်းတွေကို ဖောက်ပြီး ခေတ်ဆန်ကြတယ်ဆိုတဲ့ မိဘတွေကို ကိုယ်မေးချင်တယ်"

သူ့အသံက အနည်းငယ် တုန်နေ၏။ ဒေါသငွေ့ မပါအောင်တော့ သူသတိထားသည်။

" ကောင်းကောင်းကျွေး၊ လှလှဆင်၊ လိုတာပေး၊ အဲဒါနဲ့ ဝတ္တရားဟာ ကျေကြပြီလား၊ မာတာပိတု ဂုဏော အနန္တောလို့ မြတ်စွာဘုရားက မိဘတွေကို ကိုယ်တော်မြတ်နဲ့ တစ်ဂိုဏ်းထဲ ပြုပေးထားတဲ့နေရာမှာ မကောင်းမြစ်တာ ကောင်းရာညွှန်လတ် ဆိုတဲ့ တာဝန်တွေပါ ပေးခဲ့တယ်၊ ကောင်းရာညွှန်တဲ့နေရာမှာ ပါးစပ်နဲ့ချည်း မလုံလောက်ဘူး၊ မိဘတွေ ကိုယ်တိုင်က အတု ယူဖွယ် နေနည်းထိုင်နည်း၊ အပြစ်ကင်းသန့်စင်တဲ့ နေနည်းထိုင်နည်း၊ စံပြဖြစ်တဲ့ နေနည်းထိုင်နည်း၊ အဲဒါတွေက ပါးစပ်နဲ့ ပြောတာက် ပိုအရေးကြီးတယ်၊ ဒါတွေကို အခုခေတ် သတိပြုမိကြရဲ့လား "

စင်သီယာက အံကြိတ်ပြီး ခေါင်းငုံ့ထား၏။ မျက်ရည်ကျနေသည်ကို မြင်ရသောအခါ သူ့ရင်မှာ ကရုဏာ ဝင်ရပြန်၏။

" ပြီးခဲ့တာတွေ ပြန်ပြောနေမိလို့ ကိုယ့်ကို ခွင့်လွှတ်ပါ စင်သီယာ၊ ဒါပေမယ့် ကိုယ်မပြောဘဲ မနေနိုင်ဘူး၊ စိတ်ပညာက ဆိုတယ်၊ 'ပြဿနာ အမှုပွေတဲ့ကလေး' မရှိဘူးတဲ့၊ ပြဿနာ အမှုပွေတဲ့ မိဘသာ ရှိသတဲ့၊ ကိုယ်ဘာပြောတယ်ဆိုတာ စင်သီယာ နားလည်လိမ့်မယ် ထင်တယ် "

စင်သီယာက သူ့ကို မော့ကြည့်၏။ မျက်နှာတွင် ကြေကွဲမှုနှင့် မခံချင်မှု ရောနေသည်။

" တော်ပါတော့ ကိုမြင့်နွယ်၊ စင်သီယာတို့အမှားကို စင်သီယာတို့ သိပါပြီ၊ ဒါပေမယ့် စိတ်ပညာ ဆရာကြီးကို စင်သီယာ တစ်ခုတော့ မေးပါရစေ ကိုယ့်အမှားကိုတော့ မပြောတော့ဘူးလားလို့ "

" ဘာပြောတယ် စင်သီယာ၊ ကိုယ့်အမှား ဟုတ်လား "

" စင်သီယာတို့ ငယ်ငယ်တုန်းကလိုပဲ လွတ်လွတ်လပ်လပ် ပြောကြရအောင်၊ ယူကလေ စင်သီယာ့အသည်းကို ခွဲခဲ့တယ်၊ ယူ့ရည်ရွယ်ချက်တွေ၊ ယူ့စေတနာတွေ အဲဒါတွေကို စင်သီယာ မငြင်းပါဘူး၊ ဩော် . . . လူစွမ်းကောင်းကြီးရယ် လို့လည်း စင်သီယာ မှတ်ထားပါတယ်၊ ဒါပေမယ့် စင်သီယာ့အသည်း ကွဲခဲ့ရတာတော့ ကွဲခဲ့ရတာပါပဲ၊ အခုလည်း မေးမယ်၊ ယူက မအေနဲ့ အားမရလို့ သမီးကိုပါ ဆက်အသည်းခွဲဦးမလို့လား "

သူ့တစ်ကိုယ်လုံး သွက်သွက်ခါသွားသည်။ နားမှ ကြားလိုက်ရသည်ကို မယုံမိ။ အတန်ကြာမှ ပြောမိသည်။

" စင်သီယာရယ် စွပ်စွဲချက်ကြီးက ပြင်းထန်လှချည်လား "

" စင်သီယာ့ကို ခွင့်လွှတ်ပါ၊ ယူ့အကြောင်းကို သိလို့ စင်သီယာ ဒီလိုပဲ ပြောရမယ်၊ ဒါမှလည်း ခံရတဲ့လူတွေဘက်က ယူလှည့်စဉ်းစားပေးနိုင်မယ်၊ ယူက နှလုံးသားမာသူ မဟုတ်လား "

သူက ဝမ်းနည်းစွာ ပြုံးလိုက်၏။

" ကိုယ့်ကို ရန်တွေ့ဖို့ စင်သီယာ လိုက်လာတာလား၊ ဟုတ်လား "

စင်သီယာ ငိုင်သွား၏။

ခဏမှာမူ မျက်နှာမှ မာန်လေး ကျသွား၏။ လေသံလည်း ပျော့သွားသည်။

" စင်သီယာ မှားသွားပါတယ်၊ အခု စင်သီယာ ကိုအောင်ရဲ့ ခွင့်ပြုချက်နဲ့ တောင်ကြီးကနေ ယူ့ဆီ လိုက်လာတာ "

စင်သီယာက စကားဆက်ရန် စဉ်းစားဟန်ဖြင့် ခေတ္တငြိမ်နေသည်။

သူက စင်သီယာ့စကားမှ ကိုအောင်၏ ခွင့်ပြုချက် ဟူသည်ကို သတိ ကောင်းစွာပြုမိ၏။

" စင်သီယာ နော်မြသွေးနဲ့ အေးအေးဆေးဆေး စကားပြောပြီးပြီ၊ နော်မြသွေး ပြောပြလို့ မွန်မွန့်ရင်ထဲ ဘာဖြစ် နေတယ်ဆိုတာ စင်သီယာ သိခဲ့ပြီ၊ ဩော် . . . ယူ့ဆီကို နော်မြသွေးက စာတစ်စောင် ထည့်လိုက်တယ်တဲ့ ရပြီလား "

သူက ခေါင်းညိတ်ပြ၏။

" ဒါဖြင့်ရင် ဘာဆိုတာ ယူသိနေပြီပေါ့ "

သူက သက်ပြင်းချလိုက်၏။

" ကိုယ်သိနေပြီ၊ နော်မြသွေး စာအပြင် မွန်မွန့်ဆီက စာတစ်စောင်လည်း ကိုယ်ရတယ်၊ ဒီစာအရ မွန်မွန် ဘာဖြစ် တော့မယ်ဆိုတာ ကိုယ်သိတယ်၊ ဒါကြောင့်လည်း မန္တလေးကို ဒီညရထားနဲ့ လိုက်ဖို့ ကိုယ်ပြင်ဆင်နေတာ "

" မွန်မွန် ဘာဖြစ်မယ်ဆိုတာ ယူက ကြိုသိနေတယ် "

" သိနေတယ်၊ စစ်စံထွန်းဆေးရုံအုပ်ကြီးက ဖယူးဂ်လို့ ထင်တာ မှန်တယ်၊ ဖယူးဂ်ဆိုတာက စိတ္တဇဒဏ်ကြောင့် ကိုယ့်ဘဝကိုယ် ခေတ္တမေ့ပြီး ပတ်ဝန်းကျင်က ထွက်ပြေးတဲ့ရောဂါကို ခေါ်တာ၊ ဟဲဟိုးဘက် ရောက်သွားတာက နိမိတ်ပုံ လောကကို မွန်မွန် လိုက်ဖမ်းတာ၊ ကိုယ်က တောင်ကြီးကို နှင်းမပျောက်တဲ့မြေရယ်လို့ နိမိတ်ပုံ ဖွဲ့စပ်ခဲ့ဖူးတာကိုး "

" ခြေထောက် အခုလို ဖြစ်သွားတာကကော "

" မွန်မွန့်အဖြစ်ဟာ အခု သိပ်သနားဖို့ကောင်းတယ်၊ အပြင်းထန်ဆုံး ရုန်းကန်နေရတဲ့ အချိန်၊ နောက်တစ်ချီ လောက ကနေ ထွက်ပြေးမိမှာ သူကြောက်နေတယ်၊ တစ်ခါ နိမိတ်ပုံဒေသကို ရောက်နေပြန်တော့လဲ အဲဒီဒေသက မခွာချင်ပြန်ဘူး၊ တစ်ခါ အစစ်အမှန် လောက,က သူတကယ် သွားချင်သူဆီလည်း မသွားနိုင်ပြန်ဘူး၊ ဒါတွေ စုပေါင်းလိုက်တော့ ခြေထောက်မှာ ဒုက္ခလာဖြစ်ရတယ် "

စင်သီယာ၏ မျက်နှာတွင် မျှော်လင့်မှုက ပေါ်လာ၏။

" ယူသိတယ်ဆိုတော့ ယူ မွန်မွန့်ကို ပြန်ကယ်နိုင်မယ်ပေါ့ "

" ကိုယ် ကယ်နိုင်ပါလိမ့်မယ် "

စင်သီယာ၏ မျက်နှာသည် ကြည်လင်လာ၏။ ပျော့ပျောင်းနူးညံ့စွာလည်း ပြော၏။

" ယူ တစ်ကြိမ်က နှလုံးသားချင်းတူတဲ့ ကိစ္စမှာ ဘာကြောင့် အမေ့ဘက်ကို လိုက်သွားခဲ့တယ်ဆိုတာ စင်သီယာ အခု ကောင်းကောင်း သဘောပေါက်ပါပြီ၊ သြော် . . . အပြီးသတ်ကျတော့ အမေဟာ အမေပါပဲ၊ အခု စင်သီယာ အမေ တစ်ယောက်အနေနဲ့ ပြောပါရစေ "

သူက စင်သီယာ့ကို ရုတ်တရက် နားမလည်ဘဲ ကြည့်၏။

စင်သီယာကသာ လေအေးလေးနှင့် ဆက်ပြော၏။

" ယူနဲ့ စင်သီယာ ကြုံခဲ့ရတာတွေကို မွန်မွန့်ဘဝထဲ ဆွဲမထည့်ကြပါစို့နဲ့၊ ဖြစ်ပြီးတာတွေကလည်း ပြီးကုန်ပါပြီ၊ ယူ တစ်ခါက နှိုင်းခဲ့တဲ့ ဥပမာကိုပဲ စင်သီယာ ပြန်ပြောမယ်၊ စင်သီယာ့ဘဝ ရေနောက်နောက်မှာ မွန်မွန်သာ စင်သီယာ့ ရေကြည်ပါ၊ ဒီရေကြည်လေး နောက်မသွားစေချင်ဘူး၊ စင်သီယာ ကြုံခဲ့ရတဲ့ အဖြစ်မျိုး မွန်မွန့်ကို မကြုံစေလိုဘူး၊ ယူ့ကို တောင်းပန်ပါရစေ၊ မွန်မွန့်အဖေ ဒေါ်ဖြူဖြူသန့်အဖြစ်နဲ့ တောင်းပန်ပါရစေ "

စကားအဆုံး၌ စင်သီယာက ပြုံးပြီး သူ့ကို ကြည့်သည်။

မျက်ရည်ကြည် ဝဲလျက်သားနှင့် ပြုံးနေသော စင်သီယာကို သူက အတန်ကြာ စိုက်ကြည့်သည်။

သည်အပြုံးက လှသည်။

လှသော စင်သီယာ၏ အပြုံးလေးများစွာကို သူ မြင်ခဲ့ဖူးသည်။ သို့ရာတွင် ယခု သည်အပြုံးကိုတော့ လှလေဖူးသော ဘယ်အပြုံးတွေကမှ မမီ။

လှသည်၊ သန့်သည်၊ သြော် . . . အေးလည်း အေးမြ၊ ခန့်ညားလည်း ခန့်ညားလှပါတကား။

သူသည် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်ပြီး ပြော၏။

" ကောင်းပါပြီ စင်သီယာ၊ မွန်မွန်နဲ့ ပတ်သက်ရင် ကိုယ်ဝန်ခံမယ်၊ ကိုယ့်ရင်မှာလည်း ရေကြည်နဲ့ ရေနောက်ပါ၊ ရေနောက်ကို ကိုယ် လစ်လျူရှုလိုက်မယ်၊ ရှောင်မရ တိမ်းမရတဲ့ ဘဝမှာ အကောင်းဆုံးဖြစ်အောင် ကိုယ်ကြိုးစားမယ်၊ အနည်းဆုံး ရေကြည်သန့်သန့် တစ်ခွက်ကို ကိုင်ပြီး တောင်ကြီးကို ကိုယ်လိုက်ခဲ့မယ် "

" ရေကြည်သန့်သန့် တစ်ခွက်နဲ့ ကိုယ်လိုက်ခဲ့ပါ့မယ် "

*　　*　　*

## အခန်း [ ၁၅ ]

နွေမှာပင် နှင်းမပျောက်သည့်မြေ ဖြစ်သောကြောင့် ဆောင်းဦးစ တောင်ကြီး၏ ညနေမှာ နှင်းအလှတို့ မှုန်မှုန် ရီဝေနေသည်။

ကောင်းကင်မှာ တိမ်ခြေလည်း ရှိနေသည်။ တောင်ချွန်းထိပ်ကို မိုးသားဖြူတစ်သိုက်ကလည်း ဖြတ်ကျော်နေကြသည်။

စောစောက အပြေးအလွှား ဖျန်းသွားသည် မိုးကြောင့် မြက်ခင်းတို့နှင့် ပင်ပျိုပင်အိုတို့သည စိုလန်းစိမ်းမြနေသည်။

နေလုံးဝါနီနီက ဟိုအဝေး ဟဲဟိုးတောင်တန်းတို့ထက် မေးတင်ထားသည်။

ရွှေရောင်ဖျော့ဖျော့ နေခြည်သည် မြက်ခင်းတို့၏ အစိမ်းရောင်ထက်တွင် သီးသန့်ခွဲခြား ရှပ်ပြေးနေ၏။

မိုးစက်မိုးပေါက်လေးများကလည်း သစ်ရွက်နှင့် မြက်ပင်တို့ထက်မှာ တလက်လက် တောက်ပနေကြသည်။

တောင်ကုန်းစောင်း မြေလမ်းလေးအတိုင်း ဦးမြင့်နွယ်သည် အေးအေးမှန်မှန် လျှောက်လာနေသည်။

ပိပိရိရိ ဇာတ်တိုက်ထားသည်မို့ အစစအရာရာ သပ်သပ်ရပ်ရပ် ဖြစ်ရမည်ဟု သူက ယုံကြည်ထားသည်။

အရေးအကြီးဆုံးက အလစ်အငိုက် အခွင့်ကြုံမှုပါ။

ဦးမြင့်နွယ်သည် လက်တွင်း၌ ကိုင်လာသော ပစ္စည်းလေးကို ငုံ့ကြည့်သည်။

ဒစ်စတြီဗျူတာ ကက်ပ်ဖုံးလေးပါ၊ သူ အထိမ်းအမှတ်အဖြစ် သိမ်းထားခဲ့သည့် သူပြုပြင်ထားသော မွန်မွန့်ကားမှ ကက်ပ်ဖုံးလေး၊ အဟောင်းလေးပါ။

သူ့အစီအစဉ်ကို သူသဘောကျပြီး ဦးမြင့်နွယ် ပြုံးမိ၏။

ကုန်းရိုးလေးကို ပတ်တက်လိုက်သောအခါ မြေညီလွင်ပြင်နဲ့တစ်ခုကို တွေ့ရသည်။

လွင်ပြင်နဲ့၏ ဟိုမှာဘက် တောင်စောင်းလေးတွင် ဒေါက်တာကျော်ဦးနှင့် နော်မြသွေးတို့၏ လှပသော တစ်ထပ်တိုက်လေးကို လှမ်းမြင်ရသည်။

လွင်ပြင်နဲ့တွင် တောင်ကံ့ကော်ပင်ကြီး လေးပင် စီတန်းလျက် ပေါက်နေကြသည်။

အကြီးဆုံး တောင်ကံ့ကော်ပင်ကြီး တစ်ပင်အောက်မှာ . . .

ရှေးဦးစွာ မြင်ရသည်က ချယ်ရီပန်းရောင် ဆွယ်တာလေး။

နက်မှောင်သော ဆံပင်များက လည်တိုင်မှ ဝဲကာ ပုခုံးဆီ ကျနေသည်။

မြက်ခင်းထက်တွင် မွန်မွန်သည် ကျုံ့ကျုံ့ယုံ့ယုံ့လေး ထိုင်နေသည်။ ငိုင်ငိုင်ငူငူနှင့် ကိုယ့်အတွေးမှာကိုယ် နစ်မြုပ်နေဟန်ရှိသည်။

ဘေးမြေပြင်မှာတော့ တုတ်ကောက်တစ်ချောင်းက လဲလျက်ရှိနေသည်။

ဦးမြင့်နွယ်သည် သစ်ပင်ကြီးတစ်ပင်၏ ပင်စည်တွင် ကိုယ်ကို ကွယ်၍ ကပ်လိုက်သည်။

သေသေချာချာ ချိန်ဆပြီး မွန်မွန့်ရှေ့ကို ကျော်၍ ဒစ်စတြီဗျူတာ ကက်ပ်ဖုံးလေးကို ပစ်လွှတ်လိုက်သည်။

ကက်ပ်ဖုံးလေးက မွန်မွန်နှင့် ဆယ်ပေခန့်အကွာတွင် အသံမြည်လျက် သွားကျသည်။

ခေါင်းမပြူဘဲ ဦးမြင့်နွယ်သည် သစ်ပင်ကွယ်၌ ငြိမ်နေ၏။

အတန်ကြာမှ သတိထား၍ သစ်ပင်ကွယ်မှ ချောင်းကြည့်သည်။

မွန်မွန်သည် အံ့သြဟန်ဖြင့် ဟိုဟိုသည်သည် ကြည့်နေ၏။ ပြီးမှ တုတ်ကောက်လေးကို ကောက်ကိုင်ကာ ထ၍ ကက်ပ်ဖုံးလေးဆီသို့ တရွေ့ရွေ့ ချဉ်းကပ်သွားသည်။

မွန်မွန်၏ ညာခြေလေးက မြေမှာကပ်ပြီး ဆွဲနေသည်။ တုတ်ကောက်ကို အားပြု၍ လှမ်းသည်မှာ နှေးလှ၏။

အနီးရောက်သောအခါ တုတ်ကောက်ကို အားပြု၍ ကိုယ်လေးကို ရှေ့ကုန်းပြီး ကက်ပ်ဖုံးကို လက်တစ်ဖက်ဖြင့် ကောက်ယူ၏။

နှုတ်ခမ်းနီနီလေးများ ဟသွားသည်ကို လှမ်းမြင်ရ၏။ မျက်လုံးဝန်းဝန်းလေးများကလည်း ဝိုင်းကာ ကက်ဖုံးလေးကို တစ်လှည့်၊ ပတ်ဝန်းကျင်ကို တစ်လှည့် ကြည့်နေရှာ၏။

သစ်ပင်ကွယ်မှ ဦးမြင့်နွယ်သည် ရုတ်တရက် ထွက်လိုက်သည်။

အသံလည်း ပြုလိုက်၏။

“ မွန်မွန်ရေ ဆရာ ဒီမှာ ”

မွန်မွန့်တစ်ကိုယ်လုံး တုန်လှုပ်သွားသည်ကို တွေ့ရသည်။ အတန်ကြာစွာ သူ့ကို ငေးငေးလေး ကြောင်ကြည့်နေရှာသည်။

သူက အေးချမ်းစွာ ပြုံးပြပြီး ခပ်လှမ်းလှမ်းမှပင် ညာလက်ကို ရှေ့ထုတ်၍ ကမ်းလင့်သည်။

မွန်မွန်၏ မျက်နှာလေးက အရင်ပြုံးလာသည်။ ရှည်သွယ်ဖြူလက်သော သွားလေးများက လှပစွာ ပေါ်လာ၏။

လက်တစ်ဖက်မှ တုတ်ကောက်ကို လွှတ်ချလိုက်သည်။ အခြားလက်တစ်ဖက်မှ ကက်ပ်ဖုံးလေးကိုလည်း လွှတ်ချလိုက်သည်။

နောက်တစ်ခဏ၌မူ လက်လေးနှစ်ဖက်ကို ရှေ့တန်းကာ မွန်မွန်သည် သူ့ထံသို့ ကလေးငယ်ပမာ ပြေးလာသည်။

အဟုန်နှင့် ပြေးလာသည်။ အရှိန်နှင့် ပြေးလာသည်။

ချယ်ရီရောင်ပြေးသော မွန်မွန့်ကိုယ်လေးကို သူက ဆီးကြို ပွေ့ယူလိုက်ရပါသတည်း။

*    *    *